## နာမရူပ ပရိစ္ဆေဒကျမ်းလာ ဆောင်ပုဒ် ဂါထာ။

ဝန္ဒိတွာ ဘုဝနာဒိစ္စံ၊ နာထံ ဗုဒ္ဓံ ပဘာသဇံ။
ဝိနိစ္ဆယံ ဝိဘာဝေတုံ၊ ခန္ဓပဉ္စက ဇာလိနိ။ ။

ဝန္ဒိတွာ၊ ဝန္ဒ်တရားတို့၌။ အသာဒဥ၊ သာယာတတ်သောဝေဒနာကိုလည်း။ တဒဿာဒ ပသောဝနဥ၊ ထိုသာယာတတ်သော ဝေဒနာအား ကျေးဇူးပြုတတ်သော သညာကိုလည်း။ ဝိနိဘုဇ္ဇ၊ အသီးအခြား ခွဲခြမ်းဝေဘန်၍။ နိဒဿေတုံ၊ ပြခြင်းငှါ။ ခန္ဓဒွယံ၊ ခန္ဓာနှစ်ခုအပေါင်းကို။ ဥဒါဟာဂုံ၊ ထုတ်ဆောင်အပ်၏။

**ဝိ**...(ငြင်းခုံခြင်း၏ အကြောင်းရင်း အဖြစ်ကိုလည်း, သံသရာ၏ အကြောင်း အဖြစ်ကိုလည်း-ပြခြင်းအကျိုးငှါ ဝေဒနာ-သညာ နှစ်ပါးကို အသီးအခြား ခန္ဓာ ဖွဲ့၍ ဟောတော်မူ၏ ဟူ၍လည်း တနည်းဖြေ၏)

**ဤကား**...ဝိဝါဒ မူလ တာဒိ ဝိသေသ ဒဿနတ္ထံ=ဟူသော အနက်။...ဝိဝါဒမူလ ဟေတုဘာဝံ,သံသာရဟေတုတံ, ကမ္မဟေတုတဥ္စ ဝိဇ္ဇော့တွာ ဝေဒနာ သညာ သဉ်ရဲတော နိဟရိတွာ ဝိသုံ ခန္ဓဘာဝေန ဒေသိတာ=ဟူသော ဝိသုဒ္ဓိမဂ်မဟာဋီကာ နှင့်အညီတည်း။

ဝိဝါဒမူလတာဒိ ဝိသေသ ဒဿနတ္ထံ၊ ငြင်းခုံခြင်း၏ အကြောင်း၏ အဖြစ် အစရှိသော အထူးကိုပြခြင်းအကျိုးငှါ။ ဝိသုံ၊ အသီးအခြား။ ခန္ဓဘာဝေန၊ခန္ဓာ၏အဖြစ်ဖြင့်။ဒေသိတာ၊-အပ်၏။...(ဤကား-အနုဋီကာ နက်။) ။ဝိဝါဒမူလဟေတုဘာဝဥ္စ၊ ငြင်းခုံခြင်း၏ မူလအကြောင်း၏ အဖြစ်ကိုလည်း။သံသာရဟေတုတဥ္စ၊သံသရာ၏အကြောင်း၏ အဖြစ်ကို လည်း။ ကမ္မဟေတုတဥ္စ၊ ကံ၏အကြောင်း၏ အဖြစ်ကိုလည်း။ ဝိဇ္ဇော့တွာ၊ ကြံ၍။ဝေဒနာသညာ၊-တို့ကို။ သင်္ခါရတော၊သင်္ခါရမှ။နိဟရိတွာ၊ထုတ် နှုတ်၍။ဝိသုံ၊အသီးအခြား။ ခန္ဓဘာဝေန၊ခန္ဓာ၏အဖြစ်ဖြင့်။ ဒေသိတာ၊-ကုန်၏။

## ဝိဝါဒမူလဟေတုဘာဝ၏အဓိပ္ပါယ်ကား။

သားနှင့်အမိ ညီနှင့်အစ်ကို စသည်တို့ ငြင်းခုံကြခြင်းသည် ကာမ ဂုဏ်၌ တပ်မက်မောခြင်း တဏှာကြောင့်ဖြစ်၏။ ထို့ကြောင့် တဏှာ သည် ငြင်းခုံခြင်း၏ အကြောင်း ဝိဝါဒမူလမည်၏။...(ဤကား-လူတို့

နှင့်သက်ဆိုင်သော ဝိဝါဒ မူလတည်း။) ။မှားသော အားဖြင့် နှလုံးသွင်းခြင်း ဒိဋ္ဌိသည် ရဟန်းတို့၏ ဝိဝါဒ မူလမည်၏။ ထိုနှစ်ပါးတို့တွင် ကာမဂုဏ်၌ တပ်မက်ခြင်း တဏှာသည် ဝေဒနာ၌ သာယာခြင်း အသာဒကြောင့်ဖြစ်၏။ဝါ၊သာယာတတ်သော ဝေဒနာကြောင့်ဖြစ်၏။ မှားသော အားဖြင့် နှလုံးသွင်းခြင်း ဒိဋ္ဌိသည် သညာ ဖောက်ပြန် ခြင်းကြောင့်ဖြစ်၏။ဝါ၊ဖောက်ပြန်သော သညာကြောင့်ဖြစ်၏။ထို့ကြောင့် ဝေဒနာ သညာ နှစ်ပါးသည် ငြင်းခုံခြင်း၏ အကြောင်း ဝိဝါဒမူလဟု ဆိုအပ်သော တဏှာဒိဋ္ဌိနှစ်ပါးတို့၏ အကြောင်းဖြစ်၏။ဤသို့ငြင်းခုံခြင်း ၏အကြောင်း ဝိဝါဒမူလဟု ဆိုအပ်သော တဏှာဒိဋ္ဌိ နှစ်ပါးတို့၏ အကြောင်းဖြစ်ရကား ဝေဒနာ သညာနှစ်ပါးကို အသီးအခြားခန္ဓာဖွဲ့၍ ဟောတော်မူ၏ဟူလို။

## သံသာရဟေတုတ်၏အဓိပ္ပါယ်ကား။

ဝေဒနာ၌တပ်မက်မောသောသူအား "ဝေဒနာပစ္စယာတဏှာ"ဟူသည်နှင့်အညီဝေဒနာကိုအကြောင်းခံ၍တဏှာဖြစ်၏၊ ၎င်းတဏှာကို အကြောင်းခံ၍ဥပါဒါန်ဖြစ်ပြန်၏။ ဤသို့စသည်ဖြင့် ဘဝသံသရာစက် မပြတ်လည်ရကားဝေဒနာသည်သံသရာစက်လည်ခြင်း၏အကြောင်း ဖြစ်၏။....(ဤကား ဝေဒနာကြောင့်သံသရာစက်လည်ပုံ။) ။သညာ ဖောက်ပြန်သောသူအား ဒိဋ္ဌိစသော သံသရာကို ချဲ့ထွင်တတ်သော ပပဥ္စတရားတို့ဖြစ်သောကြောင့် ဘဝသံသရာစက်မပြတ်လည်ရကား သညာသည်လည်း သံသရာစက်လည်ခြင်း၏ အကြောင်းဖြစ်၏။.... (ဤကား-သညာကြောင့် သံသရာစက်လည်ပုံ။) ။ဤသို့ သံသရာ စက်ရဟတ်မပြတ်လည်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝေဒနာ သညာနှစ်ပါးကို အသီးအခြားခန္ဓာဖွဲ့၍ ဟောတော်မူ၏ဟူလို။

## ကမ္မဟေတုတ်ပုဒ်၏အဓိပ္ပါယ်ကား။

သုခဝေဒနာစသည်တို့၌သာယာတပ်မက်ခြင်း,အယူဖောက်ပြန်ခြင်းတို့ကြောင့် သတ္တဝါတို့သည် ကုသိုလ်ကံ- အကုသိုလ်တို့ကိုအား ထုတ်ကြကုန်၏။ ထို့ကြောင့်ဝေဒနာသညာတို့သည် ကံ၏အကြောင်း ဖြစ်ကုန်၏။ ဤသို့ကံ၏ အကြောင်း ဖြစ်သောကြောင့် ဝေဒနာသညာ နှစ်ပါးကိုအသီးအခြားခန္ဓာဖွဲ့၍ဟောတော်မူ၏ဟူလို။

မု…ဝေဒနာ စသည့်တို့ကဲ့သို့ ဖဿ စသည့်တို့ကိုလည်း သီးခြား ခန္ဓာဖွဲ့၍ ဟောသင့်သည် မဟုတ်ပါလော အဘယ်ကြောင့် သင်္ခါရက္ခန္ဓာသို့သွင်း၍ဟောအပ်ပါသနည်းဟုမေး။

ဖြေ…ဖဿ စသည့် တို့သည် အထူးအားဖြင့် စေတနာအားလျော် သောဖြစ်ခြင်းရှိရကား ပြုပြင်အပ်သောတရားတို့ကိုပြုပြင်ခြင်း သဘောရှိသောကြောင့် သီးခြား ခန္ဓာဖွဲ့၍ မဟောဘဲ သင်္ခါ ရက္ခန္ဓာသို့သွင်း၍ဟောအပ်၏ဟုဖြေ၊၊

ဤကား… ဖဿာဒယော၀ိသေသတော၁တဒနုရူပဝုတ္တိတာယသင် တာဘိသင်္ခါရတာသဘာ၀တိ သင်္ခါရက္ခန္ဓေ သမရုဠှါ=ဟူ သောအနုဋီကာနှင့်အညီတည်း။

ဖဿာဒယော၊ ဖဿအစရှိသည့်တို့သည်။ ဝိသေသတော၊ အထူး အားဖြင့်။ တဒနုရူပဝုတ္တိတာယ၊ ထိုစေတနာအားလျော်သောဖြစ်ခြင်းရှိ သည်၏ အဖြစ်ကြောင့်။ သင်္ခတာဘိသင်္ခါရတာသဘာဝါ၊ ပြုပြင်အပ် သော သင်္ခတတရားတို့ကို ပြုပြင်တတ်သော သဘောရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ သင်္ခါရက္ခန္ဓေ၊ သင်္ခါရက္ခန္ဓာ၌။ သမရုဠှါ၊ ကောင်းစွာဝင် ကုန်၏။ဝါ၊ကောင်းစွာသွင်းအပ်ကုန်၏။

## ခန္ဓာငါးပါးသာရှိသင့်ဟန်ကိုပြခြင်း။

များစွာကုန်သော သင်္ခတတရားတို့ကို ရုပ္ပနစသောတူသောအတို့ အားဖြင့် ပေါင်းရုံး၍ ယူအပ်ကုန်သည် ရှိသော် အချမ်း, အပူ စသော အကြောင်းတို့ကြောင့်ဖောက်ပြန်တတ်သော ရုပ္ပနလက္ခဏာရှိသော တရား အပေါင်းကို တစု၊ အာရုံ၏ အရသာကို ခံစားခြင်း ဝေဒယန လက္ခဏာရှိသော တရားအပေါင်းကိုတစု၊အာရုံကိုအမှတ်ပြု၍ သိခြင်း သဉ္ဇာနနလက္ခဏာရှိသောတရားအပေါင်းကိုတစု၊သင်္ခတတရားတို့ကို ပြုပြင်စီရင်ခြင်းအဘိသင်္ခရဏလက္ခဏာရှိသောတရားအပေါင်းကိုတ စု၊အာရုံကိုသိခြင်း ဝိဇာနနလက္ခဏာရှိသော တရားအပေါင်းကိုတစု။ ဤသို့အလုံးစုံသော သင်္ခတတရားတို့ကိုတူသောအတို့အားဖြင့်ပေါင်းရုံ ၍ယူအပ်သည်ရှိသော်ငါးတို့မျှသာရှိသောကြောင့် ခန္ဓာကိုငါးပါးအား ဖြင့်ဟောတော်မူ၏။

**လိုရင်းကား**....သဘောလက္ခဏာတူအားဖြင့် ပေါင်း၍ ယူအပ်သည်ရှိသော် ငါးပါးသာ ရကောင်းသောကြောင့် ခန္ဓာကိုငါးပါးသာ ဟောတော်မူ၏။

**တနည်းကား** .. အချို့သော ပုဂ္ဂိုလ်သည် ရုပ်အရဥ္စ် ငါ့ကိုယ် ငါ့ ဥစ္စာစသည်ဖြင့် မှားသောအယူရှိ၏။ အချို့ကား ဝေဒနာအရဥ္စ်, အချို့ကားသညာအရဥ္စ်,အချို့ကား သင်္ခါရအရဥ္စ်,အချို့ကား ဝိညာဏ်အရဥ္စ် ငါ့ကိုယ် ငါ့ဥစ္စာ စသည်ဖြင့် မှားသောအယူရှိ၏။ ဤသို့မှားသောအယူ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော ဝတ္ထုသည် ငါးပါးမျှသာ ရှိသော ကြောင့်ခန္ဓာကိုငါးပါးသာဟောတော်မူ၏။

**တနည်းကား** .. တပါးသော သီလက္ခန္ဓစသည်တို့၏လည်း ထိုငါး ပါးတို့၌သာအတွင်းဝင်သောကြောင့် ခန္ဓာငါးပါးသာဟောတော်မူ၏။

**ဤကား** ...သဗ္ဗသင်္ခတ သဘာဂေက သင်္ဂဟတော အတ္တတ္တနိယ ဂါဟ ဝတ္ထုသ ဧတပ္ပရမတော, အညေသဉ္စ တဒဝရောဓ တော, ပဉ္စေဝဝုတ္တာ=ဟူသော ဝိဘင်း အဋ္ဌကထာနှင့် အညီ တည်း။

သဗ္ဗသင်္ခတ သဘာဂေက သင်္ဂဟတောစ၊အလုံးစုံသော သင်္ခတ တရားတို့ကိုသဘောတူပေါင်း၍ယူရသောကြောင့်ရင်း။ အတ္တတ္တနိယ ဂါဟဝတ္ထုသ၊ငါ့ကိုယ်ငါ့ဥစ္စာဟုမြဲစွာယူခြင်း၏အကြောင်းဖြစ်သော ဝတ္ထု၏။ဧတပ္ပရမတောစ၊ထိုငါးပါးမျှ အတိုင်းအရှည်ရှိသည်၏အဖြစ် ကြောင့်ရင်း။ အညေသံ၊ တပါးသော သီလက္ခန္ဓစသည်တို့၏။ တဒဝ ရောဓတောစ၊ထိုငါးပါး၌အတွင်းဝင်သည်၏အဖြစ်ကြောင့်ရင်း။ပဉ္စေဝ၊ ငါးပါးတို့ကိုသာလျှင်။ဝုတ္တာ၊ဟောတော်မူအပ်ကုန်၏။

## နိဗ္ဗာန်-ပညတ်နှစ်ပါးခန္ဓဝိမုတ်ဖြစ်ပုံကိုပြခြင်း။

မု....အဘယ်ကြောင့်နိဗ္ဗာန်ကို ခန္ဓာထည်းသို့သွင်း၍မရေတွက်ရ သနည်းဟုမေး။

ဖြ...(တဆဲ့တပါးအပြားမရှိသောကြောင့် နိဗ္ဗာန်ကိုခန္ဓာထည်းသို့ မသွင်းရဟုဖြေ။)

**ဤကား**....ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ=ဟူသော သင်္ဂဟအဋ္ဌကထာ။

ဘေဒရဟိတသ္မာ နိဗ္ဗာနသ္မာ ကောဋ္ဌာသဋ္ဌေနစခန္ဓဘာဝေါ န
ဝတ္တဗ္ဗောတိဝေဒိတဗ္ဗော=ဟူသောမူလဋီကာတို့နှင့်အညီတည်း။

ဘေဒါဘာဝေန၊တဆဲ့တပါးအပြားမရှိခြင်းကြောင့်။နိဗ္ဗာနံ၊-သည်။ ခန္ဓသင်္ဂဟနိဿဋံ၊ခန္ဓာဟူသောအရေအတွက်မှလွတ်၏။

ဘေဒရဟိတသ္မာ၊ အပြားမှ ကင်းလွတ်သော။ ဝါ၊ တဆဲ့တပါး အပြားမှကင်းလွတ်သည်၏အဖြစ်ကြောင့်။နိဗ္ဗာနသ္မာ၊-၏။ ကောဋ္ဌာသ ဋ္ဌေနစ၊အစုဟူသောအနက်အားဖြင့်လည်း။ ခန္ဓဘာဝေါ၊ခန္ဓာ၏အဖြစ် ကို။န ဝတ္တဗ္ဗော၊မဟောအပ်။ဣတိ၊-သို့။ဝေဒိတဗ္ဗော၊-၏။

ပညတ်ကိုလည်းနိဗ္ဗာန်နှင့်အတူမှတ်အပ်၏။....ထို့ကြောင့်-ဧတေ န ပညတ္တိယာပိ ခန္ဓေသု အဂ္ဂဟဏေ ကာရဏံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ=ဟူ သောမူလဋီကာ၌မိန့်ဆို၏။

ဧတေန၊ဤအပြားမရှိဟူသောစကားရပ်ဖြင့်။ ပညတ္တိယာပိ၊ပညတ် ၏လည်း။ခန္ဓေသု၊-တို့၌။အဂ္ဂဟဏေ၊မယူခြင်း၌။ကာရဏံ၊အကြောင်း ကို။ဝုတ္တံ၊-၏။ဣတိ၊-သို့။ဝေဒိတဗ္ဗံ၊-၏။

## ခန္ဓာငါးပါးကိုဒေသနက္ကမအားဖြင့်ဟောပုံကိုပြခြင်း။

၁....စက္ခုဝိညာဏ် စသည်တို့၏ အာရုံဖြစ်၍ယူလွယ်ခြင်းအကျိုး ငှါရူပက္ခန္ဓာကိုရှေးဦးစွာဟောတော်မူ၏။

၂....ယူလွယ်သော တရား တို့ကို ခံစား တတ်သောကြောင့် ရူပက္ခန္ဓာ၏အခြားမဲ့၌ဝေဒနာက္ခန္ဓာကိုဟောတော်မူ၏။

၃....ဝေဒနာသည် ခံစားပြီးအပ်သောအာရုံ၏ ကောင်းမကောင်း သော အခြင်းအရာကို ယူဘတ် မှတ်တတ် သောကြောင့် ဝေဒနာ၏ အခြားမဲ့၌သညာက္ခန္ဓာကိုဟောတော်မူ၏။

၄....သညာ၏အစွမ်းအားဖြင့်ပြုပြင်တတ်သောကြောင့်သညာက္ခန္ဓာ ၏အခြားမဲ့၌သင်္ခါရက္ခန္ဓာကိုဟောတော်မူ၏။

၅....ဝေဒနာစသော ခန္ဓာသုံးပါးတို့၏ မှီရာအကြီးအမှူးဖြစ်သော ကြောင့်နောက်ဆုံး၌ဝိညာဏက္ခန္ဓာကိုဟောတော်မူ၏။

**ဤကား**....တသ္မာဇနဿသုခဂ္ဂဟဏတ္ထံစက္ခုအာဒိနံပိ ဝိသယဘူ တံ ဩဠာရိကံ ပဌမံ ရူပက္ခန္ဓံ ဒေသေတိ=ဟူသော ဝိဘင်းအ ဋ္ဌကထာနှင့်အညီတည်း။

တသာဓနသာ၊ထိုလူအပေါင်း၏။ သုခဂ္ဂဟာဏတ္ထံ၊ယူလွယ်စေခြင်းအကျိုးငှါ။ စက္ခု အာဒီနံပိ၊ စက္ခု ဝိညာဏ်စသည်တို့၏လည်း။ ဝိသယဘူတံ၊ အာရုံဖြစ်၍ဖြစ်သော။ ဩဠာရိကံ၊ ရုန့်ရင်းသော။ ရူပက္ခန္ဓံ၊-ကို။ ပထမံ၊ရှေးဦးစွာ။ဒေသေတိ၊ပြ၏။

**ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာအထူး။**

ခန္ဓာကား-သာမည၊ ဥပါဒါနက္ခန္ဓာကား- အာသဝစသော တရားတို့၏ အာရုံဖြစ်သော ခန္ဓဝိသေသ-၌သို့သာမည,ဝိသေသထူး၏။

**၌ကား**....ခန္ဓာတာ၀ အဝိသေသတော ဝုတ္တာ၊ဥပါဒါနက္ခန္ဓာသာသ၀ ဥပါဒါနိယ ဘာဝေန ဝိသေသေတွာ=ဟူသော ဝိဘင်းအဋ္ဌကထာနှင့် အညီတည်း။

ခန္ဓာ၊-တို့ကို။တာဝ၊ရှေးဦးစွာ။အဝိသေသေတွာ၊သာမညအားဖြင့်။ဝါ၊အထူးမပြုမူ၍။ဝုတ္တာ၊-ကုန်၏။ဥပါဒါနက္ခန္ဓာ၊-တို့ကို။သာသဝ ဥပါဒါနိယ ဘာဝေန၊ အာသဝေါ ဥပါဒါန်တို့၏ အာရုံ၏အဖြစ်ဖြင့်။ ဝိသေသေတွာ၊အထူးပြု၍။ဝုတ္တာ၊-ကုန်၏။

**ဆိုရင်းကား** .. ခန္ဓာကား-လောကီလောကုတ္တရာနှစ်ပါး ဆက်ဆံသော သာမည ခန္ဓာဘည်း။ ဥပါဒါနက္ခန္ဓာကား-ဥပါဒါန်၏ အာရုံဖြစ်သော လောကီခန္ဓာသာဘည်း။

မေး....ခန္ဓာကို ဟောလျှင် ဥပါဒါနက္ခန္ဓာသည် အတွင်း ဝင်ပြီး ဖြစ်လျက် အဘယ်ကြောင့် ဥပါဒါနက္ခန္ဓာကို ဟောရပြန် သနည်း ဟုမေး။

**ဖြေ**...(ဥပါဒါနက္ခန္ဓာသည် သာမညခန္ဓာ၌ အတွင်းဝင် ငြားသော်လည်း ၌ခန္ဓာဟုသာ ဝိပဿနာ၏ အာရုံအဖြစ်သို့ ရောက်၏ဟု ပြလို သောကြောင့် ဥပါဒါနက္ခန္ဓာကို ဟောတော် မူပြန်၏ ဟုဖြေ။)

**ခန္ဓာငါးပါးကို ဥပမာအားဖြင့်မှတ်သားရန်ကို ပြခြင်း။**

ရူပက္ခန္ဓာသည် လူနာထားရာ ဆေးရုံနှင့် တူ၏။....တူပုံ-ဆေးရုံသည် လူနာတို့၏ နေရာ ဖြစ်သကဲ့သို့၊ ရူပက္ခန္ဓာသည် ဝိညာဏ်တည်းဟူသော လူနာ၏ အာရုံပြုရာ တည်နေရာဖြစ်၏။ ထို့ကြောင့် ရူပက္ခန္ဓာသည် ဆေးရုံနှင့်တူ၏။

ဝေဒနာက္ခန္ဓာသည်အနာရောဂါနှင့် တူ၏။... တူပုံ-အနာ ရောဂါ သည် သတ္တဝါတို့ကို ကျင်နာ ခံခက်အောင် နှိပ်စက်သကဲ့သို့၊ ဝေဒနာ သည် သတ္တဝါတို့ကို ဒုက္ခဒုက္ခ-ဝိပရိဏာမ ဒုက္ခစသည်ဖြင့် ကျင်နာခံ ခက်အောင် နှိပ်စက်တတ်၏။ထို့ကြောင့် ဝေဒနာသည်အနာနှင့်တူ၏။

သညာက္ခန္ဓာသည် အနာရောဂါ၏ နီးစွာသော အကြောင်းဖြစ် သော သလိပ်- သည်းခြေ- လေ စသည်နှင့် တူ၏။... တူပုံ- သလိပ် သည်းခြေ လေ စသော ဒေါသသည် အနာရောဂါ၏ နီးစွာသော အ ကြောင်းဖြစ်သကဲ့သို့၊သညာက္ခန္ဓာသည်၊ဤအာရုံကား-အလွန်ကောင်း သည် လှပယဉ်ကျေးသည်,ဤအသံကား-အလွန်သာယာသည်,ဤအာ ရုံကား ယောကျ်ား ဖြစ်သည်, ဤသို့စသည်ဖြင့် မှတ်ယူ ခြင်းကြောင့် လောဘအာသာဆန္ဒနှင့်ယှဉ်တွဲပေါင်းစပ်၍နေသော ဝိပရိဏာမဒုက္ခ ဝေဒနာစသော အနာရောဂါသည် ဖြစ်ပေါ်လာ၏။ထို့ကြောင့် သညာ သည်အနာရောဂါ၏နီးစွာသောအကြောင်း"အာသန္နကာရဏ"ဖြစ်၏။

သင်္ခါရက္ခန္ဓာသည် အနာရောဂါ၏ဝေးသော အကြောင်းဖြစ်သော မသင့်တင့်သော ဘောဇဉ် အာဟာရနှင့် တူ၏။....တူပုံ-မသင့်တင့် သော ဘောဇဉ် အာဟာရကို စားမိသည် ရှိသော် အစာ အာဟာရ၏ မညီမညွတ် ကျေကျက်ခြင်း အစရှိသော အကြောင်းကြောင့် ရောဂါ ဝေဒနာဖြစ်ပေါ်လာသကဲ့သို့၊ကုသိုလ်သင်္ခါရသည် သုခဝေဒနာတည်း ဟူသော အနာရောဂါကို ခံစားခြင်း၌ ပြုပြင် ပေးတတ်၏။ အကုသိုလ် သင်္ခါရသည် ဒုက္ခဝေဒနာ တည်းဟူသော အနာရောဂါကို ခံစားခြင်း ၌ပြုပြင်ပေးတတ်၏။ထို့ကြောင့် သင်္ခါရက္ခန္ဓာသည် အနာရောဂါ ဝေ ဒနာဖြစ်ပေါ်လာရန် အကြောင်းရင်းဖြစ်၏။ ဝါ-ဝေးသော အကြောင်း "မူလကာရဏ" ဖြစ်၏။

## အာသန္နကာရဏနှင့်မူလကာရဏအရေး။

မသင့်တင့်သော အစာအာဟာရသည် ရောဂါကို တိုက်ရိုက်မဖြစ် စေနိုင်၊သလိပ်-သည်းခြေစသည်တို့ ပျက်ခြင်း အကြောင်းမျှသာ ဖြစ် သောကြောင့် မူလကာရဏ ဝေးသော အကြောင်းမည်၏။ သလိပ် သည်းခြေ စသည်တို့ ပျက်သည်ရှိသော် ချက်ခြင်းပင် ရောဂါဖြစ်ပေါ် လာရကား-သလိပ် သည်းခြေ စသော အကြောင်းသည် အာသန္နကာ

ရဘာ နိုးသော အကြောင်းမည်၏။ ၎င်းအာသန္နကာရဏကို သမုဋ္ဌာန်ဖြစ်ကြောင်းဟူ၍ဆို၏။ မူလကာရဏကို နိဒါန်းဟူ၍ဆို၏။

**ဤကား** ...ရောဂဿ ပိတ္တာဒိနိဝိယ အာသန္န ကာရဏံ သမုဋ္ဌာနံ၊ ဥတုဘောဇနဝေသမာဒိနိဝိယမူလကာရဏံ နိဒါနံ=ဟူသော မူလဋီကာနှင့် အညီတည်း။

ရောဂဿ၊ အနာရောဂါ၏။ ပိတ္တာဒိနိဝိယ၊သည်းခြေ စသည်တို့ကဲ့သို့။အာသန္နကာရဏံ၊နိုးစွာသောအကြောင်းသည်။သမုဋ္ဌာနံ၊သမုဋ္ဌာန်မည်၏။ဥတုဘောဇနဝေသမာဒိနိဝိယ၊ဥတုဘောဇဉ်တို့၏ မညီညွတ်ခြင်းအစရှိသည်တို့ကဲ့သို့။ မူလကာရဏံ၊ မူလအကြောင်းသည်။နိဒါနံ၊ နိဒါန်းမည်၏။

ဝိညာဏက္ခန္ဓာသည် လူနာနှင့်တူ၏။ .. တူပုံ-လူနာဟူသည်အနာရောဂါမှ လွတ်ကင်းခြင်းမရှိ အနာရောဂါနှင့် အမြဲပူးတွဲ နေသကဲ့သို့။ ဝိညာဏက္ခန္ဓာ သည်လည်း ဝေဒနာတည်းဟူသော အနာရောဂါနှင့် အမြဲမပြတ် ပူးတွဲယှဉ်စပ်၍ နေသောကြောင့် လူနာနှင့်တူ၏ ဟူလို။

**တနည်း**....ရူပက္ခန္ဓာသည် ယောင် နှောင်အိမ်နှင့် တူ၏။....ဝေဒနာက္ခန္ဓာသည် အထူးထူး အထွေထွေ ညှဉ်းဆဲခြင်းဟု ဆိုအပ်သော သုံးဆဲ့နှစ်ပါးသော ကံကြမ္မာနှင့်တူ၏။....သညာက္ခန္ဓာသည် လွန်ကြူးဖြစ်မှားသော အပြစ်နှင့် တူ၏။.... သင်္ခါရက္ခန္ဓာသည် ညှဉ်းဆဲသော အာဏာသားနှင့် တူ၏။....ဝိညာဏက္ခန္ဓာသည် ပြစ်မှုလွန်ကြူးသော သူနှင့်တူ၏။

**တနည်းကား**....ရူပက္ခန္ဓာသည် စားစရာ ထည့်သော ခွက်နှင့်တူ၏။....ဝေဒနာက္ခန္ဓာသည်စားစရာဘောဇဉ်နှင့်တူ၏။....သညာက္ခန္ဓာသည် စားစရာ လက်သုပ်ဟင်းလျာနှင့်တူ၏။.... သင်္ခါရက္ခန္ဓာသည် ပြုပြင်ပေးသော စဖိုသည်နှင့်တူ၏။....ဝိညာဏက္ခန္ဓာသည် စားတတ်သောသူနှင့်တူ၏။

**ဆောင်ပုဒ်** ...ဆေးရုံ-အနာ၊ကြောင်းသေမှာ၊ ဘောဇာ-သူနာတူ။
နှောင်အိမ်-ကြမ္မာ၊ ပြစ်ဝဇ္ဇာ၊ အာဏာ-လွန်ကြူးသူ။
စားခွက်ဘောဇဉ်၊ ဟင်းလျာပင်၊ ပြုပြင်စားတတ်သူ။
ခန္ဓာငါးပါး၊အစဉ်ထား၊မှတ်သားများဖိုက်လူ။

## ရှုဘွယ်ဒဗ္ဗအားဖြင့်မှတ်သားရန်ကိုပြခြင်း။

ဆုပ်နယ်ခြင်းငှါ မခံနိုင် သောကြောင့် ရူပက္ခန္ဓာကို ရေမြှုပ်စိုင်ကဲ့သို့ရှုအပ်၏၊ ရှုရမည်။

တခဏမျှသာ မွေ့လျော်အပ်သည့်၏အဖြစ်ကြောင့် ဝေဒနာက္ခန္ဓာကိုရေပွက်ကဲ့သို့ရှုအပ်၏၊ ရှုရမည်။

ချွတ်ချော်ယွင်းမှား ရောင်ရမ်းစေတတ်သောကြောင့်သညာက္ခန္ဓာကိုတံလျှပ်ကဲ့သို့ရှုအပ်၏၊ ရှုရမည်။

အနှစ်သာရ ရှာမရသောကြောင့် သင်္ခါရက္ခန္ဓာကို ငှက်ပျောတုံးကဲ့သို့ရှုအပ်၏၊ ရှုရမည်။

လိမ်လည်လှည့်ပတ်တတ်သည့်၏ အဖြစ်ကြောင့် ဝိညာဏက္ခန္ဓာကိုမျက်လှည့်သည်ကဲ့သို့ရှုအပ်၏၊ ရှုရမည်။

**ဤကား**....ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာသညာ၊ သင်္ခါရာကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စ ဗန္ဓုနာ။ ။
ဟူသော ဝိဘင်းအဋ္ဌကထာနှင့် အညီတည်း။

ရူပံ၊ ရူပက္ခန္ဓာသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်စိုင်နှင့် တူ၏။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ ပုဗ္ဗုဠူပမာ၊ ရေပေါင်း ရေပွက်နှင့်တူ၏။ သညာ၊ သညာက္ခန္ဓာသည်။ မရီစိကူပမာ၊ တံလျှပ်နှင့်တူ၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ ကဒလူပမာ၊ ငှက်ပျောတုံးနှင့်တူကုန်၏။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ မာယူပမံ၊ မျက်လှည့် သည်နှင့် တူ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ ဂေါတမနွယ်တော်၊ နေမင်း၏အဆွေဖြစ်တော်မူသောမြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောတော်မူအပ်၏။

## ခန္ဓာငါးပါးကိုသုဒ္ဓ-မိဿကစသည်ခွဲပုံကိုပြခြင်း။

ဝေဒနာက္ခန္ဓာ-သညာက္ခန္ဓာတို့သည် တရားကိုယ်တပါးစီသာဖြစ်သောကြောင့်"သုဒ္ဓခန္ဓာ"တို့မည်ကုန်၏။ ကြွင်းသောခန္ဓာသုံးပါးသည် သရုပ်တရားကိုယ်အားဖြင့်များသောကြောင့် "မိဿက" ခန္ဓာမည်၏။

**တနည်း** .. ရုပ်ခန္ဓာတပါး၊ နာမ်ခန္ဓာလေးပါးအားဖြင့် ငါးပါးဖြစ်သတည်း။

**တနည်း**....ရုပ်ခန္ဓာတပါး၊စေတသိက်ခန္ဓာသုံးပါး၊ စိတ်ခန္ဓာတပါး အားဖြင့်ငါးပါးဖြစ်သတည်း။....ဤသို့စသည်ဖြင့်ခွဲလေ။

ခန္ဓာနှင့်စပ်သောစကားရပ်ပြီး၏။

---

**အာယတနနှင့်စပ်သောစကားရပ်ကိုပြဆိုချက်။**
**အာယတနမည်ပုံကိုပြခြင်း။**

မှု....အဘယ်ကြောင့် "အာယတန" မည်ပါသနည်းဟုမေး။

**ဝိ**...(စိတ်စေတသိက်တို့သည် မိမိတို့၏အာရမဏဝိဇာနန,ဖုသန စသော ကိစ္စကို အားထုတ်ရာ ဌာနဖြစ်သောကြောင့် "အာယတန"မည်၏ဟုဖြေ။)

အာယတ္ထိ ဝါယမန္တိ ဧတ္ထာတိ အာယတနံ=ဟု ဝစနတ္ထပြု။
ဤ၌အားထုတ်ခြင်းဟူသည်-မိမိကိစ္စကို ပြုခြင်းပင်တည်းဟုမှတ်။

**ဤကား**....ဝါယမန္တီတိ အတ္တနော ကိစ္စံကရောန္တီ ဧဝ အတ္ထော= ဟူသော မူလဋီကာနှင့် အညီတည်း။

ဝါယမန္တီတိ၊အားထုတ်ကုန်၏ဟူသည်။အတ္တနော၊မိမိ၏။ကိစ္စံ၊အာရမဏဝိဇာနန စသောကိစ္စကို။ကရောန္တိ၊ပြုကုန်၏။ ဧဝ၊ဤသို့သာလျှင်။အတ္ထော၊အနက်ကို။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

**ဝိ**...(နောက်ရအာရုံသည်ပင် အာယမည်သော စိတ်စေတသိက် တရားတို့ကို ချဲ့တတ်သောကြောင့် "အာယတန" မည်၏ဟူ၍လည်း တနည်းဖြေ။)

**ဤအဓိ**...အာယန္တီတိ အာယာ=ဟုပြု။....စိတ်,စေ...ကိုကောက်။ အာယေ တနောတီတိ ဝိတ္ထာရေတီတိ အာယတနာနိ=ဟု သုဒ္ဓကတ္တုသာဓ် ပြု။ ...အာယသဒ္ဒူပပဒ,တနု,အ။

**အဓိပ္ပါယ်**....စိတ်စေတသိက်တို့သည် ခဏတ္တယသမင်္ဂီ ဖြစ်ကုန် သော်လည်းမဥပါဒ်မီရှေးအတို့၌မဖြစ်သည့်၏အဖြစ်ကြောင့်မထင်ရှား ကုန်သေး,ဥပ္ပါဒက္ခဏမှစ၍ ဘင်ခဏတိုင်အောင်သော ကာလ၌ကား ပြန့်ပွါးထင်ရှားကုန်၏ ထိုသို့စိတ်စေတသိက်တို့၏ခဏတ္တယသို့ရောက်

သောအားဖြင့် ထင်ရှားလာခြင်းသည် ဒွါရအာရုံကို အနုံပြု၍ ထင်ရှား ကုန်ရကား ဒွါရအာရုံတို့သည် စိတ်-စေတသိက်တို့ကို ချဲ့သည် မည် ၏ ဟူလို။

**ဤကား**....ဝိတ္ထာရေန္တီတိ ပုဗ္ဗေ အနုပ္ပန္နတ္ထာ လီနာနိအပါကဋာနိ၊ ဥပ္ပါဒတော ဥဒ္ဓံ ပသာရေန္တိပါကဋာနိ ကရောန္တိဥပ္ပါဒေန္တီတိ အတ္ထော=ဟူသောမူလဋီကာနှင့်အညီတည်း၊

ဝိတ္ထာရေန္တီတိ၊-ဟူသည်။ပုဗ္ဗေ၊ရှေးအဘို့၌။အနုပ္ပန္နတ္ထာ၊မဖြစ်သေး သည့်၏ အဖြစ်ကြောင့်။ လီနာနိ၊ ကွယ်ဝှက်ကုန်သည်။ အပါကဋာနိ၊ မထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဥပ္ပါဒတော၊ ဥပါဒ်သည်မှ။ ဥဒ္ဓံ၊အထက်၌။ပသာရေန္တိ၊ဖြန့်နှံ့ကုန်၏။ ပါကဋာနိကရောန္တိ၊ ထင်ရှား သည်တို့ကိုပြုကုန်၏။ ဥပ္ပါဒေန္တိ၊ ဖြစ်စေကုန်၏။ဣတိအယံအတ္ထော၊ ဤ သို့သောအနက်ကို။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

**ဝိ**...(ဒွါရအာရုံသည်ပင် ရှည်စွာသော သံသရာဆင်းရဲကို ဖြစ်စေ တတ်သောကြောင့်"အာယတန"မည်၏ဟူ၍လည်းတနည်းဖြေ၊)

**ဤအလို**...အာယတံ သံသာရဒုက္ခံ နယန္တီတိ အာယတနာနိ= ဟူသုဒ္ဓကတ္တုသာဓ်ပင်ပြု။.... အာယတသဒ္ဒါပုပဒ, နီ, အ။ ဟေတု ကတ္တုသာဓနဟူ၍လည်းဆိုကြ၏။

**ဤကား** ...အာယတနတော, အာယာနံတနနတော, အာယတဿ စ နယနတော, အာယတနန္တိဝေဒိတဗ္ဗံ=ဟူသော ဝိဘင်းအဋ္ဌ ကထာနှင့်အညီတည်း။

အာယတနတော၊ လုံ့လပြုတတ်သည့်၏အဖြစ်ကြောင့်၎င်း။ အာ ယာနံ၊ ဖြစ်တတ်ကုန်သောစိတ်-စေတသိက်တို့ကို။ တနနတော၊ ချဲ့ တတ်သည့်၏အဖြစ်ကြောင့်၎င်း။အာယတဿ၊ ရှည်စွာသောသံသရာ ဆင်းရဲကို ။နယနတော၊ဖြစ်စေတတ်သည့်၏အဖြစ်ကြောင့်၎င်း။ အာ ယတနန္တိ၊အာယတနမည်၏ဟူ၍။ဝေဒိတဗ္ဗံ သိအပ်၏။

**ဝိ**...(နေရာဟူသော အနက် သဘောကြောင့်၎င်း၊ တည်နေရာဟူ သော အနက်သဘောကြောင့်၎င်း၊ ဓုဝေးရာဟူသော အနက် သဘောကြောင့်၎င်း၊ ဖြစ်ရာဟူသော အနက်သဘောကြောင့် ၎င်း၊အကြောင်းဖြစ်သောအနက် သဘောကြောင့်၎င်း "အာယ တန"မည်၏ဟူ၍လည်းဖြေ။)

ဤ**ကား** ...အဝိစ နိဝါသဌာန, အာကာရဌာန, သမောသရဏ ဌာန,သဥ္စာတိဒေသဌာန, ကာရဏဌာနစ အာယတနံ ဝေဒိ တဗ္ဗံ=ဟူသော ၎င်းအဋ္ဌကထာနှင့်အညီပင်တည်း။....အနက် လွယ်ပြီ။

အကျယ်ကိုအလိုရှိက၎င်း၀ိဘင်းအဋ္ဌကထာမှာယူလေ။

**စက္ခာယတနစသည်မည်ပုံကိုပြခြင်း။**

မှ....အဘယ်ကြောင့်"စက္ခု"စသည်မည်ပါသနည်းဟုမေး။
ဝိ ..(ရူပါရုံကို သာယာသကဲ့သို့ ဖြစ်တတ်သောကြောင့် "စက္ခု" မည်၏။ တနည်း... ရူပါရုံကို ပြသကဲ့သို့ ဖြစ်သောကြောင့် "စက္ခု" မည်၏ဟုဖြေ။)
၂....သဒ္ဒါရုံကိုကြားသကဲ့သို့ဖြစ်သောကြောင့်"သောတ"မည်၏။
၃....ဂန္ဓာရုံကိုနမ်းတတ်သောကြောင့်"ဃာန"မည်၏။
၄....အသက်၏ အကြောင်းဖြစ်သော အာဟာရကိုခေါ်သကဲ့သို့ ဖြစ်တတ်သောကြောင့်"ဇိဝှါ"မည်၏။
၅....စက်ဆုပ်အပ်သော အာသဝ တရားတို့၏ ဖြစ်ရာ ဖြစ်သော ကြောင့်"ကာယ"မည်၏။
၆....နှလုံး၌ဖြစ်သောအလိုကိုပြတတ်သောကြောင့်"ရူပ"မည်၏။
၇....ရွတ်ဆိုအပ်သောကြောင့်"သဒ္ဒ"မည်၏။
၈....မိမိ၏တည်ရာဝတ္ထုကိုပြတတ်သောကြောင့်"ဂန္ဓ"မည်၏။
၉....သာယာအပ်သောကြောင့်"ရသ"မည်၏။
၁၀....တွေ့ထိအပ်သောကြောင့်"ဖောဋ္ဌဗ္ဗ"မည်၏။
၁၁....အာရုံကိုသိတတ်သောကြောင့်"မန"မည်၏။
၁၂....မိမိ၏သဘောကိုဆောင်တတ်သောကြောင့်"ဓမ္မ"မည်၏။

အကျယ်ကိုအဋ္ဌကထာဋီကာတို့မှာရှုပါလေ။

မှ ...အဘယ်ကြောင့်"စက္ခာယတန"မည်သနည်းဟုမေး။
ဝိ.../ရူပါရုံကိုသာယာသကဲ့သို့ဖြစ်တတ်သော စက္ခုသည်ပင်-လုံ့ လပြုတတ်သောအနက်သဘော နေရာစသောအနက်သဘော ကြောင့်"စက္ခာယတန"မည်၏ဟုဖြေ။/

စက္ခု၊ စ တံ အာယတနဋ္ဌာတိ စက္ခာယတနံ=ဟုတွဲစပ်။ သောတာယတနစသည်ကိုလည်းနည်းမှီ၍သိကြလေ။

**အာယတနကိုဆဲ့နှစ်ပါးမျှရှိသင့်ဟန်ကိုပြခြင်း။**

မု ...စက္ခု၊စသည်တို့သည် ဓမ္မတို့သာဖြစ်ပါလျက် ဓမ္မာယတနတမျိုးသာ မဟောပါဘဲ အဘယ်ကြောင့် တဆဲ့နှစ်ပါး အားဖြင့် ဟောကြားတော်မူပါသနည်းဟုမေး။

ဝိ...ခြောက်ပါးသောညာဝိဏ်အပေါင်း၏ဖြစ်ရာဒွါရဖြစ်ကြောင်း အာရုံကို ပိုင်းခြား မှတ်သားခြင်းကြောင့် တဆဲ့နှစ်ပါး အပြားအားဖြင့် ဟောကြားတော် မူ၏ဟုဖြေ။

ဤအား ...ဆဝိညာဏ ကာယုပ္ပတ္တိဒွါရာလမ္ဗဏ ဝဝတ္ထာနတော= ဟူသော ပိဘင်းအဋ္ဌကထာနှင့်အညီတည်း။

ဆဝိညာဏ ကာယုပ္ပတ္တိဒွါရာလမ္ဗဏ ဝဝတ္ထာနတော၊ခြောက်ပါးသော ဝိညာဏ်အပေါင်း၏ဖြစ်ရာ ဒွါရ,အာရုံကိုပိုင်းခြားမှတ်သားခြင်း ကြောင့်။ ဒွါဒသအာယတနာနိ၊ တဆဲ့နှစ်ပါးသော အာယတနတို့ကို။ ဂုတ္တာနိ၊ဟောတော်မူအပ်ကုန်၏။

**အဓိပ္ပါယ်** ...စက္ခာယတနသည် စက္ခု၊ဒွါရ၌ ဖြစ်သော ဝိညာဏ် အပေါင်း၏ ကျက်စားရာအာရုံမည်၏။ ...(သောတ စသည်တို့၌ ဖြစ် သောဝိညာဏ်အပေါင်းကိုလည်းနည်းတူသိ။) ။

ဘဝင်္ဂပစ္စေဒဟုဆိုအပ်သော မနာယတန စိတ်သည် မနောဝိညာ ဏ ဓာတ်အပေါင်း၏ ဖြစ်ရာ ဒွါရမည်၏။ စက္ခု၊ဝိညာဏ် စသည်တို့ နှင့် မဆက်ဆံသော ဓမ္မာရုံသည် မနောဝိညာဏ ဓာတ်အပေါင်း၏ ကျက်စားရာအာရုံမည်၏။ ဤသို့ခြောက်ပါးသော ဝိညာဏကာယ၏ ဖြစ်ရာဒွါရသည်ဝိညာဏ်အားလျော်စွာခြောက်ပါးဖြစ်၏။ကျက်စားရာ အာရုံသည်လည်း ဝိညာဏ်အားလျော်စွာ ခြောက်ပါးပင်ဖြစ်၏။ ထို ကြောင့် အာယတနကို တဆဲ့နှစ်ပါး အပြားအားဖြင့် ဟောတော်မူ၏ ဟုလို။

**အာယတနကိုဒေသနက္ကမအားဖြင့်ဟောပုံကိုပြခြင်း။**

သနိဒဿနသပ္ပဋိဃဖြစ်၍ ထင်ရှားသောကြောင့် "စက္ခာယတန" ကိုရှေးဦးစွာဟောတော်မူ၏။

အနိဒဿနသပ္ပဋိဃဖြစ်၍ မထင်ရှားသောကြောင့် သောတာယတန စသည်ကို နောက်၌ ဟောတော်မူ၏။.... ထိုသောတာယတန စသည်တို့တွင်လည်း- အသမ္ပတ္တဂ္ဂါဟအဖြစ်ဖြင့် စက္ခွာယတနနှင့်တူသောကြောင့်စက္ခွာယတန၏အခြားမဲ့၌ "သောတာယတန"ကို ဟောတော်မူ၏။ ...ကြွင်းသော ဃာနာယတန စသည်တို့တွင်လည်း-လျင်စွာအာရုံကိုယူခြင်းငှါစွမ်းနိုင်သောကြောင့်သောတာယတန၏အခြားမဲ့၌ "ဃာနာယတန"ကို ဟောတော်မူ၏။ .. ကိုယ်၏ အစိတ်၌ဖြစ်ခြင်းတူသောကြောင့် ဃာန၏ အခြားမဲ့၌ "ဇိဝှါယတန" ကို ဟောတော်မူ၏။ ... အဇ္ဈတ္တိကာယတန အဖြစ်အားဖြင့် တူသောကြောင့် "ကာယာယတန"ကိုနောက်ဆုံးထား၍ ဟောတော်မူ၏။ .. အာရုံဖြစ်သော အာယတန ငါးပါးကို ထိုထိုအဇ္ဈတ္တိကာယတန အားလျော်စွာ ဟောတော်မူ၏ဟုမှတ်။

ရူပါယတန စသော အာယတန ငါးပါးကို အာရုံ ပြုတတ်သောကြောင့် ထိုငါးပါး၏အဆုံး၌ "မနာယတန" ကို ဟောတော်မူ၏။.... နာမ်ရုပ်နှစ်ပါးရောသောကြောင့်"ဓမ္မာယတန"ကိုအဆုံး၌ဟောတော်မူ၏။

## ခုဥ်းကိုသုဒ္ဓ,မိဿကခသည်ခွဲပုံကိုပြခြင်း။

စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,ရူပ,သဒ္ဒ,ဂန္ဓ,ရသာယတန ဤကိုးပါးသည်"သုဒ္ဓါယတန"မည်၏။.... ကြွင်းအာယတနသုံးပါးသည် "မိဿကာယတန"မည်၏။ ဤသို့လျှင်သုဒ္ဓါယတန-၉-ပါး, မိဿကာယတန-၃-ပါးအားဖြင့်-၁၂-ပါးဖြစ်သတည်း။

**တနည်း** ...ရုပ်အာယတန-၁၀-ပါး, နာမ်အာယတန-၁-ပါး, ရုပ်နာမ်ရောသောမိဿကာယတန-၁-ပါး အားဖြင့်လည်း-၁၂-ပါး ဖြစ်သတည်း၊

**တနည်း** ...အဇ္ဈတ္တိကာ ယတန-၆-ပါး၊ ဗာဟိ ရာယတန-၆-ပါး အားဖြင့်လည်း-၁၂-ပါးဖြစ်သတည်း။ ... ဤသို့စသည်ဖြင့်ခွဲလေ။

အာယတနနှင့်စပ်သောစကားရပ်ပြီး၏။

## ခေတ်နှင့်စပ်သောစကားရပ်ကိုပြဆိုချက်။
## ခေတ်မည်ပုံကိုပြခြင်း။

**ပု**...အဘယ်ကြောင့်“ခေတ်”မည်သနည်းဟုမေး။
**ဖြေ**...မိမိမိမိတို့၏သဘောကို ဆောင်တတ်သောကြောင့် “ခေတ်” မည်၏ဟုဖြေ။

**ဤကား**.... အတ္တနော သဘာဝံ ခေရေန္တိတိ ခေတ္တယော = ဟူ သောဝိဘင်းအဋ္ဌကထာနှင့်အညီတည်း။

ယေဝမ္မာ အကြင်တရားတို့သည်။ အတ္တနော၊ မိမိမိမိ၏။ သဘာဝံ၊ သဘောကို။ ခေရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေဝမ္မာ၊ထိုတရားတို့သည်။ခေတ္တယော၊ ခေတ်တို့မည်ကုန်၏။....ဤ၌ မိမိ၏ သဘောဟူသည် သတ္တမှဆိတ်သော နိဿတ္တကိုပင် ဆို၏ ဟု မှတ်။

**ဤကား**.... သဘာဝ၀ေဋ္ဌာ နာမ သုညတဋ္ဌော၊ သုညတဋ္ဌော နာမ နိဿတ္တဋ္ဌော=ဟူသောအဋ္ဌကထာနှင့်အညီတည်း။

သဘာဝဋ္ဌောနာမ၊သဘာဝဋ္ဌမည်သည်။သုညတဋ္ဌော၊ဆိတ်သော အနက်တည်း။သုညတဋ္ဌောနာမ၊ ဆိတ်သောအနက်ဟူသည်။ နိဿတ္တ ဋ္ဌော၊သတ္တဝါမဟုတ်သောအနက်ပင်တည်း။

**တနည်း**....အတ္တမှဆိတ်သောသဘောမျှသည်ပင်ခေတ်မည်၏ဟု မှတ်။

**ဤကား**....သုညေသဘာဝမတ္တေနိရုဠှော ခေတ္တသဒ္ဒေါဒဋ္ဌဗ္ဗော= ဟူသောမူလဋီကာနှင့်အညီတည်း။

သုညေ အတ္တမှဆိတ်သော။ သဘာဝမတ္တေ၊ သဘောမျှ၌။ ခေတ္တ သဒ္ဒေါ၊ခေတ္တသဒ္ဒါသည်။ နိရုဠှော၊ ထင်၏။ ဣတိ၊ ဤသို့။ဒဋ္ဌဗ္ဗော၊ မှတ် အပ်၏။

**အထူးကား**....တိတ္ထိတို့သည် ကြံဆအပ်သောအတ္တဟူသည် ပရ မတ္ထအားဖြင့်ထင်ရှားမရှိသကဲ့သို့၊ သဘာဝဟူသည်ထင်ရှားမရှိသော တရားမျိုးမဟုတ်၊ စင်စစ်မှာမူကား ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟု မှတ်။

**ဋီ**...(နိဗ္ဗာနမှုဖြစ်သော အနက်သဘောကြောင့်“ဓာတ်”မည်၏ဟူ
ရှိလည်းတနည်းဖြေ။)

**ဤကား** ...အပိစ နိဗ္ဗာနမတ္တသေယတံ အမိဝစနံ= ဟူသော အဋ္ဌ
ကထာနှင့်အညီတည်း။

အပိစ၊နည်းတပါးကား။ဧတံ၊ဤဓာတ်ဟူသောအမည်သည်။ နိဗ္ဗာ
မတ္တသ၊ နိဗ္ဗာနမှု၏။ အမိဝစနံ၊အမည်တည်း။....ဤနည်းနှင့်ရှေးဋီကာ
နည်းနှစ်ပါးအလိုဝိဂြိုဟ်မပြုရ။

**ဋီ**...(ဆင်းရဲကို စီရင်တတ်, ဖြစ်စေတတ် သောကြောင့် “ဓာတ်”
မည်၏။ .... တနည်း- သတ္တဝါ တို့သည် ဆောင်အပ်သော
ကြောင့်“ဓာတ်”မည်၏။....တနည်း-ဆင်းရဲဒုက္ခကို စီရင်ခြင်း
မှုဖြစ်သောကြောင့်“ဓာတ်”မည်၏။....တနည်း-သံသရာ ဝဋ်
ဆင်းရဲကို စီရင်ကြောင်းဖြစ်သောကြောင့်“ဓာတ်”မည်၏။....
တနည်း သံသရာ ဝဋ်ဆင်းရဲကို ထားရာ ဖြစ်သောကြောင့်
“ဓာတ်”မည်၏ဟူ၍လည်းဖြေဆိုလေ။)

**ဤကား**... အပိသေသေနပနဝိဒဟတိ, ဝိဓိယတေ,ဝိဓာနံ ဝိဓိယ
တေဧတာယ,ဧတ္တဝါ ဓိယာကီတိဓာတု-ဟူသော= ဝိဘင်းအဋ္ဌ
ကထာနှင့်အညီတည်း။

ပန၊ အဘို့တပါးဆိုဦးအံ့။ အပိသေသေန၊ သာမညအားဖြင့်။ ဝိဒ
ဟတိ၊ စီရင်တတ်ဖြစ်စေတတ်၏။ ဝိဓိယတေ၊ ဆောင်အပ်၏။ ဝိဓာနံ၊
စီရင်ခြင်းဆောင်ခြင်းမှုဖြစ်၏။ ဧတာယ၊ ဤသဘောတရားဖြင့်။ ဝိဓိယ
တေ၊စီရင်အပ်၏။ဝါ၊တနည်းကား။ဧတ္တ၊ဤသဘောတရား၌။ ဓိယတေ၊
ထားအပ်၏။ဣတိ၊ထိုကြောင့်။ဓာတု၊ဓာတ်မည်၏။

**ဆောင်ပုဒ်** ...ဝိဒဟတိ,ဝိဓာနဉ္စ၊ဓိယတေစ ဝိဓိယတေ။
ဧတာယ,ဓိယတေဧတ္တ၊ဣတိဝါဓာတုသမ္ဘဝ။

အနက်ကို အဋ္ဌကထာကြည့်၍ပေးလေ၊မခဲပြီ။

**မအမယာဒိတ်ပါဠိအရဝစနတ္ထကိုကား။**

သံသာရဒုက္ခံ ဝိဒဟာတီတိ ဓာတု=ဟု ကတ္တုသာဓိပြု။

ရွှေကျောက်, ငွေကျောက် စသည်တို့သည် ရွှေငွေ စသည်တို့ကို

ဖြစ်စေ ကုန်သကဲ့သို့၊ စက္ခုဓာတ်စသည် သည်လည်း သံသရာဝဋ်ဆင်းရဲကို ဖြစ်စေတတ်၏ ဟူလို။

**ဒုတိယပဏ်ပါဠိအရ ဝေနေယျကိုကား။**

သတ္တေဟိ ဓိယတေတိ ဓာတု=ဟု ကမ္မသာဓ်ပြု။

ဝန်ထမ်းဆောင် ရသော သူတို့သည် ဝန်ထုပ်ကို သွားလေရာရာ ထမ်းဆောင်၍ သွားရကုန်သကဲ့သို့၊ ဝန်ထမ်းသမား သတ္တဝါအများတို့သည်လည်း စက္ခုစသောဓာတ်တို့ကို သွားလေရာရာထမ်းဆောင်၍သွားအပ်ကုန်ရကား၊စက္ခုစသည်ဓာတ်မည်၏ဟူလို။

**တတိယပဏ်ပါဠိအရ ဝေနေယျကိုကား။**

ဝိဓာနံဓာတု=ဟု ဘာဝသာဓ်ပြု။

မိမိအလိုသို့မလိုက်ရကား ဒုက္ခကိုစီရင်ခြင်းမျှ ဖြစ်၏ဟူလို။

**စတုတ္ထပဏ်ပါဠိအရ ဝေနေယျကိုကား။**

အနုဝိဓိယတိ ပုနပ္ပုနံ ကရိယတိဧတာယာတိ ဓာတု=ဟုပြု။

စက္ခုစသော ဓာတ်တို့ဖြင့် သတ္တဝါတို့သည် သံသရာ ဝဋ်ဆင်းရဲကိုပြုပြင်စီရင်ကြကုန်၏။ ၎င်းစက္ခုစသော ဓာတ်တို့သည် သံသရာဝဋ်ဆင်းရဲကို အဖန်တလဲလဲ ပြုပြင်စီရင်ကြောင်း ဖြစ်ရကား ဓာတ်မည်ကုန်၏ဟူလို။

**ပဉ္စမပဏ်ပါဠိအရ ဝေနေယျကိုကား။**

ဓိယတိ ထပိယတိ ဧတ္ထာတိ ဓာတု=ဟု အဓိကရဏသာဓ်ပြု။

စက္ခုစသော ဓာတ်တို့၌ သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲကို ထားကြကုန်၏။ ၎င်းစက္ခုစသော ဓာတ်တို့သည် သံသရာဝဋ်ဆင်းရဲကိုထားရာဖြစ်ရကား ဓာတ်မည်ကုန်၏ဟူလို။

**ဝိ**...(လောက၌ ဆန်းကြယ်သော ဆေးဒါန်း မြင်းသီလာ စသော ကျောက်၏ အစိတ်ကို ဓာတ်ဟု ဆိုအပ်သကဲ့သို့၎င်း, အသား အသွေးစသော ကိုယ်၏ အစိတ်ကို ဓာတ်ဟု ဆိုအပ် သကဲ့သို့၎င်း၊နည်းတူအစိတ်ဖြစ်သော ၎င်းဓာတ်တို့နှင့်တူသောကြောင့်လည်း စက္ခုစသည်သည်ဓာတ်မည်၏ဟူ၍လည်းတနည်းဖြေ။)

**ဤကား** ...ယထာစ လောကေ ဝိဝိတ္တာ ဟရိတာလမနောသိလာ ဒယော သေလာဝယဝခါတုယောတိဝုစ္စန္တိ၊ဖေ‌ဝံဖေတာဝိခါတု ယော ဝိယ ခါတုယော=ဟူသော ဝိဘင်းအဋ္ဌကထာနှင့်အညီ ပင်တည်း။

စ၊တနည်းကား။ လောကေ၊ လောက၌။ ဝိဝိတ္တာ၊ ဆန်းကြယ်ကုန် သော။ဟရိတာလမနောသိလာဒယော၊ ဆေးဒါန်း မြင်းသီလာ အစရှိ သည့်တို့ကို။ သေလာဝယဝခါတုယောတိ၊ကျောက်၏အစိတ်ခါတ်တို့ ဟူ၍။ ဝုစ္စန္တိယထာ၊ ဆိုအပ်ကုန်၏သို့။ ဖေ‌ဝံတထာ၊ ထို့အတူ။ ဖေတာဝိ၊ ဤစက္ခု စသည်တို့ကိုလည်း။ ခါတုယောဝိယ၊ ဆေးဒါန်းမြင်းသီလာ စသော ကျောက်၏အစိတ်တို့ကဲ့သို့။ ခါတုယော၊ ခါတ်တို့မည်ကုန်၏ ဟူ၍။ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

**အထူး**...ဥပမေယျစကားရပ်၌ဉာဏ်ဖြင့်သိအပ်သောမဘောက် ပြန်သော သဘောရှိသော "ပရမတ္ထဓမ္မ" ၏အစိတ်ကိုယူ။

**တူပုံ**...လောက၌ လူတို့သည် ကျောက်၏ အထူးတစိတ်တဒေသ ဖြစ်သော ဆေးဒါန်း မြင်းသီလာ ဟင်္သပြဒါးစသည်ကို ခါတ်ဟု ခေါ် ဝေါ်အပ်သကဲ့သို့၊ နည်းတူ စက္ခုစသော တရားတို့ သည်လည်း အ ပေါင်းပရမတ္ထဓမ္မ၏ တစိတ်တဒေသဖြစ်သောကြောင့် ဆေးဒါန်းမြင်း သီလာ ဟင်္သပြဒါး စသော ခါတ်တို့နှင့် အစိတ်အဖြစ်ဖြင့် တူရကား ခါတ်ဟူ၍ခေါ်ဆိုရ၏ဟူလို။-ဤကားသေလာဝယဝနှင့်တူပုံတည်း။... လောက၌ လူတို့သည် ခန္ဓာငါးပါး အပေါင်းဖြစ်သော ကိုယ်၏ တစိတ် တဒေသဖြစ်သော အသားအသွေးစသော အစိတ်ကို ခါတ်ဟု ခေါ်ဆို အပ်သကဲ့သို့၊စက္ခုစသည်တို့ သည်လည်း၊အပေါင်းဖြစ်သော ပရမတ္ထ ဓမ္မ၏ တစိတ်တဒေသ ဖြစ်သောကြောင့်, ၎င်းအသားအသွေး စသော ခါတ်တို့နှင့် အစိတ်အဖြစ်ဖြင့် တူရကား "ခါတ်" ဟု ခေါ်ဆိုအပ်၏ ဟူလို။ဤကား-သရီရဝယဝခါတ်နှင့်တူပုံတည်း။

ဤအလို....ခါတုယောဝိယခါတုယော=ဟု ဥပမာတန္ဒိတ်ပြု။

## စက္ခုခါတ်စသည်မည်ပုံကိုပြခြင်း။

စက္ခုစသည်မည်ပုံကို အာယတန၌ ဆိုအပ်ပြီးသော နည်းအတိုင်း ပင်မှတ်။....အထူးမျှကိုသာ ပြပေအံ့။

မု...အဘယ်ကြောင့် "စက္ခုဝိညာဏ်" မည်သနည်းဟုမေး။

ဖြေ...(စက္ခုပသာဒကို မှီသောဝိညာဏ် ဖြစ်သောကြောင့် "စက္ခုဝိညာဏ်" မည်၏ဟုဖြေ။)

သောတဝိညာဏ်,ဃာနဝိညာဏ်,ဇိဝှါဝိညာဏ်, ကာယဝိညာဏ် မည်ပုံကိုလည်း နည်းတူမှတ်။

**အဘွား**....သိခြင်းမျှ မတ္တ ဖြစ်သောကြောင့် "မန" မည်၏။.... လွန်လွန်ကဲကဲသိခြင်း ကိစ္စရှိသောကြောင့် "မနောဝိညာဏ်" မည်၏ဟုမှတ်။

မု...အဘယ်ကြောင့်"စက္ခုဓာတ်"မည်သနည်းဟုမေး။

ဖြေ...(စက္ခုပသာဒသည်ပင် သဘာဝ, သုညတ, နိဿတ္တ, နိဇ္ဇီဝမျှ ဖြစ်သော အနက် သဘောကြောင့် "စက္ခုဓာတ်" မည်၏ဟုဖြေ။)..သောတဓာတ် စသည် မည်ပုံ ကိုလည်း နည်းတူ သိကြကုန်။

မု....အလုံးစုံသော ဝိညာဏ်သည်ပင် သဘာဝ,သုညတ,နိဿတ္တ စသည်ဖြစ်ရကား ပဉ္စဝိညာဏဓာတ်,မနောဓာတ်,မနောဝိညာဏဓာတ် ဟူ၍ အထူးအပြား မရှိသင့်သည် မဟုတ်ပါလော ဟုမေး။

ဖြေ...(ပဉ္စဝိညာဏဓာတ်,မနောဝိညာဏဓာတ်သုံးပါးသည် သဘာဝ သုညတ စသော အားဖြင့်ပင် တူသော်လည်း အကြောင်း ကိစ္စအားဖြင့် ထူးရကား အထူးရှိသင့်၏ဟုဖြေ။)

### အကြောင်းကိစ္စအားဖြင့် ထူးပုံအဓိပ္ပါယ်ကား။

ပဉ္စဝိညာဏဓာတ်၏ ပဉ္စဝတ္ထုကိုမှီသည်၏ အဖြစ်သည်၎င်း, ပဉ္စာရုံကိုမြင်ခြင်းကြားခြင်း စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကိစ္စသည် ၎င်း၊မနောဓာတ်,မနောဝိညာဏဓာတ်တို့မှထူး၏။ မနောဓာတ်, မနောဝိညာဏဓာတ်တို့၌ကား ပဉ္စပသာဒကိုမှီသည်၏အဖြစ်,ဒဿန,သဝန စသော ကိစ္စရှိသည်၏ အဖြစ်မရှိဟူ၏။....ဤကား-မနောဓာတ်,မနောဝိညာဏဓာတ်နှစ်ပါးမှ ပဉ္စဝိညာဏဓာတ် ထူးပုံတည်း။

မနောဝိညာဏဓာတ်သည်မှီရာဝတ္ထုသောစိတ်လျှင် ရှေ့သွားရှိသော ကြောင့်၄င်း။....(ဤအကြောင်းကား-သမ္ပဋိစ္ဆိုန်းနွေမှမနောဝိညာဏ ဓာတ်ထူးပုံကိုရည်သည်။)

မှီရာဝတ္ထုသော ဝိညာဏ်အား အနန္တရပစ္စည်း,မတတ်သောကြောင့် ၄င်း,မနောဒွါရဟုဆိုအပ်သောဘဝင်္ဂပဿွေဒ၏မဖြစ်ခြင်း၏အကြောင်း မရှိခြင်းကြောင့်၄င်း, ဝါ-ပဥ္စဒွါရာဝဇ္ဇန်းသည် ဘဝင်ကို လည်စေခြင်း မဖြစ်စေခြင်းကို ငဲ့နေသကဲ့သို့၊ မနောဝိညာဏ ဓာတ်သည် ဘဝင်ကို လည်စေခြင်း မဖြစ်စေခြင်းကို မငဲ့သောကြောင့် ၄င်း, လွန်လွန်ကဲကဲသိ ခြင်းကိစ္စရှိသည်၏အဖြစ်သည် မနောဓာတ်မှထူး၏။....(ဤအကြောင်း နှစ်ပါးကား ပဥ္စဒွါရာဝဇ္ဇန်းမှထူးပုံကိုရည်သည်။)....ဆိုအပ် ပြီးသော အကြောင်းကိစ္စတို့ကြောင့် ဓာတ်သုံးပါး ထူးခြား၏ဟုလို။

## လိုရင်းအချုပ်ကား။

ပဥ္စဝိညာဏဓာတ်သည် ပဥ္စဝတ္ထုကိုမှီခြင်း ဒဿန,သဝန စသော ကိစ္စရှိခြင်း အားဖြင့်-မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးမှထူး ၏။ ...မနောဓာတ်သည်-ဆိုအပ်ပြီးသော သတ္တိနှစ်ပါးမရှိခြင်းအားဖြင့် ပဥ္စဝိညာဏ ဓာတ်မှ ထူး၏။....လွန်လွန်ကဲကဲ သိခြင်းကိစ္စ မရှိခြင်း အားဖြင့် မနောဝိညာဏဓာတ်မှလည်းထူး၏။

**စကားချုပ်**....ဝိဘာဝိနီဒေါ်ဋီကာကျော်၌ ဝိညာဏဟူသော ပုဒ်၏ အကြောင်းပြ ဖြစ်သော "ဝိသိဋ္ဌဝိဇာနန ကိစ္စယောဂတော" ဟူသော စကားရပ်ကို သညာကိစ္စ, ပညာကိစ္စတို့မှ ထူးသောအာရုံကို သိခြင်း ကိစ္စရှိခြင်းကြောင့် ဝိညာဏ်ခေါ်ကြောင်းကို မဏိမဥ္ဇူသာဋီကာ ဖွင့် ဆို၏။... ဤအရာ၌ မူလဋီကာဆရာကြီး ၄င်းကဲ့သို့ဆိုခြင်းမရှိ၊ဆိုအပ် ပြီးသော နည်းအတိုင်းသာဖွင့်ရကား ဆင်ခြင်၍ယူလေ။

## ဓာတ်ကို တဆဲ့ရှစ်ပါး ခွဲခြမ်း၍ ဟောပုံကို ပြခြင်း။

မု....အာဘာဓာတ်,သုဘဓာတ်အစရှိသောအားဖြင့်ဓာတ်တို့သည် များစွာရှိပါကုန်လျက်၊အဘယ်ကြောင့် တဆဲ့ရှစ်ပါးသာ ဟော တော်မူပါသနည်းဟုမေး။

**ဋီ**...(အဘာဘခေတ် စသည့် တို့သည် သဘောအားဖြင့် ဆိုအပ်ပြီး
သော ခေတ် တဆဲ့ရှစ်ပါးသို့ အတွင်း ဝင်သောကြောင့် တဆဲ့
ရှစ်ပါးသာ ဟောတော်မူ၏ဟုဖြေ။)

**ဤကား** ...သဘာဝတော ဝိဇ္ဇမာနာနံ သဗ္ဗခေတ္တူနံ အန္တော ဂ
ဓဓ္ဓာ=ဟူသော ပိဘင်းအဋ္ဌကထာနှင့်အညီတည်း။

သဘာဝတော၊သဘောအားဖြင့်။ ဝိဇ္ဇမာနာနံ၊ထင်ရှားရှိကုန်သော။
သဗ္ဗခေတ္တူနံ၊အလုံးစုံသော ခေတ်တဆဲ့ရှစ်ပါးတို့သို့။ အန္တောဂဓတ္တာ၊
အတွင်း၌ဝင်သည့်၏ အဖြစ်ကြောင့်တည်း။

**ဋီ**...(သိခြင်းသဘောရှိသောဝိညာဏ်ကို သတ္တဝါတို့သည် ဇီဝဟု
မှားသောအားဖြင့် မှတ်ထင်ကြကုန်၏၊ ထိုအမှတ်မှားသော သူ
တို့၏ ဝိပလ္လာသ သညာကို ပယ်ခွါ ခြင်းငှါ တဆဲ့ ရှစ်ပါးသာ
ဟောတော်မူ၏ ဟူ၍လည်း တနည်းဖြေ။)..ရုပ်ခေတ် တို့ကို
အာယတနဌ ဆိုအပ်ပြီးသော အတိုင်းမှတ်။

**ဤကား**....အပိစ ဝိဇာနန သဘာဝေ ဝိညာဏေ ဇီဝ သညီနံ
သညာ သမူဟနတ္ထံပိ အဋ္ဌာရသေဝ ဝုတ္တာ=ဟူသော ိင်းအဋ္ဌ
ကထာနှင့်အညီတည်း။

အပိစ၊ နည်းတပါးကား။ ဝိဇာနနသဘာဝေ၊ အာရုံကိုသိခြင်း သ
ဘောရှိသော။ဝိညာဏေ၊ဝိညာဏ်၌။ ဇီဝသညီနံ၊ဇီဝဟုအမှတ်ရှိကုန်
သောသူတို့၏။ သညာသမူဟနတ္ထံပိ၊ ဝိပလ္လာသ သညာကိုပယ်ခွါခြင်း
အကျိုးငှါလည်း။ အဋ္ဌာရသေဝ၊ တဆဲ့ရှစ်ပါးတို့ကိုသာလျှင်။ ဝုတ္တာ
ကုန်၏။

## ဝိပလ္လာသသညာကို ပယ်ခွါပုံအကြောင်းကား။

အဇ္ဈတ္တဝါဒီပုဂ္ဂိုလ်တို့သည် မှားသောအားဖြင့်ဝိညာဏ်ကား အပြား
မရှိ,ဝိညာဏ်သည် မြဲ၏ဟု မှတ်ယူ ပြောဆိုကြကုန်၏။ မြတ်စွာဘုရား
သည်ကား– ဝိညာဏ်သည်ပင် အတ္တဝါဒီ ပုဂ္ဂိုလ်တို့ မှတ်ယူ ပြောဆို
သောအတိုင်း အပြားမရှိသည်မဟုတ် စက္ခုဝိညာဏ် စသောအားဖြင့်
ခုနစ်ပါးပြား၏။ .. စက္ခု ပသာဒ ရူပါရုံစသော အကြောင်းတို့နှင့်စပ်၍
ဖြစ်ခြင်းကြောင့် မြဲသည်လည်းမဟုတ်။ ဤသို့ဝိညာဏ်ကို အပြားအား
ဖြင့်ခွဲခြမ်း၍ ပြဆိုအပ်သည့်ရှိသော်–ပင်းအတ္တဝါဒီပုဂ္ဂိုလ်တို့၏ဝိပလ္လာ

သ သညာကို ပျောက်ကင်း ပယ်ခွါနိုင်၏။ ထို့ကြောင့် ဝိညာဏ်ကို ချန်ပါး အပြားအားဖြင့်ခွဲခြမ်း၍ခေတ်ကို တဆဲ့ရှစ်ပါးပြု၍ ဟောတော် မူ၏ဟူလို။

**တနည်း**....ခန္ဓာ, အာယတန ဒေသနာ တို့သည် သင်္ခေပ ဒေသနာ မည်ကုန်၏၊ဓာတ္တုယဒေသနာသည် ဝိတ္ထာရဒေသနာမည်၏၊ ၎င်းနှစ်ပါး သော ဒေသနာတို့ကို ထောက်၍ ဤဓာတု ဒေသနာ သည်ကား နာတိ သင်္ခေပ နာတိဝိတ္ထာရ ဒေသနာ မည်၏။

**တနည်း**....အဘိဓမ္မဘာဇနီယနည်း, သုတ္တန္တဘာဇနီယ နည်းတို့၌ ဟောတော်မူအပ်သောခေတ်သည် အတိသင်္ခေပမည်၏။အာဘာခေတ် စသောသုံးဆဲ့ငါးပါးသောခေတ်သည် အတိဝိတ္ထာရမည်၏။၎င်းနှစ်ပါး ကိုထောက်သော်ဤခေတ်တဆဲ့ရှစ်ပါးသည် "နာတိသင်္ခေပနာတိဝိတ္ထာ ရ"မည်၏။ ဤဆိုအပ်ပြီးသော"နာတိသင်္ခေပ,နာတိဝိတ္ထာရ"ဖြစ်သော ဓာတု ဒေသနာဖြင့် ဆုံးမအပ်သည်ရှိသော် အကြွင်သတ္တဝါ တို့သည် မဂ်ဖိုလ်ကို ရနိုင်ကုန်၏။ထိုသတ္တဝါတို့၏ အလိုအစျာသယ အားလျော် စွာ တဆဲ့ရှစ်ပါး အပြားအားဖြင့် ဟောတော်မူ၏ ဟူ၍လည်းမှတ်လေ။

**ဤကား**....တထာ ဝေနေယျစ္ဆာသယ ဝသေန အဋ္ဌာရသေဝ ပ
ကာသိတာ=ဟူသော ၎င်းအဋ္ဌကထာနှင့်အညီတည်း။

တထာ၊ ထိုမှတပါး။ ဝေနေယျစ္ဆာသယဝသေန၊ ဝေနေယျတို့၏ အလို၏ အစွမ်းအားဖြင့်။ အဋ္ဌာရသေဝ၊ တဆဲ့ရှစ်ပါးတို့ကို သာလျှင်။ ပကာသိတာ၊ ပြအပ် ကုန်၏။.... အစဉ်ကို အာယတနကို နည်းမှီး၍ သိလေ။

## ရူပဥ္စယ်ဒဋ္ဌဗ္ဗအားဖြင့်မှတ်သားရန်ကိုပြခြင်း။

စက္ခုခေတ်ကိုစည်မျက်နှာပြင်ကဲ့သို့မှတ်အပ်၏။

ရူပခေတ်ကိုစည်တီးသောလက်ခတ်ကဲ့သို့မှတ်အပ်၏။

စက္ခုဝိညာဏခေတ်ကိုမြည်သောအသံကဲ့သို့မှတ်အပ်၏။

သောတခေတ်, သဒ္ဒခေတ်, သောတဝိညာဏခေတ် စသည်တို့ကို လည်းနည်းတူမှတ်လေကုန်။

မနောခေတ်ကိုစက္ခုခေတ်စသည်တို့၏ ရှေးသွား နောက်လိုက်ကဲ့သို့မှတ်အပ်၏။

မနောဝိညာဏခေတ်ကို ဤအာရုံသည် ဤဝိညာဏ်၏ အာရုံတည်းဟုအမှတ်အသား မထားအပ်သည့်၏အဖြစ်ကြောင့် တောမျောက်နှင့်တူ၏ဟုမှတ်အပ်၏။

ဓမ္မခေတ် တို့တွင်- ဝေဒနာကို မြွားတံကျင် ကဲ့သို့ မှတ်အပ်၏။ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို မြွားငြောင့် ရှုးဝင်သောကြောင့်နာကျင်သောသူတို့ ကဲ့သို့ မှတ်အပ်ကုန်၏။.... နိဗ္ဗာန်ကို အမတ, သန္တ, ခေမအားဖြင့်မှတ်အပ်၏။....အကျယ်ကိုဝိဘင်းအဋ္ဌကထာမှာရှု။

**သုဒ္ဓ,မိဿကစသည်ခွဲပုံကိုပြခြင်း။**

စက္ခုခေတ်,သောတ,ဃာန,ဇိဝှါ,ကာယ,ရူပ,သဒ္ဒ,ဂန္ဓ, ရသခေတ်၏-၉-ပါးသည်တခုစီဖြစ်ရကား"သုဒ္ဓခေတ်"မည်၏။

ကြွင်း-၉-ပါးသည် အရေအတွက် များရကား "မိဿကခေတ်" မည်၏။ ဤသို့လျှင်-သုဒ္ဓခေတ်-၉-ပါး, မိဿကခေတ်-၉-ပါးအားဖြင့် ၁၈-ပါးဖြစ်သတည်း။

**တနည်း**....ရုပ်ခေတ်-၁၀-ပါး၊....နာမ်ခေတ်-၇-ပါး၊....မိဿကခေတ်-၁-ပါးအားဖြင့်-၁၈-ပါးဖြစ်သတည်း၊

**တနည်း**....အဇ္ဈတ္တိကခေတ်-၁၂-ပါး၊ ဗာဟိရခေတ်-၆-ပါး အားဖြင့်-၁၈-ပါးဖြစ်သတည်း။

**ပရမတ္ထတရားကို-ခန်,အာ,ခေတ်,သုံးမျိုးခွဲ၍ဟောပုံကိုပြခြင်း။**

မေး....ပရမတ္ထတရားကို အဘယ်ကြောင့်ခန္ဓာ, အာယတန, ခေတ်သုံးမျိုးခွဲ၍ဟောအပ်ပါသနည်းဟုမေး။

**ဖြေ**...(သတ္တဝါသည်နာမ်၌ တွေဝေသောသတ္တဝါ, ရုပ်၌တွေဝေသောသတ္တဝါ, ရုပ်နာမ်နှစ်ပါး၌ တွေဝေသောသတ္တဝါဟူ၍ သုံးမျိုး ပြားရကား ထိုသတ္တဝါသုံးမျိုးကို ချီးမြှောက်လိုသောကြောင့် သုံးမျိုးခွဲ၍ဟောတော်မူအပ်၏ဟုဖြေ။)

**ဖြေ**....(တိက္ခပုဂ္ဂိုလ်,နာတိတိက္ခပုဂ္ဂိုလ်, မုဒုပုဂ္ဂိုလ်အားဖြင့် ပုဂ္ဂိုလ်သည်သုံးမျိုးပြား၏၊ ထိုပုဂ္ဂိုလ်သုံးမျိုးကို ချီးမြှောက်လိုသောကြောင့် သုံးမျိုးခွဲ၍ဟောတော်မူ၏ဟူ၍လည်းတနည်းဖြေ။)

**ဝိ...။**အကျဉ်းကိုနှစ်သက်သောသခေ်ပရုစိပုဂ္ဂိုလ်,မကျဉ်းမကျယ်ကို နှစ်သက်သော နာတိသခေ်ပ နာတိဝိတ္ထာရရုစိ ပုဂ္ဂိုလ်, အကျယ်ကိုနှစ်သက်သော ဝိတ္ထာရရုစိပုဂ္ဂိုလ်အားဖြင့်ပုဂ္ဂိုလ်သည် သုံးမျိုးပြား၏၊ ၎င်းပုဂ္ဂိုလ် သုံးမျိုးကို ချီးမြှောက်ခြင်းအကျိုး၌သုံးမျိုးခွဲ၍ဟောတော်မူ၏ဟူ၍လည်းတနည်းဖြေ။

**ဤကား....** တိဝိဓ သတ္တာနုဂ္ဂဟာယ အဓိပ္ပေ တတ္တာ = ဟူသော ဝိဘာဝိနီဋီကာနှင့်အညီတည်း။

ကသ္မာ၊အဘယ်ကြောင့် ပရမတ္ထတရားကို။ ခန်,အာ,ဓာတ်အားဖြင့် သုံးမျိုး ခွဲ၍ ဟောတော် မူအပ်ပါသနည်း။ တိဝိဓ သတ္တာနုဂ္ဂဟာယ၊ သုံးမျိုးအပြားရှိသော သတ္တဝါကို ချီးမြှောက်ခြင်းကို။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏အဖြစ်ကြောင့်တည်း။

ဓာတ်နှင့်စပ်သောစကားရပ်ပြီး၏။

---

## သစ္စာနှင့်စပ်သောစကားရပ်ကိုပြဆိုချက် ဒုက္ခသစ္စာမည်ပုံကိုပြခြင်း။

**ပု....**အဘယ်ကြောင့် "သစ္စာ" မည်သနည်းဟုမေး။

**ဝိ...။**မချွတ်မယွင်း, မဖောက်ပြန်, မှန်ကန်သောအနက်သဘောကြောင့် "သစ္စာ" မည်၏ဟုဖြေ။

**ဤကား ....** တစ္ဆာ ဝိပရိတ ဘူတ ဘာဝေါ 'သစ္စဋ္ဌော'တိ ဝေဒိ တဗ္ဗော=ဟူသော ဝိဘင်းအဋ္ဌကထာနှင့်အညီတည်း။

တစ္ဆာဝိပရိတဘူတဘာဝေါ၊ မှန်ကန်ခြင်း, မဖောက်ပြန်ခြင်းဖြစ်သည်၏ အဖြစ်ကို။ သစ္စဋ္ဌောတိ၊ သစ္စာအနက် ဟူ၍။ ဝေဒိတဗ္ဗော။ သိအပ်၏။

**အဓိပ္ပါယ်....**မီး၏ပူခြင်းသဘောသည်မချွတ်မယွင်းမှန်ကန်သကဲ့သို့၎င်း၊ပဋိသန္ဓေနေခြင်းစသော လောကသဘော,လူတို့သည်အထက်သို့မြင့်ခြင်းသဘော,တိရစ္ဆာန်တို့သည် များသောအားဖြင့် ဖိလာကန့်လန့်ကြီးပွါးခြင်းသဘော စသည်တို့သည် မဖောက်ပြန်မှန်ကန်သကဲ့သို့၎င်း၊မချွတ်မယွင်း မဖောက်ပြန်ဟုတ်မှန်၏ဟူလို။

**မှ**....အဘယ်ကြောင့်"ဒုက္ခ"မည်သနည်းဟုမေး။

**ဖြေ**...(စက်ဆုပ် အပ်သော အနက်, အချည်းနှီး ဖြစ်သော အနက် သဘောကြောင့်"ဒုက္ခ"မည်၏ဟုဖြေ။)

**ဤကား**.... ကုစ္ဆိတတ္တာ တုစ္ဆတ္တာစ ဒုက္ခန္တိ ဝုစ္စတိ= ဟူသော ဝိဘင်းအဋ္ဌကထာနှင့်အညီတည်း။

ကုစ္ဆိတတ္တာစ၊စက်ဆုပ်အပ်သည်၏အဖြစ်ကြောင့်၎င်း။ တုစ္ဆတ္တာစ၊အချည်းနှီး၏အဖြစ်ကြောင့်၎င်း။ဒုက္ခန္တိ၊ဒုက္ခဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဒုကုစ္ဆိတံ ခံ ဒုက္ခံ=ဟု ပါဠိပုဗ္ဗပဒကမ္မဓာရယသမာသ်ပြု။.... ဤ၌ ဒုပုဒ်, ခံပုဒ် နှစ်ပုဒ်တည်း။.... ဒု- သဒ္ဒါကုစ္ဆိတအနက်ကို။ ခံ သဒ္ဒါ တုစ္ဆအနက်ကိုဟော၏ဟုမှတ်။

**မှ**....အဘယ်ကြောင့်"ကုစ္ဆိတ-တုစ္ဆ"ဖြစ်သနည်းဟုမေး။

**ဖြေ**...(များစွာသော ဘေးရန် ဥပဒ္ဒဝေါတို့၏ တည်ရာ ဖြစ်သောကြောင့် ကုစ္ဆိတဖြစ်၏။....လူမိုက်တို့သည် ကြံဆအပ်သော ဓုဝ, သုဘ, သုခ, အတ္တ တည်းဟူသော အနှစ်သာရ ဘာဝတခု မျှရှာမရသောကြောင့် အချည်းနှီး"တုစ္ဆ"ဖြစ်၏ဟုဖြေ။)

**မှ**....အဘယ်ကြောင့်"ဒုက္ခသစ္စာ"မည်သနည်းဟုမေး။

**ဖြေ**....(စက်ဆုပ် အပ်၍ အချည်း နှီး ဖြစ်သော အနက် သည် ပင် မဖောက်ပြန် မှန်ကန်သောကြောင့် "ဒုက္ခသစ္စာ" မည်၏ ဟု ဖြေ။)

**ဖြေ**...(ဒုက္ခသည် သတ္တဝါတို့ကို မနှိပ်စက်တတ်သည်ဟူ၍မရှိ၊ဒုက္ခ မှတပါး သတ္တဝါတို့ကို နှိပ်စက်တတ်သော တရား မည်သည် လည်းမရှိ၊ ဤသို့ဒုက္ခ၏ နှိပ်စက်တတ်သည်၏ အဖြစ်သည်မြဲ သောကြောင့်-ဒုက္ခသည်ပင် သစ္စာမည်၏ဟူ၍လည်း တနည်း ဖြေ။)

**ဤကား**...နာဗာဓကံ ယတော ဒုက္ခံ၊ဒုက္ခာ နညံ နဗာဓကံ။
ဗာဓကတ္တနိယာမေန၊ တတော သစ္စမိဒံ မတံ။ ။
ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ယတော၊ အကြင်အကြောင်းကြောင့်။ ဒုက္ခံ၊ ဒုက္ခသည်။ အဗာဓကံ၊ သတ္တဝါတို့ကိုမနှိပ်စက်သည်။ နဟောတိ၊ မဖြစ်။ ဒုက္ခာ၊ ဒုက္ခမှ။အညံ၊ တပါးသော။ ဗာဓကံ၊ နှိပ်စက်တတ်သော တရားသည်။ နအတ္ထိ၊ မရှိ။

တတော၊ ထို့ကြောင့်။ ဗာဂေကတ္တနိယာမေန၊ နှိပ်စက်တတ်သည်၏ အဖြစ်မြဲသောအားဖြင့်။ ဋ္ဌဒံ၊ ဤဒုက္ခကို။ သစ္စံ၊ သစ္စာဟူ၍။မတံ၊သိအပ်၏။... ဤအလို ဒုက္ခသဒ္ဒါ ဗာဓကအနက်ကို ဟောဇ၏ဟုမှတ်။ ဒုက္ခဥ္စ တံ သစ္စဉ္စာတိ ဒုက္ခသစ္စံ-ဟုတွဲစပ်လေ။

**သမုဒယမည်ပုံကိုပြဆိုခြင်း။**

မု....အဘယ်ကြောင့် "သမုဒယ" မည်သနည်းဟုမေး။
**ဝိ...**ဒုက္ခဖြစ်ခြင်း၏အကြောင်းရင်းဖြစ်သောကြောင့် "သမုဒယ" မည်၏ဟုဖြေ။

**ဤကား**.... ဒုက္ခဿ သံယောဂေ ဥပ္ပတ္တိ ကာရဏတ္တာ ဒုက္ခ သမုဒယန္တိ ဝုစ္စတိ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဒုက္ခဿ၊ ဒုက္ခ၏။ သံယောဂေ၊ မိမိမှကြွင်းသော အကြောင်းတရားနှင့်ပေါင်းယှဉ်မိခြင်းသည်။ သတိ၊ ရှိလတ်သော်။ ဥပ္ပတ္တိကာရဏတ္တာ၊ ဖြစ်ခြင်း၏အကြောင်း၏အဖြစ်ကြောင့်။ ဒုက္ခသမုဒယန္တိ၊ ဒုက္ခသမုဒယ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပါယ်**....သမုဒယလောဘတရားသည် မိမိမှ ကြွင်းသော အာရမဏ စသော အကြောင်း, ကုသိုလ်–အကုသိုလ်ကံ ဟုဆိုအပ်သော အကြောင်းတရားတို့နှင့် ပေါင်းဆုံ ယှဉ်တွဲမိသည်ရှိသော်–ဒုက္ခကို ဖြစ်စေတတ်၏၊ ဤသို့တပါးသော အကြောင်းနှင့် ပေါင်းမိသည် ရှိသော် ဒုက္ခဖြစ်ခြင်း အကြောင်း ဖြစ်ရကား–သမုဒယမည်၏ဟူလို။

ဇေတိ တေသ္မာတိ အယော၊ သံယောဂေ ဥပ္ပတ္တိယာ အယော့တိ သ မုဒယော=ဟု ဝစနတ္ထပြု။....ဤဝစနတ္ထ၌ သံ–ရှေး,ဥ–ရှေးရှိသော ဣ–ဓာတ်, အ–ပစ္စည်း။ သံ–သဒ္ဒါသည် "သံယောဂ" အနက်ကို, ဥ–သဒ္ဒါ သည် ဥပ္ပတ္တိအနက်ကို,အယ-သဒ္ဒါသည် ကာရဏအနက်ကို ဟော၏ ဟုမှတ်။

သမုဒေတိ တေသ္မာ ဒုက္ခန္တိ သမုဒယော=ဟု ဝိဘာဝိနီ ဋီကာ၌ ဝစနတ္ထ ပြုသေး၏။....ဤဝစနတ္ထကား အတုတည်း၊ ဝစနတ္ထအစစ် ပြုလုပ်သော်ကား=ဇေတိ တေသ္မာတိ အယော။....အယောဝေ ဥဒယော။ သမာဂမေ သတိ ဥဒယော သမုဒယော=ဟု သမာသ်ဝိဂြိုဟ်ပြုရမည်

ဟု မဏိမဉ္ဇူ၊ဆရာမိန့်ဆို၏။ …ဤအလိုသံသဒ္ဒါ သံယောဂအနက်ကို ဟော၏၊ဥသဒ္ဒါကား အနက်မရှိဟုမှတ်။

**မု**….အဘယ်ကြောင့် "သမုဒယသစ္စာ" မည်သနည်းဟုမေး။

**ဖ**…(ဒုက္ခ ဖြစ်ခြင်း၏ အကြောင်း သမုဒယသည်ပင်, မဘောက် မပြန်မှန်ကန်သော အနက်သဘောကြောင့် "သမုဒယသစ္စာ" မည်၏ဟုဖြေ။)

**ဖ**…(ဒုက္ခ သစ္စာသည် တဏှာ လောဘကို ကြည်၍ တပါးသော အကြောင်းကြောင့်မဖြစ်၊ လောဘတဏှာကြောင့်သာ ဖြစ်၏။ ဤသို့ ဒုက္ခ သစ္စာ ဖြစ်ခြင်း၏ အကြောင်းကား မြဲသောကြောင့် "သမုဒယသစ္စာ" မည်၏ဟူ၍လည်း တနည်းဖြေ။)

**ဤကား** …တံဝိနာ နာညတော ဒုက္ခံ၊ နဟောတိ နစတံ တတော။
ဒုက္ခဟေတုနိယာမေန ၊ဣတိ သစ္စံ ဝိသတ္တိကာ။ ။
ဟူသောအဋ္ဌကထာနှင့်အညီတည်း။

တံ၊ထိုတဏှာကို။ဝိနာ၊ကြည်၍။ အညတော၊တပါးသောအကြောင်း ကြောင့်။ ဒုက္ခံ၊ဒုက္ခသစ္စာသည်။ နဟောတိ၊မဖြစ်။ တတော၊ ထိုတဏှာ ကြောင့်။တံ၊ထိုဒုက္ခသစ္စာသည်။ နဟောတိ၊မဖြစ်သည်ကား။ နစဟော တိ၊ မဖြစ်။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ ဒုက္ခဟေတုနိယာမေန၊ ဒုက္ခ၏ အကြောင်း မြဲသောအားဖြင့်။ဝိသတ္တိကာ၊တဏှာကို။ သစ္စံ၊သစ္စာဟူ၍။ မတာ၊သိအပ်၏။

## နိရောဓသစ္စာမည်ပုံကိုပြခြင်း။

**မု**….အဘယ်ကြောင့် "နိရောဓ" မည်သနည်းဟုမေး။

**ဖ**…(သံသရာ၌ ကျင်လည်ရခြင်းဟု ဆိုအပ်သော ဒုက္ခ၏ဆိတ်ရာ ဖြစ်သောကြောင့် "နိရောဓ" မည်၏။….တနည်း ဒုက္ခ၏ ဆန့် ကျင်ဘက် ဖြစ်သောကြောင့် "နိရောဓ" မည်၏။…. တနည်း- ဒုက္ခ၏ တဘန် မဖြစ်သော ချုပ်ခြင်း၏ အကြောင်း ဖြစ်သော ကြောင့် "နိရောဓ" မည်၏ဟုဖြေ။)

**ဤကား** …အဘာဝေါ ဧတ္ထ သံသာရစာရကသင်္ခါတဿ ဒုက္ခရော ဓဿ သဗ္ဗဂတိ သုညတ္တာ၊ သမဓိဂတေဝါ တသ္မိံ သံသာရ စာရကသင်္ခါတဿ ဒုက္ခရောဓဿ အဘာဝေါဟောတိ တပ္ပဋိ

ပကွတ္တာ ဒုက္ခသဝေါ အနုပ္ပါဒနိရောဓ ပစ္စယတ္တာ ဒုက္ခနိရောဓန္တိ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဤသြ၊ဤအသခ်တခတ်၌။သဗ္ဗဂတိသုညတ္တာ၊အလုံးရုံသော ဂတိမှ ဆိတ်သည့်၏ အဖြစ်ကြောင့်။ သံသာရစရက သခ်ါတသ၊ သံသရာ၌ ကျင်လည်ခြင်းဟု ဆိုအပ်သော။ ဒုက္ခရောဓသ၊ ဒုက္ခဟူသောဖြစ်ခြင်း၏။အဘာဝေါ၊မရှိခြင်းသည်။ဟောတိ၊ဖြစ်၏။ဝါ၊တနည်းကား။တသို့၊ ထိုအသခ်တ ခတ်ကို။ သမဓိဂတေ၊ ရအပ်သည် ရှိသော်။ တပ္ပဋိ ပကွတ္တာ၊ ထိုသံသရာ၌ ကျင်လည်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သည့်၏ အဖြစ်ကြောင့်။ သံသာရစရကသခ်ါတသ၊ သော။ ဒုက္ခရောဓသ၊၏။ အဘာဝေါ၊သည်။ဟောတိ၊၏။ဝါ၊ကား။ဒုက္ခသ၊ဒုက္ခ၏။အနုပ္ပါဒနိရောဓပစ္စယတ္တာ၊တဘန်မဖြစ်သောချုပ်ခြင်း၏အကြောင်း၏အဖြစ်ကြောင့်။ ဒုက္ခနိရောဓန္တိ၊ဒုက္ခနိရောဓ-ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

အဘာဝေါ ရောဓသ ဩတိ နိရောဓော=ဟု တွဲစပ်လေ။ ...ဤဝစနတ္တ၌- နိသဒ္ဒါ အဘာဝ အနက်ကို, ရောဓသဒ္ဒါ စရက အနက်ကို ဟော၏။ဤဝိဂ္ဂဟဖြင့် နိဗ္ဗာန်၏ ဝဋ်ဒုက္ခမှ ဆိတ်သည့်၏ အဖြစ်ကိုပြ၏ ဟုမှတ်။

## နောက်နည်းအလိုဝစနတ္ထကိုကား။

အဘာဝေါရောဓသ ဩတိ နိရောဓော=ဟူ၍ တနည်းတွဲစပ်။... ဤဝိဂ္ဂဟဖြင့်ဒုက္ခ၏မရှိခြင်းကို နိဗ္ဗာန်အားသာ မရှိသည်မဟုတ်၊နိဗ္ဗာန်ကို မျက်မှောက် ပြုကုန်သော သူတို့အားလည်း မရှိသည်ကိုပြ၏။

**ဤကား** ...ဒုက္ခာဘာဝေါ ပနေတ္တ ပုဂ္ဂလသ၊နိဗ္ဗာနသော၀=ဟူသော မဟာဋီကာနှင့်အညီတည်း။....အနက်လွယ်ပြီ။

ဤတတိယ နည်း၌ကား၊ နိရောဓသဒ္ဒါ-အနုပ္ပါဒနိရောဓတ္တဝါစိရူဋ္ဌိ ပုဒ်တည်း။ဝိဂ္ဂဟမပြုရ။

**အဓိပ္ပါယ်**....နိရောဓ ဟူသည် ထိုထိုသို့သော ဘဝ ဂတိ စသည် တို့၌ တဘန် မဖြစ်ခြင်းဟု ဆိုအပ်သော အနုပ္ပါဒနိရောဓကို ဤ၌နိရောဓဟုဆို၏။ ခဏနိရောဓကို နစ်စေရန်-မကောက်ယူရန် အနုပ္ပါဒသဒ္ဒါဖြင့် နိရောဓပုဒ်ကို အထူးပြု၏။ထို့ကြောင့် ထိုထိုဘဝဂတိတို့၌ တဘန် မဖြစ်ခြင်းသည်သာ မုချနိရောဓမည်၏။ ထိုကဲ့သို့ တဘန် မဖြစ်ခြင်းဟု

ဆိုအပ်သော အကျိုး တရား ဖြစ်သည့်မှာ နိဗ္ဗာန်ကို အကြောင်း ပြု၍ ဖြစ်၏။ဤစကားရပ်၌ကား နိဗ္ဗာန်ကိုသာ နိရောဓဆိုလိုရကား အကျိုး ဖြစ်သော ထိုထို ဘဝ ဂတိ စသည့်တို့၌ တဘန် မဖြစ်ခြင်းဟု ဆိုအပ် သော မချုနိရောဓ၏အမည်ကို အကြောင်းဖြစ်သော နိဗ္ဗာန်၌တင်စား၍ အကြောင်းဖြစ်သောနိဗ္ဗာန်ကို နိရောဓခေါ်ရ၏ဟူလို။

မှ ...အဘယ်ကြောင့် "နိရောဓသစ္စာ" မည်သနည်းဟုမေး။

ဖြေ...(သံသရာ၌ ကျင်လည်ခြင်းဟု ဆိုအပ်သော ဒုက္ခ၏ ဆိတ်ရာ ဖြစ်သောနိရောဓသည်ပင်,မဘောက်ပြန်သော အနက်သဘော ကြောင့် "နိရောဓသစ္စာ" မည်၏ဟုဖြေ။)

ဖြေ...(နိဗ္ဗာန်မှတပါး သံသရာဒုက္ခ၏ ငြိမ်းရာမရှိ၊ ထိုနိဗ္ဗာန်သာ–သံ သရာဒုက္ခ၏ ငြိမ်းရာ၏ အဖြစ်သည်မြဲ၏၊ဤသို့နိဗ္ဗာန်သည်သာ သံသရာ ဒုက္ခ၏ ငြိမ်းရာ၏ အဖြစ်သည် မြဲသောကြောင့် နိရော ဓ သစ္စာမည်၏ ဟူ၍လည်း တနည်းဖြေ။)

**ဤကား**....နညာ နိဗ္ဗာနတော သန္တိ၊ သန္တံ နစ နတံ တတော။
သန္တဘာဝ နိယာမေန၊ တတော သစ္စမိဒံ မတံ။ ။
ဟူသောအဋ္ဌကထာနှင့် အညီတည်း။

နိဗ္ဗာနတော၊နိဗ္ဗာန်မှ။အညာ၊တပါးသော။ သန္တိ၊သင်္ခါရတရားတို့၏ ငြိမ်းခြင်းသည်။ ယတော၊ အကြင်ကြောင့်။ နစအတ္ထိ၊ မရှိသည်သာ တည်း။ တံ၊ ထိုနိဗ္ဗာန်သည်။ နသန္တံ၊သင်္ခါရတရားတို့၏ ငြိမ်းရာမဟုတ် သည်။နစဟောတိ၊မဖြစ်။တတော၊ထို့ကြောင့်။သန္တဘာဝနိယာမေန၊ ငြိမ်းသည်၏ အဖြစ်၏ မြဲသောအားဖြင့်။ ဣဒံ၊ ဤနိဗ္ဗာန်ကို။ သစ္စံ၊ သစ္စာ ဟူ၍။မတံ၊သိအပ်၏။

## မဂ္ဂသစ္စာမည်ပုံကိုပြဆိုခြင်း။

မှ....အဘယ်ကြောင့် "မဂ္ဂ" မည်သနည်းဟုမေး။

ဖြေ...(ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း ဖြစ် သောကြောင့် "မဂ္ဂ" မည်၏ဟုဖြေ။) ။(ကျယ်အံ့စိုး၍ အမျိုး မျိုးမရေးတော့ပြီ။)

မှ....အဘယ်ကြောင့် "မဂ္ဂသစ္စာ" မည်သနည်းဟုမေး။

ဖြေ…။နိဗ္ဗာန်သို့ ရောက်ကြောင်း၏ အဖြစ်သည်ပင်, မဘောက်ပြန် မှန် ကန်သော အနက် သဘောကြောင့် "မဂ္ဂသစ္စာ" မည်၏ ဟုဖြေ။

ဖြေ…။မဂ်မှတပါးနိဗ္ဗာန်သို့ ရောက်ကြောင်း မည်သည့်မရှိ၊မဂ်သည် ဝဋ်ဆင်းရဲမှ မထွက်မြောက်တတ်သည် ဟူ၍လည်းမရှိ။ဤသို့ မဂ်၏ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သဘော,ဝဋ်ဆင်းရဲ မှထွက်မြောက်စေတတ်သော သဘောသည် မြဲသောကြောင့် "မဂ္ဂသစ္စာ" မည်၏ ဟူ၍လည်း တနည်းဖြေ။

ဤကား….မဂ္ဂါ အညံ နနိယျာနံ၊အနိယျာနော နစာပိ သော။
တစ္ဆနိယျာနဘာဝတ္တာ၊ ဣတိ သော သစ္စသမ္မတော။ ။
ဟူသော အဋ္ဌကထာနှင့် အညီတည်း။

မဂ္ဂါ၊ အရိယာမဂ်မှ။ အညံ၊ တပါးသော။ နိယျာနံ၊ နိဗ္ဗာန်သို့ဆောင် တတ်သော တရားသည်။ ယတော၊ အကြင့်ကြောင့်။ နတ္ထိ၊ မရှိ။ သော မဂ္ဂေါ၊ထိုမဂ်သည်။အနိယျာနော၊ဝဋ်ဆင်းရဲမှမထွက်မြောက်စေတတ် သည်။ နစာပိဟောတိ၊ ဖြစ်လည်းမဖြစ်။ ဣတိတသ္မာတစ္ဆနိယျာနဘာ ဝတ္တာ၊ ဤသို့ မှန်ကန်သော သဘော၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေ တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ သောမဂ္ဂေါ၊ ထိုမဂ်ကို။ သစ္စသမ္မတော၊သစ္စာဟုသမုတ်အပ်၏။

## သစ္စာကိုလေးပါးအတိုင်းအရှည်အားဖြင့်ဟောပုံကိုပြခြင်း။

မေး….အဘယ်ကြောင့် သစ္စာကိုလေးပါးသာ ဟောတော်မူသနည်း ဟုမေး။

ဖြေ…။သစ္စာသည် လေးပါးသာ ဖြစ်သင့်သောကြောင့် လေးပါး အပြားအားဖြင့်ဟောတော်မူ၏ဟုဖြေ။

ဤကား …. အညဿာသမ္ဘဝတော ဣတရဿစ အနပနေယျ ဘာဝတော=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ကသ္မာ၊ အဘယ်ကြောင့် သစ္စာကို လေးပါးသာ ဟောတော်မူပါ သနည်း။ အညဿ၊ လေးပါးမှတပါးသောသစ္စာ၏။ အသမ္ဘဝတော၊ မဖြစ်သင့် သောကြောင့်ရင်း။ ဣတရဿ၊ ဤလေးပါးမှ တပါးသော

သစ္စာ၏။ အနုပနေယျဘာဝတော၊ မပယ်အပ်သည့်၏အဖြစ်ကြောင့် ပင်းတည်း။ ။

ဝ ..(သံသရာ ဝဋ်ဆင်းရဲ၌ ဖြစ်ခြင်း ထိုသံသရာ ဝဋ်ဆင်းရဲ၌ဖြစ်ခြင်းအကြောင်း သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ထိုသံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏ အကြောင်းတို့၏ လေးပါးမျှ အတိုင်းအရှည်ရှိသောကြောင့် လေးပါးသာ ဟောတော်မူ၏ဟူ၍လည်းတနည်းဖြေ။)

**ဤကား**.... ဉာတိ ပဝတ္တိ နိဝတ္တိ တဒုဘယဟေတူနံ ဧတပ္ပရမတော စတ္တာရောဝ ဝုတ္တာနိ= ဟူသော အဋ္ဌကထာနှင့် အညီ တည်း။

ဉာတိ၊ ဤသို့။ ပဝတ္တိနိဝတ္တိတဒုဘယဟေတူနံ၊ ဝဋ်ဆင်းရဲ၌ ဖြစ်ခြင်း, နစ်ခြင်း, ထိုဝဋ်ဆင်းရဲ၌ ဖြစ်ခြင်း–နစ်ခြင်းနှစ်ပါးတို့၏အကြောင်းတို့၏။ ဧတပ္ပရမတော၊ ထိုလေးပါးမျှ အတိုင်းအရှည်ရှိသည့်၏ အဖြစ်ကြောင့်။ စတ္တာရောဝ၊ လေးပါးတို့ကိုသာလျှင်။ ဝုတ္တာနိ၊ ဟောတော်မူ အပ်ကုန်၏။ ။

ဝ....(ပိုင်းခြား၍ သိအပ်,ပယ်အပ်,မျက်မှောက်ပြုအပ်,ပွါးများအပ်သည့်တို့၏အစွမ်းကြောင့် လေးပါးသာ ဟောတော်မူ၏ ဟူ၍ လည်းတနည်းဖြေ။)

ဝ ...(တဏှာ, ထိုတဏှာ၏ အာရုံ, တဏှာ၏ ချုပ်ရာ ငြိမ်းရာ, တဏှာ၏ ချုပ်ငြိမ်းရာ သို့ရောက်ကြောင်း တရားတို့၏အစွမ်းကြောင့် လေးပါးသာဟောတော်မူ၏ဟူ၍လည်းတနည်းဖြေ။)

**သစ္စာလေးပါးကိုဒေသနက္ကမအားဖြင့်ဟောပုံ။**

မှ ...ဒုက္ခသစ္စာကို အဘယ်ကြောင့် ရှေးဦးစွာ ဟောပါသနည်းဟု မေး။

ဝ....(လေးပါးသောသစ္စာတို့တွင် ဒုက္ခသစ္စာသည် ရုန့်ရင်းသည့်၏ အဖြစ်ကြောင့်၎င်း, အလုံးစုံသောသတ္တဝါတို့နှင့်ဆက်ဆံသည့်၏ အဖြစ်ကြောင့်၎င်း, သိလွယ်ရကား ရှေးဦးစွာဟောတော်မူ၏ဟုဖြေ။)

**ဤကား**....ဧတ္တေစ ဩဠာရိကတ္တာ, သဗ္ဗသတ္တ သာဓာရဏတ္တာစ· သုဝိညေယျတ္တာ ဒုက္ခသစ္စံ ပဌမံ ဝုတ္တံ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္တေ၊ဤသစ္စာလေးပါးတို့တွင်။ဩဠာရိကတ္တာစ၊ ရုန့်ရင်းသည်၏ အဖြစ်ကြောင့်၎င်း။ သဗ္ဗသတ္တသာဓာရဏတ္တာစ၊ အလုံးစုံသော သတ္တဝါတို့နှင့်ဆက်ဆံသည်၏ အဖြစ်ကြောင့်၎င်း။သုဝိညေယျ၊ သိလွယ်၏။ ဣတိ၊ ထို့ကြောင့်၊ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပဌမံ၊ ရှေးဦးစွာ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**မေး**....ဒုက္ခသစ္စာ၏ အခြားမဲ့၌ အဘယ်ကြောင့် "သမုဒယသစ္စာ" ကိုဟောတော်မူသနည်းဟုမေး။

**ဖြေ**....ဒုက္ခသစ္စာ၏ အကြောင်းကို ပြလိုသောကြောင့် ဒုက္ခသစ္စာ၏ အခြားမဲ့၌ "သမုဒယသစ္စာ" ကိုဟောတော်မူ၏ဟုဖြေ။

**ဤကား** .... တဿေဝ ဟေတုဒဿနတ္ထံ တဒနန္တရံ သမုဒယ သစ္စံ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

တဿေဝ၊ ထိုဒုက္ခသစ္စာ၏သာလျှင်။ဟေတုဒဿနတ္ထံ၊အကြောင်းကိုပြခြင်းအကျိုးငှါ။ တဒနန္တရံ၊ ထိုဒုက္ခသစ္စာ၏ အခြားမဲ့၌။ သမုဒယသစ္စံ၊ ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**မေး**.... သမုဒယသစ္စာနောင် အဘယ်ကြောင့် "နိရောဓသစ္စာ" ကို။ ဟောတော်မူသနည်းဟုမေး။

**ဖြေ**....အကြောင်း၏ ချုပ်ခြင်းကြောင့် အကျိုးတရားသည် ချုပ်၏ ဟုသိစေခြင်းအကျိုးငှါ သမုဒယသစ္စာနောင် "နိရောဓသစ္စာ" ကို ဟောတော်မူ၏ဟုဖြေ။

**ဤကား**....ဟေတုနိရောဓာ ဖလနိရောဓောတိ ဉာပနတ္ထံ တဒေါ နိရောဓသစ္စံ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဟေတုနိရောဓာ၊ အကြောင်း၏ချုပ်ခြင်းကြောင့်။ ဖလနိရောဓော၊ အကျိုး၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဉာပနတ္ထံ၊သိစေခြင်း အကျိုးငှါ။ တဒေါ၊ ထိုသမုဒယ သစ္စာနောင်မှ။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**မေး** ... အဘယ် ကြောင့် "မဂ္ဂသစ္စာ" ကို အဆုံး၌ ဟောတော်မူသနည်းဟုမေး။

**၉....**နိရောဓသစ္စာကို သိရခြင်း၏ အကြောင်းကို ပြခြင်းအကျိုးငှါ အဆုံး၌ဟောတော်မူ၏ဟုဖြေ။

**ဤကား**....တဒဝိဂမုပါယ ဒဿနဤွံ အန္တေ မဂ္ဂသစ္စံ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။

တဒဓိဂမုပါယဒဿနတ္ထံ၊ထိုနိရောဓသစ္စာကိုသိရခြင်း၏အကြောင်းကိုပြခြင်းငှါ။ အန္တေ၊ အဆုံး၌။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဝုတ္တံ၊ ဟော တော်မူအပ်၏။

**တနည်းကား။**

၁....ဘဝ သုံးပါး၌ သာယာတတ် ကုန်သော သတ္တဝါ တို့အား သံဝေဂကိုဖြစ်စေခြင်းအကျိုးငှါ ဒုက္ခသစ္စာကိုရှေးဦးစွာဟော တော်မူ၏။

၂....ဒုက္ခသစ္စာသည် သမုဒယသစ္စာကြောင့်ဖြစ်၏ဟု သိစေခြင်း အကျိုးငှါ ဒုက္ခသစ္စာ၏ အခြားမဲ့၌ သမုဒယ သစ္စာကို ဟော တော်မူ၏။

၃....ဒုက္ခမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို ရှာမှီးကုန်သော သတ္တဝါ တို့အား ဒုက္ခမှ ထွက်မြောက် ရာကို ပြသဖြင့် ဝမ်း မြောက်ခြင်းကို ဖြစ်စေခြင်းအကျိုးငှါ နိရောဓသစ္စာကို ဟော တော်မူ၏။

၄....နိရောဓသစ္စာကို သိစေခြင်းငှါ နိရောဓသစ္စာနောင် နိရောဓ သစ္စာသို့ ရောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာကို ဟောတော် မူ၏။

**ဤကား** ... ဘဝသုခဿာဒဂဓိတာနံဝါ သတ္တာနံ သံဝေဂဇနနတ္ထံ ပထမံ ဒုက္ခမာဟ။ တ္တတောပန ဟောတီတိ ဉာပနတ္ထံ တဒနန္တရံ သမုဒယံ၊ ဒုက္ခနိဿရဏဂဝေသိနံ နိဿရဏဒဿနေန အဿာသဇနနတ္ထံ နိရောဓံ၊ တတော နိရောဓာဓိဂမတ္ထံ နိရောဓသမ္ပာပကံ မဂ္ဂံ=ဟူသော အဋ္ဌကထာနှင့် အညီ တည်း။

ဝါ၊ တနည်းကား။ ဘဝသုခဿာဒဂဓိတာနံ၊ ဘဝသုခကိုသာယာ တပ်မက် ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ သံဝေဂဇနနတ္ထံ၊ ထိတ်

လန့်ခြင်းကိုဖြစ်စေခြင်းအကျိုး၌။ ပထမံ၊ ရှေးဦးစွာ။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ အာဟ၊ ဟောတော်မူ၏။ ပန၊ စင်စစ်သော်ကား။ ဧတော၊ ဤသမုဒယ သစ္စာကြောင့်။ ဟောတိ၊ ၏။ ဧတိ၊ သို့၊ ညာပနတ္ထံ၊ သိစေခြင်းအကျိုး၌။ တဒနန္တရံ၊ ထိုဒုက္ခသစ္စာ၏အခြားမဲ့၌။ သမုဒယံ၊ သမုဒယ သစ္စာကို။ အာဟ၊ ဟောတော်မူ၏။ ဒုက္ခနိဿရဏဂဝေသိနံ၊ ဒုက္ခ၏ ထွက်မြောက်ရာကို ရှာကုန်သော သူတို့အား။ နိဿရဏဒဿနေန၊ ထွက်မြောက်ရာကို ပြသဖြင့်။ အဿာသဇနနတ္ထံ၊ သက်သာခြင်းကို ဖြစ်စေခြင်း၌။ နိရောဓံ၊ နိရောဓသစ္စာကို။ အာဟ၊ ၏။ တတော၊ ထိုနောင်မှ။ နိရောဓာဓိဂမတ္ထံ၊ နိရောဓကို ရခြင်း၌။ နိရောဓသမ္ပာပကံ၊ နိရောဓသို့ ရောက်စေတတ်သော။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ အာဟ၊ ဟောတော်မူ၏။

**အထူးကား**...သစ္စာလေးပါးကို သိသော ဉာဏ်သည် အနုဗောဓဟုဆိုအပ်သော လောကီဉာဏ်, ပဋိဝေဓဟုဆိုအပ်သော လောကုတ္တရာဉာဏ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဒုက္ခသစ္စာကို သိသော လောကီဉာဏ်သည် သက္ကာယဒိဋ္ဌိကို နှစ်စေနိုင်၏။.... သမုဒယသစ္စာကို သိသော လောကီဉာဏ်သည် ဥစ္ဆေဒဒိဋ္ဌိကို နှစ်စေနိုင်၏။ နိရောဓသစ္စာကိုသိသော လောကီဉာဏ်သည် သဿတဒိဋ္ဌိကိုနှစ်စေနိုင်၏။... မဂ္ဂသစ္စာကိုသိသော လောကီဉာဏ်သည် အကြိယဒိဋ္ဌိကို နှစ်စေနိုင်၏ဟုမှတ်။

### သစ္စာလေးပါးကိုဥပမာအားဖြင့်မှတ်ရန်ကိုပြဆိုခြင်း။

၁ ...ဒုက္ခသစ္စာသည်ဝန်ထုပ်နှင့်တူ၏။
၂....သမုဒယ သစ္စာသည် ဝန်ထုပ်ကို ထမ်းဆောင်သော သူနှင့် တူ၏။
၃....နိရောဓသစ္စာသည် ဝန်ထုပ်ကိုချထားသည်နှင့်တူ၏။
၄....မဂ္ဂသစ္စာသည် ဝန်ထုပ်ကို ချထားခြင်းအကြောင်းနှင့် တူ၏။

### တနည်းကား။

၁....ဒုက္ခသစ္စာသည် အနာရောဂါနှင့်တူ၏။
၂....သမုဒယသစ္စာသည် ရောဂါဖြစ်ကြောင်း မသင့်သော ဘောဇဉ်နှင့်တူ၏။

၃….နိရောဓသစ္စာသည် အနာရောဂါ ငြိမ်းခြင်းနှင့်တူ၏။
၄….မဂ္ဂသစ္စာသည် ရောဂါငြိမ်းကြောင်း ဆေးနှင့်တူ၏။

**တနည်းကား။**

၁ .. ဒုက္ခသစ္စာသည် ဝတ်မွတ်ခြင်းနှင့်တူ၏။
၂….သမုဒယသစ္စာသည် မိုးခေါင်ခြင်းနှင့်တူ၏။
၃….နိရောဓသစ္စာသည် ဝပြောစည်ပင်ခြင်းနှင့်တူ၏။
၄….မဂ္ဂသစ္စာသည် မိုးကောင်းခြင်းနှင့်တူ၏။

**သစ္စာကိုသုဒ္ဓ မိဿက–စသည်ခွဲပုံကား။**

ဒုက္ခသစ္စာ မဂ္ဂသစ္စာ နှစ်ပါးသည် မိဿကသစ္စာမည်၏။ သမုဒယသစ္စာ နိရောဓသစ္စာ နှစ်ပါးသည် သုဒ္ဓသစ္စာ မည်၏။ ဤသို့လျှင် သုဒ္ဓသစ္စာနှစ်ပါး မိဿကသစ္စာနှစ်ပါးအားဖြင့် လေးပါးဖြစ်သတည်း။

**တနည်း**…. သမုဒယ နိရောဓ မဂ္ဂသစ္စာ သုံးပါးသည် နာမ်သစ္စာမည်၏။ ဒုက္ခသစ္စာသည် ရုပ်နာမ်နှစ်ပါး ရောသောသစ္စာမည်၏။ ဤသို့လျှင် လေးပါး ဖြစ်သတည်း။

**တနည်း**….ဒုက္ခ သမုဒယသစ္စာ နှစ်ပါးသည် လောကီသစ္စာ မည်၏။ နိရောဓ မဂ္ဂသစ္စာ နှစ်ပါးသည် လောကုတ္တရာ သစ္စာမည်၏။ ဤသို့လျှင် လေးပါး ဖြစ်သတည်း။

**တနည်း**….ဒုက္ခ နိရောဓသစ္စာ နှစ်ပါးသည် အကျိုးသစ္စာ မည်၏။ သမုဒယ မဂ္ဂသစ္စာ နှစ်ပါးသည် အကြောင်း သစ္စာ မည်၏။ ဤသို့လျှင် လေးပါး ဖြစ်သတည်း။

**မဂ်ဗိုဓိပက္ခိယဓမ္မ–ဗောဓိပက္ခိယဓမ္မတို့ကို ခွဲခြမ်း၍ ပြဆိုခြင်း။**

မဂ်ဗိုဓိပက္ခိယ (၂၉) ခုဟူသည်–မဂ်စိတ်၌ ယှဉ်သော စေတသိက် (၃၆) ခု တို့တွင်–သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးကို ကြည့်သော်–နှစ်ဆဲ့ ရှစ်ခုကျန်၏၊ ထို (၂၈) ခုတည်းသို့ မဂ်စိတ်လေးခုကို အာရမဏာဓိပတိ နနအားဖြင့် တူသောကြောင့် တခုတည်းပြု၍ ထည့်သော် (၂၉) ခုဖြစ်သတည်း။

ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ခုဟူသည်–ဖိုလ်စိတ်၌ ယှဉ်သော စေတသိက် (၃၆) ခု၊ဖိုလ်စိတ်လေးခုကို ရေးနည်းအတူ တခုတည်းပြု၍ ပေါင်းစပ်သော် (၃၇) ခုဖြစ်သတည်း။

**အထူးကား**....စတုသစ္စဝိနိမုတ္တော ဥေယျောနာမနတ္ထိ=ဟူ၍ငင်း။ ဘဂဝတော ဝစနံ သစ္စဝိနိမုတ္တံ နတ္ထိ=ဟူ၍ငင်း။ အဋ္ဌကထာဋီကာတို့ မိန့်မှာသည်နှင့်အညီ မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့သည် သစ္စာလေးပါးမှ မလွတ်သင့် သစ္စဝိမုတ် မထုတ်သင့်သည် မဟုတ်ပါလောဟု မေးသင့်၏။

ငင်းအဋ္ဌကထာဋီကာတို့ ဆိုသောစကားသည်–ပရိယာယ်စကား-အခုချ စကားမျှသာ ဖြစ်၏၊ နိပ္ပရိယာယ မုချ အားဖြင့်ကား လွတ်သင့်သောကြောင့်–သစ္စဝိမုတ်ထုတ်ရ၏ဟု ဖြေသင့်၏။

## ပရိယာယကထာအားဖြင့် မလွတ်ပုံကား။

ဖိုလ် စိတ္တုပ္ပါဒ် (၃၇) ခုတို့တွင်– သမ္မာဒိဋ္ဌိ အစရှိသော ရှစ်ပါးကို အညာတာဝိတိန္ဒြိယနိဒ္ဒေသ၌ "မဂ္ဂင်္ဂံ မဂ္ဂ ပရိယာပန္နံ" ဟုဟောတော်မူသောကြောင့် မဂ္ဂသစ္စာသို့ သွင်းရ၏။....ကြွင်းသော ဖိုလ်စိတ္တုပ္ပါဒ် (၂၉) ခု၊မဂ်စိတ္တုပ္ပါဒ် (၂၉) ခုတို့ကို သာသဝရဒုက္ခ သစ္စာအဖြစ်ဖြင့် တူသောကြောင့် ဒုက္ခသစ္စာသို့သွင်းရ၏။ ဤသို့မဂ္ဂသစ္စာ-ဒုက္ခနှစ်ပါးတို့၌ သွင်း၍ယူရသောကြောင့် ပရိယာယကထာအားဖြင့် သစ္စာလေးပါးမှ မလွတ်ဟု မိန့်ဆိုကြ၏ဟူလို။

**ဤကား**....ဧတေ စတုဟိ သစ္စေဟိ ဝိနိဿဋ္ဌာ ဝိနိဂ္ဂတာ နိပ္ပရိယာယတော၊ပရိယာယတော ပန အညာတာဝိန္ဒြိယနိဒ္ဒေသေပိ မဂ္ဂင်္ဂံမဂ္ဂပရိယာပန္နန္တိ ဝုတ္တတ္တာ ဖလဋ္ဌမေ္ဘသု သမ္မာဒိဋ္ဌိအာဒိနံ မဂ္ဂသစ္စေ၊ဣတရေသဉ္စ မဂ္ဂဖလသမ္ပယုတ္တာနံ သင်္ခါရဒုက္ခန္တ ဒုက္ခ သာမညေန ဒုက္ခသစ္စေ သင်္ဂဟော သက္ကာ ကာတုံ=ဟူသော ဝိဘာဝိနီဋီကာနှင့်အညီတည်း။

ဧတေ၊ထိုမဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့သည်။ နိပ္ပရိယာယတော၊ မုချအားဖြင့်။စတုဟိသစ္စေဟိ၊ လေးပါးကုန်သော သစ္စာတို့မှ။ ဝိနိဿဋ္ဌာ၊လွတ်ကုန်၏။ဝိနိဂ္ဂတာ၊ထွက်ကုန်၏။ပန၊မုချမှတပါး–ဥပစာကို ဆိုဦးအံ့။ပရိယာယတော၊ပရိယာယ်အားဖြင့်။အညာတာဝိန္ဒြိယနိဒ္ဒေသေပိ၊

အညာတာဝိန္နိယနိဒ္ဒေသ၌လည်း။မဂ္ဂင်္ဂံမဂ္ဂပရိယာပန္နန္တိ၊မဂ္ဂင်္ဂံမဂ္ဂပရိယာပန္နံ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။ ဖလဓမ္မေသု၊ ဖိုလ်တရားတို့၌။ သမ္မာဒိဋ္ဌိအာဒီနံ၊ သမ္မာဒိဋ္ဌိအစရှိသည်တို့၏။ သင်္ဂဟော၊ ရေတွက်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊တတ်ကောင်း၏။ဇာတရေသဥ္စ၊သမ္မာဒိဋ္ဌိစသည်မှတပါးလည်းဖြစ်ကုန်သော။မဂ္ဂဖလသမ္ပယုတ္တာနံ၊မဂ်ဖိုလ်နှင့်ယှဉ်ကုန်သော တရားတို့၏။ သင်္ခါရက္ခန္ဓ သာမညေန၊ သင်္ခါရက္ခန္ဓာ၏ အဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့်။ ဒုက္ခသစ္စေ၊ ဒုက္ခသစ္စာ၌။ သင်္ဂဟော၊ ရေတွက်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊၏။

ဝိဘင်းအဋ္ဌကထာ၌ကား .... ဘထာ ပိဋ္ဌနံပန မဂ္ဂဖလာနံပိ အတ္ထိ၊ တသ္မာ ဧတေဓမ္မာ ဒုက္ခသစ္စပရိယာပန္နတ္တေန သင်္ခါရဒုက္ခံ နာမာတိ ဝေဒိတဗ္ဗာ=ဟု မိန့်တော်မူပြီ။

တထာပိဋ္ဌနံပန၊ ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် နှိပ်စက်ခြင်းသည်ကား။ မဂ္ဂဖလာနံပိ၊ မဂ်ဖိုလ်တို့အားလည်း။ ယသ္မာ၊ အကြင်ကြောင့်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဧတေဓမ္မာ၊ထိုမဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့ကို။ဒုက္ခသစ္စပရိယာပန္နတ္တေန၊ဒုက္ခသစ္စာ၌ အကျုံးဝင်သည်၏အဖြစ်ဖြင့်။ သင်္ခါရဒုက္ခံနာမာတိ၊ သင်္ခါရဒုက္ခမည်၏ဟူ၍။ ဝေဒိတဗ္ဗာ၊ကုန်၏။

ဤစကားရပ်ဖြင့်-မဂ်စိတ္တုပ္ပါဒ်-ဖိုလ်စိတ္တုပ္ပါဒ်တို့ကို ဖြစ်ခြင်း ပျက်ခြင်းသဘောမျိုးမကင်းရကား သင်္ခါရဒုက္ခ၌ အကျုံးဝင်သောကြောင့် ဒုက္ခသစ္စာတည်းဟုသွင်း၍ ရေတွက်ရမည်ဟူလို။

သစ္စာ၌ဆိုရန်စကားရပ်ပြီး၏။
အဓိပ္ပါယ်ကိုပြဆိုသောအခဏ်းပြီး၏။
မာတိကာအပျိုးအဓိပ္ပါယ်ပြီးပြီ။

**မာတိကာဟောရိုးစဉ်ပုံကို အကျဉ်းပြဆိုချက်။**

မာတရံ ပမုခံ ကတွာ၊တဿာ ပဉ္စာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ဒေဝါနံ သမ္ပဝတ္တယီ။ ။

ဟူသော အဋ္ဌကထာ ဆရာမြတ် မိန့်အပ်သည်နှင့်အညီ မယ်တော် ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကိုအမှူးထား၍ ဘုံ သောင်းသော

စကြဝဠာတိုက်တို့မှ စည်းဝေး ရောက်လာကြ ကုန်သော နတ်ပြဟ္မာ အပေါင်းတို့အား သတ္တိသုံးပါးရှိသော သဗ္ဗညုတဉာဏ်၏ အစွမ်းအား ဖြင့် ဟောကြားတော် မူအပ်သော အဘိဓမ္မာဒေသနာတော်မြတ်သည်- အဓိဂမနိဒါန်း, ဒေသနာနိဒါန်း နှစ်ပါးနှင့် ပြည့်စုံ၏။....တနည်းကား- ဒူရေနိဒါန်း,အဝိဒူရေနိဒါန်း,သန္တိကေနိဒါန်း သုံးပါးနှင့်လည်း ပြည့်စုံ ၏။ထိုနိဒါန်းနှစ်ပါး-သုံးပါးနှင့် ပြည့်စုံသော အဘိဓမ္မာ ဒေသနာတော် မြတ်သည်-ပကရဏ ပရိစ္ဆေဒ အားဖြင့်-ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတု ကထာ,ပုဂ္ဂလပညတ်,ကထာဝတ္ထု,ယမိုက်,ပဋ္ဌာန်းအားဖြင့် ခုနစ်ကျမ်း အပြားရှိ၏။ထိုခုနစ်ကျမ်းတို့တွင်-ဓမ္မသင်္ဂဏီကျမ်းကို ရှေးဦးစွာဟော တော်မူ၏။ထိုဓမ္မသင်္ဂဏီကျမ်းသည်လည်း....

စိတ္တုပ္ပါဒ ကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပ ကဏ္ဍ, အဋ္ဌကထာ ကဏ္ဍ အားဖြင့် .... .... .... .... .... ၄ ပါး။

မာတိကာ,ပဒဘာဇနီယအားဖြင့်.... .... ၂ ပါး။

တိကမာတိကာ,ဒုကမာတိကာအားဖြင့်.... ၂ ပါး။

ကုသလတိက်အစရှိသောအားဖြင့်.... .... ၂၂ ပါး။

ပထမပဒ,ဒုတိယပဒ,တတိယပဒအားဖြင့် .... ၃ ပါး။

**ယောဇနာပကာသနီကာ။**

(ပ)....ကုသလာဓမ္မာ။ (ဒု)....အကုသလာဓမ္မာ။(တ)....အဗျာက တာဓမ္မာ=ဟူသည်တည်း၊

(ပ)....ကုသလာ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ၊ အပြစ်မရှိခြင်း ကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော။ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊သတ္တလည်းမဟုတ်-ဇီဝလည်းမဟုတ် ကုန်သော တရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

(ဒု)....အကုသလာသာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊အပြစ်နှင့်တကွ ဖြစ်ခြင်း မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိကုန် သော။ဓမ္မာ၊-တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

(တ)....အဗျာကတာ- ကုသလာကုသလဘာဝေန အကထိတာ အညဘာဝေနကထိတာ။ကုသိုလ်-အကုသိုလ်တို့၏အဖြစ်အား ဖြင့်ကား မဟောကြားအပ်ကုန်, တပါးသော အဖြစ်အားဖြင့်

သာ ဟောကြား အပ်ကုန်သော။ ဓမ္မာ၊– တို့သည် သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

(ပ)....အရကား– ကုသိုလ်ဇောဝိသ၊ စေတသိက် အဋ္ဌတိံသရ၏။....၄– ၂– ၂– ၂။

(ဒ)....အရကား–အကုသိုလ်စိတ်ဒွါဒသ၊ စေ–သတ္တဝိသရ၏။....၄– ၂– ၂– ၂။

(တ)....အရကား– ဝိပါက်ဓိတ်ဆတ္တိံသ, ကြိယာစိတ်ဝိသ၊ စေ–အဋ္ဌတိံသ၊ရုပ်အဋ္ဌဝိသ၊နိဗ္ဗာန်ရ၏။.... ၅–၁ ၂–၁၈– ၂။

ဤကား....ဟောရိုးစဉ်ပုံကိုအကျဉ်းပြဆိုသော စကားရပ်အပြီးတည်း။

---

**ဟောရိုးစဉ်အခ်ပ္ပါယ်ကိုပြဆိုသောအခဏ်း။**

**သဗ္ဗညုတဉာဏ်၏သတ္တိသုံးပါးကိုပြဆိုချက်။**

၁....ဥဒေယျဓမ်တရားငါးပါးတို့ကို သဘောအားလျော်စွာ သိခြင်းငှါ စွမ်းနိုင်သောသတ္တိတပါး။

၂....ဥဒေယျဓမ် တရားတို့၏ ဟောအပ်သော အပြားကို သိခြင်းငှါ စွမ်းနိုင်သောသတ္တိတပါး။

၃....ဝေနေယျတို့၏အာသယအဓိမုတ္တိစသည်ကိုထင်စွာပြခြင်းငှါ စွမ်းနိုင်သောသတ္တိတပါး။

ဤကား သတ္တိသုံးပါးနှင့်စပ်သောစကားရပ်အပြီးတည်း။

**နိဒါန်းနှင့်စပ်သောစကားကိုပြဆိုချက်။**

ပု....အဘယ်ကြောင့် "နိဒါန်း" မည်သနည်းဟုမေး။

**ဝိ**....ဒေသ– ကာလ– ဒေသက– ပရိသတ်တို့၏ အစွမ်း အားဖြင့် မထင်ရှားသောအနက်ကို ထင်ရှားအောင် ပြု၍ ပြတတ်သော ကြောင့် "နိဒါန်း" မည်၏ဟုဖြေ။

**ဤကား**.... နိဒ္ဒါတိ ဒေသကာလာဒိဝသေန အဝိဒိတံ ဝိဒိတံ ကတွာ ဒသေတီတိ နိဒါနံ= ဟူသော သာရတ္ထ- ဝိမတိ စသော ဋီကာကြီးတို့နှင့်အညီတည်း။

ဒေသကာလာဒိဝသေန၊ ဒေသ- ကာလ အစရှိသည့်တို့၏အစွမ်းအားဖြင့်။ အဝိဒိတံ၊ မထင်ရှားသော။ ဒေသနံ၊ ဒေသနာကို။ ဝိဒိတံ၊ ထင်ရှားသည်ကို။ ကတွာ၊ ပြု၍။ နိဒါနံ ဒဿေတိ၊ ပြတတ်၏။ ဣတိ၊ ထိုကြောင့်။ နိဒါနံ၊ နိဒါန်းမည်၏။

## အရကောက်ကား။

ဝိနည်းပါဠိတော်၌ "တေနသမယေန" စသည်ကိုအရကောက်။
သုတ္တန်ပါဠိတော်၌ "ဧကံသမယံ" စသည်ကိုအရကောက်။
အဘိဓမ္မာ၌ "မဟာဗောဓိပင်"ကိုအရကောက်ရမည်။.... ဤအလိုကား-မဏ္ဍလာရာမဝါသီတိဿဘူတိထေရ်၏အလိုတည်း။

**ဤကား**.... မဟာဗောဓိနိဒါနေ ဝေသ အဘိဓမ္မော နာမ = ဟူသော ဓမ္မသင်္ဂဟ် အဋ္ဌကထာနှင့်အညီတည်း။

ဧသ- ဧသောအဘိဓမ္မောနာမ၊ ဤအဘိဓမ္မာမည်သည်။ မဟာဗောဓိနိဒါနော၊ မဟာဗောဓိပင်လျှင်နိဒါန်းရှိ၏။

**အဓိပ္ပါယ်** ...အကြင်အဘိဓမ္မာ၌။ ဝါ၊ အကြင်ပါဠိ အကြင်ကျမ်း၌ ခန္ဓာ- အာယတန- ဓာတ် စသည်တို့ကို မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် အထူးထူး အပြားပြားဝေဘန်၍ ဟောကြားအပ်ကုန်၏၊ ထိုဓမ္မသည် အဘိဓမ္မမည်၏။ ဝါ၊ လွန်ကဲသောဓမ္မမည်၏။ ထိုကြောင့် အဘိဓမ္မာ နိဒါန်းကား အသီးအခြားမရှိ၊ ခန္ဓာ- အာယတန- ဓာတ် စသည်တို့ကို အကြွင်းမဲ့ သိရာဖြစ်သော ညောင်ဗုဒ္ဓဟောပင်သည်ပင် အဘိဓမ္မာ၏နိဒါန်းမည်၏ဟူလို။

**တနည်း**....များစွာသောသုတ်တို့၌-ဧကံသမယံ ဘဂဝါဒေဝေသု ဝိဟရတိ တာဝတိံသေသုပါရိဆတ္တကမူလေ ပဏ္ဍုကမ္ဗလသိလာယံ၊ တတြခေါ ဘဂဝါ ဒေဝါနံ တာဝတိံသာနံ အဘိဓမ္မကထံ ကထေသိ=ဟူသော စကားရပ်ကို အဘိဓမ္မာနိဒါန်းဟုကောက်။.... ဤအလိုကား-ဂါမဝါသီသုမဒေဝထေရ်၏အလိုတည်း။

**တနည်း**....များစွာသောသုတ်တို့၌-ဧကံသမယံဘဂဝါရာဇဂဟေ ဝိဟရတိ= ဤသို့ အစရှိသော နည်းဖြင့် နိဒါန်းကို စီရင်အပ်သကဲ့သို့၊ ဤအဘိဓမ္မာ၌ နိဒါန်းကိုစီရင်သင့် သေးလည်း။--သုတ္တနိပါတ် ဓမ္မပဒ

စသည့်တို့၌ နိဒါန်း မရှိသကဲ့သို့။ အဘိဓမ္မာ၌လည်း– ဒေသ- ကာလ စသည့်တို့ကား ထင်ရှားသောကြောင့် နိဒါန်းမရှိဟုမှတ်အပ်၏။

**ဤကား** .. အဘိဓမ္မသ နိဒါနကိစ္စံနာမ နတ္ထိ= ဟူသော အဋ္ဌကထာ။....အညေသံ အဝိသယတ္တာ ဒေသကော ပါကဋော–ပ– ဒေဝ လောကေ ဒေသိတဘာဝဿ ပါကဋတ္တာ၊ ဒေသပရိသာစပါကဋာတိ ကိံ နိဒါနကိစ္စံ သိယာ=ဟူသော မူလဋီကာတို့နှင့်အညီတည်း။....အဋ္ဌကထာနက်လွယ်ပြီ။

အညေသံ၊ တပါးသောသူတို့၏။ အဝိသယတ္တာ၊အရာမဟုတ်သည်၏အဖြစ်ကြောင့်။ဒေသကော၊–သည်။ပါကဋော၊-၏။

ဒေဝလောကေ၊ နတ်ပြည့်၌။ ဒေသိတဘာဝဿ၊ ဟောအပ်သည်၏အဖြစ်၏။ ပါကဋတ္တာ၊ ထင်ရှားသည်၏အဖြစ်ကြောင့်။ဒေသပရိသာ စ၊ ဟောရာအရပ် တရားနာပရိသတ်တို့၏လည်း။ ပါကဋာ၊ ထင်ရှားကုန်၏။ ဣတိ- တသ္မာ၊ ထို့ကြောင့်။ နိဒါနကိစ္စံ၊ နိဒါန်း ကိစ္စသည်။ ကိံ သိယာ၊ အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။ နသိယာဧဝ၊ မဖြစ်သည်သာတည်း။

**ဝ**.... ဖြစ်စေ တတ်သောကြောင့် "နိဒါန်း" မည်၏ ဟူ၍ လည်း တနည်းဖြေ။

နိဒေတိ နိပ္ဖာဒ္ဒေတီတိ နိဒါနံ=ဟု ကတ္တု,ကရဏသာဓ် ဝစနတ်ပြု။....ပါရမီဆယ်ပါး။ ဒေသ-ကာလ-စသည့်ကို အရကောက်လေ။

ဆက်၍ ပြဆိုဦးအံ့-ထိုဖြစ်စေတတ်သော အကြောင်းတရားသည် သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော အဓိဂမကို ဖြစ်စေတတ်သော အကြောင်းတမျိုး, ဒေသနာ ဉာဏ်ကို ဖြစ်စေတတ်သော အကြောင်း တမျိုးအားဖြင့် နှစ်မျိုးပြား၏။

**ဤကား**....အဘိဓမ္မေ ဒွေနိဒါနာနိ အဓိဂမနိဒါနဉ္စ ဒေသနာနိဒါနဉ္စ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

အဘိဓမ္မေ၊ အဘိဓမ္မာ၌၊ နိဒါနာနိ၊ နိဒါန်းတို့သည်။ အဓိဂမနိဒါနဉ္စ၊ အဓိဂမနိဒါန်းလည်း။ ဒေသနာနိဒါနဉ္စ၊ ဒေသနာနိဒါန်းလည်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။

အဓိဂမိယတိ ဉာယတိ ဧတေနာတိ အဓိဂမော၊ အဓိဂမော နိဒါနံ, အဓိဂမဿ နိဒါနံဝါ အဓိဂမနိဒါနံ=ဟုဝစနတ္ထပြု။

အဘိဓမ္မာကို သိခြင်း၏ အကြောင်း ဖြစ်သောကြောင့် သဗ္ဗညုတ ဉာဏ်သည် အဓိဂမမည်၏၊ ထိုအဓိဂမမည်သော သဗ္ဗညုတ ဉာဏ်ကို ဖြစ်စေတတ်သောကြောင့် ပါရမီ, စာဂ, စရိယ တို့သည် အဓိဂမ နိဒါန်းမည်ကုန်၏။....လိုရင်း။

သဗ္ဗညုတဉာဏ်၏ အကြောင်းဖြစ်သော ပါရမီစသည်သည် အဓိဂမနိဒါန်းမည်၏ဟူလို။

ဒေသိယတိ အနေ့ာ ဒေသနာ= ဟူပြ။.... ဒေသနာယနိဒါန် ဒေသနာနိဒါန်=ဟုတွဲစပ်။....ဤအရာ၌ အဘိဓမ္မာကို ဟောခိုက် ဒေသနာဉာဏ်ဟုဆိုအပ်သော သဗ္ဗညုတဉာဏ်သည်ပင် ဒေသနာမည်၏ဟုမှတ်။

**အထူးကား** ...တကောင်တည်းသောနွားကိုပင်အရွယ်အားလျော်စွာအမိကိုရှာလျက်မြည်သောအခိုက်-ဝစ္ဆ၊ နို့ခွဲ၍ဆုံးမလောက်သောအခိုက်-ဒမ္မ၊ အားကိုပွါးစေသောအခိုက်-ဗလိဗဒ္ဒဟုခေါ်သကဲ့သို့ရင်း၊ တယောက်သောသူကိုပင်လျှင် အရွယ်အားလျော်စွာ သေယျ ဒသက စသည်ဖြင့် ဆယ်မျိုးခွဲ၍ဆိုသကဲ့သို့ရင်း၊ တခုတည်းသော သဗ္ဗညုတဉာဏ်ကိုပင် အရာဌာနအားလျော်စွာ-အဓိဂမ,ဒေသနာ,အနာဝရဏ, သမန္တစက္ခု ဉာဏ်ဟု ခေါ်ဆိုအသုံးပြု၏ဟူလို။....ဤနိဒါန်းနှစ်ပါးအရ ပါရမီဆယ်ပါးကိုသာကောက်။

ဒေသကာလစသည်တို့ကိုမကောက်ရဟုမှတ်။

**မကောက်သင့်ကြောင်းကား။**

အဓိဂမ-ဒေသနာ-အရတို့သည် သဗ္ဗညုတဉာဏ်ကို ရသည်ဖြစ်၍ ထိုသဗ္ဗညုတဉာဏ်၏အကြောင်းကို ကာလ စသည်ကိုယူလျှင် ထိုကာလစသည်သည် မြတ်စွာဘုရားမှတပါးသော အရှင်သာရိပုတ္တရာစသောပုဂ္ဂိုလ်တို့၌လည်းရှိသည်ဖြစ်၍ ထိုအရှင်သာရိပုတ္တရာ စသောပုဂ္ဂိုလ် တို့သည် သဗ္ဗညုတဉာဏ်ရှင်တို့ မဟုတ်ကုန် သောကြောင့် ကာလ စသည်ကိုမကောက်သင့်ဟူလို။

**တနည်း**....တတ္ထ အဓိဂမနိဒါန် ဒီပင်္ကရပါဒမူလတော ပဋ္ဌာယ မဟာဗောဓိပလ္လင်္ကာ ဝေဒိတဗ္ဗံ၊ ဒေသနာနိဒါန် ယာဝဓမ္မစက္ကပဝတ္တနာ= ဟူသော ဓမ္မသင်္ဂဟ အဋ္ဌကထာကို ထောက်၍လည်း ပါရမီ

စသည့်ကိုသာ ကောက်ယူ သင့်ကြောင်း ထင်ရှား၏။.... ထင်ရှားပုံ ကာလစသည်ကို အောက်ဝိသတိ ဂါထာ၌ "ဒယာယ-ပ- သမ္ဗဝတ္တယိ" ဟူသော ဂါထာတို့ဖြင့်အဋ္ဌကထာပြသည့်တချက်၊ "ကော်သမယံ ဘဂဝါဒေဝေသု" စသည်ဖြင့် မဟာသမ ဒေဝထေရ် ပြသည့်တချက်၊ ၎င်းနှစ်ချက်တို့ကို ထောက်၍ ဥပက်ရပါဒမူလတော စသော စကားရပ်ကို ပါရမီစသည့်ကိုသာယူသင့်၏ဟု မဏိဒီပဆရာမိန့်ဆို၏။

အနုဋီကာ၌ကား- ဒေသကာလာဒိယော ဒေသနာနိဒါနံ=ဟု မိန့်ဆို၏.... ၎င်းအနုဋီကာ ဆရာ၏ စကားကို-"ဒေသနာနိဒါနံ ဥပက်ရဒသဗလတော ပဋ္ဌာယ ယာဝ ဓမ္မစက္ကပဝတ္တနာ" ဟူသော အဋ္ဌကထာစကားရပ်ကိုထောက်၍ဆင်ခြင်ရန်ရှိ၏ဟုဆိုတော်မူကြ၏။

**အထူးကိုပြဆိုချက်**....သတ္တဝါတို့၏ အဇ္ဈာသယအဓိမုတ္တိစသည် အားလျော်စွာ ဟောတော်မူသောကြောင့် သုတ္တန်၌ ဒေသနာ နိဒါန်း တပါးသာတည်း။ ထိုဒေသနာ နိဒါန်းအရ ကိုလည်း ဒေသ, ကာလ စသည့်ကိုသာယူလေ။

ဝိနည်း၌လည်း ထိုထိုဝတ္ထုကို လွန်ကြူးသောရဟန်းအား- ဝတ္ထု အားလျော်စွာ ဟောတော် မူသောကြောင့် ဒေသနာနိဒါန်းတပါးသာ ဟုမှတ်လေ။

အဘိဓမ္မာ၌ကား- သိအပ်သော အဓိဂမနှင့်ဗ္ဗဓမ္မ, ဟောအပ်သော ဒေသောတဗ္ဗဓမ္မ အားလျော်စွာဟောအပ်သောကြောင့် အဓိဂမ နိဒါန်း, ဒေသနာနိဒါန်းအားဖြင့် နှစ်ပါးပြား၏ဟူလို။

**ဤကား**....အဓိဂနှင့်ဗ္ဗဒေသောတဗ္ဗဓမ္မာနုရူပေန ဒေသိတတ္တာ=ဟူသော မူလဋီကာနှင့်အညီတည်း။

အဓိဂနှင့်ဗ္ဗဒေသောတဗ္ဗဓမ္မာနုရူပေန၊သိအပ်သောတရား ဟောအပ်သော တရားအားလျော်သောအားဖြင့်။ ဒေသိတတ္တာ၊ ဟောအပ်သည်၏အဖြစ်ကြောင့်။ ဒွေ၊ နှစ်ပါးကုန်သော။ နိဒါနာနိ၊ နိဒါန်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**တနည်း**....ဥပက်ရာ မြတ်စွာဘုရား၏ ခြေရင်းတော်မှစ၍- တုသိတာ နတ်ပြည်တိုင်အောင်သောကာလသည် အဘိဓမ္မာ၏ ဝေးသော အကြောင်းဖြစ်သောကြောင့် "ဒူရေနိဒါန်း" မည်၏။

တုသိတာနတ်ပြည်မှစ၍- ဗောဓိမဏ္ဍိုင်တိုင်အောင်သော ကာလသည် အဘိဓမ္မာဒေသနာ၏ မဝေးလွန်းသော အကြောင်း ဖြစ်သောကြောင့် "အဝိဒူရေနိဒါန်း" မည်၏။.... ဤ၌ ကာလဟု ဆိုငြားသော်လည်း ကာလဝန္တဖြစ်သော ပါရမီစာဂစရိယတို့ကိုယူ။

ဧကံသမယံဘဂဝါ-စသောစကားရပ်သည် အဘိဓမ္မာဒေသနာ၏ နီးစွာသောအကြောင်းဖြစ်သောကြောင့် "သန္တိကေနိဒါန်း" မည်၏။

ဤကားနိဒါန်းနှင့်စပ်သောစကားရပ်အပြီးတည်း။

## ကဏ္ဍနှင့်စပ်သောစကားရပ်ကိုပြဆိုချက်။

စိတ်ဖြစ်ပုံကို အကျယ်ဝေဘန်၍ ပြသောအပိုင်းသည် "စိတ္တုပ္ပါဒကဏ္ဍ" မည်၏။ "စိတ္တဝိဘတ္တိ" ဟူ၍လည်းခေါ်၏ဟုမှတ်။

ရုပ်တို့ကိုအကျယ်ဝေဘန်၍ပြသောအပိုင်းသည် "ရူပကဏ္ဍ" မည်၏။ "ရူပဝိဘတ္တိ" ဟူ၍လည်းခေါ်၏ဟုမှတ်။

ကုသိုလ်စသောတရားတို့ကို မူလစသောအားဖြင့် မကျဉ်းမကျယ်ထား၍ ဟောကြားအပ်သော အပိုင်းသည် "နိက္ခေပကဏ္ဍ" မည်၏။ "နိက္ခေပရာသိ" ဟူ၍လည်းခေါ်၏ဟုမှတ်။

ပိဋကတ် သုံးပုံဟု ဆိုအပ်သော မြတ်စွာဘုရား စကား တော်၏ အနက်ကို အကျဉ်းအားဖြင့် ထုတ်၍ထားအပ်သောအပိုင်းသည် "အဋ္ဌကထာကဏ္ဍ" မည်၏။

ဤကားကဏ္ဍနှင့်စပ်သောစကားရပ်အပြီးတည်း။

## မာတိကာနှင့်စပ်သောစကားရပ်ကိုပြဆိုချက်။

ပု ...အဘယ်ကြောင့် "မာတိကာ" မည်သနည်းဟုမေး။

**ဝိ**....အမိနှင့်တူသောကြောင့် "မာတိကာ" မည်၏ဟုဖြေ။

**တူပုံကား** ...အမိသည် သားသမီးတို့ကို ဖြစ်စေသကဲ့သို့၊ ထို့အတူ မာတိကာသည် နိဒ္ဒေသ တို့ကိုဖြစ်စေတတ်၏။ (တနည်း) သားသမီးတို့သည် အမိမှ ဖြစ်ကုန်သကဲ့သို့၊ ထို့အတူ နိဒ္ဒေသတို့သည် ဥဒ္ဒေသဟု ဆိုအပ်သော မာတိကာမှဖြစ်ကုန်၏။ ဤသို့တူ၏ဟုလို။

**ဤကား**....မာတာဝိယာတိ မာတိကာ၊ ယထာပုတ္တာ မာတိတော ပဘာဝန္တိ။ ဧဝံ နိဒ္ဒေသပဒါနိ ဥဒ္ဒေသတော ပဘာဝန္တိ။ တသ္မာ ဥဒ္ဒေသော မာတာဝိယာတိ မာတိကာတိ ဝုစ္စတိ= ဟူသော ဝိနယာလင်္ကာရဋီကာနှင့်အညီတည်း။

မာတာဝိယ၊ အမိနှင့် တူသည်တည်း။ ဣတိ၊ ထို့ကြောင့်။ မာတိကာ၊ မာတိကာမည်၏။ ဟိ၊ ထိုစကားကိုထင်စွာပြဦးအံ့။ ပုတ္တာ၊ သားသမီးတို့သည်။ မာတိတော၊ အမိမှ။ ပဘာဝန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ နိဒ္ဒေသပဒါနိ၊ နိဒ္ဒေသပုဒ်တို့သည်။ ဥဒ္ဒေသတော၊ ဥဒ္ဒေသမှ။ ပဘာဝန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဥဒ္ဒေသော၊ ဥဒ္ဒေသသည်။ မာတာဝိယ၊ အမိနှင့်တူ၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ မာတိကာတိ၊ မာတိကာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**တနည်း** ...အမိသည် သားသမီးတို့ကို ဖြစ်စေသော အရာ၌ တည်သကဲ့သို့၊ ထို့အတူ ဥဒ္ဒေသ သည်လည်း နိဒ္ဒေသကို ဖြစ်စေတတ်သောအရာ၌တည်၏။ ထို့ကြောင့် အမိနှင့်တူ၏ဟူလို။

**ဤကား**... မာတိကာတိ ဥဒ္ဒေသော၊ သောဟိ နိဒ္ဒေသပဒါနံ ဇနနီဌာနေ ဌိတတ္တာ မာတာဝိယာတိ မာတိကာတိ ဝုစ္စတိ=ဟူသော သာရတ္ထဒီပနီဋီကာနှင့်အညီတည်း။

မာတိကာတိ၊ မာတိကာဟူသည်။ ဥဒ္ဒေသော၊ ဥဒ္ဒေသပင်တည်း။ ဟိ၊ ထိုစကားမှန်၏။ သော၊ ထိုဥဒ္ဒေသသည်။ နိဒ္ဒေသပဒါနံ၊ နိဒ္ဒေသပုဒ်တို့ကို။ ဇနနီဌာနေ၊ ဖြစ်စေတတ်သောအရာ၌။ ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ မာတာဝိယ၊ အမိနှင့်တူ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ မာတိကာ၊ မာတိကာမည်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

**ဤအလို** ... ပုတ္တံ မာနေတီတိ မာတာ၊ မာတာဝိယာတိ မာတိကာ=ဟူပြု....မာတိကာဂျမ်းကိုအရကောက်။

**ဝ**....ရေမြောင်းနှင့် တူသောကြောင့် "မာတိကာ" မည်၏ ဟူ၍ လည်းဖြေ။

**တူပုံ**....ရေမြောင်းသည် လယ်ကန်စသည်တို့နှင့် စပ်၍ ဖြစ်သကဲ့သို့၊ မာတိကာသည် နိဒ္ဒေသနှင့်စပ်၍ဖြစ်၏။ ဤသို့တူ၏။

**တနည်း**....ရေမြောင်းသည် လယ်ကန်စသည်သို့ သက်ဝင်သကဲ့သို့၊ မာတိကာသည် အနက်သဘောအားဖြင့် နိဒ္ဒေသသို့ သက်ဝင်၏။ ဤသို့လည်းတူ၏ဟူလို။

**ဤအလို**....ကဿကေဟိ မာနိတဗ္ဗာတိ မာတိကာ= ဟုပြု။.... လယ်သမားတို့သည် မြတ်နိုးအပ်သောရေမြောင်းကိုကောက်။

**တနည်း** .... ကဿကာနံ မတေန ကတ္တဗ္ဗာတိ မာတိကာ= ဟု တနည်းပြု။ လယ်သွမားတို့၏ အလိုအားဖြင့် ပြုအပ်သော ရေမြောင်းကို ကောက်။

မာတိကာဝိယာတိ မာတိကာ=ဟု ဥပမာတဒ္ဓိတ်ပြု။....မာတိကာ ကျမ်းကိုအရကောက်လေ။

ဤကားမာတိကာနှင့်စပ်သောစကားရပ်အပြီးတည်း။

---

**ပဒဘာဇနီ,တိက်,ဒုက် တို့နှင့် စပ်သောစကားရပ်ကိုပြချက်။**

**မု** ...အဘယ်သို့သော ပုဒ်မျိုးသည် "ပဒဘာဇနီ" မည်သနည်းဟု မေး။

**ဖြေ**....အကျယ်ဝေဘန်တတ်သောပုဒ်မျိုးသည် "ပဒဘာဇနီ" မည်၏ဟုဖြေ။

ပဒံ ဘာဇေတီတိ ပဒဘာဇနီ=ဟုဝစနတ္ထပြု။

**အစိပ္ပါယ်ကား**.... ဥဒ္ဒေသ– မာတိကာပုဒ် အပေါင်းကို အကျယ်အားဖြင့် ခွဲခြား ဝေဘန်၍ ပြတတ်သော– ကတမေဓမ္မာ ကုသလာ။ ယသ္မိံ သမယေကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံဟောတိသောမနဿသဟဂတံဉာဏသမ္ပယုတ္တံ–ရူပါရမဏံဝါ။ ပ။ ဓမ္မာရမဏံဝါယံယံဝါ ပနာရဗ္ဘ=စသော နိဒ္ဒေသပုဒ်သည်ပင် ပဒဘာဇနီ မည်၏ဟူလို။

**စကားချုပ်**... အကျယ်ဝေဘန်သော ပုဒ်အပေါင်း၌ ဝေဘန်တတ်သော ကတ္တု သတ္တိပင် မရှိငြား သော်လည်း ဝေဘန် တတ်သော ပုဂ္ဂိုလ်၏ ကတ္တု သတ္တိကို နိဒ္ဒေသပုဒ် အပေါင်း၌ တင်စား၍ ဥပစာ အားဖြင့် ဆို၏ဟုမှတ်။

မု….အဘယ်ကြောင့် "တိက်" မည်သနည်းဟုမေး။

ဝိ….ပရမတ္ထတရားတို့၏ သုံးဖုအပေါင်းဖြစ်သောကြောင့်"တိက်" မည်၏ဟုဖြေ။

**ဤအလို**….တိဏ္ဏံ သမူဟော တိကော=ဟု ဝစနတ္ထပြု။ ကုသလာ ဓမ္မာစသော ပုဒ်သုံးခုအပေါင်းကို အရကောက်။

ပရမတ္ထတရားတို့၏သုံးဖုအပေါင်းဖြစ်သော-ကုသလာဓမ္မာစသော သုံးပုဒ်သုံးပုဒ်အပေါင်းသည် တိက်မည်၏ဟူလို။

တိကောဧဝ မာတိကာ တိကမာတိကာ=ဟု တွဲစပ်။…. တိကဝ သေန ဝုတ္တာ မာတိကာ တိကမာတိကာ=ဟုလည်းတွဲစပ်။

**အဓိပ္ပါယ်**….ပရမတ္ထ တရားတို့ကို သုံးဖုပြု၍ ဟောအပ်သော မာ တိကာဖြစ်သောကြောင့် တိကမာတိကာ မည်၏ဟူလို။

ဒုက်နှင့်စပ်သောစကားရပ်ကိုလည်းတိက်ကိုနည်းမှီး၍သိကြကုန်။ ဒွိန္နံ သမူဟော ဒုကော၊ ဒုကောဧဝ မာတိကာ ဒုကမာတိကာ။…. အထဝါ ဒုကဝသေန ဝုတ္တာ မာတိကာ ဒုကမာတိကာ=ဟု ဝစ နတ္ထပြုလေကုန်။

မု….ဤမာတိကာ နှစ်ပါးသည် အဘယ်ကျမ်း၏ "မာတိကာ" ဖြစ် သနည်းဟုမေး။

ဝိ…."အဘိဓမ္မာ" ခုနစ်ကျမ်း၏ "မာတိကာ" မည်၏ဟုဖြေ။

**ဤကား**….တေသု ခွါဝီသတိတိကာ သတ်ဒုကာတိ အယံ အာဟစ္စ ဘာသိတာ ဇိနဝစနဘူတာ သဗ္ဗညုဗုဒ္ဓေန ဒေသိတာ သတ္တန္နံ ပကရဏာနံ မာတိကာနာမ = ဟူသော အဋ္ဌသာလိနီ အဋ္ဌ ကထာနှင့် အညီတည်း။

တေသု၊ထိုတိက်ဒုက်တို့တွင်။ခွါဝီသတိတိကာသတ်ဒုကာတိအယံ၊ နှစ်ဆဲ့နှစ်ပါးသော တိက်-တရာသော ဒုက်ဟု ဆိုအပ်သော ဤမာတိ ကာသည်။ အာဟစ္စဘာသိတာ၊ မြတ်စွာဘုရားသည် ဌာနကရိုဏ်း တို့ကိုထိစေ၍ ဟောတော်မူအပ်သော။ဇိနဝစနဘူတာ၊မြတ်စွာဘုရား ၏စကားဖြစ်၍ ဖြစ်သော။ သဗ္ဗညုဗုဒ္ဓေန၊ သဗ္ဗညုမြတ်စွာဘုရားသည်။

ဒေသိတာ၊ဟောတော်မူအပ်သော။ သတ္တန္တံ၊ ခုနစ်ပါးကုန်သော။ပကရ ဏာနံ၊ကျမ်းတို့၏။မာတိကာနာမ၊မာတိကာမည်၏။

ဤကား–ပဒဘာဇနီစသည်တို့နှင့်စပ်သောစကားအပြီးတည်း။

**တိက်စသည်ကိုရှေးဦးစွာဟောပုံကိုပြဆိုချက်။**

မှ....တိက်ဒုက်နှစ်ပါးတို့တွင် "တိက်"ကို အဘယ်ကြောင့်ရှေးဦး စွာဟောသနည်းဟုမေး။

ဖြ....ယူလွယ်သောကြောင့်၎င်း,နည်းသောအပြားရှိသောကြောင့် ၎င်း ရှေးဦးစွာဟောတော်မူ၏ဟုဖြေ။

**ဤကား**....သုခဂ္ဂဟဏတော,အပ္ပဘေဒတော စ တိကာဝေ ပဌမံ ဝုတ္တာ=ဟူသော အနုဋီကာနှင့် အညီတည်း။

သုခဂ္ဂဟဏတော စ၊ယူလွယ်သောကြောင့်၎င်း။အပ္ပဘေဒတော စ၊ နည်းသော အပြား ရှိသောကြောင့်၎င်း။ တိကာဝေ၊ တိက်တို့ကို သာ လျှင်။ပဌမံ၊ရှေးဦးစွာ။ဝုတ္တာ၊ဟောတော်မူအပ်ကုန်၏။

**အဓိပ္ပါယ်** .... ဤကား-ကုသိုလ်ပါဠိတ်-ဤကား အကုသိုလ်ပါဠိတ်- ဤကား အဗျာကတပါဠိတ် စသောအားဖြင့်-ပါဠိတ်တို့ကို ခွဲခြမ်းဝေဘန် အပ်သည်ရှိသော် ပါဠိတ်စသော တရားတို့ကို အလွယ်တကူ ယူနိုင်၏ ဟု ဆိုလိုသည်။

မှ....အဘယ်ကြောင့်"ကုသလတိက်"ကို ရှေးဦးစွာဟောသနည်း ဟုမေး။

ဖြ....အလုံးစုံသော ပရမတ္ထတရားတို့ကိုသိမ်းကျုံးမိသောကြောင့် ၎င်း, ကုသိုလ်– အကုသိုလ်– အဗျာကတ တရားတို့၏ မရော ယှက်သောကြောင့်၎င်း,ကုသိုလ်ဟူသောအစ၏ ကောင်းခြင်း နှင့်ယှဉ်သောကြောင့်၎င်း ရှေးဦးစွာဟောတော်မူ၏ဟုဖြေ။

**ဤကား** ...တေသုပန သဗ္ဗသင်္ဂဟ အသင်္ကရ အာဒိကလျာဏ ဘာဝေန ပဌမံ ကုသလတ္တိကံ ဝုတ္တံ=ဟူသော အနုဋီကာနှင့် အညီတည်း။

ပန၊ ဆက်ဦးအံ့။ တေသု၊ ထိုတိက်အပေါင်းတို့တွင်။ သဗ္ဗသင်္ဂဟ- အသင်္ကရ- အာဒိကလျာဏ ဘာဝေန၊ အလုံးစုံကို သိမ်းကျုံး မိခြင်း,

မရောယှက်ခြင်း,အစ၏ကောင်းခြင်းဟု ဆိုအပ်သောအဖြစ်ဖြင့်။ပထမံ၊ ဧှေးဦးစွာ။ကုသလတ္တိကံ၊ကုသလတိက်ကို။ဝုတ္တံ၊ဟောတော်မူအပ်၏။

**အဓိပ္ပါယ်**....ကုသလတိက်ဖြင့် ခွဲခြမ်းဝေဘန် အပ်သည့် ရှိသော် ဝေဒနာတိက် စသည့်တို့ကဲ့သို့ အကြွင်းရှိကုန်သည် မဟုတ်။ အကြွင်း မရှိ၊အလုံးစုံသောရုပ်နာမ်တရားတို့ကို သိမ်းကျုံးမိ၏။ထို့ကြောင့် ဝေဒနာတိက် စသည့်တို့၏ ရှေးဦးစွာ ကုသလတိက်ကို ဟောတော် မူ၏ ဟူလို။

**မု**....ဝိပါကတိက်သံကိလိဋ္ဌတိက် စသည့်တို့လည်း အလုံးစုံသော ပရမတ္ထတရားတို့ကို သိမ်းကျုံးပါလျက် အဘယ်ကြောင့် ရှေး ဦးစွာမဟောသနည်းဟုမေး။

**ဖြေ**....ဝိပါကတိက်သည် အလုံးစုံသော ပရမတ္ထတရားတို့ကို သိမ်း ကျုံးမိသော်လည်း အနဝဇ္ဇဓမ္မနှင့် သာဝဇ္ဇဓမ္မတို့ ရောယှက်၏။ သံကိလိဋ္ဌ တိက်သည်ကား အနဝဇ္ဇ ဓမ္မနှင့် သာဝဇ္ဇ ဓမ္မတို့ မရောယှက် သော်လည်း အာဒိကလျာဏနှင့် မပြည့်စုံ။ ဤသို့ အကြောင်း သုံးပါးနှင့် မပြည့်စုံသောကြောင့် "ဝိပါကတိက်" စသည့်တို့ကို ရှေးဦးစွာ မဟောဟု ဖြေ။ ။(နောက်နောက် သောတိက်တို့ကိုလည်း ဤနည်းမှီး၍သိကြလေကုန်။)

**မု**....အဘယ်ကြောင့် "ကုသလပဒ" ကို ရှေးဦးစွာ ဟောတော် မူသနည်းဟုမေး။

**ဖြေ**....သုခဝိပါကလက္ခဏာရှိ၍မြတ်သောကြောင့်၎င်း,အပြစ်တို့ကို ပယ်ဆီးတတ်၍ ချီးမွမ်းအပ်သောကြောင့်၎င်း,လောကီ လော ကုတ္တရာ စီးပွါးကို ဆောင်တတ် သောကြောင့်၎င်း ရှေးဦးစွာ ဟောတော်မူ၏ဟုဖြေ။

**ဤကား**....ကုသလတ္တိကေပိစ ပဓာန ပါသံသ ဥဘယဟိတဘာဝတော ကုသလာ ဓမ္မာ ပထမံ ဝုတ္တာ=ဟူသော အနုဋီကာနှင့် အညီတည်း။

၈၊ ဆက်၍ဆိုဦးအံ့။ ကုသလတ္တိကေပိ၊ ကုသလတိက်၌လည်း။ ပဓာန-ပါသံသ-ဥဘယဟိတဘာဝတော၊ ပြဓာန်းသည့်၏အဖြစ်, ချီး မွမ်းအပ်သည့်၏အဖြစ်,လောကီ လောကုတ္တရာစီးပွါးရှိသည့်၏ အဖြစ်

ကြောင့်။ ကုသလာဓမ္မာ၊ ကုသိုလ် တရား တို့ကို။ ပထမံ၊ ရှေးဦးစွာ။ ဝုတ္တာ၊ကုန်၏။

**မု**…အဘယ်ကြောင့် ကုသလပဒ၏ အခြားမဲ့၌ "အကုသလပဒ" ကို ဟောတော်မူသနည်းဟုမေး။

**ဝိ**….ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်- ကုသလပဒ၏ အခြားမဲ့၌ "အကုသလပဒ"ကို ဟောတော်မူ၏ဟုဖြေ။

**မု**….အဘယ်ကြောင့် "အဗျာကတ"ကို နောက်ဆုံးထား၍ ဟောတော်မူသနည်းဟုမေး။

**ဝိ**….ထိုကုသိုလ်- အကုသိုလ် နှစ်ပါးတို့မှ ပြန်သော သဘောရှိသောကြောင့် နောက်ဆုံးထား၍ ဟောတော်မူ၏ဟုဖြေ။

**ဤကား**….တပ္ပဋိပက္ခတ္တာ တဒနန္တရံ အကုသလာ၊ တဒုဘယ ဝိပရီတသဘာဝါ တဒနန္တရံ အဗျာကတာ ဝုတ္တာ=ဟူသော အနုဋီကာနှင့် အညီတည်း။

တပ္ပဋိပက္ခတ္တာ၊ ထိုကုသိုလ်၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ တဒနန္တရံ၊ ထိုကုသိုလ်၏ အခြားမဲ့၌။ အကုသလာ၊ အကုသိုလ်တို့ကို။ ဝုတ္တာ၊ ဟောတော် မူအပ် ကုန်၏။ တဒုဘယဝိပရီတ သဘာဝါ၊ ထို ကုသိုလ်-အကုသိုလ် နှစ်ပါးရုံမှ ပြန်သော သဘော ရှိသောကြောင့်။ တဒနန္တရံ၊ထိုကုသိုလ်-အကုသိုလ် နှစ်ပါး၏ အခြားမဲ့၌။ အဗျာကတာ၊ အဗျာကတ တရားတို့ကို။ဝုတ္တာ၊ဟောတော်မူအပ်ကုန်၏။

**ဝိ**….ကုသိုလ်၏ အစွမ်းအားဖြင့် "အဿာဒ" ကို ပြခြင်း၄ါ၊ အကုသိုလ်၏အစွမ်းအားဖြင့်"အာဒီနဝ"ကိုပြခြင်း၄ါ၊အဗျာကတ တရားတို့တွင် နိဗ္ဗာန်၏အစွမ်းအားဖြင့် "နိဿရဏ"ကိုပြခြင်း ၄ါ၊ အဿာဒ စသောအစဉ်အားဖြင့် ကုသလပဒကိုရှေး-အကုသလပဒကို အလယ်-အဗျာကတ ပဒကို နောက်ဆုံး ထား၍ ဟောတော်မူ၏ဟူ၍လည်း တနည်းဖြေ။

**ဤကား** …ကုသလဝသေန အဿာဒေါ အကုသလဝသေန အာဒီနဝေါ အဗျာကတဓမ္မေသု နိဗ္ဗာနဝသေန နိဿရဏန္တိ ဣမိနာ အဿာဒါဒိက္ကမေန=ဟူသော အနုဋီကာနှင့်အညီတည်း။

ကုသလဝသေန၊ကုသိုလ်၏အစွမ်းအားဖြင့်။ အဿာဒေါ၊အဿာဒ တရားကို။ အကုသလဝသေန၊ အကုသိုလ်၏ အစွမ်း အားဖြင့်။ အာဒီ

နဝေါ၊ အပြစ်အာဒီနဝကို။ အဗျာကတာဓမ္မေသု၊ အဗျာကတ ဟရားတို့တွင်။ နိဗ္ဗာနဝသေန၊ နိဗ္ဗာန်၏အစွမ်းအားဖြင့်။ နိဿရဏံ၊ ထွက်မြောက်ခြင်းကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ သို့။ ဣမိနာ အဿာဒါဒိက္ကမေန၊ ဤအဿာဒစသော အစဉ်ဖြင့်။ ထပိတာ၊၏။

**ဝိ** .. ပညာရှိ ပုဂ္ဂိုလ် တို့သည် ကုသိုလ်၌ တည်၍ အကုသိုလ်ကို ပယ်စွန့်လျက် အဗျာကတ ဖြစ်သော မဂ်–ဖိုလ်–နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏၊ ဤသို့ပဋိပတ္တိ အစဉ်အားဖြင့်လည်း ဟောတော်မူ၏ ဟူ၍လည်း တနည်းဖြေ။

**ဤကား**....ကုသလေသု ပတိဋ္ဌာယ ပဏ္ဍိတာ အကုသလေ ပဇဟန္တာ အဗျာကတဓမ္မဘူတမဂ္ဂဖလနိဗ္ဗာနဉ္စ သစ္ဆိကရောန္တိ တိ ဣမိနာဝါ ပဋိပတ္တိက္ကမေန အယမနုပုဗ္ဗီ ထပိတာတိ ဝေဒိတဗ္ဗာ=ဟူသော အနုဋီကာနှင့် အညီတည်း။

ဝါ၊တနည်းကား။ ပဏ္ဍိတာ၊ပညာရှိပုဂ္ဂိုလ်တို့သည်။ ကုသလေသု၊ ကုသိုလ်တို့၌။ ပတိဋ္ဌာယ၊တည်၍။ အကုသလေ၊အကုသိုလ်တို့ကို။ ပဇဟန္တာ၊ ပယ်စွန့် ကုန်လျက်။ အဗျာကတဓမ္မဘူတမဂ္ဂဖလနိဗ္ဗာနဉ္စ၊ အဗျာကတ တရားဖြစ်၍ ဖြစ်သော–မဂ်–ဖိုလ်–နိဗ္ဗာန်ကိုလည်း။ သစ္ဆိကရောန္တိ၊မျက်မှောက်ပြုကုန်၏။ ဣတိဣမိနာပဋိပတ္တိက္ကမေန၊ ဤသို့သောပဋိပတ္တိအစဉ်အားဖြင့်။ အယမနုပုဗ္ဗီ၊ဤဆိုအပ်ပြီးသောအစဉ်ကို။ ထပိတာ၊ထားအပ်၏။ ဣတိ၊သို့။ ဝေဒိတဗ္ဗာ၊သိအပ်၏။

ဤကား ...တိက်စသည်ကိုရှေးဦးစွာဟောပုံအပြီးတည်း။

ဟောရိုးစဉ်အဓိပ္ပါယ်ကို ပြဆိုသောအခဏ်းပြီး၏။

## ကုသလတိက်ကိုပြဆိုသောအခဏ်း။

## ကုသလပုဒ်၌ဝစနတ္ထစသည်ကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "ကုသိုလ်" မည်သနည်းဟုမေး။

**ဝိ**....စက်ဆုပ် ရွံရှာဘွယ်ကောင်းသော အကုသိုလ် တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် "ကုသိုလ်" မည်၏ဟုဖြေ။

ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တိတိ ကုသလာ=ဟုပြု။....ကု-သဒ္ဒါုပပဒ-သလဓာတ်တည်း။.... ကုသိုလ်စိတ်ဇောဝိသာ၊စေတသိက်အဋ္ဌတိံသကိုအရကောက်။

**အထူးကား**....သလယန္တိ စသည်၌ စလယန္တိ စသော နောက် နောက်သောပုဒ်သည် ရှေးရှေးသောပုဒ်၏ အနက်ကို ဖွင့်ပြ၏ဟုမှတ်။

**ဤကား** ...သလယန္တိ။ပ။ ဝိဒ္ဓံသေန္တိတိ ဧတ္ထ ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ အတ္ထဝစနံ=ဟူသော မူလဋီကာနှင့်အညီတည်း။

သလယန္တိ၊ပ။ ဝိဒ္ဓံသေန္တိတိဧတ္ထ၊ဝိဒ္ဓံသေန္တိ ဟူသောပါဌ်၌။ ပစ္ဆိမံ ပစ္ဆိမံ၊နောက်နောက်သောပုဒ်သည်။ပုရိမဿပုရိမဿ၊ရှေးရှေးသော ပုဒ်၏။အတ္ထဝစနံ၊အနက်ကို ဆိုကြောင်းဖြစ်သော ပုဒ်တည်း။

**တနည်း**... စက်ဆုပ် အပ်သော အကုသိုလ် တရားတို့ကို တဒင်္ဂ ပဟာန်ဖြင့် တုန်လှုပ် စေတတ် သောကြောင့် ကုသိုလ် မည်၏။....ဤ ကား မဟာကုသိုလ်ကို ရည်သည်။

**တနည်း**....ဝိက္ခမ္ဘန ပဟာန်ဖြင့် ပြင်းစွာတုန်လှုပ် စေတတ်သော ကြောင့် ကုသိုလ်မည်၏။....ဤကား မဟဂ္ဂုတ်ကုသိုလ်ကိုရည်သည်။

**တနည်း** ...သမုစ္ဆေဒ ပဟာန်ဖြင့် အကြွင်းမဲ့ ဖျက်ဆီးတတ်သော ကြောင့် ကုသိုလ် မည်၏။....ဤကား မဂ်ကုသိုလ်ကို ရည်သည်။.... ဤသို့အသီးအသီး ခွဲခြမ်း၍သော်လည်း ဖြေဆိုလေ။

**ဤကား**....အထဝါ သလနဿ အတ္ထဒီပနာနိ စလနာဒီနိ တီဏိ တဒင်္ဂပဟာနာဒီဟိ ယောဇေတဗ္ဗာနိ= ဟူသော မူလဋီကာ နှင့်အညီတည်း။

အထဝါ၊ဤဆိုလတ္တံ့ သည်ကားနည်းတပါးတည်း။သလနဿ၊သလ ဓာတ်၏။ အတ္ထဒီပနာနိ၊ အနက်ကို ပြတတ်ကုန်သော။ စလနာဒီနိ၊ စလ ဓာတ်အစရှိကုန်သော။တီဏိ၊စလယန္တိ-ကမ္ပေန္တိ-ဝိဒ္ဓံသေန္တိ-ဟူသော သုံးပုဒ်တို့ကို။ တဒင်္ဂပဟာနာဒီဟိ၊ တဒင်္ဂပဟာန်, ဝိက္ခမ္ဘန ပဟာန်, သမုစ္ဆေဒပဟာန်တို့ဖြင့်။ယောဇေတဗ္ဗာနိ၊ယှဉ်အပ်ကုန်၏။

**တနည်း**....ကုစ္ဆိတေန သယန္တိ ပဝတ္တန္တိတိ ကုသာ=ဟုပြု။ကုသ- သဒ္ဒါုပပဒ,သိဓာတ်။ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝိသကို အရကောက်။....ကုသေ-လုနန္တိ ဆိန္ဒန္တိတိ ကုသလာ=ဟုပြု။....ကု

သသဒ္ဒါ၊ပပဒ,လူခ ခ တ်။ကုသိုလ်စိတ်ဧကဝိသ-စေတသိက်အဋ္ဌတိံသ-ကိုအရကောက်။

**အဓိပ္ပါယ်**....အကုသိုလ်တရားတို့သည်ရာဂစသောအညစ်အကြေးနှင့်တကွ ဖြစ်သောကြောင့်၎င်း, အထူးထူးသော အပါယိက စသောဒုက္ခ၏ အကြောင်း ဖြစ်သောကြောင့်၎င်း စက်ဆုပ်အပ်သော အခြင်းအရာရှိကုန်၏။ ထိုစက်ဆုပ်အပ်သော အခြင်းအရာရှိသောတရားတို့ကိုတဒင်္ဂပဟာနိစသည်တို့ဖြင့် ဖျက်ဆီးတတ်သောကြောင့် ကုသိုလ်မည်၏ဟူလို။

**ဤကား**....အကုသလာ ဓမ္မာ ရာဂါဒိအသုစိသမ္ဘယောဂတော,နာနာဝိဓဒုက္ခဟေတုတောစ ကုစ္ဆိတေနာကာရေန သယန္တီ=ဟူသော မူလဋီကာနှင့် အညီတည်း။

အကုသလာဓမ္မာ၊အကုသိုလ်တရားတို့သည်။ရာဂါဒိအသုစိသမ္ဘယောဂတော၊ ရာဂ အစ ရှိသော အညစ် အကြေးတို့နှင့် ယှဉ်ခြင်းကြောင့်၎င်း။နာနာဝိဓဒုက္ခဟေတုတော၊ အထူးထူးသောဒုက္ခ၏ အကြောင်းဖြစ်သောကြောင့်၎င်း။ ကုစ္ဆိတေန၊စက်ဆုပ်အပ်သော။ အာကာရေန၊အခြင်းအရာအားဖြင့်။သယန္တိ၊ဖြစ်တတ်ကုန်၏။

**တနည်း**....ကုစ္ဆိတေ အကုသလေ ဓမ္မေသာတိ တနုံ ကရောတီတိ ကုသာ၊ သာတိ ဩသာနံ ကရောတီတိဝါ ကုသာ– ဟူပြီ။ ကု- သဒ္ဒါ၊ပပဒ,သာ–ခ တ်တည်း။....ဉာဏ်စသောတရားတို့ကိုအရကောက်။

**အဓိပ္ပါယ်**.... စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ခေါင်းပါးအောင် ပြုတတ်သောကြောင့်၎င်း, အဆုံးကို ပြုတတ်သောကြောင့်၎င်း ဉာဏ်စသော တရားသည် ကုသမည်၏။

ကုသေန လာတဗ္ဗာ ပဝတ္တေတဗ္ဗာတိ ကုသလာ = ဟူပြီ။ ကုသ,သဒ္ဒါ၊ပပဒ လာ ခ တ်တည်း။

**အဓိပ္ပါယ်**....ထိုကုသမည်သော ဉာဏ်စသည်သည် သဟဇာတသတ္တိ-ဥပနိဿယ သတ္တိ တို့ဖြင့် ထိုက်သည့် အလျောက် ဖြစ်စေအပ်ရကား ကုသိုလ်မည်၏ဟူလို။

**အထူးကား**....ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်တို့အား ဉာဏ်သည်,ပကတူပနိဿယသတ္တိအားဖြင့် ကျေးဇူးပြုနိုင်သောကြောင့်ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်သည်လည်း ကုသိုလ်မည်၏ ဟူ၍မှတ်။

**ဤကား**....ဉာဏဝိပ္ပယုတ္တာနံပိ ဉာဏံ ပကတူပနိဿယပစ္စယော ဟောတီတိ သဗ္ဗေပိ ကုသလာဓမ္မာ ကုသေန ဉာဏေန ပဝတ္တေတဗ္ဗာတိ ကုသလာ= ဟူသော မူလဋီကာနှင့် အညီတည်း။

ဉာဏဝိပ္ပယုတ္တာနံပိ၊ ဉာဏဝိပ္ပယုတ် စိတ္တုပ္ပါဒ်တို့ အားလည်း။ ဉာဏံ၊ ဉာဏ်သည်။ ပကတူပ နိဿယပစ္စယော၊ ပကတူပ နိဿယ ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ထို့ ကြောင့်။သဗ္ဗေပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ကုသလာဓမ္မာ၊ကုသိုလ်တရားတို့သည်။ကုသေန၊ကုသ ဟုဆိုအပ်သော။ ဉာဏေန၊ဉာဏ်ဖြင့်။ ပဝတ္တေတဗ္ဗာ၊ ဖြစ်စေအပ်ကုန်၏။ဣတိ၊ထို့ ကြောင့်။ကုသလာ၊ကုသိုလ်မည်ကုန်၏။

**တနည်း**....ကုဘူမိယံ သေန္တီတိ ကုသာ=ဟုပြု။ ကုသဒ္ဒူပပဒ,သိ ဓာတ်။ မြေ၌ ပေါက်ပွါးတတ်သော သမန်းမြက်ကို အရကောက်။.... ကုသာဝိယာတိ ကုသာ=ဟု ဉပမာတဒ္ဓိတ်ဆို။ ကုသိုလ် စိတ္တုပ္ပါဒ်ကို အရကောက်။

**တူပုံ**....သမန်းမြက်တို့၏ သဘောသည် မိမိကိုကိုင်သောသူတို့၏ လက်ကိုနှစ်ဘက်အစွန်းဖြင့်ရှသိသကဲ့သို့၊ ကုသိုလ်တရားသည်လည်း ဖြစ်ပြီးသော အတိတ်ကိလေသာနှင့်တူသော အနာဂတ် ကိလေသာ, ဖြစ်ပြီးသော အတိတ်ကိလေသာနှင့်မတူသော အနာဂတ်ကိလေသာ တို့ကိုပယ်ခြင်း တဖန် မဖြစ်စေခြင်းတို့ဖြင့်ဖျက်ဆီးတတ်သောကြောင့် သမန်းမြက်နှင့်တူ၏ဟူလို။

လုနန္တီတိလာ= ဟုပြု။.... ကုသိုလ် တရားကို အရ ကောက်။.... ကုသာစ တေ လာစာတိ ကုသလာ= ဟု တွဲစပ်လေ။.... အကုသိုလ် တရားတို့ကိုရိတ်ဖြတ်တတ်သော ကုသိုလ်တရားတို့ကိုအရကောက်။

ဤကားဝစနတ္ထကိုပြဆိုသောစကားရပ်အပြီးတည်း။

## လက္ခဏာကိုပြဆိုချက်။

ကုသိုလ်သည် အနဝဇ္ဇသုခဝိပါကလက္ခဏာရှိ၏ဟုမှတ်။

**ဤကား**.... အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ = ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ကုသလာ၊ ကုသိုလ်တို့သည်။ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊အပြစ်မရှိကောင်းသောအကျိုးပေးခြင်းလက္ခဏာရှိကုန်၏။

**ထင်စွာပြဦးအံ့**....ဝဇ္ဇိတဗ္ဗံဂရဟိတဗ္ဗန္တိ ဝဇ္ဇံ= ဟု တွဲစပ်။.... ဤဝစနတ္ထ၌ ဝဇ္ဇသဒ္ဒါသည် ဘာဝပ္ပဓာန ဖြစ်သောကြောင့် ကဲ့ရဲ့အပ်သည့်၏အဖြစ်ဟု ဆိုအပ်သော ရာဂ စသော ကိလေသာတို့ကို အရကောက်။.... ဝဇ္ဇမေဝ အဝဇ္ဇံ=ဟုပြု။....အ·သဒ္ဒါတဗ္ဘာဝတည်း။ နတ္ထိအဝဇ္ဇံ ယေသန္တေတိ အနဝဇ္ဇာ=ဟုတွဲစပ်။.... ဤ၌ နသဒ္ဒါကင်းခြင်းဝိရဟအနက်ကိုဟော၏ဟုမှတ်၊

**အခိပ္ပါယ်** .... အကုသိုလ် တရားတို့အား ရာဂ စသော အညစ်အကြေး ရှိသောကြောင့် ကဲ့ရဲ့အပ်သော အဖြစ် သည့်ရှိ၏၊ ကုသိုလ်တရားတို့၌ကား–ရာဂ စသော အညစ်အကြေးမရှိသောကြောင့် ကဲ့ရဲ့အပ်သောအဖြစ်မရှိ၊ စင်စစ်မှာမူကား ချီးမွမ်းအပ်သည့်၏ အဖြစ်သာရှိ၏။ ထို့ကြောင့် ကုသိုလ်တရားသည် အနဝဇ္ဇမည်၏။.... ဤအနဝဇ္ဇသဒ္ဒါဖြင့် ကဲ့ရဲ့အပ်သော ရာဂ စသော ကိလေသာတို့မှ ကင်းရုံမျှကို ပြသည်မဟုတ်၊ စင်စစ်မှာမူကား ရာဂ စသော အညစ် အကြေး မရှိခြင်းကိုပြ၏ဟုမှတ်လေ။

**ဤကား**...နတ္ထိ တေသံ အဝဇ္ဇန္တိ အနဝဇ္ဇာ၊ ဂရဟိတဗ္ဗဘာဝ ရဟိတာ နိဒ္ဒေါသာတိ အတ္ထော၊ တေန နေသံ အဂရဟိတဗ္ဗဘာဝံ ဒသ္သေတိ နဂါရယှဝိရဟမတ္တံ=ဟူသောမူလဋီကာနှင့် အညီတည်း။

တေသံ၊ထိုကုသိုလ်စိတ္တုပ္ပါဒ်တို့အား။ အဝဇ္ဇံ၊ ရာဂစသောအပြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ အနဝဇ္ဇာ၊ အနဝဇ္ဇမည်ကုန်၏။ နိဒ္ဒေါသာ၊ ကဲ့ရဲ့အပ်သော ရာဂစသော အပြစ်ကင်းသည့်၏အဖြစ်ကြောင့်။ဂရဟိတဗ္ဗဘာဝရဟိတာ၊ ကဲ့ရဲ့အပ်သောအကုသိုလ်၏ အဖြစ်ဟု ဆိုအပ်သော ရာဂ စသော သဘောမှ ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ– အယံ၊ ဤသည်ကား။ အတ္ထော၊ သိကြောင်းအနက်တည်း။ တေန၊ ထိုအနဝဇ္ဇသဒ္ဒါဖြင့်။ နေသံ၊ ထိုကုသိုလ်စိတ္တုပ္ပါဒ်တို့၏။ အဂရဟိတဗ္ဗဘာဝံ၊ မကဲ့ရဲ့အပ်သည့်၏ အဖြစ်ကို။ ဒသ္သေတိ၊ ပြ၏။ ဂါရယှဝိရဟမတ္တံ၊ ကဲ့ရဲ့အပ်သောရာဂစသည်တို့မှ ကင်းခြင်းမျှကိုသာလျှင်။ နဒသ္သေတိ၊ ပြသည်မဟုတ်။

**တနည်း** …ဝဋ္ဋိတဗ္ဗာ ဂရဟိတဗ္ဗာတိ ဝဇ္ဇာ= ဟု ဝစနတ္ထပြု။…. အလိုမရှိအပ်သော အကျိုးကို ဖြစ်စေတတ် ရကား ကဲ့ရဲ့ အပ်သော ကြောင့် ရာဂစသော ကိလေသာတို့သည် ဝဇ္ဇမည်ကုန်၏။

ဝဇ္ဇာဧဝ အဝဇ္ဇာ= ဟုပြု။ …. အသဒ္ဒါတဒ္ဓေါပင်တည်း။….နအဝဇ္ဇာ အနဝဇ္ဇာ=ဟုကမ္မဓာရယ်သမာသ်တွဲစပ်။

**အဓိပ္ပါယ်**…. အဝဇ္ဇာဟူသော ပုဒ်သည်-န-သဒ္ဒါကို မငဲ့မူ၍ မိမိ ချည်းသက်သက်ဖြစ်မူ ရာဂ စသော ကိလေသာကို ဟော၏။ နသဒ္ဒါ နှင့် ယှဉ်တွဲ၍ နအဝဇ္ဇာ-ဟု ဝါကျအခိုက်ဖြစ်မူ-ကုသိုလ်စိတ္တုပ္ပါဒ်ကို ဟော၏။ ထို့ကြောင့်-န-သဒ္ဒါနှင့် တုလျာဓိကရဏဖြစ်ရကား ကမ္မဓာရယ်သမာသ် ဖြစ်၏ဟူလို။….ဤဝစနတ္ထ၌-န-သဒ္ဒါသည် ပဋိပက္ခ အနက်ကိုဟော၏ဟုမှတ်။ပဋိပက္ခဟူသည်လည်း ရာဂစသော ကိလေသာတို့ကိုဖျက်ဆီးခြင်းကိုဆိုလို၏။

**အဓိပ္ပါယ်**…. ဗာဟိတိကသုတ်များ၌ ကင်းငြိမ်းပြီးသော အပြစ်ရှိသော အဗျာကတ ဘရားတို့ကို အနဝဇ္ဇဟုဆိုအပ်ကုန်သကဲ့သို့၊ ဤ၌ ကား-ကင်းငြိမ်းပြီးသော ရာဂစသောအပြစ်ရှိသောအဗျာကတတရား မျိုးကို အနဝဇ္ဇဟူ၍မဆိုအပ်၊ စင်စစ်မှာမူကား ရာဂစသော အပြစ်ကို ဖျက်ဆီးတတ်သော သဘောတရားမျိုးကိုသာလျှင် အနဝဇ္ဇဟုဆိုအပ် ၏ဟူလို။

**ဤကား**….အဝဇ္ဇပဋိပက္ခာဝါ ဣဓ အနဝဇ္ဇာတိ ဝုတ္တာ၊ နဗာဟိ
တိကသုတ္တေဝိယ ပဋိပဿဒ္ဓါ ဝဇ္ဇာ ဝိရဟိတဝဇ္ဇမတ္တာဝါ။
တသ္မာ အနဝဇ္ဇဝစနေန အဝဇ္ဇ ဝိနာသနဘာဝေါ ဒဿိတော=
ဟူသောမူလဋီကာနှင့်အညီတည်း။

ဝါ၊တနည်းကား။ဣဓ၊ဤအနဝဇ္ဇသုခဝိပါကဟူသောပါဌ်၌။ အဝဇ္ဇ ပဋိပက္ခာ၊အကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်တရားတို့ကို။ အနဝဇ္ဇာတိ၊ အနဝဇ္ဇတို့ဟူ၍။ ဝုတ္တာ၊ဆိုအပ်ကုန်၏။ဗာဟိတိကသုတ္တေ ဝိယ၊ သင်္ဂါယနာသုံးတန်မှ အပဖြစ်သော သုတ်၌ကဲ့သို့။ ပဋိပဿဒ္ဓါ ဝဇ္ဇာ၊ ငြိမ်းပြီးသောကဲ့ရဲ့အပ်သောသဘောရှိသော အဗျာကတတရား တို့ကို။ ဝါ၊ ကား။ ဝိရဟိတဝဇ္ဇမတ္တာ၊ ကင်းသော ကဲ့ရဲ့ အပ်သော သဘောမျှရှိသောအဗျာကတတရားတို့ကို။ နဝုတ္တာ၊ မဟောအပ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ အနဝဇ္ဇဝစနေန၊ အနဝဇ္ဇသဒ္ဒါဖြင့်။ အဝဇ္ဇဝိနာ

သနဘာဝေါ၊ အပြစ်ကိုဖျက်ဆီးတတ်သောသဘောကို။ ဒဿိတော၊ ပြအပ်၏။

### ရှေးနည်းအလိုသုခဝိပါကသဋ္ဌါနှင့်ဆက်သွယ်ပုံ။

**မု** ...အနဝဇ္ဇသဋ္ဌါမျှဖြင့် ကုသိုလ်၏လက္ခဏာကိုပြပြီးသည်ဖြစ်ပါလျက်အဘယ်ကြောင့် "သုခဝိပါကသဋ္ဌါ"ကိုမိန့်ပြန်ပါသနည်းဟုမေး။

**ဖြေ** ...ကုသိုလ်သည်သာအပြစ်ကင်းသည်မဟုတ်သေး၊ ထိုကုသိုလ်မှတပါးအပြစ်ကင်းသော အဗျာကတ တရားတို့လည်း ရှိကုန်သေးရကား၊ ထိုအဗျာကတ တရားတို့ကိုစင်စေခြင်းအကျိုးငှါ "သုခဝိပါကသဋ္ဌါ" ကိုမိန့်ဆိုတော်မူ၏ဟုဖြေ။

**ဤကား** ...အညေပိ အတ္ထိ နိဒ္ဒေါသာ အဗျာကတာဝတိ အနဝဇ္ဇဝစနမတ္တေန တေသံပိ ကုသလတာပတ္တိဒေါသံ ဒိသွာ တံ ပရိဟရိတုံ သုခဝိပါကဝစနံ အာဟ= ဟူသော မူလဋီကာနှင့်အညီတည်း။

အညေပိ၊ ကုသိုလ်မှတပါးလည်းဖြစ်ကုန်သော။ နိဒ္ဒေါသာ၊ အပြစ်ကင်းကုန်သော။ အဗျာကတာ၊ အဗျာကတတရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ အနဝဇ္ဇဝစနမတ္တေန၊အနဝဇ္ဇသဋ္ဌါမျှဖြင့်။ တေသံပိ၊ ထိုအဗျာကတ တရားတို့၏လည်း။ ကုသလတာပတ္တိဒေါသံ၊ ကုသိုလ်၏ အဖြစ်သို့ ရောက်ခြင်း၌ အပြစ်ကို။ ဒိသွာ၊ မြင်၍။ တံ၊ ထိုအပြစ်ကို။ ပရိဟရိတုံ၊ ပယ်ခြင်းငှါ။ သုခဝိပါကဝစနံ၊ သုခဝိပါကသဋ္ဌါကို။ အာဟ၊ မိန့်ဆိုပြီ။

### နောက်နည်းအလိုသုခဝိပါကသဋ္ဌါနှင့်ဆက်သွယ်ပုံ။

ကုသိုလ်သည်လည်း အကျိုးကိုဖြစ်စေခြင်း လက္ခဏာရှိ၏၊ အကုသိုလ်လည်း အကျိုးကို ဖြစ်စေခြင်း လက္ခဏာရှိ၏။ ဤသို့ ကုသိုလ် အကုသိုလ် နှစ်ပါးသည် သဝိပါကတာ လက္ခဏာအားဖြင့် တူငြားသော်လည်း ကုသိုလ်ကား-ကောင်းသောအကျိုးကိုပေး၏ဟု ဆိုအပ်သော သုခဝိပါကတာလက္ခဏာ အထူးကိုပြခြင်းငှါ သုခဝိပါကသဋ္ဌါကိုမိန့်တော်မူ၏ဟုဆက်သွယ်လေ။

**ဤကား** …အဗျာကတေဟိပန ဝိသိဋ္ဌံ ကုသလာကုသလာနံ သာ
ဝဇ္ဇရဏံ သဝိပါကတာ လက္ခဏန္တိ တဿိ ံလက္ခဏာ ဝိသေ
သဒဿနတ္ထံ သုခဝိပါကဝစနံ အဝေါစ=ဟူသော မူလဋီကာ
နှင့်အညီတည်း။

အဗျာကတေဟိ၊ အဗျာကတ တရားတို့မှ။ ဝိသိဋ္ဌံ၊ ထူးသော။ သဝိပါကတာလက္ခဏံပန၊ အကျိုးပေးခြင်း ရှိသော အဖြစ်တည်းဟူသော လက္ခဏာသည်ကား။ ကုသလာ ကုသလာနံ၊ ကုသိုလ် အကုသိုလ်တို့နှင့်။ သာဝဇ္ဇရဏံ၊ ဆက်ဆံ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ တဿိ ံလက္ခဏာ၊ ထိုသဝိပါကတာလက္ခဏာ၌။ ဝိသေသဒဿနတ္ထံ၊ အထူးကို ပြခြင်း အကျိုးငှါ။ သုခဝိပါကဝစနံ၊ သုခဝိပါကသဒ္ဒါကို။ အဝေါစ၊ မိန့်တော်မူ၏။

ဝိပစ္စတီတိ ဝိပါကော= ဟူပြု။…. အကျိုးတရားရကိုကောက်။…. သုခေါ ဝိပါကော ယေသန္တိ သုခဝိပါကာ=ဟု တွဲစပ်။…. ကောင်းသောအကျိုးရှိသောကုသိုယ်စိတ္တုပ္ပါဒ်ကိုအရကောက်။

**အဓိပ္ပါယ်**….ဤသုခဝိပါကသဒ္ဒါဖြင့် ကုသိုလ်အကုသိုလ်နှစ်ပါးတို့သည် အကျိုးကိုဖြစ်စေခြင်းသဘောရှိသည်၏အဖြစ်ဖြင့်တူကြ၏။ ထိုသို့ပင်တူငြားသော်လည်း ကုသိုလ်ကား ကောင်းသောအကျိုးကို ဖြစ်စေခြင်းသဘောရှိသည်၏အဖြစ်ကိုပြ၏။ ကောင်းသောအကျိုးကို ဖြစ်စေမှုသာလျှင် ကုသိုလ်မည်သည်၏ အဖြစ်ကိုမပြ၊ ထို့ကြောင့် အဘိဉာဏ် စသော တရားတို့ကိုလည်းကောက်သင့်၏ဟူလို။

**ဤကား**….တေန ကုသလာကုသလာနံ သာမညေ ဝိပါကဓမ္မဘာ
ဝေ သုခဝိပါကဝိပစ္စနသဘာဝံ ဒဿေတိ၊ န တေသံ သုခဝိပါ
ကသဗ္ဘာဝမေဝ=ဟူသော မူလဋီကာနှင့် အညီတည်း။

တေန၊ ထိုသုခဝိပါက သဒ္ဒါဖြင့်။ ကုသလာ ကုသလာနံ၊ ကုသိုလ် အကုသိုလ် တရားတို့၏။ ဝိပါကဓမ္မဘာဝေ၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်၏အဖြစ်သည်။ သာမညေပိ၊ တူငြားသော်လည်း။ သုခဝိပါကဝိပစ္စနသဘာဝံ၊ ဣဋ္ဌဖြစ်သော အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်၏အဖြစ်ကို။ ဒဿေတိ၊ ပြ၏။ တေသံ၊ ထိုကုသိုလ် တရားတို့၏။ သုခဝိပါကသဗ္ဘာဝမေဝ၊ ဣဋ္ဌဖြစ်သော အကျိုး၏ ထင်ရှားရှိသည်၏ အဖြစ်ကိုသာလျှင်။နဒဿေတိ၊ပြသည်မဟုတ်။

မု....အဘယ်ကြောင့် "လက္ခဏာ" မည်သနည်းဟုမေး။

ဝိ....မှတ်ကြောင်း ဖြစ်သောကြောင့် "လက္ခဏာ" မည်၏ဟုဖြေ။ လက္ခိယတိ ဧတေနာတိ လက္ခဏံ=ဟု ဝစနတ္ထပြု။....ဤဝစနတ္ထ၌ အနဝဇ္ဇ သုခဝိပါကကို အရကောက်။

အနဝဇ္ဇာ စ တေ သုခဝိပါကာစာတိ အနဝဇ္ဇသုခဝိပါကာ။....အနဝဇ္ဇသုခဝိပါကံ လက္ခဏံ ဧတေသန္တိ အနဝဇ္ဇသုခဝိပါကလက္ခဏံ=ဟု တွဲစပ်လေ။....အကုသိုလ်စိတ္တုပ္ပါဒ်ကို အရကောက်။

မု....ဤဝစနတ္ထ၌ "အနဝဇ္ဇသုခဝိပါကံ" ဟူသော သမာသ်ပုဒ်နှင့် "ဧတေသံ"ဟူသောအညပုဒ်တို့၏အရသည်ကုသိုလ်တရားတို့ကိုသာ ရကုန်ရကား-အသို့လျှင်မိမိဟု ဆိုအပ်သော ကုသိုလ်တရားသည် မိမိ၏လက္ခဏာ ဖြစ်နိုင်ပါအံ့နည်း၊ လက္ခဏာနှင့် လက္ခိတဗ္ဗတို့သည် ထူးခြားကွဲပြားသင့်သည် မဟုတ်ပါလော ဟုမေး။

ဝိ...."ဧတေသံ" ဟူသော အညပုဒ်၏ အနက်ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်သည် အဝိဉာတတဖြစ်၍ မထင်ရှား၊ "သုခဝိပါကံ"ဟူသော သမာသ်ပုဒ်၏ အနက်ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်သည် ကား ဝိဉာတတဖြစ်၍ ထင်ရှား၏။ ဤသို့ အနဝဇ္ဇသုခဝိပါကအရနှင့် ဧတေသံ ပုဒ်တို့၏ အရသည် ကုသိုလ်စိတ္တုပ္ပါဒ်ချည်း ဖြစ်၍ တူငြားသော်လည်း မထင်ရှားသော ဧတေသံ-ဟူသောပုဒ်၏အရ ကုသိုလ်စိတ္တုပ္ပါဒ်ကိုပေါ်လွင်ထင်ရှားစေခြင်းအကျိုးငှါ ထင်ရှားသော သုခဝိပါကသဒ္ဒါ၏အရ ကုသိုလ် စိတ္တုပ္ပါဒ်ဖြင့် မှတ်၍ပြသောကြောင့် လက္ခဏ-လက္ခိတဗ္ဗဖြစ်၏ဟုဖြေ။

**ဤကား**....ဝိဉာတာ ဝိဉာတသဒ္ဒတ္ထ ဘာဝေန လက္ခဏလက္ခိတဗ္ဗဘာဝယုတ္တိတော=ဟူသော မူလဋီကာနှင့်အညီတည်း။

ဝိဉာတာဝိဉာတသဒ္ဒတ္ထဘာဝေန၊ ထင်ရှားသော အနဝဇ္ဇသုခဝိပါကသဒ္ဒါ၏အနက်,မထင်ရှားသော ဧတေသံဟူသော သဒ္ဒါ၏အနက် အဖြစ်ဖြင့်။ လက္ခဏလက္ခိတဗ္ဗဘာဝယုတ္တိတော၊ လက္ခဏလက္ခိတဗ္ဗ အဖြစ်နှင့်ယှဉ်ခြင်းကြောင့်။ တေ၊ ထိုကုသိုလ်စိတ္တုပ္ပါဒ်တို့သည်။ သယမေဝ၊ မိမိသည် ပင်လျှင်။ အတ္တနော၊ မိမိ၏။ လက္ခဏံ၊ မှတ်ကြောင်း လက္ခဏာသည်။ဟောန္တိ၊ဖြစ်ကုန်၏။

**လိုရင်းကား**....ကုသိုလ် ဒြဗ်အားဖြင့် မပြားသော်လည်း ထင်ရှားသောသဒ္ဒါ၏အနက် မထင်ရှားသော သဒ္ဒါ၏အနက် အဖြစ်ဖြင့် ပြားရကား လက္ခဏာလက္ခိတဗ္ဗ ဖြစ်ကောင်း၏ ဟူလို။....ဤယခု ပြဆိုအပ်သောဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ၌သမာသ်ပုဒ်၏အရနှင့်အညပုဒ်၏အရသည် ဒြဗ်အားဖြင့် မပြား ကုသိုလ် တရားချည်းပင် ဖြစ်၍ သိလာပုတ္တကဿသရီရံကဲ့သို့ အဘေဒဘေဒူပစာအားဖြင့် အဓိပ္ပါယ်ယူလေ။

**ဤကား**....ဘဝတိဟိ သဒ္ဒတ္ထပိသေသမတ္တေနာပိ အဘိန္နေ ဝတ္ထု သ္မိံ ဘေဒဝစနံ ယထာ သိလာပုတ္တကဿ သရီရန္တိ=ဟူသော အနုဋီကာနှင့် အညီတည်း။

ဟိသဒ္ဒ၊ ထိုစကားမှန်၏။ သဒ္ဒတ္ထပိသေသမတ္တေနာပိ၊ သဒ္ဒါအနက်ထူးကာမျှဖြင့်လည်း။ အဘိန္နေ၊မပြားသော။ ဝတ္ထုသ္မိံ၊ ဝတ္ထု၌။ဘေဒဝစနံ၊ အပြားကို ဆိုခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း။ သိလာပုတ္တကဿသရီရန္တိယထာ၊ သိလာပုတ္တကဿသရီရံ–ဟူသော ဥဒါဟရဏ်ကဲ့သို့တည်း။

**တနည်း**....လက္ခီယတိတိ လက္ခဏံ=ဟုပြု။.... မှတ်ကြောင်း သဘောနှင့်တကွဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်ကို အရကောက်။

အနဝဇ္ဇသုခဝိပါကာဝ တေ လက္ခဏဉ္စာတိ အနဝဇ္ဇသုခဝိပါက လက္ခဏာ=ဟုတွဲစပ်။....ဤဝါကျ၌ ဓာတ်ကိုငဲ့၍ ကေဝစ်ထား၏၊ သမာသ်ပုဒ်၌ကား ဒြဗ်ကိုငဲ့၍ ဗဟုဝစ်နှင့်ထား၏ဟူမှတ်။....တနည်း–ဝါကျ၌ လက္ခဏာသဒ္ဒါသည် နိယတပုလ္လိင်ဖြစ်၍ နိဂ္ဂဟိတန္တနှင့် ထား၏။ သမာသ်၌ကား ပုလ္လိင်ကုသလ သဒ္ဒါကိုငဲ့၍ လက္ခဏာဟု ပုလ္လိင်နှင့် ထား၏ဟူ၍လည်းမှတ်။....တိလောကဿ သရဏံ တိလောကသရဏော နာထော စသည်ကိုထောက်။.... အနဝဇ္ဇသုခဝိပါက သဘော လက္ခဏာဖြင့် မှတ်အပ်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်၏ ဟူလို။

**ဤကား**....အနဝဇ္ဇသုခဝိပါကာ ဟုတွာ လက္ခီယမာနာ သဘာဝါ ကုသလာနာမာတိ အတ္ထော=ဟူသော မူလဋီကာနှင့် အညီတည်း။

အနဝဇ္ဇသုခဝိပါကာ၊ အပြစ်မရှိကောင်းသော အကျိုးကို ပေးခြင်းတို့၏။ဟုတွာ–ဘာဝေန၊ဖြစ်သည်၏အဖြစ်ဖြင့်။လက္ခီယမာနာ၊မှတ်အပ်

ကုန်သော။သဘာဝါ၊သဘောတရားတို့သည်။ကုသလာနာမ၊ကုသိုလ်မည်ကုန်၏။ဣတိအယံ၊ဤသည်ကား။အတ္ထော၊အနက်တည်း။

သင်္ကေ်ာ ဟုတ္တာန နိဗ္ဗတ္တိနဲ့ သင်္ကေ်ာ ဟူသော ပုဒ်သည် ဆဋ္ဌီအနက်၌ ပထမာဝိဘတ် သက်သကဲ့သို့၊ အနဝဇ္ဇသုခဝိပါကာ၌ လည်း ဆဋ္ဌီအနက်၌ ပထမာဝိဘတ် သက်၏ဟုမှတ်။

**တနည်း**....အနဝဇ္ဇအရ အပြစ်မရှိသည်၏အဖြစ် အနဝဇ္ဇဂုဏ်ကို ကောက်။....သုခဝိပါကအရ– ဝိပစ္စနံ ဝိပါကော၊ သုခဿ ဝိပါကော သုခဝိပါကော=ဟု ပြု၍ကောင်းသော အကျိုးရှိသည်၏ အဖြစ် သုခဝိပါကဂုဏ်ကို ကောက်ပြီးလျှင်။ ။အနဝဇ္ဇဉ္စသုခဝိပါကောစာတိ အနဝဇ္ဇသုခဝိပါကံ=ဟု ဒွန်တွဲ။....လက္ခဏာ သဒ္ဒါနှင့်ကား ဇှေးနည်းအတိုင်း ဗဟုဗ္ဗိဟိ သမာသ်တွဲစပ်လေ။....ဤအလို လက္ခဏာသဒ္ဒါ ကရဏသာဓ်ကမ္မသာဓ်နှစ်ပါးပင်သင့်၏။

**အဓိပ္ပါယ်**....အပြစ်မရှိသော အဖြစ် အနဝဇ္ဇဂုဏ်, ကောင်းသော အကျိုးရှိသောအဖြစ် သုခဝိပါကဂုဏ်တို့ဖြင့် မှတ်အပ်သောတရားမျိုးသည်ဂင်း၊ မှတ်အပ်သော အနဝဇ္ဇသုခဝိပါက ဂုဏ်ရှိသော တရားမျိုးသည်ဂင်း ကုသိုလ်မည်၏ဟူလို။

**ဤကား**....အနဝဇ္ဇသုခဝိပါကဘာဝေန လက္ခိယမာနာ တံ သဘာဝဝဏ္ဏောစ ကုသလာတိ ဝုတ္တံ ဟောတိ=ဟူသော မူလဋီကာနှင့် အညီတည်း။

အနဝဇ္ဇသုခဝိပါကဘာဝေန၊အနဝဇ္ဇသုခဝိပါက၏အဖြစ်ဖြင့်။လက္ခိယမာနာစ၊မှတ်အပ်ကုန်သောတရားတို့သည်ဂင်း။တံသဘာဝဝဏ္ဏောစ၊ ထိုအနဝဇ္ဇသုခဝိပါက သဘောရှိကုန်သော တရားတို့သည်ဂင်း။ကုသလာ၊ကုသိုလ်မည်ကုန်၏။ ဣတိ၊ဤသို့။ဝုတ္တံ၊ဆိုအပ်သည်။ ဟောတိ၊ဖြစ်၏။

**မု**....အဘယ်ကြောင့် "အနဝဇ္ဇသုခဝိပါက" လက္ခဏာနှစ်ပါးလုံးကို ထုတ်အပ်ပါသနည်း၊ တပါးပါးကိုထုတ်လျှင်ပင် အလိုရှိအပ်သော အနက်အဓိပ္ပါယ် ပြီးသင့်သည် မဟုတ်ပါလောဟုမေး။

**ပြီးသင့်ပုံ**....အကယ်၍ အနဝဇ္ဇ ဟူသော ပုဒ်၌ နသဒ္ဒါ ဝိရဟဟူသော အနက်ကို ဟောခိုက် အဗျာကတ တရားတို့လည်း ကဲ့ရဲ့ အပ်

သော အဖြစ်မှကင်းသောကြောင့် အဗျာကတ တရားတို့ကို စင်စေလို ရကား–သုခဝိပါက သဒ္ဒါကိုထုတ်ရ၏ဟု ဆိုလျှင်သင့်လျော်၏။ ထိုသို့ မဟုတ် သုခဝိပါက သဒ္ဒါတခုကိုသာ ထုတ်အပ်သည်ရှိသော်–အနဝဇ္ဇ လက္ခဏာကိုကား မထုတ်သင့်ပြီ။ အကယ်၍ပဋိပက္ခအနက်ကို ဟော ခိုက်ဖြစ်မူ အကုသိုလ်၏ ဆန့်ကျင်ဘက်ဟု ဆိုရကား အနဝဇ္ဇသဒ္ဒါကို ဆိုရုံမျှနှင့်ပင်ပြီးသင့်၏။ သုခဝိပါကသဒ္ဒါကိုထုတ်ရန်မလိုတော့ပြီ။ ထို့ ကြောင့် တပုဒ်ပုဒ်ကိုထုတ်လျှင် အလိုရှိသောအနက် ပြီးသင့်၏ဟူလို။

**ဖြေ**....အနဝဇ္ဇသဒ္ဒါဖြင့် ပဝတ္တိအခါ ချမ်းသာသည်ကိုပြ၏။ သုခဝိပါ ကသဒ္ဒါဖြင့် နောက်ဘဝ၌ ကောင်းသောအကျိုးကိုလည်း ပေး နိုင်သည်၏ အဖြစ်ကိုပြ၏။ ထို့ကြောင့် လက္ခဏာ နှစ်ပါးရုံကို ထုတ်ရ၏ဟုဖြေ။

**တနည်း**....အနဝဇ္ဇသဒ္ဒါဖြင့် မိမိဟု ဆိုအပ်သော ကုသိုလ်၏ စင် ကြယ်ခြင်းကိုပြ၏။သုခဝိပါကသဒ္ဒါဖြင့် စင်ကြယ်သောအကျိုး ရှိသည်၏အဖြစ်ကိုပြ၏။ထို့ကြောင့် လက္ခဏာနှစ်ပါးကို ထုတ် ရ၏ဟုဖြေ။

ဤကား–လက္ခဏာကိုပြဆိုသောစကားရပ်အပြီးတည်း။

## ဓမ္မဟူသောပုဒ်၏ဝစနတ္ထသည်ကိုပြဆိုချက်။

**မေး**....အဘယ်ကြောင့် "ဓမ္မ" မည်သနည်းဟုမေး။

**ဖြေ**....မိမိ၏ သာမညသဘော ဝိသေသသဘော သာမညဝိသေသ သဘောကိုဆောင်တတ်သောကြောင့် "ဓမ္မ" မည်၏ဟုဖြေ။

**အဓိပ္ပါယ်**....ပရမတ္ထတရားတို့၏မမြဲခြင်း အနိစ္စ စသော သဘော သည် အလုံးစုံသောတရားတို့နှင့် ဆက်ဆံရကား–သာမည သဘော မည်၏၊ ကက္ခဠဖုသန စသော သဘောသည် ပထဝီ ဖဿ စသော တခုတခုသော ထူးသော ပရမတ္ထ တရားတို့နှင့်သာ ဆက်ဆံရကား ဝိသေသ သဘော မည်၏၊ နမနရုပ္ပန စသော သဘောသည် နာမ် တရားစု ရုပ်တရားစု တို့နှင့် ဆက်ဆံ သောကြောင့် သာမညဝိသေ သ သဘောမည်၏။

အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ=ဟုဝစနတ္ထပြု။....မိမိ မိမိ ၏ သဘောကို ဆောင်တတ်သော ပရမတ္ထတရား လေးပါးကို အရကောက်။

**အထူးကား**....ပုဂ္ဂလ သတ္တ ဇီဝ ပုရိသ စသည်တို့သည် ပညတ်မျှဖြစ်ကုန်ရကား ပရမတ္ထ အားဖြင့် ထင်ရှား မရှိသောကြောင့် နိဿဘာဝ မည်ကုန်သကဲ့သို့၊ ကုသိုလ် စသော တရားတို့သည်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် နိဿဘာဝ မမည်ကုန်။ စင်စစ်မှာမူကား-မိမိတို့၏ သဘောကို ဆောင်တတ်သောကြောင့် သဘာဝဓမ္မတို့သာမည်ကုန်၏ဟုမှတ်။.... ဤဝစနတ္ထ၌ သဘာဝံ ဟူသော ကံပုဒ်အရနှင့် ယေသဘာဝါ ဟူသော ကတ္တားပုဒ်အရ ဓမ္မ တို့သည် အတူတူပင်ဖြစ်ကုန်ငြားသော်လည်း သဘာဝံ ဓာရေန္တိ ဟုမဆိုပါဘဲ ဓမ္မာဟု သာမည ဆိုအပ်သည် ရှိသော် ပရမတ္ထ ကိုသာ မသိနိုင်ရာ၊ သဘာဝံ ဓာရေန္တိ- ဟု ဆိုပါမှ ပရမတ္ထ တရားကို သိနိုင်ရာ သောကြောင့် သဘာဝနှင့်ဓမ္မတို့သည် အသီးအခြားမပြားကုန်သော်လည်း ပြားကုန်သကဲ့သို့ အဘေဒဘေဒူပစာ အားဖြင့်ဆို၏ဟုလို။

**ဤကား**...အညထာပန အဝဗောဓေတုံ နသက္ကာတိ နာမဝသေန ဝိညာတာဝိညာတေ သဘာဝဓမ္မေ အဉေဝိယ ကတွာ အတ္တနော သဘာဝံ ဓာရေန္တီတိ ဝုတ္တံ= ဟူသော မူလ ဋီကာနှင့် အညီတည်း။

ပနတထာပိ၊ ထိုသို့ပင် သဘာဝနှင့် ဓမ္မ မပြားသော်လည်း။ အညထာ၊ သဘာဝံဓာရေန္တိမှ တပါးသောဓမ္မာဟူသောအခြင်းအရာအားဖြင့်။ အဝဗောဓေတုံ၊ ပရမတ္ထ တရားကို သိစေခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိ- တသ္မာ၊ ထို့ကြောင့်။ နာမဝသေန၊ ထင်ရှားသော သဘာဝံဓာရေန္တိ ဟူသော အမည်၏ အစွမ်းဖြင့်။ ဝိညာတေ၊ ထင်ရှား ကုန်သော။ နာမဝသေန၊ မထင်ရှားသော ဓမ္မာ ဟူသော အမည်၏ အစွမ်းဖြင့်။ အဝိညာတေ၊ မထင်ရှားကုန်သော။ သဘာဝဓမ္မေ၊ အနိစ္စစသောသာမညလက္ခဏာ ကက္ခဠ ဖုသန စသော ဝိသေသလက္ခဏာ နမန ရုပ္ပနစသော သာမညဝိသေသလက္ခဏာသဘောရှိကုန်သော ပရမတ္ထ တရားတို့ကို။ အညေဝိယ၊ တပါးမဟုတ်ကုန်

သော်လည်း တပါးတို့ကိုကဲ့သို့။ ကတွာ၊ ပြု၍။ အတ္တနောသဘာဝံဓာ ရေန္တီတိ၊–ဟူ၍။ ဝုတ္တံ၊ အဘေဒဘေဒူပစာ အားဖြင့်ဆိုအပ်၏။

**ဝိ** ...မိမိ၏ အကြောင်း တရားတို့သည် ဆောင်အပ်သောကြောင့် "ဓမ္မ" မည်၏ဟူ၍လည်းတနည်းဖြေ။

အတ္တနော ပစ္စယေဟိ ဓာရီယန္တီတိ ဓမ္မာ=ဟုပြု၊....မိမိ၏ကံစိတ် အစရှိသောအကြောင်းတို့သည် ဆောင်အပ်သော နိဗ္ဗာန် ကြဉ်သော သောပရမတ္ထတရားသုံးပါးကိုအရကောက်။

**ဝိ** ...မိမိတို့၏သဘောအားလျော်စွာမှတ်အပ်သောကြောင့် "ဓမ္မ" မည်၏ဟူ၍လည်းတနည်းဖြေ။

ယထာသဘာဝတော ဓာရီယန္တီတိ ဓမ္မာ=ဟုပြု။....ပရမတ္ထတရား နှင့်တကွပညတ်တရားပါအရကောက်။

**အဆုံးကား**....ထိုသုံးပါးသော ဝစနတ္ထတို့တွင် ဤမာတိကာအရာ ၌ ပရမတ္ထတရား လေးပါးကိုသာ ဟောရာ ဖြစ်သောကြောင့်, ပထမ ဝစနတ္ထကိုသာအလိုရှိအပ်၏ဟုမှတ်။

## ကုသလာဓမ္မာပုဒ်အနက်ပေးပုံကိုပြခြင်း။

ကုသလာအနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိ, ကောင်းသော အကျိုးပေးခြင်း လက္ခဏာရှိကုန်သော။ ဝါ၊ ကဲ့ရဲ့အပ်သော သဘော မရှိ, ကောင်းသော အကျိုးပေးခြင်းလက္ခဏာရှိကုန်သော။ ဝါ၊ ကဲ့ရဲ့ အပ်သော အကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်၍, ကောင်းသော အကျိုး ပေးခြင်းလက္ခဏာရှိကုန်သော။ ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ။ သတ္တ လည်းမဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။.... ဤကား- ဗဟုဗ္ဗီဟိသမာသ်အလို ပထမနည်း အနက်ပေးပုံ။

## တနည်းအနက်ပေးပုံကား။

ကုသလာအနဝဇ္ဇသုခဝိပါကလက္ခဏာ။ အပြစ်မရှိ,ကောင်းသော အကျိုးရှိသည့်၏ အဖြစ်ဖြင့် မှတ်အပ်ကုန်သော။ ဝါ၊ ကဲ့ရဲ့အပ်သော သဘောမရှိ, ကောင်းသော အကျိုးရှိသည့်၏ အဖြစ်ဖြင့် မှတ်အပ်ကုန် သော။ ဝါ၊ ကဲ့ရဲ့အပ်သော အကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်၍,ကောင်း

သော အကျိုးရှိသည့်၏ အဖြစ်ဖြင့် မှတ်အပ်ကုန်သော။ မေ့ွာ-နိဿတ္တ နိဇ္ဇီဝသဘာဝါ၊- တို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။.... ဤကား- ဒုတိယ နည်းအလိုအနက်ပေးပုံ။

**တနည်းအနက်ပေးပုံကား။**

ကုသလာအနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိသည့်၏အဖြစ်, ကောင်းသော အကျိုးရှိသည့်၏ အဖြစ်လျှင် မှတ်ကြောင်း လက္ခဏာ။ ဝါ၊ မှတ်အပ်သောလက္ခဏာရှိကုန်သော။ ဝါ၊ကဲ့ရဲ့အပ်သောသဘော မရှိသည့်၏အဖြစ်, ကောင်းသော အကျိုးရှိသည့်၏ အဖြစ်လျှင် မှတ်ကြောင်းလက္ခဏာ။ ဝါ၊ မှတ်အပ်သော လက္ခဏာရှိကုန်သော။ ဝါ၊ ကဲ့ရဲ့ အပ်သော အကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သော ကုသိုလ်၏ အဖြစ်, ကောင်းသော အကျိုးရှိသော ကုသိုလ်၏ အဖြစ်လျှင် မှတ် ကြောင်းလက္ခဏာ။ ဝါ၊ မှတ်အပ်သောလက္ခဏာရှိကုန်သော။မေ့ွာ- နိဿတ္တနိဇ္ဇီဝသဘာဝါ၊- တို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။.... ဤကား တတိယနည်းအလိုအနက်ပေးပုံတည်း။

**ကုသလနှင့်ဓမ္မတို့တူဟန်,ထူးဟန်,ကိုပြခြင်း။**

မေး... ကုသလသဒ္ဒါနှင့် ဓမ္မသဒ္ဒါတို့သည် တူသော အနက်ရှိကုန် သလော၊ သို့မဟုတ်ထူးသောအနက်ရှိကုန်သလောဟုမေး။

ဖြေ ...တူသော အနက် ရှိသည် ဟူ၍လည်း ဆိုသင့်၏။ ထူးသော အနက်ရှိသည်ဟူ၍လည်းဆိုသင့်၏ဟုဖြေ။

**တူသောအနက်ရှိ၏ဟုဆိုသင့်ပုံကား။**

ဓမ္မသဒ္ဒါသည် ကုသိုလ်နှင့်ဂုဏ်း, အကုသိုလ်နှင့်ဂုဏ်း, အဗျာကတ နှင့်ဂုဏ်းဆက်ဆံသောကြောင့် သမ္ဘဝသာမညဖြစ်၏၊ ထိုသမ္ဘဝသာ မညဖြစ်သော ဓမ္မသဒ္ဒါဖြင့် ကုသိုလ် အကုသိုလ် အဗျာကတ သုံးပါး လုံးကိုယူနိုင်ရကား- ဗျဘိစာရသည်ဖြစ်၏။ ဤသို့ သမ္ဘဝဗျဘိစာရ ဖြစ်သောကြောင့် အကုသိုလ်ဓမ္မ အဗျာကတဓမ္မတို့မှ အထူးပြုခြင်းငှါ ကုသလာ ဟူသောပုဒ်ကို ဝိသေသန အဖြစ်ဖြင့် ဟောတော်မူသော ကြောင့် ကုသလသဒ္ဒါကားဝိသေသန ဓမ္မသဒ္ဒါကားဝိသေသျမည့်၏၊ ဂုဏ်းဝိသေသန၊ ဝိသေသျ-နှစ်ပုဒ်သည် နိလုပ္ပလံ ပဏ္ဍိတပုရိသော-ဟူ

သော ဝိသေသန ဝိသေသျတို့ကဲ့သို့၊ အရတူရကား တူသောအနက် ရှိ၏ဟူ၍လည်းဆိုရ၏။

**ထူးသောအနက်ရှိ၏ဟုဆိုသင့်ပုံကား။**

ကုသလသဒ္ဒါသည် အနဝဇ္ဇသုခဝိပါကအနက်ရှိ၏၊ ဓမ္မသဒ္ဒါသည် ကား သဘောကိုဆောင်နိုင်ခြင်း အစရှိသောအနက်ရှိ၏၊ ထို့ကြောင့် ကုသလသဒ္ဒါနှင့် ဓမ္မသဒ္ဒါတို့သည် ထူးသော အနက် ရှိကုန်၏ ဟူ၍ လည်းဆိုရ၏။

**အထူးကား** .... တူသောအနက် ရှိကုန်သည် ဖြစ်အံ့- ကုသလာ ကုသလာ- ဟုနှစ်ခါထပ်၍ ဆိုသည့်နှင့် တူရာသည် မဟုတ်ပါလော၊ အကယ်၍ထူးသောအနက်ရှိသည်ဖြစ်ပါအံ့၊ ကုသလာရူပံစက္ခုမာတို့ ကဲ့သို့၊ ကုသလပုဒ်နှင့် ဓမ္မပုဒ်တို့၏ မစပ်ခြင်း အသမ္ဗန္ဓအဖြစ်, ဆက္က- စတုက္ကအဖြစ် ရောက်ရာသည် မဟုတ်ပါလော၊ ဤသို့စသည်ဖြင့် ပုန ရုတ္တိဒေါသ, ဆက္က-စတုက္ကဒေါသ, အသမ္ဗန္ဓဒေါသ, ဝိရောဓိဒေါသ, အဘာဝဒေါသ စသော အပြစ်ဒေါသ တို့ဖြင့်တင်၍ စောဒနာရန်မလို ပြီ။.... ၎င်းဒေါသတို့ဖြင့်တင်၍ စောဒနာပုံကို အဋ္ဌကထာ ဋီကာတို့၌ အကျယ်လာ၏အလိုရှိကရင်းတို့မှာရှုပါလေ။

**စကားချုပ်....** အကုသလနှင့် ဓမ္မ စသော နောက်ပုဒ်များ၌လည်း ဤနည်းအတိုင်းမှတ်ကြလေကုန်။

ဤကား-ဓမ္မသဒ္ဒါနှင့်စပ်သောစကားရပ်အပြီးတည်း။

---

**အကုသလပုဒ်ကို အကျယ်ပြခြင်း။**

ပု....အဘယ်ကြောင့် "အကုသိုလ်" မည်သနည်းဟုမေး။

**ဝိ**....ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် "အကုသိုလ်" မည်၏ဟုဖြေ။

န ကုသလာ အကုသလာ=ဟု ဝစနတ္ထပြု။.... အကုသိုလ်စိတ် ၁၂ ဒသ-စေတသိက် သတ္တဝိသကို အရကောက်။....ဤဝစနတ္ထ၌ အ- သဒ္ဒါကား ပဋိပက္ခအနက်ကို ဟော၏။ အဘာဝအနက် အညအနက် တို့ကို မဟောဟုမှတ်။

မု....အဘာယ်ကြောင့် "ပဋိပက္ခ" အနက်ကိုသာဟော၍ အဘာဝ-အညအနက်တို့ကို မဟောပါသနည်းဟုမေး။

ဖြေ....အဘာဝအနက်ကို ဟောခဲ့သော်-ဒုက-စတုက္က အပြစ်ရောက်ရာ၏၊ အညအနက်ကို ဟောခဲ့သော် ဒုက အပြစ် ရောက်ရာ၏။ ထို့ကြောင့် ၎င်းအနက် နှစ်ပါးကို မဟောမူ၍ အဗျာကတာ ဓမ္မာ-ဟူသော တတိယ ပုဒ်ကို ဟောတော် မူသောကြောင့် "ပဋိပက္ခ" အနက်ကိုသာ ဟော၏ဟုဖြေ။

ဤ**ကား**....ပဋိပက္ခဝစနတာစ အဗျာကတတတိယရာသိဝစနေန ဝိညာယတိ=ဟူသော မူလဋီကာနှင့် အညီတည်း။

ပဋိပက္ခဝစနတာစ၊ပဋိပက္ခအနက်ကိုဟောသည်၏အဖြစ်ကိုကား။ အဗျာကတတတိယရာသိဝစနေန၊ အဗျာကတာဓမ္မာ ဟူသော တတိယ ရာသိကို ဟောတော် မူခြင်းကြောင့်။ဝိညာယတိ၊သိအပ်၏။

**စကားချုပ်**....အဗျာကတာဓမ္မာ ဟူသော တတိယရာသိကို ဟောတော်မူသောကြောင့် ပဋိပက္ခအနက်သာ ဖြစ်သင့်ကြောင်းကို ဒုက-စတုက္ကအပြစ် ရောက်ပုံကို ပြဆိုရာ၌ ထင်ရှားဖြစ်လတ္တံ့။

## အဘာဝအနက်၌ဒုကအပြစ်ရောက်ပုံကား။

အကယ်၍ အဘာဝအနက်ကို ဟောသည် ဖြစ်အံ့-တစုံ တခုသော ပရမတ္ထတရားကို ဟောရာမရောက်၊ကုသိုလ်၏မရှိခြင်းတည်းဟူသော နတ္ထိဘာဝ ပညတ်ကိုသာ ဟောရာရောက်ပေလိမ့်မည်။ ထိုသို့အကုသလာသဒ္ဒါသည် နတ္ထိဘာဝပညတ်ကို ဟောရာရောက်ခဲ့သော် အဗျာကတဓမ္မသည် တတိယရာသိမဖြစ် ဒုတိယရာသိသာဖြစ်ရာ ရောက်သောကြောင့်-အကုသလာဓမ္မာ အဗျာကတာ ဓမ္မာဟု ဒုက်သာ ဖြစ်ရာ၏၊ တိက်ကား မဖြစ်နိုင်ရာ။ထို့ကြောင့် ဒုက အပြစ်ရောက်၏။

## စတုက္ကအပြစ်ရောက်ပုံကား။

အကယ်၍ အကုသလာ၌ အသဒ္ဒါသည် ကုသိုလ်၏မရှိခြင်း တည်းဟူသော နတ္ထိဘာဝ ပညတ်ကို ဟောသည်ဖြစ်အံ့-ကုသိုလ်၏ မရှိခြင်းသဘောသည် ဖြစ်သကဲ့သို့၊ အဗျာကတတရားတို့၏ မရှိခြင်းသဘောသည်လည်းဖြစ်သင့်ရကား-နဗျာကတာဓမ္မာဟူ၍လည်းဟောသင့်ရာ

၏။ ထို့ကြောင့် စတုက္ကအပြစ်ရောက်၏။....ဤသို့ အဘာဝ အနက်ကို ဟောခဲ့သော်– ဒုက–အပြစ်, စတုက္က အပြစ် ရောက်ရာ သောကြောင့် အဘာဝအနက်ကိုလည်း မဟောဟုမှတ်။

### အညအနက်ကိုဟောရာ၌ဒုကအပြစ်ရောက်ပုံကား။

စေတသိကာဓမ္မာ,နစေတသိကာဓမ္မာ–ဟူသော ဒုက်၌ နစေတသိ ဓမ္မာဟူသောပုဒ်ဖြင့် စေတသိက်မှတပါးအလုံးစုံသောတရားတို့ကိုယူ ရသကဲ့သို့၊ဤအကုသလာဓမ္မာ-ဟူသောပုဒ်ဖြင့်လည်းကုသိုလ်မှတပါး အလုံးစုံသော တရားတို့ကို ယူရမည် ဖြစ်သောကြောင့် စေတသိက ဒုက်စသည်နှင့်တူစွာ ဒုက်သာဖြစ်သင့်ရာ၏၊ တိက်ကား မဖြစ်နိုင်ရာ။ ထို့ကြောင့် ဒုကအပြစ်ရောက်၏။ ဤသို့အညအနက်ကို ဟောခဲ့သော် ဒုက အပြစ် ရောက်ရာ သောကြောင့် အညအနက်ကိုလည်း မဟော ဟုမှတ်။

### ပဋိပက္ခအနက်ကိုဟောခြင်းအကြောင်းကား။

အဗျာကတာဓမ္မာ–ဟူသော တတိယရာသိကို ဟောတော်မူသော ကြောင့် အကုသလာဓမ္မာ၌ အသဒ္ဒါသည် ကုသိုလ်၏ ဆန့်ကျင်ဘက် အနက်ကို ဟော၏ဟု သိလေ။

**ဥဒါဟရဏ်**....အဆွေခင်ပွန်း၏ ဆန့်ကျင်ဘက် ဖြစ်သော သူကို အမိတ္တရန်သူဟု ဆိုရသော လောကူပမာ၊လောဘ၏ ဆန့်ကျင်ဘက် ဖြစ်သောတရားကို အလောဘဟု ဆိုအပ်သော သာသနူပမာတို့၌ အ သဒ္ဒါတို့သည် ပဋိပက္ခအနက်ကို ဟောကုန်သကဲ့သို့မှတ်။

**တနည်း**....အကုသလာဓမ္မာ၌ အကုသလ သဒ္ဒါသည် ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်၌ ထင်သည်၏ အဖြစ် ကြောင့် ပဋိပက္ခအနက်ကို ဟော၏ဟူ၍လည်းမှတ်။

**ဤကား**....တတ္ထ နိရူဠတ္တာ စ န ဋ္ဌတရဝစနတာ=ဟူသော မူလ ဋီကာနှင့်အညီတည်း။

တတ္ထ၊ထိုအကုသိုလ်စိတ္တုပ္ပါဒ်၌။နိရူဠတ္တာစ၊အကုသလသဒ္ဒါ၏ဝါစ ကအနက်အဖြစ်ဖြင့်ထင်သည်၏အဖြစ်ကြောင့်လည်း။ဋ္ဌတရဝစနတာ၊ ပဋိပက္ခအနက်မှတပါး အဘာဝ အညအနက်ကို ဟောသည်၏ အဖြစ် သည်။နဟောတိ၊မဖြစ်သင့်။

## ကုသိုလ်နှင့်အကုသိုလ်ဆန့်ကျင်ဘက်ဖြစ်ပုံကား။

ဆန့်ကျင်ဘက်ဟူသည် ကိစ္စလက္ခဏာအားဖြင့်ဆန့်ကျင်ဘက်တမျိုး၊ပဟာယကပဟာတဗ္ဗအဖြစ်ဖြင့် ဆန့်ကျင်ဘက်တမျိုးအားဖြင့်နှစ်မျိုးရှိရာ၊ဤ၌ကိစ္စလက္ခဏာအားဖြင့်လည်းဆန့်ကျင့်၏။ကုသိုလ်တရားတို့သည် အကုသိုလ်တရားတို့ကို ပယ်တတ်သောကြောင့် ပဟာယက, အကုသိုလ် တရားတို့ကား ပယ်အပ်သောကြောင့် ပဟာတဗ္ဗ၊ ဤသို့ ပဟာယက ပဟာတဗ္ဗအဖြစ်ဖြင့်လည်း ဆန့်ကျင်၏ဟုမှတ်။

**ဤကား**.... တပ္ပဋိပက္ခဘာဝေါစ ဝိရုဒ္ဓသဘာဝတ္တာ တပ္ပဟေယျဘာဝတောစ ဝေဒိတဗ္ဗော၊နကုသလဝိနာသနတော=ဟူသော မူလဋီကာနှင့်အညီတည်း။

တပ္ပဋိပက္ခဘာဝေါစ၊ ထိုကုသိုလ်အကုသိုလ်တို့၏ ဆန့်ကျင်ဘက်အဖြစ်ကိုလည်း။ဝိရုဒ္ဓသဘာဝတ္တာစ၊ကိစ္စလက္ခဏာအားဖြင့် ဆန့်ကျင်သော သဘောရှိသည်၏အဖြစ်ကြောင့်ရင်း။တပ္ပဟေယျဘာဝတောစ၊ ထိုအကုသိုလ်ကို ပယ်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ဝေဒိတဗ္ဗော၊၏။ ကုသလဝိနာသနတော၊ ကုသိုလ်ကို ဖျက်ဆီး တတ်သောကြောင့်။န၊ မဟုတ်။

**မု**....အကုသိုလ်သည် ကုသိုလ်ကို မပယ်နိုင်သည် ဖြစ်၍ ကုသိုလ်ကသာ အကုသိုလ်ကိုအဘယ်ကြောင့် ပယ်နိုင်သနည်းဟုမေး။

**ဖြေ**....အကုသိုလ်သည် အားမရှိသောကြောင့် ကုသိုလ်ကို မပယ်နိုင်၊ ကုသိုလ်ကား အလွန်အားရှိ သောကြောင့် အကုသိုလ်ကို ပယ်နိုင်၏ဟုဖြေ။

**ဤကား**....မဟာဗလဝတာယ=ဟူသောမူလဋီကာဟိတ်ပါဌ်နှင့်အညီတည်း။အနက်လွယ်ပြီ။

**စကားချုပ်**....အကုသိုလ်၏ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာကို ကုသိုလ်မှ ပြန်သောအားဖြင့် သိလေ။

အကုသလသဒ္ဒါနှင့်စပ်သောစကားရပ်ပြီး၏။

## အဗျာကတပုဒ်တို့ကိုအကျယ်ပြခြင်း။

မု....အဘယ်ကြောင့် "အဗျာကတ" မည်သနည်းဟုမေး။

ဝိ....ကုသိုလ် အကုသိုလ်တို့၏ အဖြစ်အားဖြင့် မဟောမဆို အပ်သောကြောင့် "အဗျာကတ" မည်၏ဟုဖြေ။

**ဤကား**....န ဗျာကတာတိ အဗျာကတာ၊ ကုသလာကုသလဘာဝေန အကထိတာတိ အတ္ထော=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဗျာကတာ၊ ကုသိုလ် အကုသိုလ်တို့၏ အဖြစ်အားဖြင့် ဟောကြားအပ်ကုန်သည်။နမဟုတ်ကုန်။ ဣတိ-တသ္မာ၊ထို့ကြောင့်။အဗျာကတာ၊ အဗျာကတ မည်ကုန်၏။ ကုသလာကုသလဘာဝေန၊ ကုသိုလ်-အကုသိုလ်တို့၏ အဖြစ်အားဖြင့်။အကထိတာ၊မဟောကြားအပ်ကုန်။ဣတိ-အယံ၊ဤသည်ကား။အတ္ထော၊အနက်တည်း။

ဗျာကရိယန္တိ ကထိယန္တီတိ ဗျာကတာ=ဟူပြု။ ကုသိုလ် အကုသိုလ်ဗိဇ္ဇူပ္ပါဒ်တို့ကိုအရကောက်။ ။န ဗျာကတာတိ အဗျာကတာ=ဟုတွဲစပ်။....ဝိပါက်စိတ်ဆတ္တိံသ,ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတိံသ,ရုပ်အဋ္ဌဝီသ,နိဗ္ဗာန်တို့ကို အရကောက်။

**တနည်း**....ဝိရောဓာဘိမုခါ ကတာတိ ဗျာကတာ-ဟုပြု။ ဝိ, အာ, ပုဗ္ဗ၊ကရဓာတ်,တပစ္စည်းတည်း။....ရှေးအတိုင်းအရကောက်။

**အဓိပ္ပါယ်**....ကုသိုလ်၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရ,အကုသိုလ်၏ အကြောင်းဖြစ်သော အယောနိသောမနသိကာရတို့သည် လက္ခဏာ ဆန့်ကျင်သော အားဖြင့်ရင်း၊ ဖျက်ဆီးတတ်ဖျက်ဆီးအပ်သည်၏ အဖြစ်အားဖြင့်ရင်း၊ အချင်းချင်းဆန့်ကျင်ခြင်းသို့ ရှေးရှုကုန်သည်ဖြစ်၍ ကုသိုလ် အကုသိုလ် တရားတို့ကို ဖြစ်ပေါ်လာအောင် ပြုပြင် ကြကုန်၏။ ထိုယောနိသော မနသိကာရ စသော အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်ရကား-ကုသိုလ်အကုသိုလ်တို့သည် ဗျာကတမည်ကုန်၏ဟူလို။

နဗျာကတာတိ အဗျာကတာ ဟု တွဲစပ်လေ။.... ရှေးအတိုင်းပင်အရကောက်။

**အနိဋ္ဌါယ်....**ကုသိုလ်–အကုသိုလ်တို့သည် အချင်းချင်းဆန့်ကျင်ကုန်သကဲ့သို့၊ ဝိပါက် စသောတရားတို့သည် မဆန့်ကျင်ကုန်။ ပဟာယက ပဟာတဗ္ဗတို့လည်းမဟုတ်ကုန်။ ထို့ကြောင့် အဗျာကတမည်ကုန်၏ဟူလို။...ဤအဗျာကတာ ဓမ္မာ ဟူသော ပုဒ်၌– အသဒ္ဒါသည် ကုသိုလ်အကုသိုလ်တို့မှတပါး ဟူသော အညအနက်ကိုဟော၏။.... လက္ခဏာအားဖြင့်ကား။ အဝိပါကလက္ခဏာရှိ၏ဟုမှတ်။

**ဤကား....** အဝိပါကလက္ခဏာ အဗျာကတာ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။ ။အနက်လွယ်ပြီ။

အဗျာကတသဒ္ဒါနှင့်စပ်သောစကားရပ်ပြီး၏။

---

### အာဒိလဒ္ဓနာမတိက်စသည်မည်ပုံကိုပြခြင်း။

မု....အဘယ်ကြောင့် "အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက်" မည်သနည်းဟုမေး။

ဝိ....အစပုဒ်ဖြင့် ရအပ်သော အမည်ရှိသောကြောင့် "အာဒိလဒ္ဓနာမတိက်" အလုံးစုံသော ပုဒ်ဖြင့် ရအပ်သော အမည်ရှိသောကြောင့်"သဗ္ဗလဒ္ဓနာမတိက်"မည်၏ဟုဖြေ။

**ဤကား ...** အယံ တာဝ အာဒိပဒေန လဒ္ဓနာမော ကုသလတ္တိကောနာမ။ အယံ သဗ္ဗပဒေဟိ လဒ္ဓနာမော ဝေဒနာတ္တိကော နာမ၊ ဧဝံ အာဒိပဒဝသေန ဝါ သဗ္ဗပဒဝသေန ဝါ သဗ္ဗေသံ တိကဒုကာနံ နာမံ ဝေဒိတဗ္ဗံ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

တာဝ၊ ရှေးဦးစွာ။ အယံ၊ ဤကုသလာဓမ္မာအစရှိသောတိက်သည်။ အာဒိပဒေန၊ အစပုဒ်ဖြင့်။ လဒ္ဓနာမော၊ ရအပ်သော အမည်ရှိသော။ ကုသလတ္တိကောနာမ၊ ကုသလတိက်မည်၏။ အယံ၊ ဤသုခါယဝေဒနာယသမ္ပယုတ္တာဓမ္မာစသောတိက်သည်။ သဗ္ဗပဒေဟိ၊ အလုံးစုံသောပုဒ်တို့ဖြင့်။ လဒ္ဓနာမော၊ ရအပ်သော အမည်ရှိသော။ ဝေဒနာတ္တိကောနာမ၊ ဝေဒနာတိက်မည်၏။ ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အာဒိပဒဝသေန ဝါ၊ အစပုဒ်၏အစွမ်းအားဖြင့်၎င်း။ သဗ္ဗပဒဝသေန ဝါ၊ အလုံး

ရုံသော ပုဒ်တို့၏ အစွမ်းအားဖြင့်ဇင်း။ သဗ္ဗေသံ၊ အလုံးရုံကုန်သော၊ တိကဒုကာနံ၊ တိက်ဒုက်တို့၏။ နာမံ၊ အမည်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အာဒိပဒေန လဒ္ဓံ နာမံ ယဿာတိ အာဒိလဒ္ဓနာမော။.... သဗ္ဗပဒေဟိ လဒ္ဓံ နာမံ ယဿာတိ သဗ္ဗလဒ္ဓနာမော=ဟူ၍ဇင်း။ လဒ္ဓံ နာမံ ယဿာတိ လဒ္ဓနာမော၊ အာဒိပဒေန လဒ္ဓနာမော အာဒိလဒ္ဓနာမော=ဟူ၍ဇင်းပြု။....သဗ္ဗလဒ္ဓနာမလည်းနည်းတူပြီ။

## သပ္ပဒေသ,နိပ္ပဒေသ,မည်ပုံကိုပြဆိုခြင်း။

မု.... အဘယ်ကြောင့် "သပ္ပဒေသတိက်, နိပ္ပဒေသတိက်" မည်သနည်းဟုမေး။

ဖ....ကြွင်းသောပရမတ္ထတရားရှိသောကြောင့်"သပ္ပဒေသတိက်" မည်၏။ ကြွင်းသော ပရမတ္ထတရားမရှိသောကြောင့် "နိပ္ပဒေသတိက်" မည်၏ဟုဖြေ။

**ဤကား** .... ဓမ္မာနံ သာဝသေသနိရဝသေသဘာဝေန တိကဒုကာနံ သပ္ပဒေသနိပ္ပဒေသတာ ဝုတ္တာတိ ယေဟိ တိကဒုကာ သာဝသေသာတိ ပဒိဿန္တိ တေ အသင်္ဂဟိတာ ဓမ္မပဒေသော=ဟူသော အနုဋီကာနှင့်အညီတည်း။

ဓမ္မာနံ၊ ပရမတ္ထတရားတို့၏။ သာဝသေသနိရဝသေသဘာဝေန၊ အကြွင်းရှိသည်၏အဖြစ်, အကြွင်းမရှိသည်၏အဖြစ်ဖြင့်။ တိကဒုကာနံ၊ တိက်ဒုက် တို့၏။ သပ္ပဒေသနိပ္ပဒေသတာ၊ သပ္ပဒေသ- နိပ္ပဒေသ၏ အဖြစ်ကို။ ဝုတ္တာ၊ ဆိုအပ်၏။ ဣတိ- တသ္မာ၊ ထို့ကြောင့်။ ယေဟိ၊ အကြင်တရားတို့ဖြင့်။ တိကဒုကာ၊ တိက်ဒုက်တို့ကို။ သာဝသေသာတိ၊ အကြွင်းရှိကုန်၏ဟူ၍။ ပဒိဿန္တိ၊ ညွှန်းအပ်ကုန်၏။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ ပဒေသော၊ ပဒေသမည်သည်။ ဝါ၊ ကြွင်းသောတရားမည်သည်။ ဟောတိ၊ ဖြစ်၏။

ပဒိဿန္တီတိ ပဒေသာ။.... အတ္ထိ ပဒေသာ ယဿာတိ သပ္ပဒေသော= ဟုပြု။.... ရေတွက်အပ်သော ကြွင်းသော ပရမတ္ထတရားရှိသောတိက်သည် သပ္ပဒေသတိက်မည်၏ဟူလို။

**ဇ**....ကြွင်းသော ပရမတ္ထတရား အစိတ်ရှိသောကြောင့်- သပ္ပဒေသတိက်မည်၏ဟူ၍လည်းတနည်းဖြေ။

**ဤကား**.... အထဝါ ပဒိဿတိ ဧတေန သမုဒါယောတိ ပဒေသော၊ အဝယဝေါ=ဟူသော အနုဋီကာနှင့်အညီပင်တည်း။

ဧတေန၊ ဤပရမတ္ထ တရား အစိတ်ဖြင့်။ သမုဒါယော၊ အပေါင်းကို။ ပဒိဿတိ၊ ညွှန်းအပ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပဒေသော၊ ပဒေသမည်၏။ အဝယဝေါ၊ အစိတ်ကို။ လဗ္ဘတိ၊ ရအပ်၏။

**အဓိပ္ပါယ်** .. တိက်ပုဒ်အရ၌ မပါကြွင်းကျန်သောတစိတ်တဒေသဖြစ်သော တရားရသည် သင်တို့သုံးပုဒ်လုံး၏ အရေအတွက်ဖြစ်သော တရားရတို့၌ ငါတို့မပါ ကြွင်းကျန်နေ၏မဆိုသော်လည်း ဆိုဘိသကဲ့သို့ဖြစ်ရကား-ကြွင်းကျန်၏ဟု ညွှန်ပြကြောင်းဖြစ်သော တစိတ်တဒေသတရားရသည် သပ္ပဒေသမည်၏ဟူလို။

**ဤအလို** ...ပဒိဿတိ ဧတေနာတိ ပဒေသော။.... အတ္ထိ ပဒေသော ယဿာတိ သပ္ပဒေသော= ဟု ပြုလေ။.... သလောမကော၊ အမွေးရှိသော လူ, သပက္ခကော၊ ရှည်သော အတောင်ရှိသောငှက်, စသောပုဒ်တို့၌ သ-သဒ္ဒါသည် ဝိဇ္ဇမာန အနက်ကိုဟောသကဲ့သို့၊ ဤဝစနတ္ထ၌လည်း သ-သဒ္ဒါသည် ဝိဇ္ဇမာနအနက်ကိုဟော၏ဟုမှတ်။.... နိပ္ပဒေသကို သပ္ပဒေသမှပြန်သောအားဖြင့်သိလေ။

ကုသလတိက်ကိုပြဆိုသောအခဏ်းပြီး၏။

---

## ဝေဒနာတိက်ကိုပြဆိုသောအခဏ်း။

ကုသလတိက်ကို....မှဲ၍ ဝေဒနာတိက်ကို-၏။....

### ယောဟာနိကား။

(ပ)....သုခါယဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။
(ဒု)....ဒုက္ခာယဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။
(တ)....အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။....တည်း။
သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တာ၊အညီ

အညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့်ယှဉ်ကုန်သော။ဓမ္မာ၊–တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဒုက္ခာယ၊ ဒုက္ခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တာ၊ အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော။ ဓမ္မာ၊–တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

အဒုက္ခမသုခါယ၊ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော။ဝါ၊ ဒုက္ခမှလည်းတပါး, သုခမှလည်း တပါးသော။ ဝေဒနာယ၊ နှင့်။ သမ္ပယုတ္တာ၊ ကုန်သော။ ဓမ္မာ၊–တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(ပ)....အရကား– သုခသဟဂုတ်စိတ်-၆၃–ခု၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်–စေ–ဆစတ္တာလီသ ရ၏။....၃-၂-၃-၃။

(ဒု)....အရကား–ဒုက္ခသဟဂုတ်စိတ်-၃-ခု၊ ဝေဒနာ, ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ ကြဉ်– စေ– ဧကဝီသ ရ၏။.... ၃-၂-၃-၁။

(တ)....အရကား– ဥပေက္ခာ သဟဂုတ် စိတ်-၅၅–ခု၊ ဝေဒနာ, ပီတိ, ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်–စေ–ဆစတ္တာလီသရ၏။....၃–၂–၄–၃။

**တိက်မှတ်ကား**.... သုခဝေဒနာ–၆၃၊ ဒုက္ခဝေဒနာ–၃၊ ဥပေက္ခာဝေဒနာ–၅၅၊ ရုပ်, နိဗ္ဗာန်တည်း။

## တိကန္တရဒေသနာကိုပြခြင်း။

**မု**.... ကုသလတိက်၏ အခြားမဲ့၌ "ဝေဒနာတိက်ကို" အဘယ်ကြောင့်ဟောတော်မူသနည်းဟုမေး။

**ဝိ**....အဝိတ်အဝိတ် ဖြစ်ကုန်သော ကုသိုလ် စသော တရားတို့ကို ဝေဒနာအပြားအားဖြင့် ခွဲခြမ်း ဝေဘန်အပ်သည်ရှိသော် များသော အပြားရှိသည်၏အဖြစ်ကို ပြလိုသောကြောင့် ကုသလတိက်၏ အခြားမဲ့၌ ဝေဒနာတိက်" ကိုဟောတော်မူ၏ဟုဖြေ။

**ဤကား**....အဝယဝါနံ အနေကဘေဒတာဒဿနတ္ထာ တိကန္တရဒေသနာ=ဟူသော အနုဂီကာနှင့် အညီတည်း။

တိကနွှရဒေသနာ၊ တိက်တပါးကို ဟောခြင်းသည်။ ဝါ၊ ကုသလတိက်၏အခြားမဲ့၌ ဝေဒနာတိက်ကို ဟောခြင်းသည်။ဝါ၊ဝေဒနာတိက်၏ အခြားမဲ့၌ ဝိပါကတိက်ကို ဟောခြင်းသည်။ အဝယဝါနံ၊ ကုသိုလ်စသော အစိတ်အစိတ်တရားတို့၏။အနေကဘေဒဘာဒဿနတ္ထာ၊ များသောအပြားရှိသည့်၏အဖြစ်ကိုပြခြင်းအကျိုးရှိသည်။ ဟောတိ၊ဖြစ်၏။

**စကားချုပ်**....တိက်တခုမှ တခုသို့ ကူးပြောင်း၍ ဟောသောအရာတိုင်း ဤနည်းဖြင့် သိမှတ် အပ်၏။....အကျယ်ကို အလိုရှိက အနုဋီကာကိုရှု။

ဤကား-တိကနွှရဒေသနာကိုပြဆိုသော စကားရပ်အပြီးတည်း။

---

**သုခစသည်တို့၏အစိပ္ပါယ်နှင့်တကွဝစနတ္ထကိုပြဆိုချက်။**

ပု....အဘယ်ကြောင့် "သုခ" မည်သနည်းဟုမေး။

ဖြ....ကိုယ်စိတ်နှစ်ပါးကို ချမ်းသာစေတတ် သောကြောင့် "သုခ" မည်၏ဟုဖြေ။

ကာယစိတ္တံ သုခယတီတိ သုခါ=ဟုပြု။.... သုခဓာတ်, အ-ပစ္စည်းတည်း ...သုခသဟဂုတ်စိတ်-၆၃-ချ၌ရှိသော ဝေဒနာစေတသိက်ကိုအရကောက်။

ဖြ....ကိုယ်စိတ်၏ ကျင်နာခြင်းကို ကောင်းစွာ တူးဖြို တတ်သောကြောင့် "သုခ" မည်၏ဟူ၍လည်းဖြေ။

ကာယစိတ္တာဗာဓံ သုဋ္ဌု ခနတီတိ သုခံ=ဟုပြု။....သုပုဗ္ဗ-ခနုဓာတ်, ကွိပစ္စည်းတည်း။

**ဖံဆူး**....ဤဝစနတ္ထ၌-ကာယအရ-ကရဇကာယကိုယူ၊စိတ္တအရ-သညာ-သင်္ခါရ-ဝိညာဏ်ကို ယူရမည်ဟုမှတ်။

**ဤကား**....သမ္ပယုတ္တေ ဝတ္ထုံဇ ကရဇကာယံ သုခယတိ = ဟူသော မူလဋီကာနှင့်အညီတည်း။ ။အနက်လွယ်ပြီ။

ဖြ....ချမ်းချမ်း သာသာ သည်းခံအပ်သောကြောင့် "သုခ" မည်၏ဟူ၍လည်းဖြေ။

ခမိတဗ္ဗန္တိ ခံ။....သုခေန ခံ သုခံ=ဟု တွဲစပ်လေ။

**ဝိ**....ပြုလွယ်သော အခွင့်ပေးခြင်း ရှိသောကြောင့် "သုခ" မည်၏ ဟူ၍လည်းဖြေ။

သု-သုကရံခံသြကာသဒါနံယဿာတိ သုခံ= ဟု တွဲစပ်လေ။.... ရှေးနည်းအတိုင်းပင် အရကောက်လေ။

ဤကားသုခနှင့်စပ်သောစကားရပ်အပြီးတည်း။

**မု**....အဘယ်ကြောင့် "ဝေဒနာ" မည်သနည်းဟုမေး။

**ဝိ**....အာရုံ၏အရသာကို ခံစားတတ်သောကြောင့်"ဝေဒနာ"မည် ဟုဖြေ။

ဝေဒယတိ အာရမဏရသံ အနုဘဝတီတိ ဝေဒနာ=ဟုပြု။

**ဝိ**....ဝေဒနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အာရုံ၏ အရသာကို ခံစားကြောင်းဖြစ်သောကြောင့် "ဝေဒနာ" မည်၏ဟူ၍လည်း ဖြေ။

**ဤအလို**....ဝေဒိယန္တိ ဧတာယာတိဝေဒနာ=ဟုပြု။

**တနည်းကား။**

**ဝိ**....ခံစားခြင်းမျှဖြစ်သောကြောင့်"ဝေဒနာ"မည်၏ဟူ၍လည်းဖြေ။

**ဤအလို**....ဝေဒိယတေ ဝေဒနာ=ဟု ဘာဝသာဓ်ပြုလေ။

ဤကား-ဝေဒနာနှင့်စပ်သောစကားရပ်အပြီးတည်း။

**မု**....အဘယ်ကြောင့် "သမ္ပယုတ္တ" မည်သနည်းဟုမေး။

**ဝိ**....အညီအညွတ်အတူတကွ ဧကုပ္ပါဒအစရှိသော အပြားတို့ဖြင့် ယှဉ်ခြင်းကြောင့် "သမ္ပယုတ္တ" မည်၏ဟုဖြေ။

သမံ ပကာရေဟိ ယုဇ္ဇန္တီတိ သမ္ပယုတ္တာ=ဟူ၍ငင်း။....ယုဇ္ဇန္တီတိ ယုတ္တာ။.... ဧကုပ္ပါဒါဒီဟိ ပကာရေဟိ ယုတ္တာတိ ပယုတ္တာ။....သမံ ပယုတ္တာ သမ္ပယုတ္တာ=ဟူ၍ငင်းပြု။

ဤကား-သမ္ပယုတ္တနှင့်စပ်သောစကားရပ်အပြီးတည်း။

## ဝေဒနာစသည်ကြဉ်ခြင်းအကြောင်းကိုပြခြင်း။

မု....အဘယ်ကြောင့် "ဝေဒနာ" ကိုကြဉ်သနည်းဟုမေး။

ဝိ....ဝေဒနာနှင့် ယှဉ်သော တရားကို ကောက်ရကား- ဝေဒနာ သည် တပါးတည်းဖြစ်၍ ယှဉ်ဘက် ဝေဒနာတပါး မရှိသော ကြောင့် ကြဉ်ရ၏ဟုဖြေ။....(နောက်နောက်သော ပုဒ်တို့တွင် မယှဉ်ရာ၌ ဤနည်းအတိုင်းဖြေ။)

မု...."ဒေါသ"စသောစေတသိက်တို့ကို အဘယ်ကြောင့်ကြဉ်သ နည်းဟုမေး။

ဝိ...."ဒေါသ"စသော စေတသိက်တို့သည် မိမိတို့၏မှီရာစိတ်မရှိ သောကြောင့် ကြဉ်ရ၏ဟုဖြေ။

မု....အဘယ်ကြောင့်ဝေဒနာနှင့်ယှဉ်သော"ရုပ်"တို့ကိုမကောက် ပါသနည်းဟုမေး။

ဝိ....သံယုတ္တဟု သာမညအားဖြင့် မဟောမူ၍ ဧကုပ္ပါဒစသော သမ္ပယောဂ လက္ခဏာ လေးပါးကို ပြတတ်သော ပကာရ အနက်ရှိသော ပသဒ္ဒါနှင့်ယှဉ်၍-သမ္ပယုတ္တဟု ဟောတော်မူ ခြင်းကြောင့်"ရုပ်"ကို မကောက်ရဟုဖြေ။ ...(နောက်နောက် သောပုဒ်တို့၌လည်း ဤနည်းအတိုင်းဖြေ။)

ဤကား-ပဌမပဒနှင့်စပ်သောစကားရပ်အပြီးတည်း။

---

## ဒုတိယပဒကိုပြဆိုချက်။

မု ...အဘယ်ကြောင့် "ဒုက္ခ" မည်သနည်းဟုမေး။

ဝိ....ကိုယ်စိတ် နှစ်ပါးကို ဆင်းရဲစေတတ် သောကြောင့် "ဒုက္ခ" မည်၏ဟုဖြေ။

ကာယစိတ္တံ ဒုက္ခယတီတိ ဒုက္ခာ=ဟု ဝစနတ္ထပြု။

ဝိ .. စက်ဆုပ်အပ်သည်ဖြစ်၍ ကိုယ်စိတ်၌ဖြစ်သော ချမ်းသာကို တူးဖြိုတတ်သောကြောင့်"ဒုက္ခ"မည်၏ဟူ၍လည်းဖြေ။

ဤအလို....ခနတီတိ ခံ။....ဒု-ကုစ္ဆိတံ ခံ ဒုက္ခံ=ဟု တွဲစပ်လေ။

**ဝိ** ...ဆင်းရဲသဖြင့် သည်းခံအပ်သောကြောင့်"ဒုက္ခ"မည်၏ဟူ၍ လည်းဖြေ။

**ဤအလို** ...ခမိတဗ္ဗန္တိ ခံ။....ဒုက္ခေန ခံ ဒုက္ခံ=ဟု တွဲစပ်လေ။

**ဝိ**....ပြုနိုင်ခဲသော အခွင့်ပေးခြင်း ရှိသောကြောင့် "ဒုက္ခ" မည်၏ ဟူ၍လည်းဖြေ။

**ဤအလို**....ဒု-ဒုက္ကရံခံ-ဩကာသဒါနံယဿာတိ ဒုက္ခံ=ဟု တွဲစပ်လေ။ ...အလုံးစုံသောဝစနတ္ထတို့၌ဒုက္ခအရကို ဒုက္ခသဟဂုတ် ဗိတ်-၃-ချွန်ရှိသော ဒုက္ခဝေဒနာစေတသိက်ကို အရကောက်။

ဤကား-ဒုတိယပဒနှင့်စပ်သောစကားရပ်အပြီးတည်း။

---

### တတိယပဒကိုပြဆိုချက်။

မု... အဘယ်ကြောင့် "အဒုက္ခမသုခ" မည်သနည်းဟုမေး။

**ဝိ**....ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သောကြောင့် "အဒုက္ခ မသုခ" မည်၏ဟုဖြေ။

န ဒုက္ခာ အဒုက္ခာ၊....န သုခါ အသုခါ၊....အဒုက္ခာစ သာ အသုခါ စာတိအဒုက္ခမသုခါ=ဟုတွဲစပ်။

**အဓိပ္ပါယ်** .... ဒုက္ခဝေဒနာမှလည်းတပါး, သုခဝေဒနာမှလည်း တပါးဖြစ်သောဥပေက္ခာဝေဒနာသည် အဒုက္ခမသုခမည်၏။....ဤဝစ နတ္ထ၌ အဒုက္ခအသုခဟုဆိုအပ်လျက်ရှုတ်ဆို၍လွယ်ကူစေခြင်းအကျိုး ငှါမ,အက္ခရာလာထားသော အာဂမသန္ဓိတည်းဟုမှတ်။

ဤကား-တတိယပဒကိုပြဆိုသောစကားရပ်အပြီးတည်း။

---

### ဝါကျကိုပဒခေါ်ခြင်းအကြောင်းကိုပြခြင်း။

မု...ဝိဘတျန္တံပဒံ-ဟူသော ပရိဘာသာနှင့်အညီ ကုသလာဓမ္မာ စသည်၌နှစ်ပုဒ်ဖြစ်သကဲ့သို့၊ ဤသုခါယဝေဒနာယသမ္ပယုတ္တာ ဓမ္မာ-ဟူသော ဝါကျ၌လည်း လေးပုဒ်စီရှိရကား-၁၂-ပုဒ်ဖြစ် ပါလျက် အဘယ်ကြောင့် သုံးပုဒ်ဟူ၍ဆိုနိုင်ပါသနည်းဟုမေး။

**ဖြေ**....ဝိဘတျန္တပဒကိုသာလျှင် ပုဒ်ဟူ၍ ခေါ်ရသည်မဟုတ်သေး၊ ပုဒ်တို့၏ အပေါင်းကိုလည်း ပုဒ်ဟူ၍ခေါ်နိုင်ရကား ဤတိက်၌ ပဒသမုဒါယဖြစ်သောဝါကျကို ပုဒ်ဟုဆိုလိုသောကြောင့် သုံးပုဒ်ဟူ၍ခေါ်နိုင်၏ဟုဖြေ။

**ဤကား**....အဓိပ္ပေတပကာရဏ္ဍဂမသဿပဒသမုဒါယဿပဒတ္တာ= ဟူသော မူလဋီကာနှင့်အညီတည်း။

အဓိပ္ပေတပကာရဏ္ဍဂမဿ၊ အလိုရှိသောအပြားဟုဆိုအပ်သော အနက်ကိုသိစေတတ်သော။ ပဒသမုဒါယဿ၊ပုဒ်အပေါင်း၏။ပဒတ္တာ၊ ဝါကျပုဒ်၏အဖြစ်ကြောင့်။ ယုတ္တာ၊ ပုဒ်ဟုခေါ်သင့်၏။

**အဓိပ္ပါယ်**.... မိမိသည် အလိုရှိသော သုခသဟဂုတ်စိတ်-၆၃-ခု၊ စေတသိက်ဆဲစတ္တာလီသဟုဆိုအပ်သော အနက်ကိုသိစေအပ်သည် ကား-သုခ စသော အသီးအသီးသော ဝိဘတျန္တပုဒ်တို့ဖြင့် အပြည့် အစုံမသိနိုင်၊ သုခါယဝေဒနာယသမ္ပယုတ္တာဓမ္မာဟူသော ဝိဘတျန္တ ပုဒ်အပေါင်းဖြစ်သော ဝါကျပုဒ်ဖြင့်သာ သိနိုင်ရကား၊ ၎င်းဝိဘတျန္တ ပုဒ်လေးခုအပေါင်းဖြစ်သော ဝါကျကိုပင်ပုဒ်ဟူ၍ဆိုရ၏။ ထို့ကြောင့် သုံးပုဒ်ဟူ၍ခေါ်နိုင်၏ဟူလို။

**မေး**....သုံးပုဒ်၏အစိတ်ဖြစ်သော ဝေဒနာသဒ္ဒါဖြင့်ဝေဒနာတိက်ဟူ၍ အမည်ရပါလျက်အဘယ်ကြောင့် "သဗ္ဗလဒ္ဓနာမတိက်" ဟူ၍ ခေါ်နိုင်ပါသနည်းဟုမေး။

**ဖြေ**....ပုဒ်သုံးခု၏ အစိတ်ဖြစ်သော ဝေဒနာသဒ္ဒါကို အပေါင်းဖြစ် သော သုံးပုဒ်လုံးအပေါ်၌တင်စား၍ ဥပစာအားဖြင့် ဆိုသော ကြောင့် "သဗ္ဗလဒ္ဓနာမတိက်" ဟူ၍ခေါ်နိုင်၏ဟုဖြေ။

**အဓိပ္ပါယ်**....သုခါယဝေဒနာယသမ္ပယုတ္တာဓမ္မာစသော ပုဒ်သုံးခု အပေါင်း၌ ဝေဒနာသဒ္ဒါ တည်ရှိသည်၏ အဖြစ်ကြောင့် ထိုသုံးပုဒ် အပေါင်း၌တည်ရှိသောအစိတ်ဖြစ်သော ဝေဒနာသဒ္ဒါဖြင့်ရအပ်သော အမည် ရှိသော်လည်း အစိတ်ဖြစ်သော ဝေဒနာသဒ္ဒါ၏ အမည်ကို အပေါင်းဖြစ်သော ပုဒ်သုံးခု၌တင်စား၍ အပေါင်းဖြစ်သောပုဒ်သုံးခုကို လည်း ဝေဒနာဟုခေါ်ဆိုနိုင်ရကား ဧကဒေသူပစာအားဖြင့် အလုံးစုံ သောပုဒ်တို့ဖြင့် ရအပ်သောအမည်ရှိသော တိက်ဟူ၍ ခေါ်ဆိုနိုင်၏ ဟူလို။

**ဤကား** ... သဗ္ဗပဒေဟိ လဒ္ဓနာမော တိတိသုပ်ပဒေသုဝေဒနာ
သဒ္ဒသ ဝိဇ္ဇမာနတ္တာတေန လဒ္ဓနာမော သဗ္ဗပဒေဟိ လဒ္ဓနာ
မော ဟောတိ=ဟူသော မူလဋီကာနှင့်အညီတည်း။

သဗ္ဗပဒေဟိ လဒ္ဓနာမော တိ၊ သဗ္ဗပဒေဟိ လဒ္ဓနာမော ဟူသည်။ တိသုပိပဒေသု၊ သုံးပါးသောပုဒ်တို့၌လည်း။ ဝေဒနာသဒ္ဒသ၊ ဝေဒနာသဒ္ဒါ၏။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားသည်၏ အဖြစ်ကြောင့်။ တေန၊ ထို ဝေဒနာသဒ္ဒါဖြင့်။ လဒ္ဓနာမော၊ ရအပ်သော အမည်ရှိသော တိက် သည်။ သဗ္ဗပဒေဟိ၊ အလုံးစုံသောပုဒ်တို့ဖြင့်။ လဒ္ဓနာမော၊ ရအပ် သောအမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။

**ထင်စွာပြဦးအံ့**...တမူးသား တမတ်သား တကျပ်သား စသည် ဖြင့် သော်စပ်အပ်သော ငြုပ် ပိတ်ချင်း လေးညှင်း စသော ဆေးရကို ထောင်းထု၍ ပေါင်းစပ်ရောနှောကြိတ်အပ်သည်ဖြစ်၍၊ ညီမျှသမသော ဆေးမှုန့်၏ ဓုချဖြစ်သော သမံပုဏ္ဏံ ဟူသော အမည်ကို မထောင်းထု ရသေးသောကြောင့် မညီမျှမသမသေးသော အသီးအသီးတရစီသာ ရောနှောထားခါမျှဖြစ်၍ တစ်တ်တဒေသ ညီမျှသောဆေးရ၌ တင်စား ၍ရင်းဆေးရကိုပင်သမံရဏ္ဏံဟုခေါ်သကဲ့သို့၊ထို့အတူသုံးပုဒ်အပေါင်း ၌တည်ရှိသော တစ်တ်တဒေသဖြစ်သော ဝေဒနာသဒ္ဒါကို ပုဒ်သုံးခု အပေါင်း၌တင်စား၍ ဝေဒနာတိက်ဟုခေါ်ရကား-သဗ္ဗလဒ္ဓနာမတိက် ဟုဆိုနိုင်၏။

**ဤကား** ...အဝယဝဓမ္မေနာပိ သမုဒါယသ အပဒိသိတဗ္ဗတော ယထာ သမံဒုဏ္ဏာနိ=ဟူသော အနုဋီကာနှင့်အညီတည်း။

အဝယဝဓမ္မေနာပိ၊ အစိတ်အစိတ်ဖြစ်သော ဓမ္မဖြင့်လည်း။ သမုဒါ ယသ၊ အပေါင်းဖြစ်သောဓမ္မကို။ အပဒိသိတဗ္ဗတော၊ ညွှန်အပ်သည် ၏အဖြစ်ကြောင့်။ တိပဒပဒေဟိ၊ သုံးပုဒ်တို့ဖြင့်။ လဒ္ဓနာမော၊ ရအပ် သော အမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း။ သမံပုဏ္ဏာနိယထာ၊သမံရဏ္ဏံဟုသကဲ့သို့တည်း။ သမံ၊ ညီမျှသမသော။ ဂုဏ္ဏံ၊ ဆေးမှုန့်။

**တနည်း**...သမုဒ္ဒေါမယာဒိဋ္ဌော စသည်တို့၌ တစ်တ်တဒေသဖြစ် သော သမုဒ္ဒရာကိုမြင်သဖြင့် အပေါင်းဖြစ်သော သမုဒ္ဒရာတခုလုံးကို မြင်၏ဟုညွှန်ပြပြောဆိုသကဲ့သို့၊ ထို့အတူ ဘစိတ်ဖြစ်သော ဝေဒနာ

သဒ္ဒါဖြင့် ပုဒ်သုံးခုအပေါင်းကို ညွှန်းပြပြောဆိုနိုင်ရကား–သဗ္ဗလဒ္ဓနာမတိက်မည်၏ဟုဆိုရ၏။

**တနည်း**....အလက်တောဒေဝဒတ္တော– စသည်တို့၌၊ မျက်စိ နား နှာ ခြေ လက် စသော အစိတ်အစိတ်သော ကိုယ်အင်္ဂါတို့၌ တန်ဆာ ဆင်ခြင်းကိုပင် အပေါင်းဖြစ်သော တကိုယ်လုံးကို တန်ဆာဆင်၏ဟု ပြောဆိုသကဲ့သို့၊ ထို့အတူ အစိတ်အစိတ်ဖြစ်သော ဝေဒနာသဒ္ဒါကို ပုဒ်သုံးခုအပေါင်း၌ တင်စား၍ ဝေဒနာတိက်ဟုခေါ်ရကား– သဗ္ဗလဒ္ဓနာမတိက်မည်၏ဟုဆိုနိုင်၏။

**တနည်း**....အရိယာပုဂ္ဂိုလ်တို့၌ အတွင်းဝင်သော မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ကိုဆိုသဖြင့် သိန်းသန်းမက အလုံးရုံသော အရိယာပုဂ္ဂိုလ်တို့ကို ယူရသကဲ့သို့၊ ထို့အတူ ဝါကျပုဒ်၌ အတွင်းဝင်သောဝေဒနာကိုဆိုသဖြင့် ဝါကျတခုလုံးကိုယူနိုင်ရကား– သဗ္ဗလဒ္ဓနာမတိက်မည်၏ဟုဆိုရ၏ဟူလို။

ဝေဒနာတိက်ကိုပြဆိုသောအခဏ်းပြီး၏။

---

## ဝိပါကတိက်ကိုပြဆိုသောအခဏ်း။

ဝေဒနာတိက်ကို....မှဲ့၌။–ဝိပါကတိက်ကို-၏။....**ကား**

(ပ)....ဝိပါကာဓမ္မာ။

(ဒု)....ဝိပါကဓမ္မဓမ္မာ။

(တ)....နေဝဝိပါကနာဝိပါကဓမ္မဓမ္မာ။....တည်း။

ဝိပါကာ၊ အချင်းချင်း ထူးကုန်, အချင်းချင်း ဆန့်ကျင်ကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ဝိပါကဓမ္မဓမ္မာ၊ အကျိုးကိုဖြစ်စေခြင်း သဘောရှိကုန်သော သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊–ကုန်၏။

နေဝဝိပါက နာဝိပါကဓမ္မဓမ္မာ၊ အချင်းချင်းထူးကုန် အချင်းချင်း ဆန့်ကျင်ကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်,

အကျိုးကိုဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊-ကုန်၏။

(ပ) ...အရကား- ဝိပါကဝိတ်ဆတ္တိံသ စေ- အဋ္ဌတိံသရ၏။.... ၄-၂-၀-၂။

(ဒု)...အရကား- အကုသိုလ် ဗိတ်နွါဒသ, ကုသိုလ်ဗိတ်ဧကဝီသ စေ-နွေပညာသရ၏၊....၄-၂-၂-၃။

(တ)....အရကား- ကြိယာဗိတ်ဝီသ စေ-ပဉ္စတိံသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ရ၏။ ၅-၁၂-၁၃-၂။

## ပထမပဒကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "ဝိပါက" မည်သနည်းဟုမေး။

ဝိ....အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ် တို့၏ အကျိုးဖြစ်သောကြောင့် "ဝိပါက" မည်၏ဟုဖြေ။

ပစ္စန္တီတိ ပါကာ=ဟုဝစနတ္ထပြု။... ရင့်ကျက်ခြင်းသို့ ရောက်ကုန်သောအကျိုးဖြစ်သော ဝိပါက်စိတ္တုပ္ပါဒ်ကိုအရကောက်။

အညမညဝိသိဋ္ဌာနံ ပါကာတိ ဝိပါကာ=ဟုတွဲစပ်။....ဤဝစနတ္ထ၌ ဝိသဒ္ဒါဝိသိဋ္ဌအနတ်ကို ဟော၏ဟုမှတ်။... ဝိပါက်ဆတ္တိံသ၊ စေ-အဋ္ဌတိံသကို အရကောက်။

## အချင်းချင်းထူးပုံကား။

ကုသိုလ်သည် အနဝဇ္ဇသုခဝိပါကလက္ခဏာရှိ၏၊အကုသိုလ်သည် သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာရှိ၏။ ဤသို့ကုသိုလ် အကုသိုလ်တို့သည် လက္ခဏာအားဖြင့် ထူးကြသည်ကို အချင်းချင်းထူးသည်ဟု ဆိုရ၏။

**တနည်း**....အညမည ဝိရုဒ္ဓါနံ ပါကာတိ ဝိပါကာ=ဟု တွဲစပ်။.... ဤဝစနတ္ထ၌ ဝိသဒ္ဒါ ဝိရုဒ္ဓအနက်ကို ဟော၏ဟုမှတ်။

## အချင်းချင်းဆန့်ကျင်ပုံကား။

ကုသိုလ်သည် အကုသိုလ်ကို ပယ်တတ်ရကား-ပဟာယက မည်၏၊အကုသိုလ်ကား ပယ်အပ်သောကြောင့် ပဟာတဗ္ဗ မည်၏။ ဤသို့

ကုသိုလ် အကုသိုလ်တို့သည်-ပဟာယက ပဟာတဗ္ဗ အဖြစ်ဖြင့် ဆန့်ကျင်ကြသည်ကို အချင်းချင်း ဆန့်ကျင်သည်ဟု ဆိုရ၏။

မေး....“ကမ္မဇရုပ်”သည်လည်းကြောင့်ဖြစ်ရကား-အကျိုးဖြစ်သောရုပ်ဖြစ်ပါလျက် အဘယ်ကြောင့် ဝိပါကအရ၌ မကောက်ပါသနည်းဟူမေး။

ဖြေ....ဝိပါက သဒ္ဒါသည် နာမ်တရားတို့၌သာ ထင်သည်၏ အဖြစ်ကြောင့် ဝိပါကအရ “ကမ္မဇရုပ်”ကို မကောက်ရဟုဖြေ။

**ဤကား**....ဝိပက္ကဘာဝ မာပန္နာနံ အရူပမ္မောန မေတံ အဓိဝစနံ= ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာနှင့် အညီတည်း။

ဝေါ၊ဤဝိပါက ဟူသော အမည်သည်။ဝိပက္ကဘာဝံ၊ရင့်ကျက်သည်၏အဖြစ်သို့။ဝါ၊အကျိုး၏အဖြစ်သို့။ အာပန္နာနံ၊ရောက်ကုန်သော။ အရူပဓမ္မာနံ၊နာမ်တရားတို့၏။အဓိဝစနံ၊အမည်တည်း။

**အဓိပ္ပါယ်**....အကျိုးသည် မုချအကျိုး,သာမညအကျိုးအားဖြင့် နှစ်မျိုးပြား၏။ ထိုနှစ်မျိုးတွင် အကြောင်းဖြစ်သော တရားနှင့် နာမ်အဖြစ်, အာရုံကို ယူတတ်သည်၏အဖြစ်, အမည်းအဖြူ စသောအဖြစ် အားဖြင့် တူသော အကျိုးသည် မုချအကျိုးမည်၏။ အကြောင်းတရားနှင့် နာမ, သာရမဏ, ကဏှ, သုက္က စသော အဖြစ်အားဖြင့် မတူသော အကျိုးသည် သာမည အကျိုး မည်၏။ ဤဝိပါကတိုက် ပထမပုဒ် အရ၌ အကြောင်းဖြစ်သော ကုသိုလ်အကုသိုလ်တို့နှင့် နာမ,သာရမဏ စသော အဖြစ်အားဖြင့်တူသော မုချကျိုးသည်သာ ဝိပါကဟု ခေါ်ဝေါ်ခြင်းကို ရ၏။ ကံဘည့်ဟူသော အကြောင်းကြောင့်ပင် ဖြစ်ငြား သော်လည်း သာမညအကျိုးသည်ကား ဝိပါကဟူသော ခေါ်ဝေါ်ခြင်းကိုမရ။ ထို့ကြောင့် ဝိပါက်စိတ္တုပ္ပါဒ်ကိုသာ ကောက်၍, ကမ္မဇရုပ်ကို မကောက်ရဟုမှတ်။

**လိုရင်းကား**....ကုသိုလ် အကုသိုလ် တို့၏ အကျိုးလည်း ဖြစ်စေ, ဝိပါက် ဟူသော အမည်လည်းရစေ ဤအင်္ဂါနှစ်ပါးနှင့် ညီညွတ်မှ ကောက်ရ၏ဟူလို။

**ဥပမာ**....သလေးစသော မျိုးစေ့ကြောင့် အညွန့် အရွက် အကိုင်း အခက် ပင်စည် စသည်သည်၎င်း-အသီး အနှံ တို့သည်၎င်း- ဖြစ်ကြကုန်၏။ထိုနှစ်ပါးတို့တွင် အညွန့်အရွက်အကိုင်းအခက်စသည်တို့သည်

မျိုးစေ့ကြောင့်ပင် ဖြစ်ကုန်သော်လည်း အကြောင်းမျိုးစေ့နှင့် အဆင်း အနံ့ အရသာ သဏ္ဌာန် ပမာဏ စသော အားဖြင့် မတူသောကြောင့် အကျိုးဝိပါက်ဟူသော အမည်ကို မရကုန်၊ဝိပါက်ဟူ၍လည်း မခေါ်ရကုန်။မျိုးစေ့နှင့် အဆင်း အနံ့ စသောအားဖြင့် တူသော အသီးတို့သည်သာ အကျိုးဝိပါက်ဟူသော အမည်ကို ရကုန်၏၊ ဝိပါက် ဟူ၍လည်း ခေါ်ဝေါ်ရကုန်၏သို့မှတ်။....ဥပမာဥပမေယျနှိုးနှော၍ယူ။မခဲပြီ။

**ဤကား...** ယထာ သာလိဗီဇာဒီနံဖလာနိ တံသဒိသာနိ နိဗ္ဗတ္တာနိ ဝိပက္ကာနီနာမ ဟောန္တိ ဝိပါကနိရုတ္တိံ စလဘန္တိ၊ နမူလအင်္ကုရ ပတ္တခန္ဓနာဠာဒီနိ=ဟူသော မူလဋီကာနှင့် အညီတည်း။

သာလိဗီဇာဒီနံ၊ သလေးမျိုးစေ့ စသည်တို့၏။ တံသဒိသာနိ၊ ထိုသလေးမျိုးစေ့နှင့် အဆင်း အနံ့ စသည်ဖြင့် တူကုန်သော။ တေဟိ၊ထိုသလေးမျိုးစေ့စသည်တို့ကြောင့်။ နိဗ္ဗတ္တာနိ၊ဖြစ်ကုန်သော။ ဖလာနိ၊အသီးတို့သည်။ ဝိပက္ကာနီနာမ၊ ဝိပါက်မည်ကုန်သည်။ ဝါ၊ အကျိုးအသီးမည်ကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်၏သို့။ ဝိပါကနိရုတ္တိံ စ၊ ဝိပါကဟူသော ခေါ်ဝေါ်ခြင်းကိုလည်း။လဘန္တိ ယထာ၊ရကုန်၏သို့။မူလအင်္ကုရ ပတ္တခန္ဓနာဠာဒီနိ၊အမြစ်,အညွန့်,အရွက်,ပင်စည်,အရိုးတို့သည်။ ဝိပက္ကာနီနာမ၊အကျိုးဝိပါက်မည်ကုန်သည်။နဟောန္တိ ယထာ၊မဖြစ်ကုန်၏သို့။ ဝိပါကနိရုတ္တိံ စ၊ဝိပါက်ဟူသော ခေါ်ဝေါ်ခြင်းကိုလည်း။ နလဘန္တိ ယထာ၊မရကုန်သကဲ့သို့တည်း။

ဤကား-ပထမပဒကိုပြဆိုသောစကားရပ်အပြီးတည်း။

### ဒုတိယပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "ဝိပါကဓမ္မ" မည်သနည်းဟုမေး။

ဖြ....အကျိုး တရား တို့ကို ဖြစ်စေခြင်း သဘော ရှိသောကြောင့် "ဝိပါကဓမ္မ" မည်၏ဟုဖြေ။

ဝိပစ္စတိ ဝိပါကံ ဇနေတီတိ ဝိပါကော=ဟု ဝစနတ္ထပြု။....အကျိုးတရားတို့ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ် စိတ္တုပ္ပါဒ်ကို အရကောက်။

သဘာဝ၀ဏ္ဏေဟိ ခါရိယတိတိ မေ့ါ=ဟုပြု။....သဘာဝဏ္ဏ တရားတို့သည် ဆောင်အပ်သော အကျိုးကို ဖြစ်စေတတ်သော သဘော သတ္တိကိုကောက်။

ဝိပါကော ဓမ္မော ယေသန္တိ ဝိပါကာဓမ္မာ=ဟုတွဲစပ်လေ။....အကုသိုလ်စိတ်၁၂ခု,ကုသိုလ်စိတ်၂၁ပါ, စေတသိက်၃၈ပညာသတ္တိကို အရကောက်။

မု....အကျိုးကိုပေးခြင်း မရှိသောကြောင့် အဘိညာဏ် ကုသိုလ်, အထက်မဂ်ဖြင့် ပယ်အပ်သော အကုသိုလ်တို့ကို မကောက်သင့်သည် မဟုတ်ပါလောဟုမေး။

ဖ....အကျိုးကို ဖြစ်စေခြင်း, ပေးခြင်းပင် မရှိသော်လည်း သေက္ခ ပုထုဇန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကြောင့်ကြဗျာပါရ ရှိသည့်၏ အဖြစ်ဖြင့် ဖြစ်သောကြောင့် "ဝိပါကဓမ္မ" အရ၌ ကောက်သင့် ၏ဟုဖြေ။

ဤကား....ဝိပက္ကန သဘာဝတာစ အနုပစ္ဆိန္နာ ဝိဇ္ဇာ ဘဝတဏှာ မာန သန္တာနေ သဗျာပါရတာ၊ တေနအဘိညာဒိကုသလာနံ ဘာဝ နာယ ပဟာတဗ္ဗာဒိအကုသလာနဥ္စဝိပါကာနုပ္ပဒါနေပိ ဝိပါက ဓမ္မတာ သိဒ္ဓါ ဟောတိ=ဟူသော မူလဋီကာနှင့်အညီတည်း။

အနုပစ္ဆိန္နာဝိဇ္ဇာဘဝတဏှာမာနသန္တာနေ၊အရဟတ္တမဂ်ဖြင့်မပယ်အပ် သေးသော အဝိဇ္ဇာတဏှာမာနရှိသော သေက္ခ ပုထုဇန် ပုဂ္ဂိုလ်တို့၏ သန္တာန်၌။ သဗျာပါရတာစ၊ ကြောင့်ကြဗျာပါရရှိသော အဖြစ်သည် သာလျှင်။ ဝိပက္ကနသဘာဝတာ၊ အကျိုးကိုဖြစ်စေခြင်း သဘောမည်၏။ တေန၊ထို့ကြောင့်။အဘိညာဒိကုသလာနဉ္စ၊အဘိညာဏ် အစရှိသော ကုသိုလ်တို့၏၎င်း။ ဘာဝနာယပဟာတဗ္ဗာဒိအကုသလာနဥ္စ၊ဘာဝနာ ယပဟာတဗ္ဗ အကုသိုလ်တို့၏၎င်း။ ဝိပါကာနုပ္ပဒါနေ၊ အကျိုးကိုမဖြစ် စေခြင်းသည်။သတိပိ၊ရှိသော်လည်း။ ဝိပါကဓမ္မတာ၊အကျိုးကိုဖြစ်စေ ခြင်းသဘောရှိသည့်၏အဖြစ်သည်။ဟောတိ၊ဖြစ်၏။

**လိုရင်းကား**....အဝိဇ္ဇာစသည်မကင်းသေးသော သေက္ခပုထုဇန် ပုဂ္ဂိုလ် တို့၏ သန္တာန်၌ ဖြစ်၍ အကျိုး ဖြစ်စေရန် လုံ့လ ဥဿာဟ ကြောင့်ကြ ဗျာပါရ မကင်းရကား အကျိုးကိုပေးခြင်း သဘောရှိ၏ဟု ဆိုရ၏ဟူလို။....အကျဉ်းကိုလိုက ဘာနုကို၍။

ဝိပါကဓမ္မာစ တေ နိဿတ္တနိဇ္ဇီဝသဘာဝါစာတိ ဝိပါကဓမ္မဓမ္မာ= ဟုတွဲစပ်။

**ဓမ္မသင်္ဂါနှစ်ပါးအထူးကိုပြခြင်း။**

ရှေးဓမ္မသင်္ဂါသဘောဟူသော သဘာဝအနက်ကိုဟော၏၊ နောက် ဓမ္မသင်္ဂါကား နိဿတ္တနိဇ္ဇီဝ အနက်ကိုဟော၏။ ဤသို့သဘာဝအနက် နှင့်နိဿတ္တနိဇ္ဇီဝအနက်အားဖြင့်ထူး၏ဟုမှတ်။

**ဤကား**....ဝိပါကဓမ္မဓမ္မာတိ ဝိပါကသဘာဝဓမ္မာ=ဟူသောအဋ္ဌ သာလိနီ အဋ္ဌကထာနှင့် အညီတည်း။ ။အနက်လွယ်ပြီ။

ရှေးဓမ္မသင်္ဂါကို သဘာဝသင်္ဂါဖြင့် လဲ၍ဖွင့်ရကား သဘာဝအနက် ရှိကြောင်း ထင်ရှား၏ဟုမှတ်။

**ဓမ္မသင်္ဂါသဘာဝအနက်ဟောပုံကား။**

ပဋိသန္ဓေနေခြင်း သဘောရှိသောသူကို ဇာတိဓမ္မ,အိုခြင်းသဘော ရှိသောသူကို ဇရာဓမ္မဟု ဆိုအပ်သကဲ့သို့၊ ထို့အတူအကျိုးကို ဖြစ်စေ ခြင်း ရင့်ကျက် စေခြင်း သဘော ရှိသောကြောင့် ဓမ္မသင်္ဂါ သဘာဝ အနက်ကို ဟော၏ဟူလို။

ဤကား-ဒုတိယပဒကိုပြဆိုသောစကားရပ်အပြီးတည်း။

---

**တတိယပဒကိုပြဆိုချက်။**

**မုံ**....အဘယ်ကြောင့် "နေဝဝိပါက နဝိပါကဓမ္မ" မည်သနည်းဟု မေး။

**ဖြေ**....အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး လည်းမဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ် သောကြောင့် "နေဝဝိပါကနဝိပါကဓမ္မ" မည်၏ဟု ဖြေ။

နောဝိပါကာ နေဝဝိပါကာ။....နော ဝိပါကဓမ္မာ နဝိပါကဓမ္မာ။.... နေဝဝိပါကာစ တေ နဝိပါကဓမ္မာစာတိ နေဝဝိပါကနဝိပါကဓမ္မာ။.... နေဝဝိပါကနဝိပါကဓမ္မာစ တေ ဓမ္မာစာတိ နေဝဝိပါကနဝိပါကဓမ္မ

ဓမ္မာ=ဟုတွဲစပ်လေ။....ကြိယာစိတ်ဝိသ, စေတသိက်ပဉ္စတိံသ, ရုပ် နိဗ္ဗာန်ကိုအရကောက်။

ဤကား-တတိယပဒကိုပြဆိုသောစကားရပ်အပြီးတည်း။

ဝိပါကတိက်ကိုပြဆိုသောအခဏ်းပြီး၏။

## ဥပါဒိန္နတိက်ကိုပြဆိုသောအခဏ်း။

ဝိပါကတိက်ကို....မှဲ့၍၊ ဥပါဒိန္နတိက်ကို-၏။....**ကား။**

(ပ)....ဥပါဒိန္နုပါဒါနိယာဓမ္မာ။

(ဒု)....အနုပါဒိန္နုပါဒါနိယာဓမ္မာ။

(တ)....အနုပါဒိန္နအနုပါဒါနိယာဓမ္မာ။....တည်း။

ဥပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍, ဥပါဒါန်တို့၏ အစီးအပွါးဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊-ကုန်၏။

အနုပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သည်ဖြစ်၍, ဥပါဒါန်တို့၏အစီးအပွါးသာဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊-ကုန်၏။

အနုပါဒိန္နအနုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်သည် လည်းမဟုတ်,ဥပါဒါန်တို့၏အစီးအပွါးလည်းမဟုတ်ကုန်သော။ဓမ္မာ၊-တို့သည်။ သံဝိဇ္ဇန္တိ၊-ကုန်၏။

(ပ)....အရကား .... လောကီဝိပါက် ဗာတ္တိံသ စေ- ပဉ္စတိံသ ကမ္မဇရုပ်ဝိသရ၏။....၅-၁၁-၁၇-၁၊

(ဒု)....အရကား....အကုသိုလ်စိတ်ဒွါဒသ,လောကီကုသိုလ်စိတ် သတ္တရသ, ကြိယာစိတ် ဝိသ၊ စေ- ဧဝပညာသ၊ ဗိတ္တဇရုပ် သတ္တ ရသ, ဥတုဇရုပ်ပန္နရသ,အာဟာရဇရုပ်ဒွါဒသရ၏။.... ၅-၇-၈-၂။

(တ)....အရကား.... လောကုတ္တရာစိတ် ၈ပ်ချ၊ စေ- ဆတ္တိံသ၊ နိဗ္ဗာန်ရ၏။....၄-၂-၂-၂။

**မု....**အဘယ်ကြောင့် "ဥပါဒိဏ္ဏ" မည်သနည်းဟုမေး။

**ဝိ....**အာရုံပြုသောအားဖြင့်တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သောကြောင့် "ဥပါဒိဏ္ဏ" မည်၏ဟုဖြေ။

ဥပေတေန အာဒိဏ္ဏာတိ ဥပါဒိဏ္ဏာ=ဟုတွဲစပ်။.... ဥပပုဒ်အရကား-အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော လောကီကုသိုလ် အကုသိုလ်စေတနာဟုဆိုအပ်သောကံရ၏။.... အာဒိဏ္ဏပုဒ်အရကား-ထိုကံ၏အကျိုးဖြစ်သော လောကီဝိပါက်ဗာတ္တိံသ, စေတသိက်ပဉ္စတိံသ, ကမ္မဇရုပ်ဝိသရ၏။.... ဥပါဒိဏ္ဏပုဒ်၏ အရကား လောကီဝိပါက်ဗာတ္တိံသ,စေ-ပဉ္စတိံသ,ကမ္မဇရုပ်ဝိသပင်ရ၏။

**အထူး....**ဥပါဒိဏ္ဏသဒ္ဒါသည် မုချကျိုး သာမန်ကျိုး နှစ်မျိုး၌ပင်ဖြစ်၏၊ ထို့ကြောင့် ကမ္မဇရုပ်ကိုကောက်ရ၏ဟုမှတ်။

**မု....**အဘယ်ကြောင့် "ဥပါဒါနိယ" မည်သနည်းဟုမေး။

**ဝိ....**ဥပါဒါန်တရားတို့၏ အကျိုးစီးပွါးဖြစ်သောကြောင့် "ဥပါဒါနိယ" မည်၏ဟုဖြေ။

ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ=ဟုပြု။....ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော လောကီစိတ်ကောသိတိ, စေတသိက်ငွေပည့သ,ရုပ်အဋ္ဌဝီသတို့ကိုအရကောက်။

**ဤကား....** ဥပါဒါနသ အာရမဏပစ္စယဘူတာနမေတံ အဓိဝစနံ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဇော်၊ ဤဥပါဒါနိယဟူသော အမည်သည်။ ဥပါဒါနသ၊ ဥပါဒါန်တရား၏။ အာရမဏပစ္စယဘူတာနံ၊ အာရမဏပစ္စည်းဖြစ်ကုန်သော လောကီတရားတို့၏။ အဓိဝစနံ၊ အမည်တည်း။

## ဤတိက်၌ကောက်ပုံစည်းကမ်းကိုပြခြင်း။

ဥပါဒိဏ္ဏအရ,ဥပါဒါနိယ အရတို့ကို သေချာစွာမှတ်သားပြီးလျှင်-

၁....ဥပါဒိဏ္ဏသာဖြစ်၍, ဥပါဒါနိယ မဖြစ်သောတရား။

၂....ဥပါဒိဏ္ဏကားမဖြစ်, ဥပါဒါနိယသာဖြစ်သောတရား။

၃….ဥပါဒိန္န, ဥပါဒါနိယ နှစ်ပါးစုံမဖြစ်သောတရား။
၄….ဥပါဒိန္န, ဥပါဒါနိယနှစ်ပါးစုံဖြစ်သောတရား။
ဤဆိုအပ်ပြီးသောနည်းအားဖြင့်-၄-မျိုးခွဲ၍ကောက်ရမည်။

**မှတ်ချက်။**

၁….အချက်အရရှိမှု တိက်ချုတ်ထုတ်၊ မရှိမှုတိက်ချုတ်မရှိဟုမှတ်ရာ၏။
၂….အချက်အရသည်-ဒုတိယပုဒ်၏အရဖြစ်ရာ၏။
၃….အချက်အရသည်-တတိယပုဒ်၏အရဖြစ်ရာ၏။
၄….အချက်အရသည်-ပထမပုဒ်၏အရဖြစ်ရာ၏။
သံကိလိဋ္ဌတိက်, ဝိတက်တိက်, စသည်တို့၌လည်း ဤနည်းကိုမှီး၍ကောက်လေ။

**ကောက်ပုံကား။**

၁….ဥပါဒိန္နသာဖြစ်၍ ဥပါဒါနိယမဖြစ်သော "ဥပါဒိန္နအနုပါဒါနိယ" တရားကားမရှိ။
၂….ဥပါဒိန္နကားမဖြစ်, ဥပါဒါနိယသာဖြစ်သော "အနုပါဒိန္နုပါဒါနိယ" တရားကား- အကုသိုလ် စိတ်၁၂ါဒသ, လောကီကုသိုလ်သတ္တရသ, ကြိယာစိတ်ဝီသ, စေတသိက်ဒွေပညာသ, တိဇရုပ်တည်း။
၃….ဥပါဒိန္န ဥပါဒါနိယ နှစ်ပါးစုံမဖြစ်သော "အနုပါဒိန္နအနုပါဒါနိယ" တရား-လောကုတ္တရာစိတ်၈စ်ခု၊ စေတသိက် ဆတ္တိံသ, နိဗ္ဗာန်တည်း။
၄….ဥပါဒိန္နဥပါဒါနိယနှစ်ပါးစုံဖြစ်သော"ဥပါဒိန္နုပါဒါနိယ" တရားကား လောကီဝိပါက်ဗာတ္တိံသ, စေတသိက်ပဉ္စတိံသ, ကမ္မဇရုပ်တည်း။

**စကားချပ်**….အကောက်ထင်ရှားပြီဖြစ်၍အထူးကောက်ပြရန်မလိုပြီ။ ဝစနတ္ထမျှကိုသာပြပေအံ့။
ဥပါဒိန္နာစတေ ဥပါဒါနိယာစာတိ ဥပါဒိန္နုပါဒါနိယာ။ နဥပါဒိန္နာ အနုပါဒိန္နာ။….အနုပါဒိန္နာစ တေ ဥပါဒါနိယာစာတိ အနုပါ

ဒိဋ္ဌုပါဒါနိယာ။နဥပါဒါနိယာအနုပါဒါနိယာ။....အနုပါဒိဋ္ဌာ၁စ တေ အနုပါဒါနိယာစာတိအနုပါဒိဋ္ဌာအနုပါဒါနိယာဟု=တွဲစပ်လေ။

ဥပါဒိဋ္ဌာတိက်ကိုပြဆိုသောအခဏ်းပြီး၏။

## သံကိလိဋ္ဌတိက်ကိုပြဆိုသောအခဏ်း။

ဥပါဒိဋ္ဌာတိက်ကို....မှဲ့၍၊ သံကိလိဋ္ဌတိက်ကို–၏။....**ကား။**

(ပ)....သံကိလိဋ္ဌသံကိလေသိကာဓမ္မာ။

(ဒု)....အသံကိလိဋ္ဌသံကိလေသိကာဓမ္မာ။

(တ).. အသံကိလိဋ္ဌအသံကိလေသိကာဓမ္မာ။ .. တည်း။

သံကိလိဋ္ဌသံကိလေသိကာ။ ပူပန်စေတတ် နှိပ်စက် တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာကိုရခြင်း၌ထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊–ကုန်၏။

အသံကိလိဋ္ဌသံကိလေသိကာ၊ ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည်မဟုတ်ကုန်သည် ဖြစ်၍, ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကိုရခြင်း၌သာ ထိုက်ကုန်သော။ ဓမ္မာ၊–တို့သည်။ သံဝိဇ္ဇန္တိ၊–ကုန်၏။

အသံကိလိဋ္ဌ အသံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ် သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်း မဟုတ်, ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကိုရခြင်း၌ ထိုက်သည်လည်း မဟုတ်ကုန်သော။ ဓမ္မာ၊– တို့သည်။ သံဝိဇ္ဇန္တိ၊– ကုန်၏။

(ပ) ...အရကား– အကုသိုလ်စိတ်၁၂ဒသ၊ စေ– သတ္တဝိသရ၏။ ၄–၂–၂–၂။

(ဒု) .. အရကား– လောကီကုသိုလ်သတ္တရသ, လောကီဝိပါက် ဗာတ္တိံသ, ကြိယာစိတ်ဝီသ၊ စေ– အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသ ရ၏။.... ၅–၁၂–၁၀–၁။

(တ)....အရကား–လောကုတ္တရာစိတ် ၈စ်ခု၊စေ–ဆတ္တိံသ၊နိဗ္ဗာန် ရ၏။....၄–၂–၂–၂။

မှ....အဘယ်ကြောင့် "သံကိလိဋ္ဌ" မည်သနည်းဟုမေး။
ဖြ....ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်
စေအပ် နှိပ်စက်အပ်သောကြောင့်"သံကိလိဋ္ဌ"မည်၏ဟုဖြေ။

သံကိလေသေတီတိ သံကိလေသော=ဟုပြ။.... ပူပန် စေတတ်
နှိပ်စက်တတ်သော ကိလေသာ-၁၀-ပါးကို အရကောက်။

ဤကား....သံကိလေသောတိ ဒသကိလေသ ဝတ္ထူနိ ဝုစ္စန္တိ=ဟူ
သော မူလဋီကာနှင့် အညီတည်း။

သံကိလေသောတိ၊သံကိလေသော ဟူသောပါဌ်ဖြင့်။ ဒသကိလေ
သဝတ္ထူနိ၊ဆယ်ပါးသော ကိလေသာတည်းဟူသော အကြောင်းတို့
ကို။ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

သံကိလေသေဟိ သံကိလိဿိယန္တီတိသံကိလိဋ္ဌာ=ဟူ၍ဝိုင်း။....
သံကိလေသေဟိ ဥပတာပီယန္တီတိ သံကိလိဋ္ဌာ=ဟူ၍ဝိုင်းပြ။....ရှေး
နည်းကား-သံကိလေသ သဒ္ဒါ ဗာဓနအနက်၊ နောက်နည်းကား-ဥပ
တာပနအနက်ကိုဟော၏ဟုမှတ်။....ကိလေသာဆယ်ပါးနှင့်ဧကုပ္ပါဒ
အစရှိသော လက္ခဏာအားဖြင့် တကွဖြစ်သော အကုသိုလ်စိတ် ၁၂ါဒ
သစိတ္တုပ္ပါဒ်ကို အရကောက်။

ဤကား .... သံကိလေသေန သမန္နာဂတာတိ သံကိလိဋ္ဌာ= ဟူ
သော အဋ္ဌကထာနှင့် အညီတည်း။

ယေဓမ္မာ၊ အကြင်အကုသိုလ်၁၂ါဒသစိတ္တုပ္ပါဒ်တို့သည်။ သံကိလေ
သေန၊ပူပန်နှိပ်စက်တတ်သောကိလေသာဆယ်ပါးနှင့်။သမန္နာဂတာ၊
ဧကုပ္ပါဒစသောအားဖြင့် တကွဖြစ်ကုန်၏။ဣတိ၊ထို့ကြောင့်။တေဓမ္မာ၊
ထိုအကုသိုလ်၁၂ါဒသ စိတ္တုပ္ပါဒ်တို့သည်။ သံကိလိဋ္ဌာ၊ သံကိလိဋ္ဌမည်
ကုန်၏။

**အဆူး**....ဤအဓိပ္ပါယတ္ထ၌ သမန္နာဂတအရ-ဧကုပ္ပါဒစသောလက္ခ
ဏာနှင့်တကွဖြစ်သောတရားကိုယူရသောကြောင့် အကုသိုလ်စိတ်၁၂ါ
ဒသစိတ္တုပ္ပါဒ်ကိုသာကောက်၍သဟဇာတ်ရပ်ကိုမကောက်ရဟုမှတ်။

**အဓိပ္ပါယ်**....အဆိပ်စသည်ကိုထောပတ်စသည်တို့နှင့်ရောနှောမွှေ
နှောက် အပ်သည် ရှိသော် ထိုအဆိပ်စသည်သည် ထောပတ် စသည်
တို့ကိုဖျက်ဆီးအပ်ညစ်နွမ်းစေအပ်ကုန်သကဲ့သို့၊အဆိပ်နှင့် တူစွာ ကိ
လေသာတို့သည် မိမိနှင့်သမ္ပယုတ်ဖြစ်ကုန်သောတရားတို့ကို နှိပ်စက်

အပ်,ပူပန်စေအပ်ကုန်၏။ထို့ကြောင့်သံကိလေသေနသမန္တာဂတာတိ သံကိလိဋ္ဌာ-ဟု အဋ္ဌကထာအရှင်မြတ် မိန့်ဆိုအပ်၏ဟူလို။

**ပု**....အဘယ်ကြောင့် "သံကိလေသိက" မည်သနည်းဟုမေး။

**ဝိ**....အာရုံ၏အဖြစ်ဖြင့်ကိလေသာကိုရခြင်းငှါထိုက်သောကြောင့် "သံကိလေသိက" မည်၏ဟုဖြေ။

သံကိလေသံ အရဟန္တီတိ သံကိလေသိကာ=ဟု အရဟာတဒ္ဓိတ်ပြု။....လောကီစိတ် စေတသိက်,စေတသိက် ဒွေ ပညာသ, ရုပ်တို့ကို အရကောက်။

**အဓိပ္ပါယ်**....ကိလေသာတို့သည် လောကီတရားစုကို အာရုံပြု၍ ဖြစ်သောကြောင့် လောကီ တရားစုသည် မိမိကို အာရုံပြု၍ ဖြစ်သော ကိလေသာတို့ကိုရခြင်းငှါ ထိုက်၏ဟု ဆိုရ၏ဟူလို။

**တနည်း** .... သံကိလေသေ နိယုတ္တာတိ သံကိလေသိကာ= ဟု နိယုတ္တတဒ္ဓိတ်ပြု။....ရှေးအတိုင်းပင်အရကောက်။

**အဓိပ္ပါယ်**....ဤဝစနတ္ထ၌ ကိလေသာဆယ်ပါး၌ ယှဉ်၏ဟူသည် ကိလေသာ၏ အာရုံအဖြစ်မှ မလွတ်မြောက်နိုင်၊ ဝါ-ကိလေသာနိုင်ငံမှ မထွက်မြောက်နိုင်သောကြောင့် ကိလေသာ၌ ယှဉ်၏ဟု ဆိုရ၏။ လိုရင်းကား ကိလေသာ၏အာရုံဖြစ်သည်ကို ယှဉ်၏ဟု ဆိုရ၏ဟူလို။

**ဤကား**....သံကိလေသဿ အာရမဏာပစ္စယဘူတာနမေတံ အဓိဝစနံ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဧတံ၊ ဤကိလေသာ ဟူသော အမည်သည်။ သံကိလေသဿ၊ ကိလေသာဆယ်ပါး၏။အာရမဏပစ္စယဘူတာနံ၊အာရမဏပစ္စည်းဖြစ်၍ ဖြစ်ကုန်သော တရားတို့၏။အဓိဝစနံ၊အမည်တည်း။

## ဤ၌ကောက်ပုံစည်းကမ်းကိုပြခြင်း။

ဤတိက်၌လည်းသံကိလိဋ္ဌ,သံကိလေသိကအရကိုသေချာစွာမှတ်ပြီးလျှင်—

၁....သံကိလိဋ္ဌသာဖြစ်၍,သံကိလေသိကမဖြစ်သောတရား။

၂....သံကိလိဋ္ဌကားမဖြစ်,သံကိလေသိကသာ,ဖြစ်သောတရား။

၃....သံကိလိဋ္ဌ,သံကိလေသိက,နှစ်ပါးရုံမဖြစ်သောတရား။
၄....သံကိလိဋ္ဌ,သံကိလေသိက,နှစ်ပါးရုံဖြစ်သောတရား။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်-၄-မျိုးခွဲ၍ကောက်ရမည်။

**ကောက်ပုံကား။**

၁....အချက်ကား—အရမရှိ။
၂....အချက်ကား—လောကီကုသိုလ် သတ္တရသ, လောကီဝိပါက် ဗာတ္တိံသ,စေတသိက်အဋ္ဌတိံသ,ရုပ်အဋ္ဌဝီသရ၏။
၃....အချက်ကား— လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက်ဆတ္တိံ သ,နိဗ္ဗာန်ရ၏။
၄....အချက်ကား— အကုသိုလ်စိတ် ဒွါဒသ, စေတသိက် သတ္တ ဝီသရ၏။

သံကိလိဋ္ဌတိက်ကိုပြဆိုသောအခဏ်းပြီး၏။

**ဝိတက်တိက်ကိုပြဆိုသောအခဏ်း။**

သံကိလိဋ္ဌတိက်ကို....မှဲ၍ဝိတက်တိက်ကို-၏....**ကား။**

(ပ)....သဝိတက္ကသဝိစာရာဓမ္မာ။
(ဒု)....အဝိတက္ကဝိစာရမတ္တာဓမ္မာ။
(တ)....အဝိတက္ကအဝိစာရာဓမ္မာ၊ ...တည်း။

သဝိတက္ကသဝိစာရာ၊ ဝိတက်နှင့်လည်းတကွ, ဝိစာရနှင့်လည်း တကွဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

အဝိတက္ကဝိစာရမတ္တာ၊ဝိတက်ကားမရှိ,ဝိစာရမျှသာရှိကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊-ကုန်၏။

အဝိတက္က အဝိစာရာ၊ ဝိတက်လည်းမရှိ, ဝိစာရလည်း မရှိကုန် သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊-ကုန်၏။

(ပ)....အရကား—သဝိတက္ကသဝိစာရစိတ်(၅၅)ခု၊ဝိတက်ဝိစာရ ကြဉ်-စေ-ပညာသသရ၏။ ...၄-၂-၃-၃။

(ဒု)....အရကား–ဒုတိယ ဈာန်စိတ် ကောဒသ၊ ဝိတက် ဝိစာရ ကြဉ်–စေ–ဆတ္တိံသ၊ သဝိတက္က သဝိစာရစိတ် (၅၅) ချ၌ ရှိသော ဝိတက်–စေ–၅၅–ခု ရ၏။....၄–၂–၂–၂။

(တ)....အရကား–အဝိတက္ကအဝိစာရစိတ်–၅၅–ခု၊ဝိတက်ဝိစာရ ကြဉ်–စေ–ဆတ္တိံသ၊ ဒုတိယဈာန် ကောဒသ၌ ရှိသော ဝိစာရ စေ–၁၁–ခု၊ ရုပ်အဗ္ဗဝိသ၊ နိဗ္ဗာန်ရ၏။.... ၅–၁၂–၁၇–၃။

**တိက်မှတ်ကား**....သဝိတက္ကသဝိစာရစိတ် (၅၅)ချ၌ရှိသော ဝိစာရ–စေ–၅၅–ခုတို့တည်း။

**ပထမပဒကိုပြဆိုချက်။**

မှ....အဘယ်ကြောင့် "သဝိတက္က" မည်သနည်းဟုမေး။

**ဖြ**....ဝိတက်နှင့် ကေပ္ပါဒ အစရှိသော လက္ခဏာအားဖြင့် အတူ တကွဖြစ်သောကြောင့် "သဝိတက္က" မည်၏ဟုဖြေ။

ဝိတက္ကေန သဟယေ ဝတ္တန္တီတိ သဝိတက္ကာ=ဟု တွဲစပ်။....သဝိ တက္ကစိတ်–၅၅–ခု၊ဝိတက်ကြဉ်သောစေတသိက်ကေပဉ္စာသရ၏။

မှ....အဘယ်ကြောင့် "သဝိစာရ" မည်သနည်းဟုမေး။

**ဖြ**....ဝိစာရနှင့် ကေပ္ပါဒ အစရှိသော လက္ခဏာ အားဖြင့် အတူ တကွဖြစ်သောကြောင့် "သဝိစာရ" မည်၏ဟုဖြေ။

ဝိစာရေန သဟ ယေ ဝတ္တန္တီတိ သဝိစာရာ=ဟု တွဲစပ်။....သဝိ စာရစိတ်–၆၆–ခု၊ဝိစာရကြဉ်–စေ–ကေပဉ္စာသကိုကောက်။

မှ....အဘယ်ကြောင့် "သဝိတက္ကသဝိစာရ" မည်သနည်းဟုမေး။

**ဖြ**....ဝိတက် နှင့်လည်းတကွ, ဝိစာရ နှင့်လည်း တကွ ဖြစ်သော ကြောင့် "သဝိတက္ကသဝိစာရ" မည်၏ဟုဖြေ။

သဝိတက္ကာစ တေ သဝိစာရာစာတိ သဝိတက္ကသဝိစာရာ=ဟု တွဲ စပ်။....သဝိတက္က သဝိစာရစိတ်–၅၅–ခု၊ ဝိတက်ဝိစာရ ကြဉ်သော စေတသိက်ပဉ္စာသကို အရကောက်။

မှ....အဘယ်ကြောင့် "ဝိတက်ဝိစာရ" ကိုကြဉ်သနည်းဟုမေး။

**ဖြ**....ယှဉ်ဘက်ဝိတက် တပါး မရှိသောကြောင့် "ဝိတက်" ကို

ကြည့်ရ၏၊ ယှဉ်ဘက်ဝိစာရတပါးမရှိသောကြောင့် "ဝိစာရ" ကိုကြည့်ရ၏ဟုဖြေ။

**အဓိပ္ပါယ်** ... ဤအရာ၌ ယှဉ်သည် ရှိသည် တကွဖြစ်သည် ဟူသည်ကား-တခုတည်းသောတရား၌ မရစကောင်း ယှဉ် မယှဉ် ရှိမရှိ စသည်ဖြင့်လည်းလင်းပါးရန်မရှိ၊ စင်စစ်မှာမူကား နှစ်ခု သုံးခု စသည် ဖြင့်များစွာသောတရားတို့၌သာရကောင်း၏။ယှဉ်မယှဉ် ရှိမရှိ စသည် ဖြင့်လည်း လင်းပါး ကောင်း၏။ ဤဝိတက်တိုက် ပထမပုဒ်၌ ဝိတက် ဝိစာရ နှစ်ပါးရှိသော တရားမျိုးကို ကောက်ရကား- ဝိတက်သည် သဟဇ္ဇသာဖြစ်၍ သဟာဝ နှ ဝိတက်တပါး မရကောင်းသောကြောင့် ဝိတက်ကိုကြည့်ရသည်၊ဝိစာရလည်းနည်းတူ သဟာဝ နှ ဝိစာရတပါး မရကောင်းသောကြောင့် ကြည့်ရသည်ဟူလို။

ဤကား-ပထမပဒကိုပြသောစကားရပ်အပြီးတည်း။

---

**ဒုတိယပဒကိုပြဆိုချက်။**

ပု....အဘယ်ကြောင့် "ဝိစာရမတ္တ" မည်သနည်းဟုမေး။

**ဝိ**....ဝိစာရမျှ အတိုင်းအရှည် ပမာဏ ရှိသောကြောင့် "ဝိစာရမတ္တ" မည်၏ဟုဖြေ။

ဝိစာရောဝမတ္တာပမာဏံ ဧတေသန္တိ ဝိစာရမတ္တာဟု=တွဲစပ်။.... ဤဝစနတ္ထ၌ မတ္တသဒ္ဒါပမာဏအနက်ကို ဟော၏ဟုမှတ်။.... ဒုတိယ ဈာန်စိတ် ကောဒသ၊ ဝိတက်ဝိစာရ ကြည့်စေ-၃၆-ခု။.... သဝိတက္က သဝိစာရစိတ်-၅၅-ခု၌ရှိသောဝိတက်စေတသိက်-၅၅-ကိုကောက်။

**အဓိပ္ပါယ်** .. ဒုတိယဈာန်စိတ်ကောဒသ၊ စေတသိက် ဆတ္တိံသ၊ သဝိတက္ကသဝိစာရစိတ်-၅၅- ခု၌ ရှိသော ဝိတက် စေတသိက်-၅၅ ခု၊ ဤတရားစုသည် ဝိစာရလက်မှ လွတ်ထွက်၍ ဝိစာရနှင့်မယှဉ်ဘဲ ဝိတက်နှင့်အတူတကွ ပေါင်းသင်းတွဲဘက် ယှဉ်စပ်လျက် နေခြင်းကို မပြု၊ ဝိစာရနှင့်သာအမြဲမကွာ ယှဉ်စပ်၍သာနေ၏ဟူလို။

**ဤကား**.... ဝိစာရတော ဥဒ္ဓရိ ဝိဘင်္ဂေန သဒ္ဓိံ သမ္ပယောဂံ နဂစ္ဆန္တီတိအတ္ထော=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဝိစာရတော၊ ဝိစာရထက်။ ဥတ္တရိ၊ အလွန်။ ဝိတက္ကေန၊ ဝိတက်နှင့်။ သဒ္ဓိံ၊ တကွ။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ နဂစ္ဆန္တိ၊ မရောက်ကုန်။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

**ဝိ** ...ဝိစာရသာလျှင် ရှိသောကြောင့် "ဝိစာရမတ္တ" မည်၏ ဟူ၍လည်းတနည်းဖြေ။

**ဤအခါ** ...ဝိစာရမတ္တာ ဧတေသံအတ္ထီတိဝိစာရမတ္တာ-ဟုပြု။....ဤဝစနတ္ထ၌ မတ္တသဒ္ဒါဝိသေသနိဝတ္တိအနက်ကိုဟော၏ဟုမှတ်။

**ဤကား** ... အယမပရော အတ္ထော မတ္တသဒ္ဒေါ ဝိသေသ နိဝတ္တိ အတ္ထော=ဟူသော မူလဋီကာနှင့်အညီတည်း။

အယံ၊ ဤဆိုလတ္တံ့သည်။ အပရော၊ ပမာဏအနက်မှတပါးသော။ အတ္ထော၊ အနက်တည်း။ မတ္တသဒ္ဒေါ၊ မတ္တသဒ္ဒါသည်။ ဝိသေသနိဝတ္တိ အတ္ထော၊ အထူးပြုပြင်ခြင်းမှနစ်စေခြင်းအနက်ရှိ၏။

**အဓိပ္ပါယ်** ...သဝိစာရ တရားသည် ဝိတက်သည် အထူးပြုအပ်သော သဝိတက္ကသဝိစာရပဋ္ဌပြုဒ်ဟုဆိုအပ်သော ဝိတက္ကဝိသိဋ္ဌသဝိစာရတရားတမျိုး, ဝိတက်သည် အထူးပြုခြင်းမှကင်းသော ဝိစာရသာရှိသော-ဒုတိယဈာန် ဧကာဒသ-ဝိတက်ဝိစာရကြဉ်သော စေတသိက်-၃၆-ခု၊ သဝိတက္က သဝိစာရ စိတ်-၅၅-ခု၌ ရှိသော ဝိတက်စေတသိက်-၅၅- ခုဟု ဆိုအပ်သော ဝိတက္ကဝိသေသရဟိတဝိစာရမတ္တသဝိစာရတရားတမျိုး, အားဖြင့် နှစ်မျိုးပြား၏။ ထိုနှစ်မျိုးတို့**တွင်** ဤအရာ၌ ဝိတက်သည် အထူးပြုခြင်းမှ ကင်းသော ဝိစာရမျှသာ ရှိသော ဝိစာရမတ္တသဝိစာရ တရားဟု ပြလိုရကား-ဝိစာရမတ္တ ဟူ၍ ဟောတော်မူ၏။ ထို့ကြောင့် မတ္တသဒ္ဒါသည် ဝိသေသနိဝတ္တိ အနက်ရှိ၏ဟူလို။

**မှ**....ဝိစာရမတ္တသဒ္ဒါကိုဆိုရုံမျှဖြင့် အဝိတက္ကအဖြစ်သည်ပြီးလျက် အဘယ်ကြောင့်"အဝိတက္ကသဒ္ဒါ" ကိုဟောတော်မူပါသနည်းဟုမေး။

**ဖြ**....ဝိစာရမတ္တသဒ္ဒါကိုဆိုရုံမျှဖြင့် အဝိတက္ကအဖြစ်သည် ပြီးငြားသော်လည်း ဒုတိယဈာန်ပဋ္ဌပြုဒ်, ဝိတက်-၅၅-ခုမှ တပါး အဝိတက္ကတရားတို့သည် များစွာပင် ရှိကုန်သေး၏ဟု ပြခြင်းအကျိုးငှါ "အဝိတက္က" သဒ္ဒါကို ဟောတော်မူ၏ဟုဖြေ။

**ဤကား**....ဝိစာရမတ္တ ဝစနေန အဝိတက္ကတ္တေ သိဒ္ဓေ အဝိတက္ကာ
နံ့ အညေသမ္ပိ အတ္ထိဘာဝဓောတနတ္ထံ အဝိတက္ကဝစနံ=ဟူ
သော မူလဋီကာနှင့်အညီတည်း။

ဝိစာရမတ္တဝစနေန၊ ဝိစာရမတ္တ သဒ္ဒါဖြင့်။ အဝိတက္ကတ္တေ၊ ဝိတက်မရှိသော အဖြစ်သည်။ သိဒ္ဓေ၊ ပြီးလျက်။ အညေသံ၊ ဝိစာရသာရှိ၍ ဝိတက်မရှိကုန်သော ဒုတိယဈာန်စိတ် ကောဒသမှတပါး ကုန်သော။ အဝိတက္ကာနမ္ပိ၊ အဝိစာရ အဝိတက္က တရားတို့၏လည်း။ အတ္ထိဘာဝဓောတနတ္ထံ၊ ရှိသောအဖြစ်ကို ပြခြင်းအကျိုးငှါ။ အဝိတက္ကဝစနံ၊ အဝိတက္ကသဒ္ဒါကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်**....အဝိတက္ကတရားသည် ဝိစာရမျှသာရှိ၍ ဝိတက်မရှိသော ဝိစာရမတ္တ အဝိတက္ကတရားတမျိုး ဝိစာရလည်းမရှိ ဝိတက်လည်းမရှိသော အဝိစာရ အဝိတက္ကတရားတမျိုးအားဖြင့်– ၂–မျိုးပြား၏။ ထို– ၂-မျိုးတို့တွင်-- ဝိစာရမတ္တအဝိတက္က တရားသည် ဤဒုတိယပဒဖြင့်ယူအပ်သော ဂဟေတဗ္ဗတရားမည်၏။အဝိစာရ အဝိတက္ကတရားသည်ကား နစ်စေအပ်သော နိဝတ္တေတဗ္ဗ တရားမည်၏ဟု အကယ်တန္တိ ခွဲခြမ်းဝေဘန်၍ မပြအပ်သည်ရှိသော် ဝိစာရမတ္တတရားသည်သာ အဝိတက္ကမည်၏ဟူသော အပြစ်ရောက်တန်ရာသောကြောင့်–ဤဒုတိယပုဒ်အရ ဝိစာရမတ္တသာဖြစ်သော အဝိတက္ကတရားဟု သိစေခြင်းငှါ အဝိတက္ကသဒ္ဒါကို ဟောတော်မူ၏ဟူလို။

**အထူး**.... ဤအလို ဝိစာရမတ္တကား ဝိသေသန, အဝိတက္ကကား ဝိသေသျဖြစ်၏။ ဝိစာရမတ္တဟူသောဝိသေသနပုဒ်ဖြင့် အဝိတက္ကအရ ဝိတက်ဝိစာရ– ၂–ပါးစုံမရှိသော တတိယပုဒ်အရကို မယူစေခြင်းငှါ အထူးပြု၏ဟုမှတ်။

**တနည်း**.... ဝိစာရမတ္တ ဟူ၍ပင် ဆိုပြီးသော်လည်း ပီတိ သုခ ဧကဂ္ဂတာ ဝေဒနာ ဈာနင်တရားတို့ မရှိသောကြောင့် ဝိစာရမတ္တဟု ဆိုသည်မဟုတ်။ စင်စစ်မှာမူကား ဝိတက်မရှိသောကြောင့်သာ ဝိစာရမတ္တဟုဆိုသည့် အဖြစ်ကိုပြခြင်းငှါ အဝိတက္ကသဒ္ဒါဖြင့် အထူးပြု၏ဟူ၍လည်းမှတ်။

**ဤကား**....အထဝါ ဝိတက္ကာဘာဝေန ဧတေဝိစာရမတ္တာ နဝိစာ
ရတော အညသ ကဿစိ ခမ္ဘသ အဘာဝါတိ ဒဿေတုံ

အဝိတက္က ဝစနေန ဝိစာရမတ္တာ ဝိသေသိတာ=ဟူသောမူလ ဋီကာနှင့်အညီပင်တည်း။

အထဝါ၊ ဆိုလတ္တံ့သည်ကား နည်းတပါးတည်း။ ဝိတက္ကာဘာဝေန။ ဝိတက်မရှိသည်၏အဖြစ်ဖြင့်။ ဧတေ၊ ထိုဒုတိယဈာန်စိတ္တုပ္ပါဒ် ဝိတက်စေတသိက်-၅၅-ခုတို့သည်။ ဝိစာရမတ္တာ၊ ဝိစာရသာရှိကုန်၏။ ဝိစာရတော၊ ဝိစာရမှ။ အညသ၊ တပါးသော။ ကဿစိမွဿ၊ တစုံတခုသော ပိတိစသော ဈာနင်တရား၏။ အဘာဝါ၊ မရှိသည်၏ အဖြစ်ကြောင့်။ နှ၊ မဟုတ်။ ဣတိ၊ ဤသို့။ ဒသေတုံ၊ ပြခြင်းငှါ။ အဝိတက္ကဝစနေန၊ အဝိတက္ကသဒ္ဒါဖြင့်။ ဝိစာရမတ္တာ၊ ဝိစာရမတ္တတရားတို့ကို။ ဝိသေသိတာ၊ အထူးပြုအပ်ကုန်၏။

**တနည်း**....မတ္တသဒ္ဒါသည် "မရိယာဒ" အနက်ကိုဟော၏ဟုမှတ်လေဦး။

**ဟောပုံ** ...ဈာနင် ငါးပါး ရှိသည်အနက် ဝိတက်ဈာနင်ကား မရှိ၊ ဝိစာရဈာနင်သာ အောက်ထစ် အပိုင်းအခြားရှိသည်၏အဖြစ်ကို မတ္တသဒ္ဒါကပြ၏။ ထို့ကြောင့် မတ္တသဒ္ဒါသည်အပိုင်းအခြားဟူသော"မရိယာဒ" အနက်ကိုဟော၏ဟူလို။

**တနည်း**....မတ္တသဒ္ဒါသည် "ဤသက" အနက်ကိုဟော၏ဟုမှတ်လေဦး။

**ဟောပုံ**....သဝိတက္ကစိတ္တုပ္ပါဒ်၌ရှိသော ဝိစာရသည် ကြမ်းတမ်းသောဝိတက်နှင့် ယှဉ်ရကား-သိမ်မွေ့ခြင်းမရှိ၊ ဒုတိယဈာန်စိတ္တုပ္ပါဒ်၌ရှိသော ဝိစာရသည်ကား ကြမ်းတမ်းသော ဝိတက် ကင်းသောကြောင့် အလွန်အမင်း သိမ်မွေ့၏။ ၎င်းဒုတိယဈာန် စိတ္တုပ္ပါဒ်၌ ရှိသောဝိစာရသည် အလွန်အားဖြင့် သိမ်မွေ့သော ဝိစာရဖြစ်ရကား၊ ဝိစာရမတ္တမည်၏ဟူလို။

ဤကား-ဒုတိယပဒကိုပြသောစကားရပ်အပြီးတည်း။

## ခွဲပုံစည်းကမ်းကိုပြခြင်း။

သဝိတက္ကအရ,သဝိစာရအရ, အဝိတက္ကအရ,အဝိစာရအရတို့ကို ရှေးဦးစွာခွဲ၍ကောက်ရမည်။

**ကောက်ပုံ**....သဝိတက္ကအရ–သဝိတက္ကစိတ်–၅၅–ခု၊ဝိတက်ဝိစာရကြည့်သော စေတသိက် ပညာသ–(၁)။....သဝိတက္ကစိတ်–၅၅–ခု၌ ရှိသော ဝိစာရစေတသိက်–၅၅–ခုရ၏။ (၄)။

သဝိစာရအရ–သဝိတက္ကစိတ်–၅၅–ခု၊ ဝိတက်ဝိစာရကြည့်သော စေတသိက် ပညာသ–(၁)....ဒုတိယ ဈာန်စိတ် ကောဒသ၊ ဝိတက် ဝိစာရကြည့်သော စေတသိက် ဆတ္တိံသ။....သဝိတက္ကစိတ်–၅၅–ခု၌ ရှိသော ဝိတက်စေတသိက်–၅၅–ခုရ၏။ (၂)

အဝိတက္ကအရ–ဒုတိယဈာန်စိတ် ကောဒသ၊ပ–၅၅–ခု–(၂)၊ အဝိတက္က အဝိစာရစိတ်–၅၅–ခု၊ ဝိတက်ဝိစာရ ကြည့်သော စေတသိက် ဆတ္တိံသ၊ ဒုတိယဈာန်စိတ် ကောဒသ၌ ရှိသော ဝိစာရစေတသိက်–၁၁–ခု၊ရှုပ်–နိဗ္ဗာန် ရ၏။ (၃)။

အဝိစာရအရ–အဝိတက္ကအဝိစာရစိတ်–၅၅–ခု၊ပ–နိဗ္ဗာန်(၃)။.... သဝိတက္ကစိတ်–၅၅–ခု၌ရှိသောဝိစာရစေတသိက်–၅၅–ခုရ၏။(၄)။

**ကောက်နုတ်ချက်။**

၁....ဂဏန်း အရသည် ဝိတက်ဝိစာရ နှစ်ပါးရုံ ရှိသောကြောင့် သဝိတက္ကသဝိစာရ ပထမပုဒ်အရဖြစ်၏။

၂....ဂဏန်း အရသည် ဝိတက်ကားမရှိ ဝိစာရမျှသာ ရှိသော ကြောင့် အဝိတက္ကဝိစာရမတ္တ ဒုတိယပုဒ်အရဖြစ်၏။

၃....ဂဏန်း အရသည် ဝိတက်ဝိစာရ နှစ်ပါးရုံမရှိသောကြောင့် အဝိတက္ကအဝိစာရ တတိယပုဒ် အရဖြစ်၏။

၄....ဂဏန်း အရသည် ဝိတက်သာရှိ၍ ဝိစာရမရှိသောကြောင့် တိက်မုတ်အရဖြစ်၏။

**စကားချုပ်**....ကောက်ပုံ စည်းကမ်းကို ဥပါဒိန္နတိက် စသည်တို့ ကဲ့သို့ တွဲစပ်၍ ကောက်လေ။

ဝိတက်တိက်ကိုပြဆိုသောအခဏ်းပြီး၏။

## ပီတိတိက်ကိုပြဆိုသောအခဏ်း။

ဝိတက်တိက်ကို....မှဲ့၌၊ပီတိတိက်ကို-၏။....**ကား။**

(ပ)....ပီတိသဟဂတာဝမ္ဗာ။

(ဒု) ...သုခသဟဂတာဝမ္ဗာ။

(တ) ...ဥပေက္ခာသဟဂတာဝမ္ဗာ။ ...ဘည်း။

ပီတိသဟဂတာ၊ပီတိနှင့်တကွဖြစ်ကုန်သော။ ဝါ၊ ပီတိနှင့်ကေပ္ပါဒ အစရှိသောအစွမ်းဖြင့် နှီးနှောကုန်သော။ဝါ၊ပီတိနှင့်တကွကေပ္ပါဒအစ ရှိသောအဖြစ်သို့ ရောက်ကုန်သော။ဝမ္ဗာ၊-တို့သည်။သံပိဏ္ဍန္တိ၊-ကုန်၏။

သုခသဟဂတာ၊ သုခဝေဒနာနှင့်တကွဖြစ်ကုန်သော။ ဝါ၊ သုခဝေ ဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။ ဝါ၊သုခ ဝေဒနာနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်ကုန်သော။ ဝမ္ဗာ၊-တို့သည်။သံပိဏ္ဍန္တိ၊-ကုန်၏။

ဥပေက္ခာသဟဂတာ၊ ကုန်သော။ ဝါ၊ ကုန်သော။ ဝါ၊ ကုန်သော။ ဝမ္ဗာ၊တို့သည်။သံပိဏ္ဍန္တိ၊ကုန်၏။

(ပ)....အရကား-ပီတိသဟဂုတ်စိတ်-၅၁-ခု၊ပီတိ,ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်-စေ-ဆစတ္တာလီသ ရ ၏။....၄-၂-၂-၃။

(ဒု)....အရကား-သုခ သဟဂုတ် စိတ်-၆၃-ခု၊ ဝေဒနာ, ဒေါသ, ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်-စေ-ဆစတ္တာလီ သ-ရ၏။....၃-၂-၃-၃။

(တ) ...အရကား- ဥပေက္ခာ သဟဂုတ် စိတ်-၅၅-ခု၊ ဝေဒနာ, ပီတိ,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စကြဉ်-စေ-ဆစတ္တာလီ သ-ရ၏။....၃-၂-၇-၃။

**တိက်မှတ်ကား**.... သုခသဟဂုတ် ကာယဝိညာဏ်, စတုတ္ထဈာန် စိတ် ကောဒသ၌ ရှိသော သုခဝေဒနာ ၁၂-ခု၊ ဥပေက္ခာ ဝေ ဒနာ-၅၅-ခု၊ဒုက္ခ သဟဂုတ်စိတ်-၃-ခု၊ စေတသိက် ဗာဝီသ၊ ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့တည်း။

မှ....အဘယ်ကြောင့် "ပီတိသဟဂတ" မည်သနည်းဟုမေး။

**ဖြေ**....ပီတိနှင့်ကြေပ္ပါဒအစရှိသော သမ္ပယောဂ လက္ခဏာအားဖြင့် တကွဖြစ်ခြင်းသို့ ရောက်သောကြောင့် "ပီတိသဟဂတ"မည်၏ဟုဖြေ။

ပီတိယာ သဟ ကြေပ္ပါဒါဒိ ဘာဝံ ဂတာတိ ပီတိသဟဂတာ=ဟု တွဲစပ်။ ...ပီတိသဟဂုတ်စိတ်-၅၁-ခု၊ ပီတိ,ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆစတ္တာလီသကို အရကောက်။

**စကားချုပ်**....စေတသိက်တို့ကို ကြဉ်ရခြင်း အကြောင်းကို ဝေဒနာတိက်က ဆိုအပ်ပြီးသော နည်းအတိုင်းမှတ်။ သုခသဟဂတာ ဓမ္မာ ဟူသော ပုဒ်သည် ဝေဒနာတိက်၌ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာဟူသော ပဌမပဒနှင့်တူ၏။ ဥပေက္ခာသဟဂတာဓမ္မာ ဟူသော ပုဒ်သည် ဝေဒနာတိက်၌ အဒုက္ခမသုခါယဝေဒနာယ သမ္ပယုတ္တာဓမ္မာ ဟူသော တတိယပဒနှင့်တူ၏ ဟူ၍မှတ်။

**မေး**....ဤပီတိတိက်၌ ပီတိသဟဂတပုဒ်သာ ထူးသည် ဖြစ်ပါလျက် ဝေဒနာတိက်၌ ဟောအပ်ပြီးသော ပဒတို့ကို အဘယ်ကြောင့် ယူ၍ဟောရပြန်ပါသနည်းဟုမေး။

**ဖြေ**....နိပ္ပီတိကသုခသပ္ပီတိကသုခနှစ်ပါး ထူးခြားသည်၏ အဖြစ်ကို ပြခြင်းငှါဝေဒနာတိက်မှနှစ်ပုဒ်ကိုယူ၍ ဟောတော်မူ၏ဟုဖြေ။

**ဤကား**....ဝေဒနာတ္တိကတော ပဒဒွယမေဝ ဂဟေတွာ နိပ္ပီတိကဿ သုခဿ သပ္ပီတိကသုခတော ဝိသေသဒဿနဝသေန အယံတိကော ဝုတ္တော=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဝေဒနာတ္တိကတော၊ဝေဒနာတိက်မှ။ပဒဒွယမေဝ၊ပုဒ်နှစ်ခုအပေါင်းကိုသာလျှင်။ဂဟေတွာ၊ယူ၍။ နိပ္ပီတိကဿ၊ပီတိကင်းသော။ သုခဿ၊ သုခ၏။ သပ္ပီတိကသုခတော၊ ပီတိနှင့်တကွဖြစ်သော သုခမှ။ ဝိသေသ ဒဿနဝသေန၊ အထူးကိုပြသည်၏အစွမ်းဖြင့်။ အယံတိကော၊ဤတိက်ကို။ဝုတ္တော၊ဟောတော်မူအပ်၏။

**အဓိပ္ပါယ်** .. စတုတ္ထဈာန်ကောဒသ,သုခသဟဂုတ်ကာယဝိညာဏ် ပေါင်း-၁၂-ခုနှင့် ယှဉ်သောသုခသည် ပီတိကင်းသောကြောင့် နိပ္ပီတိကသုခမည်၏၊ ကြွင်းသော သုခသဟဂုတ်-၅၁-ခုနှင့် ယှဉ်သော သုခ

သည် ပီတိနှင့် တကွ ဖြစ်သောကြောင့် သပ္ပီတိကသုခမည်၏။ ဤသို့ နိပ္ပီတိကသုခ,သပ္ပီတိကသုခနှစ်ပါး ထူးခြားသည်၏ အဖြစ်ကို ပြတော်မူလိုသောကြောင့် ဝေဒနာတိက်၌ ဟောတော် မူအပ်ပြီးသော ပုဒ်တို့ကိုယူ၍ ဟောတော်မူ၏ ဟူလို။

**ဋီ**....ပီတိသုခနှစ်ပါးတို့၏အထူးကို သိနိုင်ခဲသည်၏အဖြစ်ကြောင့် ၎င်းနှစ်ပါးတို့၏ သတ္တိအထူးကို ပြခြင်းငှါ ဝေဒနာတိက်၌ ပုဒ်နှစ်ခုအပေါင်းကိုယူ၍ ဟောတော်မူ၏ ဟူ၍လည်းဖြေ။

**ဤကား**.... အထဝါ ပီတိသုခါနံ ဒုဗ္ဗိညေယျနာနတ္တာနံ နာနတ္တဒဿနတ္ထံ အယံတိကော ဝုတ္တော= ဟူသော မူလဋီကာနှင့် အညီတည်း။

အထဝါ၊ ဤဆိုလတ္တံ့သည်ကား နည်းတပါးတည်း။ ဒုဗ္ဗိညေယျနာနတ္တာနံ၊ သိနိုင်ခဲသော ထူးသောအဖြစ် ရှိကုန်သော။ ပီတိသုခါနံ၊ ပီတိသုခတို့၏။ နာနတ္တဒဿနတ္ထံ၊ ထူးသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါ။ အယံတိကော၊ဤတိက်ကို။ဝုတ္တော၊ဟောတော်မူအပ်၏။

**အဓိပ္ပါယ်**....ပီတိသည် သုခဝေဒနာနှင့်ကင်းသော ပီတိမရှိသောကြောင့် သုခနှင့် အမြဲယှဉ်၏။ သုခသည်ကား ပီတိကင်းသော သုခလည်းရှိ, ပီတိမကင်းသော သုခလည်း ရှိသောကြောင့် အမြဲမယှဉ်။ အချို့သာယှဉ်၍ အချို့ကားမယှဉ်။ ထို့ကြောင့် ပီတိနှင့် သုခသည်ထူး၏။....ပထမပုဒ် ဒုတိယပုဒ်တို့ကို ထောက်၍ ထူးသည်၏ အဖြစ်ကိုသိသာ၏။

**တနည်း**... ပီတိသဟဂတာဟူသောပထမပုဒ်ဖြင့်သုခကိုသာရ၏၊ ပီတိကိုမရ။ပီတိဝိပ္ပယုတ်စိတ္တုပ္ပါဒ်တို့သည်ပထမပုဒ်၏အရမဖြစ်၊ဒုတိယပုဒ်၏အရသာဖြစ်၏။ထို့ကြောင့် ပီတိသုခနှစ်ပါး ထူးခြား၏ဟူလို။

**ဝါဒတပါး**.... ပီတိကား နှစ်သက်သည် သုခကား ခံစားသည် ဤသို့ ပီတိသုခ နှစ်ပါးတို့၏ အထူးကို ဆိုကြကုန်၏။ ဋီကာတို့နှင့်ညီအံ့ မထင်။

ပီတိတိက်ကိုပြဆိုသောအခဏ်းပြီး၏။

## ဒသသနတိက်ကိုပြဆိုသောအခဏ်း။

ဝိတိတိက်ကို....မွဲ၍၊ဒသသနတိက်ကို-၏....**ကား**။

(**ပ**)....ဒသသနေနပဟာတဗ္ဗာဓမ္မာ။

(**ဒု**)....ဘာဝနာယပဟာတဗ္ဗာဓမ္မာ။

(**တ**)....နေဝဒသသနေနနဘာဝနာယပဟာတဗ္ဗာဓမ္မာ။....တည်း။

ဒသသနေန ပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ် ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊-ရှိကုန်၏။

ဘာဝနာယ ပဟာတဗ္ဗာ၊ အထက်မဂ်-၃- ခုသည် ပယ်အပ် ကုန်သော။ ဓမ္မာ၊-တို့သည်။ သံဝိဇ္ဇန္တိ၊-ကုန်၏။

နေဝဒသသနေန နဘာဝနာယပဟာတဗ္ဗာ၊ သောတာပတ္တိမဂ်သည် ပယ်အပ် ကုန်သည်လည်း မဟုတ်, အထက်မဂ်-၃-ခုသည် ပယ်အပ် ကုန်သည်လည်းမဟုတ်ကုန်သော။ ဓမ္မာ၊-တို့သည်။သံဝိဇ္ဇန္တိ၊-ကုန်၏။

(ပ)....အရကား-သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့်ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု၊ မာန,ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စကြည်စေ-ဗာဝိသ၊ သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်လေးခု၊ ဒေါသမူနွေ၊ဒိဋ္ဌိ,ဝိစိကိစ္ဆာကြည်-စေ-ပဥ္စဝိသရ၏။....၃- ၂- ၂- ၂။

(**ဒု**)....အရကား-သကဒါ ဂါမိမဂ်သည် တနုကရ အားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူနွေ၊ အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူနွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြည်သော-စေ-ပဥ္စဝိသ၊ အရဟတ္တမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ် ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု, ဥဒ္ဓစ္စသဟဂုတ်စိတ် တခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြည်-စေ-ဧကဝိသရ၏။....၄- ၂- ၂- ၂။

(ဇ)....အရကား-ကုသိုလ်ဧကဝီသ, ဝိပါက်ဆတ္တိံသ, ကြိယာဝီသ၊ စေ- အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။.... ၅-၁၂ ၁၀-၃။

## ပထမပဒကိုပြဆိုချက်။

**မု**....အဘယ်ကြောင့် "ဒဿန" မည်သနည်းဟုမေး။

**ဝိ**....နိဗ္ဗာန်ကိုရှေးဦးစွာမြင်တတ်သောကြောင့် "ဒဿန" မည်၏ဟုဖြေ။

နိဗ္ဗာနံပထမံပဿတီတိဒဿနံ= ဟုပြ။.... သောတာပတ္တိမဂ်စိတ် ၁-ခု၊ စေတသိက်ဆတ္တိံသကို အရကောက်၊.... နိဗ္ဗာန်ကို အာရုံပြုသည့်ကိုပင် နိဗ္ဗာန်ကိုရှေးဦးစွာမြင်သည်ဟုဆိုရ၏ဟုမှတ်။

**ဤကား**.... နိဗ္ဗာနဒဿနတောတိ နိဗ္ဗာနာရမဏာတံ သန္ဓာယာဟာ=ဟူသော မူလဋီကာနှင့်အညီတည်း။

နိဗ္ဗာနဒဿနတောတိတော၊ နိဗ္ဗာနဒဿနတောဟူသော ဤစကားကို။ နိဗ္ဗာနာရမဏာတံ၊ နိဗ္ဗာန်လျှင်အာရုံရှိသည်၏အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ အာဟ၊ အဋ္ဌကထာဆရာမိန့်မှာ၏။

**မု**....ဂေါတြဘူသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်ပါလျက် အဘယ်ကြောင့် "ဒဿန" အမည်မရပါသနည်းဟုမေး။

**ဝိ**....ဂေါတြဘူသည် နိဗ္ဗာန်ကိုရှေးဦးစွာမြင်သော်လည်း ကိလေသာကိုပယ်ခြင်းကိစ္စ မပြီးသောကြောင့် "ဒဿန" ဟု အမည်မရ၊ သောတာပတ္တိမဂ်သည်ကား နိဗ္ဗာန်ကိုလည်းမြင် ကိလေသာကိုပယ်ခြင်းကိစ္စလည်းပြီးသောကြောင့် "ဒဿန" အမည်ရ၏ဟုဖြေ။

**ဥပမာ**....တစုံတခုသောကိစ္စကြောင့် မင်းထံသို့ လာသော ကျေးတောသား ယောကျ်ားသည် ဆင်စီး၍ ထွက်လာသော မင်းကြီးကို အဝေးမှလှမ်း၍မြင်သော်လည်း မင်းကြီးကို တွေ့မြင်ခဲ့၏လောဟုမေးသောအခါ။ မိမိ၏ပြုဘွယ်ကိစ္စမပြီးရကား မတွေ့မြင်ခဲ့ဟု ပြော၏သို့၊ ထို့အတူ ဂေါတြဘူသည် နိဗ္ဗာန်ကိုပင် မြင်ငြားသော်လည်း ကိလေသာကိုပယ်ခြင်းကိစ္စမပြီး**ရ**ကား မြင်၏ဟုမဆိုရဟူလို။

**ဤကား**....ဂေါတြဘုပန ကိဉ္စာပိ ပဌမတရံ ပဿတိ၊ ပ၊ နိဗ္ဗာနံ ဒိသွာပိ ကတ္တဗ္ဗဿ ကိလေသပဟာနဿ ဘာဝါ နဒဿ နန္တိ ဝုစ္စတိ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဂေါတြဘုပန၊ ဂေါတြဘုသည်ကား။ ပဌမတရံ၊ သောတာပတ္တိမဂ်ဇာ်ရှေးဦးစွာ။ ကိဉ္စာပိပဿတိ၊ အကယ်၍ကား မြင်၏။ ပ၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒိသွာပိ မြင်ငြားသော်လည်း။ ကတ္တဗ္ဗဿ၊ ပြုအပ်သော။ ကိလေသပဟာနဿ၊ ကိလေသာကိုပယ်ခြင်း၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ ဒဿနန္တိ၊ ဒဿနဟူ၍။ နဝုစ္စတိ၊ မဆိုအပ်။

**ဝိ**....အဘန်တလဲလဲ ဖြစ်ခြင်းဟု ဆိုအပ်သော ဘာဝနာအဖြစ်သို့ မရောက်သောကြောင့် သောတာပတ္တိမဂ်ဉာဏ်သည် "ဒဿန" မည်၏ဟူ၍လည်းဖြေ။

**ဤကား** ...အထဝါ ဝမ္မစက္ခု ပုနပ္ပုနံ နိဗ္ဗတ္တနေန ဘာဝနာဘာဝံ အပတ္တံ ဒဿနံနာမ=ဟူသော မူလဋီကာနှင့်အညီတည်း။

အထဝါ၊ ဤဆိုလတ္တံ့သည်ကားနည်းတပါးတည်း။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ နိဗ္ဗတ္တနေန၊ ဖြစ်စေခြင်းဖြင့်။ ဘာဝနာဘာဝံ၊ ဘာဝနာ၏ အဖြစ်သို့၊ အပတ္တံ၊ မရောက်သော။ ဓမ္မစက္ခု၊ သောတာပတ္တိမဂ်ဉာဏ်သည်။ ဒဿနံနာမ၊ ဒဿနမည်၏။

**ဤအလို**....စတုသစ္စဓမ္မံ ပဿတီတိ ဒဿနံ=ဟုပြု။

**အဓိပ္ပါယ်**....သောတာပတ္တိမဂ်ဉာဏ်သည် ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကိုပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကိုပွါးစေခြင်းဟု ဆိုအပ်သော ကိစ္စလေးပါးကိုပြု၍ သစ္စာလေးပါးတရားကို မြင်တတ်သောကြောင့် "ဒဿန" မည်၏။ ဤကဲ့သို့မြင်ခြင်းကို ထိုးထွင်း၍သိသည်ဟုဆိုရ၏။ ဂေါတြဘုသည် ၎င်း ကိစ္စလေးပါးကိုပြု၍မမြင်ရကား ဒဿနအမည်မရဟူလို။ ။

**မေး**....အဘယ်ကြောင့် "ပဟာတဗ္ဗ" မည်သနည်းဟုမေး။

**ဖြေ**....ပယ်အပ်သောကြောင့် "ပဟာတဗ္ဗ" မည်၏ဟုဖြေ။

ပဟီယန္တီတိပဟာတဗ္ဗာ=ဟုဝစနတ္ထပြု။....အကုသိုလ်နှင့်ဒသဲစေ တသိက်သတ္တဝိသကိုအရကောက်။

**မေး**....အဘယ်ကြောင့် "ဒဿနေနပဟာတဗ္ဗ" မည်သနည်းဟုမေး။

၆...သောတာပတ္တိမဂ်သည် ပယ်အပ် သောကြောင့် "ဒဿနေန ပဟာတဗ္ဗ" မည်၏ဟုဖြေ။

ဒဿနေန သောတာပတ္တိမဂ္ဂေန ပဟာတဗ္ဗော ဒဿနေန ပဟာတဗ္ဗော=ဟုတွဲစပ်။...ဥဒ္ဒေသကြည့်သောအကုသိုလ်ဇကာဒသစိတ္တုပ္ပါဒ်ကိုအရကောက်။

**အထူးကား**....ကာမေသုမိစ္ဆာစာရ ဟူသော သမာသ်ပုဒ်၌ သုဝိဘတ်မကျေသကဲ့သို့၊ ဤဒဿနေနပဟာတဗ္ဗဟူသောပုဒ်၌လည်း နာဝိဘတ်မကျေသော အလုတ္တသမာသ်ဟူ၍မှတ်။ ဝါကျမဟုတ်ဟူလို။

## ပဟာယကတရားကိုခွဲပြချက်။

ပဟာယကတရားသည် အကြွင်းမဲ့ ပယ်သော ပဟာယကတရားတမျိုး, တနုကရအားဖြင့်ပယ်သော ပဟာယကတရားတမျိုး, နှစ်ပါးရုံအားဖြင့် ပယ်သောတရားတမျိုးအားဖြင့်–၃–မျိုး ပြား၏၊ ထို–၃–မျိုးတို့တွင် သောတာပတ္တိမဂ်သည် နှစ်ပါးရုံအားဖြင့်ပယ်၏၊ သကဒါဂါမိမဂ်သည် တနုကရအားဖြင့်ပယ်၏၊ အနာဂါမိမဂ် အရဟတ္တမဂ် နှစ်ပါးသည် အကြွင်းမဲ့အားဖြင့်ပယ်၏ဟုမှတ်။

## ပဟာတဗ္ဗတရားကိုခွဲပြချက်။

ပဟာတဗ္ဗတရားသည် အကြွင်းမရှိ ပယ်အပ်သော အနဝသေသ ပဟာတဗ္ဗတရားတမျိုး, အကြွင်းရှိသောအားဖြင့် ပယ်အပ်သော သာဝသေသပဟာတဗ္ဗတရားတမျိုးအားဖြင့် နှစ်မျိုးပြား၏။ ထို-၂-မျိုးတို့တွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်, မောဟမူဒွေစိတ္တုပ္ပါဒ် ဤတရားရသည်အနဝသေသပဟာတဗ္ဗတရားမည်၏။ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်, ဒေါသမူစိတ္တုပ္ပါဒ် ဤတရားရသည် သာဝသေသ ပဟာတဗ္ဗ တရားမည်၏။.... (သာဝသေသဟူသည် တပါးတည်းပယ်၍မကုန် ကြွင်းကျန်သေးသည်ကို ဆိုလို၏။)....။ ထိုသာဝသေသ ပဟာတဗ္ဗတရားသည်–အပါယ်သို့လားစေတတ်သော အပါယဂမနီယတရား, အပါယ်သို့မလားစေတတ်သော အနပါယဂမနီယတရားအားဖြင့်–၂–မျိုးပြား၏။ ထိုနှစ်မျိုးတို့တွင် အနပါယဂမနီယ တရားသည်–အကြမ်း, အနုအားဖြင့်–၂–မျိုး။ ထိုနှစ်မျိုးတို့တွင် အနုသည်– ကာမရာဂနှင့် သမ္ပယုတ် ဖြစ်သောတရား, ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ် ဖြစ်သော

တရားအားဖြင့်–၂–မျိုးပြား၏။(အထူးကား....ဒေါသမူနွေသည့်ကာမ ရာဂနှင့် သမ္ပယုတ်တမျိုးသာ၊ ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ်မရ ဟုမှတ်။)

## နှစ်ပါးစုံတွဲ၍ခွဲပြချက်။

သောတာပတ္တိ မဂ်သည် ဥဒ္ဒစ္စစိတ္တုပ္ပါဒ် ကြဉ်သော အနဝသေသ ပဟာတဗ္ဗ တရား– ၅– ခုစိတ္တုပ္ပါဒ်၊ အပါယ ဂမနီယ တရား– ၆–ခု စိတ္တုပ္ပါဒ်၊၍–၁၁–ပါးသော စိတ္တုပ္ပါဒ်တို့ကိုပယ်၏။ သကဒါဂါမိမဂ် သည် အကြမ်းဖြစ်သော အနပါယဂမနီယ တရား–၆–ခု စိတ္တုပ္ပါဒ်ကို ပယ်၏။အနာဂါမိမဂ်သည် ကာမရာဂနှင့်သမ္ပယုတ်ဖြစ်သောအနပါယ ဂမနီယအနု–၆–ခု စိတ္တုပ္ပါဒ်ကို ပယ်၏။ အရဟတ္တမဂ်သည် ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော အနပါယဂမနီယတရား အနု–၄–ခု ဥဒ္ဒစ္စသဟဂုတ်–စိတ္တုပ္ပါဒ်ကိုပယ်၏။

**အထူးကား**....သောတာပတ္တိမဂ်သည်အပါယဂမနီယတရားရကို ပယ်ရာ၌ ဥဒ္ဒစ္စသဟဂုတ်စိတ္တုပ္ပါဒ် ကြွင်းကျန်သည်ကို ထောက်သော် ဥဒ္ဒစ္စသဟဂုတ်စိတ်သည် အပါယဂမနီယ တရားမဟုတ် အပါယ်ပဋိ သန္ဓေကို မပေးနိုင်ကြောင်း ထင်ရှား၏။

ဤကား–ပထမပဒနှင့်စပ်သောစကားရပ်အပြီးတည်း။

---

## ဒုတိယပဒကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "ဘာဝနာ" မည်သနည်းဟုမေး။

ဝိ....အဘန်တလဲလဲ ပွါးစေတတ်သောကြောင့် "ဘာဝနာ" မည် ၏ဟုဖြေ။

ဘာဝေတိ ပုနပ္ပုနံ ဝဍ္ဎေတိတိ ဘာဝနာ=ဟု ပြု။ .... အထက်မဂ် သုံးခုစေတသိက်ဆတ္တိံသကို အရကောက်။

**အဓိပ္ပါယ်**....ဘာဝနာဟူသည် အဘန်တလဲလဲ ထပ်ခါထပ်ခါ ဖြစ် သည်ကိုဆိုလို၏။အထက်မဂ် သုံးခုသည် သောတာပတ္တိမဂ်သည် မြင် အပ်ပြီးသော တရားတို့ကိုသာ ထပ်ခါထပ်ခါမြင်၏။သောတာပတ္တိမဂ် မမြင်သော တရားရကို ထူးချွန်၍မမြင်။ထိုသို့သောတာပတ္တိမဂ်မြင်ပြီး သောတရားကို ထပ်၍မြင်သောကြောင့် ဘာဝနာ မည်၏ဟုလို။

**ဤကား**…ဘာဝနာယာတိ သေသမဂ္ဂတ္တယေန၊ သေသမဂ္ဂတ္တယံ ဟိ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌပုဗ္ဗံ ကိဉ္စိ န ပဿတိ၊ တသ္မာ ဘာဝနာတိ ဝုစ္စတိ=ဟူသော အဋ္ဌကထာ။ ။ဥပရိမဂ္ဂတ္တယံဟိ ပဌမမဂ္ဂေန ဒိဋ္ဌနိဗ္ဗာနေ ဘာဝနာဝသေန ပဝတ္တနတော ဘာဝနာတိ ဝုစ္စတိ=ဟူသော ဋီကာကျော်တို့နှင့်အညီတည်း။

ဘာဝနာယာတိ၊ ဘာဝနာယဟူသည်။ သေသမဂ္ဂတ္တယေန၊ သောတာပတ္တိမဂ်မှကြွင်းသော မဂ်သုံးခုအပေါင်းသည်။ဟိ-ယသ္မာ၊အကြောင်ကြောင့်။ သေသမဂ္ဂတ္တယံ၊ ကြွင်းသော မဂ်သုံးခုအပေါင်းသည်။ ပဌမမဂ္ဂေန၊ သောတာပတ္တိမဂ်သည်။ ဒိဋ္ဌသ္မိံယေဝဓမ္မေ၊ မြင်အပ်ပြီးသော တရား၌သာလျှင်။ဘာဝနာဝသေန၊ပွါးစေသည်၏ အစွမ်းဖြင့်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အဒိဋ္ဌပုဗ္ဗံ၊ သောတာပတ္တိမဂ်သည် မမြင်အပ်သေးသော။ ကိဉ္စိ၊ တစုံတခုသောတရားကို။ န ပဿတိ၊မမြင်။ တသ္မာ၊ထို့ကြောင့်။ ဘာဝနာတိ၊ဘာဝနာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။…(ဤကား-အဋ္ဌကထာနက်။)

ဟိသစ္စံ၊မှန်၏။ဥပရိမဂ္ဂတ္တယံ၊အထက်မဂ်သုံးခုအပေါင်းကို။ ပဌမမဂ္ဂေန၊သောတာပတ္တိမဂ်သည်။ ဒိဋ္ဌနိဗ္ဗာနေ၊မြင်အပ်ပြီးသော နိဗ္ဗာန်၌။ ဘာဝနာဝသေန၊ ပွါးစေသည်၏ အစွမ်းဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ဘာဝနာတိ၊ဘာဝနာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။…(ဤကား…ဋီကာအနက်တည်း။)

**မု**…အဘယ်ကြောင့် "ဘာဝနာယ ပဟာတဗ္ဗ" မည်သနည်း ဟုမေး။

**ဖြေ**…အထက်မဂ် သုံးခုအပေါင်းသည် ပယ်အပ် သောကြောင့် "ဘာဝနာယပဟာတဗ္ဗ"မည်၏ဟုဖြေ။

ဘာဝနာယ ဥပရိမဂ္ဂတ္တယေန ပဟာတဗ္ဗာ ဘာဝနာယ ပဟာတဗ္ဗာ=ဟု တွဲစပ်။ …ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု, ဒေါသမူနွေ, ဥဒ္ဓစ္စသဟဂုတ်စိတ်တခု၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဉ္စဝိသကို အရကောက်။

ဤကား-ဒုတိယပဒနှင့်စပ်သောစကားရပ်အပြီးတည်း။

## တတိယပဒကိုပြဆိုချက်။

မု….အဘယ်ကြောင့် "နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ" မည်သနည်းဟုမေး။

ဝိ….သောတာပတ္တိမဂ်အထက်မဂ်တို့သည်မပယ်အပ်သောကြောင့် "နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ"မည်၏ဟုဖြေ။

နေဝ ဒဿနေန ပဟာတဗ္ဗာ နေဝဒဿနေန ပဟာတဗ္ဗာ။ နေဝ ဘာဝနာယ ပဟာတဗ္ဗာ နဘာဝနာယ ပဟာတဗ္ဗာ။ နေဝ ဒဿနေန ပဟာတဗ္ဗာစ တေ နဘာဝနာယ ပဟာတဗ္ဗာစာတိ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ=ဟု တွဲစပ်လေ။…. ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ရုပ်၊နိဗ္ဗာန်တို့ကို အရကောက်။

ဤဝစနတ္ထ၌ ပဟာတဗ္ဗပုဒ် တခု ကိုပင် ဒဿနဘာဝနာ ပုဒ်တို့နှင့် တွဲဘက်၍ဆိုလိုက်၏။….တနည်း–ပဟာတဗ္ဗပုဒ်တခု ကျေနေ၏။ ထို့ကြောင့် နေဝဒဿနေန ပဟာတဗ္ဗ နဘာဝနာယ ပဟာတဗ္ဗာ=ဟုမဖြစ်မူ၍ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ=ဟု ဖြစ်သတည်း။

**အထူးကား**….နဟူသောပဋိသေဓသည် ဒဿနဘာဝနာဟူသော ပယ်တတ်သော ပဟာယကတရားမှတပါး သမုစ္ဆေဒပဟာန်အားဖြင့် ပယ်တတ်သော တရားမရှိသောကြောင့် ပဟာတဗ္ဗဟူသော ကံပုဒ်ကိုသာမြစ်၏။ ဒဿနေန ဘာဝနာယဟူသော ကတ္တားပုဒ်တို့ကို မမြစ်ဟု မှတ်လေ။

ဤကား–တတိယပဒနှင့်စပ်သောစကားရပ်အပြီးတည်း။
ဒဿနတိက်ကိုပြဆိုသောအခဏ်းပြီး၏။

## ဒဿနဟေတုတိက်ကိုပြဆိုသောအခဏ်း။

ဒဿနတိက်ကို….မှဲ၍၊ဒဿနဟေတုတိက်ကို–၏။….**ကား**။

(ပ)….ဒဿနေနပဟာတဗ္ဗဟေတုကာဓမ္မာ။

(ဒု)….ဘာဝနာယပဟာတဗ္ဗဟေတုကာဓမ္မာ။

(တ)….နေဝ ဒဿနေန နဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ ဓမ္မာ….တည်း။

ဒသေနနေ ပဟာတဗ္ဗ ဟောတုကာ၊ သောတာပတ္တိ မဂ်သည် ပယ်အပ်သောဟိတ်ရှိကုန်သော။ဓမ္မာ၊-တို့သည်။သံဝိဇ္ဇန္တိ၊-ရှိကုန်၏။

ဘာဝနာယ ပဟာတဗ္ဗ ဟောတုကာ၊ အထက်မဂ် သုံးခုသည် ပယ်အပ်သောဟိတ်ရှိကုန်သော။ဓမ္မာ၊-တို့သည်။သံဝိဇ္ဇန္တိ၊-ကုန်၏။

နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ ဟောတုကာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်းမဟုတ်, အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်သော၊ဓမ္မာ၊ တို့သည်။သံဝိဇ္ဇန္တိ၊-ကုန်၏။

(ပ)....အရကား—သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်–၄–ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု၊ မာန,ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက်ဗာဝိသ။ သောတာပတ္တိ မဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်–၄–ခု၊ ဒေါသမူနွေ ဒိဋ္ဌိ,ဝိစိကိစ္ဆာကြဉ်စေ-ပဉ္စဝိသရ၏။၄-၂-၂-၂။

(ဒ)....အရကား—သကဒါဂါမိ မဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်–၄–ခု၊ဒေါသမူနွေ။ အနာဂါမိ မဂ်သည် အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ကာမ ရာဂနှင့် သမ္ပယုတ် ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်–၄–ခု, ဒေါသမူနွေ။ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်-စေ-ပဉ္စဝိသ။ အရဟတ္တမဂ်သည် အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ် ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်–၄–ခု၊ဥဒ္ဓစ္စသဟဂုတ်စိတ်–၁–ခု၊ဒိဋ္ဌိ,ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ဥဒ္ဓစ္စသဟဂုတ်စိတ်၌မောဟကြဉ်-စေ-ဗာဝိသရ၏။၄-၂-၂-၂။

(တ)....အရကား—ကုသိုလ်စိတ် ဧကဝိသ ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝိသ စေတသိက်အဋ္ဌတိံသ မောဟမူနွေ၌မောဟ ရုပ်အဋ္ဌဝိသ နိဗ္ဗာန်ရ၏။ ၅-၁၂-၁၀-၃။

## ပထမပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "ဒဿနေန ပဟာတဗ္ဗ ဟေတုက" မည်သနည်းဟုမေး။

ဝိ....သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိသောကြောင့် "ဒဿနေန ပဟာတဗ္ဗဟေတုက" မည်၏ဟုဖြေ။

ဒဿနေန ပဟာတဗ္ဗော ဟေတု ယေသန္တိ ဒဿနေန ပဟာ တဗ္ဗဟေတုကာ= ဟု စတုတ္ထီဆဗ္ဗိဗဟုဗ္ဗိဟိသမာသ် တွဲစပ်လေ။.... ဥဒ္ဓစ္စ သဟဂုတ်စိတ္တုပ္ပါဒ်, ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ မောဟ ကြဉ်သော အကုသိုလ်ကောဒသစိတ္တုပ္ပါဒ်ကိုအရကောက်။

မု....အဘယ်ကြောင့် "ဝိစိကိစ္ဆာ" သဟဂုတ်စိတ်၌ မောဟကို ကြဉ်ရပါသနည်းဟုမေး။

ဝိ....ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော ဟိတ်မရှိသောကြောင့် ကြဉ် ရ၏ဟုဖြေ။

## ဒုတိယပဒကိုပြဆိုချက်။

မု.... အဘယ်ကြောင့် "ဘာဝနာယပဟာတဗ္ဗဟေတုက" မည် သနည်းဟုမေး။

ဝိ....အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသောကြောင့် "ဘာဝနာယပဟာတဗ္ဗဟေတုက" မည်၏ဟုဖြေ။

ဘာဝနာယပဟာတဗ္ဗောဟေတု ယေသန္တိ ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ=ဟုစတုတ္ထီဆဗ္ဗိဗဟုဗ္ဗိဟိသမာသ်တွဲစပ်လေ။....ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်-၄-ခု၊ ဒေါသမူနှစ်၊ မောဟကြဉ်သော ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကိုအရကောက်။

## တတိယပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ ဟေတုက" မည်သနည်းဟုမေး။

ဝိ....သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်, အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည် လည်း မဟုတ်သောကြောင့် "နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုက" မည်၏ဟုဖြေ။

နေဝဒသညာနေနှ နာဘာဝနာယ ပဟာတဗ္ဗော ဟေတု ယေသန္တိ နေဝဒသညာနေနှ နာဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ=ဟု စတုတ္ထိ ဗဟုဗ္ဗိဟိသမာသ်တွဲစပ်လေ။....ကုသိုလ်, ဝိပါက်, ကြိယာဝိတ္တုပ္ပါဒ် မောဟမူဒွေ၌ မောဟ ရုပ်, နိဗ္ဗာန်, တို့ကိုအရကောက်။

မု....ရှေးနှစ်ပုဒ်ကဲ့သို့ "ဆဋ္ဌီဗဟုဗ္ဗိဟိသမာသ်" အဘယ်ကြောင့် မတွဲစပ်ပါသနည်းဟုမေး။

ဖြေ....အတ္ထယုတ္တိ,သဒ္ဒယုတ္တိနှစ်ပါးမရှိသောကြောင့်"ဆဋ္ဌီဗဟုဗ္ဗိဟိ သမာသ်" မတွဲစပ်ရဟုဖြေ။

**ဤကား**.... ဝေမတ္တံ အဂ္ဂဟေတွာတိ အတ္ထယုတ္တိတောစ သဒ္ဒ ယုတ္တိတောစ အဂ္ဂဟေတဗ္ဗတံ ဒဿေတိ=ဟူသောမူလဋီကာ နှင့်အညီတည်း။

ဝေမတ္တံအဂ္ဂဟေ**တွာ**တိ၊ ဝေမတ္တံ အဂ္ဂဟေ**တွာ** ဟူသည်။ အတ္ထ ယုတ္တိတောစ၊ အတ္ထယုတ္တိအားဖြင့်၎င်း။ သဒ္ဒယုတ္တိတောစ၊ သဒ္ဒယုတ္တိ အားဖြင့်၎င်း။ အဂ္ဂဟေတဗ္ဗတံ၊ မယူအပ်သည်၏အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

## အတ္ထယုတ္တိမရှိပုံကား။

အကြောင်တရားတို့၏ဟိတ်ကိုသောတာပတ္တိမဂ်သည်မပယ်,အထက် မဂ် သုံးခုသည်လည်း မပယ်ဟု အဓိပ္ပါယ်ရသော ဆဋ္ဌီဗဟုဗ္ဗိဟိသ မာသ်ကိုယူသည်ရှိသော် အကြောင်တရားတို့၏ ဟိတ်ဟုဆိုရကား-၎င်း တရားအရ ကုသိုလ်, သဟိတ်ဝိပါက်, သဟိတ် ကြိယာတို့ကိုသာရ ၍ အဟိတ်ဝိတ္တုပ္ပါဒ်,ရုပ်,နိဗ္ဗာန်တို့ကိုမရနိုင်သောကြောင့် နေဝဒသ နေနှ နာဘာဝနာယ ပဟာတဗ္ဗဟေတုကာဓမ္မာ ဟူသော တတိယပုဒ် အရ-အလိုရှိအပ်သော အနက်မပြည့်ဖုံရကား အနက်အားဖြင့် အသင့် ယုတ္တိမရှိဟုမှတ်။

## သဒ္ဒယုတ္တိမရှိပုံကား။

ပဟာတဗ္ဗသဒ္ဒါသည်။ ဒဿနေနဘာဝနာယ-ဟူသော ပုဒ်တို့ကို ငဲ့၏၊ ဟေတုပုဒ်ကိုမငဲ့။ ထိုသို့ပင် မငဲ့သော်လည်း တပါးသော ပုဒ်ကို ငဲ့စရာမရှိ လတ်သော်-ဟေတုဟူသောပုဒ်နှင့် ဂမ္ဘကသမာသ်ဖြစ်တန်

ရာ၏။ စင်စစ်မှာမူ တပါးသောပုဒ်ကို ငဲ့စရာမရှိသည်မဟုတ် နေဝနှင့် နဟူသော ပဒိုသေခပုဒ်တို့ကို ငဲ့နိုင်သည် ဖြစ်၍ ပဟာဘဇ္ဇသဒ္ဒါနှင့် ပောတုသဒ္ဒါတို့သည် သမာသ်မဖြစ်နိုင်ကုန်။ ထို့ကြောင့် သဒ္ဒယုတ္တိ လည်းမရှိဟုမှတ်။

ဒသာနုပောတုတိက်ကိုပြဆိုသောအခဏ်းပြီး၏။

---

**အာစယဂါမိတိက်ကိုပြဆိုသောအခဏ်း။**

ဒသာနုပောတုတိက်ကို....မှဲ၍၊အာစယဂါမိတိက်ကို-၏။....ကား။

(ပ)....အာစယဂါမိနောဓမ္မာ။

(ဒု)....အပစယဂါမိနောဓမ္မာ။

(တ)....နေဝါစယဂါမိနာပစယဂါမိနောဓမ္မာ။....တည်း။

အာစယဂါမိနော၊ ဝုတိပဋိသန္ဓေသို့ရောက်ကြောင်းဖြစ်ကုန်သော။ ဓမ္မာ၊-တို့သည်။သံဝိဇ္ဇန္တိ၊-ကုန်၏။

အပစယဂါမိနော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်ကုန်သော။ ဓမ္မာ၊-တို့သည်။သံဝိဇ္ဇန္တိ၊-ကုန်၏။

နေဝါစယဂါမိ နာပစယဂါမိနော၊ ဝုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ်။ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်သော။ ဓမ္မာ၊-တို့သည်။ သံဝိဇ္ဇန္တိ၊-ကုန်၏။

(ပ)...အရကား-အကုသိုလ်စိတ် ၁၂ဒသ, လောကီ ကုသိုလ်စိတ် သတ္တရသ၊ စေ-နွေပညာသရ၏။၄-၂-၂-၂။

(ဒု) ...အရကား-မဂ်စိတ်လေးခု၊စေ-ဆတ္တိံသရ၏။၄-၂-၂-၀။

(တ)....အရကား-ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝီသ၊စေ-အဋ္ဌတိံသ၊ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်ရ၏။ ၅-၁၂-၁၀-၂။

**ပဒအပဒကိုပြဆိုချက်။**

မုံ....အဘယ်ကြောင့်"အာစယ" မည်သနည်းဟုမေး။

ဝိ....ကံ-ကိလေသာတို့သည် ပွါးစေ အပ်သောကြောင့် "အာစယ" မည်၏ဟုဖြေ။

ကမ္မကိလေသေဟိ အာစိယတီတိ အာစယော=ဟုပြု။....ကံ-ကိလေသာတို့သည် ပွါးစေအပ်သော ဝုတိ, ပဋိသန္ဓေကိုအရကောက်။

**ဤကား** …ပဋိသန္ဓိရတိဂတိပတ္တာနံတေံနာမံ= ဟူသော အဌကထာနှင့်အညီတည်း။

တေံ၊ ဤအာစယ ဟူသောအမည်သည်။ ပဋိသန္ဓိရတိဂတိပတ္တာနံ၊ ပဋိသန္ဓေ ရတိ ဂတိဟုဆိုအပ်ကုန်သော စက်ရဟတ်သို့ မပြတ်လည် တတ်သော ဝဋ်တရားတို့၏။ နာမံ၊ အမည်တည်း။

**မု**….အဘယ်ကြောင့် "ဂါမိ" မည်သနည်းဟုမေး။

**ဖြေ**….ရောက်စေတတ်သောကြောင့်၊ ဝါ–ရောက်ကြောင်းဖြစ်သော ကြောင့် "ဂါမိ" မည်၏ဟုဖြေ။

ဂမေန္တီ ဂစ္ဆန္တီတေနာတိဝါဂါမိ= ဟုပြု။…. အကြောင်းသာမ ညကိုအရကောက်။

**မု**….အဘယ်ကြောင့် "အာစယဂါမိ" မည်သနည်းဟုမေး။

**ဖြေ**….ရတိပဋိသန္ဓေသို့ရောက်ကြောင်းဖြစ်သောကြောင့်"အာစယ ဂါမိ" မည်၏ဟုဖြေ။

အာစယံဂါမိအာစယဂါမိ= ဟုတွဲစပ်လေ။…. ရတိ–ပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော လောကီ ကုသိုလ် အကုသိုလ် ဓမ္မတြူပ္ပါဒ်ကို အရကောက်။

**ဤကား**… သာသဝကုသလာကုသလာနံ တေံ အဓိဝစနံ= ဟူ သော အဌကထာနှင့်အညီတည်း။

တေံ၊ ဤအာစယဂါမိ ဟူသော အမည်သည်။ သာသဝကုသလာ ကုသလာနံ၊ အာသဝေါ တရားတို့၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တို့၏။ အဓိဝစနံ၊ အမည်တည်း။

**တနည်း**….ရတိပဋိသန္ဓေဟု ဆိုအပ်သော ဝဋ်တရားကို စီသည် ဖြစ်၍သွားတတ်သောကြောင့် "အာစယဂါမိ" မည်၏ဟူ၍လည်းဖြေ။

**ဤအလို**….ပဝတ္တံ အာစိနန္တော်တိ အာစယာ=ဟုပြု။….လောကီ ကုသိုလ်, အကုသိုလ်ဓမ္မတြူပ္ပါဒ်ကိုအရကောက်။

**အဘူး**….ဤ၌ စီတတ်၏ဟူသည် တိုးပွါးအောင် ပြုသည်ကို ဆိုလို ၏။အာစိနန္တော်ကို ဝဍ္ဎန္တော်ဟု ဘွင့်သော မဏိဒီပကိုထောက်။

ဂစ္ဆန္တီတိ ဂါမိနော၊ …. အာစယာ ဟုတွာ ဂါမိနော အာစယ ဂါမိနော=ဟု ပြုလုပ်တွဲစပ်လေ။

**အဓိပ္ပါယ်**....ပန်းရံဆရာသည် တံတိုင်းစသည်ကို စီသကဲ့သို့၊ ထို့အတူ လောကီကုသိုလ် အကုသိုလ်တို့သည် ဝဋ်တရားကို စီတတ်ကုန်၏။ ထို့ကြောင့် အာစယဂါမိ မည်၏ဟူလို။

**ဤကား**....အပိစ ပါကာရံ ဣဋ္ဌကဝဍ္ဎကီဝိယ ပဝတ္တံ အာစိနန္တာ ဂစ္ဆန္တီတိ အာစယဂါမိနော=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

အပိစ၊ နည်းတပါးကို ပြဆိုဦးအံ့။ ဣဋ္ဌကဝဍ္ဎကီ၊ အုဋ္ဌလက်သမားသည်။ ပါကာရံ၊ တံတိုင်းကို။ အာစိနန္တော ဝိယ၊ စီသကဲ့သို့။ ယေဓမ္မာ၊ အကြင် တရားတို့သည်။ ပဝတ္တံ၊ ကံ, ကိလေသာတို့သည် ပွါးစေအပ်သော စုတိပဋိသန္ဓေဂတိဟု ဆိုအပ်သော ဝဋ်တရားကို။ အာစိနန္တာ၊ စီကုန်လျက်။ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ အာစယဂါမိနော၊-မည်ကုန်၏။....အရကောက်ကားတူပြီ၊ ဤ၌ဂမုဓာတ် ပဝတ္တနအနက်ဟောသောထူး၏။

## ဒုတိယပဒကိုပြဆိုချက်။

**ပု** ...အဘယ်ကြောင့် "အပစယဂါမိ" မည်သနည်းဟုမေး။

**ဖ**....နိဗ္ဗာန် ရောက်ကြောင်း ဖြစ်သောကြောင့် "အပစယဂါမိ" မည်၏ဟုဖြေ။

ကမ္မ ကိလေသေဟိ စိယတီတိ စယော။ .... စယာ အပေတန္တိ အပစယော= ဟု ပြုလုပ် တွဲစပ်လေ။.... စုတိပဋိသန္ဓေမှ ကင်းသော နိဗ္ဗာန်ကို အရကောက်။....ဂါမိဟူသောပုဒ်ကို ရှေးအတိုင်းပင်ပြု။

အပစယံ ဂါမိ အပစယဂါမိ= ဟု တွဲစပ်။ .... နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ်စိတ္တုပ္ပါဒ်ကို အရကောက်။

**ပု**....လောကီ ကုသိုလ်တို့သည်လည်း နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပါလျက် အဘယ်ကြောင့် အပစယဂါမိပုဒ်၌ မကောက်သနည်းဟုမေး။

**ဖ** .. ဤအရာ၌ နိဗ္ဗာန်သို့ ရောက်ကြောင်း ဟူသည်-ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းစသော ကိစ္စကို ပြီးစေလျက် နိဗ္ဗာန်ကိုအာရုံပြုခြင်းကိုပင် နိဗ္ဗာန်သို့ရောက်ကြောင်းဟု ဆိုရသောကြောင့် လောကီကုသိုလ်တို့ကို မကောက်ရဟုဖြေ။

**ဖြေ**….ရတိ ပဋိသန္ဓေဟု ဆိုအပ်သော ဝဋ်တရားကို ဖျက်ဆီးသည် ဖြစ်၍ သွားတတ်သောကြောင့် "အပစယဂါမိ" မည်၏ ဟူ၍လည်း တနည်းဖြေ။

**ဤအရာ**….ပဝတ္တံ အပစိနန္တီတိ အပစယာ=ဟု ပြ။….မဂ်လေးခု စိတ္တုပ္ပါဒ်ကို အရကောက်။

အပစယာ ဟုတ္တွာ ဂါမိနော အပစယဂါမိနော=ဟုတွဲစပ်။….ရတိ ပဋိသန္ဓေဟု ဆိုအပ်သော ဝဋ်တရားကို ဖျက်ဆီး၍ သွားတတ်သော မဂ်လေးခု စိတ္တုပ္ပါဒ်ကိုပင်အရကောက်။

**တတိယပဒကိုပြဆိုချက်။**

မေး….အဘယ်ကြောင့် "နေဝါစယဂါမိနာပစယဂါမိ"မည်သနည်းဟုမေး။

**ဖြေ**….ရတိ ပဋိသန္ဓေသို့လည်း ရောက်ကြောင်း မဟုတ်, နိဗ္ဗာန်သို့လည်း ရောက်ကြောင်း မဟုတ်သောကြောင့် "နေဝါစယဂါမိနာပစယဂါမိ" မည်၏ဟုဖြေ။

နေဝါစယဂါမိနော စ တေ နာပစယဂါမိနော စာတိ နေဝါစယဂါမိနာပစယဂါမိနော=ဟုတွဲစပ်။….ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်, ရုပ်,နိဗ္ဗာန်တို့ကို အရကောက်။

အာစယဂါမိတိက်ကိုပြဆိုသောအခန်းပြီး၏။

**သေက္ခတိက်ကိုပြဆိုသောအခန်း။**

အာစယဂါမိတိက်ကို….မှီ၍၊သေက္ခတိက်–၏။….**ကား။**

(မ) .. သေက္ခာဓမ္မာ။

(ဒု)….အသေက္ခာဓမ္မာ။

(တ)….နေဝသေက္ခာနာသေက္ခာဓမ္မာ။….တည်း။

သေက္ခာ၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာ ဖြစ်ကုန်သော။ ဓမ္မာ၊–တို့သည်။သံဝိဇ္ဇန္တိ၊–ကုန်၏။

အသေက္ခာ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်သော။ ဓမ္မာ၊–တို့သည်။သံဝိဇ္ဇန္တိ၊–ကုန်၏။

နေဝသေက္ခာနာသေက္ခာ၊သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဉစ္စာလည်း မဟုတ်, ရဟန္တာ ပုဂ္ဂိုလ် တို့၏ ဉစ္စာလည်း မဟုတ်ကုန်သော။ ဓမ္မာ၊-တို့သည်။သံဝိဇ္ဇန္တိ၊-ကုန်၏။

(ပ)....အရကား— အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ် ၇-ခု၊စေ-ဆတ္တံသရ၏။....၄-၂-၂-၁။

(ဒု)....အရကား—အရဟတ္တဖိုလ်စိတ်-၁-ခု၊ စေ-ဆတ္တံသ ရ၏။ ၄-၂-၂-၀။

(တ)....အရကား—လောကီစိတ်ကောသိတ်၊စေ-နွေပညာသယ၊ရုပ်အမြဲဝိသ၊နိဗ္ဗာန်ရ၏။ ...၅-၁၂-၁၀-၃။

## ပထမပဒကိုပြဆိုချက်။

မှ....အဘယ်ကြောင့် "သေက္ခ" မည်သနည်းဟုမေး။

ဖြ....သိက္ခာသုံးပါးတို့၌ ဖြစ်ဘတ်သောကြောင့် "သေက္ခ" မည်၏ဟုဖြေ။

သိက္ခိတဗ္ဗာတိ သိက္ခာ=ဟုပြု။....သိက္ခာသုံးပါးကိုအရကောက်။

## သိက္ခာသုံးပါးသရုပ်ကား။

သေက္ခ ပုဂ္ဂိုလ် တို့သည် ဖြည့်ကျင့် အပ်ကုန်သော မဂ်လေးခု, အောက်ဖိုလ်သုံးခုတို့၌ ရှိကုန်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟု ဆိုအပ်သော အဓိသီလ သိက္ခာ၊....သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော အဓိစိတ္တ သိက္ခာ။...သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပဟု ဆိုအပ်သော အဓိပညာ သိက္ခာ အားဖြင့် သုံးပါးဖြစ်သတည်း။

တိသု သိက္ခာသု ဇာတာတိ သေက္ခာ=ဟု ဝစနတ္ထပြု။ .... သိက္ခာသုံးပါးတို့၌ဖြစ်သော မဂ်လေးခု, အောက်ဖိုလ်သုံးခု စိတ္တုပ္ပါဒ်ကို အရကောက်။

**အဓိပ္ပါယ်**....သိက္ခာ သုံးပါးတို့တွင် တိသု သိက္ခာသု အရ-သိက္ခာတပါးကိုယူရိုက် ကြွင်းနှစ်ပါးနှင့် သမ္ပယုတ်ဘရားကို ဇာဘာအရ

ယူ။....နှစ်ပါးကို ယူခိုက် ကြွင်းတပါးနှင့် သမ္ပယုတ်တရားကို ဓာတာအရယူ။....သုံးပါးကိုယူခိုက် သမ္ပယုတ်တရားကို ဓာတာအရယူ။ ဤသို့အချင်းချင်း လှည့်၍လည်း ယူသင့်၏ဟူလို။

**၆**....သေက္ခ ပုဂ္ဂိုလ် ခုနစ်ယောက် တို့၏ ဥစ္စာ ဖြစ်သောကြောင့် "သေက္ခ"မည်၏ဟူ၍လည်း တနည်းဖြေ။

**ဤအလို**....သိက္ခန္တီတိ သေက္ခာ = ဟူ၍ရင်း။ ။သိက္ခိတဗ္ဗာတိ သိက္ခာ။....သိက္ခာ ဧတေသံ အတ္ထီတိ သေက္ခာ=ဟူ၍ရင်း။ ။ဣက္ခတိ ပဿတီတိ ဣက္ခာ၊ .... သု-သုန္ဒရာ ပဿဒ္ဓာဝါ ဣက္ခာ ဧတေသန္တိ သေက္ခာ=ဟူ၍ရင်း။ ။သိက္ခိတုံ သီလံ,ဓမ္မောဝါ ယေသန္တိ သေက္ခာ ဟူ၍ရင်း။ ။သိက္ခနေ သာဓကာရီ ယေတိဝါ သေက္ခာ=ဟူ၍ရင်း ပြု။....သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်ကို အရကောက်။

သေက္ခာနံ ဧတေတိ သေက္ခာ=ဟုပြု။....သေက္ခပုဂ္ဂိုလ်တို့၏ဥစ္စာ ဖြစ်သော မဂ်လေးခု,အောက်ဖိုလ်သုံးခု စိတ္တုပ္ပါဒ်ကိုအရကောက်။

**ဤကား**....သတ္တပန သေက္ခာ သိက္ခနသီလာတိ သေက္ခာ၊တေသံ ဣမေတိ သေက္ခာ၊အညာ သာဓာရဏာ မဂ္ဂဖလတ္တယဓမ္မာ= ဟူသော မူလဋီကာနှင့် အညီတည်း။

ပန၊ အဘိုတပါးကိုဆိုဦးအံ့။ သတ္တသေက္ခာ၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့သည်။သိက္ခနသီလာ၊သင်ခြင်း,ကျင့်ခြင်း,ဖြည့်ခြင်းအလေ့ရှိကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။သေက္ခာ၊သေက္ခတို့မည်ကုန်၏။ တေသံ၊ထိုသေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏။ ဣမေ၊ဥစ္စာတို့သည်။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သေက္ခာ၊ သေက္ခတို့မည်ကုန်၏။ အညာသာဓာရဏာ၊ သူတပါးနှင့် မဆက်ဆံကုန်သော။ မဂ္ဂဖလတ္တယဓမ္မာ၊ မဂ်လေးခု-အောက်ဖိုလ်သုံးခု တရားတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

**လိုရင်းကား**.... သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ အသီးအသီး ကိုယ်ပိုင် ပုဂ္ဂလိက ဖြစ်သော ဥစ္စာကို ကောက်လိုသောကြောင့် မဂ်လေးခု, အောက်ဖိုလ်သုံးခုစိတ္တုပ္ပါဒ်ကိုကောက်လိုက်၏။....လောကီကုသိုလ်စသည်ကား- အသီးအခြား ပုဂ္ဂလိက ဥစ္စာမဟုတ် အများနှင့် ဆက်ဆံသောကြောင့် မကောက်ရဟုမှတ်။

**တနည်း**....လောကီကုသိုလ်စသည်တို့၌သေက္ခမည်လေသလော ဟု ယုံမှားသံသယ မရှိသောကြောင့် မကောက်ရ ဟူ၍လည်း မှတ်လေ။

**ဖြေ**....မိမိဟုဆိုအပ်သော မဂ်လေးခု, အောက်ဖိုလ်သုံးခု ဓိတ္တုပ္ပါဒ် သည်ပင် သင်ခြင်း, ကျင့်ခြင်း ဖြည့်ခြင်း အလေ့ရှိသောကြောင့် "သေက္ခ" မည်၏ဟူ၍လည်းဖြေ။

သိက္ခန္တိ သိလေနာတိ သေက္ခာ= ဟူ၍ငင်း။ သိက္ခိတုံ သိလံ ယေသန္တိ သေက္ခာ=ဟူ၍ငင်း။ သိက္ခိတုံ ဓမ္မော ယေသန္တိ သေက္ခာ=ဟူ ၍ငင်း။ သိက္ခနေ သာဓကာဒိတိ သေက္ခာ=ဟူ၍ငင်းပြု။.... မဂ်လေး ခု, အောက်ဖိုလ်သုံးခု, စတ္တုပ္ပါဒ်ကိုအရကောက်။

**ဒုတိယပဒကိုပြဆိုချက်။**

မှ....အဘယ်ကြောင့် "အသေက္ခ" မည်သနည်းဟုမေး။

**ဖြေ**....ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သောကြောင့် "အသေက္ခ" မည်၏ဟုဖြေ။

န သေက္ခာ အသေက္ခာ= ဟူ၍ငင်း။ ။ဝုဒ္ဓာ သေက္ခာတိဝါ အ သေက္ခာဟူ၍ပုင်းပြု။.... ရဟန္တာ ပုဂ္ဂိုလ်ကို အရကောက်။.... ရှေး ဝစနတ္ထ၌ နသဒ္ဒါပဋိသေဓအနက်ကို၊ နောက်ဝစနတ္ထ၌ နသဒ္ဒါကား ကမ္မာ–ကမ္မ, ဖလာ– ဖလ ကဲ့သို့၊ ဝုဒ္ဓိ အနက်ကိုဟော၏ဟုမှတ်။

**အထူးကား**....ဤအရာ၌ ကြီးပွါး၏ ဟူသည် အရဟတ္တမဂ်ထက် အရဟတ္တဖိုလ်သည် အထူးသဖြင့် ငြိမ်သက် ရကား– အလွန်မြတ် သည်ဟု ဆိုရ၏။ ထိုသို့ အလွန်မြတ်သောကြောင့် ကြီးပွါးခြင်းသို့ ရောက်သည်ဟုဆိုရ၏ဟူလို။

အသေက္ခာနံအရဟန္တာနံ ဧတေတိအသေက္ခာ=ဟူပြု။....ရဟန္တာ ပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်သော အရဟတ္တဖိုလ် စတ္တုပ္ပါဒ်ကိုအရကောက်။

**ဤကား**....အရဟတ္တဖလဓမ္မာနံ ဧတံ အဓိဝစနံ= ဟူသော အဋ္ဌ ကထာနှင့်အညီတည်း။

ဧတံ၊ ဤအသေက္ခ ဟူသော အမည်သည်။ အရဟတ္တဖလဓမ္မာနံ၊ အရဟတ္တဖိုလ်တရားတို့၏။ အဓိဝစနံ၊ အမည်တည်း။

မု….ကြိယာဓေါ၀ိတ္တုပ္ပါဒ်သည်လည်း ရဟန္တာတို့၏ အသီး အခြားကိုယ်ပိုင်ဥစ္စာမဟုတ်ပါလော၊အဘယ်ကြောင့်“ကြိယာဓော၀ိတ္တုပ္ပါဒ်”ကိုမကောက်ပါသနည်းဟုမေး။

ဝိ….ကြိယာဓော ၀ိတ္တုပ္ပါဒ်သည် ရဟန္တာ ပုဂ္ဂိုလ်တို့၏ အသီး ဥစ္စာ ဟုတ်ငြားသော်လည်း၊-ဇင်း“ကြိယာဓော၀ိတ္တုပ္ပါဒ်”ကို အသေက္ခ မည်လေသလောဟု ယုံမှား သံသယ မရှိသောကြောင့်မကောက်ရဟုဖြေ။

ဤ**ကား**….နသေက္ခာတိ ယတ္ထ သေက္ခဘာ၀သင်္ကာ အတ္ထိ၊တတ္ထာ ယံ ပနိုသေဓေတိ လောကိယနိဗ္ဗာနေသု အသေက္ခာဘာ၀ါ နာပတ္တိ ဒဿနတ္ထာ=ဟူသော မူလဋီကာနှင့်အညီတည်း။

ယတ္ထ၊ အကြင်အရဟတ္တဖိုလ် တရားတို့၌။ သေက္ခဘာ၀သင်္ကာ၊ သေက္ခအဖြစ်၌ ယုံမှား တွေးတောခြင်းသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထို အရဟတ္တဖိုလ်တရားတို့၌။ နသေက္ခာတိ၊ နသေက္ခာဟူသော ပါဠ်ဖြင့်။ အယံပနိုသေဓော၊ ဤမြစ်ခြင်းကို။ ကတော၊ ပြုအပ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ လောကိယနိဗ္ဗာနေသု၊ လောကီနိဗ္ဗာန် တရားတို့၌။ အသေက္ခ ဘာ၀ါနာပတ္တိ၊ အသေက္ခ အဖြစ်သို့ မရောက်ခြင်းကို။ ဒဿနတ္ထာ၊ မှတ်အပ်၏။….ယုံမှားမရှိပုံအကျယ်ကို ဇင်းဋီကာမှာကြည့်။

**တတိယပဒကိုပြဆိုချက်။**

မု….အဘယ်ကြောင့် “နေ၀သေက္ခ နာသေက္ခ” မည်သနည်းဟု မေး။

ဝိ….သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်သောကြောင့် “နေ၀သေက္ခနာသေက္ခ” မည်၏ဟုဖြေ။

နေ၀သေက္ခာစ တေ နာသေက္ခာစာတိ နေ၀သေက္ခနာသေက္ခာ=ဟုတွဲစပ်။….လောကီစိတ္တုပ္ပါဒ်၊ ရုပ်၊ နိဗ္ဗာန်တို့ကိုအရကောက်။

သေက္ခတိက်ကိုပြဆိုသောအခဏ်းပြီး၏။

## ပရိတ္တတိက်ကိုပြဆိုသောအခဏ်း။

သေက္ခတိက်ကို....မှဲ့၌၊ ပရိတ္တတိက်ကို-၏....**ကာဓ**။

(ပ)....ပရိတ္တာဓမ္မာ။

(ဒု)....မဟဂ္ဂတာဓမ္မာ။

(တ)....အပ္ပမာဏာဓမ္မာ။....တည်း။

ပရိတ္တာ၊ နည်းသောအာနုဘော်ရှိကုန်သော။ဓမ္မာ....သံဝိဇ္ဇန္တိ။

မဟဂ္ဂတာ၊ မြတ်သည့်၏အဖြစ်သို့ရောက်ကုန်သော။ ဝါ၊ မြတ်ကုန်သော ဈာနလာဘီ ပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ။

အပ္ပမာဏာ၊ နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ရာဂ အစရှိသော ကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ။

(ပ)....အရကား-ကာမစိတ်စတုပညာသ၊ စေ-ဒွေပညာသ၊ ရုပ် အဋ္ဌဝီသရ၏။....၅-၁၂-၁၈-၂။

(ဒု)....အရကား- မဟဂ္ဂုတ်စိတ်သတ္တဝီသ၊ စေ- ပဉ္စတိံသရ၏။....၄-၂-၂-၁။

(တ).... အရကား- လောကုတ္တရာ စိတ်-၈-ခု၊ စေ- ဆတ္တိံသ၊ နိဗ္ဗာန်ရ၏။....၄-၂-၂-၂။

### ပထမပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "ပရိတ္တ" မည်သနည်းဟုမေး။

ဖြ....နည်းသော အာနုဘော် ရှိသော ဝတ္ထုနှင့် တူသောကြောင့် "ပရိတ္တ" မည်၏ဟုဖြေ။

ပရိသမန္တတော ဒိယတိ အဝခဏ္ဍိယတီတိ ပရိတ္တံ- ဟုပြု။.... တနည်း-အတ္တိယတိ ခဏ္ဍိယတီတိ အတ္တံ၊ .... ပရိသမန္တတော အတ္တန္တိ ပရိတ္တံ= ဟူ၍လည်းပြု။.... ပိုင်းခြား၍ ရစကောင်းသော အနည်းငယ်သောဝတ္ထုကိုအရကောက်။

**ဤကား**....သမန္တတော ခဏ္ဍိတတ္တာ အပ္ပမတ္တကံ ပရိတ္တန္တိ ဝုစ္စတိ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

သမန္တတော၊ ထက်ဝန်းကျင်မှ။ ခဏ္ဍိတတ္တာ၊ ပိုင်းခြား အပ်သည့်၏အဖြစ်ကြောင့်။ အပ္ပမတ္တကံ၊ အနည်းငယ်သောဝတ္ထုကို။ ပရိတ္တန္တိ၊ ပရိတ္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပါယ်**... အနည်းငယ်သော ရွှေငွေစိုင်ခဲကို "ပရိတ္တဂေါမယပိဏ္ဍ" ဟု ဆိုသကဲ့သို့ အရှေ့ အနောက် တောင် မြောက် အောက် အထက် စသည်ဖြင့် ပိုင်းခြား၍ ရစကောင်းသော အနည်းငယ်သော ဝတ္ထုကို ပရိတ္တဟူ၍ခေါ်၏ဟူလို။

အပ္ပါနုဘာဝတာယ ပရိတ္တာဝိယာတိ ပရိတ္တာ=ဟုပြု။

**ဝိ**....နည်းသောအာနုဘော်ရှိသောကြောင့် "ပရိတ္တ" မည်၏ ဟူ၍လည်းတနည်းဖြေ။

ပရိတ္တော အာနုဘာဝေါ ယေသန္တိ ပရိတ္တာ= ဟု တွဲစပ်လေ။.... အာနုဘာဝ ဟူသော နောက်ပုဒ်ကျေ၏ဟုမှတ်။.... အာနုဘော် နည်းသောကာမာဝစရစိတ္တုပ္ပါဒ်, ရုပ်တို့ကိုအရကောက်။

**ဤကား**.... ကာမာဝစရဓမ္မာနမေတံ အဓိဝစနံ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဧတံ၊ဤပရိတ္တဟူသော အမည်သည်။ ကာမာဝစရဓမ္မာနံ၊ ကာမာဝစရတရားတို့၏။အဓိဝစနံ၊အမည်တည်း။

**အဓိပ္ပါယ်**....မဟဂ္ဂုတ် ကုသိုလ် စသည်တို့ကဲ့သို့ ကိလေသာကို ကြာရှည်စွာ ခွါခြင်းငှါ စွမ်းနိုင်သောသတ္တိ, ပြန့်ပြောသော အကျိုးရှိသောသတ္တိ,ရှည်လျားသောသန္တာန်ရှိသောသတ္တိမျိုးမရှိသောကြောင့် အာနုဘော်နည်း၏ဟု ဆိုရ၏ဟူလို။

**ဤကား**....ကိလေသ ဝိက္ခမ္ဘနာသမတ္ထတာဒိဟိ ပရိတ္တာ = ဟူသော မူလဋီကာနှင့် အညီတည်း။

ကိလေသ ဝိက္ခမ္ဘနာသမတ္ထတာဒိဟိ၊ ကိလေသာကို ခွါခြင်းငှါ မစွမ်းနိုင်သည့်၏ အဖြစ် အစရှိသည် တို့ကြောင့်။ ပရိတ္တာ၊ ပရိတ္တမည်ကုန်၏။

**အသူးကား**.... ကိလေသာကို ခွါခြင်းငှါ စွမ်းနိုင်သော သတ္တိဟု ဆိုအပ်သောစကားသည်နိဒဿန နည်းမျှသာဟုမှတ်၊အဘယ်ကြောင့် ဆိုသော်-ဝိတက်စသည်ကိုခွါခြင်းငှါစွမ်းနိုင်သောသတ္တိထူးကိုလည်း ယူသင့်သောကြောင့်ပင်တည်း။

**တနည်း** .... အကုသိုလ်ကို ဖျက်ဆီးခြင်း ရသ ရှိသည်၏ အဖြစ်ကြောင့် ကာမကုသိုလ် တို့ထက် မဟဂ္ဂုတ်ကုသိုလ်တို့သည် ကိလေသာကိုခွါသော့အရာလွန်ကဲစွာသတ္တိထူးရှိသည်၏အဖြစ်ကို ပြ၏ဟူ၍လည်းမှတ်။

ဝိပါက်ကြိယာ စိတ်တို့၌ ၅ည့်သောသဘောဝန်ရှိသော အဖြစ်ကိုသာရ၏။ ကြွင်းနှစ်ပါးမရ။....တနည်း–ဝိပုလံဖလံဝိပုလဖလံ=ဟု ဝစနတ္တပြုသည်ရှိသော် ဝိပါက်စိတ်တို့၌ ပြန့်ပြောသော အကျိုး၏အဖြစ်ဟု ဆိုအပ်သော သတ္တိထူးကို ရသင့်သေး၏။....ကုသိုလ်စိတ်တို့၌ကား သုံးပါးလုံးပင် ရ၏ဟူ၍မှတ်လေ။

**ဝိ**....နှိုင်းယှဉ်ခြင်းကို ပြုတတ်သောရုန့်ရင်းကြမ်းထမ်းသော ကာမတဏှာစသည်တို့သည် ပိုင်းခြားအပ်သောကြောင့် "ပရိတ္တ" မည်၏ဟူ၍လည်းဖြေ။

**ဤအရို**....ပရိဒိယန္တေ့ပရိန္ဒိယန္တေတိ ပရိတ္တာ=ဟု ပြု။ ရှေးအတိုင်းပင် အရကောက်လေ။

**အဓိပ္ပါယ်**....ဤသူကား ဂုဏ်အနည်းငယ်ရှိ၏၊ ဤသူကား ဂုဏ်အလတ်စားရှိ၏၊ ဤသူကား ဂုဏ်ကြီး၏။ ဤသို့စသည်ဖြင့် သတ္တဝါတို့၏ ဂုဏ်ပမာဏ အပိုင်း အခြားကို ပြုတတ်သော ယောကျ်ားကဲ့သို့။ ရုန့်ရင်း ကြမ်းထမ်းသော နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကာမ တဏှာသည် ဤတရားကား ကာမတရား–ဟု ပိုင်းခြား အပ်ရကား ကာမ တရားဖြသည် ပရိတ္တ မည်၏ဟူလို။

**မု**....နှိုင်းယှဉ် ခြင်းကို ပြုတတ်သော သိမ်မွေ့သော ရူပတဏှာစသည်တို့သည် ပိုင်းခြားအပ်သောကြောင့် မဟဂ္ဂုတ် တရားတို့သည်လည်း"ပရိတ္တ"မည်သင့်သည်မဟုတ်ပါလောဟုမေး။

**ဖြေ** ...နှိုင်းယှဉ် ခြင်းကို ပြုတတ်သော သိမ်မွေ့သော ရူပတဏှာစသည်တို့သည် ပိုင်းခြားအပ်သော်လည်း မြတ်သောနှိုင်းယှဉ်သည်၏အဖြစ်ဖြင့် ဖြစ်သောကြောင့်"ပရိတ္တ"မမည်ဟုဖြေ။

**အထူးကား**....မြတ်သော နှိုင်းယှဉ်ခြင်း ဟူသည် သိမ်မွေ့သော ရူပတဏှာစသည်တို့က နှိုင်းယှဉ်ရကား မြတ်သည်ဟု ဆိုရ၏ဟူလို။

## ဒုတိယပဒကိုပြဆိုချက်။

**မု**....အဘယ်ကြောင့် "မဟဂ္ဂတ" မည်သနည်းဟုမေး။

**ဝိ**....မြတ်သည့်၏အဖြစ်သို့ ရောက်သောကြောင့်"မဟဂ္ဂတ"မည်၏ဟုဖြေ။

မဟန္တဘာဝံ ဂတာ ပတ္တာတိ မဟဂ္ဂတာ=ဟု တွဲစပ်လေ။ .... မဟဂ္ဂုတ် ဝိတ္ထုပ္ပါဒ်ကို အရကောက်။

**အဓိပ္ပါယ်**.... ထိုဒုတိယာ တပ္ပုရိသ် သမာသ်၌ မဟန္တပုဒ်-ဂတပုဒ်အားဖြင့်- ၂-ပုဒ်တည်း၊ ထို- ၂-ပုဒ်တို့တွင် မဟန္တပုဒ်သည် ဖြစ်ကိုမဟော၊ မဟန္တဘာဝဂုဏ်ဟု ဆိုအပ်သော ပရိတ္တတရားတို့ထက် ကိလေသာကိုခွါခြင်းငှါစွမ်းနိုင်သောအဖြစ်,ပြန့်ပြောသောအကျိုးရှိသောအဖြစ်,ရှည်သောသန္တာန်ရှိသော အဖြစ်တို့ကိုသာဟော၏။ထို့ကြောင့် မဟန္တဘာဝံဟု ဆိုလိုက်၏ဟူလို။

**ဤကား**....ကိလေသဝိက္ခမ္ဘနသမတ္ထတာယ, ဝိပုလ ဖလတာယ, ဒီဃသန္တာနတာယစ မဟန္တဘာဝံ ဂတာ = ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ကိလေသဝိက္ခမ္ဘနသမတ္ထတာယစ၊ကိလေသာကိုခွါခြင်းငှါစွမ်းနိုင်သည့်၏ အဖြစ်ကြောင့်၎င်း။ ဝိပုလဖလတာယစ၊ပြန့်ပြောသောအကျိုးရှိသည့်၏အဖြစ်ကြောင့်၎င်း။ဒီဃသန္တာနတာယစ၊ရှည်သောသန္တာန်ရှိသည့်၏ အဖြစ်ကြောင့်၎င်း။ မဟန္တ ဘာဝံ၊ မြတ်သည့်၏ အဖြစ်သို့။ ဂတာ၊ရောက်ကုန်၏။

**ဝိ**....မြတ်ကုန်သောဆန္ဒ ဝိရိယ စိတ်ပညာရှိကုန်သော ပုဂ္ဂိုလ်တို့သည် ကျင့်အပ်ရအပ် သောကြောင့် "မဟဂ္ဂတ" မည်၏ဟူ၍လည်းဖြေ။

**ဤအလို**....မဟန္တေဟိ ဂတာတိမဟဂ္ဂတာ=ဟု တွဲစပ်လေ။ .... ဈေးအတိုင်းပင် အရကောက်။

**ဤကား**....မဟန္တေဟိဝါ ဥဠာရစ္ဆန္ဒဝိရိယစိတ္တပညေဟိ ဂတာ ပဋိပန္နာတိပိ မဟဂ္ဂတာ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဝါ၊ တနည်းကား။ မဟန္တေဟိ၊ မြတ်ကုန်သော။ ဥဠာရစ္ဆန္ဒဝိရိယစိတ္တပညေဟိ၊ ကြီးကျယ်သော ဆန္ဒ ဝိရိယ စိတ္တ ပညာ ရှိကုန်သော

ဗုဒ္ဓိုင္လ်ာ တို့သည်။ ဂဘာပဒိုပန္နာ၊ ကျင့်အပ်ကုန်၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။မဟာဂ္ဂတာ၊မဟာဂ္ဂတတို့ မည်ကုန်၏။

**တတိယပဒကိုပြဆိုချက်။**

မု....အဘယ်ကြောင့် "အပ္ပမာဏာ" မည်သနည်းဟုမေး။

ဝိ....နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသော ကိလေသာ မရှိသောကြောင့် "အပ္ပမာဏာ" မည်၏ဟုဖြေ။

ပမာဏံ ကရောန္တီတိ ပမာဏာ=ဟုပြု။....ပမာဏကရဟုဆိုအပ်ပျက် ကရဟူသော နောက်ပုဒ် ကျေ၏ဟုမှတ်။....နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ကိလေသာတို့ကို အရကောက်။

နတ္ထိ ပမာဏာ ဧတေသန္တိ အပ္ပမာဏာဟု တွဲစပ်လေ။....ဤအလိုအသဒ္ဒါ ဝိရဟအနက်ကို ဟော၏။...လောကုတ္တရာ စိတ္တုပ္ပါဒ် နိဗ္ဗာန်တို့ကို အရကောက်။

**အဓိပ္ပါယ်**.... လောကုတ္တရာ စိတ္တုပ္ပါဒ်– နိဗ္ဗာန် တို့သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသော ကိလေသာတို့၏ အာရုံလည်းမဟုတ်,ကိလေသာတို့နှင့်ယှဉ်လည်းမယှဉ်သောကြောင့်ရာဂစသောကိလေသာတို့ မရှိရကား "အပ္ပမာဏာ" မည်၏ဟုလို။

**ဤကား**....အာရမဏတော ဝါ သမ္ပယောဂတော ဝါ နတ္ထိ ဧတေသံ ပမာဏန္တိ အပ္ပမာဏာ = ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဧတေသံ၊ထိုတရားတို့အား။အာရမဏတော ဝါ၊အာရုံအားဖြင့်၎င်း။ သမ္ပယောဂတော ဝါ၊ သမ္ပယုတ်အားဖြင့်၎င်း။ပမာဏံ၊နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ရာဂစသော ကိလေသာသည်။နတ္ထိ၊မရှိ။ ဣတိ–တသ္မာ၊ ထို့ကြောင့်။အပ္ပမာဏာ၊အပ္ပမာဏတို့ မည်ကုန်၏။

ဝိ....နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် "အပ္ပမာဏာ" မည်၏ဟူ၍လည်းဖြေ။

**ဤအလို**....နပမာဏာတိအပ္ပမာဏာ=ဟုတွဲစပ်။....ဤ၌အသဒ္ဒါ ဝိရုဒ္ဓအနက်ကိုဟော၏။....ရှေးအတိုင်းပင်ကောက်။

ပဋိယန္တေ့ ပရိန္ဒိန္တိယန္တေ့တိ ပမာဏာ=ဟု တနည်းပြု။

**အနိပ္ဖါယ်**....ကာမတဏှာ ရူပ အရူပတဏှာ စသည်တို့သည် ဤကား ကာမဘာရေး, ဤကား ရူပ အရူပတရေး စသည်ဖြင့် ပိုင်းခြားအပ်သောကြောင့် လောကီတရားရသည်"ပမာဏ"မည်၏ဟူလို။

နှ ပမာဏာတိ အပ္ပမာဏာ–ဟု တွဲစပ်။ .... ဤ၌ အ–သဒ္ဒါသည် "အဗျာကတာဓမ္မာ, အစေတသိကာဓမ္မာ" တို့ကဲ့သို့၊ အညအနက်ကို ဟော၏။....လောကုတ္တရာစိတ္တုပ္ပါဒ်, နိဗ္ဗာန်တို့ကိုအရကောက်။

ပရိတ္တတိက်ကိုပြဆိုသောအခဏ်းပြီး၏။

---

## **ပရိတ္တာရမဏတိက်ကိုပြဆိုသောအခဏ်း။**

ပရိတ္တတိက်ကို....မှဲ့၍၊ ပရိတ္တာရမဏတိက်ကို–၏။....**ကား။**

(ပ)....ပရိတ္တာရမဏာဓမ္မာ။

(ဒု)....မဟဂ္ဂတာရမဏာဓမ္မာ။

(တ)....အပ္ပမာဏာရမဏာဓမ္မာ။....တည်း။

ပရိတ္တာရမဏာ၊ ပရိတ္တတရေးလျှင် အာရုံရှိကုန်သော။ ဝါ၊ ပရိတ္တတရေးကိုအာရုံပြုကုန်သော။ ဓမ္မာ၊....သံဝိဇ္ဇန္တိ။

မဟဂ္ဂတာရမဏာ၊ မဟဂ္ဂုတ်တရေးလျှင် အာရုံရှိကုန်သော။ဝါ၊–ပြုကုန်သော။ ဓမ္မာ၊....သံဝိဇ္ဇန္တိ။

အပ္ပမာဏာရမဏာ၊အပ္ပမာဏတရေးလျှင် အာရုံရှိကုန်သော။ဝါ၊ ပြုကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

(ပ)....အရကား–ပရိတ္တတရေးကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စ ဝိညာဉ်တဆယ်, မနောဓာတ်သုံးခု, သန္တီရဏသုံးခု, မဟာဝိပါက်–၈–ခု, ဟသိတုပ္ပါဒ် တခု၊ စေ–တေတ္တိံသ။ • ။ ပရိတ္တတရေးကို အာရုံပြုခိုက်–အကုသိုလ်စိတ်ဒွါဒသ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ်–၈–ခု, မဟာကြိယာစိတ် ၅စ်ခု, အဘိညာဉ် ဒွေ၊ အပ္ပမညာ ကြဉ်သော– စေ– ပညာသရ၏။ ၄–၂–၈–၂။

(ဒု)....အရကား– မဟဂ္ဂုတ်တရေးကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ်သုံးခု, နေဝသညာနာသညာယ

ကနစိတ်သုံးခု၊စေ-တိ သ။ ။မဟဂ္ဂုတ်တရားကိုအာရုံပြုခိုက်အကုသိုလ်၁၂ဒသ,မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်စိတ်-၈-ခု, မဟာ ကြိယာစိတ်-၈-ခု, အဘိညာဉ်နှ္စေ၊ ဝိရတိ အပ္ပမညာ ကြဉ်သော-စေ-သတ္တစတ္တာလီသရ၏။၄-၂-၂-၂။

(တ)....အရကား-အပ္ပမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသောလောကုတ္တရာစိတ်-၈-ခု၊-စေ-ဆတ္တိ သ။ ။အပ္ပမာဏတရားကို အာရုံပြုခိုက်- မနော ဒွါရာ ဝဇ္ဇန်း မဟာ ကုသိုလ်ဉာဏသမ္ပယုတ်စိတ်-၄-ခု,မဟာကြိယာဉာဏသမ္ပယုတ်စိတ်၄-ခု, အဘိညာဉ် နှ္စေ၊ အပ္ပမညာ ကြဉ်သော-စေ-ဆတ္တိ သရ၏။၄-၂-၂-၂။

**တိက်မှတ်ကား** .... ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာယတန စိတ်သုံးခု, အာကိဉ္စညာယတနစိတ်သုံးခု။ အဘိညာဉ်နှ္စေမှတပါး ရူပစိတ် တဆဲ့ငါးခု၊ စေ-ပဉ္စတိ သ။ ။ပညတ်တရားကိုအာရုံပြုခိုက်-အကုသိုလ်စိတ်၁၂ဒသ, မနောဒွါရာ ဝဇ္ဇန်း, မဟာကုသိုလ်စိတ် ၈ခု, မဟာကြိယာစိတ် ၈ခု, အဘိညာဉ်နှ္စေ, ဝိရတိကြဉ်-စေ-ဧကူနပညာသ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်တည်း။

## ပထမပဒကိုပြဆိုချက်။

**မု**....အဘယ်ကြောင့် "ပရိတ္တာရမဏ" မည်သနည်းဟုမေး။

**ဝိ**....ကာမတရားဟုဆိုအပ်သော အာရုံရှိသောကြောင့်၊ ဝါ၊ ကာမတရားကို အာရုံပြုသောကြောင့် "ပရိတ္တာရမဏ" မည်၏ဟုဖြေ။

အာဂတ္ထာရမဏ္ဍိဇ္ဈေတ္တာတိအာရမဏံ= ဟုပြု။.... အာရုံခြောက်ပါးသာမည်ကိုအရကောက်။

ပရိတ္တံ အာရမဏံ ယေသန္တိ ပရိတ္တာရမဏာ=ဟုတွဲစပ်။

**မှတ်ချက်**....ကာမတရားလျှင် အာရုံရှိသော ဟူသော အနက်ဖြင့်ကာမဇကန်ကိုသာယူနိုင်၏။ဤပထမပုဒ်ဖြင့်ကာမဇကန်အနေကန်နှစ်ပါးလုံးကိုပင်ကောက်သင့်ရကား-၄င်းအနက်ကို အလိုမရှိအပ်ဟုမှတ်။ဇကန်အနေကန်နှစ်ပါးလုံးကိုကောက်ရာ၌ဤနည်းအတိုင်းပင်တည်း။

**ဤကား**….နပရိတ္တံဝေ ဝေတသံ ဓမ္မာနံ အာရမဏံ ဟောတိ။ ကသ္မာ ဍမိနာ ကေနစိပရိတ္တာရမဏာနမေဝ ဓမ္မာနမဂဟိ တတ္တာ=ဟူသော မဏိဒိပ-နှင့်အညီတည်း။

ဝေတသံဓမ္မာနံ၊ ထိုတရားတို့အား။ ပရိတ္တံဝေ၊ ကာမသာလျှင်ဖြစ် သော။ အာရမဏံ၊ အာရုံသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ် ကြောင့်နည်း။ ဍမိနာ၊ ဤပရိတ္တာရမဏာဓမ္မာဟူသော ပထမပုဒ်ဖြင့်။ ကေနစိပရိတ္တာရမဏာနမေဝ၊ စင်စစ် ပရိတ္တတရားသာလျှင် အာရုံရှိ သည်သာဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ အဂဟိတတ္တာ၊ မယူ အပ်သည်၏အဖြစ်ကြောင့်တည်း။

ကာမဇော-၂၅-ခု။ အနေကန်-၃၁-ခု။ ပေါင်း-၅၆-ခု။ အပ္ပ မညာကြဉ် စေတသိက်ပညာသတို့ကို အရကောက်။

## ဆောင်ပုဒ်သင်္ဂဟကား။

ပဉ္စဝိညာ၊မနောဓာ၊တဒါ,ဟာသိန္နော။….(ကာမဇော။)
ဟာသိမပါ၊ဇောကာမာ၊ဘိညာဒွေဝုဋ္ဌော။ …(အနေကန်။)

မဟာဂ္ဂုတ်အနေကန်၊ ပညတ်အနေကန်တို့၌လည်းဤစိတ်ရပင်။

## ဆောင်ပုဒ်ဂါထာကား။

ဟဂ်, ဝိ, ကာမေ, ညတ်, ပရမေ၊ ဇာယတေဝ တခါတလေ။
ဟသ်ကြဉ်,ကာဇော,အဘိညာ,ဠော။သုံးဆဲ့တစ်တိ,ပကာသိတော။

**အဓိပ္ပါယ်** …မဟာဂ္ဂုတ်, ကာလဝိမုတ်, ကာမ, ပညတ်, ပရမတ် ဤငါးရပ်ကို အနေကန် အာရုံပြုသော စိတ်ရကား-ဟသိတုပ္ပါဒ်ကြဉ် သော ကာမဇော-၂၈-ခု, အဘိညာဉ်ဒွေ, ဝုဋ္ဌောအားဖြင့် -၃၁-ပါး ဖြစ်၏ဟူလို။

ပု …အဘယ်ကြောင့် "အပ္ပမညာ" ကိုကြဉ်ပါသနည်းဟုမေး။

**ဖြ**…."အပ္ပမညာ" သည်- သတ္တဝါ ပညတ်ကို အာရုံပြု၏၊ ၎င်း ပရိတ္တာရမဏာတရားဖြသည်-ကာမတရားကိုအာရုံပြု၏။ ဤသို့ ပညတ်နှင့် ကာမအာရုံပြုခြားသောကြောင့် ကြဉ်ရ၏ဟုဖြေ။

## ဒုတိယပဒကိုပြဆိုချက်။

မှ....အဘယ်ကြောင့် "မဟဂ္ဂတာရမဏ" မည်သနည်းဟုမေး။
ဖြေ....မဟဂ္ဂုတ်တရားဟု ဆိုအပ်သော အာရုံရှိသောကြောင့်၊ ဝါ- မဟဂ္ဂုတ်တရားကိုအာရုံပြုသောကြောင့် "မဟဂ္ဂတာရမဏ" မည်၏ဟုဖြေ။

မဟဂ္ဂတံ အာရမဏံယေသန္တိမဟဂ္ဂတာရမဏာ=ဟုတွဲစပ်။.... မဟဂ္ဂုတ် ကေန်ဖြစ်သော ဝိညာနေဝ-၆-ခု, အနေကနံ-သုံးဆဲ့တခု, ပေါင်း-၃၇-ခု။ ဝိရတိ- အပ္ပမညာကြဉ်- စေတသိက်-၄၇-ခု တို့ကို အရကောက်။

မှ....အဘယ်ကြောင့် "ဝိရတိ" ကိုကြဉ်ပါသနည်းဟုမေး။
ဖြေ ...ဝိရတိသည်-ဝိရမိတဗ္ဗ ဝတ္ထုဟုဆိုအပ်သော ကာမတရားကိုသာအာရုံပြု၏၊ ဤ၌မဟဂ္ဂုတ်တရားကို အာရုံပြုသောတရားရကိုကောက်သောကြောင့် ကြဉ်ရ၏ဟုဖြေ။

**လိုရင်းကား**.... အာရုံ ပြားသောကြောင့် ကြဉ်ရ၏ဟု အလွယ်နည်းဖြင့်လည်း ဖြေဆိုလေ။.... အပ္ပမညာ ကြဉ်ခြင်း အကြောင်းကို ပထမပုဒ်အတိုင်းမှတ်။

## တတိယပဒကိုပြဆိုချက်။

မှ....အဘယ်ကြောင့် "အပ္ပမာဏာရမဏ" မည်သနည်းဟုမေး။
ဖြေ....အပ္ပမာဏတရားဟုဆိုအပ်သော အာရုံရှိသောကြောင့်၊ ဝါ- အပ္ပမာဏတရားကို အာရုံပြုသောကြောင့် "အပ္ပမာဏာရမဏ" မည်၏ဟုဖြေ။

အပ္ပမာဏံ အာရမဏံ ယေသန္တိ အပ္ပမာဏာရမဏာ= ဟုတွဲစပ်။....အပ္ပမာဏကေန်ဖြစ်သောလောကုတ္တရာစိတ်-၈-ခုပဲတ္တုပ္ပါဒ်, အနေကန်-၁၁-ခု ပေါင်း-၁၉-ခု အပ္ပမညာကြဉ်သော စေတသိက် ဆတ္တိံသတို့ကိုအရကောက်။

**အထူးကား**....ကာမ, မဟဂ္ဂုတ်, အပ္ပမာဏ အရသည်-ပရမတ္တချည်းသာဖြစ်ကြောင့် ပညတ်ကိုအာရုံပြုသောတရားရနှင့် အနာရမဏတရားရကျန်ရကား-ၚင်းတရားရကိုတိက်မှတ်ထုတ်အပ်၏။

ပညတ်ကေန်- ၂၁။အနေကန်- ၃၁။ဝိရတိကြည့် စေတသိက်-၄၉-ချ၊ရုပ်,နိဗ္ဗာန်တို့ကို ထုတ်လေ။

**စကားချုပ်**.... အာရုံပြုကို ကြေပြွန် တတ်သိလိုက။ ဆရာတော်ဘုရားကြီးရေးသားအပ်သော ပရမတ္ထသရူပဘေဒနီကျမ်းလာ အာရုံပြုပုံလက်ာတို့ကိုနှုတ်တက်ရအောင်ကျက်၍ သရုပ်ကျေအောင် ခွဲထားပါက မာတိကာအာရမဏတိက်တို့၌ မခဲတော့ပြီဟူ၏။

ပရိတ္တာရမဏတိက်ကိုပြဆိုသောအခဏ်းပြီး၏။

---

### ဟီနတိက်ကိုပြဆိုသောအခဏ်း။

ပရိတ္တာရမဏတိက်ကို... မှဲ့၍၊ဟီနတိက်ကို-၏။....**ကား**။

(ပ)....ဟီနာဓမ္မာ။

(ဒု)....မဇ္ဈိမာဓမ္မာ။

(တ)....ပဏီတာဓမ္မာ။....တည်း။

ဟီနာ၊ယုတ်ကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

မဇ္ဈိမာ၊ အလတ်ဖြစ်ကုန်သော။ဝါ၊အယုတ်အမြတ်တို့၏ အလယ်၌ဖြစ်ကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

ပဏီတာ၊မြတ်ကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

(ပ)....အရကား – အကုသိုလ်စိတ် ၁၂ဒသ, စေ–သတ္တ ဝီသ ရ၏။....၄-၂-၂-၂။

(ဒု)....အရကား–လောကီကုသိုလ် သတ္တရသ, လောကီ ဝိပါက် ဗာတ္တိံသ, ကြိယာစိတ် ဝီသ၊ စေ–အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသ ရ၏။ ...၅-၁၂-၁၀-၁။

(တ)....အရကား – လောကုတ္တရာစိတ်- ၈-ချ၊ စေ – ဆတ္တိံသ၊ နိဗ္ဗာန်ရ၏။....၄-၂-၂-၂။

### ပထမပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "ဟီန" မည်သနည်းဟုမေး။

ဝိ....ယုတ်မာ ညစ်ညမ်း ဆိုးသွမ်း သောကြောင့် "ဟီန" မည်၏ဟုဖြေ။

ဟာယန္တီတိ ဟီနာ=ဟုပြု။.... အကုသိုလ်နှါဒသစိတ္တုပ္ပါဒ်ကို အရ ကောက်။

## ဒုတိယပဒကိုပြဆိုချက်။

မု.... အဘယ်ကြောင့် "မဇ္ဈိမ" မည်သနည်းဟုမေး။
ဖြေ.... အယုတ် အမြတ်တို့၏ အလယ်၌ ဖြစ်သောကြောင့် "မဇ္ဈိမ" မည်၏ဟုဖြေ။

ဟီနပဏီတာနံ မဇ္ဈေ ဘဝါတိ မဇ္ဈိမာ=ဟုပြု။.... အကုသိုလ်ကြဉ် သော လောကီစိတ္တုပ္ပါဒ်,ရုပ်တို့ကို အရကောက်။

## တတိယပဒကိုပြဆိုချက်။

မု.... အဘယ်ကြောင့် "ပဏီတ" မည်သနည်းဟုမေး။
ဖြေ.... မြတ်သည်၏ အဖြစ်ဖြင့် ဖြစ်သောကြောင့် "ပဏီတ" မည်၏ ဟုဖြေ။

ပဓာနဘာဝံ နီယန္တိ ပဝတ္တန္တီတိ ပဏီတာ=ဟုပြု။ .... လော ကုတ္တရာစိတ္တုပ္ပါဒ်,နိဗ္ဗာန်ကို အရကောက်။

**အဓိပ္ပါယ်** ...မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်တို့သည် မိမိကို ဆင်ခြင် ကုန်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား တနေ့ပတ်လုံး ဆင်ခြင် သော်လည်း အားရတင်းတိမ်ခြင်းကို မဖြစ်စေနိုင်။ တနေ့ပတ်လုံး ဝင် စားသော်လည်း ရောင့်ရဲခြင်းကို မဖြစ်စေနိုင်သောကြောင့် မြတ်သည် ဟု ဆိုရ၏ဟူလို။

ဤတိက်ကား–သံကိလိဋ္ဌတိက်နှင့်အလုံးစုံအကုန်တူ၏။
ဟီနတိက်ကိုပြဆိုသောအခဏ်းပြီး၏။

---

## မိစ္ဆတ္တတိက်ကိုပြဆိုသောအခဏ်း။

ဟီနတိက်ကို....မှဲ၌၊မိစ္ဆတ္တတိက်ကို–၏။....**ကား**

(ပ)....မိစ္ဆတ္တနိယတာဓမ္မာ။
(ဒု)....သမ္မတ္တနိယတာဓမ္မာ။
(တ) ...အနိယတာဓမ္မာ။ ...တည်း။

မိစ္ဆတ္တနိယတာ၊ ဘောက် ပြန်သော သဘော ရှိကုန်သည် ဖြစ်၍ ရတိ၏အခြားမဲ့၌ အကျိုးပေးသည့်၏အစွမ်းဖြင့်မြဲကုန်သော။ဓမ္မာ၊....။ သံပိဏ္ဍိတ္တံ။

သမ္မတ္တနိယတာ၊ မဘောက်ပြန်သော သဘော ရှိကုန်သည် ဖြစ်၍ မိမိ၏အခြားမဲ့၌ အကျိုးပေးသည့်၏ အစွမ်းဖြင့် မြဲကုန်သော။ဓမ္မာ၊....။ သံပိဏ္ဍိတ္တံ။

အနိယတာ၊နှစ်ပါးသောအခြင်းအရာတို့ဖြင့်မမြဲကုန်သော။ဓမ္မာ၊....။ သံပိဏ္ဍိတ္တံ။

(ပ)....အရကား—နိယတမိစ္ဆာဒိဋ္ဌိကံ၏အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု- သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်- စေ- ဇေကာဝိသ။ မာတုဃာတက,ပိတုဃာတက,အရဟန္တဃာတက,လောဟိတုပ္ပါဒက, သံဃဘေဒက—တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒေါသမူနှစ်,သတ္တမဇော၊ ပီတိ,လောဘ,ဒိဋ္ဌိ,မာ,ဝိစိကိစ္ဆာကြဉ်—စေ-ဗာဝိသရ၏။....၄-၂-၂-၂။

(ဒ)....အရကား—မဂ်စိတ်လေးခု၊ စေ-ဆတ္တိံသ-ရ၏။....၄-၂-၂-၁။

(တ)....အရကား—နိယတမိစ္ဆာဒိဋ္ဌိကံ၏အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခု-သတ္တမဇော၊ မာတုဃာတက, ပိတုဃာတက,အရဟန္တဃာတက,လောဟိတုပ္ပါဒက,သံဃဘေဒက—တည်းဟူသော ပဉ္စာနန္တရိယ ကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူနှစ်—သတ္တမဇောမှတပါး အကုသိုလ်စိတ် ဒွါဒသ,လောကီကုသိုလ်စိတ် သတ္တရသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ၊ စေ-ဒွေပညာသ၊ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်ရ၏။.... ၅-၁၂-၁၈-၃။

## ပထမပဒကိုမြေဆိုချက်။

မု....အဘယ်ကြောင့် "မိစ္ဆတ္တနိယတ" မည်သနည်းဟုမေး။

ဝိ....ဘောက်ပြန်သော သဘော ရှိသည်ဖြစ်၍ ရတိ၏ အခြားမဲ့၌ အကျိုးပေး မြဲသောကြောင့် "မိစ္ဆတ္တနိယတ" မည်၏ဟုဖြေ။

မိစ္ဆာဝိပရီတော အတ္တာ သဘာဝေါ ယေသန္တိ မိစ္ဆတ္တာ=ဟု တွဲစပ်။ ...ဒိဋ္ဌိဂတသမ္ပယုတ်လေးခု, ဒေါသမူနှစ်၊ စေတသိက်ပဉ္စဝိသကို အရကောက်။

**အနိယ္ယာယ်**....အသုဘကို သုဘဟုထင်ခြင်း,အနိစ္စကို နိစ္စဟုထင်ခြင်း စသောသဘောသည် ဘောက်ပြန်သော သဘောမည်၏။ထိုဘောက်ပြန်သော သဘော ရှိရကား-အနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိကံတို့ကို ပြုကြကုန်၏။ ထိုအနန္တရိယကံ, မိစ္ဆာဒိဋ္ဌိကံတို့၏ အစွမ်းဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မိစ္ဆတ္တ မည်၏ဟူလို။

နိယမန္တိ တိ နိယတာ=ဟုပြု။... ရတိ၏အခြားမဲ့၌အကျိုးပေးသည်၏အစွမ်းဖြင့် မြဲသောကြောင့် "နိယတ" မည်၏ဟူလို။

မိစ္ဆတ္တာစ တေ နိယတာစာတိ မိစ္ဆတ္တနိယတာဟု တွဲစပ်။....ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု- ဒေါသမူနှစ်၊ သတ္တမဇော စိတ္တုပ္ပါဒ်ကို အရကောက်။

## ဒုတိယပဒကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "သမ္မတ္တနိယတ" မည်သနည်းဟုမေး။

ဝိ....မဘောက်ပြန်သော သဘောရှိသည် ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲဖြစ်သောကြောင့်"သမ္မတ္တနိယတ"မည်၏ဟုဖြေ။

သမ္မာ အဝိပရီတော အတ္တာ သဘာဝေါ ယေသန္တိ သမ္မတ္တာ=ဟုပြု။... မဂ်လေးခု၊ စိတ္တုပ္ပါဒ်ကို အရကောက်။ .. နိယတကို ရှေးအတိုင်းဆို။

သမ္မတ္တာစ တေ နိယတာစာတိ သမ္မတ္တနိယတာ=ဟုတွဲစပ်။... မိမိ၏အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းအားဖြင့် မြဲသော မဂ်လေးခု၊ စိတ္တုပ္ပါဒ်ကိုပင် အရကောက်။

## တတိယပဒကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "အနိယတ" မည်သနည်းဟုမေး။

ဝိ....ဆိုအပ်ပြီးသော နှစ်ပါးသော အခြင်းအရာအားဖြင့် မမြဲသောကြောင့် "အနိယတ" မည်၏ဟုဖြေ။

နှ နိယတာတိ အနိယတာ=ဟု တွဲစပ်။....လောကီကုသိုလ်, အကုသိုလ်,ဝိပါက်,ကြိယာမဇ္ဈတ္တ(ပ္ပါဒ်,ရုပ်,နိဗ္ဗာန်တို့ကို အရကောက်။

ဝိန္ဒူတွတိက်ကိုပြဆိုသောအခန်းပြီး၏။

## မဂ္ဂါရမဏတိက်ကိုပြဆိုသောအခန်း။

ဝိန္ဒူတွတိက်ကို....မှဲ၌၊မဂ္ဂါရမဏတိက်ကို-၏။....ကား။

(ပ)....မဂ္ဂါရမဏာဓမ္မာ။
(ဒု)....မဂ္ဂဟေတုကာဓမ္မာ။
(တ)....မဂ္ဂါဓိပတိနောဓမ္မာ။....တည်း။

မဂ္ဂါရမဏာ။ မဂ်လျှင် အာရုံရှိကုန်သော။ ဝါ၊ မဂ်ကိုအာရုံပြုကုန်သော။ ဓမ္မာ၊... သံဝိဇ္ဇန္တိ။

မဂ္ဂဟေတုကာ၊ မဂ်ဟု ဆိုအပ်သော အကြောင်း ရှိကုန်သော။ ဓမ္မာ၊....။ သံဝိဇ္ဇန္တိ။ ။(တနည်းကား).... မဂ္ဂဟေတုကာ၊ မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊....သံဝိဇ္ဇန္တိ။ ။(တနည်းကား) မဂ္ဂဟေတုကာ၊ မဂ်၌ တည်သော ဟိတ် ရှိကုန်သော။ ဓမ္မာ၊....။ သံဝိဇ္ဇန္တိ။ ။(ဤကား အကောက်ရှိတိုင်းသောအနက်တည်း။ အထူးကိုနောက်၌ပြအံ့။)

မဂ္ဂါဓိပတိနော၊ မဂ်ဟုဆိုအပ်သော အာရမဏာဓိပတိ ပစ္စည်းရှိကုန်သော။ ဓမ္မာ၊....။သံဝိဇ္ဇန္တိ။ ။(တနည်းကား)....မဂ္ဂါဓိပတိနော၊ မဂ်ဟု ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း ရှိကုန်သော။ ။(တနည်းကား)....မဂ္ဂါဓိပတိနော၊ မဂ်လျှင်သဟဇာတာဓိပတိ ပစ္စည်းဖြစ်ကုန်သော။ ဓမ္မာ၊....။ သံဝိဇ္ဇန္တိ။

(ပ)....အရကား—သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခု, ကုသိုလ်အဘိညာဉ်၊ ... သောတာပတ္တိမဂ်— သကဒါဂါမိ မဂ်နှစ်ပါးကို အာရုံပြုသော သကဒါဂါမိပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ် ဉာဏသမ္ပယုတ်

စိတ်လေးခု, ကုသိုလ်အဘိဉာဉ်၊ .. သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် သုံးပါးကို အာရုံပြုသော အနာဂါမိပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခု, ကုသိုလ်အဘိဉာဉ်၊.... မဂ်လေးပါးကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခု, ကြိယာ အဘိဉာဉ်၊ ဝိရတိ-အပ္ပမညာကြဉ်-စေ-တေတ္တိံသရ၏။ ...၄-၂-၂-၁။

(ဏ)....အရကား- ပထမ ယောဇနာ နည်း၌ မဂ္ဂဟေတုကာဓမ္မာ ဟူသော ဒုတိယပုဒ်၏ အရကား... မဂ်စိတ်လေးခု၊ မဂ္ဂင်-၈ ပါးကြဉ်သော-စေ-အဋ္ဌဝီသရ၏။....ဒုတိယယောဇနာနည်း၌ (လ)အရကား-မဂ်စိတ်လေးခု၊ အလောဘ, အဒေါသ, ကြဉ်သော- စေ- စတုတိံသရ၏။.... တတိယ ယောဇနာ နည်း၌ (လ) အရကား- မဂ်စိတ်လေးခု- အမောဟကြဉ်သော စေ-ပဉ္စတိံသရ၏။....၄-၂-၂-၁။

(ဤလည်းယခုကာလရှိတိုင်းသောအကောက်ပင်တည်း။)

(တ)... အရကား- ပထမယောဇနာနည်း၌ မဂ္ဂါဓိပတိနော ဓမ္မာ ဟူသော တတိယ ပုဒ်၏ အရကား- သောတာပတ္တိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော-သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်လေးခု, သကဒါဂါမိမဂ်ကို အလေးအမြတ်အားဖြင့်အာရုံပြုသော သကဒါဂါမိပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခု, အနာဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော အနာဂါမိပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခု, အရဟတ္တမဂ်ကို အလေးအမြတ် အားဖြင့် အာရုံပြုသော ရဟန္တာ ပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု၊ ဝိရတိ-အပ္ပမညာကြဉ်-စေ-တေတ္တိံသရ၏။.... ဒုတိယယောဇနာနည်း၌ (လ) အရကား-မဂ်စိတ်လေးခု၊ ဝီရိယတပ်ခိုက် ဝီရိယ ကြဉ်သော စေ-ပဉ္စတိံသ၊ ဝီမံသတပ်ခိုက် ဝီမံသကြဉ်-၊စေ- ပဉ္စတိံသ-ရ၏။ ... တတိယယောဇနာနည်း၌ (လ) အရကား- အဓိပတိတပ်ခိုက် ဝီရိယ-ဝီမံသလည်းရ၏။ ...၄-၂-၂-၂။

**ဝိဂ်ဟမုတ်ကာသ**....မဂ်ကို အာရုံမပြုနေ- အကုသိုလ်စိတ် ဒွါဒသ, မနောဒွါရာ ဝဇ္ဇန်း မှတပါး- အဟိတ်စိတ်သတ္တရသ, မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခု, မဟာဝိပါက် ရှစ်ခု, မဟာကြိယာ ဉာဏဝိပ္ပယုတ် လေးခု, အဘိညာဉ်နှစ်မှတပါး ရူပစိတ်-၁၅-ခု, အရူပစိတ်-၁၂-ခု၊ ဖိုလ်စိတ်-၄-ခု၊ စေ- နှစ်ပဉ္စာသ။ ။မဂ်ကိုအာရုံမပြုခိုက်-မနောဒွါရာ ဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခု, မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု, အဘိညာဉ်နှစ်၊- စေ-အဋ္ဌတိံသ, ရှစ်အဋ္ဌဝီသ, နိဗ္ဗာန်တို့တည်း။

## ပဌမပဒကိုပြဆိုချက်။

မု ...အဘယ်ကြောင့် "မဂ္ဂါရမဏာ" မည်သနည်းဟုမေး။

ဝိ....မဂ်ဟု ဆိုအပ်သော အာရုံရှိသောကြောင့် "မဂ္ဂါရမဏာ" မည်၏ဟုဖြေ။

နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ= ဟုပြု။.... နိဗ္ဗာန်ကို ရှာမှီး တတ်သော မဂ်စိတ္တုပ္ပါဒ်ကိုအရကောက်။

**တနည်း**...နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတိ ဂဝေသီယတီတိ မဂ္ဂေါ= ဟုပြု။....နိဗ္ဗာန်ကို အလိုရှိကုန်သော သူတို့သည် ရှာမှီးအပ်သော မဂ်စိတ္တုပ္ပါဒ်ကိုပင် အရကောက်။

**တနည်း** ...ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ=ဟု ပြု။...မာရေန္တသဒ္ဒူပပဒ,ဂမုဓာတ်,ကွိပစ္စည်းတည်း။....ကိလေသာတို့ကို သတ်၍ နိဗ္ဗာန်သို့ သွားတတ်သော မဂ်စိတ္တုပ္ပါဒ် ကိုပင် အရကောက်။....အာရမဏကို ရှေးအတိုင်းပင်ပြု။

မဂ္ဂေါ အာရမဏံ ယေသန္တိ မဂ္ဂါရမဏာ=ဟုတွဲစပ်။....မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ် - မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်-၈-ခု၊ အဘိညာဉ်နှစ်၊ ဝိရတိ-အပ္ပမညာ ကြဉ်-စေတသိက်-၃၃-ခုကို အရကောက်။

## ဒုတိယပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "မဂ္ဂဟေတုက" မည်သနည်းဟုမေး။

ဖြေ...အဋ္ဌင်္ဂိက မဂ်ဟု ဆိုအပ်သော အကြောင်း ရှိသောကြောင့် "မဂ္ဂဟေတုက" မည်၏ဟုဖြေ။

မဂ္ဂဟူသောပုဒ်ကိုရှေးအတိုင်းဝစနတ္ထပြု။....မဂ္ဂင်တရားကိုယ်ရှစ်ပါးကို အရကောက်။

**ဤကား**....အဋ္ဌင်္ဂိကော ပ မဂ္ဂေါ ပစ္စယဋ္ဌေန ဧတေသံ ဟေတူတိ မဂ္ဂဟေတုကာ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

အဋ္ဌင်္ဂိကော ပ အင်္ဂါရှစ်ပါးရှိသည်လည်းဖြစ်သော။ မဂ္ဂေါ၊ အရိယာမဂ်သည်။ ပစ္စယဋ္ဌေန၊ မဂ္ဂသတ္တိဖြင့် ကျေးဇူး ပြုတတ် သည်၏ အဖြစ်ကြောင့်။ ဧတေသံ၊ ယိုတရားတို့၏။ ဟေတု၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-ဘသ္မာ၊ ထို့ကြောင့်။ မဂ္ဂဟေတုကာ၊ မဂ္ဂဟေတုကတို့ မည်ကုန်၏။

မဂ္ဂေါ ဟေတု ဧတေသန္တိ မဂ္ဂဟေတုကာ=ဟုတွဲစပ်....မဂ်စိတ် လေးခု မဂ္ဂင်တရားကိုယ် ရှစ်ပါး ကြည်သော-စေတသိက်-၂၈-ခုကို အရကောက်။

**ဤကား** .... အရိယမဂ္ဂ သမင်္ဂီသ မဂ္ဂင်္ဂါနိ ထပေတွာ တံ သမ္ပယုတ္တော=စသော ပါဠိတော်နှင့်အညီတည်း။...အနက်လွယ်ပြီ။

**အဓိပ္ပါယ်**....မဂ္ဂင် တရားကိုယ် ရှစ်ပါးသည် မဂ္ဂသာမည်၏၊ မဂ္ဂဟေတုကမမည်။ မဂ္ဂင်တရားကိုယ်ရှစ်ပါးမှတပါး-မဂ်စိတ်လေးခု၊ စေတသိက်-၂၈-ခုသည်သာ မဂ္ဂဟေတုက မည်၏ဟူလို။

**ဖြေ**....မဂ္ဂင်နှင့်ယှဉ်သောဟိတ်။ ဝါ၊ မဂ္ဂင်၌ဖြစ်သော ဟိတ်ရှိသောကြောင့် "မဂ္ဂဟေတုက" မည်၏ဟူ၍လည်းဖြေ။

မဂ္ဂေန သမ္ပယုတ္တာ ဟေတူ မဂ္ဂဟေတူ=ဟူ၍၎င်း။....မဂ္ဂသ္မိံဝါ ဘဝါ ဟေတူ မဂ္ဂဟေတူ=ဟူ၍၎င်းတွဲစပ်။....မဂ်နှင့်ယှဉ်သော။ဝါ၊ မဂ်၌ ဖြစ်သော-အလောဘ, အဒေါသ, အမောဟဟု ဆိုအပ်သော ဟိတ်နှစ်ပါး-သုံးပါးကို အရကောက်။

အလောဘ,အဒေါသ,ဟိတ်နှစ်ပါးသည် မဂ္ဂင်ရှစ်ပါးနှင့်ယှဉ်သော ဟိတ်မည်၏။...အမောဟဟိတ်သည်ကား-မဂ္ဂင်ခုနစ်ပါးနှင့်ယှဉ်သော

ဟိတ်မည်၏။…. အလောဘ,အဒေါသ,ဟိတ်နှစ်ပါးသည် သမ္ပယုတ်၏ အစွမ်းအားဖြင့် မဂ္ဂင်ရှစ်ပါး၌ ဖြစ်သည် မည်၏။…. အမောဟ ဟိတ် သည်ကား-မဂ္ဂင်ပင် ဖြစ်ငြားသော်လည်း-"ရုက္ခေသာခါ"ဟူသကဲ့သို့ မဂ္ဂင်ခုနစ်ပါး၌ ဖြစ်သော ဟိတ်မည်၏။ ထို့ကြောင့် ဟိတ်နှစ်ပါး-သုံး ပါးဟုဆို၍ ကောက်လိုက်၏ဟူလို။

**မှတ်ချက်**….ယခုကာလ စာအုပ်တို့၌ ကောက်သည်မှာ မဂ်နှင့် ယှဉ်သော ဟိတ်ကို ဒုတိယယောဇနာနည်း။ မဂ်၌ဖြစ်သော ဟိတ်ကို တတိယယောဇနာနည်းအဖြစ်ဖြင့်ယူ၍ အကောက်ကိုခွဲပြီးကောက်၏။ မာတိကာ အဖွင့် အဋ္ဌကထာနှင့် မညီ။ ၎င်းအဋ္ဌကထာ၌ကား မဂ်နှင့် ယှဉ်သောဟိတ်၊တနည်း မဂ်၌ဖြစ်သောဟိတ်ရှိသောတရားသည် မဂ္ဂ ဟေတုက မည်၏ ဟူ၍သာ လာ၏။ နည်းတမျိုး နည်းတပါး အဖြစ် အားဖြင့်မလာဟုမှတ်။

**ဉာကား**….မဂ္ဂသမ္ပယုတ္တာဝါ ဟေတူ မဂ္ဂေဝါဟေတူတိ မဂ္ဂဟေ တူ၊တေ ဧတေသံ ဟေတူတိပိ မဂ္ဂဟေတုကာ=ဟူသော အဋ္ဌ ကထာနှင့် အညီတည်း။

ဝါ၊တနည်းကား။ မဂ္ဂသမ္ပယုတ္တာ၊ မဂ်နှင့်ယှဉ်ကုန်သော။ ဟေတူ၊ ဟိတ်တို့တည်း။ ဝါ၊ကား။ မဂ္ဂေ၊ မဂ်၌။ ဘဝါ၊ ဖြစ်ကုန်သော။ ဟေတူ၊ ဟိတ်တို့တည်း။ ဣတိ-တသ္မာ၊ထို့ကြောင့်။ မဂ္ဂဟေတူ၊မဂ္ဂဟေတူတို့ မည်ကုန်၏။ ဧတေသံ၊ထိုတရားတို့အား။ တေတာဒိသာ၊ထိုသို့သဘော ရှိကုန်သော။ဟေတူ၊ မဂ်နှင့်ယှဉ်သောဟိတ်, မဂ်၌ဖြစ်သော ဟိတ်တို့ သည်။သန္တိ၊ရှိကုန်၏။ ဣတိ-တသ္မာပိ၊ထို့ကြောင့်လည်း။ မဂ္ဂဟေတု ကာ၊မဂ္ဂဟေတုကတို့မည်ကုန်၏။

မဂ္ဂေါဟေတု ဧတေသန္တိ မဂ္ဂဟေတုကာ=ဟု ပြု။ … မဂ်စိတ် လေးခု စေတသိက်ဆတ္တိံသကိုအရကောက်။

**အဓိပ္ပါယ်**….အလောဘစသော ဟိတ်သုံးပါးသည် မိမိတို့အချင်း ချင်း အပြန်အလှန် အားဖြင့် မဂ္ဂဟေတုက ဖြစ်ကောင်း သောကြောင့်, ၎င်းဟိတ်သုံးပါးကိုလည်း မဂ္ဂဟေတုကအဖြစ်ဖြင့် ကောက်ရမည်ဟူ လို။ဒသာသနဟေတုတိက် စသည်ကိုထောက်။

**မှတ်ချက်**….ယခုကာလစာအုပ်တို့၌-အလောဘ,အဒေါသ,ဟိတ် နှစ်ပါးကို ကြည့်၍ ကောက်၏။ နိက္ခေပကဏ္ဍပါဠိတော် ပထမနည်း၌၊

"မဂ္ဂင်္ဂါနိ ဥပေတတ္တာ" ဟု မဟောသောကြောင့် သင့်အံ့ မထင်။ ဆင်ခြင်လေ။

**ဒီ**....သမ္မာဒိဋ္ဌိ မဂ္ဂင်ဟု ဆိုအပ်သော အမောဟ ဟိတ် ရှိသောကြောင့် "မဂ္ဂဟေတုက" မည််၏ ဟူ၍လည်း ဖြေ။

မဂ္ဂသမ်္ပယုတ္တာဟေတုမဂ္ဂဟေတု=ဟုတွဲစပ်။ .. သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ဆိုအပ်သော အမောဟဟိတ်ကို အရကောက်။

**ဤကား**....သမ္မာဒိဋ္ဌိ သယံ မဂ္ဂေါစေဝ ဟေတုစ ဣတိမဂ္ဂေါဟေတု ဧတေသန္တိပိ မဂ္ဂဟေတုကာ= ဟူသော အဋ္ဌကထာနှင့် အညီတည်း။

သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိသည်။ သယံ၊ မိမိသည်။ မဂ္ဂေါစေဝ၊ မဂ်လည်း မည််၏။ဟေတုစ၊ဟိတ်လည်းမည််၏။ဣတိ-တသ္မာ၊ထို့ကြောင့်။ဧတေသံ၊ထိုတရားတို့အား။ မဂ္ဂေါ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ဆိုအပ်သော။ ဟေတု၊ ဟိတ်သည်။အတ္ထိ၊ရှိ၏။ ဣတိပိ၊ထို့ကြောင့်လည်း။မဂ္ဂဟေတုကာ၊မဂ္ဂဟေတုကတို့ မည်ကုန်၏။

ဤနည်းကား-အကောက်ခွမပါကြွင်းကျန်နေ၏ဟုမှတ်။

မဂ္ဂဟေတု ဧတေသန္တိ မဂ္ဂဟေတုကာ=ဟုပြု။....မဂ်ပါတ်လေးခု၊ အမောဟကြဉ်သော 'စေတသိက်ပဉ္စတိံ'သကို အရကောက်။

အနက်ပေးပုံကား=မဂ္ဂဟေတုကာ၊မဂ္ဂင်ရှစ်ပါး အကြောင်းတရား ရှိကုန်သော။ဓမ္မာ၊သံဝိဇ္ဇန္တိ။....(တနည်းကား) မဂ္ဂဟေတုကာ၊မဂ်နှင့် ယှဉ်သောဟိတ်။ဝါ-မဂ်ဌ်ဖြစ်သောဟိတ်- ၂-ပါး, ၃-ပါး ရှိကုန်သော။ ဓမ္မာ၊....သံဝိဇ္ဇန္တိ။....(တနည်ကား) မဂ္ဂဟေတုကာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော အမောဟဟိတ် ရှိကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။.... ဤသို့ပေးလေ။

**အထူးကား**....အဋ္ဌကထာနည်း သုံးပါး အစဉ်ကား ပြဆိုခဲ့သော အတိုင်းပင်။

**နိဂ္ဂြှပကဏ္ဍာပါဠိတော်လာနည်းသုံးပါးအစဉ်ကား။**

၁....အဋ္ဌင်္ဂိက မဂ္ဂင်ဟု ဆိုအပ်သော အကြောင်းရှိသော တရား-တနည်း။

၂....သမ္မာဒိဋ္ဌိ မဂ္ဂင်ဟု ဆိုအပ်သော အမောဟ ဟိတ်ရှိသော တရား-တနည်း။

၃....မဂ္ဂင်နှင့်ယှဉ်သော–ဝါ–မဂ္ဂင်၌ဖြစ်သောဟိတ်ရှိသောတရား တနည်း။ ။ဤသို့အစဉ်လာသတည်း။

**အဋ္ဌကထာနည်းသုံးပါးအစဉ်ထားပုံအဓိပ္ပါယ်ကား။**

ပထမနည်းမှာ–ဟိတ်–၀–ပါးသည်"မဂ္ဂဟေတုက"မမည်။ဒုတိယ နည်းမှာ–ဟိတ်– ၂–ပါး၊၃–ပါးသည်"မဂ္ဂဟေတုက"မမည်။ တတိယ နည်းမှာ– သမ္မာဒိဋ္ဌိသည် "မဂ္ဂဟေတုက" မမည်။ ဤသို့ အကြွင်းဖြစ် သောဟိတ် အများအနည်းအားဖြင့် အစဉ်ထား၏။

**ပါဠိတော်နည်းသုံးပါးအစဉ်ထားပုံအဓိပ္ပါယ်ကား။**

နည်းသုံးပါးတို့တွင်–ပထမနည်းအလိုကောက်သော်မဂ္ဂဟေတုက အရ–မဂ္ဂင်၅စ်ပါး ကြွင်းကျန်ရကား–၎င်းမဂ္ဂင်၅စ်ပါးသည် မဂ္ဂဟေတု က မည်စေခြင်း၄ါ ဒုတိယနည်းကို မိန့်တော်မူ၏။ ထိုသို့ပင် ဖြစ်သော် လည်း–ဒုတိယနည်းအရ ကောက်ပြန်သော် သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ဆိုအပ် သော အမောဟဟိတ် ကြွင်းကျန်သေး ရကား–၎င်းဟိတ်ကို မဂ္ဂဟေ တုက မည်စေခြင်း၄ါ တတိယနည်းကို မိန့်တော်မူပြန်၏။ ဤသို့မယူ အပ်သေးသော ကြွင်းကျန်သော ဟိတ်တို့ကို သိမ်းယူသော အားဖြင့် နည်းသုံးပါး အစဉ်ထား၏ဟူလို။

**တတိယပဒကိုပြဆိုချက်။**

ပု....အဘယ်ကြောင့် မဂ္ဂါဓိပတိ" မည်သနည်းဟုမေး။

ဝိ....မဂ်ဟု ဆိုအပ်သော "အာရမဏာဓိပတိ" ပစ္စည်း ရှိသော ကြောင့် "မဂ္ဂါဓိပတိ"မည်၏ဟုဖြေ။

အဘိဘဝိတွာ ပတတိ ပဝတ္တတီတိ အဓိပတိ=ဟုပြု။....နှိပ်စက်၍ ဖြစ်တတ်သော အာရမဏာဓိပတိ, သဟဇာတာဓိပတိ နှစ်ပါးကို အရ ကောက်။

မဂ္ဂေါအဓိပတိ ယေသန္တိ မဂ္ဂါဓိပတိနော=ဟုတွဲစပ်။

ဤကား....အဘိဘဝိတွာ ပဝတ္တနတ္ထေန မဂ္ဂေါအဓိပတိ ဧတေ သန္တိ မဂ္ဂါဓိပတိနော=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

အဘိဘဝိတွာ၊ နှိပ်စက်လွှမ်းမိုး၍။ ပဝတ္တနတ္ထေန၊ ဖြစ်တတ်သော အနက်ကြောင့်။ဧတေသံ၊ထိုတရားတို့အား။မဂ္ဂေါ၊မဂ်ဟုဆိုအပ်သော။

အဓိပတိ၊အာရမဏာဓိပတိသည်။ ဝါ၊ သဟဇာတာဓိပတိသည်။အတ္ထိ၊ ရှိ၏။ဇာတိ-တသ္မာ၊ထို့ကြောင့်။ မဂ္ဂါဓိပတိနော၊မဂ္ဂါဓိပတိတို့ မည်ကုန်၏။....နှိပ်စက်လွှမ်းမိုး၏ဟူသည်-မိမိအလိုသို့လိုက်စေသည်ကိုဆို၏။

မိမိမဂ်ကို အလေး အမြတ် အာရုံပြုသော-မဟာ ကုသိုလ်၊ မဟာ ကြိယာဉာဏသမ္ပယုတ်စိတ်-၈-ခု၊ဝိရိယ အပ္ပမညာကြဉ် စေတသိက် တေတ္တိံသကို အရကောက်။

ဝိ....မဂ္ဂင်ဟု ဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း ရှိသော ကြောင့် "မဂ္ဂါဓိပတိ" မည်၏ ဟူ၍လည်းဖြေ။

မဂ္ဂေါအဓိပတိယေသန္တိ မဂ္ဂါဓိပတိနော=ဟု တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ သမာသ်တွဲစပ်လေ။....ဝိရိယတပ်ခိုက် ဝိရိယကြဉ် မဂ်စိတ် လေးခု, စေတသိက်ပဉ္စတိံသ၊ ဝိမံသတပ်ခိုက် ဝိမံသကြဉ် မဂ်စိတ် လေးခု,စေတသိက်ပဉ္စတိံသကို အရကောက်။

မု....အဘယ်ကြောင့် ဝိရိယတပ်ခိုက် ဝိရိယကို, ဝိမံသတပ်ခိုက် ဝိမံသကို,ကြဉ်ရသနည်းဟုမေး။

ဝိ....သဟဇာတာ ဓိပတိ တရားကိုယ် လေးပါးသည် တပြိုင်နက် အဓိပတိ မတပ်ကောင်းသည် ဖြစ်၍ စိတ္တုပ္ပါဒ် တခု၌ အပြန် အလှန်အားဖြင့် ပစ္စည်းမဖြစ်နိုင်သောကြောင့် ကြဉ်ရ၏ဟုဖြေ။

ဝိ....မဂ်ဟု ဆိုအပ်သော သဟဇာတာ ဓိပတိ ပစ္စည်း ဖြစ်သော ကြောင့် "မဂ္ဂါဓိပတိ" မည်၏ ဟူ၍လည်းဖြေ။

မဂ္ဂါအဓိပတိနော မဂ္ဂါဓိပတိနော=ဟု ကမ္မဓာရယ်သမာသ် တွဲစပ် လေ။....ဝိရိယ,ဝိမံသ နှစ်ပါးကို အရကောက်။

မဂ္ဂါရမဏတိက်ကိုပြဆိုသောအခဏ်းပြီး၏။

## ဥပ္ပန္နတိက်ကိုပြဆိုသောအခဏ်း။

မဂ္ဂါရမဏတိက်ကို....မှဲ၍၊ဥပ္ပန္နတိက်-၏။....**ကား**။

(ပ)....ဥပ္ပန္နာဓမ္မာ။
(ဒု) ...အနုပ္ပန္နာဓမ္မာ။
(တ)....ဥပ္ပါဒိနောဓမ္မာ။....တည်း။

ဥပ္ပန္နာ၊ ဥပါဒ်, ဌီ, ဘင်,ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

အနုပ္ပန္နာ၊ဥပါဒ်,ဌီ,ဘင်,ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်းမဟုတ်,ရောက်ဆဲလည်းမဟုတ်ကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

ဥပ္ပါဒိနော၊ပြီးပြီးသော အကြောင်းတစိတ် ရှိသည့်၏အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

(ပ)....အရကား—ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ်–၉၀၊ စေ–ဌေ ပညာသ,ရုပ်အဋ္ဌဝီသ–ရ၏။....၅–၁၂–၁၀–၃။

(ဒု)....အရကား....အနာဂတ် ဖြစ်သော အကုသိုလ်စိတ် ဒွါဒသ, ကုသိုလ်စိတ်,ဧကဝီသ၊ကြိယာစိတ်ဝီသ၊ စေ–ဌေပညာသ,စိတ္တဇရုပ် သတ္တရသ, ဥတုဇရုပ် ပန္နရသ, အာဟာရဇရုပ် ဒွါဒသ ရ၏။....၅–၇–၀–၃။

(တ) ...အရကား–အနာဂတ်ဖြစ်သော ဝိပါက်စိတ်ဆတ္တိံသ၊စေ-အဋ္ဌတိံသ၊ ကမ္မဇရုပ်ဝီသရ၏။....၅–၁၁–၁၇–၁။

**တိက်မှတ်ကား**....နိဗ္ဗာန်သာတည်း။

## ပထမပဒကိုပြဆိုချက်။

ပု ...အဘယ်ကြောင့် "ဥပ္ပန္န" မည်သနည်းဟုမေး။

ဝိ....ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်သောကြောင့် "ဥပ္ပန္န" မည်၏ဟုဖြေ။

ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ= ဟုဝစနတ္ထပြု။.... ပစ္စုပ္ပန်ဖြစ်သော စိတ်, စေတသိက်, ရုပ်တို့ကိုအရကောက်။

## ဒုတိယပဒကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "အနုပ္ပန္န" မည်သနည်းဟုမေး။

ဝိ....ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်, ရောက်ဆဲလည်း မဟုတ်သောကြောင့် "အနုပ္ပန္န" မည်၏ဟုဖြေ။

ဥပ္ပဇ္ဇိံသူတိ ဥပ္ပန္နာ=ဟုဝစနတ္ထပြု။.... အတိတ်ဖြစ်သော စိတ်,စေတသိက်, ရုပ်တို့ကိုအရကောက်။

ဥပ္ပန္နတ္တိကတိ ဥပ္ပန္နာ= ဟုဝစနတ္တပြု။.... ပစ္စုပ္ပန်ဖြစ်သော စိတ်, စေတသိက်, ရုပ် တို့ကိုအရကောက်။

ဥပ္ပန္နာဝ ဥပ္ပန္နာဝ ဥပ္ပန္နာ=ဟုဧကသိသ်ပြု။ .. နဥပ္ပန္နာတိအနုပ္ပန္နာ= ဟုတွဲစပ်။...: အနာဂတ် ဖြစ်သော အကုသိုလ်, ကုသိုလ်, ကြိယာ စိတ္တုပ္ပါဒ်, တိဇရုပ်တို့ကိုအရကောက်။

မု.... အဘယ်ကြောင့် အနာဂတ်ဖြစ်သော ဝိပါက်စိတ္တုပ္ပါဒ်, ကမ္မဇရုပ်ကိုမကောက်သနည်းဟုမေး။

ဝိ....တတိယပုဒ် အရကို ချန်၍ ကောက်ရ သောကြောင့်- ပုဒ်းတရားရကိုမကောက်ဟုဖြေ။

**အဓိပ္ပါယ်**.... ဓမ္မောဝ ဝိနယောဝ ဒေသိတော ပညတ္တော=ဟူသော ပါဠိရပ်၌ ဓမ္မသဒ္ဒါဖြင့် သုတ်, အဘိဓမ္မာ, ဝိနည်း သုံးပါးလုံးကို ကောက်ယူသင့်သော်လည်း ဝိနယော ဟူသော နောက်ပုဒ်၏အရကို ချန်၍ သုတ်-အဘိဓမ္မာ နှစ်ပါးကိုသာ ကောက်ယူသကဲ့သို့ ဤတိက်၌ လည်း-ဥပ္ပါဒိနော ဓမ္မာ ဟူသော နောက်ပုဒ်၏အရကိုချန်၍ ကောက်ယူရကား-ဝိပါက်စိတ္တုပ္ပါဒ်, ကမ္မဇရုပ်တို့ကိုမကောက်ဟူလို။

## တတိယပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "ဥပ္ပါဒိ" မည်သနည်းဟုမေး။

ဝိ....ပြီးပြီးသောအကြောင်း တစိတ်ရှိသည်ဖြစ်၍ မချတ်ဖြစ်လတ္တံ့ သောကြောင့် "ဥပ္ပါဒိ" မည်၏ဟုဖြေ။

အဝဿံ ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနော=ဟုဝစနတ္တပြု။ ... အနာဂတ် ဖြစ်သော ဝိပါက်စိတ္တုပ္ပါဒ်, ကမ္မဇရုပ် တို့ကိုအရကောက်။

**ဤကား**.... ပရိနိဋ္ဌိတ ကာရဏေကဒေသတ္တာ အဝဿံ ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနော=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ပရိနိဋ္ဌိတကာရဏေကဒေသတ္တာ၊ ပြီးပြီးသောအကြောင်း တစိတ် ရှိသည်၏အဖြစ်ကြောင့်။ အဝဿံ၊ မချတ်မယွင်း။ ဥပ္ပဇ္ဇိဿန္တိ၊ ဖြစ်ကုန် လတ္တံ့။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဥပ္ပါဒိနော၊ ဥပ္ပါဒိမည်ကုန်၏။

**အဓိပ္ပါယ်**....ပြီးပြီးသော အကြောင်းတစိတ် ဟူသည်- ရှေးကပြု အပ်ပြီးသော ကုသိုလ် အကုသိုလ်သည် ပြီးပြီးသော အကြောင်းမည် ၏။ အကြောင်း အကျိုး နှစ်မျိုး တို့တွင် ကုသိုလ်- အကုသိုလ် သည်

အကြောင်းသာဖြစ်၍ အကျိုး မဖြစ်ရကား တစိတ်မည်၏။ ထိုကြောင့် ပြုပြီးသော ကုသိုလ်-အကုသိုလ်သည် ပြီးပြီးသောအကြောင်းတစိတ်မည်၏ဟု ဆိုရ၏။ ဝိပါက်ကဋတ္တာရုပ်သည် ပြီးပြီးသော အကြောင်းကိုမှီ၍ ဖြစ်ရကား အကြောင်း တစိတ် ရှိသည်ဟု ဆိုရ၏။ ကုသိုလ်-အကုသိုလ်ဟုဆိုအပ်သော အကြောင်းတစိတ် ပြီးပြီးရကား- အကျိုးလည်းမချွတ်ချ ဖြစ်လတ္တံ့ဟုဆိုရ၏။.... ဝိပါက်စိတ္တုပ္ပါဒ် ကဋတ္တာရုပ်သည် ပြီးပြီးသော အကြောင်း တစိတ် ရှိသည် ဖြစ်၍- မချွတ်ဖြစ်လတ္တံ့မည်၏ဟူလို။

## နိဗ္ဗာန်ကိုသာတိက်မုတ်ထုတ်ခြင်း။

မု....အဘယ်ကြောင့် နိဗ္ဗာန်ကိုသာတိက်မုတ်ထုတ်၍ အတိတ်ဖြစ်သော စိတ်, စေတသိက်, ရုပ် တို့လည်း သုံးပုဒ်လုံးအရမှလွတ်သောကြောင့် တိက်မုတ် ထုတ်သင့်သည် မဟုတ်ပါလောဟု မေး။

ဖြေ....ဤတိက်ကား-ပစ္စုပ္ပန် အနာဂတ် ကာလနှစ်ပါးဖြင့် ပရမတ္ထတရားတို့ကို ဝေဘန်၍ ဟောတော်မူသောကြောင့် အတိတ်တရားရကို တိတ်မုတ် မထုတ်ဘဲ နိဗ္ဗာန် ကိုသာ တိက်မုတ် ထုတ်ရ၏ဟုဖြေ။

**ဤကား**....အယံပန တိကော ဒွိန္နံ အဒ္ဓါနံ ဝသေန ပူရေတွာ ဒဿိတော = ဟူသော အဋ္ဌကထာ။.... နိဗ္ဗာနံ နဝတ္တဗ္ဗံ ဥပ္ပန္နန္တိဝါ အနုပ္ပန္နန္တိဝါ ဥပ္ပါဒိနောတိဝါ= ဟူသော ပါဠိတော်နှင့်အညီတည်း။

အယံပနတိကော၊ ဤဥပ္ပန္နတိက်ကိုကား။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ အဒ္ဓါနံ၊ အဇ္ဈန့်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ ဒဿိတော၊ ပြတော်မူအပ်၏။ ... ဤကားအဋ္ဌကထာအနက်။

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဥပ္ပန္နန္တိဝါ၊ ဥပ္ပန္နဟူ၍၎င်း။ အနုပ္ပန္နန္တိဝါ၊ အနုပ္ပန္နဟူ၍၎င်း။ ဥပ္ပါဒိနောတိဝါ၊ ဥပ္ပါဒိဟူ၍၎င်း။ နဝတ္တဗ္ဗံ၊ မဆိုအပ်။

**မှတ်ချက်**.... ဤတိက်သည် ကာလ နှစ်ပါးဖြင့်သာ ဟောရကား အတိတ်တရားရကြွင်း၏ဟုမဆိုသင့်။.... နိဗ္ဗာန်သည် ကာလနှစ်ပါးမှ

လွတ်သည်ဖြစ်၍ သုံးပုဒ်လုံး အရ၌ မပါသောကြောင့် နိဗ္ဗာန်ကိုသာ တိက်ခုတ်ထုတ်ရ၏ဟုမှတ်။

ဥပ္ပန္နတိက်ကိုပြဆိုသောအခဏ်းပြီး၏။

---

## အတီတတိက်ကိုပြဆိုသောအခဏ်း။

ဥပ္ပန္နတိက်ကို....မှဲ့၌ အတီတတိက်ကို-၏။....ကား။

(ပ)....အတီတာဓမ္မာ။

(ဒု)....အနာဂတာဓမ္မာ။

(တ)....ပစ္စုပ္ပန္နာဓမ္မာ။....တည်း။

အတီတာ၊ အတိတ်ဖြစ်ကုန်သော။ ဓမ္မာ....သံဝိဇ္ဇန္တိ။
အနာဂတာ အနာဂတ်ဖြစ်ကုန်သော။ ဓမ္မာ၊ ...သံဝိဇ္ဇန္တိ။
ပစ္စုပ္ပန္နာ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာ၊....သံဝိဇ္ဇန္တိ။

(ပ)....အရကား-အတိတ်ဖြစ်သော စိတ်တခုယုတ်-၉၀၊ စေ-ခွေ ပညာသ ရုပ်အဋ္ဌဝီသရ၏။.... ၅-၁၂-၁၀-၃။

(ဒု) .. အရကား- အနာဂတ်ဖြစ်သော စိတ်တခုယုတ်-၉၀၊ စေ-ခွေပညာသ၊ ရုပ်အဋ္ဌဝီသရ၏။.... ၅-၁၂-၁၀-၃။

(တ)....အရကား- ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ်- ၉၀၊ စေ-ခွေပညာသ၊ ရုပ်အဋ္ဌဝီသရ၏။ .. ၅-၁၂-၁၀-၃။

**တိက်မုတ်ကား**....နိဗ္ဗာန်ပင်တည်း။

### ပထမပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "အတီတ" မည်သနည်းဟုမေး။

ဝိ....မိမိသဘောသို့ရှင်း, ဥပါဒ်စသောခဏသို့ရှင်း ရောက်၍လွန်ကုန်သောကြောင့် "အတီတ" မည်၏ဟုဖြေ။

အယိံသု ဂမယိံသူတိ ဣတာ၊....အတ္တနော သဘာဝံ ဥပ္ပါဒါဒိက္ခဏံ ဝါ ဣတာ ဂတာ ပတ္တာ ဟုတွာ အတိက္ကန္တာတိ အတီတာ=ဟုပြုလုပ်တွဲစပ်။ ... အတိတ်ဖြစ်သော စိတ်, စေတသိက်, ရုပ် တို့ကိုအရကောက်။

## ဒုတိယပဒကိုပြဆိုချက်။

မေ....အဘယ်ကြောင့် "အနာဂတ" မည်သနည်းဟုမေး။
ဖြေ....ဖြစ်ပြီး ဖြစ်ဆဲ မဟုတ်သောကြောင့် "အနာဂတ" မည်၏ဟု ဖြေ။

အာဂန္တွာ သု ဥပ္ပန္နံ ဿတိ အာဂတာ။.... အာဂန္တွာ နိ ဿတိ အာဂတာ။....အာဂတာစ အာဂတာစ အာဂတာ=ဟု ဧကသေသ်ပြု။....န အာဂတာတိ အနာဂတာ= ဟုတွဲစပ်။.... အနာဂတ် ဖြစ်သော စိတ်, စေတသိက်,ရုပ်တို့ကိုအရကောက်။

## တတိယပဒကိုပြဆိုချက်။

မေ....အဘယ်ကြောင့် "ပစ္စုပ္ပန္န" မည်သနည်းဟုမေး။
ဖြေ....ထိုထို အကြောင်းကိုစွဲ၍ ဖြစ်တတ် သောကြောင့် "ပစ္စုပ္ပန္န" မည်၏ဟုဖြေ။

တံတံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ ပစ္စုပ္ပန္နာ=ဟု ဝစနတ္ထပြု။....ပစ္စုပ္ပန် ဖြစ်သောစိတ်,စေတသိက်,ရုပ်တို့ကို အရကောက်။

အတီတတိက်ကိုပြဆိုသောအခန်းပြီး၏။

---

## အတီတာရမဏာတိက်ကိုပြဆိုသောအခန်း။

အတီတတိက်ကို....မှီ၍၊အတီတာရမဏတိက်ကို-၏။....**ကား**။

(ပ)....အတီတာရမဏာဓမ္မာ။
(ဒု)....အနာဂတာရမဏာဓမ္မာ။
(တ)....ပစ္စုပ္ပန္နာရမဏာဓမ္မာ။....တည်း။

အတီတာရမဏာ၊အတိတ်တရားလျှင်အာရုံရှိကုန်သော။ဝါ၊အတိတ် တရားကို အာရုံပြုကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

အနာဂတာ ရမဏာ၊-ရှိကုန်သော။ ဝါ၊- ပြုကုန်သော။ ဓမ္မာ၊.... သံဝိဇ္ဇန္တိ။

ပစ္စုပ္ပန္နာ ရမဏာ၊– ရှိကုန်သော။ ဝါ၊– ပြုကုန်သော။ ဓမ္မာ၊ .... သံဝိဇ္ဇန္တိ။

(ပ)....အရကား–အတိတ် တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ်–၃–ခု, နေဝသညာ–နာသညာယတနစိတ်–၃–ခု၊ စေ–တီ သ။ ။အတိတ်တရားကို အာရုံပြုကိုက် မနောဒွါရာဝဇ္ဇန်း,ကာမဇော တချုပ်သုံးဆယ်,တဒါရုံ ဧကာဒသ, အဘိညာဉ် ဒွေ၊ ဝိရတိ-အပ္ပမညာကြဉ် စေ–သတ္တစတ္တာလီသ–ရ၏။....၄–၂–၂–၂။

(ဒ)....အရကား–အနာဂတ် တရားကို အာရုံပြုကိုက်– မနောဒွါရာဝဇ္ဇန်း,ကာမဇော တချုပ်သုံးဆယ်,တဒါရုံဧကာဒသ,အဘိညာဉ်ဒွေ၊အပ္ပမညာကြဉ် စေ-ပညာသ–ရ၏။....၄–၂–၂–၂။

(တ)....အရကား–ပစ္စုပ္ပန် တရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စဝိညာဏ်တဆယ်,မနောဓာတ်သုံးခု၊ ဆန္ဒ–ဝီတိ–ဝိရိယကြဉ် အညသမာန်း-စေ–တဆယ်။ ။ပစ္စုပ္ပန်တရားကို အာရုံပြုကိုက်-မနောဒွါရာဝဇ္ဇန်း,ကာမဇောတချုပ်သုံးဆယ်, တဒါရုံဧကာဒသ,အဘိညာဉ်ဒွေ၊အပ္ပမညာကြဉ်စေ–ပညာသ ရ၏။....၄–၂–၀–၂။

**တိက်မှတ်ကား**....ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာယတနစိတ်–၃–ခု၊အဘိညာဉ်ဒွေမှတပါး ရူပစိတ်–၁၅–ခု၊စေ-ပဉ္စတိံသ။ ။ပညတ်တရားကို အာရုံပြုကိုက် အကုသိုလ်စိတ်ဒွါဒသ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ် ၈ခု,မဟာကြိယာစိတ်၈ခု,အဘိညာဉ်ဒွေ၊ဝိရတိကြဉ်–စေ–ဧကူနပညာသ။ ။အပ္ပမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ်–၈–ခု၊စေ–ဆတ္တိံသ။ ။အပ္ပမာဏတရားကို အာရုံပြုကိုက် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်–၄–ခု, မဟာကြိယာ ဉာဏသမ္ပယုတ်–၄–ခု, အဘိညာဉ်ဒွေ၊ ဝိရတိ–အပ္ပမညာကြဉ် စေ–တေတ္တိံသ၊ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်တို့တည်း။

**ပထမပဒကိုပြဆိုချက်။**

**မေး**....အဘယ်ကြောင့် “အတီတာရမ္မဏ” မည်သနည်းဟုမေး။

**ဖြေ**....အတိတ်တရားဟု ဆိုအပ်သော အာရုံရှိသောကြောင့် “အတီတာရမ္မဏ” မည်၏ဟုဖြေ။

အတီတံ အာရမဏံ ယေသန္တိ အတီတာရမဏာ=ဟုတွဲစပ်။.... အတိတ်ကြောင်-၆-ခု၊စေတသိက်-တိံသ၊အနေကန်-၄၃-ခု၊ဝိရတိအပ္ပမညာ ကြဉ်သော စေတသိက် သတ္တစတ္တာလီသ။-ပေါင်းစိတ်-၄၉-ခု၊ စေတသိက် သတ္တစတ္တာလီသတို့ကို အရကောက်။

**ဆောင်ပုဒ်လင်္ကာတို့ကား။**

ဝိညာ,နေဝ၊စေ-တိံသ၊တီတကြောင်သာ။
မနော,ကာမာ၊ဇော,တဒါ၊ဘိညာနေကန်မှာ။
ဝိရတိ,အပ္ပ၊ကြဉ်ထုတ်က၊သတ္တတာလီသာ။

ပစ္စုပ္ပန်,အနာဂတ်,ဓမ္မ,ရုပ်,နာမ်-အနေကန်လည်း-ဤ-၄၃-ခုသော စိတ်ရပင်တည်း။

**ဆောင်ပုဒ်ဂါထာကား။**

ပစ္စုပ်,အတီတ,နာဂတော၊ဓမ္မ,ရုပ်,နာမ်၌ ခါတလေ။
တဒါ,ကာဇော,အဘိညာ,ဈာန၊လေးဆဲ့သုံးတိပကာသိတော။ ။

အဓိပ္ပါယ်လွယ်ပြီ။

**ဒုတီယပဒကိုပြဆိုချက်။**

မု....အဘယ်ကြောင့် "အနာဂတာရမဏာ" မည်သနည်းဟုမေး။
ဖြေ....အနာဂတ် တရားလျှင် အာရုံ ရှိသောကြောင့်။ ဝါ၊ အနာဂတ် တရားကို အာရုံပြုသောကြောင့် "အနာဂတာရမဏာ" မည်၏ ဟုဖြေ။

အနာဂတံ အာရမဏံ ယေသန္တိ အနာဂတာရမဏာ=ဟုတွဲစပ်။··· အနာဂတ်အနေကန်-၄၃-ခု၊အပ္ပမညာကြဉ်-စေတသိက်-၅၀-တို့ကို အရကောက်။....ကြောင်မရှိဟုမှတ်။

**တတီယပဒကိုပြဆိုချက်။**

မု....အဘယ်ကြောင့် "ပစ္စုပ္ပန္နာရမဏာ" မည်သနည်းဟုမေး။
ဖြေ....ပစ္စုပ္ပန် တရားဟု ဆိုအပ်သော အာရုံ ရှိသောကြောင့်။ ဝါ၊ ပစ္စုပ္ပန် တရားကို အာရုံ ပြုသောကြောင့် "ပစ္စုပ္ပန္နာရမဏာ" မည်၏ဟုဖြေ။

ပစ္စုပ္ပန္နံ အာရမဏံ ယေသန္တိ ပစ္စုပ္ပန္နာရမဏာ=ဟု တွဲစပ်။.... ပစ္စုပ္ပန်ကေန်-၁၃-ခု၊ စေတသိက်-၁၀။.... အနေကန်-၄၃-ခု၊ အပ္ပမညာကြဉ်-စေတသိက်ပညာသ၊ပေါင်းစိတ်-၅၆-ခု၊စေတသိက်-၅၀ တို့ကို အရကောက်။

**ဆောင်ပုဒ်လင်္ကာဝတ္ထုကား။**

ပဉ္စဝိညာ၊ မနောဓာ၊ ပစ္စုပ်ကေန်သာ။
မနော,ကာမာ ဇော,တဒါ၊ ဘိညာနေကန်မှာ။
အပ္ပမညာ၊ ကြဉ်ထုတ်ပါ၊ စေမှာပညာသာ။

အတီတာရမဏတိက်ကို ပြဆိုသောအခဏ်းပြီး၏။

---

**အဇ္ဈတ္တတိက်ကိုပြဆိုသောအခဏ်း။**

အတီတာရမဏတိက်ကို....မှဲ့၍၊အဇ္ဈတ္တတိက်ကို-၏။....**ကား။**

(ပ)....အဇ္ဈတ္တာဓမ္မာ။
(ဒု)....ဗဟိဒ္ဓါဓမ္မာ။
(တ)....အဇ္ဈတ္တဗဟိဒ္ဓါဓမ္မာ။...တည်း။

အဇ္ဈတ္တာ၊အဇ္ဈတ္တသန္တာန်၌ဖြစ်ကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။
ဗဟိဒ္ဓါ၊ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

အဇ္ဈတ္တဗဟိဒ္ဓါ၊ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ ဓမ္မာ၊...သံဝိဇ္ဇန္တိ။

(ပ)....အရကား-အဇ္ဈတ္တသန္တာန်၌ဖြစ်သောစိတ်တခုယုတ်-၉၀၊ စေ-ဒွေပညာသ၊ရုပ်အဋ္ဌဝီသ-ရ၏။.... ၅-၁၂-၁၀-၃။

(ဒု)....အရကား-ဗဟိဒ္ဓသန္တာန်၌ဖြစ်သော စိတ်တခုယုတ်-၉၀၊ စေ-ဒွေပညာသ၊ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်ရ၏။

(တ)....အရကား-အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓ သန္တာန် နှစ်ပါး၌ဖြစ်သော စိတ်တခုယုတ်-၉၀၊ စေ-ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ ရ၏။....၅-၁၂-၁၀-၃။

### ပထမပဒကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "အဇ္ဈတ္တ" မည်သနည်းဟုမေး။
ဝိ....မိမိကိုယ်ကို စွဲ၍ဖြစ်သောကြောင့် "အဇ္ဈတ္တ" မည်၏ဟုဖြေ။
အတ္တာနံ အဓိကိစ္စ ပဝတ္တာတိ အဇ္ဈတ္တာ=ဟု တွဲစပ်။... ဤ၌ အဓိ သဒ္ဒါသည်-အဓိကာရအနက်, ပဝတ္တအနက်နှစ်ပါး၌ ဖြစ်သင့် ရကား အဓိကိစ္စပဝတ္တာဟု ဖွင့်လိုက်သတည်း။....အဇ္ဈတ္တသန္တာန်၌ဖြစ်သော စိတ်,စေတသိက်,ရုပ်တို့ကို အရကောက်။

**အဆူးကား**....အဇ္ဈတ္တသည် ဂေါစရဇ္ဈတ္တ, နိယကဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ,ဝိသယဇ္ဈတ္တ,အားဖြင့် လေးပါးတည်း။ ထိုလေးပါးတို့တွင် အာရုံဟူသမျှသည် ဂေါစရဇ္ဈတ္တ,မည်၏။ .. မိမိသန္တာန်၌ဖြစ်သော ပုဂ္ဂလိကတရားဗုသည် နိယကဇ္ဈတ္တမည်၏။....အဇ္ဈတ္တကာယတန ခြောက်ပါးသည် အဇ္ဈတ္တဇ္ဈတ္တမည်၏။ .... ဖလသမာပတ်သည် ဝိသယဇ္ဈတ္တမည်၏။....ဤတိက်၌ကား-နိယကဇ္ဈတ္တကိုယူ။
**ဤကား**....ဣဝေန နိယကဇ္ဈတ္တေ အဓိပ္ပေတော=ဟူသော အဋ္ဌကထာနှင့် အညီတည်း။ ။အနက်လွယ်ပြီ။

### ဒုတိယပဒကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "ဗဟိဒ္ဓ" မည်သနည်းဟုမေး။
ဝိ....သူတပါးသန္တာန်၌ဖြစ်သောကြောင့် "ဗဟိဒ္ဓ" မည်၏ဟုဖြေ။
ဗဟိဒ္ဓါဘဝါတိ ဗဟိဒ္ဓါ=ဟုဝစနတ္ထပြု။
**အဆူးကား** .... စိတ်, စေတသိက်, ဣန္ဒြိယဗဒ္ဓရုပ် တို့သည် မိမိသန္တာန်၌ဖြစ်ခိုက်-အဇ္ဈတ္တ, သူတပါးသန္တာန်၌ဖြစ်ခိုက်-ဗဟိဒ္ဓ။ မိမိ, သူတပါးသန္တာန်နှစ်ပါး၌ဖြစ်ခိုက်- အဇ္ဈတ္တ, ဗဟိဒ္ဓမည်ကုန်၏။ ထောတောင်ရေမြေစသော အနိန္ဒြိယဗဒ္ဓရုပ်, နိဗ္ဗာန်တို့ကား ဗဟိဒ္ဓတမျိုးသာဟုမှတ်။

### တတိယပဒကိုပြဆိုချက်။

ပု....အဘယ်ကြောင့် "အဇ္ဈတ္တဗဟိဒ္ဓ" မည်သနည်းဟုမေး။
ဝိ ...အဇ္ဈတ္တဗဟိဒ္ဓ သန္တာန် နှစ်ပါး၌ ဖြစ်သောကြောင့် "အဇ္ဈတ္တဗဟိဒ္ဓ" မည်၏ဟုဖြေ။

အဇ္ဈတ္တာ၀ စေ တော ဗဟိဒ္ဓါစာတိ အဇ္ဈတ္တဗဟိဒ္ဓါ= ဟု တွဲစပ်။.... အဇ္ဈတ္တဗဟိဒ္ဓသန္တာနနှစ်ပါး၌ဖြစ်သော စိတ်, စေတသိက်, ရုပ်တို့ကို အရကောက်။

အဇ္ဈတ္တတိက်ကိုပြဆိုသောအခဏ်းပြီး၏။

**အဇ္ဈတ္တာရမဏတိက်ကိုပြဆိုသောအခဏ်း။**

အဇ္ဈတ္တတိက်ကို....မှဲ၍၊ အဇ္ဈတ္တာရမဏတိက်ကို-၏။....**ကာ**း။

(၁)....အဇ္ဈတ္တာရမဏာဓမ္မာ။

(၃)....ဗဟိဒ္ဓါရမဏာဓမ္မာ။

(၃)....အဇ္ဈတ္တဗဟိဒ္ဓါရမဏာဓမ္မာ။....တည်း။

အဇ္ဈတ္တာရမဏာ၊ အဇ္ဈတ္တ တရားလျှင် အာရုံ ရှိကုန်သော။ ဝါ၊ အဇ္ဈတ္တတရားကိုအာရုံပြုကုန်သော။ ဓမ္မာ၊....သံ၀ိဇ္ဇန္တိ။

ဗဟိဒ္ဓါရမဏာ။-ရှိကုန်သော။ဝါ၊-ပြုကုန်သော။ဓမ္မာ၊....သံ၀ိဇ္ဇန္တိ။

အဇ္ဈတ္တဗဟိဒ္ဓါရမဏာ၊ အဇ္ဈတ္တ, ဗဟိဒ္ဓ, တရားနှစ်ပါးလျှင် အာရုံ ရှိကုန်သော။ ဝါ၊- ပြုကုန်သော။ ဓမ္မာ၊....သံ၀ိဇ္ဇန္တိ။

(၁)....အရကား- အဇ္ဈတ္တ တရားကို မြဲသော အားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ်သုံးခု, နေ၀သညာနာသညာယတန စိတ်သုံးခု၊ စေ-တိ ံသ။ ။အဇ္ဈတ္တတရားကိုအာရုံပြုနိုင်က် ကာမစိတ်စတုပညာသ, အဘိညာဉ်နှစ်ခု၊ ရူသာ, အပ္ပမညာ ကြဉ်, စေ-ဧကူနပညာသ-ရ၏။....၄-၂-၀-၂။

(၃)....အရကား-ဗဟိဒ္ဓတရားကိုမြဲသောအားဖြင့် အာရုံပြုသော အဘိညာဉ်နှစ်မှ တပါး ရုပစိတ်- ၁၅-ခု, အာကာသာနဉ္စာ ယတနစိတ်-၃-ခု,လောကုတ္တရာစိတ်-၀-ခု၊စေ-အဋ္ဌတိ ံသ။ ။ ဗဟိဒ္ဓ တရားကို အာရုံ ပြုနိုင်က် - ကာမစိတ် စတုပညာသ, အဘိညာဉ်နှစ်။ မဇ္ဈရိယ ကြဉ်- စေ- ဧကပညာသ ရ၏။.... ၄-၂-၀-၃။

(၃)....အရကား-အဇ္ဈတ္တတရား, ဗဟိဒ္ဓတရားနှစ်ပါးကိုအာရုံပြု နိုင်က်-ကာမစိတ်စတုပညာသ, အဘိညာဏ်နှစ်၊ ရူသာ, မဇ္ဈ

ရိယ, အပ္ပမညာ ကြဉ်- စေ- အဠစတ္တာလီသရ၏။... ၄-၂
၀-၂။

**တိက်မှတ်ကား**....အာကိဉ္စညာယတနစိတ်-၃-ခု၊ စေ·တိ°သ၊ ထို အာကိဉ္စညာယတနစိတ်၏ အာရုံ ဖြစ်သော နတ္ထိဘောပညတ် ကိုအာရုံပြုခိုက်-အကုသိုလ်-၁၂-ခု, မနောဒွါရာဝဇ္ဇန်း, မဟာ ကုသိုလ်-၈-ခု, မဟာကြိယာ-၈-ခု, အဘိညာဉ်နှစ်၊ ဝိရတိ, အပ္ပမညာ- ဣဿာ, မစ္ဆရိယ, ကြဉ်- စေ- ပဉ္စစတ္တာလီသ၊ ရုပ်အဠဝီသ၊ နိဗ္ဗာန်တို့တည်း။

**ပထမပဒကိုပြဆိုချက်။**

**မု**....အဘယ်ကြောင့် "အဇ္ဈတ္တာရမဏ" မည်သနည်းဟုမေး။

**ဖြေ**....အဇ္ဈတ္တ တရားဟု ဆိုအပ်သော အာရုံ ရှိသောကြောင့်။ ဝါ၊ အဇ္ဈတ္တ တရားကို အာရုံ ပြုသောကြောင့် "အဇ္ဈတ္တာရမဏ" မည်၏ဟုဖြေ။

အဇ္ဈတ္တံ အာရမဏံ ယေသန္တိ အဇ္ဈတ္တာရမဏာ- ဟုတွဲစပ်။.... အဇ္ဈတ္တကေန်-၆-ခု၊ စေတသိက်- တိ°သ၊... အနေကန် ကာမစိတ် ၅၄-ခု, အဘိညာဉ်နှစ်၊ ဣဿာ-အပ္ပမညာကြဉ် စေတသိက်-၄၉-ခု ပေါင်းစိတ်-၆၂-ခု၊ စေတသိက်-၄၉-တို့ကိုအရကောက်။

**ဆောင်ပုဒ်လင်္ကာတို့ကား။**

ဝိညာ, နေဝ၊ စေ-တိ°သ။ အဇ္ဈကေန်သာ။
စတုပညာ၊ စိတ်ကာမာ၊ ဘိညာနေကန်မှာ။
ဣဿပ္ပမညာ၊ ဝဇ္ဇိတာ၊ ကူနပညာသာ။

**ဆောင်ပုဒ်ဂါထာကား။**

အဘိညာ, ကာမေ, ပကာသေ၊ အဇ္ဈတ်, ဗာဟိယ, မိဿကေ၊
ကု, ကြိသံဓေဝအဘိညာ, ဌော၊ နိဗ္ဗာန်ဒွိတိပကာသိတော။

**အခ်ိပ္ပါယ်** .... ကာမစိတ် -၅၄- အဘိညာဉ် နှစ် တို့သည် ရံခါ အဇ္ဈတ္တာ ရမဏ, ရံခါဗဟိဒ္ဓါရမဏ, ရံခါအဇ္ဈတ္တဗဟိဒ္ဓါရမဏ မည် ကုန်၏ဟူလို။

## ဒုတိယပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့် "ဗဟိဒ္ဓါရမဏ" မည်သနည်းဟုမေး။

ဖြေ....ဗဟိဒ္ဓ တရားဟု ဆိုအပ်သော အာရုံ ရှိသောကြောင့်။ ဝါ၊ ဗဟိဒ္ဓတရားကို အာရုံပြုသောကြောင့် "ဗဟိဒ္ဓါရမဏ" မည်၏ဟုဖြေ။

ဗဟိဒ္ဓါအာရမဏံ ယေသန္တိ ဗဟိဒ္ဓါရမဏာ= ဟု တွဲစပ်။ .... ဗဟိဒ္ဓ‌ကြေနန်-၂၆-ခု၊ စေတသိက်အဌတိံသ။....အနေကန်ကာမပဝတ် ၅၇-အဘိညာဉ်ဒွေ၊ မဟဂ္ဂုရိယကြဉ်- စေတသိက်-၅၀-ခု ပေါင်းဝတ် ဝ၂-ခု၊ စေတသိက်-၅၀-ခုတို့ကိုအရကောက်။

### ဆောင်ပုဒ်လင်္ကာတွင်ကား။

ဘိညာ,မပါ၊ ရူပါဆဲ့ငါး၊သုံးပါးအာကာ၊ရှစ်ဖြာလောကုတ်၊
ဌတိံဘုတ်၊ မယုတ်ကြေနန်သာ။
စတုပညာ၊ ဝတ်ကာမာ၊ ဘိညာနေကန်မှာ။
မဂ္ဂရိယာ၊ ဝဇ္ဇိတ၊ စေကပညာသာ။

## တတိယပဒကိုပြဆိုချက်။

မု....အဘယ်ကြောင့်"အဇ္ဈတ္တဗဟိဒ္ဓါရမဏ"မည်သနည်းဟုမေး။

ဖြေ ...အဇ္ဈတ္တဗဟိဒ္ဓတရားဟု ဆိုအပ်သော အာရုံရှိသောကြောင့်။ ဝါ၊ အဇ္ဈတ္တဗဟိဒ္ဓ တရားကို အာရုံ ပြုသောကြောင့် "အဇ္ဈတ္တဗဟိဒ္ဓါရမဏ" မည်၏ဟုဖြေ။

အဇ္ဈတ္တာဝစ ဗဟိဒ္ဓါစ အဇ္ဈတ္တဗဟိဒ္ဓါ- ဟု တွဲစပ်။ .... အဇ္ဈတ္တဗဟိဒ္ဓါ အာရမဏံ ယေသန္တိ အဇ္ဈတ္တဗဟိဒ္ဓါရမဏာ=ဟုတွဲစပ်။.... ကြေနန်မရှိ။ ... အနေကန် ကာမ ဝတ်-၅၄-အဘိညာဉ် ဒွေ၊ ဉာဏ,မဂ္ဂရိယ, အပ္ပမညာကြဉ်စေတသိက်-၄၀-ခုတို့ကိုအရကောက်။

**အထူးကား**....အပ္ပမညာသည်- သတ္တဝါပညတ်ဟုဆိုအပ်သော ဗဟိဒ္ဓတမျိုးကိုသာအာရုံပြု၏။ ဉာဏသည်လည်း သူတပါးစည်းစိမ် ဟုဆိုအပ်သော ဗဟိဒ္ဓတမျိုးကိုသာ အာရုံပြု၏။ မဂ္ဂရိယသည်ကား မိမိစည်းစိမ်ဟု ဆိုအပ်သော အဇ္ဈတ္တ တမျိုးကိုသာ အာရုံ ပြု၏။ ထို့ကြောင့် ၎င်းစေတသိက်တို့ကိုကြဉ်ရ၏ဟုမှတ်။

**တိက်မှတ်ကား**…အာကိဉ္စိတ်သုံးချ၊ စေ-တိ ံသ။… နပ္ပ္ပိဘော ပညတ်ကို အာရုံပြုကြက်– ပုဗ္ဗော၊ ဟသိကြဉ်- ကာမဓော, အာဘိညာဉ် ဒွေ ၀ိရတိ, အပ္ပမညာ, ဈာသာ, မဂ္ဂရိယကြဉ်- စေ- ပဉ္စဝတ္တာလီသ၊ ရုပ်၊ နဲ့ဗ္ဗာန်ကိုကိုရတ်။

## ဆောင်ပုဒ်လင်္ကာ။

အာကိဉ်ပြုံ၊ စေတသိ၊ မှတ်ဘိ-တိ ံသကော။
အကု, မနော၊ မဟာဓော၊ ဘိညော-နပ္ပ္ပိဘော။
၀ိရ,ပ္ပမညာ၊ မဂ်,ဈာသာ၊ ကြဉ်ပါ-စေတသိကော။
ရုပ်, နိဗ်, နှစ်ရပ်။ ပေါင်းရုစပ်။ တိက်မှတ်မှတ်စေသော။

အဇ္ဈတ္တာရမဏတိက်ကိုပြဆိုသောအခဏ်းပြီး၏။

## သနိဒဿနတိက်ကိုပြဆိုသောအခဏ်း။

အဇ္ဈတ္တာရမဏတိက်ကို…မှဲ့၍၊ သနိဒဿနတိက်ကို-၏။…**ကား**။

(ပ)…သနိဒဿနသပ္ပဋိဃာဓမ္မာ။
(ဒု) …အနိဒဿနသပ္ပဋိဃာဓမ္မာ။
(ဘ)…အနိဒဿနအပ္ပဋိဃာဓမ္မာ။…တည်း။

သနိဒဿနသပ္ပဋိဃာ၊မြင်ခြင်းနှင့်လည်းတကွထိပါးခြင်းနှင့်လည်း တကွဖြစ်ကုန်သော။ဝါ၊–မြင်အပ်သည့်၏အဖြစ်နှင့်လည်းတကွ, ထိပါး တတ်သည့်၏အဖြစ်နှင့်လည်းတကွဖြစ်ကုန်သော။ဝါ၊မြင်အပ်သည်နှင့် လည်းတကွ,ထိပါးတတ်သည်နှင့်လည်းတကွဖြစ်ကုန်သော။ဓမ္မာ၊… သံဝိဇ္ဇန္တိ။

အနိဒဿနသပ္ပဋိဃာ၊ မြင်ခြင်းမရှိ, ထိပါးခြင်းနှင့် တကွ ဖြစ်ကုန် သော။ ဝါ၊မြင်အပ်သည့်၏ အဖြစ်မရှိ, ထိပါးတတ်သည့်၏ အဖြစ်နှင့် တကွဖြစ်ကုန်သော။ဝါ၊မြင်အပ်သည်မရှိ, ထိပါးတတ်သည်နှင့် တကွ ဖြစ်ကုန်သော။ဓမ္မာ၊… သံဝိဇ္ဇန္တိ။

အနိဒဿနအပ္ပဋိဃာ၊ မြင်ခြင်းလည်းမရှိ, ထိပါးခြင်းလည်းမရှိကုန် သော။ဝါ၊မြင်အပ်သည့်၏အဖြစ်လည်းမရှိ, ထိပါးတတ်သည့်၏ အဖြစ်

လည်းမရှိကုန်သော။ ဝါ၊ မြင်အပ်သည့်လည်းမရှိ၊ ထိပါးတတ်သည့်လည်းမရှိကုန်သော။ဓမ္မာ၊....သံဝိဇ္ဇန္တိ။

(ပ)....အရကား--ရူပါရုံ၏။....၁၊၁၊၁၊၁။

(ဒု)....အရကား--ရူပါရုံကြည် သြဠာရိကရုပ် ၁၂ ကာဒသ-ရ၏။--၁၊ ၉၊၉၊၁။

(တ)....အရကား--စိတ်၊ စေတသိက်-၅၂၊ ဝေ၊ သေ-နိဗ္ဗာန်-သုခုမရုပ် သောဠသ နိဗ္ဗာန်ရ၏။....၅ ၂၊၀၊၄။

**ပထမပဒကိုပြဆိုချက်။**

မု....အဘယ်ကြောင့် "သနိဒဿန" မည်သနည်းဟုမေး။

**ဝိ**....မြင်ခြင်းနှင့် တကွ ဖြစ်သောကြောင့် "သနိဒဿန" မည်၏ ဟုဖြေ။

နိဒဿိယတေ နိဒဿနံ=ဟု ဘာဝသာဓ် ဝေနတ်ပြု။သဟ နိဒဿနေန ယေ ဝတ္တန္တီတိ သနိဒဿနာ=ဟု တွဲစပ်။....မြင်ခြင်း ကြိယာနှင့် တကွဖြစ်သော ရူပါရုံကိုအရကောက်။

ဤ**ကား**....ဒဗ္ဗဗ္ဗဘာဝသိဒ္ဓါတော့န သဟ နိဒဿနေနာတိ သနိ ဒဿနာ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဒဗ္ဗဗ္ဗဘာဝသိဒ္ဓါတေန၊မြင်အပ်သည့်၏အဖြစ်ဟုဆိုအပ်သော။နိဒဿနေန မြင်အပ်သည့်၏အဖြစ်ဟု ဆိုအပ်သော ကြိယာနှင့်။ သဟ၊တကွ။ ဝတ္တန္တိ ဖြစ်ဘတ်ကုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ သနိဒဿနာ၊သနိ ဒဿနမည်ကုန်၏။ ။(ဤသာဓကပါဌ်ဖြင့် ဘာဝသာဓနကိုပြရကား ဘာဝသာဓနဆိုလိုက်၏။)

**ဝိ**....မြင်အပ်သည့်၏အဖြစ်နှင့်တကွဖြစ်သောကြောင့် "သနိဒဿ န" မည့်၏ ဟူ၍လည်းဖြေ။

နိဒဿီယတေ့န္တိ နိဒဿနံ=ဟု ကမ္မသာဓ်ပြု။.... သဟ နိဒဿနေန ယေဝတ္တန္တီတိ သနိဒဿနာ=ဟု တွဲစပ်။ .... မြင်အပ်သော ရူပါရုံကို မုချအားဖြင့် အရကောက်သင့် သော်လည်း။ ဤဒွိဘောပြခန်းသော ဘာဝပ္ပဓာန ဖြစ်သောကြောင့် ရူပါရုံ တည်းဟူသော ကံဒွိတည်သော မြင်ခြင်းကြိယာကိုသာ ဥပစာအားဖြင့် အရကောက်လေ။

78-23

ဤ၌မြင်အပ်သည့်၏အဖြစ်ဟူသည့်ရူပါရုံတည်းဟူသောကံ၌တည်သော ကြိယာပင်တည်း။စက္ခုဝိညာဉ်တည်းဟူသော ကတ္တား၌တည်သောကတ္တု၌ ကြိယာမဟုတ်ဟုမှတ်။

**ဤကား**.... စက္ခုဝိညာဏဂေါစရဘာဝေါ ဒဋ္ဌဗ္ဗဘာဝေါ=ဟူသော မူလဋီကာနှင့် အညီတည်း။

စက္ခုဝိညာဏဂေါစရဘာဝေါ၊ စက္ခုဝိညာဉ်၏ အာရုံ၏အဖြစ်သည်သာလျှင်။ဒဋ္ဌဗ္ဗဘာဝေါ၊မြင်အပ်သည့်၏အဖြစ်မည်၏။

**မု**....နေရောင်နှင့်နေတို့ကိုကားတခြားတပါးစီဟုမဆိုရကုန်သကဲ့သို့၊ ဤမြင်အပ်သည့်၏ အဖြစ်ဟု ဆိုအပ်သော နိဒဿနသည် ရူပါရုံမှတပါးဟု မဆိုရသောကြောင့် အတူတူပင် ဖြစ်ရကား အဘယ်သို့လျှင် မိမိဟု ဆိုအပ်သော ရူပါရုံသည် မိမိနှင့်တကွ ဖြစ်နိုင်ပါအံ့နည်းဟုမေး။

**ဝိ**...ပရမတ္ထ အားဖြင့် အပြားမရှိသောကြောင့် မပြားဟု ဆိုသင့်ငြားသော်လည်း အနိဒဿန တရားတို့မှ ရူပါရုံကို အထူးပြု၍ပြခြင်းငှါ ဥပစာအားဖြင့် ဆိုရကား ဆိုသင့်၏ဟုဖြေ။

**အဓိပ္ပါယ်**...နိဒဿနအရကား-ကြိယာ၊ရူပါရုံအရကား-ကြိယာဝန္တဖြစ်ကြ၍ ထူးပြား၏။ ပရမတ္ထ အားဖြင့်ကား- အပြား မရှိသောကြောင့် မပြားဟု ဆိုသင့်ငြား သော်လည်း ရူပါရုံမှ တပါးသော အနိဒဿန တရားတို့မှ ရူပါရုံကို မြင်အပ် သည့်၏ အဖြစ်ဟု ဆိုအပ်သော နိဒဿနဖြင့် အထူးပြုခြင်းအကျိုးငှါ မြင်အပ်သည့်၏ အဖြစ်ကို ရူပါရုံမှ ထူပြား သကဲ့သို့ ပြု၍ ဆိုကောင်း ရကား "သဟ နိဒဿနေန ယေ ဝတ္တန္တီတိ သနိဒဿနာ" ဆိုသင့်၏ဟုလို။

**ဤကား**...တဿ ရူပါယတနာ အနညတ္တေပိ အညေဟိ ဓမ္မေဟိ ရူပါယတနံ ဝိသေသေတုံ အညံဝိယ ကတွာ သဟ နိဒဿနေနာတိ သနိဒဿနာတိ ဝုတ္တံ=ဟူသော မူလဋီကာနှင့် အညီတည်း။

တဿ၊ထိုနိဒဿန၏။ ဝါ၊ မြင်အပ်သည့်၏အဖြစ်၏။ ရူပါယတနာ၊ ရူပါရုံမှ။အနညတ္တေ၊တပါးမဟုတ်သည့်၏ အဖြစ်သည်။ သတိပိ၊ ရှိငြားသော်လည်း။ အညေဟိ၊ရူပါရုံမှတပါးကုန်သော။ ဓမ္မေဟိ၊အနိဒဿန

တရားတို့မှ။ရူပါယတနံ၊ရူပါရုံကို။ ဝိသေသေတုံ၊အထူးပြုခြင်းငှါ၊ အညံ့ ဝိယ၊ တပါးကိုကဲ့သို့။ ကတွာ၊ ပြု၍။ "သဟ နိဒဿနေန သနိဒဿနာ တိ၊"=ဟူ၍။ဝုတ္တံ၊မိန့်ဆိုအပ်၏။

**ဥပမာ**....သိလာပုတ္တကဿသရီရံ–ဟူသော ဥဒါဟရဏ်၌ကိုယ် မှ ကျောက်သား မပြားဘဲလျက် ကိုယ်လည်း တခြား ကျောက်သား လည်းတခြား ထူးပြားသည်ကိုပြု၍ အဘေဒဘေဒူပစာ အားဖြင့် ပြော ဆိုသကဲ့သို့တည်း။

**အကျိုးကား**....ဤသို့ နိဒဿနသည် ရူပါရုံမှ တပါး မဟုတ်သော် လည်း တပါးစိကဲ့သို့ ဆိုလိုက်ရသည် ရှိသော် နိဒဿနအရကား မြင် အပ်သည်၏ အဖြစ်တည်းဟူသော ဝိသေသအနက်၊ သနိဒဿနကား ထိုနိဒဿနဖြင့် အထူးပြုအပ်သော သာမည အနက်ဟူ၍ ဝိသေသ အ နက်သာမညအနက်အထူးကို သိရခြင်းအကျိုးရှိ၏ဟူလို။

**ဤကား**....ဧဝံဟိ အတ္ထဝိသေသာဝဗောဓော ဟောတိ=ဟူသော မူလဋီကာနှင့် အညီတည်း။

ဟိ၊အကျိုးကို ဆိုဦးအံ့။ ဧဝံ၊ ဤသို့အဘေဒဘေဒူပစာအားဖြင့် ဆို အပ်သည်ရှိသော်။အတ္ထဝိသေသာဝဗောဓော၊ အနက်သာမည၊ အနက် ဝိသေသကို သိနိုင်ခြင်းသည်။ဟောတိ၊ဖြစ်၏။

**မု**....အဘယ်ကြောင့် "သပ္ပဋိဃ" မည်သနည်းဟုမေး။

**ဝိ**....ထိပါးခြင်းနှင့် တကွ ဖြစ်သောကြောင့် "သပ္ပဋိဃ" မည်၏ ဟုဖြေ။

ပဋိဟနနံ ပဋိဃော၊ သဟ ပဋိဃေန ဃေ ဝတ္တန္တီတိ သပ္ပဋိဃာ= ဟုပြုလုပ်တွဲစပ်။ ...ထိပါးခြင်းနှင့် ထကွဖြစ်သော သြဠာရိကရုပ် ၁၂ပါး သတ္တို အရကောက်။

**ဤကား** .. ပဋိဟနန ဘာဝသင်္ခါတေန ပဋိဃေနာတိ သပ္ပဋိဃာ= ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ပဋိဟနန ဘာဝသင်္ခါတေန၊ ထိပါးဘတ်သည်၏ အဖြစ်ဟု ဆိုအပ် သော။ပဋိဃေန၊ ထိပါးဘတ်သည်၏အဖြစ်နှင့်။ သဟ၊တကွ။ ဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ထို့ကြောင့်။ သပ္ပဋိဃာ၊ သပ္ပဋိဃတို့ မည်ကုန် ၏။....ဤသာဓကပါဌ်ဖြင့် ဘာဝသာဓနကို ပြရကား ဘာဝသာဓ်ဆို လိုက်၏ဟူလို။

မှု....ထိပါးတတ်သည့်၏အဖြစ်နှင့် တက္ကဖြစ်သောကြောင့်"သပ္ပဋိဃာ" မည့်၏ ဟူ၍လည်းဖြေ။

ပဋိဟညတိတိ ပဋိဃော=ဟု ဝစနတ္ထပြု။ ...ဤဝစနတ္ထအလို ဘာဝပ္ပဓာနဖြစ်သော ထိပါးတတ်သော ဩဠာရိကရုပ် ၁၂ ပါးဒသတို့၏ ထိပါးခြင်းကြိယာကို ဥပစာအားဖြင့် အရကောက်ရမည်။ ။ဤ၌ ထိပါးတတ်သည့်၏ အဖြစ်ဟူသည် ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ဩဠာရိကရုပ်သည် မိမိကိုယ်တိုင် ကာယဝတ္ထုသို့ ရောက်၍၎င်း၊ ဂန္ဓာရုံ ရသာရုံဟု ဆိုအပ်သော ဩဠာရိက ရုပ်တို့သည် မိမိ၏မှီရာ မဟာဘုတ်၏အစွမ်း အားဖြင့် ဃာနဝတ္ထု ဇိဝှါဝတ္ထု တို့သို့ ရောက်၍၎င်း၊ ရူပါရုံ သဒ္ဒါရုံတို့သည် မိမိတို့ကိုယ်တိုင်လည်းမရောက်, မှီရာဝတ္ထုတို့၏ အစွမ်းအားဖြင့်လည်း မရောက်မူ၍၎င်း။ အာရုံနှင့် ဝတ္ထုရုပ်တို့၏ အချင်းချင်း စက္ခု ဝိညာဏ်ပ်တ် စသည့်တို့၏ အာရုံ ဖြစ်လောက်သော သင့်တော် လျောက်ပတ်သောအရပ်၌တည်ခြင်း, ရှေးရှုတော်ရော် ဖြစ်ခြင်းကိုပင် ဆို၏ဟုမှတ်။

**ဤကား** ...သယဋ္ဌ နိဿယဝသေနစ သမ္ပယုတ္တာနံ အသမ္ပတ္တာနဥ္စ ပဋိမုခဘာဝေါ အညမညပတနံ ပဋိဟနနဘာဝေါ= ဟူသော မူလဋီကာနှင့် အညီတည်း။

သယဋ္ဌ၊မိမိ၏အစွမ်းအားဖြင့်၎င်း။နိဿယဝသေနစ၊ မှီရာ၏အစွမ်းအားဖြင့်၎င်း။သမ္ပတ္တာနဥ္စ၊ရောက်ကုန်သောအာရုံတို့၏၎င်း။အသမ္ပတ္တာနဥ္စ၊ မရောက်ကုန်သော အာရုံတို့၏၎င်း။ ပဋိမုခဘာဝေါ၊ ရှေးရှုသောအဖြစ်သည်။ အညမညပတနံ၊ အချင်းချင်းကျခြင်းသည်။ ပဋိဟနနဘာဝေါ၊ထိပါးသည့်၏ အဖြစ်မည့်၏။

သဟ ပဋိဃေန ယေ ဝတ္တန္တီတိ သပ္ပဋိဃာ=ဟုတွဲစပ်။....ဩဠာရိကရုပ်၁၂ပါးဒသကိုအရကောက်။

## ဤ၌ခွဲပုံကား။

၁....သနိဒဿနသာဖြစ်၍, သပ္ပဋိဃ မဖြစ်သောတရား။
၂....သနိဒဿနကားမဖြစ်, သပ္ပဋိဃသာဖြစ်သောတရား။

၃...သနိဒဿန, သပ္ပဋိဃ နှစ်ပါးရုံမဖြစ်သောတရား။
၄...သနိဒဿန, သပ္ပဋိဃ နှစ်ပါးရုံဖြစ်သောတရား။

ဤသို့အားဖြင့်–၄–မျိုးခွဲ၍ကောက်ရမည်။

**ကောက်ပုံမှတ်ချက်။**

၁–အချက်, အရရှိမှ တိက်ခုတ်ထုက်။ မရှိမှ တိက်ခုတ်မရှိဟုမှတ်ရ၏။ ...ဤ၌တိက်ခုတ်မရှိ။

၂–အချက်, အရသည်–အနိဒဿနသပ္ပဋိဃ ဒုတိယပုဒ်အရဖြစ်ရာ၏။....ရူပါရုံကြဉ်–ဩဠာရိကရုပ်–၁၁–ခုကိုကောက်။

၃–အချက်, အရသည်–အနိဒဿန အပ္ပဋိဃ တတိယပုဒ်အရဖြစ်ရာ၏။....စိတ်, စေ, သုခုမရုပ်, နိဗ္ဗာန်တို့ကိုအရကောက်။

၄–အချက်, အရသည်– သနိဒဿန, သပ္ပဋိဃ, ပထမပုဒ်အရဖြစ်ရာ၏။ .. ရူပါရုံအရကောက်။

ဤသို့ခွဲခြမ်းဝေဘန်၍ကောက်ပါက အထူးအားဖြင့် လွယ်ကူခြင်းဖြစ်ပေလိမ့်မည်ဟူ၏။

မ ...အဘယ်ကြောင့်"သနိဒဿန သပ္ပဋိဃ"မည်သနည်းဟုမေး။

ဖ....မြင်ခြင်းနှင့်လည်းတကွ, ထိပါးခြင်းနှင့်လည်းတကွဖြစ်သောကြောင့်။ ဝါ၊ မြင်အပ်သည်၏ အဖြစ်နှင့်လည်း တကွ, ထိပါးတတ်သည်၏ အဖြစ်နှင့်လည်းတကွ ဖြစ်သောကြောင့် "သနိဒဿနသပ္ပဋိဃ" မည်၏ဟုဖြေ။

သနိဒဿနာစ တေ သပ္ပဋိဃာစာတိ သနိဒဿနသပ္ပဋိဃာ= ဟုတွဲစပ်။ ...ရူပါရုံကိုအရကောက်။

**ဒုတိယပဒကိုပြဆိုချက်။**

မ....အဘယ်ကြောင့်"အနိဒဿနသပ္ပဋိဃ" မည်သနည်းဟုမေး။

ဖ....မြင်ခြင်းကားမရှိ, ထိပါးခြင်းနှင့်တကွ ဖြစ်သောကြောင့်။ ဝါ၊ မြင်အပ်သည်၏အဖြစ်ကားမရှိ, ထိပါးတတ်သည်၏ အဖြစ်နှင့်သာတကွဖြစ်သောကြောင့် "အနိဒဿနသပ္ပဋိဃ" မည်၏ဟုဖြေ။

နတ္ထိ နိဒဿနံ ယေသန္တိ အနိဒဿနာ၊.... အနိဒဿနာ စ တေ သပ္ပဋိဃာစာတိ အနိဒဿနသပ္ပဋိဃာ=ဟုတွဲစပ်လေ။....ရူပါရုံကြဉ် သြဠာရိကရုပ် ၉ကောဒ္ဒသကိုအရကောက်။

**တတိယပဒကိုပြဆိုချက်။**

ပု ...အဘယ်ကြောင့်"အနိဒဿနအပ္ပဋိဃ" မည်သနည်းဟုမေး။

ဝိ....မြင်ခြင်းလည်းမရှိ, ထိပါးခြင်းလည်း မရှိသောကြောင့် "အနိဒဿနအပ္ပဋိဃ" မည်၏ဟုဖြေ။

ဝိ....မြင်အပ်သည့်၏ အဖြစ်လည်းမရှိ, ထိပါးတတ်သည့်၏အဖြစ်လည်း မရှိသောကြောင့် "အနိဒဿနအပ္ပဋိဃ" မည်၏ ဟူ၍လည်းဖြေ။

နတ္ထိ ပဋိဃာ ယေသန္တိ အပ္ပဋိဃာ၊.... အနိဒဿနာစတေ အပ္ပဋိဃာစာတိ အနိဒဿနအပ္ပဋိဃာ= ဟုတွဲစပ်။ ... ဓံတ်, စေတသိက်, သုခုမရုပ်, နိဗ္ဗာန်တို့ကိုအရကောက်။

သနိဒဿနတိတ်ကိုပြဆိုသောအခဏ်းပြီး၏။

---

**အထူးမှတ်ချက်**...နှစ်ဆဲ့နှစ်ပါးသောတိက်တို့တွင်–ဝေဒနာတိက်၊ ဝိတက်တိက်, ပီတိတိက်, ပရိတ္တာရမဏတိက်, မဂ္ဂါရမဏတိက်, ဥပ္ပန္နတိက်, အတီတတိက်, အတီတာရမဏတိက်, အဇ္ဈတ္တာရမဏတိက်, အားဖြင့်-၉-ပါးသောတိက်တို့သည် သပ္ပဒေသတိက်မည်ကုန်၏။....ကြွင်း-၁၃-ပါးသောတိက်တို့သည်နိပ္ပဒေသတိက်မည်ကုန်၏။

**ဆောင်ပုဒ်ဂါထာသက်ာတို့ကား။**

အတီတုပ္ပန္နံ, ပီ, ဝိ, ဝေ၊ တိကာရမဏသပ္ပဒေသော။
ကြွင်းလေသမှု, ဆဲ့သုံးတိကေ၊ ဟောဘော်ညွှန်ပြ, နိပ္ပဒေသော။ ။
ဝေ, ဝိ, ပီတိက်၊ ပရိတ္တာရမ်၊ မဂ္ဂါရမ်၊ ဥပ္ပန်, အ, အနှစ်။
အဇ္ဈတ္တာရမဏ၊ ကိုးတိက်မှု၊ သပ္ပဒေသဖြစ်။
ကြွင်းဆဲ့သုံးတိက်၊ အကြွင်းဆိတ်၊ နိပ္ပဒေသစစ်။

တိကမာတိကာပြီးပြီ။

# ဒုကမာတိကာကိုပြဆိုခန်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ဟောရိုးစဉ်ကိုပြခြင်း။**

တိကမာတိကာကိုဟောတော်မူသည်၏အခြားမဲ့၌-ဒုကမာတိကာကိုဟောတော်မူ၏။... ထိုဒုကမာတိကာသည်-

ဟေတုဂေါစ္ဆက, စူဠန္တရဒုက်, အာသဝ ဂေါစ္ဆက, သံယောဇနဂေါစ္ဆက, ဂန္ထဂေါစ္ဆက, ဩဃဂေါစ္ဆက, ယောဂဂေါစ္ဆက, နီဝရဏဂေါစ္ဆက, ပရာမာသဂေါစ္ဆက, မဟန္တရဒုက်, ဥပါဒါနဂေါစ္ဆက, ကိလေသဂေါစ္ဆက, ပိဋ္ဌိဒုက်အားဖြင့်............၁၃ ပါး။

ဟေတုဒုက်၊ သဟေတုက-၊ ဟေတုသမ္ပယုတ္တ-၊ ဟေတု, သဟေတုက-၊ ဟေတု, ဟေတုသမ္ပယုတ္တ- နဟေတု, သဟေတုက ဒုက်-အားဖြင့် ...............၆ ပါး။

ပဌမပဒ၊ ဒုတိယ ပဒ အားဖြင့်...........................၂ ပါး။

**ဟောဟန်ကား။**

ဟေတူဓမ္မာ-နဟေတူဓမ္မာ=ဟူသည်တည်း။

**အကျဉ်းဆောင်ပုဒ်။**

ဟေ-စူ-အာ-သံ၊ ဂန်-ဩ-ယော နီ-ပ-မ-ဥ-ကိ-ပိ။

ဟောရိုးစဉ်ကိုပြသောစကားရပ်ပြီး၏။

---

**ဟေတုဂေါစ္ဆကကိုပြဆိုချက်။**
**ဒုက်ဖြစ်ပုံကိုအကျဉ်းချုပ်ပြခြင်း။**

၁....ဟေတူဓမ္မာ န,ဟေတူဓမ္မာ=ပဌမဒုက်။

၂....သဟေတုကာဓမ္မာ၊ အဟေတုကာဓမ္မာ=ဒုတိယဒုက်။

၃....ပေါတုသမ္ဗယုတ္တာခမ္ဘာ၊ ပေါတုဝိပ္ပယုတ္တာခမ္ဘာ= တတိယ ဒုက်။

**ဤကား**....သုဒ္ဓ-၃-ဒုက်တည်း။

## ၎င်းသုဒ္ဓ-သုံး-ဒုက်ကိုမိဿကဒုက်တွဲစပ်နည်းကား။

ပထမဒုက်ကို {
–ဒုတိယဒုက်-၏ပထမပုဒ်နှင့်တွဲစပ်၍-၁-ဒုက်=ပါ။
–ဒုတိယဒုက်၏-ဒုတိယပုဒ်နှင့်တွဲစပ်၍-၁-ဒုက်=ဠ။

ပထမဒုက်ကို {
–တတိယဒုက်၏ပထမပုဒ်နှင့်တွဲစပ်၍-၁-ဒုက်-ပါ။
–တတိယဒုက်၏ဒုတိယပုဒ်နှင့်တွဲစပ်၍-၁-ဒုက်-ဠ။

**ဤကား**.... ၂-ပုဒ်,၁-ပုဒ်တွဲစပ်သော-အနုလောမ-၄-ဒုက်တည်း။
ဤ-၄-ဒုက်ကို ပထမအနုလောမ ဒုက်ဟုမှတ်။

**မှတ်ချက်**....ဤ၌"ပါ"ကို ပါဠိတော်"ဠ"ကို အဋ္ဌကထာဟူ၍မှတ်။ ပထမဒုက် နှစ်ပုဒ်ကို ဒုတိယဒုက်, တတိယဒုက် တပုဒ်စီနှင့် တွဲစပ်ရာ "စေဝ"ကို အစပုဒ်နောက်ထိုင်"စ"ကို အဆုံးပုဒ်နောက်ထိုင်၍၊"ခမ္ဘာ" ဟူသောပုဒ်ကိုလည်း "စေဝ-စ" ထိုင်သောပုဒ်နှစ်ပါးတို့၏ အလယ်၌ ထား၍ ဆိုရမည်။ ...လေးပုဒ်ကိုလည်း ကြက်ခြေခပ်ထား၍ ကြည့်ရမည်ဟုမှတ်လင့်။

**ပုံကား**....ပေါတူစေဝခမ္ဘာ,သပေါတုကာစ၊ သပေါတုကာစေဝ ခမ္ဘာ,နစပေါတူ။ ။ကြွင်း-၃-ဒုက်ကို နည်းမှီ၍တွဲတတ်စေရမည်။

**အထူး**....ဤအနုလောမ-၄-ဒုက်တို့တွင်-အဋ္ဌကထာနည်းဒုက်-၂ ခုသည် ပါဠိတော်ဒုက်နှစ်ခုကို နည်းမှီ၍တွဲ ရကား ပါဠိတော် နည်းအတိုင်းပင်"စေဝ-စ"တို့နှင့်တွဲစပ်၍ဆို။

## တွဲစပ်ပုံတနည်းကား။

ပထမဒုက်၏ပထမပုဒ်ကို {
... ဒုတိယနှင့်တွဲစပ်၍-၁-ဒုက်=ဠ။
....တတိယဒုက်နှင့်တွဲစပ်၍-၁-ဒုက်=မူ။

ပထမဒုက်၏ဒုတိယပုဒ်ကို {
....ဒုတိယဒုက်နှင့်တွဲစပ်၍-၁-ဒုက်-ပါ။
....တတိယဒုက်နှင့်တွဲစပ်၍-၁-ဒုက်-ဠ။

**ဤကား**....၁-ပုဒ်, ၂-ပုဒ်တွဲစပ်သော-အနုလောမ-၄-ဒုက်တည်း။
ဤ-၄-ဒုက်ကို ဒုတိယ-အနုလောမ-၄-ဒုက်ဟုမှတ်။

**မှတ်ချက်**....ဌ- ၂-ဒုက်,မူ-၁-ဒုက်ပေါင်း-၃-ဒုက်သည့် ပါဠိတော်ဆဌဒုက်ကိုနည်းမှီးပြီး တွဲသောဒုက်တို့ ဖြစ်ရကား ပါဠိတော်နည်းအတိုင်း ပိသဒ္ဒါကို အဆုံးပုဒ်နောင်ထိုင်၍ဆိုရမည်။....ဓမ္မသဒ္ဒါကိုလည်းရှေ့ပုဒ်နေင်ထား၍ဆိုရမည်။တည်သောဒုက်ပုဒ်ကိုပဒတို့၏အစ၌ထား၍တွဲစပ်ရမည်။ ။"မူ"ကိုမူလဒိုကာဟုမှတ်။

**ပုံကား**....ဟောတုဓမ္မာ, သဟေတုကာပ ဟောတုဓမ္မာ, အဟေတုကာပ။ ။အကြွင်း-၃-ဒုက်နည်းမှီး၍တွဲတတ်စေရမည်။

**တွဲစပ်ပုံတနည်းကား။**

ဒုတိယဒုက်၏-ပထမပုဒ်ကို,ပထမဒုက်နှင့်တွဲစပ်၍-၁-ဒုက်=နူ။
ဒုတိယဒုက်၏-ဒုတိယပုဒ်ကို,ပထမဒုက်နှင့်တွဲစပ်၍-၁-ဒုက်=နူ။
တတိယဒုက်၏-ပထမပုဒ်ကို,ပထမဒုက်နှင့်တွဲစပ်၍-၁-ဒုက်=နူ။
တတိယဒုက်၏-ဒုတိယပုဒ်ကို,ပထမဒုက်နှင့်တွဲစပ်၍-၁-ဒုက်=နူ။
**ဤကား**....၁-ပုဒ်, ၂-ပုဒ်တွဲစပ်သော-ပဋိလောမ-၄-ဒုက်တည်း။

**မှတ်ချက်** ...ဤ-၄-ဒုက် ဖြစ်ပုံ နည်းသည် ပထမ အနုလောမ-၄-ဒုက်ကို ပဋိလောမ ပြန်၍ တွဲစပ်သော နည်းဖြစ်၏။ ထိုသို့ ဖြစ်ရကား ပထမအနုလောမလေးဒုက်နှင့်အရကောက်မထူး။ ထိုသို့အရကောက်ပင် မထူး သော်လည်း အကယ်၍ တွဲစပ်လိုက တွဲစပ်သင့်ဟန်ကို ပြသည်။ ။"နူ"ကိုအနုဋိကာဟုမှတ်။

**ပုံကား**....သဟေတုကာဓမ္မာ,ဟောတူပ်....နဟေတူပ်။ ။အကြွင်း၃-ဒုက်ကိုနည်းမှီး၍တွဲစပ်တတ်စေရမည်။ ပါဠိအနေအထားကို ပထမအနုလောမ-၄-ဒုက်နှင့် အစဉ်အတိုင်း တိုက်ဆိုင်၍ကြည့်။

**တွဲစပ်ပုံတနည်းကား။**

ဒုတိယဒုက်၏-ပထမပုဒ်ကို,တတိယဒုက်နှင့်တွဲစပ်၍-၁-ဒုက်။
ဒုတိယဒုက်၏-ဒုတိယပုဒ်ကို,တတိယဒုက်နှင့်တွဲစပ်၍-၁-ဒုက်။
ဤနည်းကား-ဒုတိယအနုလောမနည်းအကျန်ကို ဆက်လက်၍ တွဲစပ်သော နည်းတည်း။

## တနည်းကား။

တတိယဒုက်၏-ပထမပုဒ်ကို,ဒုတိယဒုက်နှင့်တွဲစပ်၍-၁-ဒုက်။
တတိယဒုက်၏-ဒုတိယပုဒ်ကို,ဒုတိယဒုက်နှင့်တွဲစပ်၍-၁-ဒုက်။

ဤနည်းကား-ပဋိလောမနည်းအကျန်ကို ဆက်လက်၍တွဲစပ်သော နည်းတည်း။

ဤ**ကား**....၁-ပုဒ်, ၂-ပုဒ် တွဲစပ်သောဒုက်ပျက်-၄-ခုတည်း။

**မှတ်ချက်**....ဤ-၄-ဒုက်သည် ဒုတိယဒုက်နှင့် တတိယဒုက်တို့ကို အနုလောမ,ပဋိလောမအားဖြင့်-၁-ပုဒ်, ၂-ပုဒ်,တွဲစပ်သတည်း။

## ပုံကား။

၁-သဟေတုကာခမ္မာ,ဟေတုသမ္ပယုတ္တာပိ။....ဟေတုဝိပ္ပယုတ္တာပိ။
၂-အဟေတုကာခမ္မာ,ဟေတုသမ္ပယုတ္တာပိ။....ဟေတုဝိပ္ပယုတ္တာပိ။
၃-ဟေတုသမ္ပယုတ္တာခမ္မာ,သဟေတုကာပိ။....အဟေတုကာပိ။
၄-ဟေတုဝိပ္ပယုတ္တာခမ္မာ,သဟေတုကာပိ။...အဟေတုကာပိ။

ဤ-၄-ဒုက်ကား-အစဉ်အတိုင်း-၁-ဒုတိယပုဒ်, ၂-ပထမပုဒ်, ၃,ဒုတိယပုဒ်, ၄-ပထမပုဒ်တို့ အရမရှိ ရကား ဒုက်ပျက် ဟူ၏။ .... နောက်နောက် ဂေါစ္ဆကတို့၌ နည်းတူသိကုန်။

## ကောက်နုတ်ချက်။

၂-ပုဒ်,၁-ပုဒ်တွဲသောအနုလောမ-၄-ဒုက်။
၁-ပုဒ်, ၂-ပုဒ်တွဲသောအနုလောမ-၄-ဒုက်။
၁-ပုဒ်, ၂-ပုဒ်တွဲသောပဋိလောမ-၄-ဒုက်။
၁-ပုဒ်, ၂-ပုဒ်တွဲသောဒုက်ပျက်-၄-ဒုက်။

ပေါင်းမိဿက (၁၆) ဒုက်ဖြစ်သတည်း။

ဤကား-မိဿကဒုက်တွဲစပ်နည်းအပြီးတည်း။
ဒုက်ဖြစ်ပုံကိုအကျဉ်းချုပ်ပြသောစကားရပ်ပြီး၏။

## အစိပ္ပါယ်ကိုပြဆိုချက်။

## ဟေတု၏ဝစနတ္ထပဘေဒတ္ထကိုပြခြင်း။

မ....အဘယ်ကြောင့် "ဟေတု" မည်သနည်းဟုမေး။

ဖြေ....အကျိုးတရားတို့၏ တည်ခြင်း အကြောင်း ဖြစ်သောကြောင့် "ဟေတု"မည်၏ဟုဖြေ။

ဟိနောတိ ပတိဋ္ဌာတိ ဖလံ ဧတေဟီတိ ဟေတု=ဟုဝစနတ္ထပြု။....လောဘ- ဒေါသ-မောဟ-အလောဘ- အဒေါသ-အမောဟ-ဟု ဆိုအပ်သော ဟိတ်ခြောက်ပါးကို အရကောက်။....အကျယ်ကို ဒုတိယတွဲဟေတုပစ္စယုဒ္ဒေသ၌ရှု။

**ဟေတုအပြား** .... ဟေတုသည်-ဟေတုဟေတု, ပစ္စယဟေတု, ဥတ္တမဟေတု, သာဓာရဏဟေတု, အားဖြင့် လေးမျိုးပြား၏။....ထိုလေးမျိုး တို့တွင်-ဟိတ်ခြောက်ပါး အကြောင်း တရားသည် "ဟေတုဟေတု" မည်၏။....မဟာဘုတ် တည်းဟူသော အကြောင်း, ဟေတုပစ္စည်း စသော အကြောင်းမျိုး ဟူသမျှသည် "ပစ္စယဟေတု" မည်၏။....မိမိ အကျိုး တရားကို ဖြစ်စေ တတ်သော အရာ၌ မြတ်သော အကြောင်း ဖြစ်သောကြောင့် ကုသိုလ် အကုသိုလ် တည်းဟူသော အကြောင်းသည် "ဥတ္တမဟေတု" မည်၏။ .... ဆက်ဆံသော အကြောင်းဖြစ်၍အကြောင်းအဖြစ်နှင့်သောအကြောင်းသည်"သာဓာရဏဟေတု"မည်၏။ ထိုလေးမျိုးသော ဟေတုတို့တွင်-ဤအရာ၌ ဟေတုဟေတုကိုသာ ယူသင့်ရကား- ဟိတ်ခြောက်ပါးကို အရကောက်ရ၏ဟုမှတ်။

**ဤကား** .... မူလဋ္ဌေန ဟေတုသမ္ပိတာ ဓမ္မာ= ဟူသော အဋ္ဌကထာနှင့် အညီတည်း။

မူလဋ္ဌေန၊ကောင်းစွာ တည်ရာ၏အဖြစ်ကို ပြီးစေတတ်သည်ဟု ဆိုအပ်သော မူလ၏အဖြစ်ဖြင့်။ ဟေတုသမ္ပိတာ၊ဟေတုဟု ဆိုအပ်ကုန်သော။ဓမ္မာ၊တရားတို့သည်။ဟေတုဓမ္မာ၊ဟေတုဓမ္မတို့ မည်ကုန်၏။

ဟိတ်ခြောက်ပါးဟု ဆိုအပ်သော ဟေတုသည် ဟေတု ဓမ္မမည်၏ဟူလို။

## ဂေါစ္ဆကနှင့်စပ်သောစကားရပ်ကိုပြဆိုခြင်း။

**မု**....အဘယ်ကြောင့် "ဂေါစ္ဆက" မည်သနည်းဟုမေး။

**ဝိ**....သဒ္ဒါအားဖြင့်၎င်း,အနက်အားဖြင့်၎င်း,အချင်းချင်းစပ်၍တည်သောကြောင့် "ဂေါစ္ဆက" မည်၏ဟုဖြေ။

**ဥပမာ**... ပန်းတန် စသည်တို့၌ ပန်းတို့သည် အညှာစသည်တို့ဖြင့် အချင်းချင်းပေါင်းရဆက်စပ်လျက် တည်ကုန်သကဲ့သို့၊ထို့ အတူမာတိကာတည်းဟူသော ပန်းတန်တို့၌ ဟေတုသဒ္ဒါတည်းဟူသောအညှာ, ဟိတ်တည်းဟူသောအညှာတို့ဖြင့် အချင်းချင်းပေါင်းရဆက်စပ်လျက် ခြောက်ပါးသော ဒုက်တည်းဟူသော ပန်းတို့သည် တည်ကုန်ရကား- ၎င်းခြောက်ပါးသောဒုက်ကို ဂေါစ္ဆက ဟူ၍ခေါ်၏ဟူလို။

**ဤကား**....ဟေတုဒွေ့ာ နဟေတုဒွေ့ာတိ အာဒယောဟိဆဒုကာ ဂန္ထတောစ အတ္ထတောစ အညမညသမ္ဗန္ဓေန ကဏ္ဏိကာ ဝိယ ဃဋ္ဋာဝိယ ဟုတွာ ဌိတတ္တာ ဟေတုဂေါစ္ဆကောတိ ဝုစ္စတိ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဟိ၊ ထိုစကားမှန်၏။ ဟေတုဒွေ့ာနဟေတုဒွေ့ာတိအာဒယော၊ ဟေတုဒွေ့ာနဟေတုဒွေ့ာ ဤသို့ အစရှိကုန်သော။ ဆဒုကာ၊ ခြောက်ပါးသော ဒုက်တို့သည်။ ဂန္ထတောစ၊ သဒ္ဒါအားဖြင့်၎င်း။ အတ္ထတောစ၊ အနက်အားဖြင့်၎င်း။ အညမညသမ္ဗန္ဓေန၊ အချင်းချင်းစပ်သဖြင့်။ ကဏ္ဏိကာဝိယ၊ ပန်းချက်တို့ကဲ့သို့၎င်း။ ဃဋ္ဋာဝိယ၊ ပန်းတို့၏အပေါင်းတို့ကဲ့သို့၎င်း။ ဟုတွာ၊ ဖြစ်ကုန်၍။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ ဟေတုဂေါစ္ဆကောတိ၊ ဟေတုဂေါစ္ဆကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**လိုရင်း** ... အချင်းချင်း ဆက်စပ်၍ တည်သော ပန်းအပေါင်းကို ဂေါစ္ဆကခေါ်ရသကဲ့သို့၊ သဒ္ဒါအနက်အားဖြင့် ဆက်စပ်၍တည်သော ဒုက်အပေါင်းကို ဂေါစ္ဆက ဟုခေါ်ရသည်ဟူ၏။

## သဒ္ဒါ,အနက်အားဖြင့်ဆက်စပ်ပုံ။

ဒုတိယ သဟေတုက ဒုက်သည်- ပထမ ဟေတုဒုက်၌ ဟေတုသဒ္ဒါ, ၎င်းဟေတုသဒ္ဒါ၏ အနက်အားဖြင့်စပ်၏။.... တတိယဟေတုသမ္ပယုတ္တဒုက်သည်-ဟေတုဒုက်၌ ဟေတုသဒ္ဒါ, ၎င်းဟေတုသဒ္ဒါ၏

အနက် အားဖြင့် စပ်၏။.... စတုက္က ဟေတုသဟေတုက ဒုက်သည် ဟေတုဒုက်၌ဟေတု·နဟေတုသဒ္ဒါ, ၎င်းသဒ္ဒါတို့၏အနက်နှင့်သဟေတုကဒုက်၌ သဟေတုကသဒ္ဒါ, ၎င်းသဒ္ဒါ၏ အနက်တို့စပ်ကြ၏။.... ဟေတုဟေတုသမ္ပယုတ္တဒုက်သည်-ဟေတုဒုက်၌ ဟေတု, နဟေတု သဒ္ဒါ, ၎င်းသဒ္ဒါတို့၏အနက်နှင့် ဟေတုသမ္ပယုတ္တဒုက်၌ ဟေတုသမ္ပယုတ္တသဒ္ဒါ, ၎င်းသဒ္ဒါ၏ အနက်တို့ စပ်ကြ၏။....နဟေတုသဟေတုကဒုက်သည်- ဟေတုဒုက်၌ နဟေတုသဒ္ဒါ, ၎င်းသဒ္ဒါ၏ အနက်နှင့် သဟေတုကဒုက်၌ သဟေတုက အဟေတုကသဒ္ဒါ, ၎င်းသဒ္ဒါတို့၏ အနက်တို့စပ်ကြ၏ဟူလို။

မှ....နောက်နောက်သော ဒုက်တို့သည် ရှေးရှေးသော ဒုက်တို့နှင့် စပ်ကုန်သကဲ့သို့၊ ပထမဒုက်သည် ရှေးရှေးသော ဒုက်တို့နှင့် စပ်ခြင်း မရှိရကား- အဘယ်သို့လျှင် “ဂေါစ္ဆက” မည်နိုင်ပါအံ့နည်းဟုမေး။

ဖြေ ...ပထမဒုက်သည်-ရှေးရှေးသောဒုက်တို့နှင့် စပ်ခြင်းမရှိသော်လည်းနောက်နောက်သောဒုက်တို့နှင့် စပ်ခြင်းရှိသောကြောင့် “ဂေါစ္ဆက” မည်၏ဟုဖြေ။

မှ....အဘယ်ကြောင့် “ဟေတုဂေါစ္ဆက” မည်သနည်းဟုမေး။

ဖြေ....ဟိတ်တို့ဖြင့် စပ်၍ဖြစ်သောကြောင့်“ဟေတုဂေါစ္ဆက”မည်၏ဟုဖြေ။

ဟေတူနံ ဂေါစ္ဆကော ဟေတုဂေါစ္ဆကော=ဟုတွဲစပ်။....ဟေတုဒုက် စသော ခြောက်ပါးသော ဒုက် အပေါင်းကို အရကောက်။.... ဟိတ် တည်းဟူသော အညှာဖြင့် ဒုက်တို့သည် ဆက်စပ်ခြင်း ဖြစ်ရကား ဟေတုဂေါစ္ဆကမည်၏ဟူလို။

**ဟေတုနှင့်ခမ္မ–သမာသ်,ဝါကျနှစ်ပါး၌သင့်ဟန်ကိုပြခြင်း။**

၁....ဟေတုဒုက်၌ ဟေတုဓမ္မာဟု- သမာသ် အားဖြင့် ၎င်း, ဟေတူဓမ္မာဟု ဝါကျအားဖြင့် နှစ်ပါးပင်ရှိသင့်၏ဟုမှတ်ရမည်။

**ဤကား** ...ဟေတုဓမ္မာတိ မူလဋီကာ၌ ဟေတုသင်္ခါတာ ဓမ္မာ၊ ဟေတူဓမ္မာတိပိပါဠိ=ဟူသော အဖွင့်ကထာနှင့်အညီတည်း။

ဟေတုဓမ္မာတိ၊ ဟေတုဓမ္မာ ဟူသည်။ မူလဋ္ဌေန၊ မူလ ဟူသော အနက်ကြောင့်။ ဟေတုသင်္ခါတာ၊ ဟေတုဟူဆိုအပ်ကုန်သော။ ဓမ္မာ။ တရားတို့တည်း။ ဟေတုဓမ္မာတိပိ၊ ဟေတုဓမ္မာဟူ၍လည်း။ ပါဌော၊ ပါဌ်ရှိသေး၏။

**ဋီရှင်း**…..ဟေတုဓမ္မာနှင့် ဟေတုဓမ္မာတို့သည်- ရဿနှင့် ရှိခြင်း ဒီဃနှင့်ရှိခြင်းအားဖြင့် ထူးသည်ဟုမှတ်ရ၊ သမာသ်နှင့် ဝါကျထူး၏ ဟုမှတ်ရမည်ဟူလို။….နဟေတုဓမ္မာ၌ နသဒ္ဒါကား-ဟိတ်ခြောက်ပါး မှတပါးဟူသော အညအနက်ကိုဟော၏ဟုမှတ်။

ဤကား-ဟေတုဒုက်ကိုပြသောစကားရပ်အပြီးတည်း။

## သဟေတုကဒုက်ကိုပြခြင်း။

၂…..သဟေတုကဒုက်၌- သမ္ပယုတ်အားဖြင့် ဟိတ်ရှိသော မောဟမူစိတ်၌ မောဟ ကြဉ်သော- သဟိတ်စိတ္တုပ္ပါဒ်ကို "သဟေတုက" ဟုခေါ်၏။ … သမ္ပယုတ်ဟိတ်မရှိသော ပရမတ္ထတရားရကို "အဟေတုက" ခေါ်၏ဟုမှတ်။

**ဤကား**….. သမ္ပယောဂဝသေန ပဝတ္တေန သဟ ဟေတုနာတိ
သဟေတုကာ၊တထေဝ ပဝတ္တော နတ္ထိ ဧတေသံ ဟေတူတိ
အဟေတုကာ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ယေ၊ အကြင်တရားတို့သည်။ သမ္ပယောဂဝသေန၊ သမ္ပယုတ် အားဖြင့်။ ပဝတ္တေန၊ ဖြစ်သော။ ဟေတုနာ၊ ဟိတ်နှင့်။ သဟ၊ တကွ။ ဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဟေတုကာ၊ သဟေတုကမည်ကုန်၏။ တထေဝ၊ ထို့အတူသာလျှင်။ ပဝတ္တော၊ ဖြစ်သော။ ဟေတု၊ ဟိတ်သည်။ ဧတေသံ၊ ထိုတရားတို့အား။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အဟေတုကာ၊ အဟေတုကတို့မည်ကုန်၏။

ဟိတ်သည် ဇနကဟိတ်, သမ္ပယောဂဟိတ်အားဖြင့်နှစ်မျိုးအပြား ရှိသည်တွင် ဇနကဟိတ်ကို စင်စေလို၍ သမ္ပယောဂဝသေန ဟူသော သဒ္ဒါကိုမိန့်မှာ၏ဟုမှတ်။

ဟေတုနာ သဟ ယေ ဝတ္တန္တီတိ သဟေတုကာ။ နတ္ထိ ဟေတု ယေသန္တိ အဟေတုကာ=ဟုတွဲစပ်။

## ဟေတုသမ္ပယုတ္တဒုက်ကိုပြခြင်း။

၃.... ဟေတုသမ္ပယုတ္တဒုက်၌- သမ္ပယောဂ လက္ခဏာ အားဖြင့် ဟိတ်နှင့် ယှဉ်သော မောဟ မူ့ခွန္ဓ မောဟ ကြဉ်သော သဟိတ် စိတ္တုပ္ပါဒ်ကိုပင် "ဟေတုသမ္ပယုတ္တ" ခေါ်၏။ ... ဟိတ်နှင့်မယှဉ်သော ကြွင်းသော ပရမတ္ထတရားစုကို "ဟေတုဝိပ္ပယုတ္တ" ခေါ်၏ဟုမှတ်။

ဟေတူဟိ သမ္ပယုတ္တာတိ ဟေတုံသမ္ပယုတ္တာ။ ဟေတူဟိ ဝိပ္ပ ယုတ္တာတိ ဟေတုဝိပ္ပယုတ္တာ=ဟုတွဲစပ်။

## ပုဂ္ဂလစ္ဈာသယ,ဒေသနာဝိလာသအားဖြင့်ဟောပုံကိုပြခြင်း။

**မု**.... ဟေတုသမ္ပယုတ္တ ဒုက်သည် သဟေတုက ဒုက်နှင့် တရား ကိုယ်အရ မထူးသည် ဖြစ်ပါလျက် အဘယ်ကြောင့် ထပ်မံ၍ ဟောပြန်ပါသနည်း။ ပုနရုတ္တိဒေါသ မရောက်ပြီလောဟုမေး။

**ဖြေ**....ဝေနေယျစ္ဆာသယ အားဖြင့်၎င်း, ဒေသနာဝိလာသအားဖြင့် ၎င်း, ဟောတော်မူသောကြောင့်ဟောသင့်၏။ ပုနရုတ္တိဒေါသ မရောက်ဟုဖြေ။

**ဤကား**....ဣမေသံဒွိန္နံပိ ဒုကာနံ ကိဉ္စာပိ အတ္ထတော နာနတ္တံ နတ္ထိ၊ ဒေသနာဝိလာသေနပန တထာ ဗုဇ္ဈန္တာနံဝါ ပုဂ္ဂလာနံ အဇ္ဈာ သယဝသေန ဝုတ္တာ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဣမေသံဒုကာနံပိ၊ ဤဒုက်တို့၏လည်း။အတ္ထ တော၊ အနက်အားဖြင့်။ နာနတ္တံ၊ ထူးသည်၏ အဖြစ်သည်။ ကိဉ္စာပိ နတ္ထိ၊ အကယ်၍ကားမရှိ။ ပန၊ ထိုသို့ပင် မရှိသော်လည်း။ ဒေသနာ ဝိလာသေနဝါ၊ ဒေသနာဝိလာသ အားဖြင့်၎င်း။ တထာ၊ ထိုသို့သော အပြားအားဖြင့်။ ဗုဇ္ဈန္တာနံ၊ သိလတ္တံ့ကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့ ၏။ အဇ္ဈာသယဝသေနဝါ၊ အလိုဆန္ဒ အဇ္ဈာသယ၏ အစွမ်းအားဖြင့် ၎င်း။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ဤ၌ပုဂ္ဂိုလ်၏ အလိုဆန္ဒ အဇ္ဈာသယသည် ပုဂ္ဂလဇ္ဈာသယ, သဗ္ဗ ညုတဉာဏ်သည် ဒေသနာဝိလာသမည်၏ဟုမှတ်။

**အဓိပ္ပါယ်**....ဓမ္မပဒိဋ္ဌိဂါဟက ဖြစ်ကုန်သော နတ်အပေါင်း တို့တွင် အချို့သောနတ်တို့သည် သဟေတုကာဓမ္မာ- ဟုဟောတော်မူသည်ရှိ သော် အနက် အဓိပ္ပါယ်ကို နားလည်ကုန်၏၊ အချို့သော နတ်တို့ကား

နားမလည်ကုန်သေး။ ထိုနားမလည်ကုန်သော နတ်တို့အား နားလည်စေခြင်းအကျိုးငှါ ဟေတုသမ္ပယုတ္တဒုက်ကို ဟောတော်မူရပြန်၏။ ဤသို့သော ဟောခြင်းမျိုးကို- ပုဂ္ဂလဇ္ဈာသယအားဖြင့် ဟောသည်ဟုဆိုရ၏၊ ထို့ကြောင့်- ပုနရုတ္တိဒေါသမရောက်နိုင်ဟူ၏။

ဒေသနာဝိလာသဟူသည်-ဒေသနာကို တင့်တယ် စမ္ပယ်စေတတ်သော ဟောအပ်သော တရားတို့၏ အပြားကို ပိုင်းခြား၍ သိသော မဟောမီရှေးအတို့၌ ဤမည်သောတရားကို ဤသို့ခွဲခြမ်း၍ဟောအံ့ဟု စိတ်တော်၌ဖြစ်သော သဗ္ဗညုတဉာဏ်တည်း။

**တနည်း** ...စိတ်တော်ဖြင့် ကြံစည်အပ်သောအတိုင်း ဟောသော အခါ ဖြစ်ပေါ်လာသော သဗ္ဗညုတဉာဏ် တည်းဟူသော ဒေသနာဉာဏ်တည်း။ ...ဤ[ဂု]ဏ်းဉာဏ်နှစ်ပါးသည် ဒေသနာကိုတင့်တယ်စမ္ပယ်စေတတ်သောကြောင့် ဒေသနာဝိလာသမည်၏။....ဒေသနာကိုတင့်တယ်စမ္ပယ်စေတတ်သော သဗ္ဗညုတဉာဏ် တည်းဟူသော ဒေသနာဝိလာသဖြင့်၊သဟေတုက,ဟေတုသမ္ပယုတ္တစသော အမည်အမျိုးမျိုးဖြင့် ခွဲခြမ်း၍ဟောရကား-တရားပင်အထူးမရှိငြားသော်လည်း ဟောသင့်၏။ပုနရုတ္တိဒေါသမရောက်ဟူလို။

**ဤကား** .... ဒေသေတဗ္ဗပ္ပကာရဇာနနံဟိ ဒေသနာဝိလာသော, တထာ ဒေသနာဉာဏဥ္စာတိ တေန ဓမ္မာနံ တပ္ပကာရတာ ဝုတ္တာ ဟောတိ=ဟူသော မူလဋီကာနှင့်အညီတည်း။

ဟိသဒ္ဒါမှန်၏။ဒေသေတဗ္ဗပ္ပကာရဇာနနံ၊ဟောအပ်သောတရားတို့၏အပြားကို သိခြင်းသည်။ဒေသနာဝိလာသော၊ ဒေသနာဝိလာသမည်၏။ဒေသနာဉာဏဥ္စ၊ဒေသနာဉာဏ်သည်လည်း။တထာ၊ထို့အတူ။ဒေသနာဝိလာသ မည်၏။ ဣတိ၊ ထို့ကြောင့်။ တေန၊ ထိုဒေသနာဝိလာသဖြင့်။ဓမ္မာနံ၊ တရားတို့၏။ တပ္ပကာရတာ၊ ထိုထိုထူးပြားသော အမည်ရှိ၏အဖြစ်သည်။ဝုတ္တာ၊ဟောတော်မူအပ်သည်။ဟောတိ၊ဖြစ်၏။

**ဝိ**....တရားကိုယ် အရ မထူးကြသော်လည်း ပုဒ်အနက် အားဖြင့် ထူးသောကြောင့် ဟောသင့်၏၊ ပုနရုတ္တိဒေါသမရောက် ဟူ၍လည်းဖြေ။

**ဤကား** .... ဓမ္မနာနတ္တာဘာဝေပိဟိ ပဒတ္ထနာနတ္တေန ဒုကန္တရံ ဝုတ္တတိ=ဟူသော မူလဋီကာနှင့် အညီတည်း။

ဟိသတ္တံ၊မှန်၏။ဓမ္မနာနတ္တဘာဝေပိ၊တရားကိုယ်တို့၏ ထူးသည့်၏ အဖြစ်မရှိငြားသော်လည်း။ပဒတ္ထနာနတ္တဘာဝေန၊ပုဒ်အနက်ထူးသည့် အဖြစ်ဖြင့်။ဒုက နဲ့ ရုံ၊ဒုက်တပါးကို။ဝုတ္တံ၊ဟောတော်မူအပ်၏။

**အဓိပ္ပါယ်**....ဟေတုဒုက်ဖြင့် ဟောအပ်ကုန်ပြီးသော တရားတို့ကို ပင် သဟေတုကဒုက် စသည့်တို့ဖြင့် ထပ်မံ၍ဟောတော် မူပြန်သည် ကိုထောက်သော် ဟောအပ်ပြီးသော တရားကိုပင် အမည် တမျိုးအား ဖြင့် တဖန်ထပ်မံ၍ ဟောခြင်းသည် ထင်ရှားရကား ပုနရုတ္တိ ဒေါသ မရောက်သင့်ဟူလို။

**ပုဒ်အနက်ထူးပုံ**....သဟာသဒ္ဒါသည် တခုတည်းသော စိတ္တုပ္ပါဒ်၌ ဥပါဒ်မှစ၍ ဘင်တိုင်အောင် ဟိတ်တရားတို့နှင့်တူသော၀တ္ထု,တူသော အာရုံရှိကုန်သော သဟိတ် တရား တို့သည် ဟေတုသတ္တိ စသည်နှင့် ကင်း၍ကား မဖြစ်ကုန်။ ဟေတု စသော သတ္တိနှင့် မကင်းမူ၍သာ ဖြစ် သည့်၏အဖြစ်ကိုပြ၏။ ။[ဤအလို သဟာသဒ္ဒါ သမဝါယအနက် ရှိ၏ ဟုမှတ်။]

သမ္ပယုတ္တသဒ္ဒါသည် သဟိတ်တရားတို့သည် ဟိတ်တို့နှင့် ကေပ္ပါ ဒစသော လက္ခဏာ အားဖြင့် တပေါင်းတည်း ဖြစ်ခြင်းကို ပြ၏။ ထို့ ကြောင့် နှစ်ပါးသော ဒုက်တို့သည် အနက်အားဖြင့် ထူးကုန်၏။.... သဒ္ဒါအားဖြင့် ထူးခြင်းသည်ကား ထင်ရှား၏။

**ဤကား** .... သဟာသဒ္ဒေါပန ကေပုဒ္ဓေ ဥပ္ပါဒတော ယာဝဘင်္ဂါ သဟေတုကာနံ ဟေတူဟိ သမာနဒေသဂဟဏာနံ ဟေတု အာဒိသမ္ဗာဝံ ဒီပေတိ၊ သမ္ပယုတ္တသဒ္ဒေါ ကေပ္ပါဒါဒိဝသေန သဟာဟေတူဟိ ဧကီဘာဝူပဂမနံ၊ တတောဝေစ ဒွိန္နံ ဒုကာနံ နာနတ္တံ ဝေဒိတဗ္ဗံ=ဟူသော မူလဋီကာနှင့် အညီတည်း။

ပန၊အထူးကိုဆိုဦးအံ့။သဟာသဒ္ဒေါ၊သဟာသဒ္ဒါသည်။ဧကပုဒ္ဓေ၊တခု သောစိတ္တုပ္ပါဒ်အပေါင်း၌။ ဥပ္ပါဒတော၊ဥပါဒ်မှ။ ယာဝဘင်္ဂါ၊ ဘင်တိုင် အောင်။ဟေတူဟိ၊ဟိတ်တို့နှင့်။သဟ၊တကွ။သမာနဒေသဂဟဏာနံ၊ တူသော၀တ္ထု,တူသောအာရုံရှိကုန်သော။ သဟေတုကာနံ၊ သဟိတ် တရားတို့၏။ ဟေတုအာဒိသမ္ဗာဝံ၊ ဟေတုသတ္တိ စသည့်တို့၏ ရှိခြင်း ကို။ ဒီပေတိ၊ပြ၏။သမ္ပယုတ္တသဒ္ဒေါ၊ သမ္ပယုတ္တသဒ္ဒါသည်။ ကေပ္ပါဒါဒိ

ဝသေန-ဖြင့်။ ဟေတုဟိ၊ဟိတ်တို့နှင့်။ သဟာ၊တကွ။ ဧကီဘာဝူပဂမနံ၊ တပေါင်းတည်းအဖြစ်သို့ ရောက်ခြင်းကို။ ဒီပေတိ၊ပြ၏။ တတော-ဝေဝ၊ ထို့ကြောင့်သာလျှင်လည်း။ ဋ္ဌိန္နံ၊နှစ်ပါးကုန်သော။ ဒုကာနံ၊ဒုက်တို့၏။ နာနတ္တံ၊ထူးသည့်၏အဖြစ်ကို။ဝေဒိတဗ္ဗံ၊သိအပ်၏။

**လိုရင်း**....သဟိတ် တရားတို့သည် ဟေတုသတ္တိ စသော ပဋ္ဌာန်း ပစ္စည်း အကြောင်း အားဖြင့် မကင်းမူ၍ ဖြစ်ခြင်းကို-သဟ သဒ္ဒါက ပြ၏။....သမ္ပယုတ္တသဒ္ဒါကား သမ္ပယောဂ လက္ခဏာအားဖြင့် ဟိတ်တို့နှင့်တကွဖြစ်ခြင်းကိုပြ၏။ထို့ကြောင့် အနက်အားဖြင့် ထူး၏ဟူလို။

ဤကား-ပဋ္ဌလက္ခဏာသာယဒေသနာဝိလာသအားဖြင့်
ဟောပုံအပြီးတည်း။

---

## ဝိသာကဒုက်တို့၏အစပ္ပါယ်ကိုပြခြင်း။

၄....ဟေတူစေဝမ္မာ,သဟေတုကာစ၊သဟေတုကာစေဝမ္မာ နစဟေတူ=ဟူသော ဤစတုတ္ထဒုက်သည် ဟေတုဒုက်ကို-သဟေတုကဒုက်၏ သဟေတုက ပထမပုဒ်နှင့် တွဲစပ်သော ဒုက်ဖြစ် ရကား-အဟေတုကာဓမ္မာ=ဟူသော ဒုတိယပုဒ်အရကို ဒုက်မှတ်ထုတ်။

၅....ဟေတူစေဝဓမ္မာ, ဟေတုသမ္ပယုတ္တာစ, ဟေတုသမ္ပယုတ္တာ စေဝဓမ္မာ, နစဟေတူ= ဟူသော ဤပဥ္စမဒုက်သည် ဟေတုဒုက်ကို ဟေတုသမ္ပယုတ္တဒုက်၏ ဟေတုသမ္ပယုတ္တ ပထမပုဒ်နှင့် တွဲစပ်သော ဒုက်ဖြစ် ရကား-ဟေတုဝိပ္ပယုတ္တာဓမ္မာ=ဟူသော ဒုတိယပုဒ် အရကို ဒုက်မှတ်ထုတ်။

ဤဒုက်နှစ်ခုကား-အထက်ဒုက်ကို အခံပြု၍ အောက်အောက် ဒုက်တို့ကိုထည့်၍ အထက်အောက် အစဉ်အားဖြင့် ဟောခြင်းကြောင့် အနုလောမဒုက် မည်၏ဟုမှတ်။

၆....နဟေတူခေါပနဓမ္မာသဟေတုကာပိ၊....အဟေတုကာပိ= ဟူသော ဤဆဋ္ဌဒုက်သည်- ဟေတုကဒုက်၏- ဒုတိယပုဒ်ကို-သဟေတုကဒုက်နှင့် တွဲစပ်သော ဒုက်ဖြစ်ရကား- ဟေတူဓမ္မာ= ဟူသော ပထမပုဒ်အရကို ဒုက်မှတ်ထုတ်။

ဤဆဋ္ဌဒုက်ကား-အောက်ဒုက်ကို အခံပြု၍။အထက်ဒုက်ကို ထည့်သွင်း၍ အောက် အထက် အားဖြင့် ဟောခြင်းကြောင့် ဗျတိရေကဒုက်မည်၏ဟု ဆိုကြကုန်၏။ ။နဟေတူခေါပနဓမ္မာ-သဟေတုကာဝိ။....အဟေတုကာပိဟု ပါဠိတော်ရှိရကား-အနုလောမဒုက်ဟူ၍ပင်ဆိုသင့်၏။....ခေါပနသဒ္ဒါအရိုပါသောဒုက်ဖြစ်ခြင်းကြောင့် အတိရေကသဒ္ဒါနှင့်တွဲဘက်၍အနုလောမအတိရေကဒုက်ဟူ၍လည်းခေါ်သင့်၏ဟူလို။

## အဋ္ဌကထာ-၄-ဒုက်အစီပ္ပါယ်ကား။

၁....ဟေတူစေဝဓမ္မာ,အဟေတုကာစ၊ အဟေတုကာစေဝဓမ္မာ, နစဟေတူ=ဟူသော ဤပထမ ဒုက်သည် ပါဠိတော် စတုတ္ထ ဒုက်ကို နည်းမှီး၍တွဲသောဒုက်တည်း။ ပါဠိတော်နည်းကား- ပထမကိုဒုတိယဒုက်၏ ပထမဒုက်နှင့် တွဲစပ်သည်။ အဋ္ဌကထာနည်းကား- ပထမဒုက်ကို ဒုတိယဒုက်၏ ဒုတိယပုဒ်နှင့်တွဲစပ်သည်။ဤသို့ထူး၏။

၂....ဟေတူစေဝဓမ္မာ,ဟေတုဝိပ္ပယုတ္တာစ၊ဟေတုဝိပ္ပယုတ္တာစေဝဓမ္မာ,နစဟေတူ= ဟူသော ဤဒုက်သည်ကား-ပါဠိတော် ပဉ္စမဒုက်ကိုနည်းမှီး၍တွဲသောဒုက်တည်း။ ။[ဤဒုက်နှစ်ပါးကိုသမ္ဘဝဒုက်ခေါ်၏ဟုမှတ်။]

**သမ္ဘဝဒုက်ခေါ်ခြင်းအကြောင်း**....ပါဠိတော်၌ ပထမဒုက်ကိုဒုတိယဒုက်၏ ပထမပုဒ်နှင့် တွဲစပ်၍ ဟေတူစေဝဓမ္မာ, သဟေတုကာစ, သဟေတုကာစေဝဓမ္မာ,နစဟေတူ=ဟူသော စတုတ္ထဒုက် ဖြစ်သကဲ့သို့။နည်းတူ-ပထမဒုက်ကို ဒုတိယဒုက်၏ ဒုတိယပုဒ်နှင့် တွဲစပ်၍ ဟေတူစေဝဓမ္မာ-အဟေတုကာစ၊ အဟေတုကာစေဝဓမ္မာ, နစဟေတူ-ဟု ဖြစ်ရကား သမ္ဘဝဒုက်ခေါ်၏။....ပါဠိတော် ပဉ္စမဒုက်ကဲ့သို့၊ ဟေတူစေဝဓမ္မာ,ဟေတုဝိပ္ပယုတ္တာစ၊ဟေတုဝိပ္ပယုတ္တာစေဝဓမ္မာ,နစဟေတူ-ဟူသော ဒုက်ဖြစ်ရကား- ၎င်းဒုက်ကိုလည်း သမ္ဘဝဒုက် ခေါ်၏ဟူလို။

၃....ဟေတူဓမ္မာ,သဟေတုကာပိ၊....အဟေတုကာပိ။

၄....ဟေတူဓမ္မာ,ဟေတုသမ္ပယုတ္တာပိ၊....ဟေဝိပ္ပယုတ္တာပိ=ဟူသော ဤဒုက် နှစ်ပါးသည်လည်း-ပါဠိတော် ဆဋ္ဌဒုက်ကို နည်းမှီး၍တွဲ

သောဒုက်တည်း။ ။[ဤဒုက် နှစ်ပါးကို အတိရေက သမ္ဗာဝ ဒုက်ဟု ခေါ်သင့်၏။]

**ခေါ်သင့်ကြောင်း**....နဟေတုဓမ္မာ, သဟေတုကာပိ၊ .... အဟေတုကာပိ=ဟုဟောတော်မူလျှင် ပြီးကောင်းပါလျက်"ခေါပနဟူသော သဒ္ဒါကို အပိုထည့်၍ ဟောတော်မူခြင်းကြောင့် "သဒ္ဒါမိဒေ အတ္ထာဝဓိ ကောဝေဝမိတဗ္ဗော"သဒ္ဒါပိုက အနက်ပိုကို မှတ်ရာ၏ဟူသော ပရိဘာသာအတိုင်း အပိုဖြစ်သော ခေါပနသဒ္ဒါဖြင့်- ဟေတုဓမ္မာ, သဟေတုကာပိ၊....အဟေတုကာပိ=ဟူသောဒုက်,နဟေတုဓမ္မာ, ဟေတုသမ္ပယုတ္တာပိ၊ဟေတုဝိပ္ပယုတ္တာပိ=ဟူသော ဒုက်နှစ်ချဖြစ်ရကား-ဌင်းဒုက်နှစ်ပါးကိုအတိရေကဟူသောအမည်၊....ပါဠိတော်ဆဋ္ဌဒုက်ဖြစ်သကဲ့သို့၊ နည်းတူ ဖြစ်သင့် ရကား-သမ္ဘဝဒုက် ဟူသော အမည်နှစ်ပါးဖြင့် အတိရေက သမ္ဘဝဒုက် ခေါ်သင့်၏ဟူလို။

## မူလဋီကာလာဒုက်ကိုပြခြင်း။

၁....ဟေတုဓမ္မာ,ဟေတုသမ္ပယုတ္တာပိ၊....ဟေတုဝိပ္ပယုတ္တာပိ=ဟု တရသာ လာ၏။ ဤဒုက်သည်-အဋ္ဌကထာလာ တတိယ ဒုက်ကို နည်းမှီး၍တွဲသောဒုက်တည်း။ ။[ဤဒုက်ကိုအတိရေကသမ္ဘဝဒုက်ဟူ၍ပင် ခေါ်သင့်၏။]

## အနုဋီကာလာဒုက်ပြခြင်း။

၁....သဟေတုကာဓမ္မာ, ဟေတူပိ၊....နဟေတူပိ။

၂....အဟေတုကာဓမ္မာ, ဟေတူပိ၊....နဟေတူပိ။

၃....ဟေတုသမ္ပယုတ္တာဓမ္မာ, ဟေတူပိ၊....နဟေတူပိ။

၄....ဟေတုဝိပ္ပယုတ္တာဓမ္မာ, ဟေတူပိ၊... နဟေတူပိ။

ဤလေးဒုက်ကားအောက်အောက်ဖြစ်သော ဒုတိယဒုက် တတိယဒုက်တို့ကို ပထမဒုက်နှင့် တွဲစပ်ခြင်းကြောင့် ဗျတိရေကဒုက်ဟု ခေါ်သင့်၏။....နောက်နောက်သောဂေါစ္ဆကတို့၌ ဤနည်းကိုမှီး၍ သိကြလေကုန်၊ ထူးသော အဓိပ္ပါယ်မျှလောက်ကိုသာရေးပေအံ့။

ဟေတုဂေါစ္ဆကပြီး၏။

## ဂုဏ္ဌာနရဒုက်ကိုပြဆိုချက်။
## ဂုဏ္ဌာနရမည်ပုံကိုပြခြင်း။

ပု....အဘယ်ကြောင့် "ဂုဏ္ဌ" မည်သနည်းဟုမေး။
ဝိ....မဟန္တရဒုက် တို့အောက် ငယ်သောကြောင့် "ဂုဏ္ဌ" မည်၏ဟုဖြေ။
ပု....အဘယ်ကြောင့် "အန္တရ" မည်သနည်းဟုမေး။
ဝိ....ဟေတုဂေါစ္ဆက, အာသဝဂေါစ္ဆက နှစ်ပါးတို့၏အကြား၌ ဖြစ်သောကြောင့် "အန္တရ" မည်၏ဟုဖြေ။
ပု....အဘယ်ကြောင့် "ဂုဏ္ဌန္တရ" မည်သနည်းဟုမေး။
ဝိ....မဟန္တရဒုက်တို့အောက် ငယ်သည်ဖြစ်၍ ဂေါစ္ဆက နှစ်ပါးတို့၏အကြား၌ဖြစ်ခြင်းကြောင့် "ဂုဏ္ဌန္တရ" မည်၏ဟုဖြေ။

ဂုဏ္ဌာစ တေ အန္တရာစာတိ ဂုဏ္ဌန္တရာ= ဟုတွဲစပ်။.... ဂုဏ္ဌ, အန္တရ ပုဒ်တို့ကား အနိပ္ဖန္နပုဒ်တို့တည်း။

သပ္ပစ္စယ-သင်္ခတ-သနိဒဿန-သပ္ပဋိဃ-ရူပီ-လောကိယ-ကေန ဝိ ဝိညေယျ-ဤခုနစ်ပါးသော ဒုက်တို့ကိုအရကောက်။

**ဆောင်ပုဒ်**....သပ, သင်, သနိ၊ သပ္ပဋိ၊ ရူပီ, လောကီ, ကေ။

### သပ္ပစ္စယဒုက်ကိုပြခြင်း။

ပု....အဘယ်ကြောင့် "သပ္ပစ္စယ" မည်သနည်းဟုမေး။
ဝိ....ကံ-စိတ်-ဥတု-အာဟာရ-စသော အကြောင်းတို့နှင့် တကွ ဖြစ်သောကြောင့် "သပ္ပစ္စယ" မည်၏ဟုဖြေ။

သဟ ပစ္စယေန ယေ ဝတ္တန္တီတိ သပ္ပစ္စယာ= ဟုတွဲစပ်။....စိတ်-စေတသိက်-ရုပ်တို့ကိုအရကောက်။

**ဤကား**....အတ္တနော နိပ္ဖါဒကေန သဟ ပစ္စယေနာတိ သပ္ပစ္စယာ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

အတ္တနော၊ မိမိကို။ နိပ္ဖါဒကေန၊ ဖြစ်စေတတ် ပြီးစေတတ်သော။ ပစ္စယေန၊ အကြောင်းနှင့်။ သဟ၊ တကွ။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ- တသ္မာ၊ ထို့ကြောင့်။ သပ္ပစ္စယာ၊ သပ္ပစ္စယမည်ကုန်၏။

**အဓိပ္ပါယ်**....သဟ ပစ္စယေန ဝတ္တန္တီတိ သဟပစ္စယာ–ဟု ဤမျှသာ မဆိုပါဘဲ- အတ္တနောနိပ္ဖါဒကေန- ဟုဆိုခြင်းကြောင့် ပစ္စယုပ္ပန် ဖြစ်၍ ခဏတ္တယ အားဖြင့် ထင်ရှား ရှိသော အကြောင်းကိုသာ မယူသင့်၊ ခဏတ္တယ အားဖြင့် ထင်ရှားရှိသော အကြောင်း, ခဏတ္တယအားဖြင့် ထင်ရှား မရှိသောအကြောင်း, အားလုံးကိုပင် ယူသင့်၏ ယူထိုက်၏ ယူရမည်ဟုလို။

**ဤကား**....သမာနကာလေန အသမာနကာလေန ကာလဝိမုတ္တေန စ ပစ္စယေန နိပ္ဖန္နာနံ ပစ္စယာယတ္တာနံ ပစ္စယသဘာဝမတ္တေန တေသံ ပစ္စယာနံ အတ္ထိတံ ဒိပေတုံ သပ္ပစ္စယဝစနံ ကတံ= ဟူသော မူလဋီကာနှင့်အညီတည်း။

သမာနကာလေန, ပစ္စယုပ္ပန်နှင့် တူသောကာလရှိသော။ ပစ္စယေန စ၊ ဟေတုသဟဇာတ စသောပစ္စည်းဖြင့်ရင်း။ ဝါ၊ သည့်ရင်း။ အသမာနကာလေန၊ ပစ္စယုပ္ပန်နှင့် တူသော ကာလမရှိသော။ ပစ္စယေနစ၊ အနန္တရ–ပုရေဇာတ စသောပစ္စည်းဖြင့်ရင်း။ ဝါ၊ သည့်ရင်း။ ကာလဝိမုတ္တေန၊ ကာလဝိမုတ်ဖြစ်သော။ ပစ္စယေနစ၊ နိဗ္ဗာန်– ပညတ်ဟု ဆိုအပ်သော ပစ္စည်းဖြင့်ရင်း။ ဝါ၊ သည့်ရင်း။ နိပ္ဖန္နာနံ၊ ပြီးစေ အပ်ကုန်သော။ ပစ္စယာယတ္တာနံ၊ ကျေးဇူးပြုတတ်သော သတ္တိနှင့်စပ်ကုန်သော ပစ္စယုပ္ပန် တရားတို့အား။ ပစ္စယသဘာဝမတ္တေန၊ ကျေးဇူးပြုတတ်သော အဖြစ်မျှဖြင့်။ တေသံပစ္စယာနံ၊ ထိုသမာနကာလ စသော အကြောင်း တရားတို့၏။ အတ္ထိတံ၊ ရှိသည့်၏အဖြစ်ကို။ ဒိပေတုံ၊ ပြခြင်းငှါ။ သပ္ပစ္စယဝစနံ၊ သပ္ပစ္စယသဒ္ဒါကို။ ကတံ၊ ပြုတော်မူအပ်၏။

**ကောက်နုတ်ချက်**....သမာနကာလေန အသမာနကာလေန ကာလဝိမုတ္တေန= ဟူသော သုံးပုဒ်ဖြင့် အတ္တနောနိပ္ဖါဒကေန၏အရကို ပြခြင်းကြောင့် ခဏတ္တယ အားဖြင့် ထင်ရှားရှိ–မရှိသော အကြောင်းကို ဆိုလိုက်သတည်း။

**မု**....အဘယ်ကြောင့် "အပ္ပစ္စယ" မည်သနည်းဟုမေး။

**ဖြေ**....ကံ စိတ် ဥတု စသော အကြောင်းတရားတို့ မရှိခြင်းကြောင့် "အပ္ပစ္စယ" မည်၏ဟုဖြေ။

နတ္ထိ ပစ္စယာ ယေသန္တိ အပ္ပစ္စယာ= ဟုတွဲစပ်။.... နိဗ္ဗာန်ကိုအရကောက်။....အသဒ္ဒါပဋိသေဓအနက်ဟော၏။

**ဤကား**…နတ္ထိ ဧတေသံ ဥပ္ပါဒေါ ဌိတိယံဝါ ပစ္စယောတိ အပ္ပစ္စယာ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဧတေသံ၊ ထိုနိဗ္ဗာန် တို့အား။ ဥပ္ပါဒေါ၊ ဥပါဒ်ဖြစ်ကြောင်း။ ဌိတိယံဝါ၊ ဌီဖြစ်ရင်း။ ပစ္စယော၊ သမာနကာလ စသော အကြောင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ အပ္ပစ္စယာ၊ အပ္ပစ္စယတို့မည်ကုန်၏။

**အဓိပ္ပါယ်** …. နတ္ထိ ဧတေသံ ပစ္စယောတိ အပ္ပစ္စယာ= ဟူ၍သာ မဆိုမူ၍ ဥပ္ပါဒေါ, ဌိတိယံဝါဟုဆိုခြင်းကြောင့် ဧတေသံ ဟူသော အညပုဒ်အရနိဗ္ဗာန်၌ ဥပါဒ်ခဏ, ဌီခဏရှိ၏ဟု မယူသင့်။ ကျေးဇူးပြုသော အကြောင်းတရားတို့သည်– ဥပါဒ်ခဏ, ဌီခဏ၌သာ ကျေးဇူးပြု၏။ ဘင်ခဏ၌ကား ပျက်ဆဲဖြစ်သောကြောင့်မည်သည့်အကြောင်းတရားမျှ ကျေးဇူးပြုခြင်းမရှိဟု ပစ္စယသဒ္ဒါ၏ သဘောကို သိစေလို၍ သာဆို၏ဟုမှတ်ရမည်။

### တခုတည်းသောတရားကိုဗဟုဝုစ်ဖြင့်ဟောခြင်း။

မု….နိဗ္ဗာန်သည် တခုတည်း ဖြစ်ပါလျက် အဘယ်ကြောင့် “ဗဟုဝုစ်” ဖြင့်ဟောတော်မူပါသနည်းဟုမေး။

**ဖြေ**….ဆုံးဖြတ်အပ်သော အနက်အထူးတို့ကို သရုပ်အားဖြင့် ပိုင်းခြား၍မပြ, မာတိကာထားကာမျှဖြစ်သောကြောင့် “ဗဟုဝုစ်” အားဖြင့်ဟောတော်မူ၏ဟုဖြေ။

**ဤကား**….ဧတ္ထစ အပ္ပစ္စယာ အသင်္ခတာတိ ဗဟုဝစနနိဒ္ဒေသော အဝိနိစ္ဆိတတ္တပရိစ္ဆေဒဒဿနဝသေန မာတိကာ ထပနတော ကတောတိ ဝေဒိတဗ္ဗော=ဟူသောမူလဋီကာနှင့်အညီတည်း။

စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤအပ္ပစ္စယ အသင်္ခတဒုက်၌။ အဝိနိစ္ဆိတတ္တ ပရိစ္ဆေဒဒဿနဝသေန၊ အသီးအသီး– ဆုံးဖြတ်အပ်သော တရားတို့ကိုပိုင်းခြား၍ မပြသည်၏ အစွမ်းဖြင့်။ မာတိကာထပနတော၊ မာတိကာကို ထားခြင်းကြောင့်။ အပ္ပစ္စယာ အသင်္ခတာတိ ဗဟုဝစန နိဒ္ဒေသော၊ အပ္ပစ္စယာ အသင်္ခတာဟုဗဟုဝုစ်ဖြင့် ညွှန်းပြခြင်းကို။ ကတော၊ ပြုတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။

**အဓိပ္ပါယ်**…. ဥဒ္ဒေသဟူသည်– ကုသိုလ်သဘော ရှိသော တရားတို့သည်ရှိကုန်၏၊ အကုသိုလ် သဘောရှိသော တရားတို့သည် ရှိကုန်

၏။ ဤသို့အစရှိသည်ဖြင့် ကုသိုလ်စသော တရားတို့၏ ရှိခြင်းမျှကိုသာ ပြ၏။....ကုသိုလ်ကား ဧကဝီသရှိ၏၊ အကုသိုလ်ကားဒွါဒသရှိ၏။ ဤသို့စသည်ဖြင့် သရုပ်ကိုပိုင်းခြား၍ကားမပြ။ ထိုသို့သရုပ်အပိုင်းအခြားကိုမပြ, သဘာဝဓမ္မတို့၏ ရှိခြင်းမျှကိုသာ ပြသည်ဖြစ်၍ မာတိကာထားကာမျှဖြစ်သောကြောင့် ဗဟုဝုစ်အားဖြင့် ဟောတော်မူ၏ဟူလို။

**ဝိ**....ဗဟုဝုစ်ဒေသနာ အယဉ်၌ကျသောကြောင့် ဗဟုဝုစ်အားဖြင့် ဟောတော်မူ၏ဟူ၍လည်းတနည်းဖြေ။

**ဤကား**....ဗဟွတ္ထာနံပိ ဧကတ္တေ၊ သမာရောပနတော ဗဟု။
ဝစနံ ဒေသနာ သောတော၊ ပတိတတ္တာဝ မချတော။ ။
ဟူသော ဘေဒဝိန္တာနှင့်အညီတည်း။

ဧကတ္တေ၊ တခုတည်းသောဖြစ်အနက်၌။ ဗဟွတ္ထာနံပိ၊ များစွာ နားနှာ စသော များစွာသော အနက်တို့ကိုလည်း၊ သမာရောပနတောဝ၊ တင်ခြင်းကြောင့်ငှင်း။ ဒေသနာသောတော၊ ဒေသနာ အယဉ်၌။ ပတိတတ္တာဝ၊ ကျသည်၏အဖြစ်ကြောင့်ငှင်း။ ဗဟုဝစနံ၊ ဗဟုဝုစ်ဝိဘတ်ကို။ မချတော၊ သိအပ်၏။

**အဓိပ္ပါယ်**....ကုသလာဓမ္မာ-အကုသလာဓမ္မာအစရှိသည်ဖြင့်ဗဟုဝုစ်အားဖြင့် ဟောတော် မူအပ်ပြီးသော ဒေသနာ အစဉ် ရှိသည်ဖြစ်၍ ထိုဒေသနာ အစဉ်အားလျော်စွာ တရားတခုတည်းပင် ဖြစ်သော်လည်း ဗဟုဝုစ် ဒေသနာအစဉ်ကို မဖျက်မူ၍ ဟောတော်မူ၏။ .... ဒေသကဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤကဲ့သို့သော အရာမျိုး၌ ဗဟုဝုစ်အားဖြင့် ဟောတော်မူသည်ကို အလိုရှိ၏ဟူလို။

**မှတ်ချက်**....ဤဘေဒဝိန္တာ ဆရာ စကားသည်-အကယ်၍ ဒေသနာအယဉ်၌ ကျ၏ဟု ဆိုချေသော် မြတ်စွာဘုရားသည် သတိသမ္ပဇဉ်ကင်း၍ ဗဟုဝုစ် အားဖြင့် ဟောရာ ရောက်၏။ ယုတ္တိလည်းမရှိ။ ထို့ကြောင့် မကောင်းကြောင်းကို နိတိဆရာ မိန့်ဆို၏။ ။[အကျယ်ကို နိတိပဒမာလာမှာရှု။]

**သင်္ဘာဒုက်ကိုပြခြင်း။**

**ပု**....အဘယ်ကြောင့် "သင်္ခတ" မည်သနည်းဟုမေး။

**ဝိ**....အကြောင်း တရားတို့သည် အညီအညွတ် ပြုပြင် အပ်သော အကျိုးဖြစ်သောကြောင့် "သင်္ခတ" မည်၏ဟုဖြေ။

**ဤကား**.... ပစ္စယေဟိ သမာဂန္တွာကတာတိ သင်္ခတာ= ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ပစ္စယေဟိ၊ ကံစသော အကြောင်းတရား တို့သည်။ သမာဂန္တွာ၊ အညီအညွတ်လာ၍။ ကတာ၊ ပြုအပ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သင်္ခတာ၊ သင်္ခတမည်ကုန်၏။.... ဝစနတ္ထကို အဋ္ဌကထာအတိုင်းမှတ်။ ဝိတ်-စေ-ရုပ်တို့ကို အရကောက်။

မု.... အဘယ်ကြောင့် "အသင်္ခတ" မည်သနည်းဟုမေး။

**ဖြေ**....အကြောင်း တရားတို့သည် အညီအညွတ်လာ၍ မပြုပြင်အပ် သောကြောင့် "အသင်္ခတ" မည်၏ဟုဖြေ။

နသင်္ခတာတိ အသင်္ခတာ=ဟု တွဲစပ်။....နိဗ္ဗာန်ကို အရကောက်။ အသဒ္ဒါပဋိသေဓအနက်ဟောတည်း။

## သပ္ပစ္စယ,သင်္ခတနှစ်ပါးအထူး။

သပ္ပစ္စယသဒ္ဒါသည် ပစ္စယုပ္ပန်တရားတို့၌ ပစ္စယသတ္တိမျှဖြင့် ပစ္စည်းတရားရှိသည်၏ အဖြစ်မျှကိုပြ၏။ .... သင်္ခတသဒ္ဒါသည်ကား ပစ္စည်းတရားတို့သည် အညီအညွတ် တပေါင်းတည်း ဖြစ်၍ ပစ္စယုပ္ပန်တရားတို့ကို ပြုအပ်သည်၏ အဖြစ်ကိုပြ၏။....ဤကားအထူးတည်း။

သနိဒဿန ဒုက်, သပ္ပဋိဃဒုက် နှစ်ပါးကို–သနိဒဿန တိက်၌ ဆိုအပ်ပြီးသော နည်းအတိုင်းမှတ်။

## ရူပီဒုက်ကိုပြဆိုခြင်း။

မု ...အဘယ်ကြောင့် "ရူပီ" မည်သနည်းဟုမေး။

**ဖြေ**....ရုပ်ရှိသောကြောင့် "ရူပီ" မည်၏ဟုဖြေ။

ရူပံ ယေသန္တိ ရူပီ=ဟု ဝစနတ္ထပြု။....ရူပါယတန စသည်မှတပါး ရုပ်သတ္တဝိသကို အရကောက်။

**ဤကား**....အဝိနိဗ္ဘောဂဝသေန ရူပံ ဧတေသံ အတ္ထီတိ ရူပိနော= ဟူသော အဋ္ဌကထာနှင့် အညီတည်း။

အဝိနိဗ္ဘောဂဝသေန၊ အသီးမခွဲဘန်အပ်သည်၏ အစွမ်းဖြင့်။ ရူပံ၊ ရူပါယတနသည်။ ဝါ ၊ပထဝီဓာတ် စသည်သည်။ ဧတေသံ၊ ဤရုပ်တို့အား။ အတ္ထိ၊ ရှိ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ရူပိနော၊ ရူပီတို့မည်ကုန်၏။

**အနိပ္ပါယ်**....ရူပံဟူသော ပုဒ်အရ–ရူပါယတနကို ယူသည်ဖြစ်အံ့၊ ဧတေသံဟူသော ပုဒ်အရ–ရူပါယတနမှတပါးသောရုပ် သတ္တဝီသကို ယူ။....တနည်း ရုပ်–ဟူသော ပုဒ်အရ ပထဝီဓာတ်ကို ယူသည်ဖြစ်အံ့။ ဧတေသံ ဟူသော ပုဒ်အရ– ကြွင်းသော ရုပ်သတ္တဝီသကို ယူရမည် ဟူလို။

**ဤကား**....ရူပန္တိ ရူပါယတနံ ပထဝီယာဒိဝါ၊ပုရိမသ္မိံ အတ္ထဝိကပ္ပေ ရူပါယတနဿ အသင်္ဂဟိတတာ အာပဇ္ဇတိ=ဟူသော မူလဋီကာနှင့် အညီတည်း။

ရူပန္တိ၊ရူပံဟူသည်။ရူပါယတနံ၊ရူပါယတနတည်း။ဝါ၊တနည်းကား။ ပထဝီယာဒိ၊ပထဝီဓာတ်အစရှိသည်တည်း။ပုရိမသ္မိံအတ္ထဝိကပ္ပေ၊ရှေး ဖြစ်သော အဝိနိဗ္ဘောဂဝသေနစသော အတ္ထဝိကပ်၌။ရူပါယတနဿ၊ ရူပါရုံ၏။ အသင်္ဂဟိတတာ၊ မရေတွက်အပ်သည်၏ အဖြစ်သည်။ အာ ပဇ္ဇတိ၊ဖြစ်၏။

ရုပ္ပတိ ရုပ္ပတိ ရုပ္ပနော=ဟု တွဲစပ်။ရုပ်အဋ္ဌဝီသကိုလည်းကောက်။

**ဝိ**....ဖောက်ပြန်ခြင်း သဘောရှိသောကြောင့် "ရူပီ" မည်၏ဟူ၍ လည်း တနည်းဖြေ။

ရူပံ ယေသန္တိ ရူပိနော= ဟူ၍ပင် ဝစနတ္ထပြု။ .... ရုပ်အဋ္ဌဝီသကို အရကောက်။....ရူပံအရ–ရုပ္ပနလက္ခဏာကိုယူ။

**ဤကား**....ရုပ္ပန လက္ခဏံဝါ ရူပံ၊တံ ဧတေသံ အတ္ထီတိ ရူပိနော= ဟူသော အဋ္ဌကထာ နောက်နည်းနှင့် အညီတည်း။

ဝါ၊တနည်းကား။ရုပ္ပနလက္ခဏံ၊ဖောက်ပြန်ခြင်းလက္ခဏာသည်။ ရူပံ၊ရူပမည်၏။ ဧတေသံ၊ ဤရုပ်အဋ္ဌဝီသတို့အား။ တံ၊ ထိုဖောက်ပြန် ခြင်းလက္ခဏာသည်။ အတ္ထိ၊ရှိ၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ ရူပိနော၊ မည်ကုန်၏။

စိတ်-စေတသိက်-နိဗ္ဗာန်တို့သည် အရူပီ မည်ကုန်၏ဟုမှတ်။

## လောကိယဒုက်ကိုပြခြင်း။

မု....အဘယ်ကြောင့် "လောကိယ" မည်သနည်းဟုမေး။

**ဝိ**....ပျက်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလော

ကဋ္ဌ အကျုံးဝင်သည့်၏ အဖြစ်ဖြင့် ယှဉ်သောကြောင့် "လော ကိယ" မည်၏ဟုဖြေ။

လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော=ဟု ဝစနတ္ထပြု။ .... တေဘူမက ဝဋ်ဟု ဆိုအပ်သော လောကီတရားရကို အရကောက်။

လောကေ နိယုတ္တာ လောကိယာ=ဟုပြု။....တေဘူမကလောကီ တရားရကိုပင် အရကောက်။

**ဤကား**....လောကိယာဓမ္မာတိ လောကော ဝုစ္စတိ လုဇ္ဇန ပလုဇ္ဇန ဋ္ဌေန ဝဋ္ဋံ၊ တသ္မိံ ပရိယာပန္နဘာဝေန လောကေ နိယုတ္တာတိ လောကိယာ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

လောကိယာဓမ္မာတိဣတ္ထ၊လောကိယာဓမ္မာ-ဟူသောပုဒ်၌။ လုဇ္ဇန ပလုဇ္ဇနဋ္ဌေန၊ ခဏပျက်,အဆုံးပျက်အားဖြင့် ပျက်တတ်သော အနက် ကြောင့်။ဝဋ္ဋံ၊ဝဋ်တရားကို။လောကောတိ၊လောကဟူ၍။ဝုစ္စတိ၊ဆိုအပ် ၏။တသ္မိံ၊ထိုလောက၌။ပရိယာပန္နဘာဝေန၊အကျုံးဝင်သည့်၏ အဖြစ် ဖြင့်။ နိယုတ္တာ၊ ယှဉ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ လောကိယာ၊ လောကိယတို့ မည်ကုန်၏။

**အထူး**....မရသာရတ္ထဒီကာ၌-ဘာဝသဒ္ဒါ တရသည်ပင် ဖြစ်ခြင်း ပွါးခြင်း အနက်နှစ်ပါးကို ဟောသကဲ့သို့၊လုဇဓာတ်တရတည်းပင်လျှင် ပျက်ခြင်း လုဇ္ဇန,ဖြစ်ခြင်း ပလုဇ္ဇနအနက်နှစ်ပါးကိုဟော၏။ထို့ကြောင့် လောက-ဟူသော ပုဒ်ကို ပျက်တတ် ဖြစ်တတ်သော သင်္ခါရလောက ဟူသော အနက် နှစ်ပါးကို မှတ်ရမည်ဟု မိန့်မှာ၏။ ။[ဝုင်းဝါဒကို အများဆရာတို့မနှစ်မျို့ကုန်။]

**၆**....ဒုက္ခသစ္စာဟု ဆိုအပ်သော လောက၌ ပျက်တတ်သော သ ဘော အားဖြင့် ထင်ရှားသောကြောင့် "လောကိယ" မည်၏ ဟူ၍လည်းဖြေ။

လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော=ဟုပြု။....ဒုက္ခသစ္စာကိုကောက်။

လောကေ ဝိဒိတာ လောကိယာ=ဟု ပြု။... လောကီ တရားရကို အရကောက်။

**ဤကား**....ဒုက္ခသစ္စံဝါ လောကော၊တတ္ထ တေနေဝ လောကသ ဘာဝေန ဝိဒိတာ လောကိကာ=ဟူသော မူလဋီကာနှင့်အညီ တည်း။

ဝါ၊တနည်းကား။ဒုက္ခသစ္စာ၊ဒုက္ခသစ္စာသည်။ လောကော၊လောက မည်၏။တဏှာ၊ထိုဒုက္ခသစ္စာ၌။ တေနေဝလောကသဘာဝေန၊ ထိုပျက် တတ်သော လောကသဘောအားဖြင့်။ ဝိဒိတာ၊ ထင်ရှားကုန်၏။ ဣတိ၊ ထို့ကြောင့်။လောကိကာ၊လောကီမည်ကုန်၏။

**လိုရင်း**....ပိုင်းခြား၍သိအပ်သည့်၏အဖြစ်ဟု ဆိုအပ်သော လော က သဘောသည် ဒုက္ခ သစ္စာ၌သာ ထင်ရှား ရကား-ၒင်းဒုက္ခ သစ္စာ သည် လောကီယ မည်၏ဟူလို။

မု....အဘယ်ကြောင့် "လောကုတ္တရာ" မည်သနည်းဟုမေး။

**ဖြေ**....ဝဋ်ဒုက္ခဟု ဆိုအပ်သော သင်္ခါရလောကမှ ထွက်မြောက် တတ်သောကြောင့် "လောကုတ္တရာ" မည်၏ဟုဖြေ။

ဥတ္တိဏ္ဏာတိ ဥတ္တရာ၊....လောကတော ဥတ္တရာတိ လောကုတ္တရာ= ဟု ပြုလုပ်တွဲစပ်။....လောကုတ္တရာစိတ္တုပ္ပါဒ်,နိဗ္ဗာန်ကို အရကောက်။

**ဤကား**...တတော ဥတ္တိဏ္ဏာတိ ဥတ္တရာ၊ လောကေ အပရိယာ ပန္နဘာဝေန လောကတော ဥတ္တရာတိ လောကုတ္တရာ= ဟူ သော အဋ္ဌကထာနှင့်အညီတည်း။

တတော၊ ထိုဝဋ်ဒုက္ခဟုဆိုအပ်သော သင်္ခါရလောကမှ။ ဥတ္တိဏ္ဏာ၊ လွန်မြောက်ပြီ။ ဣတိ၊ ထို့ကြောင့်။ ဥတ္တရာ၊ ဥတ္တရမည်၏။ လောကေ၊ လောက၌။ အပရိယာပန္နဘာဝေန၊ အကျုံးမဝင်သည့်၏ အဖြစ်ဖြင့်။ လောကတော၊လောကမှ။ ဥတ္တရာ၊လွန်မြောက်ပြီ။ ဣတိ၊ ထို့ကြောင့်။ လောကုတ္တရာ၊ လောကုတ္တရာမည်၏။

မု....လောကုတ္တရာစိတ္တုပ္ပါဒ်သည် ခဏပျက်အားဖြင့် ပျက်တတ် သောကြောင့် "လောက" မည်သင့်သည် မဟုတ်ပါလောဟု မေး။

**ဖြေ**...ပိုင်းခြား၍ သိအပ်သည့်၏ အဖြစ်ဟု ဆိုအပ်သော လောက သဘောမှ ကင်းသောကြောင့် "လောက" အမည် မရသင့်ဟု ဖြေ။

**ဖြေ**.... အနိစ္စာ နုပဿနာဖြင့် ပျက်စီး တတ်သော တရားဟု မယူ အပ်သောကြောင့် "လောက" အမည်မရသင့်ဟူ၍လည်းဖြေ။

## ကေနစိဝိညေယျဒုက်ကိုပြခြင်း။

မှ....အဘယ်ကြောင့် "ကေနစိဝိညေယျ" မည်သနည်းဟုမေး။

ဖြ.... စက္ခုဝိညာဏ် စသော တစုံတခုသော စိတ်သည် သိအပ် သောကြောင့် "ကေနစိဝိညေယျ" မည်၏ဟုဖြေ။

ဝိဇာနိတဗ္ဗာတိ ဝိညေယျာ။....ကေနစိ ဝိညေယျာတိ ကေနစိ ဝိ ညေယျာ=ဟု ပြုလုပ် တွဲစပ်။.... စိတ်- စေ- ရုပ်- နိဗ္ဗာန်တို့ကို အရ ကောက်။

မှ... အဘယ်ကြောင့် "ကေနစိနဝိညေယျ" မည်သနည်းဟုမေး။

ဖြ... စက္ခုဝိညာဏ် စသော တစုံတခုသော စိတ်သည် မသိအပ် သောကြောင့် "ကေနစိနဝိညေယျ" မည်၏ဟုဖြေ။

နဝိညေယျာတိ နဝိညေယျာ။.... ကေနစိ နဝိညေယျာတိ ကေနစိ နဝိညေယျာ=ဟုပြုလုပ်တွဲစပ်။....စိတ်-စေ-ရုပ်-နိဗ္ဗာန်တို့ကိုပင် အရ ကောက်။

မှ....ကေနစိနှစ်ပုဒ်အရ- မထူးရကား အဘယ်သို့ ဒုက်ဖြစ်နိုင်ပါ အံ့နည်းဟုမေး။

ဖြ....ကေနစိနှစ်ပုဒ်အရ မထူးကြသော်လည်း-ဝိညေယျ, နဝိညေ ယျပုဒ်နှစ်ပါး၏အနက်ကား ထူးပြားသောကြောင့် ဒုက်ဖြစ်နိုင် ၏ဟုဖြေ။

**ဤကား**.... ကေနစိ ဝိညေယျာတိ စက္ခုဝိညာဏာဒိသု ကေနစိ ဧကေန စက္ခုဝိညာဏေန ဝါ, သောတဝိညာဏေန ဝါ, ဝိဇာ နိတဗ္ဗာ။ ကေနစိ နဝိညေယျာတိ တေနေဝ စက္ခုဝိညာဏေ နဝါ, သောတဝိညာဏေန ဝါ, နဝိဇာနိတဗ္ဗာ။ ဇေ၀ံ သန္တေ ဒွိန္နံ ပဒါနံ အတ္ထနာနတ္တတော ဒုကော ဟောတိ=ဟူသော အဋ္ဌက ထာနှင့်အညီတည်း၊

စက္ခုဝိညေယျာတိ၊ စက္ခုဝိညေယျ ဟူသည်။ စက္ခုဝိညာဏာဒိ သု၊ စက္ခုဝိညာဏ် အစရှိသည့် တို့တွင်။ ကေနစိ၊ တစုံတခုသော။ ဧကေန၊ တခုခုသော။ စက္ခုဝိညာဏေန ဝါ၊ စက္ခုဝိညာဏ်သည်ဗင်း၊ သောတဝိညာဏေန ဝါ။-သည်ဗင်း။ ဝိဇာနိတဗ္ဗာ၊ သိအပ်ကုန်သော။

ခမ္မာ၊ တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ ကေနစိနဝိညေယျာတိ၊-ဟူသည်။ တေနေဝ၊ ထိုတရုံတခုသာလျှင်ဖြစ်သော။ စက္ခုဝိညာဏေနဝါ၊-သည်ဗွင်း။ သောတဝိညာဏေနဝါ၊- သည်ဗွင်း။ နဝိဇာနိတဗ္ဗာ၊ မသိအပ်ကုန်သော။ ခမ္မာ၊ တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ ဧဝံ သန္တေ၊ ဤသို့ဖြစ်လတ်သော်။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ပဒါနံ၊ ကေနစိဝိညေယျ, ကေနစိနဝိညေယျပုဒ်တို့၏။ အတ္တနာနတ္တတော၊ အနက်ထူးသည်၏အဖြစ်ကြောင့်။ ဒုကော၊ ဒုက်သည်။ ဟောတိ၊ ဖြစ်၏။

**လိုရင်း**....ကေနစိ နှစ်ပုဒ်ကား ကတ္တား အဖြစ်အားဖြင့်တူ၏။ တ. နည်း-ဗွင်းကေနစိနှစ်ပုဒ်အရ-ဝိညာဏ်,အာရမဏိကတူကြ၏။ဝိညေယျ, နဝိညေယျဟူသော ကံပုဒ်ချင်းကား အရမတူ။ တနည်း- ကံပုဒ်နှစ်ပါးအရ ဝိညာတဗ္ဗအာရုံချင်းကားမတူ။ ထိုကြောင့်ဒုက်ဖြစ်သင့်၏ ဟူလို။

**တူ-မတူအမြွက်**....ပထမ ကေနစိကတ္တားအရ- စက္ခုဝိညာဏ်, အာရမဏိက တရားကိုယူ၍၊ ဝိညေယျ ဟူသော ကံပုဒ်အရ- ဝိညာတဗ္ဗရူပါရုံကိုယူရမည်။ ဒုတိယကေနစိကတ္တားအရ-စက္ခုဝိညာဏ်, အာရမဏိကတရားကိုပင်ယူ၍၊ နဝိညေယျ ဟူသော ကံပုဒ်အရ-ရူပါရုံမှတပါး-စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူသောအာရုံကိုယူရမည်။ ဤအတူ-ကေနစိဟူသော ကတ္တားနှစ်ပုဒ်အရ-သောတဝိညာဏ်, အာရမဏိကတရားမျိုးကိုယူ၍၊ ဝိညေယျဟူသောကံပုဒ်အရ-ဝိညာတဗ္ဗဖြစ်သော သဒ္ဒါရုံကိုယူရမည်။ နဝိညေယျ ဟူသောကံပုဒ်အရ သဒ္ဒါရုံမှတပါး-စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူသော အာရုံကိုယူရမည်။ [ဤသို့ စသည်ဖြင့် သင်္ဂြိုဟ် အာရမဏ သင်္ဂဟ၌ တေသုစက္ခုဝိညာဏာဒီနိယထာက္ကမံရူပါဒိဧကေကာရမဏာနေဝ- စသော စကားရပ်အတိုင်း အသီးအသီး ခွဲ၍ကောက်] ဤသို့ စသည်ဖြင့် ကောက်ယူနိုင်သောကြောင့် ကတ္တားဝိညာဏ်, အာရမဏိကချင်းတူ၍- ကံ, ဝိညာတဗ္ဗ, အာရုံချင်းမတူထူးပြား၏ဟုမှတ်။

ဤကား-အဋ္ဌကထာအသျှင်၏ဝါဒတည်း။

## အဌ္ဌကထာဝါဒကိုအပြစ်ပြဆိုချက်။

အကယ်၍ ကေနစိဟူသောပုဒ်နှစ်ခုအရ-ဝိညာဏ်တို့ကိုယူသည် ရှိသော်- ဒုက်သည် တခုမက များစွာဖြစ်လေရကား ဒုကဗဟုဘာဝ အပြစ်ရောက်ရာသည်တချက်၊.... အလုံးစုံကို အာရုံပြုသော မနောဒွါရာဝဇ္ဇန်းစသော ခြောက်ပါးသောစိတ်တို့၌ ဒုက်မဖြစ်သင့်ခြင်းကြောင့် ဒုက်ပြတ်ခြင်း ဟူသော ဒုကပစ္ဆေဒ အပြစ် ရောက်ရာသည်လည်း တချက်။.... အကယ်၍ ကံပုဒ်အရ ဝိညာဏဘ္ဗသာထုး၏ယူချေသော် "ယေတေဓမ္မာ စက္ခု ဝိညေယျာ၊ နတေဓမ္မာ သောတဝိညေယျာ" ဟူသော နိက္ခေပကဏ္ဍပါဠိတော်နှင့်လည်းဆန့်ကျင်သောကြောင့် ဝိရောဓိဒေါသ ရောက်ရာသည်လည်း တချက်။.... [ဤသုံးချက်ကား "ဇေဝံ သင်္ဂြိုဟ် ဋီကာ ပဒါနံ အတ္ထနာနတ္တတော ဒုကော ဟောတိ" ဟူသော အဌ္ဌကထာစကားအပြစ်ရောက်ပုံတည်း။] ဤစကားရပ်သာ အပြစ်ရောက်သင့်သည်မဟုတ်သေး၊ ကေနစိ ဟူသော ပုဒ်နှစ်ခုတွင်-ပထမကေနစိ ဟူသော ပုဒ်ဖြင့် ယူအပ်ပြီးသော အနက်ကို ဒုတိယ ကေနစိပုဒ်ဖြင့် ထပ်မံ၍ ယူခြင်းသည်လည်း အလျှင်းပင် မသင့်သည်သာ။ ဤသို့သော အကြောင်းတို့ကြောင့် အဌ္ဌကထာဝါဒသည် အလွန် အပြစ်များလှ၏ ဟုမိန့်ဆိုတော်မူ၏။

ဤကား—အဌ္ဌကထာဝါဒကို မူလဋီကာအပြစ်ပြခြင်းတည်း။

---

## မူလဋီကာဆရာ၏ဝါဒကား။

ကေနစိ ဟူသော ကတ္တားပုဒ်နှစ်ခုအရ- ဝိညာဏ်, အာရမဏိက တရားချင်းကားမတူ၊ ဝိညေယျ, နဝိညေယျ ဟူသော ကံပုဒ်နှစ်ခုအရ- ဝိညာတဗ္ဗ, အာရုံချင်းသာတူ၏ဟုယူရမည်။

### မတူပုံ-တူပုံအမြွက်။

ပထမကေနစိဟူသော ကတ္တားအရ-အာရမဏိကစက္ခု ဝိညာဏ် ကိုယူ၍၊....ဝိညေယျဟူသော ကံပုဒ်အရ- ရူပါရုံဝိညာတဗ္ဗတရားကို ယူရမည်....ဒုတိယကေနစိ ဟူသော ကတ္တားပုဒ်အရ-အာရမဏိက သောတဝိညာဏ်ကိုယူ၍၊...နဝိညေယျ ဟူသော ကံပုဒ်အရ-ရူပါရုံ

ဝိညာဏဓာတ်တရားကိုယူရမည်။....[ဤကားကဏ္ဍားနှစ်ပုဒ်အရမတူမှု၍ ကံပုဒ်နှစ်ခုသာအရတူပုံတည်း။.... ဤသို့စသည်ဖြင့် အသီးအသီးခွဲ၍ ကောက်။] ။ဤသို့ခွဲ၍ကောက်သည် ရှိသော် နိဒ္ဒေသ ပါဠိတော်နှင့် လည်းညီညွတ်၏၊– ဤသို့ခွဲ၍ပင် ကောက်သော်လည်း– သိအပ်သော ဝိညာဏဓာတ်တရားကား များစွာရှိခြင်းကြောင့် ဒုက်တခုတည်းဖြင့်ဆို၍ မနိုင်၊ အမျိုးမျိုးခွဲခြမ်း၍ဆိုပါမှ နိုင်ရကား ဒုက်များခြင်းဒုကဗဟု ဘာဝအပြစ်လည်း မရောက်သင့်။.... ဒုက်ပျက်ခြင်း အပြစ်လည်းမရှိ နိုင်။....ယေဝေဓမ္မာစက္ခုဝိညေယျာ၊ နဝေဓမ္မာသောတဝိညေယျာ ဟူသောပါဠိတော်နှင့်လည်း တသားတည်းညီညွတ်၏ဟုမိန့်မှာ၏။

ဤကား–မူလဋီကာဆရာ၏ဝါဒတည်း။

---

**အဋ္ဌကထာဝါဒသင့်မြတ်ကြောင်းကိုသောက်ခံခြင်း။**

ကေနစိ=ဟူသော ကဏ္ဍားအရ– ဝိညာဏ်ထူးသည်၏ အဖြစ်ဖြင့် သိအပ်သောဝိညာဏဓာတ်တရားကိုခွဲခြမ်း၍ ဒုက်ကိုဆိုအပ်သည်ရှိသော် ဝိညာဏဓာတ် တရားများသောကြောင့် ဝိညာဏဓာတ် တရားအား လျော်စွာ ဒုက်ဖြစ်ရကား ဒုက်များသောအပြစ်မရောက်သကဲ့သို့၊ နည်းတူဝိညေ ယျ, နဝိညေယျဟူသော ကံပုဒ်တို့၏အရ-ဝိညာဏဓာတ် တရားထူးသည် ၏အဖြစ်ဖြင့် ဒုက်ကိုဆိုရာ၌ စက္ခုဝိညာဏ် စသော ဝိညာဏ်များစွာ ရှိသည်ဖြစ်၍ ဝိညာဏ်အားလျော်စွာပင်ဒုက်ဖြစ်ခြင်းကြောင့် ဒုက်များ သောဒုကဗဟုဘာဝအပြစ် မရောက်သင့်။ အာရုံသည် အတိတ် အနာ ဂတ်စသည်ဖြင့် များစွာပြားသည်ဖြစ်၍ အတိတ်ကိုအာရုံပြုခိုက် အနာ ဂတ်စသည်ကို အာရုံမပြုနိုင်ရကား ဒုက်ပြတ်ခြင်း ဒုကပစ္ဆေဒအပြစ် လည်းမရောက်သင့်။.... ယေကေစိကုသလာဓမ္မာ, သဗ္ဗေတေ ကုသ လမူလာ–ကားပုဒ်တခု၊ ယေဝါပနကုသလမူလာ, သဗ္ဗေတေဓမ္မာကု သလာလည်း ပုဒ်တခုစီ ဖြစ်၏၊ ၎င်းပုဒ်တခုစီ ဖြစ်ပုံကို "ယေဝါပန" သဒ္ဒါဖြင့်ပြသကဲ့သို့–ယေဝေဓမ္မာစက္ခုဝိညေယျာ, နဝေဓမ္မာ သော တဝိညေယျာကား ဒုက်ပုဒ် တခု၊ ယေဝါပနဝေဓမ္မာ သောတဝိညေ ယျာ, နဝေဓမ္မာစက္ခုဝိညေယျာ–လည်းဒုက်ပုဒ်တခုဟုဒုက်ပုဒ်တခုစီ ဖြစ်ဟန်ကို "ယေဝါပန" သဒ္ဒါဖြင့်ပြရကား–၎င်းပါဠိနှစ်ရပ်ပေါင်းစပ်

ပါမှ ဒုက်တခုဖြစ်သည်ဟု ယူရမည် ဖြစ်သောကြောင့် ရူပကဏ္ဍ ပါဠိတော်နှင့်လည်း ဆန့်ကျင်ခြင်း ဝိရောဓ ဒေါသလည်း မရောက်နိုင်ရာ။ ကေနစိ-ဟူသော ပုဒ်သည် အနိယမကို ပြသောပုဒ်တည်း။ ပြပုံကား- အကြင် စက္ခုဝိညာဏ်သည် အကြင် ရူပါရုံကို သိ၏ဟု ဆိုအပ်သည် ရှိသော် မမှတ်မူ၍ပင် ဆိုရေရောက်၏။ထိုစက္ခုဝိညာဏ်သည် ထိုရူပါရုံမှ တပါးသော အာရုံကိုမသိဟု ဆိုအပ်သည်ရှိသော်-ကေနစိပုဒ် နှစ်ခုအရ စက္ခုဝိညာဏ် တခုတည်းပင် ဖြစ်ငြားသော်လည်း အာရုံမတူခြင်းကြောင့် မမှတ်မူ၍ပင် ဖြစ်ရာရောက်၏။ ဤသို့ကေနစိ ဟူသော ပုဒ်နှစ်ခုသည် အသီးအသီး အနိယမအနက်ကို ပြရာရောက်သောကြောင့် လောကဝေါဟာရအားဖြင့် မသင့်ဟူ၍လည်း မဆိုနိုင်ရာ။ထို့ကြောင့် အဋ္ဌကထာလာသည်အတိုင်း အသင့်ပင်ဟုမှတ်ယူရာ၏။

ဤကား-အဋ္ဌကထာ ဝါဒ သင့်မြတ် ကြောင်းကို ထောက်ခံသော အနုဋီကာ စကားတည်း။

ဂန္ထနိက္ခေပဒုက်ပြီး၏။

---

**အာသဝဂေါစ္ဆကကိုပြဆိုချက်။**

**အာသဝဒုက်ကိုပြခြင်း။**

ပု....အဘယ်ကြောင့် "အာသဝ" မည်သနည်းဟုမေး။

**ဝိ**....စက္ခုစသော ဒွါရမှ ယိုကျစီးဆင်း တတ်သောကြောင့် "အာသဝ" မည်၏ဟုဖြေ။

အာသဝန္တိ သန္ဒန္တီတိ အာသဝါ=ဟုဝစနတ္ထပြု။....လောဘ,ဒိဋ္ဌိ, မောဟ,ဟုဆိုအပ်သော အာသဝတရားကိုယ်သုံးပါးကိုအရကောက်။

**ဤကား**....အာသဝန္တီတိ အာသဝါ၊စက္ခုတောဝိ-ပ-မနတောပိ သန္ဒန္တိ၊ ပဝတ္တန္တီတိ ဝုတ္တံ ဟောတိ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ယေဓမ္မာ၊အကြင်တရားတို့သည်။စက္ခုတောပိ၊စက္ခုဒွါရမှဎင်း။ပ။ မနတောပိ၊ မနောဒွါရမှဎင်း။ အာသဝန္တိ သန္ဒန္တိ၊ ယိုစီးတတ်ကုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။တေဓမ္မာ၊-တို့သည်။အာသဝါ၊-မည်ကုန်၏။

ပဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။ ဣတိ၊ ဤသို့၊ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်**....အိုင်းအမာဝမှ သားငံရေ,သွေးပုပ်,ပြည်စေးတို့သည် ယိုကျ စီးဆင်းသကဲ့သို့၊ စက္ခု ဒွါရအမာမှ–သားငံရေ, သွေးပုပ်, ပြည် စေးတို့အလား လောဘစသော တရားသုံးပါးသည် ရူပါရုံ စသည်သို့ ယိုကျစီးဆင်း လာတတ်ရကား-ဎင်းသုံးပါးသော တရားကို အာသဝ ခေါ်၏ဟူလို။

ဤ၌ယိုကျစီးဆင်း၏ ဟူသည်–ကရားစသည်မှ ရေကို သွန်ချ၍ စီး ကျလာ သကဲ့သို့မဟုတ်။ စင်စစ်မှာမူကား ဒွါရခြောက်ပါးကို မှီ၍ ဖြစ် ပေါ်လာသည်ပင် ဆို၏ဟုမှတ်။

**တနည်း** .... ဝဏတော အာသဝန္တိ သန္ဒန္တီတိ အာသဝါ = ဟု ကတ္တု သာဓ်ပြု။....သားငံရေ, သွေးပုပ်, ပြည်စေး စသည်တို့ကို အရ ကောက်။

အာသဝါဝိယာတိ အာသဝါ=ဟု ဥပမာ တဒ္ဓိတ်ပြု။.... အာသဝ တရားကိုယ် သုံးပါးကို အရကောက်။

မု....စက္ခု စသော ဒွါရခြောက်ပါးမှ လောဘ စသော တရားသုံး ပါးသည်သာ ဖြစ်ပေါ်လာသည်မဟုတ်။ကုသိုလ်စသောတရား တို့လည်း ဖြစ်ကုန်ရကား-ဎင်းကုသိုလ်စသော တရားတို့လည်း အာသဝမည်သင့်ကုန်သည် မဟုတ်ပါလော။ အဘယ်ကြောင့် လောဘ စသော တရား သုံးပါး သည်သာ “အာသဝ” မည် သနည်းဟုမေး။

ဝိ.... ကုသိုလ်စသော တရားတို့သည် ဒွါရခြောက်ပါး၌ ဖြစ်ကုန် ငြားသော်လည်း မစင်ကြယ်စက်ဆုပ်ဘွယ်အားဖြင့် မဖြစ်ခြင်း ကြောင့် အာသဝ ဟူသော အမည်မရကုန်။ လောဘ စသော တရားသုံးပါးသာ မစင်ကြယ် စက်ဆုပ်ဘွယ်သော အခြင်းအ ရာအားဖြင့် ဖြစ်ခြင်းကြောင့် “အာသဝ” မည်၏ဟုဖြေ။

**ဤကား** .... ကာမာသဝါဒယော ဧဝ ပန ဝဏတော ယူသံဝိယ ပဿရဏာက အသုစိ ဘာဝေန သန္ဒန္တိ၊ တသ္မာ တေဧဝ ဓမ္မာ အာသဝါတိ ဝုစ္စန္တိ=ဟူသော မူလ်ဋီကာနှင့် အညီတည်း။

ပန်၊ ထိုအကုသိုလ် တရားတို့သည် ၃ါရ ခြောက်ပါးမှ ဖြစ်ကုန်ပြီး သော်လည်း။ ကာမာသဝါဒယော၀၊ကာမာသဝ အစရှိတို့သည်သာ လျှင်။ ၀ဏာတော၊အိုင်းအမာ၀မှ။ ယူသံ၊ သွေးပုပ်,ပြည်စေးသည်။ ပဿ ရဏာကအသုစိဘာ၀ေန၊ယိုကျသည်ဖြစ်၍မစင်ကြယ်သောအဖြစ်ဖြင့်။ သန္ဒတိဝိယ၊ စီးဆင်း၏သို့။ ပဿရဏာကအသုစိဘာ၀ေန၊ဖြင့်။ သန္ဒန္တိ၊ စီးတတ်ကုန်၏။ တသ္မာ၊ထို့ကြောင့်။ တေ၀၊ ထိုကာမာသဝ စသည် တို့ကိုသာလျှင်။ အာသဝါတိ၊အာသဝမည်ကုန်၏ဟူ၍။ ဝုတ္တံ၊ရှင်္ကအား ဖြင့် ဆိုအပ်ကုန်၏။ ။[ကုသိုလ်စသည်တို့သည် အာသဝမမည်ကုန် ဟု-ဗျတိရိက်အားဖြင့်သိ။]

**အဓိပ္ပါယ်**....ထိုစကားမှန်၏။အာသဝသည် မစင်ကြယ် စက်ဆုပ် ရွံရှာဘွယ်ဖြစ်၍ ယိုကျစီးဆင်း မြင်တွင်းမသက်သာသော ၀ဏ္ဏမျိုး ၌သာ လောကမှာ ထင်ရှား၏၊စင်ကြယ်သော ၀ဏ္ဏမျိုး၌ကား မထင် ရှား။လောဘစသော တရားတို့မစင်ကြယ် စက်ဆုပ် ရွံရှာဘွယ်ဖြစ်ပုံ ကား-၊ငင်းလောဘ စသော တရားတို့သည် စိတ်အစဉ်ကို မရှင် မပြ ညစ်ညူးအောင် ပြုတတ် မည်းညစ်သော အကျိုးကို ဖြစ်စေတတ်သော ကြောင့် မစင်ကြယ် စက်ဆုပ်ဘွယ် ကောင်း၏၊ထို့ကြောင့် ပင်းလော ဘစသော တရားတို့သာ အာသဝမည်ကုန်၏၊ ကုသိုလ်စသော တရား တို့ကား ထိုသို့သော သဘောမျိုး မရှိခြင်းကြောင့် အာသဝမမည်ကုန် ဟူလို။

အာသဝ ဟူသော အမည်သည် လောဘ, ဒိဋ္ဌိ, မောဟဟု ဆိုအပ် သော တရား သုံးပါး၌သာ ထင်ရကား - ကြွင်းသော အကုသိုလ် တို့ လည်း အာသဝ ဟူသော အမည်မရကုန်ဟုမှတ်။

• **ဝိ**....ကြာမြင့်စွာ ထုံအပ်သော မုဒရက်ရေ, အရက် စသည်နှင့် တူသောကြောင့် "အာသဝ" မည်၏ ဟူ၍လည်းဖြေ။

အာသဝါဝိယာတိ အာသဝါ=ဟုဥပမာတဒ္ဓိတ်ပြု။ ...ဤ၌အာသဝ ပုဒ်ကား-အနိပ္ဖန္နပါဋိပဒိကပုဒ်တည်း။....ဇှေးအတိုင်းပင်အရကောက်။

**ဤကား**....စိရပါရိဝါသိယဋ္ဌေန မုဒရာဒယော အာသဝါ, အာသ ဝါဝိယာတိ အာသဝါ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

စိရပါရိဝါသိယဋ္ဌေန၊ ကြာမြင့်စွာ ထုံအပ်သော အနက် သဘော ကြောင့်။ မုဒရာဒယော၊ မုဒရက်ရေ အစရှိသည်တို့သည်။ အာသဝါ၊

အာသဝမည်ကုန်၏။ဝါ၊အရက်မည်ကုန်၏။ အာသဝါဝိယ၊မုဒရက်ရေ စသည်တို့နှင့်တူကုန်၏။ဣတိဝိ၊ထို့ကြောင့်လည်း။အာသဝါ၊-ကုန်၏။

**မု**....ဘဝသံသရာ၌ ကြာမြင့်စွာ ဖြစ်ပေါ်၍ နေသော မာနစသော တပါးသော တရားတို့ကို အာသဝ ဟူ၍ မခေါ်ပါဘဲ၊ လောဘ စသော တရားသုံးပါးကိုသာ အဘယ်ကြောင့်"အာသဝ"ဟူ၍ ခေါ်ပါသနည်းဟုမေး။

**ဖြေ**....ကြာမြင့်စွာ ထုံအပ်သော မာနစသောတရားတို့ ရှိကုန်သော် လည်း အာသဝဟူသော အမည်သည် မာနစသောတရားတို့၌ မထင်၊လောဘစသော တရားသုံးပါး၌သာထင်၏။ ထို့ကြောင့် မာနစသော တရားတို့ကို "အာသဝ"ဟု မခေါ်မူ၍ လောဘ စသော တရားသုံးပါးကိုသာ ခေါ်ရ၏ဟုဖြေ။

**အဓိပ္ပါယ်**....ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ စသည်ကို ယူခြင်း၏ အစွမ်း အားဖြင့် ပြန့်နှံ့ခြင်း,မူးယစ်သည်၏ အစွမ်းအားဖြင့် အရက်နှင့် တူခြင်း သည်-လောဘစသော တရားသုံးပါး၌သာဖြစ်၏။မာနစသော တရား တို့၌မဖြစ်နိုင်၊ ထို့ကြောင့် လောဘ စသည်တို့၌သာ "အာသဝ" ဟူ သာအမည်သည်ထင်၏၊မာနစသည်တို့၌ကား-မထင်။ပက်ဓ စသည် ကဲ့သို့မှတ်။

**ဖြေ**....ရှည် စွာသော သံသရာ ဒုက္ခကို ပွါးစေတတ် သောကြောင့် "အာသဝ"မည်၏ဟူ၍လည်းဖြေ။

အာယတံ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိ အာသဝါ=ဟုပြု။.... ရှေးအတိုင်းပင် အရကောက်။

**ဤကား**....အာယတံဝါ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိဝိ အာ သဝါ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဝါ၊တနည်းကား။အာယတံ၊ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသရာ ဝဋ်ဆင်းရဲကို။ သဝန္တိပသဝန္တိ၊ပွါးစေတတ်ကုန်၏။ ဝါ၊ မွေးဖွားတတ် ကုန်၏။ဣတိဝိ၊ထို့ကြောင့်လည်း။အာသဝါ၊-မည်ကုန်၏။

အာသဝေါတရားတို့ကိုကြည့်၍ သံသာရဒုက္ခ မဖြစ်နိုင်ရကား-သံ သာရဒုက္ခကို ပွါးစေတတ် သီးတတ် မွေးဖွားတတ်၏ဟူလို။

**ဝ**....ဓမ္မအားဖြင့် ဂေါစ္ဆက တိုင်အောင်, ဘုံအားဖြင့် ဘဝဂ်တိုင်အောင် စီးသွားတတ်သောကြောင့် "အာသဝ" မည်၏ ဟူ၍လည်းဖြေ။

အာဗျာပေတွာ သဝန္တီ ပဝတ္တန္တီတိ အာသဝါ=ဟုဝစနတ္ထပြု။....
အာသဝတရားကိုယ်သုံးပါးကိုပင်အရကောက်။

**ဤကား** ... ဓမ္မတော ယာဝဂေါစ္ဆကံ ဩကာသတော ယာဝ ဘဝဂ္ဂံသဝန္တီတိ ဝါ အာသဝါ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဝါ၊ တနည်းကား။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ ဓမ္မတော၊ ဓမ္မအားဖြင့် ယာဝဂေါစ္ဆကံ၊ ဂေါစ္ဆက တိုင်အောင်။ ဩကာသတော၊ ဘုံအားဖြင့်။ ယာဝဘဝဂ္ဂံ၊ ဘဝဂ်တိုင်အောင်။ သဝန္တိ၊ ယိုစီးတတ် ဖြစ်တတ် ကုန်၏။ ဣတိ– တသ္မာ၊ ထို့ကြောင့်။ တေဓမ္မာ၊– တို့သည်။ အာသဝါ၊–မည်ကုန်၏။

**အဓိပ္ပါယ်**.... ဤအာသဝါ ဟူသော ပုဒ်၌– အာ, အက္ခရာသည် အဝဓိအနက်ရှိ၏။ ၎င်းအဝဓိအရ–"အဝဓိယတိ ပရိစ္ဆိဇ္ဇိယတိ တေသ္မာတိအဝဓိ"ဟုဝစနတ္ထပြု၍ ဂေါစ္ဆက စသော ဓမ္မ, ဘဝဂ် စသောဌာနတို့ကိုကောက်။

## အဝဓိနှစ်မျိုးကိုပြခြင်း။

အဝဓိသည်, အဘိဝိဓိဝိသယအဝဓိ, အနဘိဝိဓိဝိသယ အဝဓိအားဖြင့် နှစ်ပါးပြား၏။

**ဤကား**....ဒုဝိဓောဟိ အဝဓိ အဘိဝိဓိဝိသယော, အနဘိဝိဓိဝိသယောစ=ဟူသော မူလဋီကာနှင့်အညီတည်း။

ဟိသစ္စံ၊ မှန်၏။ အဝဓိ၊ အဝဓိသည်။ ဝါ၊ ပိုင်းခြားရာသည်။ အဘိဝိဓိဝိသယောစ၊ အဘိဝိဓိဝိသယ၎င်း။ အနဘိဝိဓိဝိသယောစ။ အနဘိဝိဓိဝိသယ၎င်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။

**အဓိပ္ပါယ်**.... ကြိယာသည် ပြန့်နှံ့၍ တက်ရာ ဖြစ်သော အဘိဝိဓိသည်- အဘိဝိဓိ ဝိသယမည်၏။.... အာဘဝဂ္ဂါဘဂဝတောယသော ဂတော–ဟူသော ဥဒါဟရုဏ် ကဲ့သို့မှတ်။ ထိုဥဒါဟရုဏ်၌ မြတ်စွာဘုရား၏ အရဟတာ စသော ကျော်စောသော ဂုဏ်တော်၏ ပြန့်နှံ့

လွှမ်းမိုး၍တက်ခြင်း ကြိယာသည်–ပိုင်းခြားရာ နေ၀သညာ နာသညာ ယတနဘုံ တည်းဟူသော အ၀ဓိကိုလွှမ်းမိုးကျော်နင်း၍တက်၏ဟူလို။

ကြိယာသည် မန္နံ့မှု၍ဖြစ်ရာ, အပပြု၍ဖြစ်ရာဖြစ်သော အ၀ဓိသည် အနဘိဗိဓိဝိသယအ၀ဓိမည်၏။.... အာပါဠိလိပုတ္တာ ဝုဋ္ဌော ဒေဝေါ ဟူသော ဥဒါဟရဏ် ကဲ့သို့မှတ်။ ထိုဥဒါဟရဏ်၌ မိုးသည်း၏ရွာသွန်း ခြင်းကြိယာသည် ပိုင်းခြားရာ ပါဋ္ဌလိပုတ်ပြည် တည်းဟူသော အ၀ဓိ ကိုမန္နံ့မှု၍၊ ဝါ–အပပြင်ဘက်ပြု၍ရွာသွန်း၏ဟူလို။

**ဤကား** ...အဘိဗိဓိဝိသယံ ကြိယာဗျာပေတွာ ပဝတ္တတိ, အာဘ ဝဂ္ဂါ ဘဂဝတော ယသော ဂတောတိ၊ ဗ္ဗတရံ ဗဟိကတွာ အာပါဠိလိပုတ္တာ ဝုဋ္ဌော ဒေဝေါတိ= ဟူသော မူလဋီကာနှင့် အညီတည်း။

အဘိဗိဓိဝိသယံ၊ နှံ့၍ဖြစ်ရာအဘိဗိဓိဝိသယဟုဆိုအပ်သော။ အ၀ ဓိ°၊ ဘ၀ဂ် စသော အ၀ဓိကို (ဤကား .... အဘိဗိဓိဝိသယံအ၀ဓိန္တိ ဝိဘတ္တိ° ပရိဏာမေတွာ၀တ္တဗ္ဗံ– ဟူသော အနုဋီကာ။.... အဘိဗိဓိ ဝိသယံ အ၀ဓိ ကမ္မဘူတံ–ဟူသောမရသာရတ္ထဋီကာကြီးတို့နှင့်အညီ သမ္ဗန္ဓ်လိုက်သတည်း)။ ကြိယာ၊ တက်ခြင်းကြိယာသည်။ (ဤကား.... ကြိယာ ကတ္တုဘူတာ– ဟူသော မရသာရတ္ထနှင့်ညီစေ။) ။ဗျာပေ တွာ၊ နှံ့၍။ ပဝတ္တတိ၊ ဖြစ်၏။ ယထာ၊ ဥဒါဟရဏ်အဘယ်နည်း။ အာ ဘဝဂ္ဂါဘဂဝတော ယသောဂတောတိ၊-ဂတော ဟူသည်တည်း။ဘဂ ဝတော၊မြတ်စွာဘုရား၏။ယသော၊ကျော်စောသောအသံတော်သည်။ ဘဝဂ္ဂါ၊ ဘ၀ဂ်တိုင်အောင်။ ဝါ၊ ဘဝဂ္ဂါ, ဘဝဂ္ဂံ ၊ဘ၀ဂ်ကို။ အာဗျာပေ တွာ၊ နှံ့၍။ ဂတော၊ ဖြစ်၏။ ဝါ၊ တက်၏။ ဗ္ဗတရံ၊ အဘိဗိဓိဝိသယ အ၀ဓိမှတပါးသော။ အ၀ဓိ°၊ ပါဋ္ဌလိပုတ်ပြည်စသော အနဘိဗိဓိဝိသ ယအ၀ဓိကို။ ကြိယာ၊ ရွာသွန်းခြင်းကြိယာသည်။ ဗဟိကတွာ၊ အပပြု ၍။ ပဝတ္တတိ၊ ၏– ယထာ၊ ဥဒါဟရဏ်အဘယ်နည်း။အာပါဠိလိပုတ္တာ ဝုဋ္ဌောဒေဝေါတိ၊– ဒေဝေါဟူသည်တည်း။ အာပါဠိလိပုတ္တာ၊ ပါဋ္ဌလိ ပုတ်ပြည်တိုင်အောင်။ ဝါ၊ ပါဋ္ဌလိပုတ္တာ, ပါဋ္ဌလိပုတ္တံ၊– ကို။ အာဗဟိ ကတွာ၊ အပပြု၍။ ဒေဝေါ၊ မိုးသည်။ ဝုဋ္ဌော၊ ရွာသွန်း၏။

**လိုရင်း** .... ကြိယာသည် အကြင်အ၀ဓိကို အတွင်းပြု၍ဖြစ်၏၊ ထို အ၀ဓိသည်အဘိဗိဓိဝိသယအ၀ဓိမည်၏။ ကြိယာသည် အကြင်အ၀ဓိ

ကို အပပြု၍ ဖြစ်၏၊ ထိုအာဝမိသည် အနာဝိဝိဝိသယအာဝမိ မည်၏ဟူလို။

**ဝါဒန္တရ**....အာဝမိသည်-မရိယာဒအာဝမိ-အာဘိဝိဓိအာဝမိအားဖြင့် ၂-မျိုးပြား၏။

**ဤကား** ... အာဝမိစ မရိယာဒါဘိဝိဓိဘေဒတော ဒုဝိဓော = ဟူသော သာရတ္ထဒီပနီဋီကာ။ ။အာဝမိစ မရိယာဒါ ဘိဝိဓိဝသေန ဒုဝိဓော=ဟူသော ဝိဘာဝိနီဋီကာတို့နှင့်အညီတည်း။

အာဝမိစ၊ အာဝမိသည်လည်း။ မရိယာဒါဘိဝိဓိဘေဒတော၊ မရိယာဒ, အာဘိဝိဓိတို့၏အပြားအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသည်။ဟောတိ၊ ဖြစ်၏။....ဝိဘာဝိနီအနက်လွယ်ပြီ။

**အဆုး**....မရိယာဒအာဝမိနှင့်, အနာဘိဝိဓိဝိသယအာဝမိတို့၏။ အာဘိဝိဓိအာဝမိနှင့် အာဘိဝိဓိဝိသယအာဝမိတို့၏ဟုမှတ်။

**အဓိပ္ပါယ်** .. ကြိယာကို အပပြု၍ဖြစ်သော အာဝမိသည် မရိယာဒအာဝမိမည်၏။ ကြိယာကို နှံ့စေ၍, ဝါ- အတွင်းပြု၍ ဖြစ်သော အာဝမိသည်-အာဘိဝိဓိ အာဝမိမည်၏။

**ထိုစကားထင်ရှားပြဦးအံ့**.... အာပါဋလိပုတ္တံ ဝုဋ္ဌော ဒေဝေါ- ဟူသော ဥဒါဟရဏ်၌ မိုဃ်း၏ ရွာသွန်းခြင်း စသော ကြိယာကို အပပြု၍ဖြစ်သော ပါဋလိပုတ်ပြည်စသော အာဝမိသည် မရိယာဒအာဝမိမည်၏။ ပါဋလိပုတ်ပြည်စသောအာဝမိသည် မိမိမှအပ၌သာ မိုဃ်းရွာသွန်းခြင်းကြိယာကို ဖြစ်စေ၏၊ ပါဋလိပုတ်ပြည်ထဲသို့ မိုဃ်းရွာ သွန်းခြင်းကြိယာကိုမရောက်စေသည်ဟူ၏။

အာဘဝဂ္ဂံ ဘဂဝတော ယသော ပဝတ္တတိ=ဟူသောဥဒါဟရဏ်၌မြတ်စွာဘုရား၏ အရဟာတာ စသော ကျော်စောသောဂုဏ်တော်၏ ပြန့်နှံ့တတ်ခြင်း ကြိယာကိုနှံ့စေ၍ဖြစ်သော ဘဝဂ်စသော အာဝမိသည် အာဘိဝိဓိ အာဝမိမည်၏၊ ဘဝဂ် ဟူသော အာဝမိသည် မိမိကိုယ်ကို အတွင်းပြု၍ ကျော်စောသော အသံတော်၏ ပြန့်နှံ့တက်ခြင်း ကြိယာကို ဖြစ်စေသည်ဟူ၏။

**ဤကား** .. တတ္ထ မရိယာဒံ ကြိယံ ဗဟိကတွာ ပဝတ္တတိ၊ ယထာ အာပါဋလိပုတ္တံ ဝုဋ္ဌော ဒေဝေါတိ၊ အာဘိဝိဓိပန ကြိယံ ဗျာပေ

ဝတ္ထု ပဝတ္တတိ၊ ယထာ အာဘာဝဂ္ဂံ ဘဂဝတော ယသော ပဝတ္တတိတိ=ဟူသော သာရတ္ထဒီပနီဋီကာနှင့်အညီတည်း။

တတ္ထ၊ ထိုနှစ်ပါးသော အဝမိတ္တိတို့တွင်။ မရိယာဒံ၊ မရိယာဒအဝဓိသည်။ ကြိယံ၊ ကြိယာကို။ ဗဟိကတွာ၊ အပပြု၍။ ပဝတ္တတိ၊ ဖြစ်၏။ ယထာကိ ၊ အဘယ်ကဲ့သို့နည်း။ အာပါဋလိပုတ္တံ ဝုဋ္ဌော ဒေဝေါတိယထာ၊-ဒေဝေါဟူသည်ကဲ့သို့တည်း။ ပန၊ အတိုတပါးကိုဆိုဦးအံ့။ အဘိဝိဓိ၊ အဘိဝိဓိအဝဓိသည်။ ကြိယံ၊ ကြိယာကို။ ဗျာပေတွာ၊ နှံ့စေ၍။ ပဝတ္တတိ၊ ဖြစ်၏။ ယထာကိ ၊-နည်း။ အာဘာဝဂ္ဂံဘဂဝတော ယသော ပဝတ္တတီတိ ယထာ၊-ပဝတ္တတိ ဟူသည်ကဲ့သို့တည်း။

**ကောက်နုတ်ချက်** ... ကြိယာသည်သာ စင်စစ်အားဖြင့် အဝဓိကို အပပြု၍၎င်း, ပြန့်နှံ့၍၎င်း, ဖြစ်သင့်၏၊ ထိုသို့ပင် ဖြစ်သင့် သော်လည်း အပါဒါန်၏ လက္ခဏာကိုပြရာ ထိုထိုသဒ္ဒါကျမ်းကြီး၌ "အဘိဝိဓိလက္ခဏံ" ဟူ၍၎င်း, "ဇေတံအပါဒါန်ပရိစ္ဆေဒလက္ခဏံ" ဟူ၍၎င်း "အဝဓိလက္ခဏံ ကြိယာ မရိယာဒဘာဝေါ" ဟူ၍၎င်း ဆိုခြင်းကြောင့် မဓရွေ ခြင်းသဘောရှိသော ဘင် စသော အပါဒါန်သည် ကြိယာကိုအပပြုခြင်း, အတွင်းပြုခြင်းဖြစ်သင့်နိုင်ရကား- အဝဓိကိုကတ္တား, ကြိယာကိုကံအဖြစ်ဖြင့်ထား၍ သာရတ္ထဒီပနီဋီကာ, ဝိဘာဝိနီဋီကာ ဆရာတို့ မိန့်ဆိုကြောင်းကို ဆရာတော်ကြီးများအယူရှိကုန်၏။

မု.... ဤအာသဝါ ဟူသော ပုဒ်၌ အာသဒ္ဒါသည် အဘယ်အဝဓိ အနက်ရှိပါသနည်းဟုမေး။

ဖြေ....ဤ၌အာသဒ္ဒါသည် အဘိဝိဓိအဝဓိအနက်ရှိ၏ဟုဖြေ။

**ဤကား**....အယဉ္စ အာကာရော အဘိဝိဓိအတ္ထော ဣဓ ဂဟိတော တိ အန္တောကရဏတ္ထောတိ ဝုတ္တံ= ဟူသော မူလဋီကာနှင့် အညီတည်း။

ဣဓ၊ ဤအာသဝါ ဟူသော ပုဒ်၌။ အယဥ္စအာကာရော၊ ဤအာအက္ခရာကိုလည်း။ အဘိဝိဓိအတ္ထော၊ အဘိဝိဓိ အနက်ရှိ၏ဟူ၍။ ဂဟိတော၊ ယူအပ်၏။ဣတိ- တသ္မာ၊ ထို့ကြောင့်။ အန္တောကရဏတ္ထောတိ။ အန္တောကရဏ အနက်ရှိ၏ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာမိန့်မှာ အပ်၏။

**အနိပ္ပါယ်**....အာသဝါ ဟူသောပုဒ်၌ အာ-အက္ခရာသည် အာရုံပြုသည်၏ အစွမ်းအားဖြင့် အာသဝေါ တရားတို့၏ စီးသွားခြင်း ဖြစ်ခြင်း ကြီးယာသည့်ပိုင်းခြားရာ ဂေါတြဘူစိတ် တည်းဟူသော အဝဓိကိုအတွင်းပြု၍ပြန့်နှံ့လွှမ်းမိုးကျော်နင်းလျက်ဖြစ်၏။ဖြစ်ရာဌာန၏အစွမ်းအားဖြင့် အာသဝေါတရားတို့၏ ဖြစ်ခြင်းကြီးယာသည့် ပိုင်းခြားရာဘဝဂ်ဟုဆိုအပ်သောအဝဓိကိုပြန့်နှံ့လွှမ်းမိုးလျက်ဖြစ်၏။ ထို့ကြောင့် အဘိဝိဓိ ဝိသယ အဝဓိ အနက်ရှိ၏။ ထိုသို့ အဘိဝိဓိ ဝိသယ အဝဓိ အနက်ရှိကြောင်းကို အဋ္ဌကထာ၌ အန္တောကရဏတ္ထော-ဟု ဆိုသော စကားရပ်ကိုထောက်၍ သိနိုင်၏ဟူလို။

အာသဝ တရားကိုယ် သုံးပါးမှ တပါးသော ပရမတ္ထ တရားသည် နောအာသဝါမည်၏ဟုမှတ်။

## သာသဝဒုက်ကိုပြခြင်း။

မု....အဘယ်ကြောင့် "သာသဝ" မည်သနည်းဟုမေး။

ဖ....အာရုံ ပြုသည်၏ အစွမ်း အားဖြင့် အာသဝေါ တရားတို့နှင့် တကွဖြစ်သောကြောင့် "သာသဝ" မည်၏ဟုဖြေ။

အာသဝေဟိ သဟ ယေ ဝတ္တန္တီတိ သာသဝါ=ဟုတွဲစပ်။....အာသဝတရားတို့၏ အာရုံဖြစ်သော လောကီတရားရကို အရကောက်။

**ဤကား**....အတ္တာနံ အာရမဏံ ကတွာ ပဝတ္တေဟိ သဟ အာသဝေဟီတိ သာသဝါ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

အတ္တာနံ၊မိမိကိုယ်ကို။အာရမဏံ၊အာရုံကို။ကတွာ၊ပြု၍။ပဝတ္တေဟိ၊ ဖြစ်ကုန်သော။ အာသဝေဟိ၊ အာသဝေါ တရားတို့နှင့်။ သဟ၊ တကွ။ ဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။ဣတိ-တသ္မာ၊ထို့ကြောင့်။ သာသဝါ၊သာသဝ•မည်ကုန်၏။

အာသဝေါတရားတို့၏ အာရုံမဟုတ်သောကြောင့် လောကုတ္တရာတရားရသည် အနာသဝ မည်၏ဟုမှတ်။

## အာသဝသမ္ပယုတ္တဒုက်ကိုပြခြင်း။

မု....အဘယ်ကြောင့် "အာသဝသမ္ပယုတ္တ" မည်သနည်းဟုမေး။

ဖ....အာသဝေါ တရားတို့နှင့် ယှဉ်သောကြောင့် "အာသဝ သမ္ပယုတ္တ" မည်၏ဟုဖြေ။

78-28

အာသဝေဟိ သမ္ပယုတ္တာတိ အာသာဝသမ္ပယုတ္တာ= ဟုတွဲစပ်။.... အကုသိုလ်စိတ် ၁၂ခုသ ဒေါသမူဒွေ မောဟမူဒွေ၌ မောဟ ကြဉ်သော စေတသိက် သတ္တဝိသကို အရကောက်။

အာသဝေါတရား သုံးပါးနှင့် မယှဉ်သောကြောင့် ကုသိုလ် ဝိပါက် ကြိယာဝိတ္တုပ္ပါဒ်-ဒေါသမူ-မောဟမူဒွေ၌ မောဟ-ရုပ်-နိဗ္ဗာန်တို့သည် အာသဝဝိပ္ပယုတ္တ မည်ကုန်၏ဟုမှတ်။

**အာသဝဂေါစ္ဆကဒ္ဒွဲပုံအချက်များ။**
**ရှေးဦးစွာသရုပ်မြင်စေရန်ပုဒ်စုကား။**

ပ (၁)...အာသဝါအရ။ (၂)... နောအာသဝါအရ။

ဒု (၁)....သာသဝါအရ။ (၂)....အနာသဝါအရ။

တ (၁)....အာသဝသမ္ပယုတ္တအရ။ (၂)....အာသဝဝိပ္ပယုတ္တအရ။

ဤ-၆-ပုဒ်တို့၏ အရ သရုပ်ကို-ကျေမွအောင် မြင်စေရမည်။ ၎င်းနောက် ပထမဒုက်ကို ဒုတိယ ဒုက်၏ ပထမဒုက်နှင့် တွဲစပ်၍ ခွဲရမည်။

**ခွဲပုံကား။**

၁ ...အာသဝလည်းမည်, အာသဝ၏အာရုံလည်းဖြစ်သောတရား တချက်။

၂....အာသဝ၏ အာရုံသာ ဖြစ်၍, အာသဝ မမည်သော တရား တချက်။ဤသို့အားဖြင့်- ၂-ချက်ခွဲ၍ ကောက်တတ်စေရမည်။

**ကောက်ပုံကား။**

၁...အချက်အရ – လောဘ–ဒိဋ္ဌိ–မောဟ-အာသဝ တရားကိုယ် သုံးပါးကိုကောက်။

ဤအချက်အရကား–အာသဝ သာသဝ စတုတ္ထဒုက်၌ "အာသဝါ စေဝဓမ္မာ,သာသဝါစ" ဟူသော ပထမပုဒ်အရ ဖြစ်သတည်း။

၂....အချက်အရ–အာသဝ တရားကိုယ် သုံးပါးကြဉ် လောကီ တရားဗုကိုကောက်။

ဤအချက်အရကား–၎င်းစတုတ္ထဒုက်၌ "သာသဝါစေဝဓမ္မာနောစ

အာသဝါ”ဟူသော ဒုတိယပုဒ်အရဖြစ်သတည်း။ ။[ဤစတုက္ကဒုက်၌ အနာသဝါအရကို ဒုက်မှတ်ထုတ်။]

ဤကား–အာသဝသာသဝစတုက္ကဒုက်ဖြစ်ပုံတည်း။

ငင်းနောက် ပဌမဒုက်ကို တတိယဒုက်၏–ပဌမ ပုဒ်နှင့် တွဲစပ်၍ ခွဲရမည်။

**ခွဲပုံကား။**

၁....အာသဝ လည်းမည်, အာသဝနှင့်လည်း ယှဉ်သော တရားတချက်။

၂....အာသဝနှင့်သာယှဉ်၍,အာသဝမမည်သော တရားတချက်။ ဤသို့အားဖြင့်– ၂–ချက်ခွဲ၍ကောက်တတ်စေရမည်။

**ကောက်ပုံကား။**

၁....အချက်အရ–လောဘမူစိတ်၌ အာသဝ တရားကိုယ် သုံးပါးကိုကောက်။

ဤအချက်အရကား–အာသဝအာသဝသမ္ပယုတ္တပဉ္စမဒုက်၌ “အာသဝါစေဝ၀ေမ္ဗာ, အာသဝသမ္ပယုတ္တာစ” ဟူသော ပဌမပုဒ်အရ ဖြစ်သတည်း။

၂....အချက်အရ–အာသဝ တရားကိုယ် သုံးပါးကြဉ် အကုသိုလ်စိတ္တုပ္ပါဒ်ကိုကောက်။

ဤအချက်အရကား–ငင်းပဉ္စမဒုက်၌ “အာသဝ သမ္ပယုတ္တာ စေဝ ၀ေမ္ဗာ,နောစအာသဝါ”ဟူသောဒုတိယပုဒ်အရဖြစ်သတည်း။ ။ဤပဉ္စမဒုက်၌ အာသဝဝိပ္ပယုတ္တအရကို ဒုက်မှတ်ထုတ်။

ဤကား–အာသဝအာသဝသမ္ပယုတ္တ ပဉ္စမဒုက်ဖြစ်ပုံတည်း။

ငင်းနောက် တတိယဒုက်၏ ပဌမဒုက်ကိုဒုတိယဒုက်နှင့် တွဲစပ်၍ ခွဲရမည်။

**ခွဲပုံကား။**

၁....အာသဝနှင့် မယှဉ်, အာသဝ၏ အာရုံသာ ဖြစ်သော တရားတချက်။

၂....အာသဝနှင့်လည်းမယှဉ်, အာသဝ၏အာရုံလည်းမဖြစ်သော တရားတချက်။ဤသို့အားဖြင့်–၂–ချက်ခွဲ၍ကောက်တတ်စေရမည်။

## ကောက်ပုံကား။

၁....အချက် အရ- လောကီ-ကု-ဝိ-ကြိယာ စိတ္တုပ္ပါဒ်၊ ဒေါသမူ မောဟမူ၌ မောဟ-ရုပ်တို့ကို ကောက်။....ဤအချက် အရကား-အာသဝဝိပ္ပယုတ္တ သာသဝ ဆဋ္ဌဒုက်၌ "အာသဝ ဝိပ္ပယုတ္တာခေါပနဓမ္မာ, သာသဝါပိ"ဟူသော ပထမပုဒ်အရ ဖြစ်သတည်း။

၂....အချက်အရ-လောကုတ္တရာစိတ္တုပ္ပါဒ်-နိဗ္ဗာန်ကိုကောက်။ ...ဤအချက်အရကား-ငင်းဆဋ္ဌဒုက်၌"အာသဝ ဝိပ္ပယုတ္တာ ခေါပနဓမ္မာ, အနာသဝါပိ"ဟူသော ဒုတိယပုဒ်အရ ဖြစ်သတည်း။....ဤဆဋ္ဌဒုက်၌ အာသဝသမ္ပယုတ္တအရကို ဒုက်မှတ်ထုတ်။

ဤကား-အာသဝဝိပ္ပယုတ္တသာသဝဆဋ္ဌဒုက်ဖြစ်ပုံတည်း။

**စကားချပ်**....ဟေတုဂေါစ္ဆကဋ္ဌ-မိဿကဒုက်-၁၆-ဒုက် ပါဠိအတိုင်းနည်းမှီး၍ခွဲကောက်လေ။....နောက်နောက်ဂေါစ္ဆကတို့၌လည်း နည်းတူခွဲ၍ကောက်လေကုန်။

## ဟေတုအာသဝဆဋ္ဌဒုက်ချင်းမတူဟန်ကိုပြခြင်း။

**ပု**....ဟေတုဂေါစ္ဆက အဆုံးဒုက်ကို "နဟေတုခေါပနဓမ္မာ"ဟူ၍ ဟောတော်မူအပ်သကဲ့သို့၊အာသဝဂေါစ္ဆက၏ အဆုံးဒုက်ကို "နောအာသဝါ ခေါပန ဓမ္မာ" ဟူ၍ မဟော ပါဘဲ၊ အဘယ်ကြောင့် "အာသဝဝိပ္ပယုတ္တာခေါပနဓမ္မာ"ဟူ၍ ဟောတော်မူအပ်သနည်းဟုမေး။

**ဝိ**....သဟေတုက တရားတို့သည် သမ္ပယုတ် ဖြစ်သော ဟိတ်တို့နှင့် အတူတကွ ဖြစ်သကဲ့သို့၊ အာသဝ၏ အာရုံ ဖြစ်ကုန်သော သာသဝ တရားတို့သည် အာသဝ တရားတို့နှင့် အတူ တကွ မဖြစ်ကုန်ဟု အထူးကို ပြလို သောကြောင့် ဟေတု ဂေါစ္ဆက အဆုံးကဲ့သို့ မဟောပါဘဲ၊အထူးပြု၍ဟောတော်မူ၏ဟုဖြေ။

**ဤကား**....နောအာသဝါခေါပနာတိ အဝတွာ အာသဝဝိပ္ပယုတ္တာ ခေါပနာတိ ဝစနံ သာသဝါနံ သဟေတုကာနံဝိယ သမ္ပယုတ္တေ ဟိ တံ သဟိဘာဘာ နဟောတိတိ ဒဿနတ္ထံ= ဟူသော မူလ ဋီကာနှင့် အညီတည်း။

နောအာသဝါခေါပနာတိ– ပနဟူ၍။ အဝတ္တွာ၊ မဟောမူ၍။ အာသဝဝိပ္ပယုတ္တာခေါပနာတိ–ပနဟူ၍။ဝစနံ၊ ဟောတော်မူခြင်းသည်။ သဟေတုကာနံ၊ သဟိတ်တရားတို့၏။ တံသဟိတတာ၊ ထိုဟိတ်တို့နှင့်တကွဖြစ်သည့်၏အဖြစ်သည်။ ဟောတိဝိယ၊ ဖြစ်၏သို့။ တထာ၊ ထို့အတူ။ သာသဝါနံ၊ သာသဝတရားတို့၏။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ်ဖြစ်ကုန်သော အာသဝ တရားတို့ဖြင့်။ တံသဟိတတာ၊ ထိုအာသဝတရားတို့နှင့်တကွ ဖြစ်သည့်၏ အဖြစ်သည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။ ဝါ၊ အနက်အထူးကိုပြခြင်းအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

**လိုရင်း**….အာသဝသုံးပါးနှင့်ယှဉ်သောတရားသည်သာ သာသဝမည်သည်မဟုတ်၊ အာသဝနှင့် မယှဉ်သော လောကီ တရားရသည်လည်း သာသဝမည်သေး၏ ဟူသော အနက်အထူးကို ပြခြင်းအကျိုးငှါ ဟေတုဂေါစ္ဆကကဲ့သို့ မဟောဟူလို။

**ဝိ**….နောအာသဝါခေါပနဓမ္မာ,သာသဝါပိ–ဟူသော ဤပုဒ်သည် အာသဝဂေါစ္ဆက စတုတ္ထဒုက်၏-သာသဝါစေဝဓမ္မာ,နောစအာသဝါ– ဟူသော ဒုတိယ ပုဒ်နှင့် အရ မထူးသောကြောင့် "အာသဝဝိပ္ပယုတ္တာခေါပနဓမ္မာ"– ဟူ၍ ဟောတော် မူ၏ဟုလည်းတနည်းဖြေ။

**ဤကား**…. အပိစ နောအာသဝါ ခေါပနဓမ္မာ သာသဝါ ပိတိဏ္ဏံပဒံ စတုတ္ထဒုကေ ဒုတိယပဒေန နိန္နာနံ၊ နစ ဧကေန ဒုကော ဟောတိ။ တသ္မာ အာသဝဝိပ္ပယုတ္တာခေါပနပဒမေဝ ဂဟေတွာ ဩသာနဒုကယောဇနာ ဉာယာဂတာတိ ကတာ= ဟူသော မူလဋီကာနှင့်အညီတည်း။

အပိစ၊ နည်းတပါးဆိုဦးအံ့။ နောအာသဝါခေါပနဓမ္မာ, သာသဝါပိတိဏ္ဏံပဒံ၊ သာသဝါပိဟူသော ဤပုဒ်သည်။ စတုတ္ထဒုကေ၊ စတုတ္ထဒုက်၌။ ဒုတိယပဒေန၊ ဒုတိယပုဒ်နှင့်။ နိန္နာနံ၊မထူး။ စ၊ဆက်၍ဆိုဦးအံ့။ ဧကေန၊ ပုဒ်တခုတည်းဖြင့်။ ဒုကော၊ ဒုက်သည်။ နဟောတိ၊ မဖြစ်နိုင်။ တသ္မာ၊ ထို့ကြောင့်။ အာသဝဝိပ္ပယုတ္တာခေါပနပဒမေဝ၊ အာသဝဝိပ္ပယုတ္တာခေါပန ဟူသော ပုဒ်ကိုသာလျှင်။ ဂဟေတွာ၊ ယူ၍။ ဩသာနဒုကယောဇနာ၊ အဆုံးဒုက်နှင့် ယှဉ်ခြင်းသည်။ ဉာယာ၊ အသင့်အား

ဖြင့်။ ဂဘာ၊ ဖြစ်၏။ ဉတိ၊ ဤသို့။ ကတာ၊ ပြုတော်မူအပ်၏။ ။[ဝိပ္ပယုတ္တပုဒ်တို့နှင့်တွဲစပ်သော နောက်နောက်သောဂေါစ္ဆကတို့၌လည်း, နည်းမှီး၍သိလေကုန်။] ။

မု....အာသဝဂေါစ္ဆကဆဋ္ဌဒုက်ကို ဟောတော်မူသကဲ့သို့၊ ဟေတုဂေါစ္ဆကဆဋ္ဌဒုက်ကို အဘယ်ကြောင့် မဟောပါသနည်းဟုမေး။

ဖြေ....ဟိတ်နှင့် မယှဉ်ကုန်သော ဟေတုဝိပ္ပယုတ် တရားတို့သည် ဟိတ်ရှိသော သဟေတုက အဖြစ် မရှိခြင်းကြောင့် အာသဝဂေါစ္ဆက၌ကဲ့သို့ဟောတော်မမူဟုဖြေ။

အာသဝဂေါစ္ဆကပြီး၏။

---

## သံယောဇနဂေါစ္ဆကကိုပြဆိုချက်။
## သံယောဇနဒုက်ကိုပြခြင်း။

မု ...အဘယ်ကြောင့် "သံယောဇန" မည်သနည်းဟုမေး။

ဖြေ.... သတ္တဝါ တို့ကို ဝဋ်သုံးပါး၌ ဖွဲ့ချည် တတ်သော ကြောင့် "သံယောဇန" မည်၏ဟုဖြေ။

ဝဋ္ဋသ္မိံ သံယောဇေန္တိ ဗန္ဓေန္တီတိ သံယောဇနာနိ= ဟုပြ။ .... လောဘ-ဒေါသ-မာန-ဒိဋ္ဌိ-ဝိစိကိစ္ဆာ-ဣဿာ-မစ္ဆရိယ-မောဟ ဟုဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈ပါးကို အရကောက်။.... [ဤ၌အဘိဓမ္မာသံယောဇဉ်ကိုယူ၍ ၈ပါးဖြစ်သည်ဟုမှတ်]။

**မှတ်ရန်**....လော-ဒေါ-မာ-ဒိဋ်၊ ဝိစိ-ဣဿာ၊မစ္ဆေရ၊မောဟာ-
သံယော၈စ်။
အဘိဓမ္မာ၊ သံယောသာ၊ ယူရာသရုပ်ဖြစ်။

**လိုရင်း**....ဝဋ်သုံးပါး၌ဖွဲ့ချည်၏ဟူသည် ကိလေသာဝဋ်ကမ္မဝဋ် ဝိပါကဝဋ် သုံးပါး၏ အကြောင်းဖြစ်သည် ဆိုလို၏။....ဝါ၊ ဝဋ်သုံးပါး အားကျေးဇူးပြုသည်ကိုဆိုလို၏။.... ဝဋ်သုံးပါး၌ ယှဉ်စေခြင်း ဖွဲ့ချည်ခြင်း ဗျာပါရကိုဆိုသည်မဟုတ်ဟုမှတ်။

**ဤကား**.... ကိလေသကမ္မဝိပါကဝဋ္ဋာနံ ပစ္စယဘာဝေန တဗ္ဗံ သံယောဇေန္တိ=ဟူသော မူလဋီကာနှင့်အညီတည်း။

ကိလေသကမ္မဝိပါကဝဋ္ဋာနံ၊ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တို့၏။ ပစ္စယဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်။ တတ္ထ၊ ထိုဝဋ်သုံးပါး၌။ သံယောဇနန္တိ၊ ယှဉ်ကုန်၏။ ဂါ၊ ယှဉ်စေကုန်၏။

**အဓိပ္ပါယ်**....ကာမရာဂစသည်တို့၌ စေ့ခိုင်းတိုက်တွန်းခြင်း ဗျာပါရစသည် မရှိငြားသော်လည်း သံယောဇဉ် မကင်းသည်ရှိသော် ဝဋ်သုံးပါး၌အမြဲကျင်လည်ရသောကြောင့် "ဘိက္ခာ-ဘိက္ခုံဝသာပေတိ" ၌ကဲ့သို့ ဝဋ်သုံးပါး၌ယှဉ်စေ၏ဟုဆိုရသည်ဟူလို။

မု....ဝဋ်သုံးပါး၏ အကြောင်းဖြစ်သောကြောင့် သံယောဇဉ်မည်၏ဟု ဆိုအပ်သည် ရှိသော်- ကိလေသာတရား အဘိသင်္ခါရတရား တို့လည်း ဝဋ်သုံးပါး၏ အကြောင်း ဖြစ်သောကြောင့် "သံယောဇဉ်" မည်သင့်ကုန်သည် မဟုတ်ပါလောဟုမေး။

**ဝိ**....ကိလေသာ အဘိသင်္ခါရ တရားတို့သည် ဝဋ်သုံးပါး၏ အကြောင်းဖြစ်ငြား သော်လည်း-ကာမရာဂစသော သံယောဇဉ်နှင့်ကင်း၍အကြောင်းမဖြစ်နိုင်ခြင်းကြောင့် "သံယောဇဉ်" ဟူသော အမည်ကိုမရဟုဖြေ။

**ဤကား** ...သတိပိ အညေသံ တပ္ပစ္စယဘာဝေန ဝိနာ သံယောဇနာနိ တေသံ တပ္ပစ္စယဘာဝေါ အဘာဝါ=ဟူသော မူလဋီကာနှင့်အညီတည်း။

အညေသံ၊ သံယောဇဉ်မှတပါးကုန်သော ကိလေသာ အဘိသင်္ခါရ စသောတရားတို့၏။ တပ္ပစ္စယဘာဝေ၊ ထိုဝဋ်သုံးပါး၏ အကြောင်း၏အဖြစ်သည်။ သတိပိ၊ ရှိငြားသော်လည်း။ သံယောဇနာနိ၊ သံယောဇဉ်တို့ကို။ ဝိနာ၊ ကြဉ်၍။ တေသံ၊ ထိုကိလေသာ အဘိသင်္ခါရ စသည်တို့၏။ တပ္ပစ္စယဘာဝေါ၊ ထိုဝဋ်သုံးပါး၏ အကြောင်း၏ အဖြစ်သည်။ နအတ္ထိ၊ မရှိနိုင်။

သံယောဇဉ်တရားကိုယ်ရှစ်ပါးမှတပါး- ဝိတ်၊ စေ-၄၄၊ရုပ်နိဗ္ဗာန်တို့သည် "နောသံယောဇဉ်" မည်ကုန်၏။

နေဝသံယောဇနာတိနောသံယောဇနာ=ဟုတွဲစပ်။

**သံယောဇနီယဒုက်ကိုပြခြင်း။**

မု... အဘယ်ကြောင့် "သံယောဇနီယ" မည်သနည်းဟုမေး။

**ဝိ**....အာရုံ၏ အဖြစ်ဖြင့် သံယောဇဉ်တို့၏ အစီးအပွါး ဖြစ်သော ကြောင့် "သံယောဇနိယ" မည်၏ဟုဖြေ။

သံယောဇနာနံ ဟိတာတိ သံယောဇနိယာ= ဟုပြု။.... လောကီ စိတ်–စေတသိက်–ရုပ်တို့ကိုအရကောက်။

**ဤကား**....အာရမဏဘာဝံ ဥပဂတ္တာ သံယောဇနသမ္ဗန္ဓေန သံ ယောဇနာနံ ဟိတာတိ သံယောဇနိယာ၊ သံယောဇနသာ အာ ရမဏပစ္စယဘူတာနံ ဧတံ အဓိဝစနံ= ဟူသော အဋ္ဌကထာ နှင့်အညီတည်း။

အာရမဏဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဥပဂတ္တာ၊ ကပ်ရောက်၍။ သံယောဇနသမ္ဗန္ဓေန၊ သံယောဇဉ်တို့နှင့် စပ်သဖြင့်။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ဟိတာ၊ အစီးအပွါးတို့တည်း။ ဣတိ-တသ္မာ၊ ထို့ ကြောင့်။ သံယောဇနိယာ၊ သံယောဇနိယ မည်ကုန်၏။ ဧတံ၊ ဤသံ ယောဇနိယ ဟူသော အမည်သည်။ သံယောဇနသာ၊ သံယောဇဉ်၏။ အာရမဏပစ္စယဘူတာနံ၊ အာရုံပစ္စည်းဖြစ်၍ ဖြစ်ကုန်သော လောကီ တရားတို့၏။ အဓိဝစနံ၊ အမည်တည်း။

**ဝိ** .... သံယောဇဉ် တရား တို့သည် ယှဉ်စေ အပ်သော ကြောင့် "သံယောဇနိယ" မည်၏ဟူ၍လည်းဖြေ။

သံယောဇနေဟိ သံယောဇေတဗ္ဗာတိ သံယောဇနိယာ=ဟုပြု။.... ရှေးအတိုင်းပင် အရကောက်။....ဤ၌ အာရုံပြုသောအားဖြင့် ယှဉ်စေ အပ်သည်ဟုယူလေ။....နိယုတ္တတဒ္ဓိတ်လည်းပြု။

လောကုတ္တရာစိတ်–၄င်းစေတသိက်–နိဗ္ဗာန်တို့သည် "အသံယော ဇနိယ" မည်ကုန်၏။

နသံယောဇနိယာတိအသံယောဇနိယာ=ဟုဝစနတ္ထပြု။

**သံယောဇနသမ္ပယုတ္တဒုက်ကိုပြခြင်း။**

သံယောဇဉ်တို့နှင့် အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ ဖြင့် ယှဉ်သောကြောင့်–အကုသိုလ်စိတ် ၁၂ဒသ–ဥဒ္ဓစ္စသဟဂုတ် စိတ်၌ မောဟကြဉ် စေတသိက် သတ္တဝီသ သည် "သံယောဇန သမ္ပယုတ္တ" မည်၏။

သံယောဇဉ် တို့နှင့် ဧကုပ္ပါဒ စသော အပြား တို့ဖြင့် မယှဉ်ခြင်း ကြောင့် ကုသိုလ်-ဝိပါက်-ကြိယာ-စိတ္တုပ္ပါဒ်, ဥဒ္ဓစ္စ သဟဂုတ် စိတ်၌ မောဟ,ရုပ်,နိဗ္ဗာန်တို့သည်"သံယောဇနဝိပ္ပယုတ္တ"မည်ကုန်၏။ ။[အာသဝဂေါစ္ဆကကဲ့သို့ မိဿကဒုက်တို့ကို ခွဲ၍ကောက်။]

သံယောဇနဂေါစ္ဆကပြီး၏။

---

**ဂန္ထဂေါစ္ဆကကိုပြဆိုချက်။**
**ဂန္ထဒုက်ကိုပြခြင်း။**

**မေး**....အဘယ်ကြောင့် "ဂန္ထ" မည်သနည်းဟုမေး။

**ဖြေ**.... ဝဋ်သုံးပါး၌ သတ္တဝါ များကို ဖွဲ့ထားသောကြောင့် "ဂန္ထ" မည်၏ဟုဖြေ။

ဝဋ္ဋသ္မိံ ဂန္ထေန္တီတိ ဂန္ထာ=ဟု ဝစနတ္ထပြု။.... လောဘ-ဒေါသ ဒိဋ္ဌိ-ဟု ဆိုအပ်သော ဂန္ထတရားကိုယ် သုံးပါးကိုကောက်။

**အဓိပ္ပါယ်** .... လောဘ- ဒေါသ- ဒိဋ္ဌိ- မကင်း သေးသော ပုဂ္ဂိုလ် သတ္တဝါကို ၎င်းလောဘစသောတရားသုံးပါးသည် ဝဋ်သုံးပါး၌ ဂုတိ ပဋိသန္ဓေ အားဖြင့် အဖန်တလဲလဲ ဖြစ်ရ လေအောင် ချည်နှောင် ထား တတ်၏။ထို့ကြောင့် ဂန္ထ မည်၏ဟူလို။

**ဤကား** .... ယဿ သံဝိဇ္ဇန္တိ၊ တံ ဂုတိပဋိသန္ဓိဝသေန ဝဋ္ဋသ္မိံ ဂန္ထေန္တိ ဃဋေန္တီတိ ဂန္ထာ= ဟူသော အဋ္ဌကထာနှင့် အညီ တည်း။

ယေဓမ္မာ၊ အကြင် တရားတို့သည်။ ယဿ၊ အကြင် ပုဂ္ဂိုလ်အား။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။တံ၊ထိုပုဂ္ဂိုလ်ကို။ဂုတိပဋိသန္ဓိဝသေန၊ဂုတိပဋိသန္ဓေ၏အစွမ်းဖြင့်။ဝဋ္ဋသ္မိံ၊ဝဋ်သုံးပါး၌။ဂန္ထေန္တိ ဃဋေန္တိ၊ထုံးဖွဲ့ချည်နှောင် တတ်ကုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ ဂန္ထာ၊ဂန္ထတို့ မည်ကုန်၏။

ထုံးဖွဲ့ခြင်းကို မပြုတတ်သောကြောင့် စိတ်–ဂန္ထတရားကိုယ် သုံးပါးမှ တပါးသော စေတသိက်-ရုပ်-နိဗ္ဗာန် တို့သည် "နောဂန္ထ" မည်

ကုန်၏ ဟုမှတ်။....[ကျယ်အံ့စိုး၍ အမျိုးမျိုး မဆိုတော့ပြီ၊ အကျယ်ကို လိုက ဋီကာကျော် စသည်တို့မှ ယူလေ။]

## ဂန္ထနိယဒုက်ကိုပြခြင်း။

ပု....အဘယ်ကြောင့် "ဂန္ထနိယ" မည်သနည်းဟုမေး။

ဝိ....အာရုံပြုသည်၏ အစွမ်းအားဖြင့် ဂန္ထတရားသည် ထုံးဖွဲ့အပ် သောကြောင့် "ဂန္ထနိယ" မည်၏ဟုဖြေ။

ဂန္ထေဟိ ဂန္ထိတဗ္ဗာတိ ဂန္ထနိယာ=ဟု ဝစနတ္ထပြု။....ဂန္ထတရား ကိုယ်သုံးပါး၏ အာရုံဖြစ်သော လောကီတရားရကို အရကောက်။

ဂန္ထိယတေ ဂန္ထနံ၊-ဂန္ထနေ နိယုတ္တာတိ ဂန္ထနိယာ=ဟူ၍လည်း တနည်းပြု။... ထုံးဖွဲ့ ခြင်းကို ပြုခြင်း၌ ယှဉ်သောကြောင့် လောကီ တရားရသည် "ဂန္ထနိယ" မည်၏ဟူလို။

ဂန္ထယိတုံ သက္ကုဏေယျာတိ ဂန္ထနိယာ= ဟူ၍လည်း တနည်း ပြု။ .. ထုံးဖွဲ့ ခြင်းငှါ စွမ်းနိုင် သောကြောင့် လောကီ တရားရသည် "ဂန္ထနိယ" မည်၏ဟူလို။

ဂန္ထယိတုံ အရဟန္တိတိ ဂန္ထနိယာ= ဟူ၍လည်း တနည်းပြု။.... ထုံးဖွဲ့ခြင်းငှါ ထိုက်သောကြောင့် လောကီ တရားရ သည်ပင် "ဂန္ထနိ ယ" မည်၏ဟူလို။ ။[ဤနောက်သုံးပါးကား-မူလဋီကာ၌ လာသော နည်းတည်း။]

ဂန္ထတရားတို့သည် မထုံးဖွဲ့အပ်ကုန်သောကြောင့် လောကုတ္တရာ ဓိတ္တုပ္ပါဒ် နိဗ္ဗာန်တို့သည် "အဂန္ထနိယ" မည်ကုန်၏ဟုမှတ်။

## ဂန္ထသမ္ပယုတ္တဒုက်ကိုပြခြင်း။

ဂန္ထတရားတို့နှင့်အညီအညွတ် ကေပ္ပါဒအစရှိသော အပြားတို့ဖြင့် ယှဉ်သောကြောင့် လောဘမူ ၈စ်ရ ဒေါသမူနှေ-ဒိဋ္ဌိဂတဝိပ္ပယုတ်၌ လောဘ-ဒေါသမူ၌ဒေါသ-ဝိစိကိစ္ဆာကြဉ်-စေ-ပဋ္ဌိသသည် "ဂန္ထ သမ္ပယုတ္တ" မည်၏။

ဂန္ထ တရားတို့နှင့် ကေပ္ပါဒ စသော အပြား တို့ဖြင့် မယှဉ်သော ကြောင့် မောဟမူနှေ ကုသိုလ်-ဝိပါက်-ကြိယာ လောဘ-ဒိဋ္ဌိ-မာန- ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ-ထိန-မိဒ္ဓ-ကြဉ်-စေ-သတ္တ စတ္တာ

ဃီသ,ဒိဋ္ဌိဂတဝိပ္ပယုတ်၌ လောဘ, ဒေါသမူလ၌ ဒေါသ, ရုပ်, နိဗ္ဗာန်, တို့သည် "ဂန္ထဝိပ္ပယုတ္တ" မည်ကုန်၏။ ။[မိဿကဒုက်တို့ကိုအာသဝဂေါစ္ဆကအတိုင်းခွဲကောက်။]

ဂန္ထဂေါစ္ဆကပြီး၏။

---

## ဩဃဂေါစ္ဆကကိုပြဆိုချက်။
## ဩဃဒုက်ကိုပြခြင်း။

မု....အဘယ်ကြောင့် "ဩဃ" မည်သနည်းဟုမေး။

**ဖြေ**....ဝဋ်သုံးပါး၌ သတ္တဝါအများကိုနစ်မွှမ်းစေတတ်သောကြောင့် "ဩဃ" မည်၏ဟုဖြေ။

ဝဋ္ဋသ္မိံ အဝဟနန္တိ ဩသီဒါပေန္တီတိ ဩဃာ=ဟုဝစနတ္ထပြု။....လောဘ-ဒိဋ္ဌိ-မောဟ-ဟု ဆိုအပ်သော ဩဃတရားကိုယ် သုံးပါးကိုကောက်။

**ဖြေ**....ရေအလျင်နှင့်တူသောကြောင့်"ဩဃ"မည်၏ဟူ၍လည်းဖြေ။

အဝဟရန္တီတိ ဩဃာ=ဟု ဝစနတ္ထပြု။....လွှမ်းမိုး၍ဆောင်တတ်သောကြောင့် ရေအလျင်သည် "ဩဃ" မည်၏။

**အဓိပ္ပါယ်**....ရေအလျင်ဟူသည် မိမိ၌ကျရောက်သောသတ္တဝါ သင်္ခါရဟူသမျှကို လွှမ်း၍ အောက်သို့ ရောက်အောင် ဆောင်တတ်၏ ဟူလို။

အဝဟနန္တိ ဩသီဒါပေန္တီတိ ဩဃာ= ဟူ၍လည်း တနည်းပြု။ နစ်မွှမ်းစေတတ်သောကြောင့် ရေအလျင်သည် ဩဃမည်၏။

**. အဓိပ္ပါယ်**....ရေအလျင်သည် မိမိ၌ကျရောက်လာသော သတ္တဝါ သင်္ခါရဟူသမျှကို နစ်မြုပ်၍နစ်မွှမ်းစေတတ်၏ဟူလို။

**ဤကား**...ဩတ္ထရိတ္ဗာ ဟရဏတော ဩဟနနတောဝါ ဟေဋ္ဌာကတွာ ဟနနတော ဩသီဒါပနတော ဩဃောတိ ဝုစ္စတိ, ဇလပ္ပဝါဟော=ဟူသော ဋီကာကျော်နှင့် အညီတည်း။

ဩတ္ထရိတွာ၊လွှမ်းမိုး၍။ဟရဏတော၊ဆောင်တတ်သောကြောင့်။ ပါ၊တနည်းကား။ဩဟနနတော-ဟေဋ္ဌာကတွာဟနနတော၊ အောက်

သို့ပြု၍ နှစ်မွှမ်း စေတတ်သောကြောင့်။ ဇလပ္ပဝါဟော၊ ရေအလျင်ကို။ ဩဃေဟောတိ၊ ဩဃဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဩဃသာဝိယာတိ ဩဃသာ=ဟုပြု။....ဩဃသုံးပါးကိုအရကောက်။

**အဓိပ္ပါယ်** ...ရေအလျင်သည် မိမိ၌ကျရောက်လာသော သတ္တဝါ သင်္ခါရကို လွှမ်းမိုး နှိပ်စက်၍ ဆောင်သကဲ့သို့ငင်း, နှစ်မြုပ်၍ နှစ်မွှမ်း စေသကဲ့သို့ငင်း၊ ထို့အတူ လောဘစသော တရားသုံးပါးသည် သတ္တဝါ သင်္ခါရတို့ကို ဝဋ်သုံးပါး၌ ဆောင်တတ်,နှစ်မွှမ်းစေတတ်၏ဟူလို။

ဝဋ်သုံးပါး၌ သတ္တဝါ အများကို မနှစ်မွှမ်း စေတတ် သောကြောင့် ဩဃတရားကိုယ် သုံးပါးမှ တပါးသော-စိတ်, စေ, ရုပ်, နိဗ္ဗာန်သည် "နောဩဃ" မည်၏။

## ဩဃနိယဒုက်ကိုပြခြင်း။

မု... အဘယ်ကြောင့် "ဩဃနိယ" မည်သနည်းဟုမေး။

ဝိ....အာရုံပြုသော အားဖြင့် ဩဃတရားတို့သည် လွှန်ကြူးကျော်နင်းအပ်သောကြောင့် "ဩဃနိယ" မည်၏ဟုဖြေ။

ဩဃေဟိ အတိက္ကမိတဗ္ဗာတိ ဩဃနိယာ=ဟုဝစနတ္ထပြု။....ဩဃတရားတို့၏ အာရုံဖြစ်သော လောကီတရားဝကို အရကောက်။

**ဤကား**....အာရမဏံ ကတွာ အတိက္ကမနိယတော ဩဃေဟိ အတိက္ကမိတဗ္ဗာတိ ဩဃနိယာ၊ဩဃာနံ အာရမဏဘူတာဓမ္မာဝေဝေဒိတဗ္ဗာ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

အာရမဏံ၊ အာရုံကို။ ကတွာ၊ ပြု၍။ အတိက္ကမနိယတော၊ လွှန်ကြူးအပ်သောကြောင့်။ ဩဃေဟိ၊ ဩဃတရားတို့သည်။ အတိက္ကမိတဗ္ဗာ၊ လွှန်ကြူးအပ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဩဃနိယာ၊ ဩဃနိယတို့မည်ကုန်၏။ ဩဃာနံ၊ ဩဃတရားတို့၏။ အာရမဏဘူတာဓမ္မာဝေ၊ အာရုံဖြစ်သော လောကီ တရားတို့ကို သာလျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဩဃတရားတို့သည် မလွှန်ကြူးအပ်သောကြောင့်-လောကုတ္တရာ စိတ္တ၊ စေတသိက်၊ နိဗ္ဗာန်တို့သည် "အနောဃနိယ" မည်ကုန်၏။

## ဩဃသမ္ပယုတ္တဒုက်ကိုပြခြင်း။

ဩဃတရားတို့နှင့် အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့်ယှဉ်သောကြောင့် "ဩဃသမ္ပယုတ္တ" မည်၏။.... ထိုမှ ပြန်သောအားဖြင့် "ဩဃဝိပ္ပယုတ္တ" ကိုသိလေကုန်။....အာသဝသမ္ပယုတ္တဒုက်အတိုင်းအရကောက်။.... [ဤဂေါစ္ဆကသည် အာသဝဂေါစ္ဆကနှင့်အရကောက်အလုံးပုံတူ၏ဟူ၍မှတ်။]

ဩဃဂေါစ္ဆကပြီး၏။

---

## ယောဂဂေါစ္ဆကကိုပြဆိုချက်။

## ယောဂဒုက်ကိုပြခြင်း။

ပု....အဘယ်ကြောင့် "ယောဂ" မည်သနည်းဟုမေး။

ဖြေ....ဝဋ်သုံးပါး၌ သတ္တဝါအများကို ယှဉ်စေတတ် သောကြောင့် "ယောဂ" မည်၏ဟုဖြေ။

ဝဋ္ဋသ္မိံ ယောဇေန္တီတိ ယောဂါ=ဟုဝစနတ္ထပြု။.... လောဘ-ဒိဋ္ဌိမောဟဟုဆိုအပ်သော ယောဂတရားကိုယ် သုံးပါးကိုကောက်။

ဝဋ်သုံးပါး၌ မယှဉ် စေတတ် သောကြောင့် ယောဂတရားကိုယ်သုံးပါးမှတပါး-စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့သည် "နောယောဂ" မည်ကုန်၏ဟုမှတ်။

## ယောဂနိယဒုက်ကိုပြခြင်း။

ပု....အဘယ်ကြောင့် "ယောဂနိယ" မည်သနည်းဟုမေး။

• ဖြေ....အာရုံပြုသောအားဖြင့်ယောဂတရားတို့သည် လွန်ကြူးကျော်နင်းအပ်သောကြောင့် "ယောဂနိယ" မည်၏ဟုဖြေ။

ယောဂေဟိ အတိက္ကမိတဗ္ဗာတိ ယောဂနိယာ= ဝစနတ္ထပြု။ ....ယောဂတရားတို့၏ အာရုံဖြစ်သော လောကီတရားစုကိုအရကောက်။

အာရုံပြုသောအားဖြင့်ယောဂတရားတို့သည် မလွန်ကြူးအပ်သောကြောင့် လောကုတ္တရာစိတ္တုပ္ပါဒ်- နိဗ္ဗာန်တို့သည် "အယောဂနိယ" မည်ကုန်၏ဟုမှတ်။

## ယောဂသမ္ပယုတ္တဒုက်ကိုပြခြင်း။

ယောဂသမ္ပယုတ္တဓမ္မ– ယောဂဝိပ္ပယုတ္တဓမ္မ တို့ကို– အာသဝသမ္ပယုတ္တဒုက် အတိုင်းပင် ကောက်။.... [ဤဂေါစ္ဆကလည်း အာသဝဂေါစ္ဆကနှင့်အရကောက်တူ၏။

## သံယောဇဉ်,ဂန္ထ,ယောဂ,သုံးပါးအထူးကိုပြခြင်း။

အဝေးသို့ သွားသော သတ္တဝါကို အလိုရှိသော အခါ ဆွဲငင်၍ ရအောင် အလိုရှိတိုင်း မသွားနိုင်အောင် ဖွဲ့ချည် ထားသော ကြိုးကဲ့သို့၊ ဝဋ်သုံးပါးမှ မထွက်ရအောင်ဖွဲ့ချည်ထားခြင်းသည် သံယောဇဉ်မည်၏။...ဘဝဂ်သို့ ရောက်နေစေကာမူ သံယောဇဉ်ကြိုး မပြတ်သေးက ဝဋ်မှမထွက်မြောက်နိုင်ဟုဆိုလို၏။

ထိတ်နှောင် စသော အဖွဲ့ကဲ့သို့၊ ဝဋ်သုံးပါးမှ မရွေ့ရှားမကင်းကွာနိုင်အောင် ထုံးဖွဲ့ထားခြင်းသည် ဂန္ထမည်၏။....တနည်း–သံခြေချင်း ခြေသုတ်ကြိုးဝန်းတို့၏ တကွင်းနှင့်တကွင်း တခုနှင့်တခု မပြတ်မကွာနိုင်အောင် ပြုသကဲ့သို့၊ ဝဋ်လက်စ မပြတ်မကွာအောင် မြဲစွာဖွဲ့နှောင်ထားခြင်းသည် ဂန္ထမည်၏။.... ရုတိပဋိသန္ဓေ အားဖြင့် ဖွဲ့ထုံးခြင်းကိုဆိုလို၏။

မျောက်နှံ့စေး-သစ်စေးတို့ကဲ့သို့ဝဋ်သုံးပါး၌ကပ်ငြိသည်၏အစွမ်းအားဖြင့်ယှဉ်စေခြင်းသည် ယောဂမည်၏။....ဤသို့ထူး၏ဟူလို။

**ဤကား**.... ဒူရဂတသာပိ အာကဍ္ဍနတော နိဿရိတုံ အပ္ပဒါနဝသေန ဗန္ဓနံ သံယောဇနံ၊ ဂန္ထကရဏံ, သင်္ခလိကစက္ကလကာနံ ဝိယ ပဋိဗန္ဓတာကရဏံဝါ ဂန္ထနံ ဂန္ထော၊ သံ သိလိသကရဏံ ယောဇနံ ယောဂေါတိ အယမေ တေသံ ဝိသေသောတိ ဝေဒိတဗ္ဗော=ဟူသော မူလဋီကာနှင့်အညီတည်း။

ဒူရဂတဿပိ၊ အဝေးသို့သွားသောသူကိုလည်း။ အာကဍ္ဍနတော၊ ဆွဲငင်တတ်သည်၏အဖြစ်ကြောင့်။ နိဿရိတုံ၊ ဝဋ်မှထွက်မြောက်ခြင်းငှါ။ အပ္ပဒါနဝသေန၊ မပေးသည်၏ အစွမ်းဖြင့်။ ဗန္ဓနံ၊ နှောင်ဖွဲ့ခြင်းသည်။ သံယောဇနံ၊ သံယောဇဉ်မည်၏။ ဂန္ထကရဏံ၊ ထုံးဖွဲ့ခြင်းကိုပြုခြင်းသည်။ ဂန္ထော၊ ဂန္ထမည်၏။ ဝါ၊ တနည်းကား။ သင်္ခလိကစက္ကလကာနံ၊ သံခြေချင်း ခြေသုတ် ကြိုးဝန်းတို့၏။ ဂန္ထနံဝိယ၊ ထုံးဖွဲ့ခြင်း

ကဲ့သို့။ ပဋိဃန္တတာကရဏံ၊ တခုသည့်တခုနှင့်စပ်ခြင်းကို ပြုခြင်းသည်။ ဂန္ထော၊ ဂန္ထမည်၏။ သံသိလိသကရဏံ၊ ငြိကပ်ခြင်းကိုပြုခြင်းဟူဆို အပ်သော။ ယောဇနံ၊ ယှဉ်ခြင်းသည်။ ယောဂေါ၊ ယောဂမည်၏။ ဉာတိ အယံ၊ ဤသည့်ကား။ ဧတေသံ၊ ထိုသုံးပါးတို့၏။ ဝိသေသော၊ အထူး တည်း။ ဉာတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ယောဂဂေါစ္ဆကပြီး၏။

---

## နီဝရဏဂေါစ္ဆကကိုပြဆိုချက်။
## နီဝရဏဒုက်ကိုပြခြင်း။

မှ....အဘယ်ကြောင့် "နီဝရဏ" မည်သနည်းဟုမေး။

ဖြ....ဈာန် ဝိပဿနာ မဂ် ဖိုလ်တို့၏ အစွမ်းအားဖြင့်ဖြစ်သောစိတ် ကိုတားမြစ် မွေးယှက် ပိတ်ဖုံး ကန့်ကွက် တတ်သောကြောင့် "နီဝရဏ" မည်၏ဟုဖြေ။

စိတ္တံ နီဝရန္တိ ပရိယောနန္ဓန္တီတိ နီဝရဏာနိ = ဝစနတ္ထပြု။ .... လောဘ-ဒေါသ-ထိန-မိဒ္ဓ-ဥဒ္ဓစ္စ-ကုက္ကုစ္စ-ဝိစိကိစ္ဆာ-မောဟ-ဟူဆို အပ်သောနီဝရဏတရားကိုယ်၈စ်ပါးကိုအရကောက်။

**မှတ်ရန်**....လော,ဒေါ,ထိ,မိ၊ ဥ,ကု,ဝိ၊ မော,ထည့် "နီ" ၈စ်ဖြာ။

ဖြ ...ပညာမျက်စိကို တားမြစ် ပိတ်ပင် တတ်သောကြောင့် "နီဝ ရဏ" မည်၏ဟူ၍လည်းဖြေ။

နီဝရန္တိ နီသေဓေန္တီတိ နီဝရဏာနိ=ဟုဝစနတ္ထပြု။...ရှေးအတိုင်း ပွင်အရကောက်။

မှ ...အဘယ်ကြောင့် ထိနနှင့်မိဒ္ဓ–ဥဒ္ဓစ္စနှင့်ကုက္ကုစ္စတို့ကို နီဝရဏ တပါးတည်းပြု၍ဟောတော်မူသနည်းဟုမေး။

ဖြ....ကိစ္စ-အကြောင်း-ဆန့်ကျင်ဘက်အားဖြင့်တူကြသောကြောင့် တပါးတည်းပြု၍ဟောတော်မူ၏ဟုဖြေ။

**ဤကား**....ကိစ္စာဟာရပဋိပက္ခာနံ သမာနဘာဝတော=ဟူသော ဝိဘာဝိနီဋီကာနှင့်အညီတည်း။

ကာသွာ၊ အဘယ်ကြောင့်။ ဝုတ္တာ၊ တပါးတည်းပြု၍ ဟောအပ်ကုန်သနည်း။ ကိစ္စာဟာရပဋိပက္ခာနံ၊ ကိစ္စအကြောင်း ဆန့်ကျင်ဘက် တို့၏။ သမာနဘာဝတော၊ တူသည့်၏အဖြစ်ကြောင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

**အဓိပ္ပါယ်**....ထိနသည် စိတ်ကို တွန့်တို ဆုတ်နစ်သော အဖြစ်သို့ ရောက်စေခြင်းကိစ္စရှိ၏၊ မိဒ္ဓသည်လည်း ၎င်းကိစ္စပင်ရှိ၏။ ထို့ကြောင့် ထိနမိဒ္ဓနှစ်ပါးသည် ကိစ္စအားဖြင့်တူ၏။

ဥဒ္ဓစ္စသည် စိတ်ကို မငြိမ်သက်အောင် ပြုခြင်းကိစ္စရှိ၏၊ ကုက္ကုစ္စသည်လည်းစိတ်ကိုမငြိမ်သက်စေခြင်းကိစ္စပင်ရှိ၏။ ထို့ကြောင့် ဥဒ္ဓစ္စကုက္ကုစ္စနှစ်ပါးသည် ကိစ္စအားဖြင့်တူ၏။

ထိနသည် ပျင်းရိခြင်း ကိုယ်လက် ဆန့်ငင်ခြင်းလျှင် အကြောင်းရှိ၏၊ မိဒ္ဓသည်လည်း ၎င်းအကြောင်းပင်ရှိ၏။ ထို့ကြောင့် ထိနမိဒ္ဓ နှစ်ပါးသည်အကြောင်းအားဖြင့်တူ၏။

ဥဒ္ဓစ္စသည် ဉာတိဗျသန စသည်ကိုကြံစည်ခြင်းလျှင် အကြောင်းရှိ၏၊ ကုက္ကုစ္စ သည်လည်း ၎င်းအကြောင်းပင်ရှိ၏။ ထို့ကြောင့် ဥဒ္ဓစ္စကုက္ကုစ္စနှစ်ပါးသည် အကြောင်းအားဖြင့်တူ၏။

ထိန မိဒ္ဓ နှစ်ပါးသည် ဝီရိယနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဆန့်ကျင်ဘက်အားဖြင့်လည်းတူ၏။

ဥဒ္ဓစ္စ-ကုက္ကုစ္စ နှစ်ပါးသည် သမထနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဆန့်ကျင်ဘက်အားဖြင့်လည်းတူ၏။

စိတ်ကို မတားမမြစ်မပိတ်ပင်တတ်သောကြောင့်-နီဝရဏ တရားကိုယ် ရှစ်ပါးမှ တပါးသော- စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် တို့သည် "နောနီဝရဏ" မည်ကုန်၏ဟုမှတ်။

## နီဝရဏီယဒုက်ကိုပြခြင်း။

ပု....အဘယ်ကြောင့် "နီဝရဏီယ" မည်သနည်းဟုမေး။

**ဝိ**....အာရုံပြုသော အားဖြင့် နီဝရဏတို့၏ အစီးအပွါး ဖြစ်သောကြောင့် "နီဝရဏီယ"မည်၏ဟုဖြေ။

နီဝရဏာနံ ဟိတာတိ နီဝရဏီယာ=ဟု ဝစနတ္ထပြု။....နီဝရဏတို့၏ အာရုံဖြစ်သော လောကီတရားရကို အရကောက်။

နိဝရဏတရားတို့၏ အစီးအပွါးမဟုတ်သောကြောင့် လောကုတ္တရာစိတ္တုပ္ပါဒ် နိဗ္ဗာန်တို့သည် "အနိဝရဏိယ" မည်ကုန်၏။

**နိဝရဏသမ္ပယုတ္တဒုက်ကိုပြခြင်း။**

နိဝရဏတရားတို့နှင့် ယှဉ်သောကြောင့်-အကုသိုလ်စိတ် ၁၂ ဒါသ-စေတသိက် သတ္တဝိဓတို့သည် "နိဝရဏသမ္ပယုတ္တ" တို့မည်ကုန်၏။

နိဝရဏ တရားတို့နှင့် မယှဉ်သောကြောင့် ကုသိုလ်-ဝိပါက်-ကြိယာ-စိတ္တုပ္ပါဒ်,ရုပ်-နိဗ္ဗာန်တို့သည် "နိဝရဏဝိပ္ပယုတ္တ" မည်ကုန်၏။

နိဝရဏဂေါစ္ဆကပြီး၏။

---

**ပရာမာသဂေါစ္ဆကကိုပြဆိုချက်။**

**ပရာမာသဒုက်ကိုပြခြင်း။**

မု....အဘယ်ကြောင့် "ပရာမာသ" မည်သနည်းဟုမေး။

ဖြ....မှားသော အားဖြင့် သုံးသပ်တတ်သောကြောင့် "ပရာမာသ" မည်၏ဟုဖြေ။

ပရတော အာမသန္တီတိ ပရာမာသာ-ဟု ဝစနတ္ထပြု။....ဒိဋ္ဌိစေတသိက်ကို အရကောက်။

**အဓိပ္ပါယ်**....ပရမတ္ထ သဘော တရားတို့၏ ဟုတ်မှန် တိုင်းသော အနိစ္စဒုက္ခ အနတ္တစသော သဘောကိုလွန်၍ နိစ္စသုခအတ္တစသည်တို့၏ အစွမ်းအားဖြင့် သုံးသပ်တတ်ရကား-မှားသောအားဖြင့် သုံးသပ်သည်ဟု ဆိုရ၏ဟူလို။

**ဤကား**...ယထာဘူတံ အနိစ္စာဒိအာကာရံ အတိက္ကမိတွာ နိစ္စန္တိ အာဒိဝသေနပဝတ္တမာနာ ပရတော အာမသန္တီတိ ပရာမာသာ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ယထာဘူတံ၊ ဟုတ်မှန်တိုင်းသော။ အနိစ္စာဒိအာကာရံ၊ အနိစ္စအစရှိသော အခြင်းအရာကို။ အတိက္ကမိတွာ၊လွန်၍။နိစ္စန္တိ အာဒိဝသေန၊နိစ္စအစရှိသည်တို့၏ အစွမ်းဖြင့်။ပဝတ္တမာနာ၊ဖြစ်သည်။ ဟုတွာ၊ဖြစ်၍။ပရတော၊ မှားသော အားဖြင့်။ အာမသန္တိ၊ သုံးသပ်တတ်ကုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ပရာမာသာ၊ပရာမာသမည်ကုန်၏။

မု …ပရာမာသ တရားသည် ဒိဋ္ဌိ တပါးတည်း ဖြစ်လျက် အဘယ် ကြောင့် ဗဟုဝုစ်အားဖြင့် ဟောတော်မူသနည်းဟုမေး။

ဝိ… အတိတ် စသော ကာလအားဖြင့် ပြားသည်ဖြစ်၍ များသော ကြောင့် ဗဟုဝုစ်အားဖြင့် ဟောတော်မူ၏ ဟူ၍လည်းဖြေ။

မှားသောအားဖြင့် မသုံးသပ်တတ်သောကြောင့် ဒိဋ္ဌိမှ တပါးသော စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်တို့သည် "နေ၁ပရာမာသ" မည်ကုန်၏။

**ပရာမဋ္ဌဒုက်ကိုပြခြင်း။**

မု…အဘယ်ကြောင့် "ပရာမဋ္ဌ" မည်သနည်းဟုမေး။

ဝိ…အာရုံပြုသော အားဖြင့် ပရာမာသ တရား တို့သည် သုံးသပ် အပ်သောကြောင့် "ပရာမဋ္ဌ" မည်၏ဟုဖြေ။

ပရာမာသေဟိ ပရာမသိတဗ္ဗာတိ ပရာမဋ္ဌာ=ဟုဝစနတ္ထပြု။…. ပရာမာသ၏ အာရုံဖြစ်သော လောကီတရားစုကို အရကောက်။

ပရာမာသ တရား၏ အာရုံ မဟုတ်သောကြောင့် – လောကုတ္တရာ စိတ္တုပ္ပါဒ် နိဗ္ဗာန်တို့သည် "အပရာမဋ္ဌ" မည်ကုန်၏။

**ပရာမာသသမ္ပယုတ္တဒုက်ကိုပြခြင်း။**

ပရာမာသတရားနှင့် ယှဉ်သောကြောင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်–၄ ခု,ဒိဋ္ဌိ- မာန- ဒေါသ- ဣဿာ- မစ္ဆရိယ- ကုက္ကုစ္စ- ဝိစိကိစ္ဆာ- ကြဉ် သော–စေတသိက်ဝိသတို့သည် "ပရာမာသသမ္ပယုတ္တ" မည်ကုန်၏။

ပရာမာသတရားနှင့် မယှဉ်သောကြောင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်-၄ ခု, ဒေါသမူဒွေ, မောဟမူဒွေ, ကုသိုလ်, ဝိပါက်, ကြိယာစိတ် ဒိဋ္ဌိကြဉ် သော စေတသိက် ၆၁ေကပည္ဍာသ, ရုပ်, နိဗ္ဗာန်တို့သည် "ပရာမာသဝိပ္ပ ယုတ္တ" မည်ကုန်၏။

**ပရာမာသပရာမာသသမ္ပယုတ္တဗိသာကဒုက်မရှိသင့်ကြောင်း။**

မု…ဟေတု စသော ဂေါစ္ဆက တို့၌ ဟေတု ဟေတုသမ္ပယုတ္တ ဒုက်စသည်ကိုဟောတော်မူသကဲ့သို့၊ဤပရာမာသဂေါစ္ဆက၌ ပရာမာသ ပရာမာသ သမ္ပယုတ္တ ဒုက်ကို အဘယ်ကြောင့် မဟောသနည်းဟုမေး။

ဝိ....ပရာမာသတရားသည် တရားကိုယ်အားဖြင့် တပါးတည်းဖြစ်၍ သမ္ပယုတ် ပရာမာသ တရားတပါး မရှိရကား- ပရာမာသာ စေဝဓမ္မာ ပရာမာသ သမ္ပယုတ္တာ စ-ဟူသော ဒုက်ပုဒ်အရ မရှိသင့်သောကြောင့် ဟောတော်မမူဟုဖြေ။ ။[ကြွင်းသော ပါဠိတော်လာ မိဿကဒုက်နှစ်ပါးကိုလည်း နည်းမှီး၍ကောက်။]

ပရာမာသဂေါစ္ဆကပြီး၏။

---

## မဟာဋ္ဌကာရဒုက်ကိုပြဆိုချက်။
## သာရမ္မဏဒုက်ကိုပြခြင်း။

မု....အဘယ်ကြောင့် "သာရမ္မဏ" မည်သနည်းဟုမေး။

ဝိ....အာရုံပြုခြင်း ရှိသောကြောင့် "သာရမ္မဏ" မည်၏ဟုဖြေ။

သံဝိဇ္ဇတိ အာရမ္မဏံ ယေသန္တိ သာရမ္မဏာ=ဟုတွဲစပ်။....အာရုံပြုခြင်းရှိသော-စိတ်-စေတသိက် တရားတို့ကို အရကောက်။

မု....အဘယ်ကြောင့် "အနာရမ္မဏ "မည်သနည်းဟုမေး။

ဝိ....အာရုံပြုခြင်း မရှိခြင်းကြောင့် "အနာရမ္မဏ" မည်၏ဟုဖြေ။

နတ္ထိ အာရမ္မဏံ ယေသန္တိ အနာရမ္မဏာ=ဟု တွဲစပ်။....အာရုံပြုခြင်းမရှိသော-ရုပ်-နိဗ္ဗာန်တို့ကို အရကောက်။

## စိတ္တဒုက်ကိုပြခြင်း။

မု....အဘယ်ကြောင့်"စိတ္တ" မည်သနည်းဟုမေး။

ဝိ....အာရုံကို ယူခြင်း ရခြင်းမှ ဖြစ်သောကြောင့် "စိတ္တ" မည်၏ဟုဖြေ။

စိန္တနံ စိတ္တံ=ဟုပြု။....စိတ်ကိုအရကောက်။

ဤကား....စိန္တနံ ဂဟဏံ အာရမ္မဏူပလဒ္ဓိ=ဟူသော မူလဋီကာနှင့် အညီတည်း။

ဂဟဏံ၊ အာရုံကို ယူခြင်းသည်။ အာရမ္မဏူပလဒ္ဓိ၊ အာရုံကိုရခြင်းသည်။စိန္တနံ၊စိန္တနမည်၏။

**အဓိပ္ပါယ်** ...စိတ်ဟူသည် အာရုံကိုယူခြင်းမှ၊ အာရုံကိုရခြင်းမှပေတည်း။အာရုံကိုထိုးထွင်း၍မသိ။ အာရုံကိုအမှတ်ပြု၍လည်း မသိတတ်ဟု ဆိုလို၏။အာရုံကိုထိုးထွင်း၍ သိသည်ကား ပညာသာတည်း။အာရုံ

ကိုအမှတ်ပြု၍ သိသည့်ကား သညာသာတည်း။ ၎င်းပညာ သညာ နှစ်ပါးမှ ထူးသောအာရုံကို ယူခြင်း ရခြင်းမျှ သည်သာ စိတ်မည်၏ဟူလို။

စိတ်မှ တပါးသော- စေတသိက်-ရုပ်- နိဗ္ဗာန်တို့သည် "နောစိတ္တ" မည်ကုန်၏ဟုမှတ်။

## စေတသိကဒုက်ကိုပြခြင်း။

မှ....အဘယ်ကြောင့် "စေတသိက" မည်သနည်းဟုမေး။

ဖြ ...စိတ်နှင့်မကွေမကွာ ယှဉ်တတ်သောကြောင့် "စေတသိက" မည်၏ဟုဖြေ။

စေတသိ နိယုတ္တာတိ စေတသိကာ=ဟုဝစနတ္ထပြု။....စေတသိက်ဒွေပညာသကို အရကောက်။

မကွေမကွာယှဉ်၏ဟူသည်–သမ္ပယောဂ လက္ခဏာ လေးပါးဖြင့် တကွဖြစ်သည်ကိုဆိုလို၏။ ...မူလဋီကာ၌ကား သံသဋ္ဌတဒ္ဓိတ်လည်းပြုသေး၏၊အဓိပ္ပါယ်အတူတူပင်။

စိတ်နှင့်, မကွေမကွာ မယှဉ် သောကြောင့် စိတ်– ရုပ်– နိဗ္ဗာန်တို့သည် "အစေတသိက" မည်ကုန်၏။

## စိတ္တသံသဋ္ဌဒုက်ကိုပြခြင်း။

မှ....အဘယ်ကြောင့် "စိတ္တသံသဋ္ဌ" မည်သနည်းဟုမေး။

ဖြ....စိတ်နှင့်နှီးနှောသောကြောင့် "စိတ္တသံသဋ္ဌ" မည်၏ဟုဖြေ။

စိတ္တေန သံသဋ္ဌာတိ စိတ္တသံသဋ္ဌာ= ဟုတွဲစပ်။....စေတသိက်ဒွေပညာသကိုပင်အရကောက်။

**အဓိပ္ပါယ်**....နှီးနှော၏ဟူသည် စိတ်–စေတသိက်တို့၏ မိမိမိမိတို့၏ကိစ္စအထူးကို သိရှိဘို့ရန်ခဲယဉ်းသည်၏ အဖြစ်အားဖြင့် ဥပါဒ်မှစ၍ ဘင်တိုင်အောင် တပေါင်းတည်းဖြစ်ခြင်း, အခြားမရှိသည်၏ အဖြစ်သို့ ရောက်ခြင်းကိုဆိုလို၏။.... အထူးကို သိလွယ်သဖြင့် ရုပ်နှင့် နာမ်တို့ကဲ့သို့ တပေါင်းတည်းဖြစ်ခြင်းကို နှီးနှောခြင်း သံသဋ္ဌဖြစ်သည်ဟုမဆိုရဟူလို။

**ဤကား**....ဒုဗ္ဗိညေယျနာနတ္တတာယ နိရန္တရဘာဝူပဂမနံ သံသဋ္ဌဘာဝေါတိ သုဝိညေယျနာနတ္တတာ နသံသဋ္ဌဘာဝေါတိ ဝုတ္တံ= ဟူသော အနုဋီကာနှင့်အညီတည်း။

ဒုဗ္ဗိညေယျနာနတ္တတာယ၊သိနိုင်ခဲသောအထူးရှိသည့်၏အဖြစ်အား ဖြင့်။ ဝါ၊ အထူးကို သိနိုင်ခဲသည့်၏ အဖြစ်အားဖြင့်။ နိရုဒ္ဓရဘာဝူပဂ မနံ၊ အကြားမရှိသည့်၏ အဖြစ်သို့ ရောက်ခြင်းကို။ သံသဋ္ဌဘာဝေါတိ၊ နှီးနှောသည့်၏အဖြစ်ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ သုဝိညေယျနာနတ္တတာ— သုဝိညေယျနာနတ္တတာယ၊ သိလွယ်သော အထူးရှိသည့်၏အဖြစ်အား ဖြင့်။ ဝါ၊ အထူးကို သိလွယ်သည့်၏အဖြစ်အားဖြင့်။ သံသဋ္ဌဘာဝေါ၊ နှီးနှောသည့်၏အဖြစ်ကို။ နဝုတ္တံ၊ မဆိုအပ်။

စိတ်နှင့် စိတ္တဇရုပ်တို့ကားသိလွယ်သောအထူးရှိခြင်းကြောင့် စိတ္တ သံသဋ္ဌဖြစ်၏ဟူ၍မဆိုရဟူလို။

စိတ်နှင့် မနှီးနှော သောကြောင့် ရုပ်– နိဗ္ဗာန် တို့သည် "စိတ္တဝိသံ သဋ္ဌ" မည်ကုန်၏။ .... [ဤဒုက်သည် စိတ္တသမ္ပယုတ္တ ဒုက်နှင့် အရ ကောက်တူ၏။] ။

**အဝိနိဗ္ဘောဂရုပ်အချင်းချင်းသံသဋ္ဌ–ဝိသံသဋ္ဌ မဖြစ်သင့်ဟန်ကိုပြဆိုခြင်း။**

**မု**....ကလာပ်တခုတည်း၌ ဖြစ်သော အဝိနိဗ္ဘောဂရုပ်အချင်းချင်း သည် သံသဋ္ဌ ဖြစ်လေသလော, ဝိသံသဋ္ဌဖြစ်လေသလောဟု မေး။

**ဖြေ**....အဝိနိဗ္ဘောဂရုပ်အချင်းချင်းသည် သံသဋ္ဌလည်းမဟုတ် ဝိသံ သဋ္ဌလည်းမဟုတ်ဟုဖြေ။

**အဓိပ္ပါယ်**....ကလာပ်စည်းတခုတည်း၌ဖြစ်သောအဝိနိဗ္ဘောဂရုပ် အချင်းချင်းသည် အသီးအသီးတခုစီ အာရုံ၏အဖြစ်သို့ရောက်နိုင်သည် ဖြစ်၍ တခုနှင့်တခု ထူးသည့်၏အဖြစ်ကို သိလွယ်သောကြောင့် သံသ ဋ္ဌ ဟူ၍လည်း မဆိုရ။.... ဝိသံသဋ္ဌ အဖြစ်သည် အလွန်ပင် ထင်ရှား သောကြောင့်ဝိသံသဋ္ဌလေလောဟု ယုံမှားသံသယဖြစ်ဘွယ်ရာမရှိရ ကား–ဝိသံသဋ္ဌဟူ၍လည်းမဆိုရဟူလို။

**ဤကား**....အဝိနိဗ္ဘောဂရူပါနံ ကိံ အညမညံ သံသဋ္ဌတာ ဥဒါဟု ဝိသံသဋ္ဌတာတိ။ ဝိသုံ အာရမဏဘာဝေန သုဝိညေယျနာ နတ္တတ္တာ နသံသဋ္ဌတာ, နာပိ ဝိသံသဋ္ဌတာ၊ သံသဋ္ဌာတိ အနာ သင်္ကနီယသဘာဝတ္တာ–ဟူသော မူလဋီကာနှင့်အညီတည်း။

အဝိနိဗ္ဘောဂရူပါနံ၊ အဝိနိဗ္ဘောဂရုပ်တို့၏။ အညမညံ၊ အချင်းချင်း။ သံသဋ္ဌတာ၊ သံသဋ္ဌ၏အဖြစ်သည်။ ဟောတိကိံ၊ ဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝိသံသဋ္ဌတာ၊ ဝိသံသဋ္ဌ၏ အဖြစ်သည်။ ဟောတိကိံ၊ ဖြစ်လေသလော။ ဉာတိစေ၊ ဤသို့မေးငြားအံ့။ ဝိသုံ၊ အသီးအခြား တခုစီ။ အာရမဏဘာဝေန၊ အာရုံ၏အဖြစ်ဖြင့်။ သုဝိညေယျနာနတ္တတ္တာ၊ သိလွယ်သော အထူး ရှိသည့်၏ အဖြစ်ကြောင့်။ သံသဋ္ဌတာ၊ နှီးနှောသည့်၏ အဖြစ်သည်။ နဟောတိ၊ မဖြစ်။ သံသဋ္ဌာတိ အနာသက်နိယ သဘာဝတ္တာ၊ သံသဋ္ဌလေလောဟု မတွေးတောအပ်သော သဘော ရှိသည့် အဖြစ်ကြောင့်။ ဝိသံသဋ္ဌတာ၊ မနှီးနှောသည့်၏ အဖြစ်သည်။ နာပိဟောတိ၊ ဖြစ်လည်းမဖြစ်။

မေး....ရုပ်တရားတို့သည်သာ အာရုံတခုစီ အဖြစ်သို့ ရောက်သည် မဟုတ်၊ နာမ်တရားတို့လည်း အာရုံတခုစီ အဖြစ်သို့ ရောက် ခြင်းကြောင့် အထူးကို သိလွယ်သော သဘော ရှိနိုင်သည် မဟုတ်ပါလောဟုမေး။

ဖြေ....ရုပ်တရားတို့သည်နှုန့်နှေးသောဖြစ်ခြင်းရှိသောကြောင့်အထူး ကိုသိလွယ်သောသဘောရှိကုန်၏၊ နာမ်တရားတို့ကား တခုစီ အာရုံအဖြစ်သို့ ရောက်ငြားသော်လည်း လျင်မြန်သောဖြစ်ခြင်း ရှိသောကြောင့် အထူးကို သိလွယ်သော သဘောမရှိကုန်ဟု ဖြေ။

## စိတ္တသမုဋ္ဌာနဒုက်ကိုပြခြင်း။

မေး....အဘယ်ကြောင့် "စိတ္တသမုဋ္ဌာန" မည်သနည်းဟုမေး။

ဖြေ....စိတ်လျှင်ဖြစ်ကြောင်း ရှိသောကြောင့် "စိတ္တသမုဋ္ဌာန" မည် ၏ဟုဖြေ။

သမုဋ္ဌဟန္တိ ဧတေနာတိ သမုဋ္ဌာနာ= ဟူပြု။.... စိတ်ကိုကောက်။ စိတ္တံ သမုဋ္ဌာနံ ယေသန္တိ စိတ္တသမုဋ္ဌာနာ=ဟုတွဲစပ်။.... စေတသိက် နှေပညာသ စိတ္တဇရုပ်သတ္တရသကိုအရကောက်။

စိတ်ဟုဆိုအပ်သောဖြစ်ကြောင်းမရှိသောကြောင့် စိတ်-တိဇရုပ်- နိဗ္ဗာန်တို့သည် "နောစိတ္တသမုဋ္ဌာန" မည်ကုန်၏။

## စိတ္တသဟဘူဒုက်ကိုပြခြင်း၊၊

မု....အဘယ်ကြောင့် "စိတ္တသဟဘူ" မည်သနည်းဟုမေး။
ဖြေ....စိတ်နှင့်တကွဖြစ်သောကြောင့်"စိတ္တသဟဘူ"မည်၏ဟုဖြေ။
စိတ္တေန သဟ ဘဝန္တီတိ စိတ္တသဟဘုနော-ဟုဝစနတ္ထပြု။....စေတသိက်ဒွေပဒါသ-ဝိညတ်ဒွေကိုအရကောက်။
စိတ်နှင့်တကွမဖြစ်သောကြောင့် စိတ်-ဝိညတ်ဒွေမှတပါး ရုပ်ဆောင်သ, နိဗ္ဗာန်တို့သည် "နောစိတ္တသဟဘူ" မည်ကုန်၏။

## စိတ္တာနုပရိဝတ္တိဒုက်ကိုပြခြင်း၊၊

မု....အဘယ်ကြောင့် "စိတ္တာနုပရိဝတ္တိ" မည်သနည်းဟုမေး။
ဖြေ ...စိတ်သို့အစဉ်လိုက်၍ ဖြစ်စေတတ်သောကြောင့် "စိတ္တာနုပရိဝတ္တိ" မည်၏ဟုဖြေ။
အနုပရိဝတ္တန္တီတိ အနုပရိဝတ္တိနော။ စိတ္တံ စိတ္တဿဝါ အနုပရိဝတ္တိနောတိ စိတ္တာနုပရိဝတ္တိနော=ဟုပြုလုပ်တွဲစပ်။
ထိုမှပြန်သော အားဖြင့် "နောစိတ္တာနုပရိဝတ္တိ" ပုဒ်ကို သိလေ။....[ဤဒုက်သည်-စိတ္တသဟဘူဒုက်နှင့်အရကောက်တူ၏။] ။

## စိတ္တသံသဋ္ဌ သမုဋ္ဌာနဒုက်ကိုပြခြင်း၊၊

မု.... အဘယ်ကြောင့် "စိတ္တသံသဋ္ဌ သမုဋ္ဌာန" မည် သနည်းဟုမေး။
ဖြေ....စိတ်နှင့်လည်း နှီးနှော စိတ်ကြောင့်လည်း ဖြစ်သောကြောင့် "စိတ္တသံသဋ္ဌသမုဋ္ဌာန" မည်၏ဟုဖြေ။
စိတ္တသံသဋ္ဌာစ တေ စိတ္တသမုဋ္ဌာနာစာတိ စိတ္တသံသဋ္ဌသမုဋ္ဌာနာ=ဟုတွဲစပ်။....စေတသိက်ဒွေပဒါသကိုအရကောက်။
**ရုပ်ပြီးပုံ** ... သံသဋ္ဌ- သမုဋ္ဌာနသဒ္ဒါ တို့သည် အသီးအသီး စိတ္တသဒ္ဒါနှင့် စပ်ယှဉ်လေသောကြောင့် "စိတ္တသံသဋ္ဌ-စိတ္တသမုဋ္ဌာန" ဟု ဆိုအပ်လျက်၊ စိတ္တသဒ္ဒါတခုကိုချေ၍ "စိတ္တသံသဋ္ဌ-သမုဋ္ဌာန" ဖြစ်၏ဟုမှတ်။.... [နောက်နောက်သော ဒုက်တို့ကိုလည်း ဤနည်း အတိုင်းမှတ်။ ဤဒုက်သည်လည်း စေတသိကဒုက်နှင့်အရကောက်တူ၏။] ။

**စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်ကိုပြခြင်း။**

မု…. အဘယ်ကြောင့် "စိတ္တသံသဋ္ဌ သမုဋ္ဌာနသဟဘူ" မည်သနည်းဟုမေး။

ဝိ….စိတ်နှင့်လည်း နှီးနှော စိတ်ကြောင့်လည်းဖြစ် စိတ်နှင့်လည်း တကွဖြစ်သောကြောင့် "စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူ" မည်၏ဟုဖြေ။

စိတ္တသံသဋ္ဌာစ တေ စိတ္တသမုဋ္ဌာနာစ စိတ္တသဟဘုနောစာတိ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော=ဟုတွဲစပ်။

[ဤဒုက်သည်လည်း စေတသိကဒုက်နှင့်အရကောက်တူ၏။]

စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်ကိုလည်းနည်းမှီး၍သိလေ။…. [ဤဒုက်သည်လည်းစေတသိကဒုက်နှင့်အရကောက်တူ၏။] ။

**အဇ္ဈတ္တိကဒုက်ကိုပြခြင်း။**

ဝစနတ္ထ–အဓိပ္ပါယတ္ထတို့ကို အဇ္ဈတ္တတိက်၌ ဆိုအပ်ပြီးသော နည်းအတိုင်း မှတ်လေ။…. (ပ) အရ– စိတ်– ၈၉, ပသာဒ ရုပ်–၅–ခုကို ကောက်။….(ဒု) အရ–ကြွင်းသော ပရမတ္ထတရားကိုကောက်။

ဤကား–အဇ္ဈတ္တိကဒုက်ကိုပြသောစကားရပ်အပြီးတည်း။

**ဥပါဒါဒုက်ကိုပြခြင်း။**

မု….အဘယ်ကြောင့် "ဥပါဒါ" မည်သနည်းဟုမေး။

ဝိ….မှီ၍သာဖြစ်သောကြောင့် "ဥပါဒါ" မည်၏ဟုဖြေ။

ဥပါဒိယန္တိ ဂဏှန္တီတိ ဥပါဒါ=ဟုပြု။ ဥပ–အာ–ပုဗ္ဗ၊ ဒါဓာတ်။ ယူ၍သာဖြစ်သော ဥပါဒါရုပ်စတုဝီသကိုအရကောက်။… ယူ၍ဟူသည် မဟာဘုတ်ကိုမှီ၍ဖြစ်သည်ကိုဆိုလို၏။

**ဤကား**….ဥပါဒိယန္တေ၀ါတိ ဘူတာနိ ဂဏှန္တိဧဝ နိဿယန္တိဧဝါတိ အတ္ထော=ဟူသော မူလဋီကာနှင့်အညီတည်း။

ဥပါဒိယန္တေ၀ါတိ၊-ဟူသည်။ ဘူတာနိ၊ ဘုတ်တို့ကို။ ဂဏှန္တိဧဝ၊ ယူကုန်သည်သာတည်း။ နိဿယန္တိဧဝ၊ မှီကုန်သည်သာတည်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

**အဓိပ္ပါယ်**….ဧကံမဟာဘူတံ ပဋိစ္စတယောမဟာဘူတာ စသည် ဖြင့်ပဋ္ဌာန်းပါဠိတော်၌ဟောတော်မူသောကြောင့် မဟာဘုတ်တို့သည်

မှီတတ်မှီအပ် နှစ်ပါးရုံဖြစ်ကုန်သကဲ့သို့၊ ဤဥပါဒါရုပ်တို့သည် မှီတတ် မှီအပ်နှစ်ပါးရုံမဖြစ်ကုန်။ စင်စစ်မှာမူကား- မှီတတ်တမျိုးသာဖြစ်ကုန်၏။ ဤသို့မှီတတ်တမျိုးသာဖြစ်သောရုပ်မျိုးကို ဥပါဒါရုပ်ခေါ်၏ဟူလို။

**ဤကား**...ဥပါဒိယန္တေ ဘူတာနိ, န ဘူတာဝိယ ဥပါဒိယန္တီတိ ဥပါဒါ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဘူတာနိ၊ ဘူတရုပ်တို့ကို။ ဥပါဒိယန္တေ၊ မှီတတ် ကုန်သည်သာတည်း။ ဘူတာ၊ဘုတ်တို့သည်။ ဥပါဒိယန္တိဝိယ၊ မှီအပ်ကုန်သကဲ့သို့။န၊ မဟုတ်ကုန်။ဣတိ-တသ္မာ၊ထို့ကြောင့်။ဥပါဒါ၊ဥပါဒါတို့မည်ကုန်၏။

**ဝိ**....ယူအပ်သည်၏အဖြစ်ကြောင့်"ဥပါဒါ"မည်၏ဟူ၍လည်းဖြေ။ ဥပါဒိယန္တိ ဂဏှန္တီတိ ဥပါဒါ= ဟုကမ္မသာဓ်ပြု။ ။

**အဓိပ္ပါယ်**....ဥပါဒါတို့သည် မဟာဘုတ်တို့ကိုမှီ၍ မဟာဘုတ်၏ အဆင်းအရောင် အတိုင်း အဆင်း အရောင် ရှိသော အဖြစ်ဖြင့် မဟာဘုတ်တို့နှင့်စပ်၍ ဖြစ်ကြကုန်၏ဟု ပညာမျက်စိဖြင့် သိအပ် ယူအပ်ရကား ဥပါဒါရုပ်မည်၏ဟူလို။

**ဤကား** ...အထဝါ ဘူတာနိ အမုဉ္စိတွာ တေသံ ဝဏ္ဏနိဘာဒိဘာဝေန ဂဟေတဗ္ဗတော ဥပါဒါ= ဟူသော မူလဋီကာနှင့် အညီတည်း။

အထဝါ၊ဤဆိုလတ္တံ့သည်ကားနည်းတပါးတည်း။ ဘူတာနိ၊ ဘူတရုပ်တို့ကို။ အမုဉ္စိတွာ၊ မလွှတ်မူ၍။ တေသံ၊ ထိုဘူတရုပ်တို့၏။ ဝဏ္ဏနိဘာဒိဘာဝေန၊ အဆင်းအရောင် အစရှိသည်၏အဖြစ်ဖြင့်။ ဂဟေတဗ္ဗတော၊ ယူအပ်သည်၏အဖြစ်ကြောင့်။ ဥပါဒါ၊ မည်ကုန်၏။

မမှီမူ၍လည်း ဖြစ်သောကြောင့် ဗိတ်- စေတသိက်- မဟာဘုတ်- နိဗ္ဗာန်တို့သည် "နောဥပါဒါ" မည်ကုန်၏။

## ဥပါဒိန္နဒုက်ကိုပြခြင်း။

ဤဥပါဒိန္နဒုက်ကို ဥပါဒိန္နတိက်၌ ဆိုအပ်ပြီးသော နည်းကိုမှီ၍ သိလေကုန်။....လောကီဝိပါက် ဗာတ္တိံသ- စေပဉ္စတိံသ- ကမ္မဇရုပ်ဝိသ-ကိုကောက်။....(ဒု)-အရအကြွင်းကိုကောက်။

မဟာနိဒ္ဒေသဒုက်ပြီး၏။

## ဥပါဒါနဂေါစ္ဆကကိုပြဆိုချက်။

**မု**....အဘယ်ကြောင့် "ဥပါဒါန" မည်သနည်းဟုမေး။

**ဝိ**....ပြင်းစွာယူတတ် စွဲလမ်းတတ်သောကြောင့် "ဥပါဒါန" မည်၏ဟုဖြေ။

ဥပဘုသံ အာဒိယန္တီတိ ဥပါဒါနာ= ဟုကဏ္ဍသာဝ်ပြ။.... လောဘ-ဒိဋ္ဌိဟုဆိုအပ်သောဥပါဒါန်တရားကိုယ်နှစ်ပါးကိုအရကောက်။.... ဤ၌ ဥပသဒ္ဒါသည် ဥပါယာသော-ဥပနိဿယော စသည်တို့၌ကဲ့သို့ ဘုသအနက်ကိုဟော၏။....မြဲမြံစွာယူ၏ဟူလို။

**ဤကား**.... ဘုသံ အာဒိယန္တီတိ ဥပါဒါနာ, ဒဠှဂ္ဂါဟံ ဂဏှန္တီတိ အတ္ထော=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ဘုသံ၊ ပြင်းစွာ။ အာဒိယန္တိ၊ ယူတတ်ကုန်၏။ ဣတိ- တသ္မာ၊ ထို့ကြောင့်။ ဥပါဒါနာ၊ ဥပါဒါနတို့မည်ကုန်၏။ ဒဠှဂ္ဂါဟံ၊ မြဲမြံစွာယူခြင်းကို။ ဂဏှန္တိ၊ ယူတတ်ကုန်၏။ ဣတိအယံ၊ ဤကား။ အတ္ထော၊ အနက်တည်း။

ဥပါဒိဏ္ဏ စသည်တို့ကို ဥပါဒိဏ္ဏတိက်၌ ဆိုအပ် ပြီးသော နည်းအတိုင်းမှတ်လေကုန်။

ဥပါဒါနဂေါစ္ဆကပြီး၏။

---

## ကိလေသဂေါစ္ဆကကိုပြဆိုချက်။

ဤကိလေသဂေါစ္ဆက၌ဆိုရန်စကားရပ်များကို-သံကိလိဋ္ဌတိက်၌ဆိုအပ်ပြီးသောနည်းကိုမှီ၍ သိလေကုန်။.... ဤ၌သံသဒ္ဒါပါသည်မျှသာထူး၏။

ကိလေသဂေါစ္ဆကပြီး၏။

---

## ပိဋ္ဌိဒုက်ကိုပြဆိုချက်။

**မှတ်ချက်**....ဤပိဋ္ဌိဒုက်၌လည်းအထူးမျှကိုသာပြဆိုပါအံ့။

## ကာမာဝစရဒုက်စသည်ကိုပြဆိုခြင်း။

မု ...အဘယ်ကြောင့် "ကာမာဝစရ" မည်သနည်းဟုမေး။

**ဖြေ**...ကိလေသာကာမ ဝတ္ထုကာမနှစ်ပါးတို့၏ ကျင်လည်ရာဖြစ်သော ကာမ တဆဲ့တဘုံ၌ ကျင်လည်တတ် ဖြစ်တတ် သောကြောင့် "ကာမာဝစရ" မည်၏ဟုဖြေ။

ကာမေတီတိ ကာမော-ဟုပြု။....ကာမတဏှာကိုအရကောက်။...ကာမီယတီတိ ကာမော=ဟုပြု။....ဝတ္ထုကာမကို အရကောက်။....ကာမောစ ကာမောစ ကာမာ=ဟုဧကသေသ်ပြု။

ကာမာ အဝစရန္တိ ဧတ္ထာတိ ကာမာဝစရော=ဟုတွဲစပ်။....ကာမတဆဲ့တဘုံကိုအရကောက်။....၍ကာမာဝစရ ဟူသောပုဒ်၌-အဝစရ ဟူသော နောက်ပုဒ်ကိုချေ၍ "အဝစရ" ဟူသော ပုဒ်တချုနှင့် တွဲစပ်ရမည်။

ကာမေ အဝစရတီတိ ကာမာဝစရံ= ဟုတွဲစပ်။.... ကာမစိတ်ငါးဆဲ့လေး-စေတသိက်နှေပညာသတို့ကိုအရကောက်။

ရူပါဝစရ, အရူပါဝစရ တို့လည်း နည်းတူပြီ။ .... ၍ကား- အဋ္ဌကထာ၌လာသောနည်းတည်း။

**တနည်း** ... ကာမေတီတိ ကာမော= ဟုပြု။.... ကာမတဏှာကိုအရကောက်။ ။၍၌ကာမတဏှာကိုဆိုအပ်လျက် တဏှာဟူသော နောက်ပုဒ်ကျေ၏ဟုမှတ်။

ကာမောအဝစရန္တိ ဧတ္ထာတိကာမာဝစရော- ဟုတွဲစပ်။.... ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့်ကာမာဝစရမ်ဝတ္ထုပ္ပါဒ်သည် ကာမာဝစရမည်၏ဟူလို။

ရူပါဝစရ, အရူပါဝစရတို့ကိုလည်း နည်းတူသိလေကုန်။ ၍ကား မူလဋီကာနည်းတည်း။

## ပရိယာပန္နဒုက်ကိုပြခြင်း။

**မေး**....အဘယ်ကြောင့် "ပရိယာပန္န" မည်သနည်းဟုမေး။

**ဖြေ**.... ဘုံသုံးပါး တည်းဟူသော ဝဋ်တရား၌ အကျုံး ဝင်သောကြောင့် "ပရိယာပန္န" မည်၏ဟုဖြေ။

၍၌ ပရိယာပန္နသဒ္ဒါသည် အန္တောဂဓာဝါစီရုဋ္ဌီပုဒ်တည်း။ လောကီတရားစုကိုအရကောက်။

**ဤကား** … တေဘူမကဝဋ္ဋေ ပရိယာပန္နာ အန္တောဂဓာတိ ပရိယာပန္နာ=ဟူသော အဠကထာနှင့်အညီတည်း။

တေဘူမကဝဋ္ဋေ၊ တေဘူမကဝဋ်၌။ ပရိယာပန္နာ, အန္တောဂဓာ၊ အကျုံးဝင်ကုန်၏။ ဣတိ- တသ္မာ၊ ထို့ကြောင့်။ ပရိယာပန္နာ၊- မည်ကုန်၏။

ပရိစ္ဆိန္ဒိတွာ အာပန္နာတိ ပရိယာပန္နာ=ဟုပြု။…. လောကီတရားရကိုအရကောက်။

**ဤကား**….အထဝါ ပရိစ္ဆေဒကာရိကာယ တဏှာယ ပရိစ္ဆိန္ဒိတွာ အာပန္နာ ပန္နိပန္နာ ဂဟိတာတိ ပရိယာပန္နာ = ဟူသော မူလဋီကာနှင့် အညီတည်း။

အထဝါ၊-တည်း။ ပရိစ္ဆေဒကာရိကာယ၊ ပိုင်းခြားခြင်းကို ပြုတတ်သော။တဏှာယ၊တဏှာဖြင့်။ပရိစ္ဆိန္ဒိတွာ၊ပိုင်းခြား၍။ အာပန္နာ,ပန္နိပန္နာ ဂဟိတာ၊ယူအပ်ကုန်၏။ဣတိ-တသ္မာ၊ထို့ကြောင့်။ ပရိယာပန္နာ၊-မည်ကုန်၏။ ။[ဤ၌ယူ၏ဟူသည်-အကျုံးဝင်သည်ကိုဆိုလို၏။]

ဘုံသုံးပါး၌ အကျုံး မဝင်သောကြောင့်-လောကုတ္တရာ စိတ္တုပ္ပါဒ်, နိဗ္ဗာန်တို့သည် "အပရိယာပန္န" မည်ကုန်၏။

## နိယျာနိကဒုက်ကိုပြခြင်း။

မု….အဘယ်ကြောင့် "နိယျာနိက" မည်သနည်းဟုမေး။

ဝိ….ဝဋ် တည်းဟူသော နှောင်အိမ်မှ ထွက်မြောက် တတ်သောကြောင့် "နိယျာနိက" မည်၏ဟုဖြေ။

ဝဋ္ဋတော နိယျန္တီတိ နိယျာနိကာ=ဟု ကတ္တုသာဓ်ပြု။…. နိပုဗ္ဗ-ယာဓာတ်၊အနီယပစ္စည်းတည်း။ မဂ်စိတ္တုပ္ပါဒ်ကို အရကောက်။

**အဓိပ္ပါယ်**… ဝဋ်မြစ်တရားနှစ်ပါးကိုဖြတ်လျက် နိဗ္ဗာန်ကို အာရုံပြု၍ ဝဋ်ဆင်းရဲ တည်းဟူသော နှောင်အိမ်မှ ထွက်မြောက်တတ်သောကြောင့် မဂ်စိတ္တုပ္ပါဒ်သည် "နိယျာနိက" မည်၏ဟူလို။

**ဤကား**… ဝဋ္ဋမူလံ ဆိန္ဒန္တာ နိဗ္ဗာနံ အာရမဏံ ကတွာ ဝဋ္ဋတော နိယျန္တီတိ နိယျာနိကာ=ဟူသော အဠကထာနှင့်အညီတည်း။

ယေဓမ္မာ၊-တို့သည်။ဝဋ္ဋမူလံ၊တဏှာ,အဝိဇ္ဇာ,နှစ်ဖြာသော ဝဋ်မြစ်ကို။ဆိန္ဒန္တာ၊ဖြတ်ကုန်လျက်။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။အာရမဏံ ကတွာ၊အာရုံ

ပြု၍။ဝန္တတော၊ဝင့်ဆင်းရဲမှ။နိယျန္တိ၊ထွက်မြောက်တတ်ကုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။တေဓမ္မာ၊-တို့သည်။ နိယျာနိကာ၊နိယျာနိက မည်ကုန်၏။

ဤ"နိယျာနိက"ဟူသောပုဒ်၌အနိယပစ္စည်းသည်ဘော,ကံ,အနက်၌သက်သော်လည်း ဗဟုလသဒ္ဒါ လိုက်ခြင်းကြောင့် ကတ္တား အနက်၌လည်း သက်သေး၏ဟု ယူရမည်။....ထို့ကြောင့် ကတ္တုသာဓ်လည်း ပြုကောင်း၏။ နိ,အက္ခရာကို ရဿပြု၍ ယ-ကိုလည်း ကပြု၍ "နိယျာနိက"ဟု ရုပ်ပြီး၏ဟူလို။

**ဤကား** .... အနိယသဒ္ဒေါ ဗဟုလံ ကတ္တုဘိဓာယကောတိ ဝန္တ စာရကတော နိယျန္တီတိ နိယျာနိယာ, နိကာရဿ ရဿတ္တံ ယကာရဿစ ကကာရတ္တံ ကတွာ နိယျာနိကာတိ ဝုတ္တံ=ဟူသော မူလဋီကာနှင့် အညီတည်း။

အနိယသဒ္ဒေါ၊ ပစ္စည်းအနိယသဒ္ဒါသည်။ ဗဟုလံ,ဗဟုလာဓိကာရတော၊ဗဟုလသဒ္ဒါလိုက်ခြင်းကြောင့်။ ကတ္တုဘိဓာယကော၊ ကတ္တားကိုဟောတတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝန္တစာရကတော၊ ဝဋ်နှောင်အိမ်မှ။ နိယျန္တိ၊ ထွက်မြောက်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။နိယျာနိယာ၊နိယျာနိယမည်ကုန်၏။နိကာရဿ၊နိ-အက္ခရာ၏။ ရဿတ္တဉ္စ၊ရဿ၏အဖြစ်ကိုဎင်း။ ယကာရဿ၊ယ-အက္ခရာ၏။ကကာရတ္တဉ္စ၊က-အက္ခရာအဖြစ်ကိုဎင်း။ ကတွာ၊ပြု၍။ နိယျာနိကာ ဣတိ၊-ဟူ၍။ ဝုတ္တံ၊ဆိုအပ်၏။ ။[အချို့စာတို့၌ အဗဟုလံဟု ပါ၍ရှိ၏။-အနည်းငယ်ဟု အနက်ပေး။....အဖွင့်ဋီကာတို့၌ "ဗဟုလံ" ဟူ၍သာရှိ၏။]

**ဝိ** ...ဝဋ်ဆင်းရဲတည်းဟူသော နှောင်အိမ်မှ ထွက်မြောက်ခြင်းကို ပြုတတ်သော အလေ့ ရှိသောကြောင့် "နိယျာနိက" မည်၏ ဟူ၍လည်းဖြေ။

နိယျာနကရဏသီလာတိနိယျာနိကာ=ဟုပြု။····နိယျာန,ပုဒ်။ဏိက ပစ္စည်း တဒ္ဓိတ်တသီလတည်း။....မူလဋီကာ။-ဤဋီကာအလို အသူပ ဘက္ခဏသီလောတိ အာသူပိကော ဟူသော ဥဒါဟရဏ်၌, အသူပ-ပုဒ်ဖြင့် အသူပဘက္ခဏကို ယူ၏သို့၊ နိယျာန ပုဒ်၌ နိယျာနကရဏကို ယူ၍ တသီလတဒ္ဓိတ် ပြုသတည်း။ ထိုစကား မှန်၏-တသီလသည် တဒ္ဓိတ်တသီလ,ကိတ်တသီလအားဖြင့် နှစ်မျိုးပြားကြောင်းကိုအက္ခ

ရစိန္တကဆရာတို့ဆိုကြကုန်၏။ အစဉ်အတိုင်း ပုံစံကား။....ရက္ခမူလိကော,ဘိက္ခု-စသည်တည်း။

နိယျာနသီလာတိ နိယျာနိကာ=ဟု တနည်းပြု။ ....ဍ်ိန္ဒ-နိပုဗ္ဗ-ယာဓာတ် အနိယ ပစ္စည်းကြံမှု ကိတ်တဿိလ ဖြစ်၏။ နိယျာန-ပုဒ်, ဏိက ပစ္စည်းကြံမှု တဒ္ဓိတ်တဿိလ ဖြစ်၏။ .... ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအလေ့ရှိသောကြောင့် "နိယျာနိက" မည်၏ဟူလို။

**ဍ်ိကား** .... နိယျာနသီလာဝေဝါ=ဟူသော အနုဋီကာနှင့် အညီတည်း။

ဝဋ်နှောင်အိမ်မှ မထွက်မြောက် တတ်သောကြောင့်။ဝါ၊ဝဋ်ဆင်းရဲမှ ထွက်မြောက်လေ့ မရှိသောကြောင့် မဂ် စိတ္တုပ္ပါဒ်မှ ကြွင်းသောတရားရသည် "အနိယျာနိက" မည်၏။

## နိယတဒုက်ကိုပြခြင်း။

မှ....အဘယ်ကြောင့် "နိယတ" မည်သနည်းဟုမေး။

**ဖြေ**....ရတိ၏ အခြား မဲ့၌ဝင်း မိမိ၏ အခြား မဲ့၌ပင်း အကျိုးပေးခြင်း မြဲသောကြောင့် "နိယတ" မည်၏ဟုဖြေ။

နိယတန္တိတိ နိယတာ=ဟုပြု။....မိစ္ဆတ္တ ဒုက်၌ ပထမနှင့် ဒုတိယ နှစ်ပုဒ်အရကို ပေါင်း၍ကောက်။

**ဍ်ိကား**....ရတိယာဝါ အတ္တနောဝါ ပဝတ္တိယာ အနန္တရံ ဖလဒါနေ နိယတတ္တာ နိယတာ=ဟူသောအဋ္ဌကထာနှင့်အညီတည်း။

ရတိယာဝါ၊ရတိ၏ပင်း။အတ္တနောဝါ၊မိမိ၏ပင်း။ ပဝတ္တိယာ၊ဖြစ်ပြီးသည်မှ။အနန္တရံ၊အခြားမဲ့၌။ဖလဒါနေ၊အကျိုးကိုပေးခြင်း၌။နိယတတ္တာ၊မြဲသည်၏အဖြစ်ကြောင့်။နိယတာ၊နိယတမည်ကုန်၏။

အနိယတအရကို မိစ္ဆတ္တတိက် တတိယပုဒ် အရအတိုင်းကောက်၊ အဓိပ္ပါယ်ကိုလည်း ၎င်းတိက်၌ ဆိုအပ်ပြီးသော နည်းကိုမှီး၍ သိလေ။

## သဥတ္တရဒုက်ကိုပြဆိုခြင်း။

မှ....အဘယ်ကြောင့် "သဥတ္တရ" မည်သနည်းဟုမေး။

**ဖြေ**....မိမိကိုလွန်တတ် လွန်မြောက်တတ်သော တရားနှင့် တကွဖြစ်သောကြောင့် "သဥတ္တရ" မည်၏ဟုဖြေ။

ဥတ္တရန္တီတိ ဥတ္တရာ=ဟု ကတ္တုသာဓ်ပြု။ လောကုတ္တရာစိတ္တုပ္ပါဒ်ကိုအရကောက်။

သဟ ဥတ္တရေဟိ ယေ ဝတ္တန္တီတိ သဥတ္တရာ=ဟုတွဲစပ်။....လောကီတရားရကို အရကောက်။

**ဤကား**....အညေ ဓမ္မေ ဥတ္တရန္တိ ပဇဟန္တီတိ ဥတ္တရာ၊ အတ္တာနံ ဥတ္တရိတုံ သမတ္ထေဟိ သဟ ဥတ္တရေဟိတိ သဥတ္တရာ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

အညေ၊ မိမိမှ တပါးကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ဥတ္တရန္တိ ပဇဟန္တိ၊ လွန်မြောက်တတ် စွန့်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဥတ္တရာ၊ ဥတ္တရမည်ကုန်၏။ အတ္တာနံ၊ မိမိဟု ဆိုအပ်သော သဥတ္တရတရားကို။ ဥတ္တရိတုံ၊လွန်မြောက်ခြင်းငှါ။ ဝါ၊ စွန့်ခြင်းငှါ။ သမတ္ထေဟိ၊ စွမ်းနိုင် ကုန်သော။ ဥတ္တရေဟိ၊ လောကုတ္တရာ တရား တို့နှင့်။ သဟ၊ တကွ။ဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ သဥတ္တရာ၊ သဥတ္တရ မည်ကုန်၏။

**မှတ်ချက်**.... ဤပါဠိရပ်၌ အညဓမ္မ အရကား-သဥတ္တရ လောကီတရားမှ တပါး အခြားသော တရား မဟုတ်။ စွန့်အပ် လွန်မြောက်အပ်သော ဥတ္တရိတဗ္ဗဖြစ်သော လောကီ တရားရကို ကောက်ရမည်၏ အဖြစ်ကို အတ္တာနံ-ဟူသော ပုဒ်ဖြင့်ပြ၏ဟု မှတ်လေ။

**ဤကား**....ဥတ္တရိတဗ္ဗသ အညသ နိဒ္ဒိဋ္ဌသ အဘာဝါ နိဒ္ဒိသိယမာနာ သဥတ္တရဓမ္မာဝ ဥတ္တရိတဗ္ဗာတိ အတ္တာနန္တိ အာဟ=ဟူသော မူလဋီကာနှင့် အညီတည်း။

ဥတ္တရိတဗ္ဗသ၊ လောကုတ္တရာ တရားတို့သည် လွန်မြောက် အပ်သော။အညသ၊သဥတ္တရတရားမှတပါးသော။ နိဒ္ဒိဋ္ဌသ၊ဥတ္တရိတုံ ဟူသောပုဒ်ဖြင့် ညွှန်ပြအပ်သောကံ၏။ အဘာဝါ၊အခြားတရားတပါး မရှိခြင်းကြောင့်။ နိဒ္ဒိသိယမာနာ၊ ညွှန်ပြအပ်ကုန်သော။ သဥတ္တရဓမ္မာဝ၊ သဥတ္တရ တရားတို့ကိုသာလျှင်။ ဥတ္တရိတဗ္ဗာ၊လောကုတ္တရာ တရားတို့သည် လွန်မြောက်အပ်ကုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ အတ္တာနန္တိ၊ အတ္တာနံ-ဟူ၍။အာဟ၊အဋ္ဌကထာဆရာမိန့်မှာပြီ။

**အဓိပ္ပါယ်**....ဤစကားရပ်၌-ဥတ္တရိတဗ္ဗာတိဥတ္တရာ-ဟု ကမ္မသာဓနပြုပြီးလျှင်သဟသဒ္ဒါနှင့်"သဟဥတ္တရေဟိတိ သဥတ္တရာ"ဟုတွဲစပ်

သင့်ပုံကိုငြိကာဆရာ ပြသည်ဟူ၍မမှတ်လင့်။ ဥတ္တရမည်သော လော ကုတ္တရာ တရားတို့သည် လွန်မြောက်အပ်သော တရားသည်ကား-သ ဥတ္တရတရားပင်တည်း။ ၎င်းသဥတ္တရတရားမှတပါး အထူးအပြားမရှိ ခြင်းကိုသာပြ၏။....သဥတ္တရ-ဟူသောပုဒ်ကို ကတ္တုသာဓ်ပြု၍ သဟ ပုဒ်နှင့် တွဲစပ်သင့်ကြောင်း ကိုကား-ဥတ္တရိတုံ သမတ္ထေဟိ- ဟူသော အဋ္ဌကထာ မိန့်ဆိုသည်ကို ထောက်ဆ၍ သိသင့်လှပေ၏။

**လိုရင်း**....လွန်မြောက်အပ်သော တရားနှင့်တကွ ဖြစ်ခြင်းရှိသော ကြောင့် "သဥတ္တရ" မည်သည်မဟုတ်၊ မိမိဟုဆိုအပ်သော သဥတ္တရ တရားကို စွန့်တတ် လွန်မြောက် တတ်သော လောကုတ္တရာဟု ဆိုအပ် သော ဥတ္တရတရားနှင့် ပဟာယက ပဟာတဗ္ဗ အဖြစ်စသော အားဖြင့် တကွဖြစ်ခြင်း ရှိသောကြောင့်သာ "သဥတ္တရ" မည်၏ဟူလို။

မိမိကို လွန်မြောက်သော တရား မရှိသောကြောင့် လောကုတ္တရာ စိတ္တုပ္ပါဒ် နိဗ္ဗာန်တို့သည် "အနုတ္တရ" မည်ကုန်၏။

ဤဒုက်သည် လောကိယဒုက်နှင့် အရကောက်တူ၏။

**သရဏဒုက်ကိုပြခြင်း။**

**မု**....အဘယ်ကြောင့် "သရဏ" မည်သနည်းဟုမေး။

**ဖြ**....ငိုကြွေးကြောင်းဖြစ်သော ရာဂစသည်တို့နှင့် တကွဖြစ်သော ကြောင့် "သရဏ" မည်၏ဟုဖြေ။

ရဏန္တိ ဧတေဟီတိ ရဏာ=ဟုပြု။....ရာဂ, စသည်ကိုကောက်။ သဟ ရဏေဟိ ယေ ဝတ္တန္တီတိ သရဏာ=ဟု တွဲစပ်။.... အကု သိုလ်စိတ္တုပ္ပါဒ်ကို အရကောက်။

**ဤကား** .... ရဏန္တိ ဧတေဟီတိ ရဏာ၊ ယေဟိ အဘိဘူတာ သတ္တာ နာနပ္ပကာရေန ကန္ဒန္တိ ပရိဒေဝန္တိ၊ တေသံ ရာဂါဒီနံ ဧတံ အဓိဝစနံ။ သမ္ပယောဂဝသေန ပဟာနေကဋ္ဌတာဝသေ နစ သဟ ရဏေဟီတိ သရဏာ= ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဧတေဟိ၊ထိုရာဂစသည်တို့ဖြင့်။သတ္တာ၊သတ္တဝါတို့သည်။ရဏန္တိ၊ ငိုကြွေးမြည်တမ်းကုန်၏။ဣတိ-တသ္မာ၊ထို့ကြောင့်။တေဓမ္မာ၊ထိုတရား ကို့သည်။ရဏာ၊ရဏမည်ကုန်၏။ဧတံ၊ဤရဏဟူသော အမည်သည်။

ယေဟိ၊အကြင်ရာဂစသည့်တို့ဖြင့်။ဝါ၊-တို့သည်။အဘိဘူတာ၊နှိပ်စက်အပ်ကုန်သော။သတ္တာ၊-တို့သည်။ကန္ဒန္တိ,ပရိဒေဝန္တိ၊ငိုကြွေးမြည်တမ်းကုန်၏။တေသံရာဂါဒိနံ၊ ထိုရာဂစသည့်တို့၏။ အဓိဝစနံ၊အမည်တည်း။ သမ္ပယောဂဝသေနစ၊သမ္ပယုတ်၏ အစွမ်းအားဖြင့်ရင်း။ ပဟာနေကဋ္ဌတာ ဝသေနစ၊ပယ်အပ်သည်၏ အဖြစ်ဖြင့်တူသော တည်ရာရှိသည်၏ အစွမ်းအားဖြင့်ရင်း။ ရဏေဟိ၊ ရဏမည်သော တရားတို့နှင့်။ သဟ၊ တကွ။ဝတ္တန္တိ၊ဖြစ်တတ်ဘုန်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ သရဏာ၊ သရဏတို့ မည်ကုန်၏။

**မှတ်ချက်**....ဤ၌ "ရာဂါဒိနံ" ဟူသောပုဒ်ဖြင့် ရာဂစသော ကိလေသာ ဆယ်ပါးကိုယူ။ (တနည်း) နိယတအကုသိုလ်စေတသိက်တဆဲ့လေးခုကို ယူရမည်ဟုမှတ်။ အဘယ်ကြောင့် ဆိုသော်-သတ္တဝါတို့ ငိုကြွေးမြည်တမ်းရခြင်းသည် အထူးထူး အထွေထွေသော ဒုက္ခကို ဖြစ်စေတတ်သော ရာဂစသော ကိလေသာ မကောင်းခြင်း အကုသိုလ် တင်းလင်းရှိနေခြင်းကြောင့်သာ ဖြစ်ရ၏။ ထို့ကြောင့်-၎င်းရာဂစသော ကိလေသာ,အကုသိုလ်တို့ကိုယူရ၏။

**ဤကား**....ရာဂါဒိနန္တိ ရာဂါဒိနံ ဒသန္နံ ကိလေသာနံ သဗ္ဗနိယတာကုသလာနံဝါ၊ တေဟိနာနပ္ပကာရဒုက္ခနိဗ္ဗတ္တကေဟိ အဘိဘူတာ သတ္တာ ကန္ဒန္တိ, အကန္ဒန္တ္တာ ပိ ကန္ဒနကာရဏဘာဝတော=ဟူသော မူလဋီကာနှင့် အညီတည်း။

ရာဂါဒိနန္တိ၊-ဟူသည်။ ရာဂါဒိနံ၊ရာဂအစရှိကုန်သော။ ဒသန္နံ၊ဆယ်ပါးကုန်သော။ကိလေသာနံ၊ကိလေသာတို့၏။ဝါ၊တနည်းကား။ သဗ္ဗနိယတာကုသလာနံ၊ အလုံးစုံသော အကုသိုလ် သဘော၌ မြဲကုန်သော အကုသိုလ်စေတသိက်တို့၏။ ...(ဤကား-သဗ္ဗနိယတာကုသလာနန္တိ သဗ္ဗေအကုသလဘာဝေနိယတာနံ ဗုဒ္ဓသာကုသလ စေတသိကာနံ-ဟူသော မရနှင့် အညီ သမ္ဗန္ဓလိုက်သတည်း)။.... နာနပ္ပကာရဒုက္ခနိဗ္ဗတ္တကေဟိ၊ အထူးထူးအပြားပြား အားဖြင့် ဆင်းရဲကို ဖြစ်စေတတ်ကုန်သော။ တေဟိ၊ ထိုရာဂ စသော ကိလေသာ, နိယတအကုသိုလ်စေတသိက် တို့သည်။ အဘိဘူတာ၊ နှိပ်စက်အပ်ကုန်သော။ သတ္တာ၊ သတ္တဝါ တို့သည်။ ကန္ဒန္တိ၊ ငိုကြွေး တတ်ကုန်၏။ အကန္ဒန္တ္တာပိ၊ မငို

ကြွေးကုန်သော်လည်း။ ကန္တနကာရဏာ ဘာ၀တော၊ ငိုကြွေးခြင်း၏ အကြောင်း၏အဖြစ်ကြောင့်။ ကန္ဒန္တိ၊ ငိုကြွေးသည်မည်ကုန်၏။

ဤနည်းကား-အဋ္ဌကထာ၌ သမ္ပယောဂဝသေန သဟရဏောဟိတိ သရဏာ=ဟူ၍ လာသော စကားရပ်အတိုင်း ကောက်သော နည်း တည်း။

**တနည်း**....ရာဂါဒိနံအရ- ရာဂ- ဒေါသ- မောဟ- သုံးပါး ကိုသာ ကောက်ရ မည်ဟုမှတ်။....အဘယ်ကြောင့် ဆိုသော်-ပဟာနေကဋ္ဌ တာဝသေနစ သဟရဏောဟိတိသရဏာ-ဟု အဋ္ဌကထာလာရှိသော ကြောင့်တည်း။....အကယ်၍- ရာဂ- ဒေါသ- မောဟ-မှ တပါးသော တရားကို ကောက်ယူ ခဲ့သော်- ပဟာနေကဋ္ဌတာဝသေန- ဟူသော စကား အကျိုးမများရာ ရောက်လိမ့်မည်။ ထို့ကြောင့်-ရာဂ-ဒေါသ- မောဟ-သုံးပါးကိုသာ ကောက်သင့်၏ဟူလို။

**ဤကား** .... ယသ္မာပန ပဟာနေကဋ္ဌတာဝသေနစ သရဏာတိ အာဟ။ တသ္မာ ရာဂါဒိန္တိ ဝစနေန ရာဂဒေါသမောဟာဝ ဂ ဟိတာတိ ဉာယတိ=ဟူသော မူလဋီကာနှင့် အညီတည်း။

ပန၊အဘို့တပါးကို ဆိုဦးအံ့။ယသ္မာ၊အကြင်ကြောင့်။ ပဟာနေကဋ္ဌ တာဝသေနစ၊ ပယ်အပ်သည်၏ အဖြစ်ဖြင့်တူသော တည်ရာရှိသည်၏ အစွမ်း ဖြင့်လည်း။ သရဏာတိ၊-ဟူ၍။ အာဟ၊ မိန့်ဆို၏။ တသ္မာ၊ ထို့ ကြောင့်။ရာဂါဒိန္တိ ဝစနေန၊ရာဂါဒိနံဟူသောစကားရပ်ဖြင့်။ ရာဂဒေါ သမောဟာဝ၊ရာဂ ဒေါသ မောဟ တို့ကိုသာလျှင်။ ဂဟိတာ၊ ယူအပ် ကုန်၏။ဣတိ၊ဤသို့။ဉာယတိ၊သိအပ်၏။

**ဠ**....ရာဂစသော ကိလေသာမှုတို့နှင့် တကွဖြစ်သောကြောင့်"သ ရဏာ" မည်၏ဟူ၍လည်းဖြေ။

သဟ ရဏောဟိ ယေ ဝတ္တန္တီတိ သရဏာ=ဟူ၍ပင် တွဲစပ်။ .... အကုသိုလ် စိတ္တုပ္ပါဒ်ကို အရကောက်။....ဤ၌"သရဏာ"သဒ္ဒါသည် ကိလေသာမှုကို ဟော၏ဟု မှတ်လေ။....အဘယ် ကဲ့သို့ နည်းဟူမူ- ရဏောဟတာ, နဓောတေန္တိ စန္ဒသူရိယာ, သတာရကာ-စသည်တို့၌ ရဏာသဒ္ဒါမှုဟော ပရိယာယ်ဖြစ်သကဲ့သို့တည်း။

**ဠ**....စစ်ထိုးခြင်းနှင့်တကွဖြစ်ခြင်းရှိသောကြောင့်"သရဏာ"မည် ၏ဟူ၍လည်းဖြေ။

သဟ ရဏောန ယုဒ္ဓေန ယေ ဝတ္တန္တီတိ သရဏာ=ဟုတွဲစပ်။.... အကုသိုလ် စိတ္တုပ္ပါဒ်ကိုပင်အရကောက်။

**အနိပ္ပါယ်**....ကာမာဝစရပထမာသေနာ- စသည်ဖြင့် ဟောတော်မူရကား-အကုသိုလ်တို့သည် စစ်သည်တို့ မည်ကုန်၏။ ၎င်းစစ်သည်တို့ကို အရိယာမဂ် တည်းဟူသော စစ်ထိုးခြင်းဖြင့် အရိယာမဂ် တရားတို့သည် အောင်အပ်သည်၏ အဖြစ်ကြောင့် ထိုအကုသိုလ် တည်းဟူသော စစ်သည် တို့သည် အရိယာမဂ်နှင့် စစ်ထိုးခြင်း ရှိရကား "သရဏာ" မည်ကုန်၏ဟူလို။

**ဝိ**....ဒုက္ခစသည်တို့နှင့်တကွ ဖြစ်ခြင်းရှိသောကြောင့် "သရဏာ" မည်၏ဟူ၍လည်းဖြေ။

သဟ ရဏေဟိ ဒုက္ခာဒီဟိ ယေ ဝတ္တန္တီတိ သရဏာ = ဟု တွဲစပ်။....ရှေးအတိုင်း အရကောက်။

**ဆိုရင်း**....အကုသိုလ်တို့သည်-ဆင်းရဲခြင်း, ပျက်စီးခြင်း, ပင်ပန်းခြင်းစသော အကျိုးတို့ကို ဖြစ်စေတတ်ကုန်ရကား-အကြောင်းအကျိုး၏အဖြစ်ဖြင့် စပ်သောအားဖြင့် ဒုက္ခစသည်တို့နှင့်တကွ ဖြစ်ခြင်းရှိကုန်၏ဟူလို။

ငိုကြွေး မြည်တမ်းကြောင်းဖြစ်သော ရာဂစသည်တို့နှင့်တကွ ဖြစ်ခြင်း မရှိသောကြောင့်-ကုသိုလ်,ဝိပါက်,ကြိယာ,စိတ္တုပ္ပါဒ်,ရုပ်,နိဗ္ဗာန်တို့သည် "အရဏာ" မည်ကုန်၏။

ပိဋ္ဌိဒုက်ပြီး၏။

ဒုကမာတိကာကိုပြဆိုသောအခဏ်းပြီး၏။

ဒုကမာတိကာပြီးပြီ။

# သုတ္တန္တိကမာတိကာကိုပြဆိုခဏ်း။

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

### ဟောခိုးစစ်နှင့်တကွ အကောက်ကိုပြခြင်း။

အဘိဓမ္မာကို ဆောင်ကုန်သော မထေရ်တို့အား သုတ္တန်သို့ရောက်သည့်ရှိသော် မပင်ပန်းစေခြင်း အကျိုးငှါ, တရားစစ်သူကြီး ဖြစ်သော အသျှင်သာရိပုတ္တရာမဟာထေရ်မြတ်သည်-အင်္ဂုတ္တရနိကာယ်၌ ဧကနိပါတ်-ဒုကနိပါတ်, သင်္ဂီတိသုတ်,ဒသုတ္တရသုတ်တို့မှ အသီးသီးထုတ်နုတ် ပေါင်းရုံး ပြုလုပ်၍ ထားအပ်သော ဒုက်သည် "သုတ္တန္တိကဒုက်" မည်၏။ ထိုသုတ္တန္တိကဒုက်သည်လည်း- ဝိဇ္ဇာဘာဂိဒုက် အစရှိသော အားဖြင့်-၄၂-ပါးအပြားရှိ၏။ ထို-၄၂-ပါးတို့တွင် ဝိဇ္ဇာဘာဂိဒုက်ကို ရှေးဦးစွာဟောတော်မူ၏။

### ဟောဟာနိကား။

(ပ)....ဝိဇ္ဇာဘာဂိနော ဓမ္မာ။

(ဒု)....အဝိဇ္ဇာဘာဂိနော ဓမ္မာ။....ဟူသည်တည်း။

ဝိဇ္ဇာဘာဂိနော၊ သမ္ပယုတ်၏အစွမ်းအားဖြင့် ဝိဇ္ဇာ၇စ်ပါးသို့ဆည်းကပ်တတ်ကုန်သော။ ဝါ၊ ဝိဇ္ဇာ၇စ်ပါးအဖို့၌ ဖြစ်ကုန်သော။ ဓမ္မာ၊....။ သံဝိဇ္ဇန္တိ။

အဝိဇ္ဇာဘာဂိနော၊သမ္ပယုတ်၏အစွမ်းအားဖြင့် သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော မောဟလေးပါးသို့ ဆည်းကပ်တတ်ကုန်သော။ ဝါ၊ မောဟအဖို့၌ဖြစ်ကုန်သော။ ဓမ္မာ၊....။သံဝိဇ္ဇန္တိ။

(ပ) .. အရကား-(ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတဉာဏ်, အာသဝက္ခယဉာဏ်,) တည်းဟူသော ဝိဇ္ဇာ၇စ်ပါးနှင့်ယှဉ်သော မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်-ဂ၊ အဘိညာဏ်ဒွေ၊ အရဟတ္တမဂ်စိတ်တရ, အမောဟကြဉ်-စေ-သတ္တတိံသရ၏။....၄-၂-၂-၂။

(၃)....အရကား-အကုသိုလ်စိတ်-၁၂-ချ၊မေဿဟကြည့်-စေ-ဆစ္ဆိ သရ၏။

<u>**ဆောင်ပုဒ်**</u>....ဝိဇ်-ဝိဇ်-ဗၥ-က၊ တ-အ-နိ-ပ၊ နၥ-အ-ဘ-သသ်-အ-ပုဇ်--အ-ဟိ။

ဒေါ-သော-အာ-သွာ၊ ဓာ-အာ-ဌာ၊ ခန်-သာ-ဏုန်-ဏုန်-ဒ္ဓိ။

ဓုဌ်-သ-ပဋိ၊ သ-သနိ၊ ပဂ္ဂ-သိ-တြိ။

ဒွိ-သံ-အသန်၊ ဝိဇ်-ခယံ၊ သုတ္တန္တဒွါတာလိ။ ။

ဤကား-ဟောရိုးစဉ်နှင့်တကွ အရကောက်ကိုပြသော

စကားရပ်ပြီး၏။

---

**၁....ဝိဇ္ဇာဘာဂီဒုက်ကိုပြဆိုချက်။**

မု....အဘယ်ကြောင့် "ဝိဇ္ဇာဘာဂီ" မည်သနည်းဟုမေး။

**ဖ**.... ယှဉ်သောအားဖြင့် ဝိဇ္ဇာ၈ပါးသို့ ဆည်းကပ် တတ်သော ကြောင့် "ဝိဇ္ဇာဘာဂီ" မည်၏ဟုဖြေ။

သမ္ပယောဂဝသေန ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂိနော=ဟုပြု။....ဝိဇ္ဇာ သဒ္ဒါပုဗ္ဗပဒ၊ ဘဇဓာတ်, ဏီ- ပစ္စည်း။.... တဿီလာဒိသု-ဒွိစသဒ္ဒါဖြင့် သက်။ ဤ၌ဝိဇ္ဇာအရ- ဝိ, မ- ဏုဒ်ပ၊ ပုဗ်, ဒိဗ္ဗ၊ ကျွယ၀ိဇ္ဇာ၈ပါးကိုအရ ကောက်။.... ဘဇန္တိ အရ- ၎င်းဝိဇ္ဇာ၈ပါးနှင့် ယှဉ်သော မဟာကု၊ ကြိညာဏသမ္ပယုတ်-၈-အဘိညာဏ်-၂၊အရဟတ္တမဂ်စိတ်-၁၊အမော ဟကို ကြည့်-စေ-၃၃- ခုတို့၏ ဆည်းကပ်ခြင်း ကတ္တား၌ ကြိယာကို ကောက်။....ဏီ-ပစ္စည်းအရ-၎င်းသမ္ပယုတ်တရားစုကိုကောက်။.... ဝိဇ္ဇာဘာဂိနော ဟူသော ပုဒ်ပြီးအရလည်း ဝိဇ္ဇာ၈ပါးနှင့် ယှဉ်သော ၎င်းသမ္ပယုတ်တရားစုကိုပင်ကောက်။

**ဖ**....ဝိဇ္ဇာအစု၌ ဖြစ်သောကြောင့် "ဝိဇ္ဇာဘာဂီ" မည်၏ဟူ၍လည်း ဖြေ။

ဝိဇ္ဇာဘာဂေ ဝတ္တန္တီတိ ဝိဇ္ဇာဘာဂိနော=ဟု ဝတ္တန္တိတဒ္ဓိတ်ပြု။.... ဝိဇ္ဇာ၈ပါးကိုသာ အရကောက်။

**အဓိပ္ပါယ်**....ဤဝစနတ္တ၌အမှတ်မရှိသော ဝိဇ္ဇာ-၇-ပါးကို ဝတ္တန္တိ ကြိယာ၏ကတ္တားအရယူ၍ တပါးပါးသော ဝိဇ္ဇာကို ဝိဇ္ဇာဘာဂေ=ဟူ

သော အာခါရ ပုဒ်အရ ယူရမည်။ ထို့ကြောင့် ငဝ္ဇာ ၅စ်ပါး လုံးကို ကောက်ရ၏ဟူလို။

**ဤကား** …. ပဉ္စမေန အတ္တေန တာသု ယာကာစိ ဧကာ ဝိဇ္ဇာ၊ သေသာ ဝိဇ္ဇာဘာဂိနော=ဟူသောအဋ္ဌကထာနှင့်အညီတည်း။

ပဉ္စမေနအတ္တေန၊ နောက်ဝစနတ္ထဖြင့်။ တာသု၊ ထို၅စ်ပါးသော ဝိဇ္ဇာတို့တွင်။ ယာကာစိ၊ အမှတ်မရှိသော။ ဧကာ၊ တခုခုသောဝိဇ္ဇာ သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။ သေသာ၊ ကြွင်းသောဝိဇ္ဇာတို့သည်။ ဝိဇ္ဇာ ဘာဂိနော၊ ဝိဇ္ဇာဘာဂိတို့မည်ကုန်၏။

ဤဒုက်၌ ဝိဇ္ဇာဘာဂိအရ- ဝိဇ္ဇာ ၅စ်ပါးနှင့် ယှဉ်သော သမ္ပယုတ် တရားရကိုသာကောက်ယူရမည်ဟုမှတ်။

**ဤကား** …ဣဓပန သမ္ပယုတ္တဓမ္မာဝ အဓိပ္ပေတာ=ဟူသော အဋ္ဌ ကထာနှင့်အညီတည်း၊… ။အနက်လွယ်ပြီ။

[အဝိဇ္ဇာဘာဂိ ဟူသောပုဒ်ကို ထိုမှပြန်သောအားဖြင့်သိလေ။]

ဤကား-ဝိဇ္ဇာဘာဂိဒုက်ကိုပြသောစကားရပ်အပြီးတည်း။

**စကားချုပ်** …. အဖြေမြင်က၊အတင်ထုတ်မြဲ၊မလွဲဘာသာဓမ္မတာ= ဟူ၍ဂုဏ်း။

ယတ္ထယတ္ထ ပဒေသေ့ဝ၊ ဒွေ့ ဝိသဇ္ဇနေသတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝဝိဘာဝိနာ။ ။

ဟူ၍ဂုဏ်း။သဒ္ဒါဆရာတို့မိန့်မှာသောအတိုင်း-နောက်နောက်သော ဒုက်တို့၌ ဝစနတ္ထနှင့်တကွ အဖြေ အရကောက်မှုကိုသာ ပြပေတော့ အံ့။…. အမေးပုစ္ဆာကိုထုတ်တတ်ရမည်ဟူလို။

---

## ၂…. ဝိဇ္ဇူပမဒုက်ကိုပြဆိုချက်။

ဝိဇ္ဇာဘာဂိဒုက်ကို…. မှဲ့၌၊ ဝိဇ္ဇူပမဒုက်ကို…. ၏။…. **ကား**။

(ပ)…. ဝိဇ္ဇူပမာဓမ္မာ။
(ဒု)…. ဝဇိရူပမာဓမ္မာ။…. ဘည်း။

ဝိဠူပမာ၊ လျှပ်စစ်လျှပ်ဥပမာရှိကုန်သော။ ဝါ၊ လျှပ်စစ်နှင့်တူကုန်သော။ ဓမ္မာ၊....။သံဝိဇ္ဇန္တိ။

ဝဇိရူပမာ၊ မိုးကြိုးစက် ဥပမာရှိကုန်သော။ ဝါ၊ မိုးကြိုးစက်နှင့်တူကုန်သော။ ဓမ္မာ၊....။သံဝိဇ္ဇန္တိ။

(ပ)....အရကား—အောက်မဂ်ဗိတ်သုံးချဉ်ရှိသော-ပညာရ၏။

(ဒု)....အရကား—အရဟတ္တမဂ်ဥ္ရှိသော-ပညာရ၏။

(ပ)....ဝိဇ္ဇူ ဥပမာ ယေသန္တိ ဝိဇ္ဇူပမာ=ဟုတွဲစပ်။

လျှပ်စစ်ဥပမာ ရှိသောကြောင့်။ ဝါ၊ လျှပ်စစ်နှင့် တူသောကြောင့် အောက်မဂ်ဗိတ်သုံးချဉ်ရှိသော ပညာသည် "ဝိဇ္ဇူပမာ" မည်၏။

**အဓိပ္ပါယ်**....အောက်မဂ်ဗိတ် သုံးချဖြင့် ပယ်အပ် ဖျက်ဆီးအပ်ပြီးသောကိလေသာတို့သည် တဘန်ပြန်၍ပင်မဖြစ်ကုန်သော်လည်းပယ်အပ်ပြီးသော ကိလေသာတို့နှင့် ကိလေသာအဖြစ်အားဖြင့် တူသောကြွင်းကျန်သောကိလေသာတို့ရှိကုန်သေးရကား။ကိလေသာအမိုက်မှောင်ကို ကုန်စင်အောင်မပယ်နိုင်သေးသောကြောင့် လျှပ်စစ်နှင့်တူ၏ဟူလို။

(ဒု)....ဝဇိရံ ဥပမာ ယေသန္တိ ဝဇိရူပမာ=ဟုတွဲစပ်။.... ဝရဇိန်လက်နက် မိုးကြိုးစက် ဥပမာရှိသောကြောင့်။ ဝါ၊ မိုးကြိုးစက်နှင့်တူသောကြောင့်- အရဟတ္တမဂ်ဥ္ ရှိသော- ပညာသည် "ဝဇိရူပမာ" မည်၏။

**အဓိပ္ပါယ်**....မိုးကြိုးစက်ကျရောက်အပ်သောသစ်ပင်ကျောက်ဖျာအစရှိသည်သည် မပျက်စီးသည် ဟူ၍မရှိ၊ မိုးကြိုးစက် ကျရောက်၍ ပျက်စီးသောသစ်ပင် ကျောက်ဖျာ စသည်သည် တဘန်ကြီးပွါး ပြန်ကောင်းစားသည်ဟူ၍မရှိသကဲ့သို့။ ထို့အတူအရဟတ္တမဂ်ဉာဏ်ဖြင့် ဖျက်ဆီးအပ်သောကိလေသာတို့သည် မပျက်စီးသည်ဟူ၍မရှိ၊ပျက်စီးပြီးသော ကိလေသာတို့သည်လည်း တဘန်ဖြစ်ပွါးခြင်းမရှိနိုင်။ ထို့ကြောင့် အရဟတ္တမဂ်ဉာဏ်သည် မိုးကြိုးစက်နှင့်တူ၏ဟူလို။

**စကားချုပ်**....အကြောင်းပြအရတို့၌ အတွင်းဝင်ပြီးဖြစ်၍ နောက်နောက်သော ဒုက်တို့၌ အနက်အရကောက်တို့ကို မရေးတော့ပြီ။...

(ပုံကား။) လျှပ်စစ် ဥပမာရှိသောကြောင့် ဟူသော စကား၌ "သော ကြောင့်ကို" ကုန်သောဟု ပြင်၍–လျှပ်စစ်–ရှိကုန်သောဟု အနက်ပေး တတ်ရမည်....။အောက်မဂ်ဝိတ် သုံးချဉ်ရှိသော ပညာသည် ဟူသော စကားမျိုးသည်ပင်အရကောက်ဖြစ်၏။....ဝိဇ္ဇူပမာမည်၏ကား–ဂုင်း အရကောက်သည် ဝိဇ္ဇူပမာပုဒ်၏ အရကောက်ဟုမှတ်။

ဤကား–ဝိဇ္ဇူပမာဒုက်ကိုပြသောစကားရပ်အပြီးတည်း။

## ၃–ဗာလဒုက်ကိုပြဆိုခြင်း။

ဝိဇ္ဇူပမဒုက်ကို....မဲ့၌၊ဗာလဒုက်ကို ဟောတော်မူ၏။....**ကား**။

(ပ)....ဗာလာ ဓမ္မာ။
(ဒု)....ပဏ္ဍိတာ ဓမ္မာ။....တည်း။

(ပ)....ဗာလေသု ဋ္ဌိတာ ဗာလာ=ဟုပြု။

လူမိုက်တို့၌တည်သောကြောင့်–မိုက်ကုန်သောအကုသိုလ်စိတ္တုပ္ပါဒ် သည် "ဗာလ" မည်၏။

**အဓိပ္ပါယ်**....မဥ္စာဃောသန္တိ စသည်တို့၌ကဲ့သို့၊ဌာနဖြစ်သောလူ မိုက်၏ ဗာလ ဟူသော အမည်ကို ဌာနီဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ် ၌တင်စား၍ ဌာနူပစာ အားဖြင့် အကုသိုလ် စိတ္တုပ္ပါဒ်သည် ဗာလမည် ၏ဟူလို။

**တနည်း**....ဗာလံ ဗာလဘာဝံ ကရောန္တီတိ ဗာလာ=ဟုကရောန္တိ တဒ္ဓိတ်ပြု။....မိုက်သည်၏ အဖြစ်ကို ပြုတတ်သောကြောင့် (မိုက်ကုန် သော) အကုသိုလ် စိတ္တုပ္ပါဒ်သည်"ဗာလ"မည်၏။....[ဤ၌မိုက်ကုန် သောဟု အနက်ပေး။]

(ဒု)....ပဏ္ဍိတေသု ဋ္ဌိတာတိ ပဏ္ဍိတာ = ဟုပြု။ .... ပညာရှိတို့၌ တည်သောကြောင့်–ကုသိုလ်စိတ္တုပ္ပါဒ်သည် "ပဏ္ဍိတ" မည်၏။

**တနည်း**....ပဏ္ဍိတဘာဝံ ကရောန္တီတိ ပဏ္ဍိတာ=ဟုပြု။....ပညာ ရှိသည်၏အဖြစ်ကို ပြုတတ်သောကြောင့် (ပညာရှိကုန်သော) ကုသိုလ် စိတ္တုပ္ပါဒ်သည် "ပဏ္ဍိတ" မည်၏။

## ၄-ကဏှဒုက်ကိုပြဆိုချက်။

ဗာလဒုက်ကို....မှဲ၍၊ကဏှဒုက်ကိုဟောတော်မူ၏။....**ကား၊**

(ပ)... ကဏှာ ဓမ္မာ။

(ဒု) ...သုက္ကာ ဓမ္မာ။ ...တည်း။

(ပ)....ပဏ္ဍိတေဟိ ကုစ္ဆိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ကဏှံ=ဟူ၍ဎင်း။ ကဏှဂုဏံ အာဿ အတ္ထီတိ ကဏှံ=ဟူ၍ဎင်းပြု။....စိတ်ကို ပညာရောင် မထွက်အောင် ပြုတတ်သည် ဖြစ်၍ ပညာရှိတို့သည် စက်ဆုပ်အပ်သောကြောင့်ဎင်း, မည်းညစ်သော ရာဂ စသည်တို့နှင့် ယှဉ်ခြင်းကြောင့်ဎင်း, (မည်းညစ်သော) အကုသိုလ် စိတ္တုပ္ပါဒ်သည် "ကဏှ" မည်၏။

( ) ဤအကွင်း အတွင်းရှိ စကားရပ်ကို- ဎင်းပုဒ်၏ အနက်ဟူ၍မှတ်။ နောက်နောက် အကွင်းပါသော စကားရပ်၌ နည်းတူ မှတ်ယူရမည်ဟူ၏။

**တနည်း**....ကံသုခံ ဟနတီတိ ကဏှံ=ဟုပြု။....အပါယ်ဘုံ ဘဝ၌ဎင်း, ဘုန်းကံနည်းသော သူဆင်းရဲဘဝ၌ဎင်း, ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်-အကုသိုလ်စိတ္တုပ္ပါဒ်သည် "ကဏှ" မည်၏။

(ဒု)....သုက္ကဂုဏံ အာဿ အတ္ထီတိ သုက္ကံ=ဟုပြု။ .. ဖြူစင်သော အလောဘစသော ဂုဏ်တို့နှင့် ယှဉ်သောကြောင့် (ဖြူစင်သော)ကုသိုလ် စိတ္တုပ္ပါဒ်သည် "သုက္က" မည်၏။

**တနည်း** ...သုခံ ကရောတီတိ သုက္ကံ=ဟုပြု။....ဖြူစင် ဘုန်းရှိ သုဂတိဘဝ၏ အကြောင်း ဖြစ်သောကြောင့် - ကုသိုလ် စိတ္တုပ္ပါဒ်သည် "သုက္က" မည်၏။

---

## ၅-တပနီယဒုက်ကိုပြဆိုချက်။

ကဏှဒုက်ကို....မှဲ၍၊တပနီယဒုက်ကိုဟောတော်မူ၏။ ...**ကား၊**

(ပ)....တပနီယာ ဓမ္မာ။

(ဒု)....အတပနီယာ ဓမ္မာ။....တည်း။

(ပ)....တပန္တိတိ တပနီယာ=ဟု ကတ္တုသာဓ်ပြု။... ပစ္စုပ္ပန် သံသရာနှစ်ပါး၌ ပူပန်တတ် သောကြောင့်- အကုသိုလ် စိတ္တုပ္ပါဒ်သည် "တပနိယ" မည်၏။

**တနည်း**....တပနသာ ဟိတာတိ တပနီယာ=ဟု ဟိတ တဒ္ဓိတ်ပြု။ ပူပန်ခြင်း၏ အစီးအပွါး ဖြစ်သောကြောင့်-အကုသိုလ်စိတ္တုပ္ပါဒ်သည် "တပနိယ" မည်၏။

**တနည်း** .... ကုသလေဟိ တာပေတဗ္ဗာတိ တပနီယာ= ဟု ကမ္မသာဓ်ပြု။....ကုသိုလ် တရားတို့သည် ပူပန်စေအပ် သောကြောင့် အကုသိုလ် စိတ္တုပ္ပါဒ်သည် "တပနိယ" မည်၏။

ထိုမှပြန်သောအားဖြင့် အတပနိယကို သိကြလေကုန်။ ။[ဗာလ-ကဏ္ဍ-တပနိယ-ဤသုံးဒုက်ကား အရကောက်တည်း။]

---

## ၆-အဓိဝစနဒုက်ကိုပြဆိုချက်။

တပနိယဒုက်ကို....မှဲ့၍၊အဓိဝစနဒုက်ကို-၏။....**ကား**။

(ပ)....အဓိဝစနာ ဓမ္မာ။

(ဒု)....အဓိဝစနပထာ ဓမ္မာ။....တည်း။

(ပ)....ဝစနမတ္တမေဝ အဓိကာရံ ကတွာ ပဝတ္တာတိ အဓိဝစနံ=ဟုပြု။....သဒ္ဒါမှ ကိုသာ အကြီးအမှူးပြု၍ ဖြစ်သောကြောင့်-သုဏာန္တ ပုဂ္ဂိုလ်တို့၏အသိဉာဏ်အားတပ်သောသဒ္ဒပညတ်သည် "အဓိဝစန" မည်၏။-ထိုသဒ္ဒ ပညတ်သည် အစိတ်သဒ္ဒါနှင့် မကင်း ရကား-ဝိညတ် နှင့်တကွသော ဝစီဘေဒသဒ္ဒကို အရကောက်။-၁-၂-၂-၁။

**တနည်း**....အဓိဥပရိ ပဝတ္တံ ဝစနံ အဓိဝစနံ=ဟုတွဲစပ်။....ပြအပ်သော အနက်၏ အထက်၌ ဝါစက အဖြစ်ဖြင့် ဖြစ်သောကြောင့်-ငင်း သဒ္ဒပညတ်သည် "အဓိဝစန" မည်၏။

**တနည်း**.... အဓိအာယတ္တံ ဝစနံ အဓိဝစနံ=ဟုတွဲစပ်။ .... ပြအပ်ပြီးသော အနက်နှင့် စပ်သောကြောင့်-ငင်းသဒ္ဒ ပညတ်သည်ပင် "အဓိဝစန" မည်၏။ ။[ရှေးအတိုင်းကောက်။]

(ဒု)....အဓိဝစနာနံ ပထာ အဓိဝစန ပထာ=ဟု တွဲစပ်။....သဒ္ဒါမှုကို အကြီး အမှူးပြု၍ ဖြစ်သော သဒ္ဒပညတ်၏ အကြောင်း ဖြစ်သော

ကြောင့်-ဝဒန္တပုဂ္ဂိုလ်၏အသိဉာဏ်အားတပ်သော အဏ္ဏပညတ်သည် "အဓိဝစနပထ" မည်၏။-၎င်းအဏ္ဏပညတ်သည် အကြောင်းအနက်နှင့် မကင်းကောင်းရကား ဓိတ်-စေ-ရုပ်-နိဗ်လေးပါးကိုပင်ကောက်။

## ၇-နိရုတ္တိဒုက်ကိုပြဆိုချက်။

အဓိဝစနဒုက်ကို....မှဲ့၍၊နိရုတ္တိဒုက်ကို-၏။....**ကား**။

(ပ)....နိရုတ္တိ ဓမ္မာ။
(ဒု)....နိရုတ္တိပထာ ဓမ္မာ။....တည်း။

(ပ)....နိဒ္ဒါရေတွာ ဝုစ္စတိတိ နိရုတ္တိ= ဟုပြု။ .... ထုတ်၍ ဆိုအပ်သော သဒ္ဒပညတ် ဖြစ်သောကြောင့် "နိရုတ္တိ" မည်၏။

**တနည်း** ...နိဗ္ဗတ္တိတံ ဝစနံ နိရုတ္တိ=ဟူ၍၎င်း။ ။နိယတံဝစနံနိရုတ္တိ= ဟူ၍၎င်းပြု။ ...သုဏာန္တ-ဝဒန္တပုဂ္ဂိုလ်တို့သည်၏သဒ္ဒါသည်၏အနက်ကိုဟော၏ဟုဆုံးဖြတ်အပ်သော သဒ္ဒါဖြစ်သောကြောင့်၎င်း,အနက်ကို ပြခြင်း၌မြဲခြင်းကြောင့်၎င်း-သဒ္ဒပညတ်သည်"နိရုတ္တိ"မည်၏။ ။[အရ ကောက်နှင့်တကွအကြွင်းကိုအဓိဝစနဒုက်အတိုင်းကောက်။]

## ဂ-ပညတ္တိဒုက်ကိုပြဆိုချက်။

နိရုတ္တိဒုက်ကို....မှဲ့၍၊ပညတ္တိဒုက်ကို-၏။... **ကား**။

(ပ)... ပညတ္တိ ဓမ္မာ။
(ဒု)....ပညတ္တိပထာ ဓမ္မာ။ ...တည်း။

(ပ)....ပကာရေန ဉာပေတီတိ ပညတ္တိ=ဟုပြု။ ...အပြားအားဖြင့် သိစေတတ်သောကြောင့်-သဒ္ဒပညတ်သည် "ပညတ္တိ"မည်၏။ ။[အ ကောက်နှင့်တကွ အကြွင်းကို နည်းမှီး၍ သိကုန်။]

**အထူး**.... ဗျပ္ပတ္တိနိမိတ်ကို မငဲ့မူ၍ ကျွန် သူဆင်းရဲ စသည်တို့ကို ဟောသောသိရိဝဍ္ဍက,ဓနဝဍ္ဍကစသောသဒ္ဒါတို့ကဲ့သို့ ဗျပ္ပတ္တိ နိမိတ် ကိုမငဲ့မူ၍ဖြစ်သော သဒ္ဒါမျိုးသည် "အဓိဝစန" မည်၏။

အတိသယ်ရောင်္ဂတိ ခေါ် ဘိက္ခုဖဝ တဿာ သဒ္ဒါရာ-စသည် တို့ ကဲ့သို့၊ အကြောင်းဗျုပ္ပတ္တိနိမိတ်ကိုထုတ်၍ အကြောင်းနှင့်တကွ ဆိုအပ် သော သဒ္ဒါမျိုးသည် "နိရုတ္တိ" မည်၏။

တဏ္ဍော-ဝိတဏ္ဍော-သက်ပွေါ်-စသော ထိုထိုပရိယာယ်အမျိုးမျိုး ဖြင့်သိစေတတ်သော သဒ္ဒါမျိုးသည် "ပညတ္တိ" မည်၏။ ဆက်ဦးအံ့။

သမာသောစ တဒ္ဓိတောစ၊ ဝါကျတ္တေသု ဝိသေသကာ။
ပဿိဋ္ဌယံ တု သာမညံ၊ တေလံ သုဂတစိဝရံ၊....

ဟူသော ပရိဘာသာနှင့်အညီ-ပုဒ်ပြီးသောအခါ သာမညကိုဟော သည်ဖြစ်ရကား အဓိဝစန စသော သုံးပါးသောဒုက်တို့တွင် တပါးပါး သောဒုက်သည်ပင်လျှင် ပိဋကတ်သုံးပုံ အလုံးစုံသော သဒ္ဒါဟူသမျှကို ဟောနိုင်၏ဟုမှတ်။

---

## ၉....နာမရူပဒုက်ကိုပြဆိုချက်။

ပညတ္တိဒုက်ကို....မှဲ့၍၊ နာမရူပဒုက်ကို-၏။....**ကား**။

(ပ)....နာမဥ္စ။
(ဒု)....ရူပဥ္စ။....တည်း။

(ပ)....နာမံ ကရောတီတိ နာမံ=ဟုပြု။....နာမ် ဟူသော အမည် ကိုပြုတတ်သောကြောင့်၊ဝါ-ညွတ်ခြင်းကို ပြုတတ်သောကြောင့်-စိတ်, စေ, နိဗ္ဗာန်သည် "နာမ" မည်၏။

**တနည်း**....အာရမဏာံ နမတီတိ နာမံ= ဟုပြု။ ... အာရုံသို့ညွတ် တတ်သောကြောင့်-စိတ်,စေနှစ်ပါးသည် "နာမ" မည်၏။

**တနည်း** ... နာမေတီတိ နာမံ= ဟုပြု။.... ညွတ်စေ တတ်သော ကြောင့်-စိတ်, စေ, နိဗ္ဗာန်သည် "နာမ" မည်၏။

(ဒု)....ရုပ္ပတီတိ ရူပံ=ဟုကတ္တုသာဓ်, ကမ္မသာဓ်ပြု။.... ဖောက် ပြန်တတ် သောကြောင့်ငင်း, ဆန့်ကျင်ဘက် အကြောင်း တို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေ အပ်သောကြောင့်ငင်း- ရုပ်အဋ္ဌဝီသ သည် "ရူပ" မည်၏။

## ၁၀....အဝိဇ္ဇာဒုက်ကိုပြဆိုချက်။

နာမရူပဒုက်ကို....မှဲ၍၊ အဝိဇ္ဇာဒုက်ကို-၏။....**ကား**။

(ပ)....အဝိဇ္ဇာစ။
(ဒု)....ဘဝတဏှာစ။....တည်း။

(ပ)....န ဝိဇ္ဇာနာတီတိ အဝိဇ္ဇာ=ဟူ၍၎င်း။ ။နဝိဒိတံကရောတီ တိအဝိဇ္ဇာ=ဟူ၍၎င်းပြု။ ... သစ္စာလေးပါးစသည်ကို မသိတတ်သော ကြောင့်၎င်း, သိအပ်သည်ကို မသိတတ်, မသိအပ်သည်ကို သိတတ် သောကြောင့်၎င်း-မောဟသည် "အဝိဇ္ဇာ" မည်၏။

(ဒု)....ဘဝေသု တဏှာ ဘဝတဏှာ= ဟုတွဲစပ်။ .... ဘဝတို့၌ တပ်မက် သောကြောင့်- လောဘသည် "ဘဝတဏှာ" မည်၏။ ... ဘဝကို တပ်မက် တတ်သော လောဘသည် "ဘဝတဏှာ" မည်၏ ဟူလို။

---

## ၁၁....ဘဝဒိဋ္ဌိဒုက်ကိုပြဆိုချက်။

အဝိဇ္ဇာဒုက်ကို....မှဲ၍၊ ဘဝဒိဋ္ဌိဒုက်ကို-၏။... **ကား**။

(ပ)....ဘဝဒိဋ္ဌိစ။
(ဒု)....ဝိဘဝဒိဋ္ဌိစ။....တည်း။

(ပ)....သဒါ ဘဝတီတိ ဘဝေါ။.... မိစ္ဆာပဿတီတိဒိဋ္ဌိ။- ဘဝ ဝသေနပဝတ္တာဒိဋ္ဌိဘဝဒိဋ္ဌိ= ဟု ပြုလုပ်တွဲစပ်။.... မြဲသည်၏ အစွမ်း အားဖြင့်ဖြစ်သော မှားသောအယူ ဖြစ်သောကြောင့်- ဒိဋ္ဌိစေတသိက် သည် "ဘဝဒိဋ္ဌိ" မည်၏။

(ဒု)....ဝိဘဝနံ ဥစ္ဆေဒနံ ဝိဘဝေါ။.... ဝိဘဝဝသေန ပဝတ္တာဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ= ဟုတွဲစပ်။ ... ပြတ်သည်၏ အစွမ်းအားဖြင့်ဖြစ်သော မှား သော အယူဖြစ်သောကြောင့်-ဒိဋ္ဌိစေတသိက် သည်ပင် "ဝိဘဝဒိဋ္ဌိ" မည်၏။

## ၁၂…သဿတဒိဋ္ဌိဒုက်ကိုပြဆိုချက်။

ဘဝဒိဋ္ဌိဒုက်ကို…မှဲ့၍၊ သဿတဒိဋ္ဌိဒုက်ကို-၍။…**ကား**။

(ပ)…သဿတဒိဋ္ဌိစ။

(ဒု)…ဥစ္ဆေဒဒိဋ္ဌိစ။…တည်း။

(ပ)…သဿတော ဂတိ ပဝတ္တာ ဒိဋ္ဌိ သဿတဒိဋ္ဌိ=ဟုတွဲစပ်။…အတ္တသည်၎င်း, လောကသည်၎င်း, မြဲ၏ဟု မှားသော အယူဖြစ်သောကြောင့်-ဒိဋ္ဌိစေတသိက်သည် "သဿတဒိဋ္ဌိ" မည်၏။

(ဒု)…ဥစ္ဆေဒေါ ဂတိ ပဝတ္တာ ဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ= ဟုတွဲစပ်။…အတ္တသည်၎င်း, လောကသည်၎င်း, ပြတ်လတ္တံ့ဟုမှားသောအယူဖြစ်သောကြောင့်-ဒိဋ္ဌိစေတသိက်သည်ပင် "ဥစ္ဆေဒဒိဋ္ဌိ" မည်၏။

---

## ၁၃…အန္တဝါဒိဋ္ဌိဒုက်ကိုပြဆိုချက်။

သဿတဒိဋ္ဌိဒုက်ကို…မှဲ့၍၊ အန္တဝါဒိဋ္ဌိဒုက်ကို-၍။…**ကား**။

(ပ)…အန္တဝါဒိဋ္ဌိစ။

(ဒု)…အနန္တဝါဒိဋ္ဌိစ။…တည်း။

(ပ)…အန္တဝါ ဂတိ ပဝတ္တာ ဒိဋ္ဌိ အန္တဝါဒိဋ္ဌိ=ဟုတွဲစပ်။…အတ္တသည်၎င်း, လောကသည်၎င်း, အဆုံးရှိ၏ဟုဖြစ်သော မှားသောအယူဖြစ်သောကြောင့်-ဒိဋ္ဌိစေတသိက်သည် "အန္တဝါဒိဋ္ဌိ" မည်၏။

(ဒု)…အနန္တဝါ ဂတိ ပဝတ္တာ ဒိဋ္ဌိ အနန္တဝါဒိဋ္ဌိ= ဟုတွဲစပ်။…အတ္တသည်၎င်း, လောကသည်၎င်း, အဆုံးမရှိဟု ဖြစ်သော မှားသောအားဖြင့် ယူသောကြောင့်- ဒိဋ္ဌိစေတသိက်သည်ပင် "အနန္တဝါဒိဋ္ဌိ" မည်၏။

---

## ၁၄…ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်ကိုပြဆိုချက်။

အန္တဝါဒိဋ္ဌိဒုက်ကို…မှဲ့၍၊ ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်ကို-၍။…**ကား**။

(ပ)…ပုဗ္ဗန္တာနုဒိဋ္ဌိစ။

(ဒု)…အပရန္တာနုဒိဋ္ဌိစ။…တည်း။

(ပ) .. ပုဗ္ဗန္တံ အနုဂတာ ဒိဋ္ဌိ ပုဗ္ဗန္တာနုဒိဋ္ဌိ = ဟုတွဲစပ်။ ... ရှေး အတ္တိုသို့ အစဥ်လိုက်သော မိစ္ဆာအယူ ဖြစ်သောကြောင့်- ဒိဋ္ဌိစေတ သိက်သည် "ပုဗ္ဗန္တာနုဒိဋ္ဌိ" မည်၏။

(ဒု)....အပရန္တံ အနုဂတာ ဒိဋ္ဌိ အပရန္တာနုဒိဋ္ဌိ= ဟုတွဲစပ်။.... နောက်အတ္တိုသို့အစဥ်လိုက်သော မှားသောအားဖြင့် ယူသောကြောင့် ဒိဋ္ဌိစေတသိက်သည်ပင် "အပရန္တာနုဒိဋ္ဌိ" မည်၏။

---

**၁၅....၁၆... အဟိရိကာဒိဒုက်ကိုပြဆိုချက်။**

ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်ကို....မှဲ့၍၊ အဟိရိကဒုက်ကို-၏။....**ကား**။

(ပ)....အဟိရိကာစ။

(ဒု)....အနောတ္တပ္ပဉ္စ။....တည်း။

(ပ)....နဟိရိယတိ နလဇ္ဇိယတိတိ အဟိရိကော။.... အဟိရိက ဿဘာဝေါ အဟိရိက္ကံ။....အဟိရိက္ကမေဝအဟိရိကံ=ဟုပြု။....စက် ဆုပ်အပ်ရှက်အပ်သော ကာယဒုစရိုက်စသည်တို့မှ မစက်ဆုပ်မရှက် တတ်သောကြောင့်အဟိရိကစေတသိက်သည် "အဟိရိက" မည်၏။

(ဒု)....နဩတ္တပ္ပတိတိအနောတ္တပ္ပံ=ဟုပြုလုပ်တွဲစပ်။... ထိတ်လန့် အပ်သော ကာယဒုစရိုက် စသည်မှ မထိတ်လန့် တတ်သောကြောင့် အနောတ္တပ္ပစေတသိက်သည် "အနောတ္တပ္ပ" မည်၏။ ။[ဟိရိဒုက် ကို အဟိရိကဒုက်မှပြန်သောအားဖြင့်သိလေကုန်။]

---

**၁၇ ...၁၈....ဒေါဝစဿတာဒိဒုက်ကိုပြဆိုချက်။**

ဟိရိဒုက်ကို....မှဲ့၍၊ ဒေါဝစဿတာဒုက်ကို-၏။....**ကား**။

(ပ)....ဒေါဝစဿတာစ။

(ဒု)....ပါပမိတ္တတာစ။... တည်း။

(ပ)....ဒုက္ခံ ဝစော ဧတ္ထာတိ ဒုဗ္ဗစော။ .... ဒုဗ္ဗစဿကမ္မံဒေါဝစ ဿံ။ ဒေါဝစဿဘာဝေါ ဒေါဝစဿတာ=ဟုပြုလုပ်တွဲစပ်။....ဆုံးမ ခက်သော စကား ရှိသော ပုဂ္ဂိုလ်၏ အမှု၏ ဖြစ်ကြောင်း ဖြစ်သော ကြောင့်-ဒေါသမူနွေစိတ္တုပ္ပါဒ်သည် "ဒေါဝစဿတာ" မည်၏။

(ခ)...ပါပါမိတ္တာယသသာတိ ပါပမိတ္တော။ .. ပါပမိတ္တဿဘာဝေါ ပါပမိတ္တတာ=ဟု ပြုလုပ်တွဲစပ်။.... ယုတ်မာသော အဆွေခင်ပွန်းရှိသော သူ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် – လောဘမှု– မောဟမှု မိတ္တပြုပွါးခြင်းသည် "ပါပမိတ္တတာ" မည်၏။ ။[၁၈–သောဝစဿတာဒုက်ကို–ၛင်းဒုက်မှပြန်၍သိလေကုန်။] ။

---

### ၁၉....၂၀....အာပတ္တိကုသလတာဒိဒုက်ကိုပြဆိုချက်။

သောဝစဿတာဒုက်ကို..မှဲ့၍၊အာပတ္တိကုသလတာဒုက်ကို-၏..ကား။

(ပ)....အာပတ္တိကုသလတာစ။

(ခ)....အာပတ္တိဝုဋ္ဌာနကုသလတာစ။....တည်း။

(ပ)....အာပတ္တိသု ကုသလဿ ဘာဝေါ အာပတ္တိကုသလတာ= ဟုတွဲစပ်။ ... အာပတ်တို့၌ လိမ္မာသောသူ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်- မဟာကု -ကြီ- သံ- ၈–ခုတို့၌ရှိသောပညာသည် "အာပတ္တိကုသလတာ" မည်၏။

(ခ).. အာပတ္တိသု ဝုဋ္ဌာနေ ကုသလတာ အာပတ္တိဝုဋ္ဌာနကုသလတာ= ဟုတွဲစပ်။ .... အာပတ်တို့မှ ထခြင်း၌ လိမ္မာသော သူ၏ဖြစ်ကြောင်း ဖြစ်သောကြောင့်, ၎င်းပညာသည်ပင် "အာပတ္တိဝုဋ္ဌာနကုသလတာ" မည်၏။ ။[၂၀.... သမာပတ္တိကုသလတာဒုက်ကိုလည်း နည်းမှီး၍သိကြကုန်။ အရကောက်လည်းတူ၏။] ။

---

### ၂၁–၂၂–ဓာတုကုသလတာဒိဒုက်ကိုပြဆိုချက်။

သမာပတ္တိဒုက်ကို....မှဲ့၍၊ဓာတုကုသလတာဒုက်ကို–၏။ .. ကား။

(ပ)....ဓာတုကုသလတာစ။

(ခ)....မနသိကာရကုသလတာစ။...တည်း။

(ပ)....ဓာတုကုသလဿ ဘာဝေါ ဓာတုကုသလတာ = ဟု တွဲစပ်။....ဓာတ်တဆဲ့ရှစ်ပါးတို့၌ လိမ္မာသောသူ၏ ဖြစ်ကြောင်းဖြစ်သောကြောင့်–မဟာကု–ကြီ–အဘိညာဏ်မဂ်တို့၌ရှိသော ပညာသည် "ဓာတုကုသလတာ" မည်၏။

(ဒ)....မနသိကာရေ ကုသလဿ ဘာဝေါ မနသိကာရကုသလ တာ=ဟု ဝဲွစပ်။....ခတ်တဆဲ့ရှစ်ပါး တို့ကို နှလုံးသွင်းခြင်း၌ လိမ္မာ သောသူ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်–၎င်းပညာသည်ပင် "မနသိ ·ကာရ ကုသလတာ" မည်၏။ ။[၂၂–အာယတနကုသလတာ ဒုက် ကိုနည်းတူသိ၊အကောက်လည်းတူ၏။]

---

## ၂၃–ဌာနကုသလတာဒုက်ကိုပြဆိုချက်။

အာယတနဒုက်ကို....မှဲ့၌၊ ဌာနကုသလတာဒုက်ကို–၏။....**ကား**။

(ပ)....ဌာနကုသလတာစ။

(ဒ)....အဋ္ဌာနကုသလတာစ။....တည်း။

(ပ)....တိဋ္ဌတိ ဖလံ ဧတ္တာတိ ဌာနံ။–ဌာနေ ကုသလဿ ဘာဝေါ၊ ဌာနကုသလတာ=ဟု ပြုလုပ်တဲွစပ်။....အကြောင်းဟုတ်သည်၌လိမ္မာ သောသူ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်–မဟာကု-ကြိ-သံ-ဂ၊ အဘိ ညာဏ်နွေ၌ရှိသောပညာသည် "ဌာနကုသလတာ" မည်၏။ ။[ထိုမှ ပြန်သောအားဖြင့် အဋ္ဌာနကုသလတာကိုသိလေ။]

---

## ၂၄–အဇ္ဇဝဒုက်ကိုပြဆိုချက်။

ဌာနကုသလတာဒုက်ကို....မှဲ့၌၊အဇ္ဇဝဒုက်ကို–၏။....**ကား**။

(ပ)....အဇ္ဇဝေါစ။

(ဒ)....မဒ္ဒဝေါစ။....တည်း။

(ပ)....ဥဇုနော ဘာဝေါ အဇ္ဇဝေါ=ဟုပြု။.... ဖြောင့် မတ် သော ပုဂ္ဂိုလ်-ဖြောင့်မတ်သော စိတ်၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်– ကာ ယုဇုကတာ–စိတ္တုဇုကတာ–စေတသိက်သည် "အဇ္ဇဝ" မည်၏။

(ဒ)....မုဒုနော ဘာဝေါ မဒ္ဒဝေါ=ဟုပြု။....နူးညံ့သောပုဂ္ဂိုလ်, နူး ညံ့သော စိတ်၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်–ကာယ မုဒုတာ, စိတ္တ မုဒုတာ,စေတသိက်သည် "မဒ္ဒဝ" မည်၏။

---

78-34

## ၂၅-ခန္တီဒုက်ကိုပြဆိုချက်။

အဇ္ဈတ္တဝဒုက်ကို....မှဲ့၌၊ခန္တီဒုက်ကို-၏။....**ကား**။

(ပ)....ခန္တီစ။

(ဒု)....သောဝစဿတာဥ။....တည်း။

(ပ)....ခမနံခန္တိ=ဟူပြု။ ...သည်းခံခြင်း ဖြစ်သောကြောင့်- အဒေါ သ ပြခဲ့ခန်းသော မဟာကုဏ္ဍ-ကြိယာ- ၁၆-ခု စိတ္တုပ္ပါဒ်သည် "ခန္တီ" မည်၏။

(ဒု)....သောဘဏောကမ္မေ ရမတိတိ သုရတော၊ ... သုရတဿ ဘာဝေါ သောဝစ္စံ=ဟူပြုလုပ်တွဲစပ်။....ကောင်းသောအမှု၌ မွေ့လျော် သောသူ၏ ဖြစ်ကြောင်းဖြစ်သောကြောင့်-သီလစေတနာပြခဲ့ခန်းသော မဟာကုဏ္ဍ-ကြိယာ-၁၆၊လောကုတ္တရာ-၈-ခု၊အပ္ပမညာကြဉ်သော စေ တသိက်ဗုသည် "သောဝစ္စ" မည်၏။

---

## ၂၆-သာခလျဒုက်ကိုပြဆိုချက်။

ခန္တီဒုက်ကို....မှဲ့၌၊သာခလျဒုက်ကို-၏။....**ကား**။

(ပ)....သာခလျဥ။

(ဒု)....ပဋိသန္ထာရောစ။ ...တည်း။

(ပ)....သခိလဿ ဘာဝေါ သာခလျံ=ဟူပြု။....နူးညံ့ပြေပြစ်ချစ် နှစ်သက်ဘွယ်သော စကားကို ဆိုတတ်သော သူ၏ ဖြစ်ကြောင်း ဖြစ် သောကြောင့်-မဟာကုဏ္ဍ-ကြိယာ-စိတ္တုပ္ပါဒ်သည် "သာခလျ" မည်၏။

(ဒု)....ပဋိသန္ထရဏံ ပဋိသန္ထာရော=ဟူပြု။ .... အာမိသ ဓမ္မ ပဋိ သန္ထာရ တို့ဖြင့် အစေ့အစပ် ပြုခြင်း ဖြစ်သောကြောင့် ၎င်းစိတ္တုပ္ပါဒ် သည်ပင် "ပဋိသန္ထာရ" မည်၏။

---

## ၂၇-၂၈-ဣန္ဒြိယေသုအဂုတ္တဒွါရတာဒိ,ဒုက်ကိုပြဆိုချက်။

သာခလျဒုက်ကို...မှဲ့၌၊ ဣန္ဒြိယေသုအဂုတ္တဒွါရတာဒုက်ကို-၏။...**ကား**။

(ပ)....ဣန္ဒြိယေသုအဂုတ္တဒွါရတာစ။

(ဒု)....ဘောဇနေအမတ္တညုတာစ။....တည်း။

(ပ)….အဂုတ္တံ ဒွါရံ ယေနာတိ အဂုတ္တဒွါရော၊ အဂုတ္တဒွါရဿ ဘာဝေါ အဂုတ္တဒွါရတာ=ဟု ပြုလုပ်တွဲစပ်။…. ဣန္ဒြေ-၆-ပါးတို့၌ မလုံခြုံ မစောင့်ရှောက်သော ဒွါရရှိသောသူ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် .လောဘမူ, ဒေါသမူ, စိတ္တုပ္ပါဒ်သည် "ဣန္ဒြိယေသုအဂုတ္တဒွါရတာ" မည်၏။

(ဒု) …မတ္တံ နဇာနာတီတိ အမတ္တညူ၊…. အမတ္တညုနော ဘာဝေါ အမတ္တညုတာ=ဟု ပြုလုပ်တွဲစပ်။…. ခံခြင်း သုံးဆောင်ခြင်း အားဖြင့် ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသောသူ၏ ဖြစ်ကြောင်း ဖြစ်သော ကြောင့်-လောဘမူ, မောဟမူ, စိတ္တုပ္ပါဒ်သည် "ဘောဇနေအမတ္တညု တာ" မည်၏။

[၂၈-ဂုဏ်းဒုက်မှပြန်၍ဣန္ဒြိယေသုဂုတ္တဒွါရတာဒုက်ကိုသိ။]

(ပ)….အရ-မဟာကု-ကြိယာ-လောကုတ္တရာ, စိတ္တုပ္ပါဒ်ကို အရ ကောက်။

(ဒု) …အရ-မဟာကု-ကြိယာ-ဝိရတိ အပ္ပမညာ,ကြဉ်သော, စေ ၃၃-ကို အရကောက်။

---

## ၂၉-၃၀-မုဋ္ဌသစ္စာဒိဒုက်ကိုပြဆိုချက်။

ဣန္ဒြိယေသု….ဒုက်ကို …မှဲ့၌၊မုဋ္ဌသစ္စာဒိဒုက်ကို-၏။….ကား။

(ပ)….မုဋ္ဌသစ္စဉ္စ။

(ဒု)….အသမ္ပဇညဉ္စ။….တည်း။

(ပ)….မုဋ္ဌာ သတိ ယဿာတိ မုဋ္ဌဿတိ။ … မုဋ္ဌဿတိနော ဘာ ဝေါ မုဋ္ဌဿစ္စံ=ဟု ပြုလုပ်တွဲစပ်။…. လွတ်သော သတိရှိသော သူ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်- အကုသိုလ် ဒွါဒသ, စိတ္တုပ္ပါဒ်သည် "မုဋ္ဌသစ္စ" မည်၏။

(ဒု)…. သမ္မာပကာရေန ဇာနာတီတိ သမ္ပဇာနော၊…. န သမ္ပဇာ နောတိ အသမ္ပဇာနော၊ …. တဿဘာဝေါ အသမ္ပဇညံ = ဟု ပြုလုပ် တွဲစပ်။ …ကောင်းစွာ အပြားအားဖြင့် မသိသောသူ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်-အကုသိုလ်စိတ္တုပ္ပါဒ်သည် "အသမ္ပဇည" မည်၏။

[၃၀-ဂုဏ်းမှပြန်၍သတိသမ္ပဇညဒုက်ကိုသိလေ။]

## ၃၁–ပဋိသန္ဓိနုဗလဒုက်ကိုပြဆိုချက်။

သတိသမ္ပဇဉ္ဉဒုက်ကို .. မှဲ၍၊ပဋိသင်္ခါနဗလဒုက်ကို–၏။....**ကား**။

(ပ) ...ပဋိသင်္ခါနဗလဥ္စ။

(ဒု)....ဘာဝနာဗလဥ္စ။ ...တည်း။

(ပ)....ပဋိသင်္ခါတိ ဇာနာတီတိ ပဋိသင်္ခါနံ၊ ပဋိသင်္ခါနံဧဝတိ ဗလံ ပဋိသင်္ခါနဗလံ=ဟု ပြုလုပ်တွဲစပ်။ .... ဆင်ခြင်ခြင်း, သိမြင်ခြင်းဟု ဆိုအပ်သော မတုန်မလှုပ်သော သဘောဖြစ်သောကြောင့်– ပညာသည် "ပဋိသင်္ခါနဗလ" မည်၏။ ။[မတုန် မလှုပ် သိမြင်သော ပညာဟု ဆိုလိုသည်။]

(ဒု)...ဘာဝေတိ ဝဍ္ဎေတီတိ ဘာဝနော၊ .... ဘာဝနသာ ဥပ္ပန္နံ ဗလံ ဘာဝနာ ဗလံ=ဟု ပြုလုပ်တွဲစပ်။.... ဗောဇ္ဈင်–၇–ပါးကို ပွါးစေသော ပုဂ္ဂိုလ်အား ဖြစ်သော မတုန် မလှုပ်သော သဘော ဖြစ်သောကြောင့်–ကုသိုလ်ဇော်တွေ့ပွါးဒိသည် "ဘာဝနာဗလ" မည်၏။

---

## ၃၂–သမထဝိပဿနာဒုက်ကိုပြဆိုချက်။

ပဋိသင်္ခါနဗလဒုက်ကို....မှဲ၍၊ သမထဝိပဿနာ ဒုက်ကို–၏။....**ကား**။

(ပ)....သမထော စ။

(ဒု)....ဝိပဿနာ စ။....တည်း။

(ပ)....ပစ္စနီကဓမ္မေ သမေတီတိ သမထော=ဟုပြု။ .... ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ် တရားတို့ကို ငြိမ်းစေတတ်သောကြောင့်– သမ္မာသမာဓိသည် "သမထ" မည်၏။

(ဒု)....ဝိဝိဓေကာရေန ပဿတီတိ ဝိပဿနာ= ဟုပြု။... အထူးထူးအပြားပြားအနိစ္စစသောအခြင်းအရာအားဖြင့် ရှုတတ်သောကြောင့် ပညာသည် "ဝိပဿနာ" မည်၏။

---

## ၃၃....သမထနိမိတ္တဒုက်ကိုပြဆိုချက်။

သမထဝိပဿနာဒုက်ကို....မှဲ၍၊ သမထနိမိတ္တကို–၏။....**ကား**။

(ပ)....သမထနိမိတ္တဥ္စ။

(ဒု)....ပဂ္ဂါဟနိမိတ္တဥ္စ။....တည်း။

(ပ)....သမထသ နိမိတ္တံ သမထနိမိတ္တံ=ဟုပြု။ ...နောက်သမာဓိ၏ အကြောင်း ဖြစ်သောကြောင့်- ရှေ့သမာဓိသည် "သမထနိမိတ္တ" မည်၏။

(ဒု)...ပဂ္ဂါဟဿ နိမိတ္တံ ပဂ္ဂါဟနိမိတ္တံ=ဟုပြု။.... နောက်လုံ့လ၏ အကြောင်းဖြစ်သောကြောင့်= ရှေ့ဖြစ်သောလုံ့လ သမ္မာဝါယာမသည်"ပဂ္ဂါဟနိမိတ္တ" မည်၏။

---

## ၃၄....ပဂ္ဂါဟဒုက်ကိုပြဆိုချက်။

သမထနိမိတ္တဒုက်ကို....မှဲ့၍၊ ပဂ္ဂါဟ ဒုက်ကို-၏။....**ကား**။

(ပ)....ပဂ္ဂါဟောစ။

(ဒု)....အဝိက္ခေပေါစ။.. .တည်း။

(ပ)....သမ္ပယုတ္တဓမ္မေ ပဂ္ဂဏှာတီတိ ပဂ္ဂါဟော=ဟုပြု။.... သမ္ပယုတ်တရားတို့ကို ချီးမြှောက် တတ်သောကြောင့် လုံ့လ ဝိရိယသမ္မာဝါယာမသည် "ပဂ္ဂါဟ" မည်၏။

(ဒု)....န ဝိက္ခိပတီတိ အဝိက္ခေပေါ= ဟုပြု။... ဥဒ္ဓစ္စကဲ့သို့ အထူးထူးသောအာရုံ၌ စိတ်ကို မပြန့်လွင့်စေတတ်သော ကြောင့်၎င်း, ပြန့်လွင့်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း- သမ္မာသမာဓိသည် "အဝိက္ခေပ" မည်၏။

---

## ၃၅....သီလဝိပတ္တိဒုက်ကိုပြဆိုချက်။

ပဂ္ဂါဟဒုက်ကို....မှဲ့၍၊ သီလဝိပတ္တိဒုက်ကို-၏။....**ကား**။

(ပ)....သီလဝိပတ္တိစ။

(ဒု)....ဒိဋ္ဌိဝိပတ္တိစ။....တည်း။

(ပ)....ဝိရူပံ ပဇ္ဇနံ ဝိပတ္တိ။.... သီလဿ ဝိပတ္တိ သီလဝိပတ္တိ= ဟုပြုလုပ်တွဲစပ်။

သီလ၏ပျက်စီးခြင်းဖြစ်သောကြောင့်-အကုသိုလ် စေတနာ ပုဂ္ဂိုလ်ဒိုသည် "သီလဝိပတ္တိ" မည်၏။ ။ပျက်စီးခြင်းကား အကျိုး, ဖျက်ဆီး တတ်သော အကုသိုလ်ကား အကြောင်း, အကျိုးဖြစ်သော ပျက်စီးခြင်း၏

အမည်ကို အကြောင်းအကုသိုလ်၌တင်စား၍အကြောင်းအကုသိုလ်ကို "သီလဝိပတ္တိ" ဆို၏ဟူလို။

(ဒု)....ဒိဋ္ဌိယာ ဝိပတ္တိ ဒိဋ္ဌိဝိပတ္တိ= ဟု တွဲစပ်။.... ကောင်းသော အယူ၏ ပျက်စီးခြင်း ဖြစ်သောကြောင့်- မိစ္ဆာဒိဋ္ဌိသည် "ဒိဋ္ဌိဝိပတ္တိ" မည်၏။

---

၃၆....**သီလသမ္ပဒါဒုက်ကိုပြဆိုချက်။**

သီလဝိပတ္တိဒုက်ကို....မှဲ့၍၊ သီလသမ္ပဒါဒုက်ကို-၏။....**ကား။**

(ပ)....သီလသမ္ပဒါစ။

(ဒု)....ဒိဋ္ဌိသမ္ပဒါစ။

(ပ)....သမ္ပဇ္ဇနံ သမ္ပဒါ၊ သီလဿ သမ္ပဒါ သီလသမ္ပဒါ= ဟုပြု လုပ်တွဲစပ်။.... သီလ၏ ပြည့်စုံခြင်း ဖြစ်သောကြောင့်- မဟာကု, ကြိယာ, စိတ္တုပ္ပါဒ်သည် "သီလသမ္ပဒါ" မည်၏။

(ဒု)....ဒိဋ္ဌိယာ သမ္ပဒါ ဒိဋ္ဌိသမ္ပဒါ= ဟုပြု။ ... အယူ၏ပြည့်စုံခြင်း ဖြစ်သောကြောင့်-သမ္မာဒိဋ္ဌိသည် "ဒိဋ္ဌိသမ္ပဒါ" မည်၏။

---

၃၇ ...**သီလဝိသုဒ္ဓိဒုက်ကိုပြဆိုချက်။**

သီလသမ္ပဒါဒုက်ကို....မှဲ့၍၊ သီလဝိသုဒ္ဓိ-၏။....**ကား။**

(ပ)....သီလဝိသုဒ္ဓိစ။

(ဒု)....ဒိဋ္ဌိဝိသုဒ္ဓိစ။....တည်း။

(ပ)....ဝိသေသေန သုဇ္ဈတီတိ ဝိသုဒ္ဓိ။....သီလဿ ဝိသုဒ္ဓိ- သီလ ဝိသုဒ္ဓိ=ဟု တွဲစပ်။.... သီလ၏ အထူးသဖြင့် စင်ကြယ်ခြင်းဖြစ်သော ကြောင့်-လောကုတ္တရာစိတ္တုပ္ပါဒ်သည် "သီလဝိသုဒ္ဓိ" မည်၏။

**အထူး**....သီလဿ ဝိသုဒ္ဓိဟု သမ္ဗန် သမ္ဗန္ဓိ အဖြစ်ဖြင့် ဆိုသော် လည်း သီလ၏ အထူးသဖြင့် စင်ကြယ်ခြင်း ကြိယာမျှကိုသာ မယူလင့်။ ဝိသုဒ္ဓိဘာဝံသမ္ပတ္တာ စသော အဋ္ဌကထာ စကား ရပ်ကိုထောက်၍ အထူးသဖြင့် စင်ကြယ်သော သီလကိုသာ ကောက်လေ။

(ဒု)....ဒိဋ္ဌိယာဝိသုဒ္ဓိ- ဒိဋ္ဌိဝိသုဒ္ဓိ=ဟု တွဲစပ်။.... အယူ၏ အထူးသဖြင့်စင်ကြယ်ခြင်း။ ဝါ၊ အထူးသဖြင့် စင်ကြယ်သောအယူဖြစ်သောကြောင့်-ကမ္မဿကတဉာဏ်,သစ္စာနုလောမိကဉာဏ်ဟုဆိုအပ်သောဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် "ဒိဋ္ဌိဝိသုဒ္ဓိ" မည်၏။

---

## ၃၈ ...ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက်ကိုပြဆိုချက်။

သီလဝိသုဒ္ဓိဒုက်ကို....မှဲ့၍၊ ဒိဋ္ဌိဝိသုဒ္ဓိ-၏။... **ကား**။

(ပ)....ဒိဋ္ဌိဝိသုဒ္ဓိခေါပန။

(ဒု)....ယထာဒိဋ္ဌိဿပဓာနံ။....တည်း။

(ပ)....ဒိဋ္ဌိဝိသုဒ္ဓိခေါပန အရကို ဒိဋ္ဌိဝိသုဒ္ဓိပုဒ်အတိုင်းကောက်။

(ဒု)....အနုရူပါ ဒိဋ္ဌိ ယဿာတိ ယထာဒိဋ္ဌိ။ တဿ ပုဂ္ဂလဿ ပဓာနန္တိ ယထာဒိဋ္ဌိဿပဓာနံ=ဟု တွဲစပ်။....ကောင်းမြတ် လျောက်ပတ်သော အယူရှိသော ပုဂ္ဂိုလ်၏ ပညာအထူးနှင့် ယှဉ်သော လုံ့လဖြစ်သောကြောင့်- ဉာဏ်လေးပါးနှင့် ယှဉ်သော- မဟာကု, ကြိယာသမ္ပယုတ်,လောကုတ္တရာစိတ်၌ရှိသော ဝီရိယသည် "ယထာဒိဋ္ဌိဿပဓာန" မည်၏။

---

## ၃၉... သံဝေဇနီယဋ္ဌာနဒုက်ကိုပြဆိုချက်။

ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက်ကို....မှဲ့၍၊ သံဝေဇနီယ-၏။....**ကား**။

(ပ)....သံဝေဂေါစ သံဝေဇနီယေသုဌာနေသု။

(ဒု)....သံဝိဂ္ဂဿစ ယောနိသောပဓာနံ။....တည်း။

(ပ) .... သံဝေဇေတီတိ သံဝေဇနီယံ= ဟု ပေါတုကတ္တု သာဓိ သော်လည်းပြု။ ... သံဝေဇနံ ဇနေတီတိ သံဝေဇနီယံ= ဟု ဇနေတိ တဒ္ဓိတ်သော်လည်းပြု။....ထိတ်လန့်ခြင်းကိုဖြစ်စေတတ်သော သံဝေဂဝတ္ထု-၄-ပါး-၈-ပါးကိုအရကောက်။...၄-ပါးဟူသည် ဤပါဠိတော်ရှိတိုင်း-ဇာတိ,ဇရာ,ဗျာဓိ,မရဏ,တည်း။၈-ပါးဟူသည် ၎င်းလေးပါး၊ အပါယဒုက္ခ,အတီတေ ဝဋ္ဋမူလကဒုက္ခ, အနာဂတေ ဝဋ္ဋမူလကဒုက္ခ, ပစ္စုပ္ပန္နေ အာဟာရပရိယေဋ္ဌိမူလကဒုက္ခ, ၅စ်ပါးတည်း။ .... ၎င်း-၄ ပါး-၈-ပါးကို "သံဝေဇနီယဋ္ဌာန" ဟူ၍ ခေါ်၏ဟုမှတ်။

သံဝေဇနံ သံဝေဂေါ=ဟုဝစနတ္ထပြု။ ...ဇာတိအစရှိသော သံဝေဇနီယဋ္ဌာနတို့ကို အစွဲပြု၍ဖြစ်သော ကြောက်ရွံ့ ထိတ်လန့်ခြင်း ဖြစ်ခြင်းကြောင့်– ဉာဏ်သည် "သံဝေဂေါစ သံဝေဇနီယေသုဌာနေသု" မည်၏။

**ဤကား** ...ဇာတံ ဘယတော ဒိသွာ ဋ္ဌိတဉာဏံ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။

**တနည်း** .. ဩတ္တပ္ပနှင့် တကွသော ဉာဏ်သည်။.... တနည်း– ဩတ္တပ္ပသည် "သံဝေဂ" မည်၏။–ဝိတ္တုဂြာသသည်သံဝေဂမဟုတ် ဟုမှတ်။

**ဤကား**....သံဝေဂေါတိ သဟောတ္တပ္ပံ ဉာဏံ ဩတ္တပ္ပမေဝဝါ= ဟူသော မူလဋီကာနှင့်အညီတည်း။

(ဒ) ...သံဝိဇ္ဇတီတိ သံဝိဂ္ဂေါ=ဟုပြု။...ပုဂ္ဂိုလ်ကိုအရကောက်။... ယောနိသောပဓာန–အရ.... သင့်သော အကြောင်းအားဖြင့် လုံ့လပြုခြင်း "ဝီရိယ" ကိုကောက်။

**လိုရင်း**....ဇာတိစသည်တို့မှ ထိတ်လန့်သော ပုဂ္ဂိုလ်၏ ထိုဇာတိစသော ဘေးဒုက္ခတို့မှ ထွက်မြောက်ရန် အားထုတ်သော ကုသိုလ်ဇောဝီသ ဖိုလ်လေးချဉ်၌ ရှိသော သမ္မာဝါယာမသည် "သံဝေဂဿစ ယောနိသောပဓာန" မည်၏ဟူလို။

---

**၄၀ ...အသံတုဋ္ဌိတာကုသလဓမ္မဒုက်ကိုပြဆိုချက်။**

သံဝေဇနီယဋ္ဌာန ...မှ၌၊ အသံတုဋ္ဌိတာ–၏။....**ကား**။

(ပ) ...အသံတုဋ္ဌိတာစ ကုသလေသုဓမ္မေသု။
(ဒ)....အပ္ပဋိဝါနိတာစ ပဓာနသ္မိံ။ ...တည်း။

(ပ)... သမတ္တံ တုဿနံ သန္တုဋ္ဌိ= ဟုပြု။ ... ပြည့်ပုံရောင့်ရဲခြင်းသည် "သန္တုဋ္ဌိ" မည်၏။

နတ္ထိ သန္တုဋ္ဌိ ယဿာတိ အသန္တုဋ္ဌိ။ ...အသန္တုဋ္ဌိဿ ဘာဝေါ အသန္တုဋ္ဌိတာ=ဟု ပြုလုပ် တွဲစပ်။... ပြည့်ပုံ ရောင့်ရဲခြင်း မရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းသည် "အသန္တုဋ္ဌိတာ" မည်၏။

**လိုရင်း**... ကုသိုလ်တရားတို့၌ ပြည့်ဝံ့သော ရောင့်ရဲခြင်းမရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်- ကုသိုလ်စိတ် ဧကဝီသ၌ ရှိသော သမ္မာဆန္ဒသည် "အသန္တုဋ္ဌိတာစကုသလေသုဓမ္မေသု" မည်၏။ ...၇၄၉။

**တနည်း**...ကုသိုလ်ဧကဝီသ စိတ္တုပ္ပါဒ်ကိုကောက်။ အကောက် အလို။

(၂)...ပဋိဂမနံ နိဝတ္တနံ ပဋိဝါနံ၊... ပဋိဝါနံ အဿ အတ္ထီတိ ပဋိဝါနီ၊ ...နပဋိဝါနီ အပဋိဝါနီ၊ .... အပဋိဝါနိဿ ဘာဝေါ အပ္ပဋိဝါနိတာ=ဟုပြုလုပ်တွဲစပ်။ ...ဆုတ်နစ်ခြင်းရှိသည်မဟုတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်- ကုသိုလ် ဧကဝီသ၌ရှိသော သမ္မာဝါယာမသည် "အပ္ပဋိဝါနိတာ" မည်၏။

**အဓိပ္ပါယ်**...အရဟတ္တဖိုလ်သို့ မရောက်မီ အတွင်း အားထုတ်ခြင်းလုံ့လဝီရိယကို မလျှော့မူ၍ဖြစ်သောပုဂ္ဂိုလ်၏ လုံ့လဝီရိယသမ္မာဝါယာမသည် "အပ္ပဋိဝါနိတာစပဓာနသ္မိံ" မည်၏ဟူလို။

---

## ၄၁-ဝိဇ္ဇာဒုက်ကိုပြဆိုချက်။

အသန္တုဋ္ဌိတာ....ဒုက်ကို....မှဲ၍၊ဝိဇ္ဇာဒုက်ကို-၏။... **ကား**။

(၁)....ဝိဇ္ဇာစ။
(၂)....ဝိမုတ္တိစ။....တည်း။

(၁)... တမံ ဝိဇ္ဈတိ ပဋိဝိဇ္ဈတီတိ ဝိဇ္ဇာ= ဟူ၍၎င်း။ ဝိဒိတံ ကရောတီတိ ဝိဇ္ဇာ=ဟူ၍၎င်းပြု။....မောဟကို ဖျက်ဆီး ထွင်းဖောက် တတ်သောကြောင့် ဉာဏ်သုံးပါးသည် "ဝိဇ္ဇာ" မည်၏။ .. တနည်း- မထင်ရှားသော ခန္ဓာစသည်ကို ထင်ရှားအောင် ပြုတတ်သောကြောင့်လည်း ဉာဏ်သုံးပါးသည် "ဝိဇ္ဇာ" မည်၏။

**အဓိပ္ပါယ်**...ဉာဏ်သုံးပါး ဟူသည်-ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ်တည်း။ ...ထိုသုံးပါး တို့တွင် ပုဗ္ဗေနိဝါသဉာဏ်သည် - ရှေး၌နေဘူး ဖြစ်ဘူးသော ခန္ဓာစသည်ကို ဖုံးလွှမ်းတတ်သော မောဟအဝိဇ္ဇာကို ဖျက်ဆီး၍ ထိုရှေးဘဝ၌ ဖြစ်ဘူးသော ခန္ဓာစသည်ကို ထင်ရှားအောင် ပြုတတ်၏။ ။စုတူပပါတဉာဏ်သည်

ရတိ ပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကို ဖျက်ဆီး၍ ရတိ ပဋိသန္ဓေတို့ကို ထင်ရှားအောင်ပြုတတ်၏။ ။အာသဝက္ခယညာဏ်သည် သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သောအဝိဇ္ဇာကို ဖျက်ဆီး၍-သစ္စာလေးပါးကို ထင်ရှားအောင် ပြုတတ်၏။ .... ထို့ကြောင့်, ၎င်းညာဏ်သုံးပါးသည် "ဝိဇ္ဇာ" မည်၏ဟူလို။

(ခ) ...အာရမဏော ဝိမုစ္စတိ အဓိမုစ္စတီတိ ဝိမုတ္တိ=ဟုပြု။ .... ကသိုဏ်း စသောအာရုံ၌ သက်ဝင်တတ်, အလိုရှိတိုင်း ချမ်းသာစွာ ဖြစ်တတ်သောကြောင့်-သမာပတ်ရှစ်ပါးသည် "ဝိမုတ္တိ" မည်၏။

ပစ္စနီကဓမ္မေဟိ ဝိမုစ္စတီတိ ဝိမုတ္တိ=ဟူ၍လည်းပြု။ .... ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့မှ လွတ်မြောက်တတ်သောကြောင့် သမာပတ်ရှစ်ပါးသည် "ဝိမုတ္တိ" မည်၏။

သဗ္ဗကိလေသေဟိ ဝိမုစ္စတီတိ ဝိမုတ္တိ=ဟုတနည်းပြု။ ...အလုံးစုံသော ကိလေသာတို့မှ စင်စစ်ထွက်မြောက် လွတ်ကင်းသောကြောင့် နိဗ္ဗာန်သည် "ဝိမုတ္တိ" မည်၏။

**ဤကား**....တတ္ထ အဋ္ဌသမာပတ္တိယော သယံ ဝိက္ခမ္ဘိတကိလေသေဟိ ဝိမုတ္တတ္တာ ဝိမုတ္တီတိ ဝုတ္တာ၊ နိဗ္ဗာနံ ပန သဗ္ဗကိလေသေဟိ အစ္စန္တံ ဝိမုတ္တတ္တာ ဝိမုတ္တီတိ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

တတ္ထ၊ ထိုသမာပတ်ရှစ်ပါးနိဗ္ဗာန်တို့တွင်။ အဋ္ဌသမာပတ္တိယော၊-တို့ကို။ သယံဝိက္ခမ္ဘိတ ကိလေသေဟိ၊ မိမိတို့သည် ခွါအပ် ပယ်အပ်သော ကိလေသာတို့မှ။ဝိမုတ္တတ္တာ၊လွတ်သည်၏အဖြစ်ကြောင့်၊ ဝိမုတ္တီတိ၊-ဟူ၍။ ဝုတ္တာ၊ဆိုအပ်ကုန်၏။ပန၊အဘို့တပါးကား။နိဗ္ဗာနံ၊-ကို။ သဗ္ဗကိလေသေဟိ၊-တို့မှ။အစ္စန္တံ၊ဝိမုတ္တတ္တာ၊ စင်စစ် လွတ်သည်၏ အဖြစ်ကြောင့်။ဝိမုတ္တီတိ၊-ဟူ၍။ဝုတ္တံ၊ဆိုအပ်၏။

အာရမဏော ဝိမုစ္စတိ အဓိမုစ္စတီတိ ဝိမုတ္တိ=ဟူ၍ တနည်းပြု။.... နိဗ္ဗာန်တည်းဟူသော အာရုံ၌ အလွန်မွေ့လျော်သော အားဖြင့် ရှုံ့ရှား ခြင်း ကင်းသည်ဖြစ်၍ လွတ်လွတ် ညွှတ်သည်၏ အဖြစ်ကြောင့်- အရဟတ္တဖိုလ်သည် "ဝိမုတ္တိ" မည်၏။

သဗ္ဗကိလေသေဟိ သန္တိရေဟိစ ဝိမုစ္စတီတိ ဝိမုတ္တိ=ဟု တနည်း ပြု။ .... အလုံးစုံသော ကိလေသာ သန္တာပတို့မှ လွတ်သည်၏ အဖြစ် ကြောင့်-နိဗ္ဗာန်သည် "ဝိမုတ္တိ" မည်၏။

**ဤကား**.... ဝိမုစ္စန္တနာမ အာရမဏာ အဓိမုတ္တတာ ကိလေသေ ဟိ သဗ္ဗသန္တိရေဟိစ နိဿဋတာစ= ဟူသော မူလဋီကာနှင့် အညီတည်း။

အာရမဏာ၊အာရုံ၌။အဓိမုတ္တတာစ၊လွတ်သည်၏အဖြစ်သည်ငှင်း။ ကိလေသေဟိစ၊-တို့မှငှင်း။သဗ္ဗသန္တိရေဟိစ၊-တို့မှငှင်း။ နိဿဋတာ စ၊ လွတ်မြောက် သည်၏ အဖြစ်သည်ငှင်း။ အဓိမုစ္စန္တနာမ၊ အဓိမုစ္စန မည်၏။

**မှတ်ချက်**....အဋ္ဌကထာအလို-ဝိမုတ္တိအရ....ဖောသေသသာမည နိဒ္ဒေသနည်းအားဖြင့်သမာပတ်ရှစ်ပါးနှင့် နိဗ္ဗာန်ကိုကောက်ရမည်။ ။ ဋီကာအလို- ပုင်းနည်းအားဖြင့်- အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်ကို ကောက် ရမည်ဟူ၏။

---

## ၄၂-ခယေဉာဏာဒုက်ကိုပြဆိုချက်။

ဝိဇ္ဇာဒုက်ကို....မှဲ့၌၊ခယေဉာဏဒုက်ကို-၏။....**ကား**။

(ပ)....ခယေဉာဏံ။

(ဒု)....အနုပ္ပါဒေဉာဏံ။....တည်း။

ခိယတိ ဧတေနာတိ ခယော=ဟု ကရဏသာဓ်ပြု။....ခယံကရော တီတိ ခယော=ဟု ကရောတိ တဒ္ဓိတ်လည်းပြု။ .... ကိလေသာတို့၏ ကုန်ခြင်းကို ပြုတတ်သောကြောင့်- အရိယာမဂ်သည် "ခယ" မည်၏။ ဉာဏံပုဒ်ကိုနည်းမှီး၍သိလေ။....ကိလေသာတို့၏ကုန်ခြင်းကိုပြုတတ် သော အရိယာမဂ်လေးချက်၌ဖြစ်သော ပညာသည် "ခယေဉာဏ" မည် ၏ဟုမှတ်။

(ဒု)....ဥပ္ပဇ္ဇတီတိ ဧတေနာတိ ဥပ္ပါဒေါ၊ .... န ဥပ္ပါဒေါ အနုပ္ပါဒေါ= ဟုပြု။....ဥပ္ပါဒံကရောတီတိ ဥပ္ပါဒေါ=ဟူ၍သော်လည်းပြု။.... ဉာဏံ ပုဒ်ကို ရှေးနည်း အတိုင်းပြု။....ကိလေသာတို့၏ မဖြစ်ခြင်းကို ပြုတတ်

သောမဂ်လေးခု၏ အဆုံး၌ဖြစ်သော ဖိုလ်လေးခုဖြစ်သော ဉာဏ်သည် "အနုပ္ပါဒေဉာဏ" မည်၏။

---

**သပ္ပဒေသ,နိပ္ပဒေသဒုက်ကိုခွဲပြချက်။**

ဤလေးဆဲ့နှစ်ပါးသော ဒုက်တို့တွင်– နာမရူပဒုက်, သတိသမ္ပဇဉ ဒုက်, သမထဝိပဿနာဒုက် သုံးပါးသည် သဗ္ဗလဒ္ဓ နာမဒုက် မည်၏။ ကြွင်း–၃၉–ဒုက်သည် အာဒိလဒ္ဓနာမဒုက်မည်၏။

အဓိဝစန,နိရုတ္တိ,ပညတ္တိ,နာမရူပ,ဤ-၄-ဒုက်သည်ကား နိပ္ပဒေသ။ ကြွင်း–၃၈–ဒုက်ကား သပ္ပဒေသဒုက် မည်၏ဟုမှတ်။

ဤကား–သုတ္တန္တိကဒုက်ကိုပြသောအခဏ်းအပြီးတည်း။

သုတ္တန္တိကဒုကမာတိကာပြီး၏။

# ဓာတုကထာသာရတ္ထဒီပနီ။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## ဟောရိုးစဉ်အမြွက်မျှကိုပြဆိုချက်။

ဝိဘင်းကျမ်းကို ဟောတော်မူသည့်၏ အခြားမဲ့၌- ဓာတုကထာကျမ်းကိုဟောတော်မူ၏။....ထိုဓာတုကထာကျမ်းသည်လည်း-

၁....ဥဒ္ဒေသ, နိဒ္ဒေသအားဖြင့် .... .... .... ၂-ပါး။

ထိုဥဒ္ဒေသသည်-မာတိကာမည်၏။....ထိုမာတိကာသည်-

၂....နယ မာတိကာ၊ အဗ္ဘန္တရ....၊နယမုခ....၊လက္ခဏ....၊ ဗာဟိယမာတိကာအားဖြင့် .... .... .... ၅-ပါး။

၃....ပထမနယ-ပ-ဗုဒ္ဓသမနယမာတိကာအားဖြင့် .... ၁၄-ပါး။

## ဟောဟန်ကား။

သင်္ဂဟော, အသင်္ဂဟော-ဟူသည်တည်း။....အနက်ပေး။

[ဒုတိယနယ စသည့်ကိုလည်းဆက်၍ဆို။....အနက်ပေးလေ]။

ဉာတိဗုဒ္ဓသဟိ, ပဒေဟိ, နိက္ခိတ္တာ, အယံ, နယမာတိကာနာမ။

---

နယမာတိကာကိုဟော-မဲ့၌၊ အဗ္ဘန္တရမာတိကာကိုဟောတော်မူ၏။ထိုအဗ္ဘန္တရမာတိကာသည်လည်း-

၁....ခန္ဓာဒိဥဒ္ဒေသ,ဖဿသတ္တကရာသိဥဒ္ဒေသအားဖြင့် .... ၂-ပါး။

၂....ခန္ဓဥဒ္ဒေသ၊ အာယတန....၊ဓာတု....၊သစ္စ....၊ဣန္ဒြိယ....၊ပဋိစ္စ သမုပ္ပါဒ....၊သတိပဋ္ဌာန....၊သမ္မပ္ပဓာန....၊ဣဒ္ဓိပါဒ....၊ဈာန....၊ အပ္ပမညာ....၊ ပဉ္စိန္ဒြိယ....၊ ဗလ....၊ ဗောဇ္ဈင်္ဂ....၊ မဂ္ဂဥဒ္ဒေသ အားဖြင့် .... .... .... .... ၁၅-ပါး။

**ဆောင်ပုဒ်**....ခန်-အာ-ဓာ-သ၊ဣန်-ပ-သ-သမ်၊ဣ-ဈာန်-အပ်-ပဉ်၊ ဗ-ဗောဇ္ဈင်၊မဂ္ဂင်ဆဲ့ငါးကည့်။

**ဟောဟန်ကား။**

ပဋ္ဌက္ခန္ဓာ-ဟူသည်တည်း။....[အာယတနဥဒ္ဒေသစသည် ဆက်ဆို။]
ထို့နောင် ဖဿသတ္တကရာသိဥဒ္ဒေသကိုဟောတော်မူ၏။

**ဟောဟန်ကား။**

ဖဿော,ဝေဒနာ, သညာ, စေတနာ, စိတ္တံ, အဓိမောက္ခော, မနသိကာရော-ဟူသည်တည်း။ .

ကတိပဋ္ဌဝိသာဓိကေဟိ, ပဒသတေဟိ,နိက္ခိတ္တာ,အယံအဘိဓမ္မ ရမာတိကာနာမ။....

[ပဋ္ဌက္ခန္ဓာမှစ၍အနက်ပေး။]

---

အဘိဓမ္မရမာတိကာကို-မှဲ၍၊ နယမုခမာတိကာကိုဟောတော်မူ၏။

**ဟောဟန်ကား။**

တိဟိသင်္ဂဟော, တိဟိအသင်္ဂဟော၊စတူဟိ သမ္ပယောဂေါ, စတူဟိဝိပ္ပယောဂေါ=ဟူသည်တည်း။

ကတိစတူဟိ, ပဒေဟိ, နိက္ခိတ္တာ, အယံ, နယမုခမာတိကာနာမ။

[အနက်ပေး။]

---

နယမုခမာတိကာကို-မှဲ၍၊ လက္ခဏာမာတိကာကိုဟောတော်မူ၏။

**ဟောဟန်ကား။**

သဘာဂေါ, ဝိသဘာဂေါ-ဟူသည်တည်း။

ကတိဒွိဟိ, ပဒေဟိ, နိက္ခိတ္တာ, အယံ, လက္ခဏာမာတိကာနာမ။

[အနက်ပေး။]

---

လက္ခဏာမာတိကာကို-မှဲ၍၊ဗာဟိယမာတိကာကိုဟောတော်မူ၏။

**ဟောဟန်ကား။**

သဗ္ဗာပိဓမ္မသင်္ဂဏီဓာတုကထာယာ မာတိကာ-ဟူသည်တည်း။

ဉာတိဆသသမ္ဗတိကပဒါနိစ, ဌေဒကပဒသတာနိစ,သံခိုင်တွာ,အယံ, ဗာဟိယမာတိကာနာမ။....

[အနက်ပေး။]

**စကားချုပ်**.... ထို့နောင် ပဥ္စက္ခန္ဓာ စသော အဘိဓမ္မာ့ မာတိကာ ပုဒ်တို့ကို အသီးအသီးခွဲခြမ်း၍ ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ဝေဘန်လေ။

ဟောရိုးစစ်ကိုအပြွက်မျှပြသောစကားရပ်ပြီး၏။

---

## ဟောရိုးစစ်အဓိပ္ပါယ်ကိုပြဆိုခဏ်း။
## ဓာတုကထာမည်ပုံကိုဖြေရှင်းချက်။

**ရှေးဦးစွာ** .. အဘယ်ကြောင့် "ဓာတု" မည်သနည်း။....အဘယ်သည် "ဓာတု" မည်သနည်း။.... အဘယ်ကြောင့် "ကထာ" မည်သနည်း။ .. အဘယ်သည် "ကထာ" မည်သနည်း။.... အဘယ်ကြောင့် "ဓာတုကထာ" မည်သနည်း။....အဘယ်သည် "ဓာတုကထာ" မည်သနည်းဟု အမေးခြောက်ချက်ထုတ်။

**ဖြ**....သဘောဟူသောအနက်ကြောင့် "ဓာတု" မည်၏ဟုဖြေ။

အတ္တနောသဘာဝံဓာရေန္တီတိဓာတုယော= ဟုပြ။.... ခန္ဓာအစ အရေအဆုံးရှိသောတရားသည် "ဓာတု" မည်၏ဟုဖြေ။

ဤ၌-{သဘာဝဓမ္မောနာမ-သုညတဓမ္မော, သုညတဓမ္မောနာမ- နိသတ္တဓမ္မော=}ဟူသည်နှင့် အညီ- သတ္တဝါမှ ဆိတ်သော အနက်, သတ္တဝါမဟုတ်ဟူသောအနက်သည်ပင် "သဘာဝ" မည်၏။....(တနည်း)....လံက္ခဏာသည်ပင် "သဘာဝ" မည်၏ဟူလို။

**ဖြ** ...အဘိဓမ္မာ ဒေသနာ၏ တည်ရာ ဖြစ်သောကြောင့် "ဓာတု" မည်၏ဟူ၍လည်းဖြေ။

တိဋ္ဌန္တိအဘိဓမ္မကထာ ဧတ္ထာတိဓာတုယော=ဟုပြ။

**ဖြ**....ခန္ဓာအစ အရေအဆုံးရှိသောတရားအပေါင်းသည်ပင် "ဓာတု" မည်၏ဟုဖြေ။

ဤ**ကား**....ခန္ဓာဒယော အရူပာနုဿာ၊ သဘာဝင္ဒွေနဓာတုယော၊
ဓမ္မကထာမိဋ္ဌာနေန၊ ဝုစ္စရေဓာတုယောထဝါ။ ။
ဟူသောမူလဋီကာလာသင်္ဂဟဂါထာနှင့်အညီတည်း။

ခန္ဓာဒယော၊ ခန္ဓာအစရှိကုန်သော။ အရူပာနုဿာ၊ အရူပအဆုံးရှိကုန်သော တရားတို့ကို။ သဘာဝင္ဒွေန၊ သဘော ဟူသော အနက်ကြောင့်။ ဓာတုယော၊ ဓာတ်တို့မည်ကုန်၏ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။....အထဝါ၊ဤဆိုလတ္တံ့သည့်ကားနည်းတပါးတည်း။ခန္ဓာဒယော၊-ကုန်သော။ အရူပာနုဿာ၊-ကုန်သောတရားတို့ကို။ ဓမ္မကထာမိဋ္ဌာနေန၊ အဘိဓမ္မာဒေသနာ၏ တည်ရာဟူသောအနက်ကြောင့်။ ဓာတုယော၊-ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။ ။

**ဝိ**....အစဉ်၏အဖြစ်ကြောင့် "ကထာ" မည်၏ဟုဖြေ။

ကထယတိတိကထာ=ဟုကတ္တုသာဓ်ပြု၊....ဘာဝပ္ပဓာနဟူ၏။

**ဝိ**....အနက်အထူးကိုမှီသော ဝါကျအပေါင်းဖြစ်သောကျမ်းသည် "ကထာ" မည်၏ဟုဖြေ။

ဤ**ကား**.... တေသံ ကထနတောတိ တေသံခန္ဓာဒိနံ ကထာဘာဝတော၊ ဧတေန အတ္ထဝိသေသသန္နိဿယော ဗျဉ္ဇနသမုဒါယောပကရဏန္တိဝုတ္တံဟောတိ=ဟူသော အနုဋီကာနှင့် အညီတည်း။

တေသံကထနတောတိ၊- ဟူသည်။ တေသံခန္ဓာဒိနံ၊ ထိုခန္ဓာအစရှိသည်တို့၏။ ကထာဘာဝတော၊ အစဉ်၏ အဖြစ်ကြောင့်။ ဧတေန၊ ဤ တေသံကထနတော ဟူသော စကားရပ်ဖြင့်။ အတ္ထဝိသေသသန္နိဿယော၊ အနက်ထူးလျှင်မှီရာရှိသော။ ဗျဉ္ဇနသမုဒါယော၊ ဝါကျအပေါင်းသည်။ ပကရဏံ၊ကျမ်းမည်၏။ ဣတိ၊ဤသို့။ ဝုတ္တံ၊ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

**ဝိ**....ဟောရာဟောကြောင်း ဖြစ်သောကြောင့် "ကထာ" မည်၏ဟူ၍လည်းဖြေ။

ကထိယန္တိဧတ္ထဧတေနာတိဝါကထာဟူ၍ပြု။

**ဝိ**....ဝါကျအနက်အပေါင်းသည် "ကထာ" မည်၏ဟုဖြေ။

**ဤကား**.... အထဝါဓာတုယောကထိယန္တိ ဧတ္ထ ဧတေနာတိ ဝါ ဓာ
တုကထာ။ တထာပဝတ္တော-ဗျဉ္ဇနတ္ထသမုဒါယော= ဟူသော
အနုဋီကာနှင့်အညီတည်း။

အထဝါ၊ဤဆိုလတ္တံ့သည်ကား-နည်းတပါးတည်း။ဧတ္ထ၊ဤကျမ်း၌။
ဝါ၊တနည်းကား။ဧတေန၊ဤကျမ်းဖြင့်။ဓာတုယော ဓာတ်တို့ကို။ ကထိ
ယန္တိ ဟောအပ်ကုန်၏။ဣတိ-တသ္မာ ထို့ကြောင့်။ဓာတုကထာ -မည်
၏။တထာပဝတ္တော၊ထိုသို့သောအခြင်းအရာအားဖြင့်ဖြစ်သော။ဗျဉ္ဇနတ္ထ
သမုဒါယော၊ ဝါကျ အနက် အပေါင်းသည်။ ပကရဏံ၊ ကျမ်းမည်၏။
ဣတိ၊ဤသို့။ဝုတ္တံ၊ဆိုအပ်သည်။ဟောတိ၊ဖြစ်၏။

**ဋီ**....ခန္ဓာအစ အရဏာ အဆုံးရှိသော ဓာတ်မည်ကုန်သော တရား
တို့၏ အစဉ်၏ အဖြစ်ကြောင့် "ဓာတုကထာ" မည်၏ဟုဖြေ။
ဓာတူနံကထာဓာတုကထာ=ဟု တွဲစပ်။ ။

**ဋီ**....ဓာတ် မည်ကုန်သော တရားတို့၏ အစဉ်ဖြစ်သော ဝါကျ အ
ပေါင်းဟု ဆိုအပ်သော ကျမ်းသည် "ဓာတုကထာ" မည်၏
ဟုဖြေ။

**ဋီ**....ဓာတ် မည်ကုန်သော တရားတို့ကို ဟောရာ ဟောကြောင်း
ဖြစ်သောကြောင့် "ဓာတုကထာ" မည်၏ ဟူ၍လည်းဖြေ။....
[ ရှေးအတိုင်းဝစနတ္ထပြု။ ]

**ဤကား**....တေသံကထနတော ယထာဝုတ္တာ ဓာတုကထာတိ သညာ ဉာတဗ္ဗာ။
ဟူသော မူလဋီကာလာ သင်္ဂဟဂါထာဋ္ဌနှင့် အညီတည်း။

တေသံ၊ ထိုသဘော စသည် ဖြစ်၍ ဓာတ်မည်ကုန်သော ခန္ဓာအစ
အရဏာ အဆုံးရှိသော တရားတို့၏။ဝါ၊အဘိဓမ္မာ ဒေသနာ၏ တည်ရာ
ဖြစ်၍ ဓာတ်မည်ကုန်သော ခန္ဓာအစ အရဏာအဆုံးရှိသော တရားတို့
၏။ ကထနတော၊ အစဉ်၏ အဖြစ်ကြောင့်။ (တနည်း) တေသံ၊-တို့ကို။
ကထနတော၊ဟောရာဟောကြောင်းဖြစ်သောကြောင့်။ယထာ၊အကြင်
ကျမ်း၏။ဓာတုကထာတိ၊ဓာတုကထာဟူသောအမည်ကို။ သညာ၊
မှတ်အပ်၏။

မှ....ဓမ္မသင်္ဂဏီစသော တပါးသော ကျမ်းတို့ သည်လည်း ခန္ဓာ
အစအရဏာအဆုံးရှိသောတရားတို့ကိုပင် ဟောသောကြောင့်
"ဓာတုကထာ" ဟူသော အမည်ထူး ဖြစ်သသကို ရသင့်သည်

မဟုတ်ပါလော။ အဘယ်ကြောင့် ဤကျမ်း သည်သာ "ခေတု ကထာ"ဟူသော အမည်ထူးကို ရနိုင်ပါသနည်းဟုမေး။

**ဖြေ**...ဓမ္မသင်္ဂဏီ စသော တပါးသော အဘိဓမ္မာ ကျမ်းတို့သည် ခေတ်မည်ကုန်သော တရားတို့ကို ဟောငြားသော်လည်း အလွန် အားဖြင့် မဟောသောကြောင့် "ခေတုကထာ" ဟူသော အမည်ထူး ဝိသေသကို မရကုန်။ ဤကျမ်း သည်ကား- ခေတ် မည်ကုန်သောတရားတို့ကို အလွန်အားဖြင့်ဟောသောကြောင့် "ခေတုကထာ" ဟူသော အမည်ထူးကို ရ၏ဟုဖြေ။

**ဤကား**....ယဒိပိအညေသုစ ပကရဏေသု တေသဘာဝါ ကထိ တာ၊ဇွေ ပန တေသံ သဗ္ဗေသံ သင်္ဂဟာသင်္ဂဟာဒိသု ရဒ္ဒသ နယေသု ဧကေကသ္မိံ ကထိတတ္တာ သာတိသယံ ကထနန္တိ ဣဒမေဝ ဇိဝံနာမကံ=ဟူသော မူလဋီကာနှင့် အညီတည်း။

အညေသု၊ခေတုကထာကျမ်းမှ တပါးကုန်သော။ ပကရဏေသုစ၊ ဓမ္မသင်္ဂဏီစသော ကျမ်းတို့၌လည်း။တေသဘာဝါ၊ ထိုခေတ်သဘော ရှိကုန်သော တရားတို့ကို။ ယဒိပိကထိတာ၊အကယ်၍ကား ဟောအပ် ကုန်၏။ပနတထာပိ၊ထိုသို့ပင်ဟောအပ် ကုန်သော်လည်း။ ဇွေ၊ ဤခေ တုကထာကျမ်း၌။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ တေသံ၊ ထိုခေတ်သ ဘောရှိကုန်သောတရားတို့ကို။သင်္ဂဟာသင်္ဂဟာဒိသု၊သင်္ဂဟာသင်္ဂဟ အစ ရှိကုန်သော။ ရဒ္ဒသနယေသု၊ တဆဲ့ လေးပါးသော နယတို့တွင်။ ဧကေကသ္မိံ၊တပါးပါးသောနယ၌။ ကထိတတ္တာ၊ဟောအပ်သည်၏အ ဖြစ်ကြောင့်။ သာတိသယံ၊ လွန်ကဲခြင်းနှင့် တကွသော။ ကထနံ၊ ဟော ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဣဒမေဝ၊ဤ ကျမ်းသည်သာလျှင်။ ဇိဝံနာမကံ၊ ဤသို့ခေတုကထာဟူသော အမည် ရှိသည်။ဟောတိ၊ဖြစ်၏။

**အဓိပ္ပါယ်**....ဓမ္မသင်္ဂဏီစသော တပါးသော ကျမ်းတို့၌ ခေတ်သ ဘောရှိသော ခန္ဓာအစ အရေအာအဆုံးရှိသော တရားတို့ကို ဟောအပ် ကုန်သော်လည်း။တစိတ်တဒေသ ဟောရုံမျှသာဖြစ်ကုန်၏။ အလွန်အ ကြူး အထူး အားဖြင့် မဟောအပ် ကုန်သောကြောင့် "ခေတုကထာ" ဟူသော အမည်ထူးကို မရကုန်။....ဤကျမ်း၌ကား-ဝင်းတရားတို့ကို

တဆဲ့လေးပါးသော နယဒ္ဓိတွင် တပါးပါးသော နယ၌ပင်လျှင် ပေါ
အပ် ကုန်သောကြောင့် လွန်ကဲသော သာတိသယ နည်းအားဖြင့် ဤ
ကျမ်းသည်သာ"ဓာတုကထာ"အမည်ထူးဝိသေသကိုရ၏ဟူလို။

ဝိ....ခန္ဓာအစ အရဏအဆုံးရှိသော တရားတို့၏ သင်္ဂဟာစသော
နည်းကို ဓာတ်တို့ဖြင့် ဝေဘန်၍ ပေါအပ် သောကြောင့် "ဓာ
တုကထာ" မည်၏ဟူ၍လည်းဖြေ။
အတ္တနေသဘာဝံ ဓာရေန္တီတိ ဓာတုယော=ဟူ၍ပင်ပြု။

ဝိ....အထင်ရှားအားဖြင့် ဓာတ်တဆဲ့ရှစ်ပါးသည် "ဓာတု" မည်၏
ဟုဖြေ။

ဤကား.... ဣဓဒ္ဓိ သာသနေယေသု ဓာတုသဒ္ဒေါ နိရူဠှော=ဟူ
သော အနုဋီကာနှင့် အညီတည်း။

ဣဓဒ္ဓိ၊ ယခုအခါ၌။ သာသနေ၊ သာသနာတော်၌။ ယေသု၊ အကြင်
ဓာတ်တဆဲ့ရှစ်ပါးတို့၌။ ဓာတုသဒ္ဒေါ၊ဓာတုသဒ္ဒါသည်။ နိရူဠှော၊ ထင်
ရှား၏။

ဝိ....မြတ်စွာဘုရားသည် ပေါကြားအပ်သောကြောင့်"ကထာ"
မည်၏ဟူ၍လည်းဖြေ။
ကထီယန္တီတိကထာ=ဟု ကမ္ဘသာဓိပြု။

ဝိ....မြတ်စွာဘုရားသည် ပေါကြား အပ်သော သဒ္ဒါ အနက် အ
ပေါင်းဟု ဆိုအပ်သော ကျမ်းသည် "ကထာ" မည်၏ဟုဖြေ။

ဝိ....ဓာတ်တို့ဖြင့် ပေါအပ်သောကြောင့်"ဓာတုကထာ"မည်၏
ဟူ၍လည်းဖြေ။
ဓာတူဟိကထာ ဓာတုကထာ=ဟုတွဲစပ်။

ဝိ....ဓာတုကထာ ကျမ်း ဝိသေသသည် "ဓာတုကထာ" မည်၏
ဟုဖြေ။

မု....ဤကျမ်းကို ဓာတ်တမျိုးဖြင့်သာပေါအပ်သည်မဟုတ်၊ခန္ဓာ
အာယတနတို့နှင့်လည်း ပေါအပ်ရကား- "ခန္ဓကထာ"ဟူ၍
၎င်း "အာယတနကထာ"ဟူ၍၎င်း, ခေါ်ဆိုသင့်သည် မဟုတ်
ပါလော၊ အဘယ်ကြောင့် "ဓာတုကထာ" ဟူ၍သာ ခေါ်ဆိုရ
ပါသနည်းဟုမေး။

**ဋီ**....ခန္ဓာ အာယတနတို့ဖြင့် ဟောအပ်ကုန်သော်လည်း ခန္ဓာအာယတနတို့ကား နည်းသောအပြားရှိသောကြောင့် "ခန္ဓကထာ အာယတနကထာ"ဟူ၍မခေါ်ရ၊ ဓာတ်သာလျှင် များသောအပြား ရှိသောကြောင့် များရာသို့ လိုက်သော အားဖြင့် "ဓာတုကထာ"ဟူ၍ ခေါ်ဆိုရ၏ဟုဖြေ။

**ဤကား**....ခန္ဓာယတန ဓာတူဟိ ဝါ ခန္ဓာဒီနံ အရူပာနံ့ သင်္ဂဟာသင်္ဂဟာဒယော နယာ ဝုတ္တာတိ တတ္ထ မဟာဝိသယာနံ ဓာတူနံ ဝသေန ဓာတူဟိ ကထာ ဓာတုကထာတိ ဧဝံ အဿ နာမံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ=ဟူသော မူလဋီကာနှင့် အညီတည်း။

ဝါ၊တနည်းကား။ခန္ဓာဒီနံ၊ခန္ဓာအစရှိကုန်သော။အရူပာနံ၊ အရူပအဆုံးရှိကုန်သော တရားတို့၏။ သင်္ဂဟာသင်္ဂဟာဒယော၊ သင်္ဂဟ အသင်္ဂဟ အစရှိကုန်သော။ နယာ၊နည်းတို့ကို။ ခန္ဓာယတနဓာတူဟိ၊ ခန္ဓာအာယတန ဓာတ်တို့ဖြင့်။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုခန္ဓာအစရှိသည်တို့တွင်။ မဟာဝိသယာနံ၊များသောအပြားသို့ အစဉ်လိုက်သော အရာ ရှိကုန်သော။ ဓာတူနံ၊ ဓာတ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဓာတူဟိ၊ဓာတ်တို့ဖြင့်။ ကထာ၊ ဟောအပ်သောကျမ်းသည်။ဓာတုကထာ၊ဓာတုကထာမည်၏။ ဣတိ–ဧဝံ၊ဤသို့။ အဿ၊ထိုကျမ်း၏။နာမံ၊အမည်ကို။ ဝုတ္တံ၊ဆိုအပ်၏။ ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**အဓိပ္ပါယ်** .... ခန္ဓာအစ-အရူပ အဆုံးရှိသော တရားတို့၏ ရေတွက် အပ်သောနည်း မရေတွက် အပ်သောနည်း ယှဉ်သောနည်း မယှဉ်သော နည်းတို့ကို ခန္ဓာငါးပါး အာယတန တဆဲ့နှစ်ပါး ဓာတ် တဆဲ့ရှစ်ပါးတို့ဖြင့် အသီးအသီး ခွဲခြမ်း၍ ဟောကြား အပ်ကုန် သော်လည်း။ထိုသုံးပါးသော ခန္ဓာအာယတန ဓာတ်တို့တွင် ခန္ဓာအာယတနတို့ကား–အပြားအားဖြင့် နည်းသောကြောင့် ဤကျမ်းကို "ခန္ဓကထာ" ဟူ၍၎င်း "အာယတနကထာ"ဟူ၍၎င်းမဆိုရ။ ဓာတ်ကား များသော အပြား ရှိသောကြောင့် များရာသို့ လိုက်၍ "ဓာတုကထာ" ဟူ၍သာ ခေါ်ဆိုရ၏ဟုလို။

**ဋီ**....သဘောဟု ဆိုအပ်သော ဓာတ်တို့ကို ဟောရာ ဖြစ်သော ကြောင့် "ဓာတုကထာ" မည်၏ဟူ၍လည်းဖြေ။

ဝေတျနံကထာဝေတုကထာ=ဟူ၍သာတွဲစပ်။ ။

ဖြေ.... ဝေတုကထာကျမ်း ဝိသေသသည် "ဝေတုကထာ" မည်၏

ဟုဖြေ။

**အဓိပ္ပါယ်**.... ဤ၌ဝေတုသဒ္ဒါသည်- ဝေတုသောဘိက္ခဝေသတ္တာ သံသန္တိ=စသည်တို့၌ ဝေတုသဒ္ဒါသည် သဘောဟူသောအနက်ကို ဟောသကဲ့သို့၊ သဘော ဟူသော အနက်ကို ဟော၏။....သဘောကို ဝေတ်ခေါ်၏ဟူလို။

မေး.... အဘယ်ကြောင့် ဤကျမ်းကိုသာ "ဝေတုကထာ" ဟူ၍ခေါ် ဆိုပါသနည်း၊ ဓမ္မသင်္ဂဏီ စသော တပါးသောကျမ်းတို့လည်း သဘောဟု ဆိုအပ်သော ဝေတ်မည်သော တရားတို့ကို ဟော အပ်ရကား "ဝေတုကထာ" ဟူ၍ ခေါ်ဆိုသင့်သည်မဟုတ်ပါ လောဟုမေး။

ဖြေ....သဘောဟုဆိုအပ်သောဝေတ်တို့ကို လွန်လွန်ကဲကဲအားဖြင့် ဟောရာဖြစ်သောကြောင့်ဤကျမ်းကိုသာ "ဝေတုကထာ" ဟူ ၍ခေါ်ဆိုရ၏။ ဓမ္မသင်္ဂဏီ စသော တပါးသော ကျမ်းတို့ကား သဘောဟုဆိုအပ်သောဝေတ်တို့ကို အလွန်အားဖြင့် ဟောရာ မဟုတ်သောကြောင့် "ဝေတုကထာ" ဟူ၍မခေါ်ရဟုဖြေ။

**ဤကား**....ယေနဝါ သဘာဝေနဓမ္မာ သင်္ဂဟာသင်္ဂဟာသမ္ပယော ဂ ဝိပ္ပယောဂေဟိဥဒ္ဒေသနိဒ္ဒေသေလဗ္ဘန္တိ။ သောသဘာဝေါ ဝေတု။ သာဝေတုဏ္ဏသောတိသယံဒေသိတာတိ သဝိသေသံ ဝေတုယာကထနတော ဏ္ဏဒ်ပကရဏ ဝေတုကထာတိဝုတ္တံ= ဟူသော အနုဋီကာနှင့်အညီတည်း။

ဝါ၊ တနည်းကား။ ယေနသဘာဝေန၊ အကြင်သဘောဖြင့်။ ဓမ္မာ၊ ခန္ဓာ စသော တရားတို့ကို။ သင်္ဂဟာ သင်္ဂဟာ သမ္ပယောဂ ဝိပ္ပယော ဂေဟိ၊ သင်္ဂဟ အသင်္ဂဟ သမ္ပယောဂ ဝိပ္ပယောဂတို့ဖြင့်။ ဥဒ္ဒေသ နိဒ္ဒေသေ၊ ဥဒ္ဒေသ, နိဒ္ဒေသ၌။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ သောသဘာ ဝေါ၊ ထိုသဘောတရားသည်။ ဝေတု၊ ဝေတ်မည်၏။ သာဝေတု၊ ထို ဝေတ်ကို။ ဏ္ဏ၊ ဤကျမ်း၌။ သာတိသယံ၊ လွန်ကဲခြင်း ရှိသည်ကိုပြု၍။ ဒေသိတာ၊ ဟောအပ်၏။ ဏ္ဏတိ - တသ္မာ၊ ထို့ကြောင့်။ သဝိသေသံ၊

အထူးနှင့်တကွသော။ ဓာတုယာ၊ ဓာတ်ကို။ ကထနတော၊ ဟောခြင်း ကြောင့်။ ဣဒံပကရဏံ၊ ဤကျမ်းကို။ ဓာတုကထာတိ၊– ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

**သိုရင်း**....ဤ၌သဘောဟူသည်-ရေတွက်အပ်သောသဘော,မရေ တွက်အပ်သော သဘော, ယှဉ်သော သဘော, မယှဉ်သော သဘော ပင်တည်း။

ဓာတုကထာမည်ပုံကိုဖြေရှင်းသောအချက်ပြီး၏။

---

## **ဥဒ္ဒေသ,နိဒ္ဒေသမည်ပုံကိုဖြေရှင်းချက်။**

**ရှေးဦးစွာ**....အဘယ်ကြောင့်“ဥဒ္ဒေသ”မည်သနည်း။....အဘယ် သည် “ဥဒ္ဒေသ” မည်သနည်း။....အဘယ်ကြောင့် “နိဒ္ဒေသ” မည်သနည်း။ .... အဘယ်သည် “နိဒ္ဒေသ” မည်သနည်းဟု အမေးလေးချက်ထုတ်။

**ဝိ**....ညာဏ်ဖြင့် ထုတ်ဆောင်၍ ပြခြင်းကြောင့် “ဥဒ္ဒေသ” မည်၏ ဟုဖြေ။

ဥဒ္ဒိရိတွာဒေသနံဥဒ္ဒေသော=ဟုပြု။ ။

**ဝိ**....ထုတ်ဆောင်၍ ပြခြင်းကြိယာသည်“ဥဒ္ဒေသ”မည်၏ဟုဖြေ။

**ဝိ**....ရှေးဦးစွာ ထုတ်ပြအပ်သောကြောင့် “ဥဒ္ဒေသ” မည်၏ဟူ၍ လည်းဖြေ။

ဥဒ္ဒိရိတွာဒိသိဘဗ္ဗောတိဥဒ္ဒေသော=ဟုပြု၊

**ဝိ**....ရှေးဦးစွာ ထုတ်ပြအပ်သော အနက်သည် “ဥဒ္ဒေသ” မည်၏ ဟူ၍လည်းဖြေ။

**ဝိ**....သရုပ်ထုတ်၍ ပြရာပြကြောင်း ဖြစ်သောကြောင့် “ဥဒ္ဒေသ” မည်၏ဟူ၍လည်းဖြေ။

ဥဒ္ဒိရိတွာဒိသိယတိဧတ္ထ, ဧတေနာတိဝါဥဒ္ဒေသော=ဟုပြု။

**ဝိ**...သရုပ်ထုတ်၍ပြရာပြကြောင်းဖြစ်သောပုဒ်ဝါကျသည် “ဥဒ္ဒေ သ” မည်၏ဟုဖြေ။

**ဝိ**....အကြွင်းမရှိ အကျယ် ပြခြင်းကြောင့် “နိဒ္ဒေသ” မည်၏ဟူ၍ ငင်း။

ဝိ....အကြွင်းမရှိ အကျယ်ပြအပ်သောကြောင့် "နိဒ္ဒေသ" မည်၏ ဟူ၍၎င်း။

ဝိ....အကြွင်းမရှိ အကျယ်ပြရာပြကြောင်းဖြစ်သောကြောင့် "နိဒ္ဒေသ" မည်၏ဟူ၍၎င်းဖြေ။

နိဿေသေန ဒေသနံ, ဝိတ္ထာရတော်ဝါ, ဝိတ္ထာရေတိ ဧတ္ထ-ဧတေနာဝါ နိဒ္ဒေသော=ဟု ဘာဝ, ကမ္မ, အဓိကရဏ, သာဓိပြု။

ဝိ....အကျဉ်းကိုအကျယ်ပြခြင်း ကြိယာသည်၎င်း၊ အကျယ်ပြအပ်သော အနက်သည်၎င်း၊ အကျယ်ပြရာ ပြကြောင်း ပုဒ်ဂါထာသည်၎င်း "နိဒ္ဒေသ" မည်၏ဟုဖြေ။

**စကားချုပ်** ... မာတိကာ ဟူသည်နှင့် ဥဒ္ဒေသဟူသည် အဓိပ္ပါယ် အတူတူပင်ဟုမှတ်။....နောက်ကိုအထူးမပြတော့ပြီဟူ၏။

ဥဒ္ဒေသ, နိဒ္ဒေသ မည်ပုံကိုဖြေရှင်းချက်ပြီး၏။

## ၁....နယမာတိကာကိုပြဆိုချက်။

**ရှေးဦးစွာ**.... အဘယ်ကြောင့် "နယ" မည်သနည်း။.... အဘယ်သည် "နယ" မည်သနည်း။.... အဘယ်ကြောင့် "နယမာတိကာ" မည်သနည်း။.... အဘယ်သည် "နယမာတိကာ" မည်သနည်းဟုအမေးလေးချက်ထုတ်။

ဝိ....ခန္ဓာစသည် ဟောခြင်းကို ဖြစ်စေသောကြောင့် "နယ" မည်၏ဟုဖြေ။

နိယတိပဝတ္တိယတိဧတေဟီတိနယာ=ဟုပြု။

•ဝိ....သင်္ဂဟော အသင်္ဂဟောစသော တဆဲ့လေးပုဒ်သည် "နယ" မည်၏ဟုဖြေ။

ဝိ....ခန္ဓာစသည်တို့ကို သိကြောင်းဖြစ်သောကြောင့် "နယ" မည်၏ဟူ၍လည်းဖြေ။

ခန္ဓာဒယောနိယန္တိ ဉာယန္တိ ဧတေဟီတိနယာ=ဟုပြု။

ဝိ....သင်္ဂဟော- အသင်္ဂဟော စသော တဆဲ့လေးပုဒ် သည်ပင် "နယ" မည်၏ဟုဖြေ။

**ဤကား**....ခန္ဓာဒိနံ ဒေသနာနိယတိ ပဝတ္တိယတိ ဇေတေဟိ၊ ခန္ဓာ ဒယောဝေဝါ နိယန္တိ ဉာယန္တိဇေတေဟိပကာရေဟိတိနယာ= ဟူသော မူလဋီကာနှင့်အညီတည်း။

ဇေတေဟိပကာရေဟိ၊ ထိုသင်္ဂဟ စသော အထူးအပြား တို့ဖြင့်။ ခန္ဓာဒိနံ၊ ခန္ဓာ အစရှိသည် တို့၏။ ပါ၊ တို့ကို။ ဒေသနာ၊ ဟောခြင်းကို။ နိယတိပဝတ္တိယတိ၊ ဖြစ်စေအပ်၏။ဣတိ–တသ္မာ၊ထိုသို့ဖြစ်စေကြောင်း ဖြစ်သောသတ္တိကြောင့်။ နယာ၊ နယတို့မည်ကုန်၏။ ဝါ၊ တနည်းကား။ ဇေတေဟိပကာရေဟိ– တို့ဖြင့်။ ခန္ဓာဒယောဝေ၊ ခန္ဓာ အစရှိသည့်တို့ ကိုသာလျှင်။ နိယန္တိဉာယန္တိ၊ သိအပ်ကုန်၏။ ဣတိ– တသ္မာ၊ ထိုသို့သိ ကြောင်းဖြစ်သောသတ္တိကြောင့်။ နယာ၊ နယမည်ကုန်၏။

**အဓိပ္ပါယ်**....ဤ၌နယအရ ဝစနတ္ထနှစ်ပါးလုံး၌ပင် သင်္ဂဟ-အသင်္ဂဟစသော တဆဲ့လေးပါးသော ပုဒ်အပေါင်းသည်-ဒေသနာ၏ဖြစ်ခြင်း ကြိယာ, ဒေသနာကိုသိခြင်း ကြိယာတို့၏ အကြောင်းဖြစ်ရကား–၎င်း တဆဲ့လေးပုဒ်ကိုကောက်ခြင်းသည် အထူးပင်သင့်လျော်၏။....ဣမိနာ သင်္ဂဟာဒိကေန နယေန= ဟူသော အဋ္ဌကထာနှင့်လည်း ညီညွတ်၏ ဟုမှတ်။

**ဤကား**....အတ္တနယေပိ ပဝတ္တနဉာဏကြိယာနံ ကရဏဘာဝေ န သင်္ဂဟာဒိပ္ပကာရာနယာတိဝုတ္တာ။ တေနာဟအဋ္ဌကထာယံ ဣမိနာသင်္ဂဟာဒိကေန နယေနာတိ= ဟူသော အနုဋီကာနှင့် အညီတည်း။

အတ္တနယေပိ၊ ဝစနတ္ထ နှစ်ခု အပေါင်း၌လည်း။ ပဝတ္တန ဉာဏကြိယာနံ၊ ဖြစ်ခြင်းကြိယာ, သိခြင်းကြိယာတို့၏။ ကရဏဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်။ သင်္ဂဟာဒိပ္ပကာရာ၊ သင်္ဂဟ အစရှိသောအပြား တို့ကို။ နယာတိ၊ နယတို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ တေန၊ထိုကြောင့်။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဣမိနာသင်္ဂဟာဒိကေနနယေနာတိ၊–ဟူ၍။ အာဟ၊ မိန့်ဆိုပြီ။

**ဝိ**....သင်္ဂဟစသောနည်းတို့၏ အကျဉ်းဥဒ္ဒေသ ဖြစ်သောကြောင့် "နယမာတိကာ" မည်၏ဟုဖြေ။

နယာနံမာတိကာနယမာတိကာ=ဟုတွဲစပ်။ ။

**ဋီ**....သင်္ဂဟ-အသင်္ဂဟ စသော တဆဲ့လေးပုဒ်သည် "နယမာတိကာ" မည်၏ဟုဖြေ။

**အဓိပ္ပါယ်**....ဤ၌-နယ,အရနှင့် မာတိကာအရ အတူတူပင်ဖြစ်ကြပါလျက် ဆဋ္ဌီတပ္ပုရိသ် တွဲစပ်ခြင်းသည် သိလာပုတ္တကာဿ သရီရံစသည်၌ကဲ့သို့ မပြားသော်လည်း ပြားသကဲ့သို့ဆိုရကား-သင့်လျော်၏ ဟုမှတ်ရ၏။

**ဋီ**....နယမည်သော သင်္ဂဟစသော ပုဒ်သည် ပင်လျှင် အကျဉ်းပြကြောင်း ဖြစ်သောကြောင့် "နယမာတိကာ" မည်၏ ဟူ၍လည်းဖြေ။

နယာဝမာတိကာ နယမာတိကာ=ဟု တွဲစပ်။ ။

**ဋီ**....သင်္ဂဟစသော တဆဲ့လေးပုဒ်သည် "နယမာတိကာ" မည်၏ဟုဖြေ။

**ဤကား**....နယာနံ မာတိကာ ဥဒ္ဒေသော,နယာဧဝ ဝါ မာတိကာ နယမာတိကာ=ဟူသော မူလဋီကာနှင့် အညီတည်း။

နယာနံ၊သင်္ဂဟစသော နည်းတို့၏။ မာတိကာဥဒ္ဒေသော၊ အကျဉ်းတည်း။ဣတိ-တသ္မာ၊ထို့ကြောင့်။ နယမာတိကာ၊မည်၏။ ဝါ၊ တနည်းကား။နယာဧဝ၊သင်္ဂဟစသော နယတို့သည်သာလျှင်။ မာတိကာ၊ မာတိကာမည်၏။ဣတိ-တသ္မာ၊ထို့ကြောင့်။နယမာတိကာ၊မည်၏။

**ဝါဒဘေဒ**....(က)-ခန္ဓာဒိနံဒေသနာ, နိယတိ ပဝတ္တိယတိ ဧတေဟိတိနယာ=ဟူသောမူလဋီကာ-ပထမဝစနတ္ထ၌ နယအရ သင်္ဂဟော အသင်္ဂဟော စသော တဆဲ့လေးပါးသော ပုဒ်တို့ကိုယူ၍ မာတိကာ အရ-ၦင်းတဆဲ့လေးပုဒ်ကိုပင် ယူ၍။ "နယာဧဝမာတိကာ နယမာတိကာ"ဟူ၍ ကမ္မဓာရယ် သမာသ်သာ တွဲစပ်ရမည်။....ဤအလို ဆဋ္ဌီတပ္ပုရိသ် မတွဲရဟူ၍မှတ်။ ။[ဤနည်းကား-ရှေး၌ ပြအပ် ပြီးသော ဒုတိယနည်းနှင့်မထူးပြီ။] ။

(ခ)-ခန္ဓာဒယောနိယန္တိ ဉာယန္တိ ဧတေဟိတိနယာ=ဟူသော မူလဋီကာ ဒုတိယဝစနတ္ထ၌ နယအရ-ရူပက္ခန္ဓေါကတိဟိခန္ဓေဟိစသော နိဒ္ဒေသပုဒ်တို့ကိုယူ၍။မာတိကာအရ-သင်္ဂဟောအသင်္ဂဟောစသော ပုဒ်တို့ကိုယူ၍။"နယာနံမာတိကာနယမာတိကာ"ဟူ၍ ဆဋ္ဌီတပ္ပုရိသ်

သမာသ်သာ တွဲစပ်ရမည်။ ဤအလို-ကမ္မဓာရယ်သမာသ် မတွဲစပ်ရ ဟုမှတ်။

**အဓိပ္ပါယ်**.... ခန္ဓာအဂ- အရဏာ အသုံးရှိသော တရားကိုကို သိကြောင်းဖြစ်သောကြောင့် ရူပက္ခန္ဓေကတိပ်ပါခန္ဓေပ်ပါစသော နိဒ္ဒေသလာ ပုဒ်အပေါင်းသည် နယမည်၏။ သင်္ဟော-အသင်္ဟော စသော တဆဲ့ လေးပါးသော ပုဒ်သည် နယမမည်ဟူ၏။ ၎င်းနယ မည်သော ရူပက္ခန္ဓာ စသော ပုဒ်တို့၏ အကျဉ်း ဥဒ္ဒေသ ဖြစ်သောကြောင့် သင်္ဟော-အသင်္ဟောစသော တဆဲ့လေးပုဒ်သည် နယမာတိကာ မည်၏ဟူလို။ ။[ဤကား-မဓုရိကာဆရာကြီးဝါဒတည်း။]

**ဝါဒန္တရ**....(က)-ခန္ဓာဒိနံ ဒေသနာ နိယတိ ပဝတ္တိယတိ ဧတေဟိတိ နယာ=ဟူသော မူလဋီကာ ပထမဝစနတ္တြဲ“နယအရ”ဝစိဘေဒသဒ္ဒဖြစ်သော သင်္ဟော-အသင်္ဟောစသော တဆဲ့လေးပါးသော ပုဒ်ကို ဖြစ်စေတတ်သော မနသာ ဝဝတ္ထပိတ သင်္ဟာစသော တဆဲ့ လေးပါးသော ပုဒ်ကို ယူ၍ “နယာနံမာတိကာ နယမာတိကာ” ဟူ၍ ဆဋ္ဌီတပ္ပုရိသ်သာ တွဲစပ်ရမည်။....ဤအလို- ကမ္မဓာရယ် မတွဲစပ်ရ ဟုမှတ်။

**အဓိပ္ပါယ်** ...ခန္ဓာအစ- အရဏာ အသုံးရှိသော တရားတို့ကို နှုတ်တော်ဖြင့် ရွတ်ဆိုသော ဝစိဘေဒသဒ္ဒဟု ဆိုအပ်သော ဒေသနာကို ဖြစ်စေကြောင်း ဖြစ်သောကြောင့် စိတ်တော်ဖြင့် ကြံစည် အပ်သော မနသာ ဝဝတ္ထပိတ ဖြစ်သော သင်္ဟာစသော ဆဲ့လေး ပုဒ်သည် နယမည်၏၊ အကျဉ်း ဖြစ်သော နှုတ်တော်ဖြင့် ရွတ်ဆို အပ်သော သင်္ဟာစသော တဆဲ့ လေးပုဒ်သည် မာတိကာမည်၏၊ အကြောင်း ဖြစ်သော မနသာ ဝဝတ္ထပိတ သင်္ဟာ စသော တဆဲ့လေးပုဒ်တို့၏ အကျိုး ဖြစ်သော နှုတ်တော်ဖြင့် ရွတ်ဆိုအပ်သော ဝစိဘေဒသင်္ဟာစသော တဆဲ့ လေးပုဒ်သည် “နယမာတိကာ” မည်၏ဟု ဆိုလိုသည်။

**လိုရင်း** ...စိတ်တော်ဖြင့် ကြံစည်အပ်သော သင်္ဟာစသော တဆဲ့ လေးပုဒ်သည် နယ မည်၏။ နှုတ်တော်ဖြင့် ရွတ်ဆို အပ်သော သင်္ဟာ စသော တဆဲ့လေးပုဒ်သည် နယမာတိကာ မည်၏ဟူလို။

(ခ)... ခန္ဓာဒယော နိယန္တိ-ဉာယန္တိ ဧတေဟိတိနယာ=ဟူသော မူလဋီကာ ဒုတိယဝစနတ္တြဲ နယအရ-နှုတ်တော်ဖြင့် ရွတ်ဆိုအပ်သော

ဝစီဘေဒသဒ္ဒဖြစ်သော သင်္ဂဟစသော တဆဲ့လေးပုဒ်ကိုယူ၍။မာတိကာ အရလည်း ၎င်းကိုပင်ယူ၍ နယာဝေမာတိကာ နယမာတိကာ= ဟူ၍ ကမ္မဓာရယ် သမာသ်တွဲစပ်ရမည်။....တပ္ပုရိသ် သမာသ် မတွဲစပ်ရဟုမှတ်။

**အဓိပ္ပါယ်**....ခန္ဓာ စသည်တို့ကို သိကြောင်း ဖြစ်သော နတ်တော်ဖြင့်ရွတ်ဆိုအပ်သော သင်္ဂဟစသော တဆဲ့လေးပုဒ်သည်ပင် အကျဉ်းဥဒ္ဒေသ ဖြစ်သောကြောင့် နယမာတိကာ မည်၏ ဟူလို။ ။[ဤကား မရမိကာလာဆရာကြီးများ၏ဝါဒတည်း။]

ဤကား-သဒ္ဒတ္တအားဖြင့်ဖြေပုံအပြီးတည်း။

ဝိ....သင်္ဂဟစသောနည်းဖြင့် ဓာတုကထာမည်သောတရားတို့ကို ဝေဘန်၍ပြခြင်းအကျိုး၌ ထားအပ်သောကြောင့် "နယမာတိကာ"မည်၏ ဟူ၍လည်းဖြေ။

**ဤကား**....သင်္ဂဟာဒိနယေနာယံ၊ဓာတုဓမ္မာ ဝိဘဇ္ဇိတာ။
ဒဿေတုံထပိတတ္တာဟိ၊ဝုစ္စတိ နယမာတိကာ။ ။
ဟူသောအဋ္ဌကထာလာသင်္ဂဟဂါထာနှင့်အညီတည်း။

ဟိ၊နယမာတိကာ မည်ပုံကိုပြဦးအံ့။သင်္ဂဟာဒိနယေန၊သင်္ဂဟအစရှိသောနည်းဖြင့်။ဓာတုဓမ္မာ၊ဓာတ်မည်ကုန်သော တရားတို့ကို။ ဝိဘဇ္ဇိတာ၊ဝေဘန်အပ်ကုန်၏။ဣတိ၊ဤသို့။ ဒဿေတုံ၊ပြခြင်းငှါ။ ထပိတတ္တာ၊ထားအပ်သည်၏အဖြစ်ကြောင့်။အယံ၊ဤမာတိကာကို။နယမာတိကာ၊ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဝိ....သင်္ဂဟ စသော တဆဲ့လေးပါးသော ပုဒ်သည် "နယမာတိကာ" မည်၏ဟုဖြေ။

ဤကား-အဓိပ္ပါယတ္တအားဖြင့်ဖြေဆိုပုံအပြီးတည်း။

**အမည်ထူးရခြင်း**.... ဤနယ မာတိကာကို ဓာတုကထာ ကျမ်း၏ အရင်းအစမူလဘူတ ဖြစ်သောကြောင့် "မူလမာတိကာ" ဟူ၍လည်း ခေါ်ဆိုရသေး၏ဟုမှတ်။

ရှေးဦးစွာအမေးလေးချက်အဖြေပြီး၏။

## အဋ္ဌကထာသာသင်္ဂဟာလေးပါးကိုပြဆိုခြင်း။

သင်္ဂဟာသည်- ဇာတိသင်္ဂဟာ, သဉ္ဇာတိသင်္ဂဟာ, ကြိယာသင်္ဂဟာ, ဂဏနသင်္ဂဟာအားဖြင့် လေးမျိုးပြား၏။ (**အထူးကား**)

၁....မင်းဇာတ် ပုဏ္ဏားဇာတ် ကုန်သည်ဇာတ် စသည်ဖြင့် ဇာတ်တူပေါင်းခြင်းသည် "ဇာတိသင်္ဂဟာ" မည်၏။

၂....မွေးဖွားရာ ဖြစ်ရာ နေရာ ဌာနတူ အားဖြင့် ပေါင်းခြင်းသည် "သဉ္ဇာတိသင်္ဂဟာ" မည်၏။

၃....ဆင်စီး အတတ် မြင်းစီး အတတ် စသည်ဖြင့် ထိုထိုအမှု ကြိယာတူအားဖြင့် ပေါင်းခြင်းသည် "ကြိယာသင်္ဂဟာ" မည်၏။

၄ ...တခုနှစ်ခု စသည်ဖြင့် အရေအတွက်တူအားဖြင့် ပေါင်းခြင်းသည် "ဂဏနသင်္ဂဟာ" မည်၏။

သမောဓာနေတွာ ဂဟဏံ သင်္ဂဟော=ဟုပြု။....ပေါင်း၍ ယူခြင်း ပေါင်းခြင်းသည် "သင်္ဂဟာ" မည်၏ဟုမှတ်။

ဇာတိယာ သင်္ဂဟော ဇာတိ သင်္ဂဟော စသည်ဖြင့် တွဲစပ်။... ဤလေးပါးသောသင်္ဂဟာတို့တွင်-ဤသင်္ဂဟော,အသင်္ဂဟောစသည့်ကား ဂဏနသင်္ဂဟာ ဟုမှတ်။.... ဧကေနခန္ဓေနသင်္ဂဟိတော စသော ပါဠိတော်ကိုထောက်။

သင်္ဂဟာလေးပါးကိုပြဆိုသောစကားရပ်ပြီး၏။

---

## အထူးမှတ်သားရန်ခက်ဆစ်များ။

**အမည်ထူး**....ဤမာတိကာတဆဲ့လေးပါးသောပုဒ်တို့တွင်-ပဌမနယမာတိကာ၊ ဆဋ္ဌနယမာတိကာ နှစ်ပါးသည်- သာမညနယုဒ္ဒေသ မည်၏။....ကြွင်းသောတဆဲ့နှစ်ပါးသော နယမာတိကာသည်-ဝိသေသနယုဒ္ဒေသ မည်၏။.... [နယုဒ္ဒေသ ဟူသည်နှင့် နယမာတိကာဟူသည်အတူတူပင်တည်း။]   ။

**အဓိပ္ပါယ်** ... ပဌမနယုဒ္ဒေသ ဆဋ္ဌနယုဒ္ဒေသ နှစ်ပါးသည် မေးအပ် ဖြေအပ်လတ္တံ့ ကုန်သော ခန္ဓာအစ အရဏာအဆုံးရှိသော တရားတို့၏ရေတွက်အပ်သည်၏အဖြစ်မရေတွက်အပ်သည်၏အဖြစ်စသော

သဘောထူးကို မထုတ်မူ၍ မွေ့သာမညအားဖြင့် အမေးအဖြေ ပြုလုပ်သော နယုဒ္ဒေသတည်း။ ထို့ကြောင့် ၎င်းနယုဒ္ဒေသ နှစ်ပါးကို သာမည နယုဒ္ဒေသ ဟူ၍ဆိုရ၏။ ... ကြွင်းသော နယုဒ္ဒေသ တဆဲ့နှစ်ပါးကား မေးအပ် ဖြေအပ် လတ္တံ့ကုန်သော ခန္ဓာ စသော တရားတို့၏ ရေတွက် အပ်သည်၏အဖြစ်, မရေတွက်အပ်သည်၏အဖြစ် စသော သဘောအထူးကိုထုတ်၍ အမေးအဖြေ ပြုလုပ်သော နယုဒ္ဒေသတည်း။ ထို့ကြောင့် ၎င်းနယုဒ္ဒေသ တဆဲ့နှစ်ပါးကို ဝိသေသ နယုဒ္ဒေသ ဟူ၍ ဆိုရ၏ဟူလို။

**မှတ်ချက်** ... ဤ၌ သဘောဟူသည်-ရုပ္ပန ဝေဒိယန စသော သတ္တိ ဧကုပ္ပါဒစသောသတ္တိကိုဆိုလို၏။ ။အထူးမထုတ်ဟူသည်-ရူပက္ခန္ဓော ကတိဟိခန္ဓေဟိ သင်္ဂဟိတော ရူပက္ခန္ဓော ကတိဟိသမ္ပယုတ္တော စသည်ဖြင့် ဒုတိယနယ စသည်တို့ကဲ့သို့ သင်္ဂဟိတေန စသော ပုဒ်မျိုးနှင့် မတွဲမဘက်မူ၍ သက်သက်အားဖြင့် ဟောသည်ကိုဆိုလို၏။ ။ အထူးထုတ်၏ဟူသည်-စက္ခာယတနေန ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာစသည်ဖြင့် သင်္ဂဟိတေန စသော ပုဒ်မျိုးနှင့် တွဲဘက်၍ ဟောသည်ကိုဆိုလို၏ဟုမှတ်လေ။

**ကြေပုံ**.... ထိုဝိသေသ နယုဒ္ဒေသ တဆဲ့နှစ်ပါးတို့တွင်- ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, သတ္တမ, အဋ္ဌမ, နဝမ, ဒသမနယုဒ္ဒေသ-၈နှစ်ပါးသည်-အဆုံးပုဒ်နှင့်တူသော ပုဒ်တခုကြေ၏။ ထို့ကြောင့်-၎င်း၈နှစ်ပါးကို ဧကပဒလောပနယုဒ္ဒေသ- ဟူ၍ဆိုသင့်၏။ ၎င်း၈နှစ်ပါး၌ ကြေသော တတိယပုဒ်ဖြင့်- ပုစ္ဆာ, ဝိဿဇ္ဇနာကိုပြု၏။ ပထမ ဒုတိယ ပုဒ်ဖြင့်အထူးပြု၏။ ။ဧကာဒသမ, ဒွါဒသမ, တေရသမ, ၁ုဒ္ဒသမ နယုဒ္ဒေသ လေးပါးသည်-ကြေသော ပုဒ်မရှိ။ ထို့ကြောင့် ၎င်းနယုဒ္ဒေသလေးပါးကို အလောပနယုဒ္ဒေသ ဟူ၍ဆိုသင့်၏။ ၎င်းလေးပါး၌-အစပထမ ပုဒ်ဖြင့်အထူးပြု၏။ ဒုတိယ တတိယ ပုဒ်ဖြင့်-ပုစ္ဆာ, ဝိဿဇ္ဇနာပြု၏ဟု မှတ်။

**အကျယ်** .... ဒုတိယနယုဒ္ဒေသ၌- သင်္ဂဟိတေန- အသင်္ဂဟိတံ- အသင်္ဂဟိတံ ဟုဟောတော်မူအပ်လျက် ဒုတိယဖြစ်သော အသင်္ဂဟိတံ ပုဒ်တခု ကြေ၏ဟုမှတ်။.... ဤ၌ ကြေ၏ဟူသည်- အနက်သာသိ သာထင်ရှား၍ သဒ္ဒါကားမရှိသည်ကိုဆိုလို၏ဟုသိလေ။

**ဤကား** .... ယသာအတ္တော့ညယတိ၊ သန္တေ့ါပနနပယုဇ္ဇတိ၊ သော လောပေါတိဝေဒိတဗ္ဗော=ဟူသော အနုဋီကာနှင့်အညီတည်း။

ယသာ၊ အကြင်သဒ္ဒါ၏။ အတ္တော၊ အနက်ကို။ ညယတိ၊ သိအပ်၏။ သန္တေ့ါပန၊ သဒ္ဒါသည်ကား။ နပယုဇ္ဇတိ၊ မယှဉ်။ သော၊ ထိုသဒ္ဒါမျိုးကို။ လောပေါတိ၊ ကြေ၏ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**တနည်း** .... အာဂုတ္တိနည်း-သိလေသ-ပဒိပ-တန္တ-ဘိန္နသတ္တိ သမဝေတ နည်းစသည်တို့၏ အစွမ်းဖြင့် သင်္ဂဟိတံ ဟူသော ပုဒ်တခုကို ပင် နှစ်ခါပြန်၍ ယောဇနာသည် သဒ္ဒါမကြေဟူ၏။

**ဤကား**....အာဂုတ္တိအာဒိဝသေနဝါ ဧယမတ္တော ဒိပေတဗ္ဗော=ဟူ သော အနုဋီကာနှင့်အညီတည်း။

ဝါ၊ တနည်းကား။အာဂုတ္တိအာဒိဝသေန၊အာဂုတ္တိနည်းအစရှိသည် တို့၏အစွမ်းဖြင့်။ အယမတ္တော၊ ဤအနက်ကို။ ဒိပေတဗ္ဗော၊ ပြအပ်၏။ ။ [တတိယ စသော ဧကပဒလောပနယုဒ္ဒေသ ချနှစ်ပါးတို့၌လည်း နည်း တူမှတ်။] ။

**ဝိဘတ်သက်ပုံ** .... ဒုတိယနယုဒ္ဒေသ၌- သင်္ဂဟိတေန ပုဒ်ဝယ် တုလျာဓိကရဏဝိသေသနအနက်၌ တတိယာနာဝိဘတ်သက်၏။ ၍- ဟုအနက်ပေး။

**ဤကား**....သင်္ဂဟိတေနာတိစ ဝိသေသနေ ကရဏဝစနံဒဋ္ဌဗ္ဗံ= ဟူသော မူလဋီကာနှင့်အညီတည်း။

စ၊ ဆက်ဦးအံ့။ သင်္ဂဟိတေနာတိဣတ္တော၊ သင်္ဂဟိတေန ဟူသော၌ ပုဒ်၌။ ဝိသေသနေ၊ ဝိသေသန အနက်၌။ကရဏဝစနံ၊ကရိုဏ်းဝိဘတ် ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**အသူးပြုပုံ** ... စက္ခာယတန၏ ရုပ္ပနသဘောနှင့် သောတာယတန စသည်တို့၏ ရုပ္ပနသဘောသည် ခန္ဓာ ဖွဲ့ရခြင်း အားဖြင့်ကား တူ၏။ အာယတန ခေတ်ဖွဲ့ရခြင်း အားဖြင့်ကား မတူ။ စက္ခာယတန၏ ရုပ္ပန သဘောသည်-စက္ခာယတန စက္ခု ခေတ် ဖွဲ့ရခြင်းသာ ဖြစ်၏။ သော တာယတန သောတခေတ် ဖွဲ့ရခြင်းကား မဖြစ်။ သောတာယတန စသည် တို့၏ ရုပ္ပန သဘော သည်လည်း သောတာယတန သောတ ခေတ် စသည့်ဖွဲ့ရခြင်းသာ ဖြစ်၏။ စက္ခာယတန စက္ခု ခေတ်ဖွဲ့ရခြင်း

ကားမဖြစ်။ထိုသို့မဖြစ်ခြင်းကြောင့်ရုပ္ပနသဘောတခုက-ရုပ္ပနသဘော တခုကို အထူးပြုသည်မည်၏။.... [တတိယနယုဒ္ဓေသ-အသင်္ဂဟိတ ပုဒ်လည်းနည်းတူပင်တည်း။] ။

**ဤကား** ...တတ္ထပဌိသဘာဝနဲ့ရေန သဘာဝနဲ့ရသပိဿေသနံ ကတံ=ဟူသော မူလဋီကာနှင့်အညီတည်း။

ဟိသစ္စံ၊ ထိုစကားမှန်၏။ တတ္ထ၊ ထိုဒုတိယ တတိယနယုဒ္ဓေသတို့၌။ သဘာဝနဲ့ရေန၊ ခန္ဓာဖြင့်ရေတွက်အပ်သည်၏အဖြစ်စသော ရုပ္ပန သဘောအထူးဖြင့်။ သဘာဝနဲ့ရသ၊ အာယတန ဓာတ်တို့ဖြင့် မရေ တွက်အပ်သည်၏အဖြစ် စသော သဘောထူးကို။ ဝိသေသနံ၊ အထူးပြု ခြင်းကို။ ကတံ၊ ပြုအပ်၏။

**လိုရင်း** .... ရေတွက် အပ်သည်၏ အဖြစ်တည်း ဟူသော ရုပ္ပန သဘော, မရေတွက်အပ်သည်၏ အဖြစ်တည်းဟူသော ရုပ္ပနသဘော ဟု ဆိုအပ်သော သဘောသတ္တိ အထူးကို အကြောင်းပြု၍ ရူပက္ခန္ဓာ စသောတရားတို့၏ မရေတွက်အပ်သည်၏အဖြစ် ရေတွက်အပ်သည် ၏အဖြစ်ကို ဟောတော်မူခြင်းကြောင့် ဒုတိယ တတိယနယုဒ္ဓေသတို့၌ ဝိသေသနအနက်၌ ကရိုဏ်းဝိဘတ်သက်၏ဟူလို။

**ဤကား** .... ဒုတိယတတိယေသုပန သင်္ဂဟိတာသင်္ဂဟိတတာ သမ္ဗန္ဓိတဝိသေသနဒွါရေနမွေဒ္ဓါနံ အသင်္ဂဟိတတာ သင်္ဂဟိတ တာဝုတ္တာ=ဟူသော အနုဋီကာနှင့်အညီတည်း။

ပန၊ ဆက်ဦးအံ့။ ဒုတိယ တတိယေသု၊ ဒုတိယ တတိယနယုဒ္ဓေသ တို့၌။ သင်္ဂဟိတာ သင်္ဂဟိတတာ သမ္ဗန္ဓိတဝိသေသနဒွါရေန၊ရေတွက် အပ်သည်၏ အဖြစ်, မရေတွက် အပ်သည်၏ အဖြစ်ဟု ဆိုအပ်သော အထူးကိုအကြောင်းပြုသဖြင့်။ ဓမ္မာနံ၊ ခန္ဓာစသောတရားတို့၏။အသင်္ ဟိတတာ- သင်္ဂဟိတတာ၊ မရေတွက်အပ်သည်၏အဖြစ်, ရေတွက် အပ်သည်၏အဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

စတုတ္ထနယ သင်္ဂဟိတေန, ပဉ္စမနယ အသင်္ဂဟိတေန ပုဒ်တို့၌ ကတ္တား အနက်၌ တတိယာနာဝိဘတ်သက်၏။.... သည်- ဟု အနက် ပေး။

**ဤကား**....တတ္ထ စတုတ္ထပဉ္စမေသု ကတ္တု အတ္ထေ ကရဏာနိဒ္ဒေ သော=ဟူသော မူလဋီကာနှင့်အညီတည်း။

တတ္ထ၊ ထိုဒုတိယ စသော နယဒွေသ တို့တွင်။ စတုတ္ထပဉ္စမေသု၊ စတုတ္ထပဉ္စမ နယဒွေသ တို့၌။ ကတ္တုအတ္ထေ၊ ကတ္တားအနက်၌။ ကရဏနိဒ္ဒေသော၊ ကရိုဏ်းဝိဘတ်ဖြင့်ညွှန်းခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

မု ...အဘယ်ကြောင့်-ဒုတိယ-တတိယ နယဒွေသတို့၌ ဝိသေသန အနက်၌ ကရိုဏ်း ဝိဘတ်သက် သနည်း။ ဤစတုတ္ထ ပဉ္စမ နယဒွေသ တို့၌ ကတ္တား အနက်၌ ကရိုဏ်း ဝိဘတ် သက်သနည်း။ ဒုတိယနယဒွေသ စသည်တို့ကဲ့သို့ ဝိသေသန အနက်၌ ကရိုဏ်းဝိဘတ်သက်သင့်သည်မဟုတ်ပါလောဟုမေး။

ဝိ....ဒုတိယ- တတိယနယဒွေသတို့၌ သတ္တိထူးတခုသည် သတ္တိထူးတခုကိုအထူးပြုသောကြောင့်ဝိသေသနအနက်၌ ကရိုဏ်းဝိဘတ်သက်ရ၏။ ဤစတုတ္ထ ပဉ္စမနယဒွေသတို့၌ကား တရားတခုသည် တရားတခုကိုအထူးပြုသောကြောင့် ကတ္တားအနက်၌ ကရိုဏ်းဝိဘတ်သက်ရ၏။ ဒုတိယ တတိယ နယဒွေသတို့ကဲ့သို့ သတ္တိတခုက သတ္တိထူးတခုကို အထူးမပြုသောကြောင့် ဝိသေသနအနက်၌ ကရိုဏ်းဝိဘတ်မသက်ရဟုဖြေ။

**ဤကား**....ဧတေသု ဓမ္မန္တရေန ဓမ္မန္တရဿာတိ=ဟူသောမူလဋီကာနှင့်အညီတည်း။

ဧတေသု၊ ထိုစတုတ္ထပဉ္စမနယဒွေသတို့၌။ ဓမ္မန္တရေန၊ တပါးသော တရားသည်။ ဓမ္မန္တရဿ၊ တပါးသောတရားတို့ကို။ ဝိသေသနံ၊ အထူးပြုခြင်းကို။ ကတံ၊ ပြုအပ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဒုတိယ-တတိယေသု ဝိယ၊ တို့၌ကဲ့သို့။ ဝိသေသနေ၊ ဝိသေသန အနက်၌။ ကရဏနိဒ္ဒေသော၊ ကို။ န ဒဋ္ဌဗ္ဗော၊ မမှတ်အပ်။

**အဓိပ္ပါယ်**....သမုဒယ သစ္စာသည် ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သည်၏အဖြစ်ဟု ဆိုအပ်သော သတ္တိဖြင့် သမုဒယသစ္စာကြည်သော သင်္ခါရက္ခန္ဓာ လေးဆဲ့ ကိုးခုကို အထူးပြု၏၊ သင်္ခါရက္ခန္ဓာ လေးဆဲ့ကိုးခုသည်လည်း ခန္ဓာအာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သည်၏ အဖြစ်ဟု ဆိုအပ်သော သတ္တိဖြင့် သမုဒယသစ္စာကို အထူးပြု၏။ ။[တေဟိ- ဓမ္မေဟိ ယေဓမ္မာ= စသော နိဒ္ဒေသ ပါဠိတော်ကို ထောက်။] ။ဤသို့ဓမ္မတခုသည် ဓမ္မတခုကို အထူးပြုရကား-ကတ္တား

အနက်၌ ကရိယာ်းဝိဘတ် သက်၏ဟူလို။....ပဌမနယုဒ္ဒေသ ကိုလည်း နည်းမှီး၍သိလေ။

**ဤကား**....ကတ္တု အတ္တေ ကရဏ နိဒ္ဒေသော သင်္ဂဟိတာသင်္ဂဟိတေဟိ တေဟိ ဓမ္မေဟိ ဓမ္မာနံ သင်္ဂဟိတတာ သင်္ဂဟိတတာယ ဝုတ္တတ္တာ=ဟူသော အနုဋိကာနှင့် အညီတည်း။

သင်္ဂဟိတာသင်္ဂဟိတေဟိ၊ခန္ဓာစသည့်တို့ဖြင့်ရေတွက်အပ်,မရေတွက်အပ်ကုန်သော။ တေဟိဓမ္မေဟိ၊ ထိုသမုဒယရကန္ဓာ စသော တရားတို့သည်။ သင်္ဂဟိတတာ သင်္ဂဟိတတာယ၊ ရေတွက်အပ်သည်၏အဖြစ်,မရေတွက်အပ်သည်၏ အဖြစ်ဖြင့်။ ဓမ္မာနံ၊ သမုဒယသစ္စာ တရားတို့ကို။ ဝုတ္တတ္တာ၊ ဟောအပ် သည်၏ အဖြစ်ကြောင့်။ ကတ္တုအတ္တေ၊ ကတ္တားအနက်၌။ကရဏနိဒ္ဒေသော၊ကရိယာ်းဝိဘတ်ဖြင့်ညွှန်းခြင်းကို။ ကတော၊ပြုအပ်၏။

မု....စတုတ္ထ ပဥ္စမနယတို့၌ အဘယ်ကြောင့် ကတ္တားပြန် ကံပြန် အားဖြင့် ဟောသနည်းဟုမေး။

ဝိ....စတုတ္ထပဥ္စမနယတို့၌ ကတ္တားအနက်၌ကရိယာ်းဝိဘတ်သက်သောကြောင့် ကတ္တားပြန် ကံပြန်အားဖြင့် ဟော၏ဟုဖြေ။

မု....ဒုတိယ တတိယနယတို့၌ အဘယ်ကြောင့် ကတ္တားပြန်ကံပြန် မဟောသနည်းဟုမေး။

ဝိ....ဒုတိယ တတိယနယတို့၌ ဝိသေသန အနက်၌ ကရိယာ်း ဝိဘတ်သက်၍ အထူးပြုရန် မလိုသောကြောင့် ကတ္တားပြန် ကံပြန်အားဖြင့် မဟောအပ်ဟုဖြေ။

သတ္တမ အဋ္ဌမ နဝမ ဒသမ နယုဒ္ဒေသ တို့၌ကား- သဟ ယောဂ အနက်၌ ကရိယာ်းဝိဘတ်သက်၏။....နှင့်-ဟူ၍ အနက်ပေး။

**ဤကား**....သတ္တမာဒိသု သဟယောဂေ ဒဋ္ဌဗ္ဗော=ဟူသော မူလဋီကာနှင့် အညီတည်း။ ။အနက်လွယ်ပြီ။

ဧကာဒသမ ဒွါဒသမ တေရသမ ဇုဒ္ဒသမ နယုဒ္ဒေသ တို့၌ကား ဝိသေသန အနက်၌ ကရိယာ်းဝိဘတ်သက်၏။....၍-ဟု အနက်ပေး။

**ဤကား**....ဝိသေသနေ ဧဝ စေတ္ထ ကရဏ ဝစနံ ဒဋ္ဌဗ္ဗံ=ဟူသော မူလဋီကာနှင့် အညီတည်း။ ။အနက်လွယ်ပြီ။

**အဆုံးပြုပုံ** .... မေးအပ် ဖြေအပ်လတ္တံ့ကုန်သော တရားတို့သည် ရေတွက် အပ်သည့်၏ အဖြစ် စသော သတ္တိ ထူးဖြင့် မိမိ၏ ယှဉ်သည့် အဖြစ်,မယှဉ်သည့်အဖြစ်ကို အထူးပြု၏။

**ဤကား**....ပုစ္ဆာဝိဿဇ္ဇနာနံ ဟိ နိဿယဘူတာ ဓမ္မာ သင်္ဂဟိတ ဝိဓိတာဒိဝိသေသေန ကရဏဘူတေန သမ္ပယုတ္တဝိပ္ပယုတ္တာဒိ ဘာဝံအတ္တနော ဝိသေသေန္တိ= ဟူသော မူလဋီကာနှင့် အညီ တည်း။

ဟိ၊ချဲ့ဦးအံ့။ ပုစ္ဆာဝိဿဇ္ဇနာနံ၊ အမေးအဖြေတို့၏။ နိဿယဘူတာ၊ မှီရာဖြစ်၍ဖြစ်ကုန်သော။ ဓမ္မာ၊ သမုဒယသစ္စာစသော တရားတို့သည်။ ကရဏဘူတေန၊ကရိယာဖြစ်၍ဖြစ်သော။ သင်္ဂဟိတဝိဓိတာဒိဝိသေသေ န၊ ရေတွက်အပ်သည့်၏အဖြစ် စသော အထူးဖြင့်။ အတ္တနော၊ မိမိ၏။ သမ္ပယုတ္တဝိပ္ပယုတ္တာဒိဘာဝံ၊ သမ္ပယုတ်, ဝိပ္ပယုတ် စသည်တို့၏ အဖြစ် ကို။ ဝိသေသေန္တိ၊အထူးပြုကုန်၏။

နယမာတိကာကိုပြဆိုသောစကားရပ်ပြီး၏။

## ၂....အဗ္ဘန္တရမာတိကာကိုပြဆိုချက်။

ဇရှေးဦးစွာ-အဘယ်ကြောင့်"အဗ္ဘန္တရ" မည်သနည်း။....အဘယ် သည် "အဗ္ဘန္တရ" မည်သနည်း။....အဘယ်ကြောင့် "အဗ္ဘန္တရမာ တိကာ" မည်သနည်း။....အဘယ်သည် "အဗ္ဘန္တရမာတိကာ" မည် သနည်းဟု အမေးလေးချက်ထုတ်။

**ဖြ**....ဓါတုကထာမာတိကာ၏ အတွင်း၌ ဟောအပ်သောကြောင့် "အဗ္ဘန္တရ" မည်၏ဟုဖြေ။

အဗ္ဘန္တရေဝုတ္တာ အဗ္ဘန္တရာ=ဟုပြု။

**ဖြ**....ပဉ္စက္ခန္ဓာ စသော ပုဒ် အပေါင်းသည် "အဗ္ဘန္တရ" မည်၏ ဟုဖြေ။

**ဤကား**....သရူပတော ဂဟိတာဝ ပဉ္စက္ခန္ဓာတိ အာဒိကာ အဗ္ဘ န္တရာ=ဟူသော မူလဋီကာနှင့် အညီတည်း။

သရူပတော၊သရုပ်အားဖြင့်။ဂဟိတာဝ၊ ယူအပ်သည်သာလျှင် ဖြစ်ကုန်သော။ ပဋ္ဌကန္ဒဒွာတိအာဒိကာ၊ ပဋ္ဌကန္ဒဒွာ ဤသို့အစရှိသော ပုဒ်တို့သည်။အဋ္ဌကထာ၊အဋ္ဌကထာ့ရ မည်ကုန်၏။

ဠ....ခေတ္တကထာမာတိကာ၏ အတွင်း၌ ဟောအပ်သော ပဋ္ဌကန္ဒဒွာစသော ပုဒ်အပေါင်းသည် ပင်လျှင် အကျဉ်း ဥဒ္ဒေသ ဖြစ်သောကြောင့် "အဋ္ဌကထာ့ရမာတိကာ" မည်၏ဟုဖြေ။ အဋ္ဌကထာရာဝေမာတိကာ အဋ္ဌကထာ့ရမာတိကာ=ဟုတွဲစပ်။

ဝိ....ပဋ္ဌကန္ဒဒွာ စသော ပုဒ်အပေါင်း သည်ပင် "အဋ္ဌကထာ့ရ မာတိကာ" မည်၏ဟုဖြေ။

**ဤကား**....တဿာ အဋ္ဌကထာရေ ဝတ္တော ဝိဘဇိတဗ္ဗာနံ ဥဒ္ဒေသော အဋ္ဌကထာ့ရမာတိကာ နာမ=ဟူသောမူလဋီကာနှင့်အညီတည်း။

တဿာ၊ ထိုခေတ္တကထာ မာတိကာ၏။ အဋ္ဌကထာရေ၊ အတွင်း၌။ ဝုတ္တော၊ဟောတော်မူအပ်သော။ ဝိဘဇိတဗ္ဗာနံ၊ဝေဘန်အပ်ကုန်သော သဘာဝ ဓမ္မတို့၏။ ဝါ၊ တို့ကို။ဥဒ္ဒေသော။ အကျဉ်း ပြခြင်းသည်။ ဝါ၊ အကျဉ်း ပြကြောင်းဖြစ်သော စကားရပ်သည်။ အဋ္ဌကထာ့ရ မာတိကာ နာမ၊အဋ္ဌကထာ့ရမာတိကာ မည်၏။

**အဓိပ္ပါယ်**....ဗာဟိရမာတိကာကို သင်္ဂဟပြ ဓမ္မသင်္ဂဏီ ခေတ္တကထာယ မာတိကာ-ဟူ၍ ခေတ္တကထာ မာတိကာမှ အပ၌ ဟောတော်မူအပ်သကဲ့သို့၊ဤမာတိကာကိုကား သင်္ဂဟစသောနည်းတို့ဖြင့် ခွဲခြမ်း ဝေဘန်အပ်ကုန်သော ခန္ဓာစသော တရားတို့ကို သရုပ်ထုတ်၍ ခေတ္တကထာမာတိကာ၏အတွင်း၌ ထားအပ်သော ဥဒ္ဒေသဖြစ်သောကြောင့် အဋ္ဌကထာ့ရမာတိကာ မည်၏ဟူလို။

**တနည်း**....သင်္ဂဟပြ ဓမ္မသင်္ဂဏီ ခေတ္တကထာယ မာတိကာ-ဟူသော စကားရပ်ဖြင့် ခေတ္တကထာကျမ်းမှ အပဖြစ်ကုန်သော ကုသိုလ် အစ-အရဏာအဆုံးရှိကုန်သော မာတိကာတို့ကို ခေတ္တကထာ မာတိကာ၏အဖြစ်ဖြင့် ဆိုအပ်ကုန်သကဲ့သို့၊ ထို့အတူမဆိုမူ၍ ဤခေတ္တကထာကျမ်း၏ အတွင်း၌သာ သင်္ဂဟစသော နည်းဖြင့် ဝေဘန်အပ်ကုန်သော ခန္ဓာစသော တရားတို့ကို သရုပ်ထုတ်၍ ထားအပ်သောကြောင့် "အဋ္ဌကထာ့ရမာတိကာ" မည်၏ ဟူ၍လည်း ဆိုလို၏။

**ဤကား**....အယံဟိ သဗ္ဗာပိ ဓမ္မသင်္ဂဏိ ဓာတုကထာယ မာတိကာတိဝေဝံ အဝတ္ထာ သင်္ဂဟာဒိနာနယေန ဝိဘဇိတဗ္ဗေခန္ဓာဒိဓမ္မေ သရူပတော ဒဿေတွာ ဓာတုကထာယ အဗ္ဘန္တရေယေဝ ထပိတတ္တာ အဗ္ဘန္တရ မာတိကာ နာမာတိ ဝုတ္တာတိ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဟိ၊ ချဲ့ဦးအံ့။ အယံ၊ ဤမာတိကာကို။ သဗ္ဗာပိ–ကာတိ၊-ဟူ၍။ ဝေံ၊ ဤသို့။ အဝတွာ၊မဟောမူ၍။ သင်္ဂဟာဒိနာ၊ သင်္ဂဟအစရှိကုန်သော။ နယေန၊နည်းဖြင့်။ဝိဘဇိတဗ္ဗေ၊ဝေဘန်အပ်ကုန်သော။ခန္ဓာဒိဓမ္မေ၊ခန္ဓာစသော တရားတို့ကို။သရူပတော၊သရုပ်အားဖြင့်။ ဒဿေတွာ၊ပြ၍။ ဓာတုကထာယ၊ ဓာတုကထာ မာတိကာ၏။ ဝါ၊ ဓာတုကထာ ကျမ်း၏။ အဗ္ဘန္တရေယေဝ၊ အတွင်း၌သာလျှင်။ ထပိတတ္တာ၊ ထားအပ်သည်၏ အဖြစ်ကြောင့်။အဗ္ဘန္တရမာတိကာနာမာတိ–ဟူ၍။ဝုတ္တာ၊ဆိုအပ်၏။

**လိုရင်း**....ခန္ဓာစသော တရားတို့ကို သရုပ်အားဖြင့်ပြ၍ ဓာတုကထာကျမ်း၏ အတွင်း၌ ထားအပ်သောကြောင့် "အဗ္ဘန္တရမာတိကာ" မည်၏ဟုမှတ်။

---

**ဓာတုကထာမာတိကာကိုပြခြင်း။**

ဤ၌ဓာတုကထာ မာတိကာ ဟူသည်– နယမာတိကာ အဗ္ဘန္တရ မာတိကာ နယမုခမာတိကာ လက္ခဏမာတိကာ လေးပါးကိုဆို၏။

**ပု**....အဘယ်ကြောင့် ဤမာတိကာလေးပါးကို ဓာတုကထာမာတိကာဟူ၍ခေါ်ပါသနည်းဟုမေး။

**ဖြေ**.... ဓမ္မသင်္ဂဏီ စသော ကျမ်းတပါးတို့နှင့် မဆက်ဆံ သောကြောင့် ဤလေးပါးကို ဓာတုကထာ မာတိကာဟူ၍ ခေါ်ရ၏ ဟုဖြေ။

**ဤကား**....နယမာတိကာဒိကာ လက္ခဏ မာတိကန္တာ မာတိကာ ပကရဏန္တရာသာဓာရဏာဘာဝ ဓာတုကထာမာတိကာနာမ=ဟူသော မူလဋီကာနှင့်အညီတည်း။

နယမာတိကာဒိကာ၊ နယမာတိကာ အစရှိသော။ လက္ခဏမာတိကန္တာ၊လက္ခဏမာတိကာအဆုံးရှိသောမာတိကာသည်။ပကရဏန္တ

ရာသာခရထာတာယ၊ ခတုကထာကျမ်းမှ တပါးသော ဓမ္မသင်္ဂဏီ စသော ကျမ်းတို့နှင့် မဆက်ဆံသည့်၏ အဖြစ်ကြောင့်။ ခတုကထာ မာတိကာနာမ၊ ခတုကထာမာတိကာမည်၏။

**အခည်ထူးရခြင်း**....ဤအဋ္ဌတ္တိရမာတိကာကို ခန္ဓာစသောပုဒ်တို့ သည် ဓမ္မသင်္ဂဏီ မာတိကာ၌မပါ၊ ခန္ဓဝိဘင်း စသည်တို့၌သာ ဖြန့်နှံ့ သောကြောင့် ပကိဏ္ဏကမာတိကာ ဟူ၍လည်း ခေါ်ဆိုရသေး၏ဟု မှတ်။

ရှေးဦးစွာအမေးလေးချက်အဖြေပြီး၏။

## ပါဠိတော်အဋ္ဌကထာနည်းနှစ်ပါးထူးဟန်ကိုပြခြင်း။

ခန်-၅.... အာ-၁၂.... ဓာ-၁၈.... သ-၄.... ဈာန်-၂၂....ပ-၂၀ .... သ-၁.... သမ်-၁.... ဣ-၁.... ဈာန်-၁.... အပ်-၁.... ပဉ်-၁....ဗ-၁.... ဗော-၁.... မဂ်-၁.... ဖ-၇၊ ပေါင်း-၁၀၅-ပုဒ် ဖြစ်၏။.... ဤ၁၀၅-ပုဒ် ရေတွက်နည်းကား-ပါဠိတော်နည်းတည်း။

ခန်-၅.... အာ-၁၂.... ဓာ-၁၈....သ-၄၊ဣန္ဒြိ-၂၂....ပ-၁၂၊ သ-၄....သမ်-၄....ဣ-၄.... ဈာန်-၄.... အပ်-၄....ပဉ်-၄.... ဗ-၅....ဗော-၇....မဂ်-၈....ဖ-၇....ပေါင်း-၁၂၅-ပုဒ် ဖြစ်၏။ဤ ၁၂၅-ပုဒ် ရေတွက်နည်းကား-အဋ္ဌကထာနည်းတည်း။

**အထူး**....ပါဠိတော်နည်းသည် ဟောပုဒ်ကို ပြသော နည်းဖြစ်၏။ အဋ္ဌကထာနည်းသည် ဟောပုဒ်ကို ပြသောနည်းမဟုတ်၊ သရုပ်သချာ မှုကိုသာပြသောနည်းဖြစ်၏။ ထို့ကြောင့် နည်းနှစ်ပါးမတူ ထူးခြားကွဲ ပြား၏ဟုမှတ်။

## ဘဝကြီးဆယ်ပါးကိုကမ္မဘဝ၌,သောကစသည်ကိုဇရာမရဏာ၌ သွင်းယူပုံကိုပြခြင်း။

အကောက်၌ ပဋိစ္စသမုပ္ပါဒ်အရာဝယ်- ဘေဒအားဖြင့်-၁၀-ပါးဟု လာ၏။ ဘေဒအားဖြင့်-၂၀-ပါးဟုဆိုမှု ပါဠိတော်နည်းနှင့်အထူးသင့် လျော်ရာ၏ဟုမှတ်။

မု....ပဋိစ္စသမုပ္ပါဒ်သည် ဘေဒ အားဖြင့် ၂၀-ပါး ရှိပါလျက်- အဘယ်ကြောင့်-၁၂-ပါးဖြစ်ပါသနည်းဟုမေး။

ဝိ... ဥပပတ္တိ စသော ဘဝကြီး ဆယ်ပါးကို ကမ္မဘဝ၌ သွင်း၍၊ သောက စသော ငါးပါးကိုဇရာမရဏ၌သွင်း၍ ရေတွက်ခြင်းကြောင့်-၁၂-ပါးဖြစ်၏ဟုဖြေ။

မု....အဘယ်ကြောင့် ဥပပတ္တိ စသော ဘဝကြီးဆယ်ပါးကို ကမ္မဘဝ၌သွင်းရပါသနည်းဟုမေး။

ဝိ....ဥပပတ္တိ စသော ဘဝကြီး ဆယ်ပါးသည် ကမ္မဘဝကြောင့်ဖြစ်ရကား အသိအခြား အင်္ဂါအားဖြင့် အလိုမရှိ အပ်သောကြောင့် ဥပပတ္တိ စသော ဘဝကို ကမ္မဘဝ၌ သွင်းရ၏ဟုဖြေ။

မု.... သောက စသော ငါးပါးကို အဘယ်ကြောင့် ဇရာမရဏ၌ သွင်းရပါသနည်းဟုမေး။

ဝိ....ဇရာမရဏလျှင် အကြောင်းရင်းရှိသော အကျိုးဒုက္ခမျိုး ဖြစ်ရကား အသိအခြားအင်္ဂါအားဖြင့် အလိုမရှိအပ်သောကြောင့် ဇရာမရဏ၌သွင်းရ၏ဟုဖြေ။

**ဤကား**... တတ္ထ ကမ္မုပပတ္တိကာမဘဝါဒိနံ ဇာဝိဘတ္တာနံ ဘာဝနာ ဘဝနဘာဝေန ဘဝေဝိယ,သောကာဒီနံဇရာ မရဏာဿ ဝိယ အနိဋ္ဌတ္တာ တန္နိဒါနဒုက္ခဘာဝေနစ ဇရာမရဏေ အန္တောဂဓတာယ ပဋိစ္စသမုပ္ပါဒဿ ဒွါဒသပဒတာဒဋ္ဌဗ္ဗာ= ဟူသော မူလဋီကာနှင့်အညီတည်း။

တတ္ထ၊ထိုပဉ္စဝိဿဓိကေနပဒသတေန ဟူသောအဋ္ဌကထာစကားရပ်၌။ ဇာ၊ ဤခေတုကထာ ကျမ်း၌။ ဝိဘတ္တာနံ၊ ဝေဘန် အပ်ကုန်သော။ ကမ္မုပပတ္တိကာမဘဝါဒီနံ၊ ကမ္မဘဝ, ဥပပတ္တိဘဝ, ကာမဘဝ အစရှိသည် တို့၏။ ဘာဝနာဘဝနဘာဝေန၊ ဥပပတ္တိ ဘဝကို ဖြစ်စေတတ်သည်၏အဖြစ်, ကမ္မ ဘဝကြောင့် ဖြစ်တတ်သည်၏ အဖြစ်ဖြင့်။ ဘဝေ၊ ကမ္မဘာဝ၌။ အန္တောဂဓတာ၊ အတွင်းဝင်သည်၏အဖြစ်သည်။ ဟောတိဝိယ၊ဖြစ်၏သို့။ဇရာမရဏဿ၊ ဇရာမရဏ၏။ အနိဋ္ဌတ္တာ၊ အသိအင်္ဂါအားဖြင့်အလိုမရှိအပ်သည်၏အဖြစ်သည်။ဟောတိဝိယ၊ဖြစ်၏သို့။ သောကာဒီနံ၊ သောကအစရှိသည်တို့၏။ အနိဋ္ဌတ္တာစ၊အသိအင်္ဂါ

အားဖြင့် အလိုမရှိအပ်သည့်၏အဖြစ်ကြောင့်ရင်း။ တန္တိဒါနဒုက္ခဘာဝေနစ၊ ထိုဇာရာမရဏာလျှင် အကြောင်းရင်းရှိသော ဒုက္ခ၏ အဖြစ်ကြောင့်ရင်း။ ဇရာမရဏာ၊ ဇရာမရဏာနို့။ အနေ့ဘဂဒတာယ၊ အတွင်းဝင်သည့်၏အဖြစ်ကြောင့်။ ပန္နတ္တိသမုပ္ပါဒသ၊ ပဋိစ္စသမုပ္ပါဒ်၏။ ဒွါဒသပဒတာ၊တဆဲ့နှစ်ပုဒ်ရှိသည့်၏အဖြစ်ကို။ဒဋ္ဌဗ္ဗာ၊မှတ်အပ်၏။

**အထူး** ... သတိပဋ္ဌာန် စသည်တို့ကို ပါဠိတော်၌ တခုစီ ခွဲ၍ပင်မဟောအပ်ကုန်သည်ဖြစ်ပါလျက်၊ အဋ္ဌကထာ၌ခွဲ၍ပြခြင်းသည်အသီးအခြားတခုစီခွဲ၍ ဟောလိုက ဟောနိုင်ကြောင်းကိုပြ၏ဟုမှတ်။

---

**ဖဿသဗ္ဗကရာသိဥဒ္ဒေသနှင့်စပ်သောစကားရပ်ကိုပြခြင်း။**

**မု** ... ဖဿ ဝေဒနာ သညာ စေတနာ စိတ္တ မနသိကာရတို့ကို ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ ဟောအပ်ကုန်ပြီး ဖြစ်ပါလျက် အဘယ်ကြောင့် တဘန်ထပ်၍ဟောအပ်ကုန်သနည်းဟုမေး။

**ဖြေ** ... ဖဿစသည်တို့သည် အလုံးစုံသောစိတ္တုပ္ပါဒ်တို့နှင့် ဆက်ဆံသောကြောင့် တဘန်ထပ်၍ဟောအပ်ကုန်၏ဟုဖြေ။

**မု** ... အဓိမောက္ခသည် အလုံးစုံသော စိတ္တုပ္ပါဒ်တို့နှင့် မဆက်ဆံပါဘဲလျက် အဘယ်ကြောင့် ဟောရပြန်သနည်းဟုမေး။

**ဖြေ** ... အဓိမောက္ခသည် အလုံးစုံသော စိတ္တုပ္ပါဒ်နှင့်ပင် မဆက်ဆံသော်လည်းမဆက်ဆံသောတရားအပေါင်းတွင်အရေးအကျယ်ဆုံးဖြစ်သောကြောင့် ဟောတော်မူရပြန်၏ဟုဖြေ။.... [ကြွင်းသောတရားပုကား ဆိုအပ်ပြီးသော သဘောမရှိ၍ မဟောဟုမှတ်။] ။

**ဤကား** ... ဖဿာဒယော သဗ္ဗသာဓာရဏာတိ အဓိမောက္ခော စ အသာဓာရဏောသု မဟာဝိသယောတိကတွာဝုတ္တော အညသတာဒိသသအဘာဝါတိ အယမဓိပ္ပါယော ဒဋ္ဌဗ္ဗော= ဟူသော မူလဋီကာနှင့်အညီတည်း။

ဖဿာဒယော၊ ဖဿအစရှိကုန်သော တရားတို့သည်။ ဝါ-တို့ကို။ သဗ္ဗသာဓာရဏာ၊ အလုံး စုံသော စိတ္တုပ္ပါဒ် တို့နှင့် ဆက်ဆံ ကုန်၏။ ဣတိကတွာ၊ ထို့ကြောင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ အဓိ

မောက္ခောစ၊ အမိမောက္ခ သည်လည်း။ ဝါ- ကိုလည်း။ အသာဓာရဏောသု၊ မဆက်ဆံသောတရားတို့တွင်။ မဟာဝိသယော၊ အရာကျယ်၏။ ဣတိ- ကတွာ၊ ထို့ကြောင့်။ ဝုတ္တော၊- အပ်၏။ အညသ။ ဖဿအမိမောက္ခ စသည်မှ တပါးသော။ တာဒိသဿ၊ ထိုသို့ သဘောရှိသော တရား၏၊ အဘာဝါ၊ မရှိခြင်းကြောင့်။ နဝုတ္တော၊ မဟာအပ်။ ဣတိ- အယံ အမိပ္ပါယော၊ ဤသို့သော အမိပ္ပါယ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

မ.... ဖိဝိတိန္ဒြေသည် အလုံးစုံသော စိတ္တုပ္ပါဒ်တို့နှင့် ဆက်ဆံပါလျက် အဘယ်ကြောင့် မဟောသနည်းဟုမေး။

ဖြေ....ဇီဝိတိန္ဒြေသည်အလုံးစုံသော စိတ္တုပ္ပါဒ်တို့နှင့် ဆက်ဆံသော်လည်း ရုပ်နှင့်ရောသောကြောင့် မဟောဟုဖြေ။

**ဤကား**.... ဇီဝိတိန္ဒြိယံ ပနေတ္ထ ရူပမိဿကတ္တာ န ဝုတ္တန္တိ ဝေဒိတဗ္ဗံ=ဟူသော မူလဋီကာနှင့်အညီတည်း။

ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤအဓိကာရ မာတိကာ၌။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ ဝါ- ကို။ ရူပမိဿကတ္တာ၊ ရုပ်နှင့် ရောသည်၏ အဖြစ်ကြောင့်။ နဝုတ္တံ၊ မဟောအပ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

မ .... ဧကဂ္ဂတာသည် ရုပ်နာမ်နှစ်ပါး မရောသည် ဖြစ်ပါလျက် အဘယ်ကြောင့် မဟောပါသနည်းဟုမေး။

ဖြေ ...ဧကဂ္ဂတာသည် ရုပ်နာမ်နှစ်ပါးပင်မရောသော်လည်း-အလုံးစုံသော စိတ္တုပ္ပါဒ် တို့နှင့်လည်း ဆက်ဆံခြင်းမဖြစ် များသောစိတ္တုပ္ပါဒ်တို့နှင့်လည်း ဆက်ဆံခြင်းမဖြစ်သောကြောင့်မဟောဟုဖြေ။

**အဓိပ္ပါယ်**....ဧကဂ္ဂတာသည် ဇီဝိတိန္ဒြေကဲ့သို့ ရုပ်နာမ် နှစ်ပါးပင်ရောသော်လည်း သမာဓိသဘော မရှိသောဧကဂ္ဂတာ သာမညတမျိုး၊ သမာဓိသဘောရှိသော သမာဓိဗလစသော ဧကဂ္ဂတာ ဝိသေသ တမျိုးအားဖြင့် နှစ်မျိုးပြား၏။ထိုနှစ်မျိုးတို့တွင် သမာဓိသဘောမရှိသော သာမည ဧကဂ္ဂတာ သဒ္ဒါသည် ဝိသေသ သဒ္ဒါကို မငဲ့မူ၍ ဖြစ်သောကြောင့် မိမိသည်ပင် ဝိသေသအရာ၌ တည်ရကား- ဒွိပဉ္စဝိညာဏ် တဆယ်-ဝိစိကိစ္ဆာ သဟဂုတ်စိတ် တခု မနောဓာတ် သုံးခု သန္တီရဏ သုံးခု အားဖြင့်-၁၇-ပါးသော စိတ်၌ရှိသော သမာဓိဗိုလ် အဖြစ်သို့ မ

ရောက်သော ကေဂ္ဂတာကိုဟော၏။ ကြွင်းသောစိတ်-၇၂-ခု၌ရှိသော ကေဂ္ဂတာကို မဟောနိုင်။....သမာဓိဗလစသော ဝိသေသ ကေဂ္ဂတာ သည်ကား-ဒွိပဉ္စဝိညာဏ် စသော-၁၇-ပါးသော စိတ်မှ ကြွင်းသော ၇၂-ပါးသော စိတ်၌ရှိသော ကေဂ္ဂတာကိုသာဟော၏။တဆဲ့ခုနစ်ပါး သော စိတ်၌ရှိသော ကေဂ္ဂတာကို မဟော။ ဤသို့ သာမည ကေဂ္ဂတာ သဒ္ဒါသည် သမာဓိ မိုလ် အဖြစ်သို့ မရောက်သော စိတ္တုပ္ပါဒ် အနည်း ငယ်၌ရှိသော ကေဂ္ဂတာ သာမညကိုသာ ဟောသည် ဖြစ်၍။ သမာဓိ ဗလစသော ဝိသေသကေဂ္ဂတာ သဒ္ဒါသည်လည်း သမာဓိမိုလ်ထိုက် သော စိတ္တုပ္ပါဒ် အနည်းငယ်၌ ရှိသော ကေဂ္ဂတာ ဝိသေသ ကိုသာ ဟောခြင်းကြောင့်–အလုံးစုံသော စိတ္တုပ္ပါဒ်တို့နှင့် ဆက်ဆံခြင်း, များ သောစိတ္တုပ္ပါဒ်တို့နှင့် ဆက်ဆံခြင်း မဖြစ်နိုင်ရကား ကေဂ္ဂတာကို တ ဘန်နောက်ထပ် မဟောအပ်ဟူလို။

မု ...ဝေဒနာသည် ဝေဒနာ ဟူသော သာမည သဒ္ဒါ သုခစသော ဝိသေသ သဒ္ဒါအားဖြင့် နှစ်ပါးပြားသည် ဖြစ်ပါလျက် အဘယ်ကြောင့် တဘန် ဟောပြန်ပါသနည်းဟုမေး။

ဝိ....သာမည ဝေဒနာသည်–သာမည ကေဂ္ဂတာ ကဲ့သို့ အနည်း ငယ်မျှသော စိတ္တုပ္ပါဒ်နှင့်သာ ဆက်ဆံသည်မဟုတ် အလုံးစုံ သော စိတ္တုပ္ပါဒ် တို့နှင့် ဆက်ဆံ သောကြောင့် ဟောရ ပြန်၏ ဟုဖြေ။

မု....ကေဂ္ဂတာ ဇီဝိတိန္ဒြေ နှစ်ပါးကို နှစ်မျိုး မခွဲမူ၍ တမျိုးတည်း အားဖြင့် ယူအပ်သည်ရှိသော် ဖဿဝေဒနာ စသည်တို့ ကဲ့သို့ ပင် အလုံးစုံသော စိတ္တုပ္ပါဒ် တို့နှင့် ဆက်ဆံ ခြင်းကြောင့် တ ဘန် ဟောအပ်ပြန်သည် မဟုတ်ပါလောဟုမေး။

ဝိ....နှစ်မျိုးမခွဲအပ်သော ကေဂ္ဂတာ ဇီဝိတိန္ဒြေသည် ဖဿဝေဒနာ စသည်တို့ကဲ့သို့၊ ကိစ္စအားဖြင့် မထင်ရှားခြင်း ကြောင့်၎င်း၊ တ ပါးသော တရားကို မှီ၍ ဟောအပ် သောကြောင့်၎င်း။ ဖဿ သတ္တကရာသိ၌ မဟောသင့်ဟုဖြေ။

**ဤကား**....အဘိဓမ္မာဝိဂါ ဖဿာဒိနံ ဝိယ ပါကဋတ္တာဘာဝတော အညမညနိဿယေန ဝတ္တဗ္ဗတောစသော ဇီဝိတဉ္စနအရဟတိတိ နဥဒ္ဒိဋ္ဌာ=ဟူသော မူလဋီကာနှင့် အညီတည်း။

ဝါ၊တနည်း၊ကား။အာပါနနှာပါ၊နှစ်မျိုးမခွဲအပ်သော်လည်း။ ဖဿာဒီနံ၊ ဖဿအစရှိသည်တို့၏။ပါကဋတ္တံ၊ထင်ရှားသည်၏ အဖြစ်သည်။ ဟော တိဝိယ၊ဖြစ်၏သို့။ပါကဋတ္တာဘာဝတော၊စ၊ ထင်ရှားသည်၏အဖြစ် မရှိခြင်းကြောင့်၎င်း။အညခမ္မနိဿယေန၊တပါးသောတရားကို မှီခြင်းဖြင့်။ ဝတ္တဗ္ဗတော၊စ၊ဟောအပ်သည်၏ အဖြစ်ကြောင့်၎င်း။ သာ၊စ၊ ထိုဧကဂ္ဂ တာသည်၎င်း။ဖိဝိတဉ္စ၊ဇီဝိတိန္ဒြေသည်၎င်း။ဣဓ၊ဤဥဒ္ဒေသ၌။ ဥဒ္ဒေသံ၊ အကျဉ်း ပြခြင်းကို။ နအရဟတိ၊ မထိုက်။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ နဥဒ္ဒိဋ္ဌာ၊မပြအပ်။

**အဓိပ္ပါယ်** .... ဖဿ ဝေဒနာ သညာ စေတနာ စသည် တို့သည် ခန္ဓာ လေးပါးကို မှီ၍ အာရုံကိုတွေ့ထိခြင်း ဖုဿနကိစ္စ၊အာရုံကို ခံစား ခြင်း ဝေဒိယနကိစ္စ၊ အာရုံကို အမှတ်ပြု၍ သိခြင်း သဉ္ဇာနနကိစ္စ၊ အား ထုတ်ခြင်း အာယူဟနကိစ္စ၊ စသော အားဖြင့် ထင်ရှားကုန် သကဲ့သို့၊ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ နှစ်ပါးသည် မိမိတို့၏ကိစ္စ မထင်ရှားရကား-တ ဘန်မဟောအပ်သတည်း။

ဖဿစသည်ကို ထင်ရှားအောင် ပြောဆိုလိုက-တပါးသောတရား ကို မှီရာ မထားဘဲ အလွတ် သက်သက် အားဖြင့် ပြောဆို အပ်သည် ရှိသော် ဖြစ်နိုင်သကဲ့သို့၊ ဤဧကဂ္ဂတာ ဇီဝိတိန္ဒြေနှစ်ပါးကိုမှီရာ တရား ကင်း၍ ပြောဆို ခြင်းငှါ မဖြစ်နိုင်။ ဧကဂ္ဂတာကို ပြောဆို အပ်သည် ရှိသော် စိတ်၏တည်ကြည်ခြင်းဟု စိတ်ကိုမှီရာထား၍ ပြောဆိုပါမှ ဖြစ် နိုင်၏။ဇီဝိတိန္ဒြေကို ပြောဆို အပ်သည် ရှိသော် နာမက္ခန္ဓာ လေးပါး၏ အသက်ဟု နာမက္ခန္ဓာကို မှီရာ ထား၍ ပြောဆို ပါမှ ဖြစ်နိုင်၏။ ဤသို့ မှီရာနှင့် ကင်း၍ ပြောဆို ခြင်းငှါ မတတ်နိုင် ရကား-ဧကဂ္ဂတာ ဇီဝိ တိန္ဒြေ နှစ်ပါးကို နောက်ထပ်တဘန် ဟောတော်မမူဟူလို။

အဘ္ဘန္တရမာတိကာကိုပြဆိုသောစကားရပ်ပြီး၏။

**၃....နယမုခမာတိကာကိုပြဆိုချက်။**

**ရှေးဦးစွာ**....အဘယ်ကြောင့် “နယ” မည်သနည်း။ .... အဘယ် သည် “နယ” မည်သနည်း။....အဘယ်ကြောင့် “မုခ” မည်သ နည်း။....အဘယ်သည်“မုခ”မည်သနည်း။....အဘယ်ကြောင့်

"နယမုခ" မည်သနည်း။.... အဘယ်သည် "နယမုခ" မည်သနည်း။....အဘယ်ကြောင့်"နယမုခမာတိကာ"မည်သနည်း။... အဘယ်သည် "နယမုခမာတိကာ" မည်သနည်းဟု အမေး ရှစ်ချက်ထုတ်။

**အဖြေ**....ထိုရှစ်ပါးသော အမေး ပုစ္ဆာ တို့တွင် ပထမ အမေး နှစ်ချက်ကိုကား နယမာတိကာ၌ ဆိုအပ်ပြီးသော နည်းအတိုင်းပင်မှတ်။

၁...ဖြစ်ကြောင်းဖြစ်ရာအဝဖြစ်ခြင်းကြောင့် "မုခ" မည်၏ဟုဖြေ။
မုခတိ ပဝတ္တတိ ဧတေန ဧတ္တောတိဝါမုခံ=ဟုပြု။ ။

၂....ခန္ဓာ အာယတန ဓာတ်နာမက္ခန္ဓာတရားအပေါင်းသည်"မုခ" မည်၏ဟုဖြေ။

၁...သင်္ဂဟ-အသင်္ဂဟစသော နည်းတို့၏ဖြစ်ကြောင်း ဖြစ်ရာအဝဖြစ်သောကြောင့် "နယမုခ" မည်၏ဟုဖြေ။
နယာနံ မုခါနိ နယမုခါနိ=ဟု တွဲစပ်။ ။

၂....ခန္ဓာ အာယတန ဓာတ် နာမက္ခန္ဓာလေးပါး သည်ပင် "နယမုခ" မည်၏ဟုဖြေ။

၁ ...နယမုခမည်ကုန်သော ခန္ဓာစသောတရားတို့၏ အကျဉ်းဥဒ္ဒေသဖြစ်သောကြောင့် "နယမုခမာတိကာ" မည်၏ဟုဖြေ။
နယမုခါနံ မာတိကာ နယမုခမာတိကာ=ဟုတွဲစပ်။ ။

၂....တိဟိသင်္ဂဟော တီဟိအသင်္ဂဟော စတုဟိသမ္ပယောဂေါ စတုဟိဝိပ္ပယောဂေါ-ဟူသော စကားရပ် သည်ပင် "နယမုခမာတိကာ" မည်၏ဟုဖြေ။

**ဤကား** ...နယာနံ ပဝတ္တိ ဒွါရဘူတာ သင်္ဂဟာ-သင်္ဂဟ ဝိယောဂီ သဟယောဂိဓမ္မာ နယမုခါနီတိ တေသံ ဥဒ္ဒေသော နယမုခမာတိကာ=ဟူသော မူလဋီကာနှင့် အညီတည်း။

နယာနံ၊သင်္ဂဟစသော နည်းတို့၏။ပဝတ္တိဒွါရဘူတာ၊ဟောခြင်း၏အကြောင်း ဟောရာဖြစ်၍-ဖြစ်ကုန်သော။ သင်္ဂဟာ-သင်္ဂဟ ဝိယောဂီ သဟယောဂိဓမ္မာ၊ ရေတွက်အပ် ရေတွက်ကြောင်း ဖြစ်သောတရား ရေတွက်အပ် ရေတွက်ကြောင်း မဟုတ်သော တရား ယှဉ်လေ့ မရှိ

သောတရား ယှဉ်လေ့ရှိသော တရားတို့သည်။ နယမုခါနိ၊ နယမုခတို့ မည်ကုန်၏။ ဉာတိ-တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုနယမုခမည်ကုန်သောတရားတို့၏။ ဝါ၊ တို့ကို။ ဥဒ္ဒေသော၊ အကျဉ်းဥဒ္ဒေသသည်။ဝါ၊ အကျဉ်းပြကြောင်း ဖြစ်သော ဥဒ္ဒေသသည်။နယမုခမာတိကာ၊နယမုခမာတိကာမည်၏။

**ဋီ**....တိပဝိသင်္ဂဟော တိပဝိအသင်္ဂဟော,စတုပဝိသမ္ပယောဂေါ, စတုပဝိဝိပ္ပယောဂေါ – ဟူသော စကားရပ်သည် "နယမုခ" မည်၏ ဟူ၍လည်းဖြေ။

နယမုခါဝေမာတိကာ နယမုခမာတိကာ=ဟု တွဲစပ်။ ။

**ဋီ**....နယမည်ကုန်သော တိပဝိသင်္ဂဟောစသော စကားရပ်သည် ပင်လျှင် အကျဉ်းဥဒ္ဒေသ ဖြစ်ရကား "နယမုခမာတိကာ" မည်၏ဟုဖြေ။

**ဤကား**....တေသံ ဉာမေသံ သင်္ဂဟာဒိနံ နယာနံ မုခါနီတိဒဿေတုံ ထပိတတ္တာနယမုခမာတိကာတိ ဝုတ္တတိ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။

တေသံ၊ တိပဝိသင်္ဂဟောစသော ဤပုဒ်တို့သည်။သင်္ဂဟာဒိနံ၊သင်္ဂဟ အစရှိကုန်သော။ ဉာမေသံနယာနံ၊ ဤနည်းတို့၏။ မုခါနိ၊ ဖြစ်ခြင်းအကြောင်း တို့သည်။ ဝါ၊ ထွက်ရာ အဝတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဉာတိဉာမံအတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ထပိတတ္တာ၊ ထားအပ်သည်၏အဖြစ်ကြောင့်။ နယမုခမာတိကာတိ၊ နယမုခမာတိကာဟူ၍။ ဝုတ္တတိ၊ ဆိုအပ်၏။

**ဋီ**....သင်္ဂဟ အစရှိသော နည်းတို့၏ ဖြစ်ခြင်းအကြောင်း၊ ဖြစ်ရာအဝတို့ကို ပြခြင်းအကျိုးငှါ ထားအပ်သောကြောင့် တိပဝိသင်္ဂဟော စသော စကားရပ်သည် "နယမုခမာတိကာ" မည်၏ဟူ၍လည်းဖြေ။

**ဆောင်ပုဒ်**... မုခါနိ ဒဿနတ္ထာယ၊ နယာနံသင်္ဂဟာဒိနံ။
ထပိတတ္တာ နယာခုခ၊ မာတိကာတိပဝုတ္တတိ။ ။

သင်္ဂဟာဒိနံ၊ သင်္ဂဟ အစရှိကုန်သော။ နယာနံ၊ နည်းတို့၏။ မုခါနိ၊ ဖြစ်ခြင်းအကြောင်းတို့ကို။ ဝါ၊ ဖြစ်ရာအဝတို့ကို။ ဒဿနတ္ထာယ၊ပြခြင်း

အကျိုး၌ ။ ထပိတတ္တာ၊ ထားအပ်သည်၏ အဖြစ်ကြောင့်။ နယခုခမာတိကာတိ၊–ဟူ၍။ ပွုတိ ဆိုအပ်၏။

ဖွေးညိုးစွာသော ပုဏ္ဍာလေးချက်အဖြေပြီး၏။

## အထူးမှတ်သားရန်ခက်ဆစ်များ။

တိဟိ သင်္ဂဟော တိဟိ အသင်္ဂဟော၌ တိဟိအရ- ခန္ဓာအာယတန ဓာတ်သုံးပါးကိုသာယူရမည်။.... သစ္စာ,ဣန္ဒြေစသည်ကိုမယူရ။

သင်္ဂဟောအရ-သင်္ဂဟနည်းကိုယူရမည်။....သင်္ဂဟကိုမယူရ။

အသင်္ဂဟောအရ- အသင်္ဂဟနည်းကိုယူရမည်။.... အသင်္ဂဟကိုမယူရ။ စတုဟိအရ- နာမက္ခန္ဓာလေးပါးကိုယူရမည်။....ရုပ်, နိဗ္ဗာန်ကိုမယူရ။

သမ္ပယောဂေါ်အရ-သမ္ပယောဂလက္ခဏာကိုယူရမည်။

ဝိပ္ပယောဂေါ်အရ-သမ္ပယောဂ လက္ခဏာလေးပါး မရှိခြင်းကို ယူရမည်ဟုမှတ်။

---

## တိဟိသင်္ဂဟော အသင်္ဂဟောဟုဟောကြောင်းကိုပြခြင်း။

မှ.... အဘယ်ကြောင့် တိဟိသင်္ဂဟော တိဟိအသင်္ဂဟော ဟူ၍ ဟောပါသနည်းဟုမေး။

ဖြေ....ခန္ဓာ အာယတန ဓာတ်တို့ကိုသာရေတွက်ကြောင်းကရိယာ၏အဖြစ်ဖြင့် မှတ်၍ဟောတော်မူအပ်သောကြောင့် တိဟိသင်္ဂဟောစသည်ဖြင့် ဟောတော်မူ၏ဟုဖြေ။

**ဤကား**....တဏ္ဍာဝိ ခန္ဓာဒိဟော၀ သင်္ဂဟောတိနိယမေတွာဂုဏ္ဍော၊ တသ္မာ တိဟိသင်္ဂဟော တိဟိအသင်္ဂဟောတိဂုတ္တံ=ဟူသောမူလဋီကာနှင့်အညီတည်း။

တဏ္ဍာဝိ၊ ထိုပုဏ္ဍာဝိဿဇ္ဇနာ တို့၌လည်း။ သင်္ဂဟောတိ၊ သင်္ဂဟကြိယာ၏ ကရိယာဖြစ်ကုန်သော။ ခန္ဓာဒိဟော၀၊ ခန္ဓာအာယတနဓာတ်တို့ဖြင့်သာလျှင်။ နိယမေတွာ၊ မှတ်၍။ ဂုဏ္ဍော၊ ဟောတော် မူအပ်၏။ တသ္မာ၊ ထိုသို့ခန္ဓာစသည့်တို့ဖြင့်မှတ်၍ဟောတော်မူအပ်သောကြောင့်။

တိဟိသင်္ဂဟော တိဟိအသင်္ဂဟောတိ၊– ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

---

**သစ္စာကိုကရိုဏ်းထား၍မဟောသင့်ဟန်ကိုပြခြင်း။**

မှ….အဘယ်ကြောင့် သစ္စာစသည်တို့ကို ကရိုဏ်းထား၍မဟောအပ်ပါသနည်းဟုမေး။

ဖြ….သစ္စာစသည်တို့ကို ကရိုဏ်းထား၍ဟောခြင်းကားမဖြစ်သင့်သောကြောင့် မဟောအပ်ဟုဖြေ။

**ဤကား**…. တထာဒေသနာယ အသမ္ဘဝတော= ဟူသော အနုမိုကာနှင့်အညီတည်း။

တထာ၊ ထိုသစ္စာစသည်ကို ကရိုဏ်းထားသော အခြင်းအရာအားဖြင့်။ ဒေသနာယ၊ ဒေသနာ၏။ ဝါ၊ ဟောခြင်း၏။ အသမ္ဘဝတော၊ မဖြစ်သင့်သောကြောင့်တည်း။

မှ….အဘယ်ကြောင့် သစ္စာစသည်ကို ကရိုဏ်းထား၍ ဒေသနာမဖြစ်သင့်သနည်းဟုမေး။

ဖြ….သစ္စာစသည်တို့သည် ခန္ဓာ အာယတန ဓာတ်တို့ကဲ့သို့ အလုံးပုံ သင်္ဂဟနည်းအားဖြင့် မဆက်ဆံသောကြောင့် သစ္စာစသည်ကို ကရိုဏ်းထား၍ ဒေသနာမဖြစ်သင့်ဟုဖြေ။

**အဓိပ္ပါယ်** …ရူပက္ခန္ဓာစသည်တို့ကို သမုဒယသစ္စာ စသည်တို့ဖြင့် သင်္ဂဟ နည်းအားဖြင့် ပုစ္ဆာဝိဿဇ္ဇနာ ပြု၍ဟောခြင်းသည် မဖြစ်နိုင်၊ သညာ စသည်တို့ကိုလည်း ဣန္ဒြေစသည်တို့ဖြင့် သင်္ဂဟ နည်းအားဖြင့် ပုစ္ဆာဝိဿဇ္ဇနာ ပြု၍ဟောခြင်း ဒေသနာမဖြစ်နိုင်၊ ဖိုလ်စိတ်၌ ရှိသော ဝေဒနာစသည်တို့သည် သစ္စာမှအလွတ်ဖြစ်ရကား ဝေဒနာက္ခန္ဓောက တိဟိသစ္စေဟိသင်္ဂဟိတောဟု ပုစ္ဆာထုတ်၍ ဧကေနသစ္စေနသင်္ဂဟိတော စသည်ဖြင့် မှတ်၍ ရေတွက်၍ ပြခြင်းငှါလည်း မဖြစ်နိုင်၊ ထို့ကြောင့် သစ္စာစသည်ကို ကရိုဏ်းထား၍ ဒေသနာမဖြစ်သင့်ဟုဆိုလို၏။ အလုံးပုံနှင့် မဆက်ဆံသောကြောင့် မထားဟူလို။

**စတုဟိသမ္ပယောဂေါ ဝိပ္ပယောဂေါပါဌ်ဟောကြောင်းကိုပြခြင်း။**

မု ...အဘယ်ကြောင့် စတုဟိသမ္ပယောဂေါ စတုဟိဝိပ္ပယောဂေါ ဟူ၍ ဟောတော်မူပါသနည်းဟုမေး။

ဝိ ...သမ္ပယုတ် ဝိပ္ပယုတ်ဖြစ်ခြင်းသည် နာမက္ခန္ဓာ လေးပါးတို့နှင့်သာဖြစ်သောကြောင့် စတုဟိသမ္ပယောဂေါ စသည်ဖြင့်ဟောတော်မူ၏ဟုဖြေ။

**ဤကား** .. ပုစ္ဆိတဗ္ဗဝိဿဇ္ဇေတဗ္ဗဓမ္မုဒ္ဒေါရေဝိပန ပုစ္ဆာဝိဿဇ္ဇနေသုစ ရူပက္ခန္ဓာဒိနံ အရဏာန္တာနံ ယထာသမ္ဘဝံသမ္ပယောဂဝိပ္ပယောဂါ စတုဟေဝခန္ဓေဟိဟောန္တိ တိစတုဟိ သမ္ပယောဂေါ စတုဟိ ဝိပ္ပယောဂေါတိ ဝုတ္တံ= ဟူသော မူလဋီကာနှင့်အညီတည်း။

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ပုစ္ဆိတဗ္ဗဝိဿဇ္ဇေတဗ္ဗဓမ္မုဒ္ဒေါရေဝ၊ မေးအပ် ဖြေအပ်ကုန်သော တရားတို့ကိုထုတ်ပြသော ဓမ္မုဒ္ဒေါရ၌ဂင်း။ ပုစ္ဆာဝိဿဇ္ဇနေသုစ၊ အမေးအဖြေ တို့၌ဂင်း။ ရူပက္ခန္ဓာဒိနံ၊ ရူပက္ခန္ဓာအစရှိကုန်သော။ အရဏာန္တာနံ၊ အရဏာအဆုံးရှိကုန်သော တရားတို့၏၊ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ သမ္ပယောဂဝိပ္ပယောဂါ၊ သမ္ပယုတ်, ဝိပ္ပယုတ်တို့သည်။ စတုဟိ၊ လေးပါးကုန်သော။ ခန္ဓေဟေဝ၊ နာမက္ခန္ဓာတို့ဖြင့်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ စတုဟိသမ္ပယောဂေါ စတုဟိဝိပ္ပယောဂေါတိ၊- ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

မု....စတုဟိသမ္ပယောဂေါ ဟူသော စကားသည် သင့်ပါစေ၊ စတုဟိဝိပ္ပယောဂေါကား အသို့လျှင် သင့်နိုင်ပါအံ့နည်း၊ နာမက္ခန္ဓာ လေးပါးသည် ရုပ်နိဗ္ဗာန် တို့နှင့်လည်း ဝိပ္ပယုတ် ဖြစ်ကောင်း သောကြောင့် ဆယဟိဝိပ္ပယောဂေါ ဟူ၍ ဟောသင့်သည်မဟုတ်ပါလောဟုမေး။

ဝိ....နာမက္ခန္ဓာ လေးပါးသည် ရုပ်နိဗ္ဗာန်တို့နှင့် ဝိပ္ပယုတ်ပင် ဖြစ်ငြားသော်လည်း ရုပ်နိဗ္ဗာန်တို့သည်ကားမိမိတို့အချင်းချင်း ဝိပ္ပယုတ်မဖြစ်၊ နာမက္ခန္ဓာ လေးပါး နှင့်သာ ဝိပ္ပယုတ် ဖြစ်သောကြောင့် ဆယဟိဝိပ္ပယောဂေါ ဟူ၍မဟောသင့်ဟုဖြေ။

**ဤကား** ...ရူပနိဗ္ဗာနေဟိ ဘဝ န္တဿာ ဿပိ စတုပ္ပာဝတဘာဝတော= ဟူသော မူလဋီကာနှင့်အညီတည်း။

ရူပနိဗ္ဗာနေဟိ၊ ရုပ်နိဗ္ဗာန်တို့နှင့်။ ဘဝ န္တဿာ ဿပိ၊ ဖြစ်သောဝိပ္ပယော ဂ၏လည်း။ စတုပ္ပဝေ၊ လေးပါးသော နာမက္ခန္ဓာ တို့ဖြင့် သာလျှင်။ ဘာဝတော၊ ဖြစ်ခြင်းကြောင့်။ စတုဟိဝိပ္ပယောဂေါတိ၊- ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်**....နာမက္ခန္ဓာသည် မယှဉ်သော နာမက္ခန္ဓာလေးပါးနှင့် ၎င်း ရုပ်နိဗ္ဗာန်နှင့်၎င်း ဝိပ္ပယုတ် ဖြစ်ခြင်းကြောင့် နာမက္ခန္ဓာဘက်က ကြည့်သော် ဆဟိဝိပ္ပယောဂေါဟုဆိုသင့်ငြားသော်လည်း ရုပ်နိဗ္ဗာန် တို့ဘက်က ကြည့်ပြန်သော် မိမိတို့အချင်းချင်း ဝိပ္ပယုတ်မဖြစ်မူ၍ နာ မက္ခန္ဓာလေးပါးနှင့်သာ ဝိပ္ပယုတ်ဖြစ်ရကား စတုဟိဝိပ္ပယောဂေါဟူ ၍ပင်ဟောတော်မူ၏ဟူလို။

---

## ရုပ်နိဗ္ဗာန်တို့ဝိပ္ပယုတ်မဖြစ်သင့်ပုံကိုပြခြင်း။

**မု**....အဘယ်ကြောင့် ရုပ်နှင့်ရုပ်ချင်း ရုပ်နှင့်နိဗ္ဗာန် နိဗ္ဗာန်နှင့် ရုပ် တို့သည် ဝိပ္ပယုတ်မဖြစ်ကုန်သနည်းဟုမေး။

**ဖြေ**....မိမိတို့ အချင်းချင်း သမ္ပယုတ်လေလောဟု ယုံမှားအပ်သော သဘောမရှိခြင်းကြောင့် ဝိပ္ပယုတ်ဟူ၍ ဟောတော်မမူဟုဖြေ။

**ဤကား**....သမ္ပယုတ္တာ န္တိ အနာသင်္ကနီယသဘာဝတ္တာ=ဟူသော အနုဋီကာနှင့် အညီတည်း။

ကသ္မာ၊အဘယ်ကြောင့် ဝိပ္ပယုတ်အဖြစ်ကို ဟောတော်မမူသနည်း။ သမ္ပယုတ္တာ န္တိ၊သမ္ပယုတ်ဟူ၍။အနာသင်္ကနီယသဘာဝတ္တာ၊ယုံမှားအပ် သော သဘောမရှိသည်၏ အဖြစ်ကြောင့်တည်း။

**အဓိပ္ပါယ်**....နာမက္ခန္ဓာ လေးပါးသည် မိမိတို့ အချင်းချင်း မကွေ မကွာယှဉ်ခြင်းသဘော ရှိသောကြောင့် ရုပ်နိဗ္ဗာန်တို့နှင့်လည်း မကွေ မကွာယှဉ်ခြင်း သမ္ပယောဂသဘော ရှိလေသလော, မရှိလေသလော ဟု ယုံမှားခြင်း သံသယဖြစ်၏။ ထိုသို့ယုံမှား သံသယ ဖြစ်ခြင်းကြောင့် နာမက္ခန္ဓာ လေးပါးနှင့် ရုပ် နိဗ္ဗာန် တို့ကား ဝိပ္ပယုတ် ဖြစ်၏ဟု ဟော

တော်မူ၏။....ရုပ်နှိဗ္ဗာန်တို့သည် မိမိတို့ အချင်းချင်း ဝိပ္ပယုတ် ဖြစ်ခြင်း သည် အလွန်ထင်ရှားရကား သမ္ပယုတ်လေလော ဝိပ္ပယုတ်လေလော ဟု ယုံမှားသံသယ ဖြစ်ရန် မရှိသောကြောင့် ဝိပ္ပယုတ်အဖြစ်ကို ဟော တော်မမူဟူလို။

နယမုခမာတိကာကိုပြဆိုသောစကားရပ်ပြီး၏။

## ၄....လက္ခဏမာတိကာကိုပြဆိုချက်။

**ဈေးဦးစွာ**.... အဘယ်ကြောင့် "လက္ခဏ" မည်သနည်း။ .... အဘယ်သည် "လက္ခဏ" မည်သနည်း။ .... အဘယ်ကြောင့် "လက္ခဏမာတိကာ" မည်သနည်း။....အဘယ်သည် "လက္ခဏမာတိကာ" မည်သနည်းဟု အမေးလေးချက်ထုတ်။

**ဖ**....မှတ်ကြောင်းဖြစ်သောကြောင့် "လက္ခဏ" မည်၏ဟုဖြေ။ လက္ခိယတေ အနေနာတိ လက္ခဏံ=ဟုပြု။ ။

**ဖ**....တူသော သဘော မတူသော သဘော ယှဉ်သော သဘော မယှဉ်သော သဘောသည် "လက္ခဏ" မည်၏ဟုဖြေ။

**အဓိပ္ပါယ်**.... စက္ခာယတန၏ ရုပ္ပနသဘောနှင့် သောတာယတန စသည်၏ ရုပ္ပနသဘောသည် ရူပက္ခန္ဓာ ဖွဲ့ရခြင်းအားဖြင့်တူ၏၊သုခဝေဒနာ၏ ဝေဒိယန သဘောနှင့် ဒုက္ခဝေဒနာ၏ ဝေဒိယန သဘောသည် ဝေဒနာက္ခန္ဓာ ဖွဲ့ရခြင်းအားဖြင့်တူ၏၊ဤသို့စသည်ဖြင့်တူသောရုပ္ပနဝေဒိယန စသော သဘောသည်၎င်း, ရုပ္ပနစသော သဘောနှင့် ဝေဒိယန စသော သဘောသည် ခန္ဓာစသည် ဖွဲ့ရခြင်း အားဖြင့်မတူ၊ ဤသို့မတူ သောသဘောသည်၎င်း,ဧကုပ္ပါဒစသော ယှဉ်ခြင်းသဘောသည်၎င်း, နာနုပ္ပါဒ စသော မယှဉ်ခြင်း သဘောသည်၎င်း, "လက္ခဏ" မည်၏ ဟူလို။

**ဤကား**....သောရုပ္ပနာဒိကော သမာနဘာဝေါ သင်္ဂဟော သဘာဂတာ,ဧကုပ္ပါဒါဒိကော သမ္ပယောဂေ ဝေဒိတဗ္ဗော=ဟူသော မူလဋီကာနှင့် အညီတည်း။

ရုပ္ပနာဒိကော၊ရုပ္ပနအစရှိသော။ သောသမာနဘာဝေါ၊ထိုတူသည်၏ အဖြစ်သည်။ သင်္ဂဟော သင်္ဂဟနည်း၌။ သဘာဂတာ၊ သဘောတူ

သည့်၏ အဖြစ်တည့်။ ဧကုပ္ပါဒါဒိကော၊ ဧကုပ္ပါဒအစရှိသော။ သော သမာနဘာဝေါ၊ထိုတူသည့်၏အဖြစ်သည်။သမ္ပယောဂေ၊သမ္ပယောဂ နည်း၌။ သဘာဂတာ၊ သဘောတူသည့်၏ အဖြစ်တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏။

**မှတ်ချက်**....ဤအလိုအနက်ပေးသော်ကား-သဘာဂေါ၊သမ္ပယော ဂနည်း သင်္ဂဟ နည်းတို့နှင့် သင့်တင့်သော လက္ခဏာရင်း။ ဝိသဘာ ဂေါ၊-မသင့်တင့်သော လက္ခဏာရင်းဟုပေး။

**ဝိ**....မှတ်အပ်သောကြောင့် "လက္ခဏာ" မည်၏ဟူ၍လည်းဖြေ။ လက္ခိတဗ္ဗန္တိလက္ခဏံ=ဟု ဝစနတ္ထပြု။ ။

**ဝိ**....ခန္ဓာ အစရှိသော တရားအပေါင်းသည် "လက္ခဏာ" မည်၏ ဟုဖြေ။

**ဤကား** ...ယဿဝါ သင်္ဂဟောစ အသင်္ဂဟောစ၊ သောဓမ္မောသ ဘာဂေါဝိသဘာဂေါစ၊တထာ ယဿသမ္ပယောဂေါဝိပ္ပယော ဂေါစ၊ သောပိ သဘာဂေါ ဝိသဘာဂေါတိ = ဟူသော မူလ ဋီကာနှင့် အညီတည်း။

ဝါ၊တနည်းကား။ ယဿ၊ အကြင်တရားအား။ဝါ၊-၏။ သင်္ဂဟောစ၊ ရေတွက်ခြင်း သည်ရင်း။ အသင်္ဂဟောစ၊ မရေတွက်ခြင်း သည်ရင်း။ အတ္ထိ၊ရှိ၏။သောဓမ္မော၊ထိုသင်္ဂဟသဘော-အသင်္ဂဟသဘောရှိသော တရားသည်။သဘာဂေါစ၊သဘာဂမည်သည်ရင်း။ဝိသဘာဂေါစ၊ဝိသ ဘာဂ မည်သည်ရင်း။ ဟောတိ၊ဖြစ်၏။တထာ၊ထိုအတူ။ယဿ၊အကြင် တရားအား။ ဝါ၊-၏။ သမ္ပယောဂေါစ၊ ယှဉ်ခြင်းသည်ရင်း။ ဝိပ္ပယော ဂေါစ၊ မယှဉ်ခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုသမ္ပယောဂ ဝိပ္ပ ယောဂ သဘောရှိသော တရားသည်လည်း။ သဘာဂေါစ၊ သဘာဂ မည်သည်ရင်း။ ဝိသဘာဂေါစ၊ ဝိသဘာဂ မည်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ- အယံအတ္ထော၊ ဤသို့သောအနက်ကို။ ဝိညာယတိ၊ သိ အပ်၏။

**မှတ်ချက်**....ဤအလိုအနက်ပေးသော်ကား-သဘာဂေါ၊သမ္ပယော ဂသဘောသင်္ဂဟသဘောရှိသောတရားရင်း။ဝိသဘာဂေါ၊-မရှိသော တရားရင်းဟုပေး။

**ဝိ**....လက္ခဏာမည်သော သဘောတရားတို့ကို အကျဉ်းပြကြောင်း ဖြစ်သောကြောင့် "လက္ခဏမာတိကာ" မည်၏ဟုဖြေ။

လက္ခဏာနံမာတိကာ လက္ခဏမာတိကာ=ဟုတွဲစပ်။

**ဝိ**....သဘာဂေါ ဝိသဘာဂေါ-ဟူသော စကားရပ်သည် "လက္ခဏမာတိကာ" မည်၏ဟုဖြေ။ .... ဤကား - သဒ္ဒတ္ထ အားဖြင့် ဖြေပုံတည်း။

**ဝိ**....သဘာဂ-ဝိသဘာဂ လက္ခဏာဖြင့် သင်္ဂဟ စသော လက္ခဏာကို ပြခြင်း အကျိုးငှါ ထားအပ် သောကြောင့် "လက္ခဏမာတိကာ" မည်၏ဟုဖြေ။

**ဤကား**....သဘာဂဝိသဘာဂလက္ခဏဝသေန သင်္ဂဟာဒိလက္ခဏံဒဿေတုံ ထပိတတ္တာ လက္ခဏ မာတိကာတိ ဝုစ္စတိ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

အယံ၊ဤမာတိကာကို။သဘာဂဝိသဘာဂလက္ခဏဝသေန၊သဘာဂဝိသဘာဂလက္ခဏာတို့၏ အစွမ်းဖြင့်။ သင်္ဂဟာဒိလက္ခဏံ၊ သင်္ဂဟ စသော လက္ခဏာကို။ ဒဿေတုံ၊ ပြခြင်းအကျိုးငှါ။ ထပိတတ္တာ၊ ထားအပ်သည်၏ အဖြစ်ကြောင့်။ လက္ခဏမာတိကာတိ၊-ဟူ၍။ ပုစ္စတိ၊ ဆိုအပ်၏။

**ကျက်မှတ်ရန်သင်္ဂဟဂါထာကား။**

**<u>ဆောင်ပုဒ်</u>**....သဘာဂါဒိ လက္ခဏေန၊ ယံ သင်္ဂဟာဒိလက္ခဏံ။
ဒဿေတုံ ထပိတတ္တာ၊လက္ခဏာတိ ပဝုစ္စတိ။
အနက်လွယ်ပြီ။

**ဝိ**....သင်္ဂဟော-အသင်္ဂဟော-ဟူသော စကားရပ်သည် "လက္ခဏမာတိကာ" မည်၏ဟုဖြေ။

**အထူး**....ဤလက္ခဏ မာတိကာကို နယ မာတိကာနှင့် တွဲစပ်၍ ယူရမည်။ အဋ္ဌကထာ။ .... တနည်း-နယမုခမာတိကာနှင့် တွဲစပ်၍ ယူရမည်။ ။ဋီကာအလို။

ရှေးဦးစွာသောပုစ္ဆာလေးချက်အဖြေပြီး၏။

## ၅....ဗာဟိယမာတိကာကိုပြဆိုချက်။

**ရှေးဦးစွာ** ...အဘယ်ကြောင့်"ဗာဟိယ"မည်သနည်း။....အဘယ်သည် "ဗာဟိယ" မည်သနည်း။ .... အဘယ်ကြောင့် "ဗာဟိယမာတိကာ" မည်သနည်း။ .... အဘယ်သည် "ဗာဟိယမာတိကာ" မည်သနည်းဟု အမေးလေးချက်ထုတ်။

**ဝိ**....ခေတုကထာမာတိကာမှ နောက်၌ဖြစ်သောကြောင့် "ဗာဟိယ" မည်၏ဟုဖြေ။
ဗဟိဓာတံ-ဗာဟိယံ=ဟုပြု။ ။ဗဟိသဒ္ဒါပ်ဝိ၌ဣယအနက်ဟော။

**ဝိ**....သဗ္ဗာပိ ဓမ္မသင်္ဂဏီ ခေတုကထာယ မာတိကာ = ဟူသော စကားရပ်သည် "ဗာဟိယ" မည်၏ဟုဖြေ။

**ဝိ**....ဓမ္မသင်္ဂဏီဟု ဆိုအပ်သော ကျမ်းတပါး၌ ဖြစ်သောကြောင့် "ဗာဟိယ" မည်၏ဟူ၍လည်းဖြေ။

ဗဟိဓာတံဗာဟိယံ= ဟူ၍ပင်ပြု။.... ဗဟိသဒ္ဒါ- ဗဟိဋ္ဌ အနက် ဟော။

**ဝိ**....ကုသလာဓမ္မာ စသော စကားရပ်သည် "ဗာဟိယ" မည်၏ ဟုဖြေ။

**ဝိ**.... သဗ္ဗာပိ ဓမ္မသင်္ဂဏီ စသော။ ဝါ၊ ကုသလာဓမ္မာ စသော စကားရပ်သည်ပင် အကျဉ်း ဥဒ္ဒေသ ဖြစ်သောကြောင့် "ဗာဟိယမာတိကာ" မည်၏ဟုဖြေ။

ဗာဟိယမေဝ မာတိကာ ဗာဟိယမာတိကာ= ဟုတွဲစပ်။.... ကုသိုလ်အစ, အရဏာအဆုံးရှိသော တရားအပေါင်းကိုလည်း ဗာဟိယမာတိကာအရ ကောက်သင့်၏။

**ဝိ**....ဗာဟိယ မည်သော စကားရပ်တို့၏ အကျဉ်း ဥဒ္ဒေသ ဖြစ်သောကြောင့် "ဗာဟိယမာတိကာ" ဟူ၍လည်းဖြေ။

ဗာဟိယာနံမာတိကာဗာဟိယမာတိကာ=ဟုပြု။

**ဝိ**....သဗ္ဗာပိဓမ္မသင်္ဂဏီ စသောစကားရပ်သည် "ဗာဟိယမာတိကာ" မည်၏ဟုဖြေ။ ။ဤကား-သဒ္ဒတ္ထအားဖြင့်ဖြေပုံတည်း။

## အဓိပ္ပါယ်ဥာအားဖြင့်ဖြေဆိုခြင်း။

**ဒိ**....ဝေါဟာရကထာမာတိကာမှ အပ၌ ထားအပ်သောကြောင့် "ဗာဟိယမာတိကာ" မည်၏ဟူ၍လည်းဖြေ။

**ဤကား**....ဝေါဟာရကထာယ အန္တန္တရေ အဝတ္တွာသင်္ဂြဟပိ ဓမ္မသင်ဏိတိ ဧဝံ ဝေါဟာရကထာယ မာတိကတော ဗဟိ ထပိတတ္တာ ဗာဟိယမာတိကာတိ ဝုစ္စတိ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။

အယံ၊ ဤမာတိကာကို။ ဝေါဟာရကထာယ၊ ဝေါဟာရကထာ မာတိကာ၏။ အန္တန္တရေ၊ အတွင်း၌။ အဝတ္တွာ၊ မဟောမူ၍။ သင်္ဂြဟပိ- ဏိတိ၊- ဏိဟူ၍။ ဧဝံ၊ ဤသို့သော အခြင်းအရာအားဖြင့်။ ဝေါဟာရကထာယ၊ ဝေါဟာရကထာကျမ်း၏။ မာတိကတော၊ မာတိကာမှ။ ဗဟိ၊ အပ၌။ ထပိတတ္တာ၊ ဟောသည့်၏ အဖြစ်ကြောင့်။ ဗာဟိယမာတိကာတိ၊- ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပါယ်**.... အန္တန္တရမာတိကာကို ပစ္စက္ခန္ဓဒါသဘာယတနာဒိ စသည်ဖြင့် သရုပ်ထုတ်၍ ဟောတော်မူသကဲ့သို့၊ ဤဗာဟိယ မာတိကာကို ကုသလာဓမ္မာစသည်ဖြင့် သရုပ်ထုတ်၍ ဟောတော်မမူပါဘဲ။ သင်္ဂြဟပိဓမ္မသင်ဏိ-ဟု သရုပ် မထုတ်မူ၍ ဝေါဟာရကထာ မာတိကာမှ နောက်ဆုံးပြင်ပထား၍ဟောရကား ဗာဟိယ မာတိကာ မည်၏။.... (တနည်း။) နယမာတိကာစသည်တို့၌ အသီးသီး သရုပ်ထုတ်၍ ဟောတော်မူသကဲ့သို့ ဤမာတိကာကို ကုသလာဓမ္မာ စသည်ဖြင့် သရုပ်ထုတ်၍ ဟောတော်မမူပါဘဲ၊ ဓမ္မသင်ဏိကျမ်း၌လာသော ကုသလာဓမ္မာ စသည်ဖြင့် သရုပ်ထုတ်၍ ဟောအပ်သော မာတိကာကို သင်္ဂြဟပိ ဓမ္မသင်ဏိ ဝေါဟာရကထာယ မာတိကာဟု-ဤကျမ်း၏မာတိကာအဖြစ်ဖြင့်ပြခြင်းကြောင့် ဗာဟိယမာတိကာမည်၏ဟူလို။

ရှေးဦးစွာသောပုစ္ဆာလေးချက်အဖြေပြီး၏။

---

## အထူးမှတ်သားရန်ခက်ဆစ်များ။

မာတိကာသည် အကျဉ်းအားဖြင့် ဝေါဟာရကထာမာတိကာ....ဗာဟိယမာတိကာဟု နှစ်မျိုးပြား၏။.... အကျယ်အားဖြင့်ကား- ငါးမျိုး

ပြား၏ဟုမှတ်။...အကျဉ်းနှစ်မျိုးတွင်-နယ, အဗ္ဗောက္ကာရ, နယမုခ,လက္ခဏာ မာတိကာလေးပါးသည် ဓာတုကထာ မာတိကာမည်၏။ ...ဗာဟိယမာတိကာသည်လည်း ဗာဟိယမာတိကာသာမည်၏ဟုမှတ်။... အကျယ်ကိုရှေး၌ပြဆိုအပ်ပြီ။

---

**ဗာဟိယမာတိကာခေါ်ကြောင်းတဘာန်ဟောကြောင်းကိုပြခြင်း။**

မု ...ဗာဟိယမာတိကာကိုလည်း ဤဓာတုကထာကျမ်း၏ မာတိကာအဖြစ်ဖြင့် ဟောအပ်ရကား ဓာတုကထာ မာတိကာဟူ၍ ခေါ်သင့်သည်မဟုတ်ပါလော၊ အဘယ်ကြောင့် "ဗာဟိယမာတိကာ" ဟူ၍ခေါ်ရပါသနည်းဟုမေး။

ဖြေ ...ဗာဟိယမာတိကာကို ဤဓာတုကထာကျမ်း၏ မာတိကာအဖြစ်ဖြင့်ပင် ဟောအပ်သော်လည်း ကျမ်းတပါး၌လာသော မာတိကာ ဖြစ်ခြင်းကြောင့် "ဗာဟိယမာတိကာ" ဟူ၍သာ ခေါ်ဆိုရ၏ဟုဖြေ။

**ဤကား**.... ကာမဉ္စေတ္ထ မာတိကာဘာဝေန ဝုတ္တာ၊ ပကရဏန္တရဂတတ္တာ ပန အညတော ဂဟေတဗ္ဗရူပါ ဣတော ဗာဟိ ဘူတာနာမဟောန္တိ=ဟူသော အနုဋီကာနှင့်အညီတည်း။

စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဓာတုကထာ ကျမ်း၌။ မာတိကာဘာဝေန၊ မာတိကာ၏အဖြစ်ဖြင့်။ ကာမံဝုတ္တာ၊ အကယ်၍ကား ဟောအပ်၏။ ပန၊ ထိုသို့ပင် ဟောအပ်သော်လည်း။ ပကရဏန္တရဂတတ္တာ၊ ဓာတုကထာ ကျမ်းမှ တပါးသော ဓမ္မသင်္ဂဏီ ကျမ်း၌ ဖြစ်သည်၏ အဖြစ်ကြောင့်။ အညတော၊ တပါးသော ကျမ်းမှ။ ဂဟေတဗ္ဗရူပါ၊ ယူအပ်သောသဘောရှိသည်ဖြစ်၍။ ဣတော၊ ဤဓာတုကထာကျမ်းမှ။ ဗာဟိဘူတာနာမ၊ အပ၌ဖြစ်သည်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မု....ခန္ဓာ အာယတန စသည်တို့ကိုဆိုက- ကုသိုလ်စသည်သည် အတွင်းဝင်ပြီးဖြစ်ပါလျက်၊ အဘယ်ကြောင့် ဤဗာဟိယမာတိကာကို တဘာန်ဟောတော်မူပြန်ပါသနည်းဟုမေး။

၆....ကုသိုလ်စသည်တို့သည် ခန္ဓာ စသည်တို့၌ အတွင်း ဝင်ခြား သော်လည်း- ထိုခန္ဓာစသည်တို့ကိုပင် ကုသိုလ်စသည်တို့ဖြင့် ဝေဘန်၍ပြလိုသောကြောင့် ဟောတော်မူရပြန်၏ဟုဖြေ။

ဤကား....ပုနယာဒေ ဝုတ္တာနံ ခန္ဓာဒီနံ ကုသလာဒိဝိဘာဂဒဿနတ္ထံ သင်္ဂါဟိမွေသင်္ဂဟိ ဓာတုကထာယ မာတိကာတိ ဝုတ္တံ= ဟူသောအနုဋီကာနှင့်အညီတည်း။

ပုန၊ တဖန်။ ယာဒေဝုတ္တာနံ၊ အကြင်အကြင် ဆိုအပ် ကုန်ပြီးသော။ ခန္ဓာဒီနံ၊ ခန္ဓာ အစရှိသည်တို့၏။ ဝါ၊- တို့ကို။ ကုသလာဒိဝိဘာဂဒဿ နတ္ထံ၊ ကုသိုလ် အစရှိသည် တို့ဖြင့် ဝေဘန်ခြင်းကို ပြခြင်း အကျိုးငှါ။ သင်္ဂါဟိမွေသင်္ဂဟိဓာတုကထာယမာတိကာတိ၊-ဟူ၍။ဝုတ္တံ၊-၏။

မာတိကာငါးပါးကိုဖြေရှင်းချက်ပြီး၏။
ဥဒ္ဒေသပြီးပြီ။

**နိဒ္ဒေသဟောခိုးစဉ်အကျဉ်းကိုပြခြင်း။**

ဥဒ္ဒေသကိုဟော-မှဲ၍, နိဒ္ဒေသကို-၏။....ထို-သည်လည်း-

၁....ပဌမနယ,ဗုဒ္ဓသမနယနိဒ္ဒေသအားဖြင့် .... .... ၁၄-ပါး။
၂ ...အဗ္ဘန္တရ, ဗာဟိယမာတိကာနိဒ္ဒေသအားဖြင့် .... ၂-ပါး။
၃....ခန္ဓာဒိ ဖဿသတ္တကရာသိနိဒ္ဒေသအားဖြင့် .... .... ၂-ပါး။
၄....ခန္ဓနိဒ္ဒေသ-မဂ္ဂနိဒ္ဒေသအားဖြင့် .... .... .... ၁၅-ပါး။
၅....ဘေဒ, အဘေဒ အားဖြင့် .... .... .... .... ၂-ပါး။
၆....သုဒ္ဓ, ကေမှုလာဒိအားဖြင့် .... .... .... .... ၂-ပါး။
၇.... ရူပက္ခန္ဓ, ဝေ, သည်, သင်, ဝိညာဏက္ခန္ဓသုဒ္ဓအားဖြင့် ၅-ပါး။
၈ ...သင်္ဂဟိတ, အသင်္ဂဟိတအားဖြင့် .... .... .... ၂-ပါး။
၉....ပုစ္ဆာ, ဝိဿဇ္ဇနာအားဖြင့် .... .... .... .... ၂-ပါး။
၁၀....ခန္ဓာ, အာ, ဓာတ်-ကရိုဏ်းနေသော ပုစ္ဆာအားဖြင့်.... ၃-ပါး။

**ဟောဟန်ကား။**

ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိသင်္ဂဟိတော ဟူသည်တည်း။ ထို နောင်အာယတနကရိုဏ်း ဓာတ်ကရိုဏ်းနေသော ပုစ္ဆာဝိဿဇ္ဇနာတို့

ကိုဆက်၍ဟောပြီးလျှင် အနက်လည်းပေး။…တခုနှင့်တခုကူးပြောင်း ရာဥ္စစ်နည်းကို ပုဒ်အားလျော်စွာကြည့်၍သိ။

နိဒ္ဒေသဥ္စဟောရိုးစစ်ပုံအကျဉ်းပြီး၏။

## အဓိပ္ပါယ်ကိုပြဆိုခက်။ နိဒ္ဒေသဥ္စမာတိကာငါးပါးဟောပုံကိုပြခြင်း။

မာတိကာ ငါးပါးတို့တွင် အဗ္ဘန္တရမာတိကာ ဗာဟိယမာတိကာ နှစ်ပါးကို သင်္ဂဟော အသင်္ဂဟော စသော နယမာတိကာ ပုဒ်တို့နှင့် တွဲစပ်၍ဟောတော်မူ၏။ …ရူပက္ခန္ဓော-သင်္ဂဟိတော=ဟူ၍ဖြစ်၏။

နယမုခ မာတိကာကို- ကတိဟိ ခန္ဓေဟိ, ကတိဟာယတနေဟိ, ကတိဟိဓာတူဟိ-ဟု ပုစ္ဆာအရာဥ္စထား၍ ကရိုဏ်းအဖြစ်ဖြင့်-ပဒုဒ္ဓါ ရပြုတော်မူ၏။…ရူပက္ခန္ဓောကတိဟိခန္ဓေဟိ,ကတိဟာယတနေဟိ, ကတိဟိ ဓာတူဟိ, သင်္ဂဟိတော-ဟူ၍-နိဒ္ဒေသပါဠိတော် ပုစ္ဆာဝါရ ဖြစ်၏။

လက္ခဏာမာတိကာကို-ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ=ဟု ဝိဿဇ္ဇနာ အရာဥ္စထား၍ ကရိုဏ်းအဖြစ် ဖြင့် ဟောတော်မူ၏။….ရူပက္ခန္ဓော ဧကေန ခန္ဓေန ဧကာဒသဟာယ တနေဟိ ဧကာဒသဟိဓာတူဟိ သင်္ဂဟိတော-ဟု နိဒ္ဒေသပါဠိတော် ဝိဿဇ္ဇနာဝါရဖြစ်၏။ ။[သင်္ဂဟစသည်ကို နည်းမှီး၍သိ။]

**ကောက်နုတ်ချက်** …. နယ မာတိကာကို ပုစ္ဆာ ဝိဿဇ္ဇနာ ပြု၍။ အဗ္ဘန္တရ မာတိကာ ဗာဟိယမာတိကာ နှစ်ပါးကို ကံပုဒ်ပြု၍ နယမုခ မာတိကာကို ပုစ္ဆာ အရာဥ္စ ကရိုဏ်း ပြု၍ လက္ခဏာ မာတိကာကို ဝိဿဇ္ဇနာအရာဥ္စ ကရိုဏ်းပြု၍ ဟောတော်မူ၏ဟူလို။

**အဒ္ဒေး**….ရူပက္ခန္ဓော ဟူသော ကံပုဒ် အရ ရုပ် နှစ်ဆဲ့ ရှစ်ခု ရ၏။ ရူပက္ခန္ဓေန ဟူသော ကရိုဏ်းပုဒ်အရ ရူပက္ခန္ဓဘာဝရ၏။….တနည်း ရူပက္ခန္ဓသဒ္ဒါရ၏။ ။[အာယတန-ဓာတ်တို့ကိုလည်း နည်းမှီး၍သိ။]

**ဘေဒ-အဘေဒစသည်ကိုပြဆိုချက်။**

ဘေဒဟူသည်ကား အသီးအသီးတခုစီ ဝိဘတ်တို့ကို အားဖြင့် ခွဲ၍ ဟော သည်ကိုဆို၏။ အဘေဒ ဟူသည် ဝိဘတ်တို့ကို တခုတည်းထား၍ အ ပေါင်းအားဖြင့် ဟောသည်ကိုဆို၏။

**ဟောပုံအမြွက်**....၁ .. ခန္ဓနိဒ္ဒေသ၌ ခန္ဓာသည် အသီးအသီးတခု စီအားဖြင့်ငါးပါးဖြစ်ရကား-ရူ ဝေ သည် သင် ဝိညာဏ်အားဖြင့်-၅-ဝါ ရဖြစ်၏။....ဤငါးပါးကို ဧကက-၅-ဝါရဟု မှတ်။ ။[ရူကို ရူပက္ခန္ဓော ဟု ဆို၍ဟော။ ဝေ စသည်ကို နည်းတူသိ။] ။

၂....ရူကို မှုတည်။ ဝေ သည် သင် ဝိညာဏ် လေးပါးကို မှုလီပြု သည်ရှိသော် ရူ ဝေ၊....ရူ သည်၊....ရူ သင်၊....ရူ ဝိညာဏ် အားဖြင့် ၄-ဝါရဖြစ်၏။ဤလေးဝါရကို ဧကမူ ဒုက-၄-ဝါရဟုမှတ်။

၃...ရူ+ဝေ နှစ်ပါးကို မှုတည်။ သည် သင် ဝိညာဏ် သုံးပါးကို မှုလီပြုသည် ရှိသော်-ရူ ဝေ သည်၊... ရူ ဝေ သင်၊... ရူ ဝေ ဝိညာဏ် အားဖြင့်-၃-ဝါရဖြစ်၏။....ဤသုံးဝါရကို ဒွိမူ တိက-၃-ဝါရဟုမှတ်။

၄....ရူ+ဝေ+သည် သုံးပါးကို မှုတည်။ သင် ဝိညာဏ် နှစ်ပါးကို မှုလီ ပြုသည် ရှိသော်- ရူ ဝေ သည် သင်၊ .... ရူ ဝေ သည် ဝိညာဏ် အားဖြင့်-၂-ဝါရဖြစ်၏။...ဤ-၂-ဝါရကိုတိမူစတုက-၂-ဝါရဟုမှတ်။

၅....ရူ+ဝေ+သည်+သင် လေးပါးကို မှုတည်။ဝိညာဏ်ကို မှုလီ ပြုသည်ရှိသော်-ရူ ဝေ သည် သင် ဝိညာဏ်-၁-ဝါရဖြစ်၏။....ဤ-၁ ဝါရကို စတုမူ ပဉ္စက-၁-ဝါရဟုမှတ်။

ဤသို့လျှင်-ဧကက-၅-ဝါရ။.... ဧကမူ ဒုက-၄-ဝါရ။....ဒွိမူ တိ က-၃-ဝါရ။....တိမူ စတုက- ၂-ဝါရ။.... စတုမူ ပဉ္စက- ၁- ဝါရ အားဖြင့်-၁၅-ဝါရဖြစ်သတည်း။ဤ-၁၅-ဝါရကား-ပါဠိတော်ရှိတိုင်း လာသော ဝါရတည်း။

**ဘနည်း**....ဤခန္ဓနိဒ္ဒေသ၌ ဧကက-၅-ဝါရ။....ဧကမူ ဒုက-၁၀ ဝါရ။....ဒွိမူ တိက-၁၀-ဝါရ။.... တိမူ စတုက-၅-ဝါရ။.... စတုမူ ပဉ္စက-၁-ဝါရ အားဖြင့်-၃၁-ဝါရ ဖြစ်နိုင်၏။ .... ဧကက-၅-ဝါရ သည် ပါဠိတော်နည်း အတိုင်းပင်။၎င်းဧကကကို တပါးနှင့်တပါး မတွဲ မဘက် သက်သက် အားဖြင့် ဟောခြင်းကြောင့် "သုဒ္ဓ" ဟူ၍လည်း ခေါ်၏။

ရှု ဝေ-၁-ဝါရ၊....ရှု သည်-၁-ဝါရ၊....ရှု သင်-၁-ဝါရ၊....ရှု ဝိ ၁-ဝါရ အားဖြင့်- ရှုပကွန္တ မှန်-၄-ဝါရ။ ။ဝေ သည်-၁-ဝါရ၊.... ဝေ သင်-၁-ဝါရ၊....ဝေ ဝိ-၁-ဝါရအားဖြင့် ဝေဒနာကွန္တမှန်-၃-ဝါရ။ ။သည် သင်-၁-ဝါရ၊....သည် ဝိ-၁-ဝါရ အားဖြင့်-သညာကွန္တ မှန်- ၂-ဝါရ။ ။သင် ဝိ-၁-ဝါရအားဖြင့် သင်္ခါရကွန္တ မှန်-၁-ဝါရ ဖြစ်၏။ဤသို့လျှင် ရှု,မှန်-၄၊....ဝေ, မှန်-၃၊....သည်, မှန်- ၂၊....သင်, မှန်-၁-ဝါရ အားဖြင့် ဧကမူ ဒုက-၁၀-ဝါရ ဖြစ်သတည်း။

---

## ဒွိမူ တိက-၁၀-ဝါရဖြစ်ပုံကား။

ရှု+ဝေ သည်-၁-ဝါရ၊....ရှု+ဝေ သင်-၁-ဝါရ၊... ရှု+ဝေ ဝိ-၁ ဝါရ၊....ရှု+သည် သင်-၁-ဝါရ၊....ရှု+သည် ဝိ-၁-ဝါရ၊....ရှု+သင် ဝိ-၁-ဝါရ....ဝေ+သည် သင်-၁-ဝါရ၊....ဝေ+သည် ဝိ-၁-ဝါရ.... ဝေ+သင် ဝိ-၁-ဝါရ၊....သည်+သင် ဝိ-၁-ဝါရဖြစ်၏။ ဤသို့လျှင်-ရှု ဝေ မှန်-၃-ဝါရ၊....ရှု+သည် မှန်- ၂-ဝါရ၊... ရှု+သင် မှန်-၁-ဝါရ။ ဝေ+သည် မှန်- ၂-ဝါရ၊....ဝေ+ သင် မှန်-၁-ဝါရ၊....သည်+သင် မှန်-၁-ဝါရ အားဖြင့်-ဒွိမူ တိက-၁၀-ဝါရ ဖြစ်သတည်း။

---

## တိမူ စတုက-၅-ဝါရဖြစ်ပုံကား။

ရှု+ဝေ+သည် သင်-၁-ဝါရ၊....ရှု+ဝေ+သည် ဝိ-၁-ဝါရ၊....ရှု+ ဝေ+သင် ဝိ-၁-ဝါရ၊....ရှု+သည်+သင် ဝိ-၁-ဝါရ၊....ဝေ+သည်+ သင် ဝိ-၁-ဝါရဖြစ်၏။ဤသို့လျှင်-ရှု+ဝေ+သည် မှန်- ၂-ဝါရ၊ရှု+ဝေ+ သင် မှန်-၁-ဝါရ၊....ရှု+သည် သင် မှန်-၁-ဝါရ....ဝေ+သည်+သင် မှန်-၁-ဝါရ အားဖြင့် တိမူ စတုက-၅-ဝါရ ဖြစ်သတည်း။ ။[စတုမူ ပဥ္စကသည် ပါဠိတော် နည်း အတိုင်းပင်တည်း။ ဤနည်းကား-အဌကထာဋီကာဆရာကြီးတို့နည်းတည်း။] ။

**မု**....အောက်ပုဒ်ကို မူလီပြု၍ ဟောတော် မူသကဲ့သို့၊ အဘယ် ကြောင့် အထက်ပုဒ်ကို မူလီပြု၍မဟောပါသနည်းဟုမေး။

**ဝိ**....အနက်အယူး မရသောကြောင့် အထက်အထက်ပုဒ်ကို မူလီ ပြု၍ ဟောတော် မမူဟုဖြေ။

**ဤနိဒ္ဒေသဝါရ၌အထူးမှတ်သားရန်ခက်ဆစ်များ။**
**အလုံးစုံသောဝိညာဏ်ကိုကောက်ယူသင့်ကြောင်း။**

ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရပစ္စယာ ဝိညာဏံအရ-ခေတ်ရနှစ်ပါးဖြင့်ရေတွက်သည်ကိုထောက်၍ ပဋိသန္ဓိပဝတ္တိဝိပါက်ဝိညာဏ်ကို ယူရမည်ဟု အဋ္ဌကထာဆရာ မိန့်ဆို၏။

**တနည်း**....အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်ဟု ဆိုအပ်သော ဝိညာဏ်ကို ယူသင့်၏ဟု ဋီကာဆရာ မိန့်မှာ၏။

**မု**....အဘယ်ကြောင့် အလုံးစုံသော ဝိညာဏ်ကို ယူသင့် သနည်းဟုမေး။

**ဖြေ**....ဗုဒ္ဓသမနယနိဒ္ဒေသ၌ ဝိပါကာဗေဒ္ဓာနှင့်သင်္ခါရပစ္စယာဝိညာဏံ ပုဒ်နှစ်ပါး အဖြေတူအားဖြင့် မဟောကြားသောကြောင့် အလုံးစုံသော ဝိညာဏ်ကို ယူသင့်၏ဟုဖြေ။

**ဖြေ**....ဝိညာဏပစ္စယာ နာမရူပံ-ဟူသောပုဒ်၌ ရုပ်အရ သန္တရုပ်ကို ယူ၍ သန္တါ ယတနဖြင့် ရေတွက် ခြင်းကြောင့် အလုံး စုံသော ဝိညာဏ်ကို ယူသင့်၏ဟူ၍လည်းဖြေ။ ။[အကောက်၌ဋီကာနည်းအတိုင်းကောက်၏။]

**မု**....အသညီ ဘဝ၌ ဝဏ္ဏာကို အဘယ်ကြောင့် "ရူပါယတန" ဖွဲ့ရ သနည်းဟုမေး။

**ဖြေ**....တပြင်တည်း တည်သော ဝေဟပ္ဖိုလ် ဗြဟ္မာတို့၏ စက္ခု ဝိညာဏ်၏ အာရုံဖြစ်ခြင်းကြောင့် "ရူပါယတန" ဖွဲ့ရ၏ဟုဖြေ။

**ဤကား** .. ဧကတလပါသိကာနံ ဟိ သေသဗြဟ္မာနံ စက္ခုသဗ္ဗာဝတော တဿာရမဏတ္တာ တတ္ထရူပါယတနံ ဥဒ္ဓဋံ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ဟိ၊ထိုစကားမှန်၏။ဧကတလဝါသိကာနံ၊တူသောအပြင်၌နေကုန်သော။သေသဗြဟ္မာနံ၊ အသညသတ်ဗြဟ္မာမှ ကြွင်းသော ဝေဟပ္ဖိုလ် ဗြဟ္မာတို့၏။ စက္ခုသဗ္ဗာဝတော၊ စက္ခု၏ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့်။တဿ၊ထိုဗြဟ္မာတို့၏ စက္ခုပသာဒ၏။အာရမဏတ္တာ၊အာရုံဖြစ်သည်၏အဖြစ်ကြောင့်။တတ္ထ၊ထိုအသညီဘဝနိဒ္ဒေသ၌။ရူပါယတနံ၊ရူပါယတနကို။ဥဒ္ဓဋံ၊ထုတ်တော်မူအပ်၏။ ။[အာရုံအာရမဏ်က ကိစ္စတပ်သောကြောင့် ဖွဲ့ရ၏ဟူလို။]

မု….ပုင်းအသည်ဘဝဒ္ဓ-ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗတို့ကို အဘယ်ကြောင့် ဂန္ဓာယတန စသည် မဖွဲ့ပါသနည်းဟုမေး။

ဖြ….ဂန္ဓ စသည် တို့သည် အာရုံ အာရမဏကိစ္စ မတပ်သော ကြောင့် ဂန္ဓာယတန စသည် မဖွဲ့ရဟုဖြေဆိုသင့်၏။

---

## ဇာတိစသည်ကိုခန္ဓာစသည့်ဖွဲ့ခြင်းအကြောင်း။

မု…. ရုပ်၏ ဇာတိသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်ဆဲမှ ဖြစ်ပါလျက် အဘယ်ကြောင့် ရူပက္ခန္ဓာ ဖွဲ့နိုင်ပါသနည်းဟုမေး။

ဖြ….ရုပ်၏ဇာတိသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်ဆဲမှဖြစ်သော်လည်း-ရုပ္ပန သဘော မကင်းသည်ဖြစ်၍ ရူပက္ခန္ဓာနှင့် သဘောတူသော ကြောင့် ရူပက္ခန္ဓာဖွဲ့ရ၏ဟုဖြေ။…. [ဇရာမရဏတို့ကိုလည်း နည်းတူမှတ်။] ။

**အဓိပ္ပါယ်**….ဇာတိဇရာမရဏတို့သည် ပထဝီ စသော ရုပ်တို့ကဲ့သို့ အသီးအခြားတရားကိုယ်အားဖြင့် ထင်ရှားပင်မရှိသော်လည်း နိပ္ဖန္နရုပ်တို့၏ ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲ ဟုဆိုအပ်သောအခိုက်အတန့်မှဖြစ်၍ နိပ္ဖန္နရုပ်မှ အသီးအခြားဟု မဆိုနိုင်ရကား- ထိုဇာတိဇရာမရဏတို့ကိုလည်း ရုပ္ပနသဘောရှိသည်ဟူ၍ပင်ဆိုအပ်ကုန်၏။ ရူပက္ခန္ဓာဟူသည် ရုပ္ပန သဘောရှိသော တရားအစုကိုဆို၏။ ထိုဇာတိ စသည်တို့သည်လည်း- ပုင်းရုပ္ပန သဘောရှိသည်ဟူ၍ ဆိုနိုင်ရကား- ရူပက္ခန္ဓာနှင့် သဘောတူသည်ဖြစ်၍ ရူပက္ခန္ဓာဖွဲ့ရ၏ဟူလို။

မု….ရုပ်၏ဇာတိ စသည်ကို ရူပက္ခန္ဓာဖွဲ့တန်စေ၊ နာမက္ခန္ဓာလေးပါး၏ ဇာတိ စသည်ကိုကား အဘယ်ကြောင့် သင်္ခါရက္ခန္ဓာ တမျိုးသာ ဖွဲ့ရပါသနည်း၊ နာမ်ခန္ဓာ လေးပါး လုံးပင် ဖွဲ့သင့်သည်မဟုတ်ပါလောဟုမေး။

ဖြ….ဧကန္တ ပရမတ္ထ ကိစ္စမဟုတ်သော ပြုပြင်ခြင်းကိစ္စဖြင့် ယူရသည်ဖြစ်၍ သင်္ခါရက္ခန္ဓာနှင့် သဘောတူ ခြင်းကြောင့် ဝေဒနာက္ခန္ဓာ စသည်မဖွဲ့ရဟုဖြေ။

**အဓိပ္ပါယ်** …အာရုံ၏ အရသာကို ခံစားခြင်း ဝေဒယန ကိစ္စသည် ဧကန္တပရမတ္ထ ကိစ္စမည်၏၊ အာရုံကိုအမှတ်ပြု၍သိခြင်း သဉ္ဇာနနကိစ္စ

သည်လည်း ဧကန္တပရမတ္ထကိစ္စမည်၏၊ အာရုံကိုအထူးသဖြင့်သိခြင်း ဝိဇာနန ကိစ္စသည်လည်း ဧကန္တပရမတ္ထ ကိစ္စမည်၏။ သင်္ခတတရား တို့ကိုပြုပြင်ခြင်း အဘိသင်္ခရဏကိစ္စကား ဧကန္တပရမတ္ထကိစ္စမမည်၊ အနေကန္တ ပရမတ္ထ ကိစ္စတမျိုးသာမည်၏။ ဤဓာတ် အစရှိသည်တို့ ကား နာမက္ခန္ဓာလေးပါး၏ ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲမျှဖြစ်၍ ဧကန္တပရ မတ္ထ ကိစ္စမျိုး မရှိခြင်းကြောင့် ဝေဒနာက္ခန္ဓာ- သညာက္ခန္ဓာ- ဝိညာ ဏက္ခန္ဓာမဖွဲ့ရ၊ အနေကန္တပရမတ္ထကိစ္စမျှသာရှိရကား သင်္ခါရက္ခန္ဓာ သာဖွဲ့ရ၏ဟူလို။

**မှတ်ချက်**…ဖဿ စေတနာစသည်တို့ကို အသီးသီး မိမိတို့၏ကိစ္စ ဖြင့်မဆိုမူ၍ သင်္ခါရက္ခန္ဓာသည်းသို့သွင်း၍ ရေတွက်သည်ကိုထောက် သော် အနေကန္တပရမတ္ထကိစ္စရှိကြောင်းထင်ရှား၏ဟုမှတ်။ ၂-

မု….ရုပ်၏ဓာတ် စသည်ကို ရူပက္ခန္ဓာ, နာမ်၏ ဓာတ် စသည်ကို သင်္ခါရက္ခန္ဓာဖွဲ့တန်စေ၊ အာယတန ဓာတ်တို့၌ကား စက္ခာယ တန စက္ခုဓာတ် စသည်မဖွဲ့ပါဘဲ အဘယ်ကြောင့် ဓမ္မာယတ န ဓမ္မဓာတ်သာဖွဲ့ရပါသနည်းဟုမေး။

ဖြေ….ဧကန္တပရမတ္ထကိစ္စမရှိခြင်းကြောင့် စက္ခာယတန စက္ခုဓာတ် စသည်မဖွဲ့မူ၍ နိဿတ္တမျှဖြစ်ရကား ဓမ္မာယတန ဓမ္မဓာတ်နှင့် သဘော တူခြင်းကြောင့် ဓမ္မာယတန ဓမ္မဓာတ်သာ ဖွဲ့ရ၏ဟု ဖြေ။

**အဓိပ္ပါယ်**… စက္ခာယတန စသော အာယတန တဆဲ့တပါးသည် ဧကန္တ ပရမတ္ထ ကိစ္စကို အစွဲပြု၍ဖွဲ့သော အာယတနဗုတည်း၊ စက္ခု ဓာတ်စသော တဆဲ့ခုနစ်ပါးသော ဓာတ်သည်လည်း ဧကန္တ ပရမတ္ထ ကိစ္စကို အစွဲပြု၍ဖွဲ့သော ဓာတ်ဗုတည်း။…. ဓမ္မာယတန ဓမ္မဓာတ်နှစ် ပါးကား ဧကန္တပရမတ္ထ ကိစ္စကို အစွဲပြု၍ ဖွဲ့သည်မဟုတ်၊ နိဿတ္တ နိဇ္ဇီဝဟု ဆိုအပ်သော အနေကန္တပရမတ္ထ ကိစ္စကို အစွဲပြု၍ ဖွဲ့သော အာယတန ဓာတ်မျိုးဖြစ်၏။ ဤဓာတ် စသည်တို့ကား ဧကန္တပရမတ္ထ ကိစ္စမျိုးမရှိ၊ နိဿတ္တ စသော အနေကန္တပရမတ္ထ ကိစ္စမျိုးသာ ရှိ၍ ဓမ္မာယတန ဓမ္မဓာတ်သာဖွဲ့ရ၏ဟူလို။

ပဌမနယနိဒ္ဒေသပြီး၏။

## ဒုမ္ဗိ-ရဿဂါထာပါဠိ၌အနက်အရေအတွက်ကိုပြခြင်း။

ဒုမ္ဗိ-ရဿာ နဋ္ဌာ-တမ္ဗိ၊ စမ္ဗိ-ရူတာ သမာရာ-ပေ။
ဒေဝရာ-ဆ-နိမကွာဝါ၊ သဂ္ဂါ-သမ္ဗိ ဝိရာဂါဠ။ ။
နဝါ-ရိယာ ဒသာဒိသု၊ ကမာ ဆ စ နဝေသွိဝ။
တေ-နဂ္ဂိယာ ဘက္ခိလာ-ဩ၊ သမူဟာပန-ကောသလာ။ ။

ဒုမ္ဗိ၊ ဒုတိယနယ၌။ ရဿာ၊ ၄၂-ပုဒ်တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တမ္ဗိ၊ ဘတိယနယ၌။ နဋ္ဌာ၊ ၉၀- သောပုဒ်တို့ကို။ ဝုတ္တာ၊- ကုန်၏။ စမ္ဗိ၊ စတုတ္ထနယ၌၊ ရူတာ၊ ၆၉-ပုဒ်တို့ကို။ ဝုတ္တာ၊-ကုန်၏။ ပေ၊ ပဉ္စမနယ၌။ သမာရာ၊ ၂၅၇- ပုဒ်တို့ကို။ ဝုတ္တာ၊- ကုန်၏။ ဆ၊ ဆဋ္ဌနယ၌။ ဝါ၊ အဋ္ဌကထာ၌ လာသော နည်းအားဖြင့်။ ဒေဝရာ၊ ၂၄၈- ပုဒ်တို့ကို။ ဝုတ္တာ၊- ကုန်၏။ ဝါ၊ ဋီကာ၌လာသော နည်းအားဖြင့်။ နိမကွာ၊ ၂၅၀ သောပုဒ်တို့ကို။ ဝုတ္တာ၊-ကုန်၏။ သမ္ဗိ၊ သတ္တမနယ၌။ သဂ္ဂါ၊ ၃၇-ပုဒ်တို့ကို။ ဝုတ္တာ၊- ကုန်၏။ အဋ္ဌ၊ အဋ္ဌမနယ၌။ ဝိရာဂါ၊ ၃၂၄- ပုဒ်တို့ကို။ ဝုတ္တာ၊-ကုန်၏။ နဝ၊ နဝမနယ၌။ အရိယာ၊ ၁၂၀- သော ပုဒ်တို့ကို။ ဝုတ္တာ၊-ကုန်၏။ ဒသာဒိသု၊ ဒသမနယ ဧကာဒသမနယ ဒွါဒသမနယတို့၌။ ကမာ၊ အစဉ် အတိုင်း။ ဆစနဝေသွိဝ၊ ဆဋ္ဌနယ စတုတ္ထနယ နဝမနယတို့၌ကဲ့သို့။ ဝုတ္တာ၊- ကုန်၏။ တေ၊ တေရသမနယ၌။ နဂ္ဂိယာ၊ ၁၃၀-သော ပုဒ်တို့ကို။ ဝုတ္တာ၊- ကုန်၏။ ဩ၊ ဩသာန အဆုံးနယ၌။ ဘက္ခိလာ၊ ၃၂၄-ပုဒ်တို့ကို။ ဝုတ္တာ၊-ကုန်၏။ သမူဟာပန၊ ပထမနယ၌ ဟောတော် မူအပ်သော ပုဒ်အပေါင်းသည်ကား။ ကောသလာ၊ ၃၇၁ ပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

### ကောသလာအရ-တွက်နည်းကား။

ခန်-၅၊.... အာ-၁၂၊.... ဓာ-၁၈၊.... သ-၄၊.... ဣန်-၂၂၊....ပ-၂၀၊.... သ-၁၊....သမ်-၁၊....ဣဒ်-၁၊.... ဈာန်-၁၊.... အပ်-၁၊.... ပဉ်-၁၊....ဗ-၁၊.... ဗော-၁၊.... မဂ်-၁၊.... ဖ-၇၊ ပေါင်း-၁၀၅။.... ဗာဟိယ မာတိကာ၌-တိက်-၆၆၊.... ဒုက်-၂၀၀= ဗုပေါင်း- ၃၇၁ ဖြစ်၏။....ဤနည်းကား....ဒုမ္ဗိရဿာဂါထာကိုစီစဉ်သောဆရာ၏အလို တည်း။

## ဒုတိယနယ၌ဟောသောပုဒ်နှင့်တကွလက္ခဏာကိုပြခြင်း။

ခန္ဓာသာတူ၍ အာယတန ဓာတ်မတူခြင်း,ခန္ဓာ အာယတနသာတူ၍ဓာတ်မတူခြင်း-ဤလက္ခဏာရှိသော တရားမျိုးကို အသင်္ဂဟိတပြု၍ ဟောတော်မူ၏။.... သင်္ဂဟိတေန အသင်္ဂဟိတ နယနိဒ္ဒေသဖြစ်ခြင်း ကြောင့် ခန္ဓာအာယတန ဓာတ်တူမှု မဟောဟုမှတ်။

**ဤကား**....ဣမသ္မိံ ဟိဝါရေယံ ခန္ဓပဒေနသင်္ဂဟိတံ ဟုတွာ အာယတနဓာတုပဒေဟိ အသင်္ဂဟိတံ၊ ခန္ဓာယတနပဒေဟိ ဝါ သင်္ဂဟိတံ ဟုတွာ ဓာတုပဒေန အသင်္ဂဟိတံ၊တဿ ခန္ဓာဒိဟိ အသင်္ဂဟံ ပုစ္ဆိတွာ ဝိဿဇ္ဇနံကတံ=ဟူသော အဋ္ဌကထာ နှင့်အညီတည်း။

ဟိ၊ချဲ့ဦးအံ့။ဣမသ္မိံ ဝါရေ၊ဤဒုတိယနယနိဒ္ဒေသဝါရ၌။ယံ၊အကြင် တရားသည်။ ခန္ဓပဒေန၊ ခန္ဓာပုဒ်ဟူသော ရေတွက်ကြောင်းဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်သည်။ ဟုတွာ၊ ဖြစ်၍။အာယတနဓာတုပဒေဟိ၊-တို့ဖြင့်။ အသင်္ဂဟိတံ၊ မရေတွက်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ခန္ဓာယတနပဒေဟိ ဝါ၊ ခန္ဓာအာယတနပုဒ် ဟူသော ရေတွက်ကြောင်းတို့ ဖြင့်လည်း။ သင်္ဂဟိတံ၊ ရေတွက်အပ်သည်။ ဟုတွာ၊- ၍။ ဓာတုပဒေန၊- ဖြင့်။ အသင်္ဂဟိတံ၊- သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုတရားကို။ ခန္ဓာဒိဟိ၊ ခန္ဓာ အာယတန ဓာတ် တို့ဖြင့်။ အသင်္ဂဟံ၊ မရေတွက်ခြင်း ကို။ ပုစ္ဆိတွာ၊ မေး၍။ ဝိဿဇ္ဇနံ၊ ဖြေခြင်းကို။ ကတံ၊ ပြုတော်မူအပ်၏။

မု....ဤဒုတိယနယ၌ အဘယ်သို့သော ပုဒ်မျိုးကို ဟောပါသနည်း ဟုမေး။

**ဖ**:...ခန္ဓာသာတူ၍ အာယတနဓာတ် မတူသော ရုပ်တစိတ် ဖြစ်သော ပုဒ်မျိုးကို၎င်း, ခန္ဓာ အာယတန တူ၍ ဓာတ်မတူသော သတ္တဝိညာဏ်တစိတ်ဖြစ်သော ပုဒ်မျိုးကို၎င်း,ဟော၏ဟုဖြေ။

**ဤကား**....ယာနိ ပန ပဒါနိ သရူပေကဒေသံ အရူပေန အသင်္ဂဟံ ဝိညာဏကောဋ္ဌာသဉ္စ အညေန အသင်္ဂဟံ ဒီပေန္တိ၊ တာနိဣမ ဂဟိတာနိ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ပန၊အဘိုတပါးကား။ယာနိပဒါနိ၊အကြင်ပုဒ်တို့သည်။အရူပေန၊နာမ် တရားနှင့်။အသင်္ဂဟံ၊မရောသော။သရူပေကဒေသဉ္စ၊ရူပက္ခန္ဓာတစိတ်

ကိုဂုဏ်း။အညေန၊ဝိညာဏကၡန္ဓာမှ တပါးသော တရားနှင့်။ အသမ္ဘိဿံ၊ မရောသော။ ဝိညာဏေကဒေသဥ္စ၊ ဝိညာဏက္ခန္ဓာ တစိတ်ကိုဂုဏ်း။ ဒိပေန္တိ၊ပြကုန်၏။တာနိပဒါနိ၊ထိုသို့သောပုဒ်တို့ကို။ ဣဓ၊ဤဒုတိယနယ နိဒ္ဒေသဝါရ၌။ဂဟိတာနိ၊ယူအပ်ကုန်၏။

**သောင်ပုဒ်**....စိတ်လည်းတချို့၊ ရုပ်တချို့၊ ဟောဘို့ ဒုတိယာ။
စိတ်လုံးရုပ်လုံး၊ရုပ်နာမ်လုံး၊မသုံးဤနယာ။

---

**ဥဒ္ဒါနိုးစဥ်ဂါထာပါဠိ၌အနက်ကိုပြခြင်း။**

ဒသာယတနာ,သတ္တရသဓာတုယော။
သတ္တိန္ဒြိယာ,အသညာဘဝေါ,ဧကဝေါကာရဘဝေါ။
ပရိဒေဝေါ,သနိဒဿနသပ္ပဋိဃံ။
အနိဒဿနံ,ပုနဒေဝ,သပ္ပဋိဃံ,ဥပါဒါတိ။ ။

ဒသ၊ဆယ်ပါးကုန်သော။ အာယတနာ၊ဩဠာရိကာယတနတို့ဂုဏ်း။ သတ္တရသ၊ တဆဲ့ ခုနစ်ပါး ကုန်သော။ ဓာတုယော၊ ဩဠာရိကဓာတ် သတ္တဝိညာဏ ဓာတ်တို့ဂုဏ်း။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣန္ဒြိယာ၊ ရုပ် ဣန္ဒြေတို့ဂုဏ်း။ အသညာဘဝေါ၊ အသညိဘဝဂုဏ်း။ ဧကဝေါကာရ ဘ ဝေါ၊ ဧကဝေါကာရဘဝဂုဏ်း။ ပရိဒေဝေါ၊ ပရိဒေဝဂုဏ်း။ သနိဒဿန သပ္ပဋိဃံ၊-ဂုဏ်း။ အနိဒဿနံ၊အနိဒဿနသပ္ပဋိဃဂုဏ်း။ ပုနဒေဝ၊တဖန် သနိဒဿနဂုဏ်း။ သပ္ပဋိဃံ၊သပ္ပဋိဃဂုဏ်း။ ဥပါဒါ၊ဥပါဒါဓမ္မဂုဏ်း။ ဣတိ၊ ဤသို့။ ဧတာနိ၊ ဤ-၄၂-ပုဒ်တို့ကို။ ဘဂဝတာ၊-သည်။ ဗုတ္တာနိ ဟော တော်မူအပ်ကုန်၏။

**ကောက်နုတ်ချက်**....ဤဒုတိယနယနိဒ္ဒေသ၌ဟောပုဒ်ပေါင်း-၄၂ ပုဒ်ဟူသည် အဘိဓမ္မမာတိကာ ပုဒ်ပေါင်း (၃၇) ဗာဟိယမာတိကာ ပုဒ်ပေါင်း (၅) ပုဒ်အားဖြင့်-၄၂-ပုဒ်ဖြစ်၏။ ထိုနှစ်ပါးတို့တွင် အဘိဓမ္မ မာတိကာ (၃၇) ပုဒ်ဟူသည် အာယတန နိဒ္ဒေသ၌-၁၀-ပုဒ်၊ဓာတု-၌ ၁၇-ပုဒ်၊ဣန္ဒြိ-၌-၇-ပုဒ်၊ပဋိစ္စသမုပ္ပါဒ-၌-၃-ပုဒ် အားဖြင့် (၃၇) ပုဒ်ဖြစ် သတည်း။....ဗာဟိယမာတိကာ-၅-ပုဒ်ဟူသည် တိက်၌- ၂-ပုဒ်၊ဒုက် ၌-၃-ပုဒ်အားဖြင့် (၅) ပုဒ်ဖြစ်သတည်း။...ဤသို့အသီးအသီး ခွဲ၍မှတ် သည်ရှိသော်-ဟောရိုးစစ် လွယ်ကူခြင်း အကျိုးရှိ၏။

## အကျဉ်း၌ဆောင်ပုဒ်ဂါထာပါဠိအနက်ကိုပြခြင်း။

စရာ-ခါ-သာ-ဌာ-ဌာ-ကံ-ယံ-ပံ-ဘာဝ ဣတိ ယထာက္ကမံ။
စ-ဗော-စ-ဣ-အ-အ-သုမှိ၊ ရုဝါဏ္ဏတိဒုတိယကော။ ။

စ-ဗော-စ-ဣ-အ-အ-သုမှိ၊ စက္ခာယတန ဗောဇ္ဈင်္ဂာယတန စက္ခု ဝိညာဏဓာတ် ဣတ္ထိန္ဒြေ အသညီဘဝ အနိဒဿနသပ္ပဋိဃ သပ္ပဋိဃ ဥပါဒါရုပ်မှာ ဆိုအပ်သော- ဂ-ပါးသော ပုဒ်၌။ ယထာက္ကမံ၊ အစဉ် အတိုင်း။ စရာ၊ ၂၆-ပုဒ်တို့ရင်း။ ခါ၊ ၂-ပုဒ်တို့ရင်း။ သာ၊ ၇-ပုဒ်တို့ရင်း။ ဌာ၊ ၂-ပုဒ်တို့ရင်း။ ဌာ၊ ၂-ပုဒ်တို့ရင်း။ ကံ၊ ၁-ပုဒ်ရင်း။ ယံ၊ ၁-ပုဒ်ရင်း။ ပံ၊ ၁-ပုဒ်ရင်း။ ဣတိ၊ ဤသို့။ ဒုတိယကော၊ ဒုတိယနယနိဒ္ဒေသ၌။ ရုဝါ၊ ၄၂-ပုဒ်တို့သည်။ ဘာဝ ဣတိ၊ ဖြစ်ကုန်၏။

### သရုပ်အကျယ်။


စ အရ-ဗောကြဉ်အာကိုး ခေတ်လည်းကိုး၊ ငါးမျိုးပသာဒ၊ သနိပဋ္ဌ ပရိဒေဝါ၊ သနိမှာ၊ ဖွက်ပါဆဗ္ဗိသာ။ .... .... ၂၆။

ဗော အရ-ဗောဇ္ဈင်္ဂာယတန,ဗောဇ္ဈင်္ဂခေတ် .... ... ၂။

စ အရ-စက္ခု ဝိညာဏဓာတ်မှစ၍ ... ဝိညာဏဓာတ်.... ၇။

ဣ အရ-ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ .... .... .... .... ၂။

အ အရ-အသညီဘဝ,ဧကဝေါကာရဘဝ ... ... ၂။

အ အရ-အနိဒဿနသပ္ပဋိဃ .... .... .... .... ၁။

သ အရ-သပ္ပဋိဃ .... .... .... .... .... ၁။

ဥ အရ-ဥပါဒါရုပ် .... .... .... .... .... ၁။


ဤနည်းကား-ယေဘုယျတူရာပေါင်းသောနည်းတည်း။

### နည်းတပါးကား။

၁....စ ဗော ဣ အရ-၃၀=၄-၂-ဂ။တနည်း။

၂....ဒုတိယ စ အရ-၇=၄-၁၁-၁၂။တနည်း။

၃....ပထမ အ အရ-၂=၄-၃-၆။တနည်း။

78-42

၄…ဒုတိယ အ အရ—၁=၄-၁၀-၆။တနည်း။
၅…သ ဥ အရ—၂=၄-၁၁-၁၇။တနည်း။

ဤနည်းကား-အဖြေတူပေါင်းသောနည်းတည်း။

**မှတ်ချက်** …ပါဠိတော် ဟောပုံနည်းသည် ပါဠိတော်ရှိပြီဖြစ်၍ အံ ထုးမပြတော့ပြီ။ ၄-၂-၈-စသော ဂဏန်းတို့ကား ခန္ဓာ အာယတန ဓာတ်တို့၏ အရေအတွက်သင်္ချာကို အစဉ်အတိုင်းပြသော ဂဏန်းတို့ တည်း။ နောက်နောက်သော ဂဏန်းများ ကိုလည်း နည်းတူ မှတ် ကြကုန်။

---

## ယေဝစ္ဆ-ခွဲပုံကိုပြခြင်း။

**ဆောင်ပုဒ်** …ဩဠာရိကာ၊ဟောသောခါ၊သေသာရုပ်ကုန်ခွဲ။
ရုပ်သုခုမာ၊ဟောသောခါ၊ဩဠာရိကခွဲ။
သုခုမောဠာ၊ရောလေရော၊ဩဠာရိကာကိုသာခွဲ။
သတ္တဝိညာဏ်၊ဟောတုံပြန်၊ကြွင်းဆဝိညာဏ်အကုန်ခွဲ။

## ယေဝစ္ဆ-ခွဲရန်အကျယ်။

၁…ရုပ်အဋ္ဌဝီသ၌ ဩဠာရိကရုပ် ဒွါဒသတို့တွင် တခုခုကိုဟော ပုဒ်လုပ်လျှင် ဟောပုဒ်မှ တပါး ကျန်-၂၇-ပါးကို ယေဝစ္ဆ-ခွဲ အပ်၏။ တနည်း ကျန်-၂၅-ပါးကို ယေဝစ္ဆ-ခွဲအပ်၏။ ။[ဤ ကား-ဖောဋ္ဌဗ္ဗကိုရည်သည်။] ။
၂…သုခုမရုပ်သောဠသတို့တွင် တခုခုကို ဟောပုဒ်လုပ်လျှင် ဩ ဠာရိကရုပ် ဒွါဒသကို ယေဝစ္ဆ-ခွဲအပ်၏။
၃…အသညီဘဝကို ဟောပုဒ်လုပ်လျှင် ရူပါရုံ ကြဉ်သော ဩဠာ ရိကရုပ် ဧကာဒသကို ယေဝစ္ဆ-ခွဲအပ်၏။
၄…အနိဒဿနသပ္ပဋိဃကို ဟောပုဒ်လုပ်လျှင် ရူပါရုံနှင့်သုခုမရုပ် သောဠသကို ယေဝစ္ဆ-ခွဲအပ်၏။
၅…သပ္ပဋိဃ ဓမ္မကို ဟောပုဒ် လုပ်လျှင် သုခုမ ရုပ်ကို ယေဝစ္ဆ-ခွဲအပ်၏။

၆....ဥပါဒါရုပ်ကို ဟောပုဒ် လုပ်လျှင် အာပေါကြည်သော မဟာဘုတ်သုံးပါးကို ယှဉ်တွဲ-တွဲအပ်၏။

၇....သတ္တ ဝိညာဏ ဓာတ်တို့တွင် တခုခုကို ဟောပုဒ် လုပ်လျှင် ဟောပုဒ်မှတပါး ကျန်ဆဝိညာဏဓာတ်ကို ယှဉ်တွဲ-တွဲအပ်၏။

---

## ဟောချိုးစစ်အကျဉ်းကိုပြခြင်း။

ပထမနယနိဒ္ဒေသကို.... မှဲ့၍၊ ဒုတိယနယနိဒ္ဒေသကို-၏။

၁....အဇ္ဈတ္တိက, ဗာဟိရမာတိကာ နိဒ္ဒေသ အားဖြင့် .... ၂-ပါး။

၂....အာယတန,ဓာတု,ဣန္ဒြိယ,ပဋိစ္စသမုပ္ပါဒနိဒ္ဒေသအားဖြင့် ၄-ပါး။

၃....စက္ခာယတန-ပ-ဓမ္မာယတန နိဒ္ဒေသ အားဖြင့်.... ၁၀-ပါး

## ဟောဟန်ကား။

စက္ခာယတနေန ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ-အာယတန သင်္ဂဟေန အသင်္ဂဟိတာ-ဓာတုသင်္ဂဟေန အသင်္ဂဟိတာ၊....၍ကား ဓမ္မုဒ္ဒေသရတည်း။ တေဓမ္မာ ကတိဟိ ခန္ဓေဟိ- ကတိဟာ ယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတာ၊....၍ကား-ပုစ္ဆာတည်း။တေဓမ္မာ စတူဟိ ခန္ဓေဟိ-ဒွိဟာယတနေဟိ-အဋ္ဌဟိ ဓာတူဟိ အသင်္ဂဟိတာ ဟူသည်တည်း။....၍ကား-ဝိဿဇ္ဇနာတည်း။ ။[အနက်ပေး။]

---

## ခက်ဆစ်အဓိပ္ပါယ်ကိုပြခြင်း။

စက္ခာယတနေန-ဟူသော ပုဒ်သည် ကတ္တားအနက်၌ ကရိုဏ်း ဝိဘတ်သက်သော ပုဒ်တည်း။....သည် ဟု အနက်ပေး။ ။

ယေဓမ္မာ တေဓမ္မာ-ဟူသော ပုဒ်တို့သည် ကံ အနက်၌ ပထမာ ဝိဘတ်သက်သော ပုဒ်တို့တည်း။....တို့ကို ဟု အနက်ပေး။ ။

ခန္ဓသင်္ဂဟေန စသော သုံးပုဒ်သည် ကရိုဏ်း အနက်၌ ကရိုဏ်း ဝိဘတ်သက်သောပုဒ်ရတည်း....ဖြင့်ဟုအနက်ပေး။

**အထူး...** ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိစသော ပထမနယ နိဒ္ဒေသ ပါဠိတော်ကို ထောက်သော်- ၎င်းပထမနယ နိဒ္ဒေသသည် ရေတွက် တတ် မှရေတွက်တတ်သော ကတ္တား ကင်းသော ရူပက္ခန္ဓာ စသော

ကံပုဒ်အရတရားကို ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်ခြင်းမျှကို သာပြသော နယဖြစ်၏ဟုမှတ်။....ကတ္တားပုဒ်ဖြင့် အထူးမပြုဟုလို။

ဤဒုတိယနယနိဒ္ဒေသသည်ကား- ကတ္တား ကံ ကရိယာ သုံးပါးရုံ သည်ကိုထောက်သော်-ရေတွက်တတ် မရေတွက်တတ်သောကတ္တား သည် ရေတွက်အပ် မရေတွက်အပ်သော ကံပုဒ်အရ တရားကို ခန္ဓာ စသည်တို့ဖြင့် ရေတွက်ခြင်း မရေတွက်ခြင်းကိုပြ၏ဟုမှတ်၊...ကတ္တား ပုဒ်ဖြင့် အထူးပြုသော နယဖြစ်၏ဟုလို။ ထို့ကြောင့် ပထမနယနိဒ္ဒေသ နှင့် ဒုတိယနယနိဒ္ဒေသတို့ထူးကြ၏ဟုမှတ်။....[တတိယ-စတုတ္ထ-ပဉ္စ မနယနိဒ္ဒေသတို့လည်းနည်းတူပင်တည်း။] ။

**တနည်း**....ဤဒုတိယနယနိဒ္ဒေသဓမ္မ ဒွါရပါဠိ၌ ခန္ဓာဖြင့်ရေတွက် တတ် အာယတနဓာတ်တို့ဖြင့် မရေတွက်တတ်သော စက္ခာယတနဟူ သော ကတ္တားအရ စက္ခာယတန ကြည်သော ရုပ်သတ္တဝိသ ဟူသော ကံပုဒ်အရတရားတို့၏ ခန္ဓာ အာယတန ဓာတ်တူသည်၏ အဖြစ်သည် သဘာဂ မည်၏။ ကတ္တား ကံတို့၏ ခန္ဓာ စသည် မတူသည်၏ အဖြစ် သည် ဝိသဘာဂမည်၏။

ပုဗ္ဗာ ဝိသဇ္ဇနာ တို့၌ကား ခန္ဓာ စသည် တို့၏ အဖြစ်သည် သ ဘာဂမည်၏၊ခန္ဓာစသည်တို့၏ အဖြစ်မရှိခြင်းသည်ဝိသဘာဂမည်၏၊ ဤသို့ဒုတိယနယ၌ သဘာဂ ဝိသဘာဂသည် ဓမ္မဒွါရ၌တမျိုး ပုဗ္ဗာ ဝိသဇ္ဇနာတို့၌ တမျိုးအားဖြင့် နှစ်မျိုး ပြားသကဲ့သို့၊ ပထမနယနိဒ္ဒေသ ၌ကား နှစ်မျိုးမပြားမူ၍ ခန္ဓာ စသည်၏အဖြစ် သဘာဂ, ခန္ဓာ စသည် မဟုတ်သည်၏အဖြစ် ဝိသဘာဂဟူ၍ တမျိုးသာရှိရကား- ပထမနယ နိဒ္ဒေသနှင့် ဒုတိယနယနိဒ္ဒေသ စသည်တို့ ထူးကြ၏ဟူ၍လည်းမှတ်။

**အောက်နှတ်ချက်**....ဤဒုတိယနယ၌ ကတ္တားသည် ရေတွက်ခြင်း မရေတွက်ခြင်း နှစ်မျိုးဖြင့် အထူးပြုအပ်သော ကံပုဒ်မျိုးကိုသာ ဟော သောနယဖြစ်ရကား-ပထမနယကဲ့သို့ အလုံးရုံသော ပုဒ်မျိုးကိုမဟော နိုင်၊ အထူးပြုခြင်းရှိသော ပုဒ်မျိုးသာဟောနိုင်၏ဟုလို။

ဒုတိယနယနိဒ္ဒေသကိုပြဆိုသောအခန်းပြီး၏။

## တတိယနယ၌ လက္ခဏာနှင့်တကွဟောပုဒ်ကိုပြခြင်း။

ခန္ဓာ မတူမူ၍ အာယတန ဓာတ်သာ တူခြင်း လက္ခဏာ ရှိသော တရားမျိုးကို သင်္ဂဟိတပြု၍ဟောတော်မူ၏။ အသင်္ဂဟိတေန သင်္ဂဟိ တနယနိဒ္ဒေသ ဖြစ်ခြင်းကြောင့် ခန္ဓာအာယတန ဓာတ်သုံးပါးလုံးတူမှု မဟောဟုမှတ်။

**ဤကား**....ဣမသ္မိံ ဟိဝါရေ ယံယံခန္ဓပဒေန အသင်္ဂဟိတံဟုတွာ အာယတနဓာတုပဒေဟိ သင်္ဂဟိတံ၊ တဿခန္ဓာဒိဟိ အသင်္ဂဟံ ပုစ္ဆိတွာ ဝိဿဇ္ဇနံ ကတံ= ဟူသော အဋ္ဌကထာနှင့် အညီ တည်း။

ဟိ၊ ချဲ့ဦးအံ့။ ဣမသ္မိံဝါရေ၊ ဤတတိယနယနိဒ္ဒေသဝါရ၌။ ယံယံ၊ အကြင်အကြင်တရားသည်။ ခန္ဓပဒေန၊ ခန္ဓာဟူသောပုဒ်ဖြင့်။ ဝါ၊ ခန္ဓာ ဟူသော ရေတွက်ကြောင်းဖြင့်၊ အသင်္ဂဟိတံ၊ မရေတွက်အပ်သည်။ ဟုတွာ၊ ဖြစ်၍။ အာယတနဓာတုပဒေဟိ၊- တို့ဖြင့်။ သင်္ဂဟိတံ၊-သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုထိုသောတရားကို။ ခန္ဓာဒိဟိ၊ ခန္ဓာစသည် တို့ဖြင့်။ သင်္ဂဟံ၊ ရေတွက်ခြင်းကို။ ပုစ္ဆိတွာ၊ မေး၍။ ဝိဿဇ္ဇနံ၊ ဖြေ ခြင်းကို။ ကတံ၊ ပြုတော်မူအပ်၏။

မု....ဤတတိယနယ၌ အဘယ်သို့သောပုဒ်မျိုးကို ဟောပါသနည်း ဟုမေး။

**ဖ**....ခန္ဓာမတူ,အာယတနဓာတ်သာတူသော ဓမ္မာယတနတစိတ် ဖြစ်သော ပုဒ်မျိုးကိုသာ ဟောသည်ဟုဖြေ။.... [ဝိညာဏ်နှင့် ၄င်း သြဠာရိကရုပ်နှင့်၄င်း ရောသော ဓမ္မာယတန တစိတ်ဖြစ် သော ပုဒ်မျိုးကိုကား မဟောဟုမှတ်။] ။

**ဤကား** .... ယာနိပန ပဒါနိ ဝိညာဏေနဝါ သြဠာရိကရူပေနဝါ အသမ္ဘိန္နံဓမ္မာယတနေကဒေသံ ဒီပေန္တိ၊ တာနိ ဣဓဂဟိတာ နိ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ပန၊အဘို့တပါးကား။ ယာနိပဒါနိ၊အကြင်ပုဒ်တို့သည်။ ဝိညာဏေ နဝါ၊ ဝိညာဏ်နှင့်၄င်း။ သြဠာရိကရူပေနဝါ၊ သြဠာရိကရုပ်နှင့်၄င်း။.အ သမ္ဘိန္နံ၊ မရောသော။ ဓမ္မာယတနေကဒေသံ၊ ဝေဒနာ သညာ သင်္ခါရ သုခုမရုပ် နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာယတနတစိတ်ကို။ ဒီပေန္တိ၊ ပြ

ကုန်၏။ ဘာနိပဒါနိ၊ ထိုကဲ့သို့သော ပုဒ်တို့ကို။ ဉာဝ၊ ဤတတိယာနယ နိဒ္ဒေသဝါရ၌။ ဂဟိတာနိ၊ ယူအပ်ကုန်၏။

**ဆောင်ပုဒ်**....ဓမ္မာယတန၊ တစ်တ်ရ၊ ဟောပြတတိယာ။
ဩဠာရူပ၊ ဝိညာဏာ၊ ရောက-မဟောပါ။

---

## ဥဒါန်းစဉ်ဂါထာပါဠိအနက်ကိုပြခြင်း။

တယော-ခန္ဓာ, တထာ-သစ္စာ၊ ဣန္ဒြိယာနိစ-သောဠသ။
ပဒါနိ-ပစ္စယာကာရေ၊ ဗုဒ္ဓသု, ပရိ-ဗုဒ္ဓသ။

သမတိံသပဒါ ဟောန္တိ၊ ဂေါစ္ဆကေသု ဒသသွိဓ။
ဒုဝေ-ဗူဠန္တရဒုကာ၊ အဋ္ဌ-ဟောန္တိ မဟန္တရတိ။

တယော၊ သုံးပါးကုန်သော။ ခန္ဓာစ၊ စေတသိက်ခန္ဓာတို့သည်၎င်း။ တထာ၊ ထို့အတူ။ သစ္စာ၊ သမုဒယ နိရောဓ မဂ္ဂသစ္စာ တို့သည်၎င်း။ သောဠသ၊ တဆဲ့ခြောက်ပါး ကုန်သော။ ဣန္ဒြိယာနိစ၊ ပသာဒိန္ဒြေ-မနိန္ဒြေကြဉ်သော ဣန္ဒြေတို့သည်၎င်း။ ပစ္စယာကာရေ၊ ပဋိစ္စသမုပ္ပါဒ်၌။ ဗုဒ္ဓသ၊ တဆဲ့လေးပါးကုန်သော။ ပဒါနိ၊အဝိဇ္ဇာ သင်္ခါရ ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ ဇာတိ ဇရာ မရဏ သောက ဒုက္ခ ဒေါမနဿ ဥပါယာသ ပုဒ်တို့သည်၎င်း။ ဥပရိ၊ ပဋိစ္စသမုပ္ပါဒ်မှအထက်၌။ ဗုဒ္ဓသ၊ တဆဲ့လေးပါး ကုန်သော။ ပဒါနိ၊ ဣန္ဒြိယ ပါဒ ဗိဇ္ဇ နှစ်ပုဒ်သည် ကြဉ်အပ်ကုန်သော ပုဒ်တို့သည်၎င်း။ ဉာဝ၊ ဤဗာဟိယ မာတိကာတို့တွင်။ ဒသသု၊ ဆယ်ပါး ကုန်သော။ ဂေါစ္ဆကေသု၊ ဂေါစ္ဆကတို့၌။ သမတိံသ၊ အမျှသုံးဆယ်ကုန်သော။ ပဒါ၊ တရားကိုယ်သာရကောင်းသောပုဒ်တို့သည်၎င်း။ ဟောန္တိ၊ဖြစ်ကုန်၏။.... ဗူဠန္တရဒုကာ၊ဗူဠန္တရ ဒုက်မှ။ ဒုဝေ၊ အပ္ပစ္စယ အသင်္ခတ နှစ်ပုဒ် တို့သည်၎င်း။ မဟန္တရာ၊ မဟန္တရဒုက်မှ။ အဋ္ဌ၊ ရှစ်ပါးကုန်သော စေတသိက်ကိုရသောပုဒ် စေတသိက်နှင့်တကွ ဝိညာဏ်ခွေကိုရသော ပုဒ်တို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဣမာနိ နဝုတိပဒါနိ၊ ဤ-၉၀-သော ပုဒ်တို့ကို။ ဣမသ္မိံဝါရေ၊ ဤတတိယနယ နိဒ္ဒေသဝါရ၌။ ဘဂဝတာ၊- သည်။ ဝုတ္တာ- ကုန်၏။

**ကောက်နုတ်ချက်**....ဤတတိယနယနိဒ္ဒေသ၌ဟောပုဒ်ပေါင်း-၉၀ ဟူသည်- အဗ္ဘန္တရမာတိကာပုဒ်ပေါင်း (၅၀) ဗာဟိယမာတိကာပုဒ် (၄၀) အားဖြင့်-၉၀-ဖြစ်၏။ ထိုနှစ်ပါးတို့တွင် အဗ္ဘန္တရမာတိကာပုဒ် (၅၀) ဟူသည် ခန္ဓနိဒ္ဒေသ၌-၃-ပုဒ်။....သစ္စ-၌-၃။.... ဣန္ဒြိယ၌-၁၆။ ပဋိစ္စသမုပ္ပါဒ်၌-၁၄။ .. သတိပဋ္ဌာန်၌-၁။....သမ္မပ္ပဓာန်၌-၁။....ဈာန်၌-၁။ ...အပ္ပမညာ၌-၁။....ပဉ္စိန္ဒြိယ၌-၁။....ဗလ၌-၁။....ဗောဇ္ဈင်္ဂ၌-၁။....မဂ္ဂ၌-၁။....ဖဿသတ္တကရာသိ၌ စိတ္တကြည်-၆။ပုဒ်အားဖြင့်-၅၀ ဖြစ်သတည်း။

ဗာဟိယမာတိကာပုဒ်(၄၀)ဟူသည်-တိက်၌မရှိ။....ဒုက်၌တရား ကိုယ်သာ ရသော ဂေါစ္ဆကပုဒ်-၃၀။.... စူဠန္တရဒုက်၌-၂-ပုဒ်။.... မဟန္တရဒုက်၌-၈-ပုဒ်အားနှင့်-၄၀-ဖြစ်သတည်း။

---

**အကျဉ်းဆောင်ပုဒ်ဂါထာပါဌ်၏အနက်ကိုပြခြင်း။**

ကျာ-ရာ-ဓမ္မာ-ဂါ-ရာ-ဝါ-ကံ၊ စာ-ရာ-ဟောန္တိ ယထာက္ကမံ။
ဝေ-သည်-သင်-နိ-ဣ-ဇိ-ဈာ-စေ၊ ဗိမိ-နှ-ဈာ-တတိယကေ။

ဝေ သည် သင် နိ ဣ ဇိ ဈာ စေ ဗိမိ၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ နိရောဓသစ္စာ ဣတ္ထိန္ဒြေ ဇိဝိတိန္ဒြေ ဈာနင် စေတသိကဓမ္မ ဝိတက္ကသဟာဘူဓမ္မဟူသော-၉-ပုဒ်၌။ယထာက္ကမံ၊အစဉ်အတိုင်း။ကျာ၊၁၁ ပုဒ်တို့ရင်း။ရာ၊ ၂-ပုဒ်တို့ရင်း။ဓမ္မာ၊၅၉-ပုဒ်တို့ရင်း။ဂါ၊၃-ပုဒ်တို့ရင်း။ရာ၊ ၂-ပုဒ်တို့ရင်း။ဝါ၊၄-ပုဒ်တို့ရင်း။ကံ၊၁-ပုဒ်ရင်း။စာ၊၆-ပုဒ်တို့ရင်း။ရာ၊ ၂-ပုဒ်တို့ရင်း။ ဣတိ၊ ဤသို့။ တတိယကေ၊ တတိယနယနိဒ္ဒေသ၌။ နဈာ၊ ၉၀-သောပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**သရုပ်အကျယ်။**

ဝေ အရ—ဝေဒနာက္ခန္ဓာ-၁၊....ဝေဒနိန္ဒြေ-၅၊.... ပဋိစ္စသမုပ္ပါဒ်၌ ဝေဒနာ သောက ဒုက္ခ ဒေါမနဿ-၄၊ .... ဖဿသတ္တက၌ ဝေဒနာ-၁-ပေါင်း .... .... .... ၁၁။

သည် အရ—သညာက္ခန္ဓာ-၁၊....ဖဿသတ္တက၌ သညာ-၁-ပေါင်း ၂။သင် အရ-သင်္ခါရက္ခန္ဓာ-၁၊....သစ္စာ၌ သမုဒယ,မဂ္ဂ ၂။ဣန္ဒြေ၌ သဒ္ဓိန္ဒြေ အစ အညာတာဝိန္ဒြေ အဆုံး-၈၊.... ပဋိစ္စ၌ အဝိဇ္ဇာ သင်္ခါရ ဖဿ တဏှာ ဥပါဒါန် ကမ္မဘဝ

ဥပါယာသ-၇၊…သတိ သမ္မ အပ္ပ ဣန္ဒြေ ဗိုလ် ဗော မဂ္ဂင်
၇၊ …. ဖဿ စေတနာ အဓိမောက္ခ မနသိကာရ-၄။
ဂေါစ္ဆကန်-၃၀-ပေါင်း …. …. …. ၅၆။
နီ အရ—နီရောဓသစ္စာ အပ္ပစ္စ အသင်္ခတပေါင်း။ …. ၃။
ဣ အရ—ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ-ပေါင်း …. …. ၂။
ဇီ အရ—ဇီဝိတိန္ဒြေ၊ .. ပဋိစ္စ၌ ဇာတိ ဇရာ မရဏာ-ပေါင်း …. ၄။
ဈာ အရ—ဈာန …. …. …. …. ၁။
စေ အရ—စေတသိက်ကိုသာ ရသော စေတသိက စိတ္တသမ္ပယုတ္တ
စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘု နုပရိဝတ္တိ …. ၆။
စိ အရ—စိတ္တသဟဘု စိတ္တာနုပရိဝတ္တိ …. …. ၂။
ရုပေါင်း……..၉၀။

ဤနည်းကား-ယေဝုစ္စတေစွဲတူရာပေါင်းသောနည်းတည်း။

**နည်းတပါးကား။**

၁ …ဝေ သည် သင် ဣ အရ….၄၇=၃-၁-၁။တနည်း။
၂ .. နီ အရ…. …. …. ၃=၄-၁-၁။တနည်း။
၃ … ဇီ ဈာ အရ …. …. ၅= ၂-၁-၁။တနည်း။
၄… စေ အရ …. …. …. ၆=၁-၁-၁။တနည်း။
၅….စိ အရ …. …. …. ၂=မ-၁-၁။တနည်း။

**မှတ်ချက်**….ဤ၌“မ”ဟူသည့် ခန္ဓာအရ မရှိသည်ကိုပြ၏ဟုမှတ်။
ဤနည်းကား-အဖြေတူပေါင်းသောနည်းတည်း။

---

**ယေဝုစ္စ-စွဲပုံကိုပြဆိုခြင်း။**

**ခေါင်းပုဒ်**…ဝေ-သည်-သင်-သု၊နိဗ္ဗာန်ရ၊ဟောမှုငါးပါးသာ။ ။
ထိုငါးပါးတွင်၊ဟောပုဒ်ကြည့်၊ကျန်လျှင်ယေဝုစ္စရာ။ ။

**ယေဝုစ္စ-စွဲရန်အကျယ်ကား။**

၁… ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ သုခုမရုပ် နိဗ္ဗာန်
ငါးပါးတို့တွင် တပါးပါးကို ဟောပုဒ် လုပ်လျှင် ကျန်-၄-ပါး
ကို ယေဝုစ္စ-စွဲအပ်၏။

၂ ...နှစ်ပါးကို ဟောပုဒ်လုပ်လျှင် ကျန်-၃-ပါးကို ယှဉ်-၄-ခွဲအပ်၏။
၃ .. သုံးပါးကို ဟောပုဒ်လုပ်လျှင် ကျန်-၂-ပါးကို ယှဉ်-၄-ခွဲအပ်၏။
၄....လေးပါးကိုဟောပုဒ်လုပ်လျှင်ကျန်-၁-ပါးကိုယှဉ်-၄-ခွဲအပ်၏။

---

**ဟောနည်းစစ်အကျဉ်းကိုပြခြင်း။**

ဒုတိယနယနိဒ္ဒေသကို....မှဲ့၌၊တတိယနယနိဒ္ဒေသကို-၏။
၁....အဇ္ဈတ္တိက,ဗဟိဒ္ဓမာတိကာနိဒ္ဒေသအားဖြင့် .... ၂-ပါး။
၂ ...ခန္ဓာဒိ,ဖဿသတ္တကရာသိနိဒ္ဒေသ အားဖြင့် .... ၂-ပါး။
၃....ခန္ဓနိဒ္ဒေသ၊သစ္စ....၊ဣန္ဒြိယ....၊ပဋိစ္စသမုပ္ပါဒ....၊သတိ....၊သမ္မပ္ပဓာန ...၊အပ္ပ....၊ပဋိန္ဒြိယ ...၊ဗလ .. ၊ဗောဇ္ဈင် ...၊မဂ္ဂင်နိဒ္ဒေသအားဖြင့် .... .... .... .... .... ၁၂-ပါး။
၄....ဝေဒနာက္ခန္ဓ သညာက္ခန္ဓသင်္ခါရက္ခန္ဓနိဒ္ဒေသအားဖြင့်-၃-ပါး။

**ဟောဟာနိကား။**

ဝေဒနာက္ခန္ဓေန ယေဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ- အာယတနသင်္ဂဟေန သင်္ဂဟိတာ-ဓာတု သင်္ဂဟေန သင်္ဂဟိတာ၊ တေဓမ္မာ ကတိဟိခန္ဓေဟိ- ကတိဟာယတနေဟိ- ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ တေဓမ္မာ အသင်္ခတံ ခန္ဓတော ဌပေတွာ တီဟိခန္ဓေဟိ-ဧကေနာယတနေန-ဧကာယ ဓာတုယာ သင်္ဂဟိတာ၊-ဟူသည့်တည်း။ ။[အနက်ပေး။ ဓမ္မသင်္ဂဏီ ပုစ္ဆာ ဝိဿဇ္ဇနာ သုံးချက်ကို ဒုတိယ နယကို မှီး၍ သိကြကုန်။] ။

တတိယနယနိဒ္ဒေသကိုပြဆိုသောအခန်းပြီး၏။

---

**စတုတ္ထနယ၌ လက္ခဏာနှင့်တကွ ဟောပုဒ်ကိုပြခြင်း။**

ခန္ဓာ အာယတန ဓာတ် တူချင်း လက္ခဏာ ရှိသော တရား မျိုးကို ကတ္တားပြန် ကံပြန် အားဖြင့် သင်္ဂဟိတ ပြု၍ ဟော၏။ သင်္ဂဟိတေန သင်္ဂဟိတပဒ ဖြစ်ခြင်းကြောင့် ခန္ဓာဝစသည် မတူမှု မဟောဟုမှတ်။

**ဤကား....**တတ္ထ ယံခန္ဓာဒိဟိ သင်္ဂဟိတေန ခန္ဓာဒိဝသေန သင်္ဂဟိတံ ပုန တသောဝ ခန္ဓာဒိဟိသင်္ဂဟံ ပုစ္ဆိတွာ ဝိဿဇ္ဇနံ ကတံ=ဟူသော အဋ္ဌကထာနှင့် အညီတည်း။

78-43

တတ္ထ၊ ထိုစတုတ္ထနယနိဒ္ဒေသဝါရ၌။ ယံ၊ အကြင်သဘော တရားသည်။ခန္ဓာဒိပဒ်၊ခန္ဓာအာယတနဓာတ်တို့ဖြင့်။ သင်္ဂဟိတေန၊ ရေတွက်အပ်သောတရားသည်။ခန္ဓာဒိဝသေန၊ခန္ဓာစသည်တို့၏အစွမ်းဖြင့်။သင်္ဂဟိတံ၊-သည်။ ဟောတိ၊ဖြစ်၏။ပုန၊တဘန်။ တသော၀၊ ထိုသဘောတရားကိုသာလျှင်။ခန္ဓာဒိပဒ်၊-တို့ဖြင့်။သင်္ဂဟံ၊ရေတွက်ခြင်းကို။ ပုစ္ဆိတွာ၊ မေး၍။ဝိဿဇ္ဇနံ၊ဖြေခြင်းကို။ကတံ၊ပြုအပ်၏။

**အဓိပ္ပါယ်** ...ဟောပုဒ်ဖြစ်သော တရားသည် မိမိနှင့် ခန္ဓာ အာယတန ဓာတ်တူသော တရားကိုရှာ၍ တဘန် ခန္ဓာ အာယတန ဓာတ်တူသော တရားက မိမိနှင့် ခန္ဓာအာယတန ဓာတ်တူသော တရားကို ရှာပြန်သော် ပထမဟောပုဒ်ဖြစ်သော တရားကို တွေ့မြင် လိမ့်မည်။ ၎င်းတရားကို သင်္ဂဟိတအားဖြင့် အမေးအဖြေပြု၍ ဟော၏ဟူလို။ ။ပထမ ကတ္တား-ပထမကံ, ဒုတိယ ကတ္တား - ဒုတိယကံ ဖြင့် သော်လည်း ခွဲ၍ကြည့်။

**မှု** ...ဤစတုတ္ထနယ၌ အဘယ်သို့သောပုဒ်မျိုးကို ဟောပါသနည်း ဟုမေး။

**ဖြေ**....ခန္ဓာ အာယတန ဓာတ်တူသော-သမုဒယသစ္စာတစိတ်, ဝေဒနိဒ္ဒေ ငါးပါး တစိတ်, သုခုမရုပ်တစိတ်, သဒ္ဒ သုံးပါး တစိတ် ရသောပုဒ်မျိုးကို ဟောသည်ဟုဖြေ။

**ဤကား**....ယာနိ ပန ပဒါနိ သမုဒယ ကဒေသံ ဝါ အညေန အသမ္ဗိဿံ ဒွိပေဒ္ဒ၊ ဝေဒနေကဒေသံဝါ, သုခုမရူပံဝါ, သဒ္ဒေကဒေသံဝါ၊ တာနိ ဣဓ ဂဟိတာနိ = ဟူသော အဋ္ဌကထာနှင့် အညီတည်း။

ပန၊ အကျိုးတပါးကား။ ယာနိပဒါနိ၊ အကြင် ပုဒ်တို့သည်။ အညေန၊ သမုဒယမှ တပါးသောတရားနှင့်။ အသမ္ဗိဿံ၊ မရောသော။ သမုဒယေကဒေသံ၊သမုဒယတရားတစိတ်ကိုလည်း။ ဒိပေန္တိ၊ပြကုန်၏။ အညေန၊-နှင့်။ အသမ္ဗိဿံ၊-သော။ဝေဒနေကဒေသံဝါ၊ဝေဒနိဒ္ဒေငါးပါးကိုင၎်း။ သုခုမရူပံဝါ၊ သုခုမရုပ်ကို၎င်း။ သဒ္ဒေကဒေသံဝါ၊ သဒ္ဒသုံးပါးတစိတ်ကို၎င်း။ ဒိပေန္တိ၊ကုန်၏။ တာနိ၊ထိုသို့သဘောရှိသော ပုဒ်တို့ကို။ ဣဓ၊ဤစတုတ္ထနယနိဒ္ဒေသ၌။ဂဟိတာနိ၊ယူအပ်ကုန်၏။

**ဆောင်ပုဒ်**....သင်-သု-ဝေ-သ၊တစိတ်ရ၊ဟောပြစတုတ္ထာ။

ဤ၌ သဒ္ဒသုံးပါး ဟူသည်- ပရိဒေဝ စိတ္တဇ ဝိပလ္လာသ သဒ္ဒ, အပရိဒေဝစိတ္တဇသဒ္ဒ,ဥတုဇသဒ္ဒ တို့ကိုဆိုလို၏။

---

## ဥဒ္ဒေါ်နီးစဉ်ဂါထာပါဠိအနက်ကိုပြခြင်း။

နွေ သစ္စာ,ပန္နရသိန္ဒြိယာ၊ကောဒသ ပဋိစ္စပဒါ။
ဥဒ္ဒံ ပုန ကောဒသ၊ဂေါစ္ဆကပဒမေတ္တ တိံသဝိဓံတိ။ ။

နွေ၊ နှစ်ပါးကုန်သော။ သစ္စာ၊ သမုဒယ မဂ္ဂ သစ္စာတို့ရင်း။ ပန္နရသ၊ တဆဲ့ငါးပါးကုန်သော။ ဣန္ဒြိယာ၊ဣတ္ထိန္ဒြေ ပုရိသိန္ဒြေသုခိန္ဒြေ-ပ-အညာတာဝိန္ဒြေတို့ရင်း။ ကောဒသ၊ တဆဲ့တပါးကုန်သော။ပဋိစ္စပဒါ၊အဝိဇ္ဇာသင်္ခါရ ဖဿ တဏှာ ဥပါဒါန် ကမ္မဘဝ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်တို့ရင်း။ ပုန၊တဘန်။ ဥဒ္ဒံ၊ ပဋိစ္စသမုပ္ပါဒ်မှ အထက်၌။ ကောဒသ၊ တဆဲ့တပါး ကုန်သော သတိပဋ္ဌာန် သမ္မ အပ္ပ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင် ဖဿ စေတနာ အဓိမောက္ခ မနသိကာရ တို့ရင်း။ တိံသဝိဓံ၊ သုံးဆယ် အပြား ရှိသော။ ဂေါစ္ဆကပဒံ၊ တရားကိုယ်သာ ရကောင်းသော ဂေါစ္ဆက ပုဒ်ရင်း။ ဣတိ၊ ဤသို့။ ဣမာနိကျေနသတ္တတိပဒါနိ၊ ဤ-၆၉-ပုဒ်တို့ကို။ ဧတ္ထ၊ ဤစတုတ္ထနယနိဒ္ဒေသဝါရ၌။ ဘဂဝတာ၊-သည်။ ဝုတ္တာနိ၊-ကုန်၏။

**ကောက်နုတ်ချက်**....ဤစတုတ္ထနယနိဒ္ဒေသ၌ ဟောပုဒ်ပေါင်း-၆၉ ပုဒ်ဟူသည် အဗ္ဘန္တရ မာတိကာ ပုဒ်ပေါင်း (၃၉)....ဗာဟိယ မာတိကာပုဒ်ပေါင်း (၃၀) အားဖြင့်-၆၉-ဖြစ်၏။ ထိုနှစ်ပါးတို့တွင်-အဗ္ဘန္တရမာတိကာ (၃၉) ဟူသည် သစ္စနိဒ္ဒေသ၌-၂-ပုဒ်၊.... ဣန္ဒြိယ၌- ၁၅ ပုဒ်၊ ...ပဋိစ္စ၌-၁၁-ပုဒ်၊....သတိပဋ္ဌာန်-၁၊.... သမ္မ-၁၊.... အပ္ပ-၁၊ ဣန္ဒြေ-၁၊ ...ဗလ-၁၊ ...ဗော-၁၊ ...မဂ်-၁၊....ဖဿသတ္တကန်၌ဖဿ စေတနာ အဓိမောက္ခ မနသိကာရ-၄-ပုဒ်အားဖြင့်-၃၉-ဖြစ်သတည်း။ ဗာဟိယ မာတိကာပုဒ် (၃၀) ဟူသည် တိက်၌မရှိ၊ ဒုက်၌ ဂေါစ္ဆက ဆယ်ချ၌ တရားကိုယ်ရသောပုဒ်-၃၀-ပင်ဖြစ်သတည်း။

---

## အကျဉ်းဆောင်ပုဒ်ဂါထာပါဌ်အနက်ကိုပြခြင်း။

ဂဝါ-မကာ-ရာ-ဒါယဋ္ဌ၊ ဘာဝန္တိမေ ယထာက္ကမံ။
သ-မ-ဣ-သု-ပရိ-ဗျာတာ၊ ဂဏာဣတိစတုဗ္ဗဂေ။ ။

သ-မ-ဣ-သု-ပမ္ဒိ၊ သခုဒယာသစ္စာ မဂ္ဂသစ္စာ ဣတ္ထိန္ဒြေ သုခိန္ဒြေ ပရိဒေဝဟု ဆိုအပ် ကုန်သော ငါးပါးသောပုဒ်၌။ ယထာက္ကမံ၊ အစဉ် အတိုင်း။ ဂဝါ၊ ၄၃-ပုဒ်တို့ပင်း၊ ကမာ၊ ၁၅-ပုဒ်တို့ပင်း။ရာ၊ ၂-ပုဒ်တို့ပင်း။ ဒါ၊ဂ-ပုဒ်တို့ပင်း။ ယဋ္ဌ၊ ၁-ပုဒ်ပင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗဂေ၊ စတုဗ္ဗနယနိဒ္ဒေသ၌။ ဂဏာ၊ အပေါင်း ဖြစ်ကုန်သော ပုဒ်တို့သည်။ ဣမေဗျာတာ၊ ဤ-၆၉-ပုဒ်တို့သည်။ ဘာဝန္တိ၊ ဖြစ်ကုန်၏။

### သချပ်အကျယ်။

သ အရ—သမု-သဒ္ဒိန်၊ ဝိရိယိန်၊ သတိန်-အဝိဇ္ဇာ။
ဖဿ တဏှာ၊ ဥပါဒါ၊ ပါယာ-၉-ခုသာ။
ဖဿ သတ္တက၊ ၄-ခုမှ၊ ဝေါဿက-၃၀-ပါ=ပေါင်း၄၃။
မ အရ—မဂ္ဂ-သမာ၊ ဝိန္ဒြေဖြာ၊ သဉ်ါ ကမ္မ ၅စ်။
သတိပဋ္ဌာန် အစခံ၊ မဂ္ဂ ဆုံးခုနစ်=ပေါင်း .... ၁၅။
ဣ အရ—ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ=ပေါင်း ... .... ၂။
သု အရ—သုခိန္ဒြေ စသော ဣန္ဒြေ-၅-သောက ဒုက္ခ
ဒေါမနဿ=ပေါင်း .... .... .... ဂ။
ပ အရ-ပရိဒေဝ .... .... .... .... ၁။
ပုဝပေါင်း .... ၆၉။

ဤနည်းကား ယေဘုယ-တေဘုယျရာပေါင်းသောနည်းတည်း။

### နည်းတပါးကား။

၁....ဤ-၆၉-ပုဒ်လုံးသည်။ ခန္ဓာ-၁-ပါး။ အာ-၁-ပါး။ ဓာတ်-၁-ပါး စီပင် ဖြစ်၏။.... ခန္ဓာ အာယတန ဓာတ်အလျားမရှိ။ တနည်းသာ ဖြစ်၏ဟုလို။

---

### ယေဘုယ-ခွဲပုံကိုပြခြင်း။

**ဆောင်ပုဒ်**...ဟောပုဒ်နှင့်သာ၊ ခန် အာ ဓာတ် တျ၊ ဟာရေးမှု၊ စွဲယူ "ပ" ယေဘုယ။

"ပ" ယေနှင့်သာ၊ တူလေရာ၊ ခွဲပါ "ဒု" ယေသာ။
ဘနည်းမှာကား။ ဟောပုဒ်အား၊ ခွဲပြား "ဒု" ယေသာ။
ဟောပုဒ်ကိုပင်၊ ခန်စတင်၊ ဖြေလျှင်တစ်သုံးဖြာ။

**ယေခွဲ-ခွဲရန်အကျယ်ကား။**

၁....သင်္ခါရက္ခန္ဓာ-၅၀-တို့တွင်- တစိတ်ကို ဟောပုဒ် လုပ်လျှင် ထို ဟောပုဒ်နှင့် ခန္ဓာ အာယတန ဓာတ်တူသော ကျန်သင်္ခါရကို ပထမ ယေခွဲ-ခွဲအပ်၏။.... ၎င်းပထမ ယေအရနှင့် ခန္ဓာ အာယတန ဓာတ်တူသော ဟောပုဒ် သင်္ခါရကို ဒုတိယယေခွဲ-ခွဲအပ်၏။

၂....သုခုမရုပ်သောဠသတို့တွင်- တစိတ်ကို ဟောပုဒ် လုပ်လျှင် ထို ဟောပုဒ်နှင့် ခန္ဓာ အာယတန ဓာတ်တူသော ကျန်သုခုမရုပ်ကို ပထမယေခွဲ- ခွဲအပ်၏။ ... ၎င်းပထမယေအရနှင့် ခန္ဓာ အာယ တန ဓာတ်တူသောဟောပုဒ်သုခုမရုပ်ကိုဒုတိယယေခွဲ-ခွဲအပ်၏။

၃....ဝေဒနိန္ဒြေငါးပါးတို့တွင်-တစိတ်ကိုဟောပုဒ်လုပ်လျှင် ကျန်ဝေဒ နိန္ဒြေကို ပထမယေခွဲ- ခွဲအပ်၏။.... ၎င်းပထမယေအရနှင့် ခန္ဓာ အာယတန ဓာတ်တူသော ဟောပုဒ်ဝေဒနိန္ဒြေကို ဒုတိယယေခွဲ ခွဲအပ်၏။

၄....ပရိဒေဝစိတ္တစေတသိကသဒ္ဒ အပရိဒေဝစိတ္တဇသဒ္ဒ ဥတုဇသဒ္ဒ သုံးပါးတို့တွင်- တစိတ်သဒ္ဒကို ဟောပုဒ်လုပ်လျှင် ကျန်သဒ္ဒနှစ် ပါးကို ပထမယေခွဲ-ခွဲအပ်၏။.... ၎င်းပထမယေခွဲနှင့် ခန္ဓာ အာ ယတနဓာတ် တူသော ဟောပုဒ်သဒ္ဒကို ဒုတိယယေခွဲ-ခွဲအပ်၏။

**အသူး**.... မဂ္ဂသစ္စာ ဟောပုဒ်၌ မဂ္ဂင်သည်- လောကီမဂ္ဂင် လော ကုတ္တရာမဂ္ဂင်အားဖြင့်- ၂-ပါး အပြားရှိရာ လောကုတ္တရာမဂ္ဂင်ကိုဟော ပုဒ်ဖြစ်၍ ကြည့်ပြားသော်လည်း လောကီမဂ္ဂင်ဗုကျန်သေးရကား-ပထ မယေ၌ မလျော့မှု၍ သင်္ခါရက္ခန္ဓာ-၅၀-ကိုပင် ခွဲအပ်၏ဟု မှတ်။.... [သမာဓိန္ဒြေ စသော ပုဒ်တို့ကိုလည်း နည်းတူသိကြကုန်။]

---

**ဟောရိုးစစ်အကျဉ်းကိုပြခြင်း။**

တတိယနယနိဒ္ဒေသကို....မှဲ၍၊ စတုတ္ထနယနိဒ္ဒေသကို-၏။

၁ ...အဇ္ဈတ္တ,ဗာဟိရ,ဗဟိဒ္ဓာတိကာနိဒ္ဒေသအားဖြင့် ... ၂-ပါး။

၂ ...သစ္စ,ဖဿသတ္တကရာသိနိဒ္ဒေသအားဖြင့် .... ၂-ပါး။
၃ ...သစ္စနိဒ္ဒေသ၊ ဣန္ဒြိယ....၊ ပဋိစ္စ ...၊ သတိ ...၊ သမ္မ....၊ အပ္ပ....၊ ပဋ္ဌိန္ဒြိယ....၊ဗလ ...၊ဗောဇ္ဈင်....မဂ္ဂင်္ဂနိဒ္ဒေသအားဖြင့် ၁၀ပါး။
၄...သမုဒယသစ္စနိဒ္ဒေသ, မဂ္ဂသစ္စနိဒ္ဒေသအားဖြင့် .... ၂-ပါး။

**ယောဟနိကား။**

သမုဒယသစ္စေန ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ- အာယတနသင်္ဂဟေန သင်္ဂဟိတာ- ဓာတုသင်္ဂဟေနသင်္ဂဟိတာ၊ တေဟိဓမ္မေဟိ ယေဓမ္မာ ခန္ဓသင်္ဂဟေနသင်္ဂဟိတာ- အာယတနသင်္ဂဟေန သင်္ဂဟိတာ- ဓာတုသင်္ဂဟေန သင်္ဂဟိတာ။ တေဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိဓာတူဟိသင်္ဂဟိတာ၊ တေဓမ္မာဧကေန ခန္ဓေန- ဧကေနာယတနေန- ဧကာယဓာတုယာ သင်္ဂဟိတာ။- ဟူသည်တည်း။.... [အနက်ပေး။.... သမုဒယသစ္စေန-ပ-သင်္ဂဟိတာ- တိုင်အောင်ကား ဓမ္မုဒ္ဒေါ၊ တေဓမ္မာကတိဟိ-ပ-သင်္ဂဟိတာ- တိုင်အောင်ကားပုစ္ဆာ၊ တေဓမ္မာဧကေန-ပ-သင်္ဂဟိတာ-တိုင်အောင်ကား ဝိဿဇ္ဇနာ။] ။

စတုတ္ထနယနိဒ္ဒေသကိုပြဆိုသောအခန်းပြီး၏။

---

**ပဉ္စမနယဥ္ဒသက္ခဏာနှင့်တကွယောဟနိကိုပြခြင်း။**

ခန္ဓာ အာယတန ဓာတ် မတူခြင်း လက္ခဏာရှိသော တရားမျိုးကို ကဏ္ဍားပြန် ကံပြန်အားဖြင့် အသင်္ဂဟိတပြု၍ဟော၏။အသင်္ဂဟိတေန အသင်္ဂဟိတပဒဖြစ်ခြင်းကြောင့် ခန္ဓာ စသည်တူမှု မဟောဟုမှတ်။

ဤကား ...တတ္ထ ယံ ခန္ဓာဒိဟိ အသင်္ဂဟိတေနခန္ဓာဒိဝသေန အသင်္ဂဟိတံ ပုန တသော ခန္ဓာဒိဟိ အသင်္ဂဟံပုစ္ဆိတွာ ဝိဿဇ္ဇနံ ကတံ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

တတ္ထ၊ထိုပဉ္စမနယနိဒ္ဒေသဝါရ၌။ယံ၊အကြင်သဘောတရားသည်။ ခန္ဓာဒိဟိ၊ ခန္ဓာအာယတနဓာတ်တို့ဖြင့်။ အသင်္ဂဟိတေန၊ မရေတွက် အပ်သောတရားသည်။ ခန္ဓာဒိဝသေန၊ ခန္ဓာ အစရှိသည်တို့၏ အစွမ်းဖြင့်။ အသင်္ဂဟိတံ-သည်။ ဟောတိ-၏။ ပုန၊ တဖန်။ တသော၊ ထို

သဘောတရားကိုသာလျှင်။ ခန္ဓာဒိဟိ၊–တို့ဖြင့်။ အသင်္ဂဟံ၊ မရေတွက်ခြင်းကို။ ပုစ္ဆိတွာ၊ မေး၍။ ဝိဿဇ္ဇနံ၊ ကို။ ကတံ၊–၏။

**အဓိပ္ပါယ်**.... ဟောပုဒ်ဖြစ်သော ကတ္တားအရတရားသည် မိမိနှင့် ခန္ဓာ အာယတန ဓာတ် မတူသော တရားကို ရှာပြီးလျှင်– ပထမယေဝမ္ဘာဟူသော ကံပုဒ်အရယူ၍ ထိုပထမယေဝမ္ဘာ ဟူသော ကံပုဒ်အရတရားက- ခန္ဓာအာယတန ဓာတ်မတူသော တရားကို တဖန်ရှာ၍ ရသောတရားကို အသင်္ဂဟိတအားဖြင့် အမေးအဖြေပြု၍ဟော၏ဟူလို။

မု ...ဤပဋ္ဌမနယ၌ အဘယ်သို့သော ပုဒ်မျိုးကိုဟောပါသနည်းဟု မေး။

ဝိ....ခန္ဓာငါးပါး တစိတ်ရသောပုဒ် နိဗ္ဗာန်ရသောပုဒ်မျိုးကိုဟောသည်ဟုဖြေ။.... [သုခုမရုပ်နှင့် ရောသော ဝိညာဏက္ခန္ဓာကို ကားမဟောဟုမှတ်။] ။

**ဤကား**....ယာနိ ပန ပဉ္စက္ခန္ဓေ ဝိညာဏဉ္စ သုခုမရူပေနသဒ္ဓိံ ဧကတော နဒိပေန္တိ၊ တာနိ ဣဓ ဂဟိတာနီ= ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ပန၊ အဘိုတပါးကား။ ယာနိ၊ အကြင်ပုဒ်တို့သည်။ ပဉ္စက္ခန္ဓေစ၊ ငါးပါးသော ခန္ဓာတို့ကိုလည်း။ သုခုမရူပေန၊ သုခုမရုပ်နှင့်။ သဒ္ဓိံ၊ တကွ။ ဧကတော၊ တပေါင်းတည်းသော။ ဝိညာဏဉ္စ၊ ဝိညာဏ်ကိုလည်း။ နဒိပေန္တိ၊ မပြကုန်။ တာနိ၊ ထိုသို့သဘောရှိသော ပုဒ်တို့ကို။ ဣဓ၊ ဤပဋ္ဌမနယနိဒ္ဒေသဝါရ၌။ ဘဂဝတာ၊-သည်။ ဂဟိတာနိ၊ ယူအပ်ကုန်၏။

**ဆောင်ပုဒ်**....ခန္ဓာငါးဝ၊ ကုန်မရ၊ ဟောပြပဌမာ။
နိဗ္ဗာန်ရငြား၊ထိုပုဒ်အား၊ဟောကြားလေသည်သာ။
သုခရောက၊ဝိညာဏ၊ဟောရမရှိပါ။

---

## ဥဒ္ဒါန်းစဉ်ဂါထာပါဠိအနက်ကိုပြခြင်း။

သစ္စေ-ခန္ဓာ,တထာယတန၊ဓာတုယော,သစ္စတော-တယော။
ဣန္ဒြိယာနိပိ-သဗ္ဗာနိ၊တေဝိသတိပဋိစ္စတော။ ။

ပရတော–သောဠသပဒါ၊တေစတ္တာလီသကံ တိကေ။
ဒွေဂါစ္ဆကေ-သတ္တတိဒ္ဒေစ၊သတ္တ–မူဠဇ္ဇော ရေပဒါ။ ။

မဟန္တရေ ပဒါ ဝုတ္တာ၊အဋ္ဌာရသ,တတော ပရံ။
အဋ္ဌာရသေဝ ဉာတဗ္ဗာ၊သေသာ ဏူဓ နဘာသိတာ။ ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ခန္ဓာ၊ ခန္ဓာတို့ဂုဏ်။ တထာ၊ ထို့အတူ။ သဗ္ဗေ၊ခပ်သိမ်းကုန်သော။အာယတနဓာတုယော၊အာယတနဓာတ်တို့ဂုဏ်။သစ္စတော၊သစ္စာမှ။ တယော၊ သုံးပါးကုန်သော-သမုဒယ နိရောဓ မဂ္ဂသစ္စာတို့ဂုဏ်။ သဗ္ဗာနိ၊-ကုန်သော။ ဣန္ဒြိယာနိပိ၊ဣန္ဒြေတို့ဂုဏ်။ ပဋိစ္စ တော၊ပဋိစ္စသမုပ္ပါဒ်မှ။ တေဝီသတိ၊ ဥပပတ္တိဘဝ ကာမ ရူပ သညီ ပဉ္စ ဝေါကာရဘဝ-ဤငါးပါး ကြဉ်အပ်ကုန်သော နှစ်ဆဲ့သုံးပါးသော ပုဒ်တို့ဂုဏ်။ပရတော၊နောက်မှ။ သောဠသပဒါ၊သတိပဋ္ဌာန်အစ မနသိကာ ရ အဆုံးရှိသော တဆဲ့ ခြောက်ပါးသော ပုဒ်တို့ဂုဏ်။ တိကေ၊ တိက်၌။ တေစတ္တာလီသကံ၊ နာမက္ခန္ဓာ တစိတ်ကိုသာ ရသောပုဒ် နာမက္ခန္ဓာ လေးပါးကိုရသောပုဒ် နာမက္ခန္ဓာလေးပါး နိဗ္ဗာန်ကိုရသောပုဒ် ရုပ်တ စိတ်ကိုသာ ရသောပုဒ် ဖြစ်ကုန်သော- ၄၃- ပါးသော ပုဒ်တို့ဂုဏ်။ ဂေါစ္ဆကေ၊ ဂေါစ္ဆက၌။ သတ္တတိဒွေစ၊ နာမက္ခန္ဓာ တစိတ် ကိုသာ ရသောပုဒ် နာမက္ခန္ဓာလေးပါးကိုသာ ရသောပုဒ် နာမက္ခန္ဓာလေးပါး နိဗ္ဗာန်ကို ရသောပုဒ် ဖြစ်ကုန်သော-၇၂-ပါးသော ပုဒ်တို့ဂုဏ်။ ဗုဒ္ဓန္တ ရေ၊ဗုဒ္ဓန္တရဒုက်၌။ သတ္တ၊ခုနစ်ပါးကုန်သော။ ပဒါ၊ အပ္ပစ္စယ အသင်္ခတ သနိဒဿန သပ္ပဋိဃ ရူပီ အရူပီ လောကုတ္တရာဟု ဆိုအပ် ကုန်သော ပုဒ်တို့ဂုဏ်။ မဟန္တရေ၊ မဟန္တရဒုက်၌။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန် သော။အဋ္ဌာရသ၊တဆဲ့ရှစ်ပါးကုန်သော။ပဒါ၊နာမက္ခန္ဓာတစိတ် ရုပ်တ စိတ်ကိုရသော ပုဒ်တို့ဂုဏ်။တတော၊ထိုမဟန္တရဒုက်မှ။ပရံ၊နောက်ဖြစ် သော ပိဋ္ဌိဒုက်၌။ အဋ္ဌာရသေဝ၊ တဆဲ့ရှစ်ပါးသာလျှင် ဖြစ်ကုန်သော။ ပဒါ၊နာမက္ခန္ဓာကိုသာရသောပုဒ် နာမက္ခန္ဓာလေးပါးနိဗ္ဗာန်ကိုရသော ပုဒ်တို့ဂုဏ်။ဣတိ၊ဤသို့။ဧတာနိ၊ဤ- ၂၅၇-ပုဒ်တို့ကို။ ဣဓ၊ ဤပဉ္စမနယ နိဒ္ဒေသဝါရ၌။ဘဂဝတာ၊သည်။ ဘာသိတာ-ဘာသိတာနိ၊ဟောတော် မူအပ်ကုန်၏။ သေသာ၊ ကြွင်းသော-၁၁၄-ပုဒ်တို့ကို။ နဘာသိတာ၊မ ဟောအပ်ကုန်။ဣတိ၊ဤသို့။ဉာတဗ္ဗာ၊သိအပ်ကုန်၏။

**ကောက်နုတ်ချက်**....ဤပဉ္စမနယနိဒ္ဒေသ၌ ဟောပုဒ်ပေါင်း-၂၅၇ ပုဒ်ဟူသည် အဘိဓမ္မာ မာတိကာ ပုဒ်ပေါင်း (၉၉)....ဗာဟိုယူ မာတိ

ကာ ပုဒ်ပေါင်း (၁၅၀)….အားဖြင့်–၂၅၇–ဖြစ်၏။ ထိုနှစ်ပါး တို့တွင်–အဘိဓမ္မာမာတိကာ (၉၉) ဟူသည်–သစ္စာဒ္ဒ ဒုက္ခသစ္စာ–၁–ပါး။ပဋ္ဌိစ္စဒ္ဒ ဥပပတ္တိ ကာမ ရူပ သညီပဋ္ဌဝေါကာရဘဝကြီး၄ါးပါး ပေါင်း–ခြောက်ပါးကြည့်၍ နိဒ္ဒေသ တဆဲ့ ၄ါးပါးလုံး ပေါင်းသော် (၉၉) ပုဒ်ဖြစ်သတည်း။….ဗာဟိယ မာတိကာ (၁၅၀) ဟူသည် တိက်ဒ္ဒ–၄၃–ပုဒ်။ ဒုက်ဒ္ဒ–၁၀၅–ပုဒ်အားဖြင့် (၁၅၀) ပုဒ်ဖြစ်သတည်း။

---

## အကျဉ်းဆောင်ပုဒ်ဂါထာပါဠိအနက်ကိုပြခြင်း။

ခရာ–ရဇာ–ဂယာ–နဂါ၊ရာ–ဇညကာ–ဘဝတ္တိမေ။
ရူ–ဝေ–ဝိ–စ–သ–အ–မှော၊သမုဒ္ဒာဏ္ဍတိပဋ္ဌမေ။ ။

ရူ ဝေ ဝိ စ သ အမှော၊ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ ဝိညာဏက္ခန္ဓာ စက္ခာယတန သဠာယတန အရူပ ဘဝဟု ဆိုအပ်သော ခြောက်ပါးသောပုဒ်ဒ္ဒ။ ယထာက္ကမံ၊အစဉ်အတိုင်း။ခရာ၊ ၂၂–ပုဒ်တို့ရင်း။ရဇာ၊ဂ၂ ပုဒ်တို့ရင်း။ဂယာ၊၁၃–ပုဒ်တို့ရင်း။နဂါ၊ ၃၀–သောပုဒ်တို့ရင်း။ရာ၊ ၂–ပုဒ်တို့ရင်း။ ဇညကာ၊ ၁၀ဂ–ပုဒ်တို့ရင်း။ ဏ္ဍတိ၊ ဤသို့။ ပဋ္ဌမေ၊ ပဋ္ဌမနယဒ္ဒ။ ဏ္ဍမေသမုဒ္ဒာဝ၊ဤ ၂၅၇–ပုဒ်တို့သည်သာလျှင်။ဘဝတ္တိ၊ဖြစ်ကုန်၏။

## သရုပ်အကျယ်။

ရူ အရ–ရူပက္ခန္ဓာ–၁၊ ဓမ္မာယတန–၁၊ ဓမ္မဓာတ်–၁၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ဇီဝိတိန္ဒြေ–၃၊နာမ်ရုပ် အသညာဘဝ ဧကဝေါကာရဘဝ ဓာတိ ဇရာ မရဏ–၆၊ ရူ–၁၊ အနာရမဏ, နော စိတ္တ,စိတ္တဝိပ္ပယုတ္တ, စိတ္တသံသဋ္ဌ,သမုဋ္ဌာန, သဟဘု,နုပရိဝတ္တိ,ဗာဟိယ,ဥပါဒါ–၉–ပေါင်း …. …. ၂၂။

ဝေ အရ–တတိယနယဒ္ဒ ပြအပ်သော ဝေ အရ–၁၁။….သည် အရ–၂။….သင် အရ–၅၉။…. နိ အရ–၃၊ဈာ အရ–၁၊ စေ အရ–၆–ပေါင်း …. …. …. …. ဂ၂။

ဝိ အရ–ဝိညာဏက္ခန္ဓာ၊….မနာယတန၊သတ္တဝိညာဏဓာတ်–၇၊ မနိန္ဒြေ၊ဝိညာဏ၊စိတ္တ၊စိတ္တဓမ္မ–ပေါင်း …. ၁၃။

စ အရ—ဒုတိယနယ်၌ ပြအပ်သော စ အရ—၂၆။ ဖေါ် အရ—၂။ အ
အရ—၁၊သ အရ—၁—ပေါင်း .... .... .... ၃၀။
သ အရ—သဠာယတန—၁၊အဇ္ဈတ္တိကဝဂ္ဂ—၁—ပေါင်း .... ၂။
အ အရ—အရူပ,နေဝသညီ နာသညီ, စတုဝေါကာရဘဝ—၃၊ရူပိ
ပါဒိ-၁၊ သနိဒဿနသပ္ပဋိဃ, အနိဒဿနသပ္ပဋိဃ နှစ်ပါး
ကြည် တိက်—၄၁၊စေတသိက်ခန္ဓာ,နာမက္ခန္ဓာ,နာမက္ခန္ဓာ
လေးပါးနှင့် နိဗ္ဗာန် ရသော ဒုက်ပုဒ်—၄၂၊ ရူ—၌ အရူပီ—၁၊
လောကုတ္တရာ—၁ မဟာန္တရ၌ သာရမဏာ—၁၊ ပဋ္ဌာ—၌—၁၈
ပေါင်း ... .... .... .... .... ၁၀၈။
ရုပေါင်း .... ၂၅၇။

ဤကား—ယေဝွဲတေဝွဲတျူရာပေါင်းသောနည်းတည်း။

**နည်းတပါးကား။**

၁ ...ရု အရ—၂၂=၁-၁-၇။တနည်း။
၂....ဝေ အရ—၈၀=၂-၁၁-၁၇။တနည်း။
၃....ဝိ အရ—၁၃=၄-၁၁-၁၁။တနည်း။
၄....စ အရ—၃၀=၄-၂-၈။တနည်း။
၅....သ အရ—-၂-၃-၁-၁။တနည်း။
၆....အ အရ—၁၀၈=၁-၁၀-၁၀။တနည်း။

ဤနည်းကား—အဖြေတျူပေါင်းသောနည်းတည်း။

**မှတ်ချက်**....ဤနယ်၌ နည်းနှစ်ပါးမထူး၊ ပါဠိတော်၌ ဟောဂုဒ် ရုံ အောင်မပါ။

---

**ယေခွဲ-ခွဲပုံကိုပြခြင်း။**

**ဆောင်ပုဒ်**....ခန်အာမတျူ၊ဓာတ်မတျူ၊ခွဲယူယေနှစ်ဖြာ။
စ ယေကိုမှတ်၊ခန် အာဓာတ်၊ဖွဲ့လတ်ဖြေထုတ်ပါ။

အစပထမ ယေအရကိုမှတ်၍ ခန္ဓာအာယတန ဓာတ်ဖွဲ့ပြီးလျှင် အဖြေထုတ်ရမည် ဟူ၏။

## ယေဇ္ဇ-ဇွဲရန်အကျယ်ကား။

၁....ရုပ်ကို ဟောပုဒ် လုပ်လျှင် ဝိညာဏ်ကို ပထမ ယေဇွဲ-ဇွဲအပ်၏။ ၎င်းပထမယေဇွဲအရ ဝိညာဏ်နှင့် ခန္ဓာ အာယတနဓာတ် မတူသော ရုပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကိုဒုတိယ ယေဇွဲ-ဇွဲအပ်၏။

၂....ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန် လေးပါး တို့တွင် တခုခုကို ဟောပုဒ် လုပ်လျှင် ဝိညာဏ် ဩဠာရိကရုပ်ကို ပထမယေဇွဲ ဇွဲအပ်၏။ ၎င်းပထမယေဇွဲအရ ဝိညာဏ် ဩဠာရိကနှင့် ခန္ဓာ အာယတနဓာတ် မတူသော ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန် ကို ဒုတိယ ယေဇွဲ-ဇွဲအပ်၏။

၃....ဝိညာဏ်ကို ဟောပုဒ်လုပ်လျှင် ရုပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကို ပထမယေဇွဲ-ဇွဲအပ်၏။ ၎င်းပထမယေဇွဲအရ ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်နှင့် ခန္ဓာ အာယတန ဓာတ် မတူသော ဝိညာဏ်ကို ဒုတိယ ယေဇွဲ-ဇွဲအပ်၏။

၄ ...စက္ခာယတန ဟောပုဒ်လုပ်လျှင် နာမက္ခန္ဓာလေးပါးနိဗ္ဗာန်ကို ပထမ ယေဇွဲ- ဇွဲအပ်၏။ ဩဠာရိက ရုပ်ကို ဒုတိယ ယေဇွဲ-ဇွဲအပ်၏။

၅....သဒ္ဒာယတနကို ဟောပုဒ်လုပ်လျှင်-စေတသိက် ခန္ဓာသုံးပါး နိဗ္ဗာန်ကို ပထမယေဇွဲ-ဇွဲအပ်၏။ ဝိညာဏ် ဩဠာရိကရုပ်ကို ဒုတိယ ယေဇွဲ-ဇွဲအပ်၏။

၆....အရူပ ဘဝကို ဟောပုဒ်လုပ်လျှင်-ဩဠာရိက ရုပ်ကို ပထမ ယေဇွဲ-ဇွဲအပ်၏။နာမက္ခန္ဓာလေးပါးနိဗ္ဗာန်ကို ဒုတိယယေဇွဲ-ဇွဲအပ်၏။

---

## ဟောခိုးစစ်အကျဉ်းကိုပြဆိုခြင်း။

စတုတ္ထနယနိဒ္ဒေသကို... မှဲ့၍ပဋ္ဌာနနယနိဒ္ဒေသကို-၏။

၁....အဘ္ဘန္တရ, ဗာဟိယမာတိကာနိဒ္ဒေသအားဖြင့် .... ၂-ပါး။

၂....ခန္ဓာဒိ ဗဿသတ္တကရာသိနိဒ္ဒေသအားဖြင့် .... .... ၂-ပါး။

၃....ခန္ဓနိဒ္ဒေသ-ပ-မဂ္ဂနိဒ္ဒေသအားဖြင့် .... .... .... ၁၅-ပါး။
၄....ရူပက္ခန္ဓနိဒ္ဒေသ-ပ-ဝိညာဏက္ခန္ဓနိဒ္ဒေသအားဖြင့် ... ၅-ပါး။

**ယောဇနာကား။**

ရူပက္ခန္ဓေန ယေဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ- အာယတနသင်္ဂဟေန အသင်္ဂဟိတာ- ဓာတုသင်္ဂဟေန အသင်္ဂဟိတာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ- အာယတနသင်္ဂဟေန အသင်္ဂဟိတာ- ဓာတုသင်္ဂဟေန အသင်္ဂဟိတာ။ တေဓမ္မာ ကတိဟိ ခန္ဓေဟိ-ကတိဟာယတနေဟိ-ကတိဟိဓာတူဟိ အသင်္ဂဟိတာ၊ တေဓမ္မာ ဧကေန ခန္ဓေန-ဧကေနာယတနေန-သတ္တဟိဓာတူဟိ-အသင်္ဂဟိတာ။ ဟူသည်တည်း။ ။အနက်ပေး။

ပဥ္စမနယနိဒ္ဒေသကိုပြဆိုသောအခန်းပြီး၏။

---

**ဆဋ္ဌနယ၌သင်္ဂဟိတာနှင့်တကွယောဇနာကိုပြခြင်း။**

သမ္ပယောဂလက္ခဏာဖြစ်စေ ဝိပ္ပယောဂလက္ခဏာဖြစ်စေ နှစ်ပါးရှိဖြစ်စေ, သင်္ဂဟလက္ခဏာရှိသော တရားမျိုးကိုယောဇနာ၏။
မေး....ဤဆဋ္ဌနယ၌ အသင်္ဂဟိတ်ယှိသော ပုဒ်မျိုးကိုယောဇနာပါသနည်းဟု မေး။

ဖြေ.... သက်သက်သော ရုပ် နိဗ္ဗာန် နာမက္ခန္ဓာ, ရုပ် နိဗ္ဗာန်နှင့်ရောသော ဝိညာဏဓာတ်တစ်ပါး, စေတသိက် ခန္ဓာတစ်ပါးရှိသော ပုဒ်မျိုးကိုယောဇနာပါ၏ဟုဖြေ။ ...[ရုပ်နှင့်ပုဏ်း နိဗ္ဗာန်နှင့်ပုဏ်း ရောသော အပေါင်း ဝိညာဏဓာတ်, စေတသိက်ခန္ဓာဖြစ်မှုမဟော ဟုမှတ်။]

ဤကား....ယာနိ ပန ပဒါနိ သတ္တသုဝိညာဏဓာတူသု ဧကာယဝ အဝိပ္ပယုတ္တေရူပေန နိဗ္ဗာနေနဝါ မိဿကဓမ္မဒီပေန္တိ၊ တာနိ သမ္ဗတ္ထာပိ ရူပနယုဇ္ဇန္တိ တိ နဂဟိတာနိ=ဟူသော အဋ္ဌကထာနှင့်အညီတည်း။

ပန၊ အဘိုတပါးကား။ ယာနိပဒါနိ၊- တို့သည်။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဝိညာဏဓာတူသု ဝိညာဏ ဓာတ်တို့တွင်။ ဧကာယဝ၊

တခုသောဝိညာဏခေတ်နှင့်လည်း။ အဝိပ္ပယုတ္တေ၊ ဝိပ္ပယုတ်မဖြစ်ကုန်သော။ ရူပေနဝါ၊ ရုပ်နှင့်ဝ်င်း။ နိဗ္ဗာနေနဝါ၊ နိဗ္ဗာန်နှင့်ဝ်င်း။ မိဿကဓမ္မေ၊ ရောသော တရားတို့ကို။ ဒိပေန္တိ၊ ပြကုန်၏။ တာနိပဒါနိ၊ ထိုသို့သဘော့ရှိသော ပုဒ်တို့သည်။ ဝါ၊ တို့ကို။ သဗ္ဗထာပိ၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း။ ဣဓ၊ ဤဆဌနယနိဒ္ဒေသဝါရ၌။နယုဇ္ဇန္တိ၊-ကုန်။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ နဂဟိတာနိ၊ မယူအပ်ကုန်။

**ဆောင်ပုဒ်**....ငါးခန္ဓာဝေး၊ ဗုံမထွေး၊ ဟောရေးဆဌမှာ။
ရုပ်နိဗ်ရောစပ်၊ဝိညာဏ်ခေတ်၊ဟောလတ်တစိတ်သာ။
ထို့တူရောကျိတ်၊စေတဝိက်၊တစိတ်ဟောသည့်သာ။
အပေါင်းနှင့်ကား၊ ရောစပ်ငြား၊ ဟောကြားမရှိပါ၊

---

## မဟောသော၌ဒ္ဒါနိုးစဥ်ဂါထာပါဠိအနက်ကိုပြခြင်း။

ဓမ္မာယတနံ, ဓမ္မဓာတု၊ ဒုက္ခသစ္စဥ္စ, ဇီဝိတံ။
သဠာယတနံ, နာမရူပံ၊ စတ္တာရောစ-မဟာဘဝါ။ ။
ဇာတိ, ဇရာစ, မရဏံ၊ တိကေသွေကူနဝိသတိ။
ဂေါစ္ဆကေသုစ-ပဉ္စသ၊ အဋ္ဌ-ရူဠေန္တရေပဒါ။ ။
မဟန္တရေ-ပန္နရသ၊ အဋ္ဌာရသ-တတောပရေ။
"တေဝိသပဒသတံ" ဧတံ၊ သမ္ပယောဂေ န လဗ္ဘတိ။ ။

ဓမ္မာယတနံ၊ ဓမ္မာယတနပုဒ်ဝ်င်း။ ဓမ္မဓာတု၊ ဓမ္မဓာတ်ဝ်င်း။ ဒုက္ခသစ္စဥ္စ၊ ဒုက္ခသစ္စာဝ်င်း။ ဇီဝိတံ၊ ဇီဝိတိန္ဒြေဝ်င်း။ သဠာယတနံ၊ သဠာယတနဝ်င်း။ နာမရူပံ၊ နာမရူပဝ်င်း။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘဝါ၊ ဥပပတ္တိ ကာမ သညီ ပဉ္စဝေါကာရ ဘဝတို့ဝ်င်း။ ဇာတိ၊....ဝ်င်း။ ဇရာစ၊....ဝ်င်း။ မရဏံ....ဝ်င်း။ တိကေသု၊ တိက်တို့၌။ ဧကူနဝိသတိ၊ တခုယုတ်နှစ်ဆယ်သော။ ပဒါနိ၊ အဇ္ဈာကတ အစရှိသော ခန္ဓာအာယတနဓာတ် အကုန်ရသော ပုဒ်တို့ဝ်င်း။ ဂေါစ္ဆကေသုစ၊ ဂေါစ္ဆကတို့၌လည်း။ ပဉ္စသ၊ ငါးဆယ် ကုန်သော။ ပဒါနိ၊ နဟေတု အစရှိသော ခန္ဓာအာယတန ဓာတ်အကုန် ရသော ပုဒ်တို့ဝ်င်း။ ရူဠေန္တရေ၊ ရူဠေန္တရဒုက်၌။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ပဒါ၊ သပ္ပစ္စယ သင်္ခတ အစရှိသော ခန္ဓာအာယတန ဓာတ်အကုန် ရသော ပုဒ်တို့ဝ်င်း။ မဟန္တရေ၊

မဟာနက္ခတ္တဒုက်၌။ ပဉ္စရသ၊ တဆဲ့ငါးပါး ကုန်သော။ ပဒါ၊ နေ၀ါဝင်တတ္တအစ ရှိသောပုဒ်တို့ ငါး။ တတော၊ ထိုမဟာနက္ခတ္တဒုက်မှ။ အပရေ၊ နောက်ဖြစ် သော ပိဋ္ဌိဒုက်၌။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးကုန်သော။ ပဒါ၊ နဒဿနေ နပဟာဘဗ္ဗ အစရှိသော ပုဒ်တို့ ငါး။ ဣတိ၊ ဤသို့။ ဝေါ်တေစိသပဒသ တံ၊ ဤ-၁၂၃-ပုဒ်ကို။ သမ္ဘယောဂေ သမ္ဘယောဂ ဝိပ္ပယောဂနိဒ္ဒေသ ၌။ နလဗ္ဘတိ၊ မရအပ်။ ဝါ၊ ဟောတော်မမူ။

**ကောက်နုတ်ချက်**....ဤဆဋ္ဌနယနိဒ္ဒေသ၌ ဟောပုဒ်ပေါင်း- ၂၄၀ ပုဒ်ဟူသည်-အဘိဓမ္မမာတိကာ ပုဒ်ပေါင်း(၈၂)၊ ... ဗာဟိယမာတိ ကာပုဒ်ပေါင်း(၁၅၈)အားဖြင့်- ၂၄၀-ဖြစ်၏။ထိုနှစ်ပါးတို့တွင် အဘိဓမ္မ မာတိကာ ပုဒ် (၈၂) ဟူသည်- ခန္ဓနိဒ္ဒေသ၌-၅၊ အာယတန၌-၁၁၊ ဓာတု၌-၁၇၊ သစ္စ၌-၃၊ ဣန္ဒြိယ၌- ၂၀၊ ပဋိစ္စ၌-၁၈၊ သတိပဋ္ဌာနနိဒ္ဒေသ စသည်၌-၈၊ ဗဟိဿတ္တက၌-၇-အားဖြင့် (၈၂) ဖြစ်သတည်း။... ဗာ ဟိယမာတိကာပုဒ်(၁၅၈)ဟူသည် တိက်၌-၄၇။ ဒုက်၌-၁၀၈-အား ဖြင့်(၁၅၈)ဖြစ်သတည်း။

**အသူး**.... အဋ္ဌကထာ အလိုအားဖြင့် အဝိတက္ကာဝမ္မာ, အဝိစာရ ဝမ္မာ- ဟူသော ပိဋ္ဌိဒုက်၌ လာသော ပုဒ်နှစ်ပါးကို မယူမူ၍- ၂၄၀-ပုဒ် ကို ဤဆဋ္ဌနယ၌ဟော၏ဟုမှိန့်ဆို၏။

ဋီကာအလိုအားဖြင့် အဝိတက္ကာဝမ္မာ, အဝိစာရဝမ္မာဟူသော ပိဋ္ဌိ ဒုက်၌ လာသော ပုဒ်နှစ်ပါးကိုယူ၍- ၂၅၀-သော ပုဒ်ကိုဟော၏ဟုမှိန့် ဆို၏။

**အနိပ္ပါယ်** ...အဝိတက္ကာဝမ္မာ အဝိစာရဝမ္မာ- အရတရားနှင့် သမ္ပ ယုတ် ရှာသော် ခန္ဓသမ္ပယုတ် အာယတနသမ္ပယုတ် ဓာတုသမ္ပယုတ် သုံးပါးလုံးပင်မရ၊ ဝိပ္ပယုတ်ရှာသော်-ခန္ဓဝိပ္ပယုတ် အာယတနဝိပ္ပယုတ် နှစ်ပါး မရ၊ ဓာတုဝိပ္ပယုတ် မူကား ရသေး၏။ ထိုရသော ဓာတုဝိပ္ပ ယုတ်သည် သဝိတက္က တရားအများတို့တွင်- မနောဓာတ်သုံးခုဟု ဆို အပ်သောအနည်းငယ်သောတရားနှင့်သာ ဝိပ္ပယုတ်ဖြစ်၏။ ကြွင်းသော ဝိပ္ပယုတ် မဖြစ်သော တရားကား များ၏၊ ထိုသို့ အနည်းငယ် မျှသော မနောဓာတ်သုံးခုနှင့်သာ ဝိပ္ပယုတ်ဖြစ်၍ ဝိပ္ပယုတ် မဖြစ်ကောင်းသော ကြွင်းကျန်သော တရားများခြင်းကြောင့်- ၎င်းနှစ်ပုဒ်ကို မဟောသင့် ဟူလို။ .. [ဤကား-အဋ္ဌကထာဆရာ၏အလိုတော်တည်း။]

ဋီကာဆရာကား- ဝိပ္ပယုတ် မရကောင်းသော ကြွင်းသော တရား ပင် များပြားသော်လည်း မနောဓာတ်သုံးခုနှင့် ဓာတုဝိပ္ပယုတ်ဖြစ်ခြင်း ကြောင့်-ဂုဏ်းနှစ်ပုဒ်ကို ဟောသင့်၏ဟု အယူရှိ၍- အဠာရသတေ ပရေန္တိ၊ အဋ္ဌာရသကို-သောဠသဟု တေဝီသပဒသတံ၌·တေဝီသကို- ဧကဝီသဟုပြင်၍ဆိုရမည်ဟူလို။

---

## အကျဉ်းဆောင်ပုဒ်ဂါထာပါဠိအနက်ကိုပြခြင်း။

ဂဝါ-စာ-တာ-သာ-ဂမာ-သာ၊ပံ-ဝါ-ယဥ္စ-တဝါ-ကံ-ယံ။

ယံ-ဝါ-ဂါ-တာ-ဘာ-တရာ-ဂါ၊သျာ-လာ-စာတိယထာက္ကမံ။

ရူ-ဝေ-ဝိ-စ-သ-သု-ဥ-ဗ၊ရူ-အ-ဣ-ဈာ-အ-သု-အ-ဝိ။

နေ-အ-သ-အ-အ-စေ-သု၊အမရာတိဆဒ္ဒနယေ။ ။

ရူ ဝေ ဝိ စ သ သု ဥ ဗ ရူ အ ဣ ဈာ အ သု အ ဝိ နေ အ သ အ အ စေသု။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊စက္ခု ဝိညာဏဓာတ် သမုဒယသစ္စာ၊ သုခိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ ဗသာ, ရူပဘဝ, အရူပဘဝ, ဣဒ္ဓိ ပါဒ်, ဈာနင်, အမိမောက္ခ, သုခါယဝေဒနာယသမ္ပယုတ္တဓမ္မ, အဒုက္ခမ သုခါယဝေဒနာယ သမ္ပယုတ္တဓမ္မ,ဝိပါကဓမ္မ၊ နေဝဝိပါကနဝိပါကဓမ္မ၊ အနုပါဒိန္နုပါဒါနိယဓမ္မ, သဝိတက္ကသဝိစာရဓမ္မ,အဝိတက္ကဝိစာ ရမတ္တ, အဝိတက္က အဝိစာရဓမ္မ, စေတသိကဓမ္မအားဖြင့် နှစ်ဆဲ့နှစ်ပါး သောပုဒ်တို့၌။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဂဝါ၊ ၄၃-ပုဒ်တို့ရင်း။ စာ၊ ၆-ပုဒ်တို့ရင်း။ တာ၊၆-ပုဒ်တို့ရင်း။ သာ၊၇-ပုဒ်တို့ရင်း။ ဂမာ၊ ၅၃-ပုဒ် တို့ရင်း။ သာ၊၇-ပုဒ်တို့ရင်း။ ပံ၊၁-ပုဒ်ရင်း။ ဝါ၊၄-ပုဒ်တို့ရင်း။ ယံ၊၁- ပုဒ်ရင်း။ တဝါ၊ ၄၆-ပုဒ်တို့ရင်း။ ကံ၊၁-ပုဒ်ရင်း။ ယံ၊၁-ပုဒ်ရင်း။ ယံ၊၁- ပုဒ်ရင်း။ ဝါ၊၄-ပုဒ်တို့ရင်း။ ဂါ၊၃-ပုဒ်တို့ရင်း။ တာ၊၇-ပုဒ်တို့ရင်း။ဘာ၊ ၄-ပုဒ်တို့ရင်း။ တရာ၊ ၂၆-ပုဒ်တို့ရင်း။ ဂါ၊၃-ပုဒ်တို့ရင်း။ သျာ၊၁၇- ပုဒ်တို့ရင်း။ လာ၊၃-ပုဒ်တို့ရင်း။ စာ၊၆-ပုဒ်တို့ရင်း။ ဣတိ၊ ဤသို့။ ဆဒ္ဒ နယေ၊ ဆဒ္ဒနယ၌။ အမရာ၊ ၂၅၀-ကုန်သော။ ဣမေပဒါဝေ၊ ဤပုဒ်တို့ သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

## သရုပ်အကျယ်။

ရူ အရ—ရူပက္ခန္ဓာ-၁၊ ဩဠာရိကာယတန- ၁၀၊ ဇင်းခတ်- ၁၀၊
နိဗ္ဗဘောတိ-၁၊ …ရုပ်ဇ္ဈေ-၇၊….အသညီ-ဧကဝေါ
ကာရဘဝ-ပရိဒေဝ-ပင်ထွန်-၃၊….သနိဒဿန သပ္ပဋိဃ
အနိဒဿန အပ္ပဋိဃ-တိကံ- ၂၊….အပစ္စယ-အသင်္ခတ-
သနိဒဿန-သပ္ပဋိဃ-ရူပ-ဗုဒ္ဓ္ဓရဒုကံ-၅၊အနာရမဏ
စိတ္တ ဝိပ္ပယုတ္တ-စိတ္တဝိသံသဋ္ဌ-ဥပါဒါမဏ္ဍ-မဟာဘူတ ဒုကံ
၄-ပေါင်း…. …. …. …. ၄၃။

ဝေ အရ—ဝေဒနာက္ခန္ဓာစသော စေတသိက်ခန္ဓာ-၃၊ ဝေဒနာ-၁၊
ဖဿသတ္တကန် ဖဿ-ဝေဒနာ- ၂-ပါး-ပေါင်း …. ၆။
ဝိ အရ—ဝိညာဏက္ခန္ဓာ-၁၊….မနာယတန-၁၊မနိန္ဒြေ-၁၊ဝိညာဏံ
၁၊….စိတ္တံ-၁၊….စိတ္တာဓိပ္ပာ-၁=ပေါင်း …. … ၆။
စ အရ—စက္ခုဝိညာဏဓာတ်စသော ဝိညာဏဓာတ် …. ၇။
သ အရ—တတိယ နယ၌ သင် အရ-၅၉- ပုဒ်တွင် သင်္ခါရက္ခန္ဓာ-
ဖဿ-စေတနာ-အဓိမောက္ခ-မနသိကာရကြည် …. ၅၃။
သု အရ—သုခိန္ဒြေ- ဒုက္ခိန္ဒြေ- သောမနဿိန္ဒြေ- ဒေါမနဿိန္ဒြေ-၄၊
သောက-ဒုက္ခ-ဒေါမနဿ-၃=ပေါင်း …. …. ၇။
ဥ အရ—ဥပေက္ခိန္ဒြေ …. …. …. …. ၁။
ဖ အရ—ဖဿ-၁၊ဖဿ-စေတနာ-မနသိကာရ-၃=ပေါင်း…. ၄။
ရူ အရ—ရူပဘဝ …. …. …. …. …. ၁။
အ အရ—အရူပဘဝ-နေဝသညီ နာသညီ-စတုဝေါကာရဘဝ-၃၊
နာမက္ခန္ဓာလေးပါးရသော ကုသလာဓိပ္ပာ-စသော တိကံ
ပုဒ်- ၂၃၊ ဝေါဟာကန်-၁၁၊ ပိဋ္ဌိဒုကံ-၉=ပေါင်း….၄၆။

ဇ္ဈာ အရ—ဇ္ဈာန္ဒပါဒ …. …. …. …. …. ၁။
ဈာ အရ—ဈာန …. …. …. …. …. ၁။
အ အရ—အဓိမောက္ခ …. …. …. …. ၁။
သု အရ—ဝေဒနာတိကံ- ၂၊ ပီတိတိကံ-၁၊ပိဋ္ဌိ-သုခသဟဂုတ်
၁=ပေါင်း…. …. …. …. …. ၄။

အ အရ—ဝေဒနာတိက်-ပီတိတိက်-ဝိပ္ပဒုက်၌ ဥပေက္ခာ သဟဂတ ပုဒ်-၃။
ဝိ အရ—ဝိပါကဓမ္မ-ပရိတ္တာရမဏ-ပစ္စုပ္ပန္နာရမဏ- အဇ္ဈတ္တာရမဏတိက်၌-၃၊ ...သာရမဏဓမ္မ-၁=ပေါင်း .... ၇။
နေ အရ—နေဝဝိပါကဓမ္မ-အနုပါဒိန္နုပါဒါနိယဓမ္မ- အနုပ္ပန္နဓမ္မ-အနုပါဒိန္နဒုက်၌-၁=ပေါင်း .... .... .... ၄။
ဓ အရ—အနုပါဒိန္နအနုပါဒါနိယ စသော လောကုတ္တရာ ရသော ပုဒ်-ငါးနှင့် နိဗ္ဗာန်ကို ရသောပုဒ် တိက်၌-၄၊ .... ဒုက်၌-၄၊ ...ဂေါစ္ဆကနှ-၁၀=ပေါင်း .... .... .... ၅၆။
သ အရ—သဝိတက္က သဝိစာရ-၁၊ ...ဒုက်၌-၂=ပေါင်း .... ၃။
အ အရ—အဝိတက္က အဝိစာရမတ္တ ပီတိသဟဂတ-၂၊ဂေါစ္ဆကနှ် နာမ်ခန္ဓာလေးပါးရသောပုဒ်-၁၃၊ ဝိပ္ပဒုက်၌ သပ္ပီတိက-ပီတိသဟဂတ-၂=ပေါင်း .... .... .... ၁၇။
အ အရ-အဝိတက္က,အဝိစာရ-၁ အဝိတက္က,အဝိစာရ-၂-ပေါင်း-၃။
စေ အရ-စေတသိက်ကိုရသောစေတသိကာဓမ္မာစသောပုဒ်၆-၃။
ရုပေါင်း .... .... ၂၅၀။

ဤနည်းကား-သမ္ပယုတ်ဝိပ္ပယုတ်တူရာပေါင်းသောနည်းတည်း။

## နည်းတပါးကား။

ပဌမ။ ဒုတိယ။ တတိယ။ စတုတ္ထ။

ရူ အရ—၄၃-ပါး=နတ္ထိ၊မ-မ-မ၊-၄-၁-၇၊မ-၁-၁။တနည်း။
ဝေ အရ—၆-ပါး=၃-၁-၇၊မ-၁-၁၊၁-၁၀-၁၀၊မ-၁-၁။တနည်း။
ဝိ အရ—၆-ပါး=၃-မ-မ၊မ-၁-၁၊၁-၁၀-၁၀။မ-၁-၁။တနည်း။
စ အရ—၇-ပါး=၃-မ-မ၊မ-၁-၁၊၁-၁၀-၁၆၊ဗ-၁-၁။တနည်း။
သ အရ—၅၃-ပါး=၃-၁-၁၊၁-၀-၁၊၁-၁၀-၁၆၊မ-၁-၁။တနည်း။
သု အရ—၇-ပါး=၃-၁-၁၊မ-၁-၁၊၁-၁၀-၁၆၊မ-၁-၁။တနည်း။
ဥ အရ—၁-ပါး=၃-၁-၆၊မ-၁-၁၊၁-၁၀-၁၁၊မ-၁-၁။တနည်း။
ဗ အရ—၄-ပါး=၃-၁-၇၊၁-၁-၁၊၁-၁၀-၁၀၊မ-၁-၁။တနည်း။
ရူ. အရ—၁-ပါး=နတ္ထိ၊မ-မ-မ၊န-န-၃၊မ-မ-မ။တနည်း။
အ အရ—၄၆-ပါး=နတ္ထိ၊မ-မ-မ၊၁-၁၀-၁၆၊မ-၁-၁။တနည်း။

ဣ အရ—၁-ပါး= ၂-မ-မ၊၁-၁-၁။၁-၁၀-၁၆၊မ-၁-၁။တနည်း။
ဈာ အရ—၁-ပါး= ၂-၁-၁၊၁-၁-၁။၁-၁၀-၁၆၊မ-၁-၁။တနည်း။
အ အရ—၁-ပါး=၃·၁- ၂၊၁-၁၁။၁-၁၀-၁၅၊မ-၁-၁။တနည်း။
သု အရ- ၄-ပါး=၁-မ-မ၊မ-၁-၁။၁-၁၀-၁၅။မ-၁-၁။တနည်း။
အ အရ—၃-ပါး=၁-မ-မ၊မ-၁-၁။၁-၁၀-၁၁၊မ-၁-၁။တနည်း။
ဝိ အရ—၆-ပါး=နတ္ထိ၊မ-မ-မ။၁-၁၀-၁၀၊မ-၁-၁။တနည်း။
ဧ အရ—၄-ပါး=နတ္ထိ၊မ-မ-မ။န-န-၅၊မ-မ-မ။တနည်း။
အ အရ—၂၆-ပါး=နတ္ထိ၊မ-မ-မ။န-န-၆၊မ-မ-မ။တနည်း။
သ အရ—၃-ပါး=မ-မ-မ၊၁-၁-၁။၁-၁၀-၁၅၊မ-၁-၁။တနည်း။
အ အရ—၃၇-ပါး=မ-မ-မ၊၁-၁-၁။၁-၁၀-၁၆၊မ-၁-၁။တနည်း။
အ အရ—၃-ပါး=နတ္ထိ၊မ-မ-မ။န-န-၁၊မ-မ-မ။တနည်း။
စေ အရ—၆-ပါး=၁-၁-၇၊မ-မ-မ။၁-၁၀-၁၀၊မ-၁-၁။တနည်း။

**မှတ်ချက်**....ပထမ ဒုတိယဗ္ဗာန- ၂-ခုကား-သမ္ပယုတ်ဝိဘင်းထုတ်ပုံကိုပြ၏။ ထို- ၂-ခုတွင် ပထမ ဗ္ဗာနကား-သမ္ပယုတ်ခန် အာ-ခတ်ကိုပြ၏။ ဒုတိယဗ္ဗာနကား-သမ္ပယုတ်ကေဟိဝိ ခန် အာ-ခတ်တို့ကိုပြ၏။ ပထမဗ္ဗာန၌ နတ္ထိဟု တွေ့အံ့ နတ္ထိဝိဘင်းထုတ်။ .... ၃-၁-၇-ဟု တွေ့အံ့-ခန်-၃၊ အာ-၁၊ ခတ်-၇-ပါးထုတ်။ .... ၃-မ-မ-ဟု တွေ့အံ့ ခန်-၃ ပါးထုတ်။အာ-ခတ်မရှိဟုမှတ်။ ဒုတိယဗ္ဗာန၌-မ-မ-မ-ဟု တွေ့အံ့ ခန် အာ-ခတ်မရှိ။မ-၁-၁-ဟု တွေ့အံ့-ခန်မရှိ။အာ-၁၊ခတ်-၁-ပါးထုတ်ရမည်။ တတိယစတုတ္ထဗ္ဗာန- ၂-ခုကား-ဝိပ္ပယုတ်ဝိဘင်း ထုတ်ပုံကိုပြ၏။ထို- ၂-ခုတို့တွင် တတိယဗ္ဗာနကား-ဝိပ္ပယုတ် ခန်-အာ-ခတ်ကိုပြ၏။စတုတ္ထဗ္ဗာနကား-ဝိပ္ပယုတ်ကေဟိဝိ ခန်-အာ-ခတ်ကိုပြ၏။ တတိယဗ္ဗာန၌-၄-၃-၇-ဟုတွေ့အံ့ ခန်-၄၊အာ-၃၊ခတ်-၇-ပါးထုတ်။ န-န-၃-ဟု တွေ့အံ့။ နကေဟိဝိ ခန္ဓေဟိ နကေဟိဝိ အာယတနေဟိထုတ်။ ခတ်-၃-ပါး ထုတ်ရမည်ဟုမှတ်။ စတုတ္ထ ဗ္ဗာနကိုကား-ဒုတိယ ဗ္ဗာန အတိုင်းမှတ်လေ အကြွင်းကိုလည်း နည်းမှီး၍ သိလေကုန်။

**အထူး**.... ၅-သ အရ၊၁၀-အ အရ၊၁၀-အ အရ၊ ၂၀-အ အရ-ဤ လေးပါးတို့၌ ပါဠိတော်ဟောပုဒ် အပြည့်အစုံမပါ။

ဤနည်းကား-အဖြေတူပေါင်းသောနည်း။

## သမ္ပယောဂ,ဝိပ္ပယောဂကိုပြခြင်း။

နာမက္ခန္ဓာလေးပါးသည် မိမိတို့အချင်းချင်း ဧကုပ္ပါဒ စသော သမ္ပယောဂ လက္ခဏာလေးပါးညီမှု သမ္ပယုတ်ဖြစ်၏။ သမ္ပယောဂ လက္ခဏာ လေးပါးမညီမှု ဘူမိဝိပ္ပယုတ်, ဓာတိဝိပ္ပယုတ်, ကာလဝိပ္ပယုတ်, သန္တာနဝိပ္ပယုတ် လေးပါးတို့တွင် ထိုက်သည့်အားလျော်စွာ တပါးပါး သော ဝိပ္ပယုတ်ဖြစ်၏။ ရုပ်,နိဗ္ဗာန် နှစ်ပါးကား တကွဖြစ်ခြင်း စသော သဘော တူသည်၏ အဖြစ်မရှိသောကြောင့် သမ္ပယုတ်လည်း မဖြစ်။ ဝိပ္ပယုတ်လည်း မဖြစ်ဟုမှတ်။

**လိုရင်း**... သမ္ပယောဂ လက္ခဏာ လေးပါးရှိသော တရားကိုသာ သမ္ပယုတ်ဟူ၍၎င်း,ဝိပ္ပယုတ်ဟူ၍၎င်းဆိုရ၏။ သမ္ပယောဂ လက္ခဏာ လေးပါး မရှိသော-ရုပ်, နိဗ္ဗာန်ကိုကား သမ္ပယုတ် ဟူ၍လည်း မဆိုရ၊ ဝိပ္ပယုတ် ဟူ၍လည်း မဆိုရဟူလို။ ။[ဤ၌ ကျယ်အံ့ စိုး၍ သိသာ လောက်ရုံမျှ ရေးလိုက်ပေ၏၊ အကျယ်ကိုလိုက အဋ္ဌကထာဋီကာ စ သည်တို့မှာရှုပါလေ။] ။

**ဆောင်ပုဒ်** .. ဖြစ်-ချုပ်-အာရုံ၊မှီရာဝတ္ထုံ၊မှတ်ကုန်သမ္ပယုတ်။
မညီလက္ခဏာ ဘူ-ဓာ-ကာ၊သန္တာ-ဝိပ္ပယုတ်။
နာမ်ခန္ဓာသာ၊ယှဉ်းနှစ်ဖြာ၊ရုပါသရုပ်ထုတ်။
နိဗ္ဗာန်ရုပ ယှဉ်းနှစ်ဝ၊မရမြဲအဟုတ်။

ဤကား-သာမညမှတ်သားရန်ပြသောစကားရပ်တည်း။

## ဝိသေသအားဖြင့်မှတ်သားရန်ကား။

**ရှေးဦးစွာ** ... သမ္ပယုတ်ကေန်,ဝိပ္ပယုတ်ကေန်,အနေကန်,သမ္ပယုတ် ဝိပ္ပယုတ် နှစ်ပါးစုံမဖြစ်-အားဖြင့် လေးပါးခွဲ၍မှတ်ရမည်။

## ခွဲပုံကား။

သမ္ပယုတ်ကေန်ဖြစ်သောတရားကား-မရှိ၊ဝိပ္ပယုတ်ကေန်ဖြစ်သော တရားကား-ရုပ်နှင့်နာမက္ခန္ဓာ လေးပါးသည်၎င်း,နိဗ္ဗာန်နှင့်နာမက္ခန္ဓာ လေးပါးသည်၎င်း, နာမက္ခန္ဓာလေးပါးနှင့် ရုပ်သည်၎င်း, နိဗ္ဗာန်သည် ၎င်း,ကေန်ဝိပ္ပယုတ်ဖြစ်၏။

**ဆောင်ပုဒ်**.... ရုပ် နိဗ္ဗာန်၊နာမက္ခန်၊ကေန်ဝိပ္ပယုတ်။

အနေကနံဖြစ်သော တရားကား-နာမက္ခန္ဓာ လေးပါးတို့တွင် ဝေဒ
နာနှင့် ကြွင်းသုံးပါးသည်၎င်း၊ သညာနှင့် ကြွင်းသုံးပါးသည်၎င်း။ သင်္ခါရ
နှင့် ကြွင်းသုံးပါးသည်၎င်း၊ ဝိညာဏ်နှင့် ကြွင်းသုံးပါး သည်၎င်း၊ သမ္ပ
ယောဂလက္ခဏာ လေးပါးညီမှု သမ္ပယုတ်, မညီမှု ဝိပ္ပယုတ် ဖြစ်ခြင်း
ကြောင့် အနေကနံဖြစ်၏။

**ဆောင်ပုဒ်**....နာမ်ခန္ဓာတွင်၊ တပါးလျှင်ယူ၊ ကြွင်းမှုသုံးဝ၊ ရခါရ၊
သမ္ပဝိပ္ပယုတ်။

သမ္ပယုတ် ဝိပ္ပယုတ် နှစ်ပါးရုံမဖြစ်သောတရားကား-ရုပ်နှင့်အစတ်
ရုပ်သည်၎င်း။ ရုပ်နှင့် နိဗ္ဗာန်သည်၎င်း၊ နိဗ္ဗာန်နှင့် ရုပ်သည်၎င်း၊ ဝေဒ
နာ-ဝေဒနာချင်းသည်၎င်း၊ သညာ သညာချင်းသည်၎င်း၊ ဖဿ ဖဿ
ချင်းသည်၎င်း၊ စေတနာစေတနာချင်းသည်၎င်း၊ ဝိညာဏ်ဝိညာဏ်ချင်း
သည်၎င်း၊ သမ္ပယောဂ လက္ခဏာလေးပါး အချင်းခပ်သိမ်းရှိသည်ဟု
မဆိုရခြင်းကြောင့် သမ္ပယုတ်ဝိပ္ပယုတ် နှစ်ပါးရုံမဖြစ်ဟုမှတ်။

**ဆောင်ပုဒ်**....ရုပ်နှင့်ရုပ်နိ၊ သမ္ပဝိ၊ မရှိကေနံဟူ။
ဝေဒနာသညာ၊ သင်္ခါရာ၊ ဝိညာတို့အတူ-ချင်းချင်းကိုယူ။

**အဓိပ္ပါယ်**.... မညီလက္ခဏာ၊ ဘူ-ဓာ-ကာ၊ သန္တာ-ဝိပ္ပယုတ်-ဟူ
သော လက်ာအရ။

၁....ဘူမိဝိပ္ပယုတ်ဟူသည်-ကာမဘုံ ရူပဘုံ အရူပဘုံ လောကုတ္တ
ရာဘုံဟုဆိုအပ်သော ဘုံအားဖြင့်မတူသည်ကိုဆို၏။ ကာမဘုံစသည်
၌ဖြစ်သော လောဘမူစိတ္တုပ္ပါဒ်နှင့် ရူပဘုံစသည်၌ဖြစ်သော လောဘ
